# မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခ နှင့် နယ်မြေ ပိုင်နက်ဆိုင်ရာအုပ်ချုပ်ရေး

ကင်(မ်) ဂျိုလိ(ဖ်)

ဇူလိုင် ၂၀၁၅




The Asia Foundation

# မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခ နှင့် နယ်မြေပိုင်နက်ဆိုင်ရာအုပ်ချုပ်ရေး

ကင်(မ်) ဂျိုလိ(ဖ်)

ဇူလိုင် ၂၀၁၅

**ကင်မ် ဂျိုလိဖ် (Kim Jolliffe)** သည် အလွတ်တန်း သုတေသီ တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဖွံ့ဖြိုးရေး၊ လုံခြုံရေး နှင့် လူသားချင်း စာနာမှုဆိုင်ရာ ကိစ္စရပ်များကို အထူးပြုလေ့လာနေသူဖြစ်သည်။ ယခုစာတမ်းအတွက် အချိန်ပေးပြီး အဖိုးတန် သတင်းအချက်အလက်များကို ပံ့ပိုးပေးအပ်ခဲ့ကြသူများဖြစ်ကြသော လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များကို စာတမ်းရှင်အနေဖြင့် ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ မြန်မာနိုင်ငံ၏ ခေါင်ဖျားဝေးလံသည့် ပဋိပက္ခဖြစ်ပွားနေသောအရပ်များတွင် လူမသိ သူမသိဘဲ မွန်မြတ်သည့်တာဝန်များကို ထမ်းဆောင်နေကြသည့် အရပ်ဖက် လူ့ဖွဲ့အစည်းအမျိုးမျိုး၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်းများ၏ ဖြည့်စွက် အကြံပေးမှုများအတွက် အထူးပင် ကျေးဇူးတင်ကြောင်းလည်း ဖော်ပြလိုပါသည်။ Martin Smith၊ Tom Parks နှင့်  The Asia Foundation မှ Kim Ninh နှင့် Matthew Arnold ကဲ့သို့သော နိုင်ငံတကာမှ ကျွမ်းကျင်သူအများအပြား၏ အကြံပေးပြုပြင်မှုများ ဖြင့် ပိုမိုပြည့်စုံသည့် အစီရင်ခံစာ ဖြစ်လာကြောင်းကိုလည်း ကျေးဇူးတင်စွာနှင့် ဖော်ပြလိုပါသည်။

**အာရှဖောင်ဒေးရှင်း (The Asia Foundation)** သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိ လူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ဆယ်စုနှစ် ခြောက်နှစ်ကြာကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများတို့အပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီး စွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို လုပ်ဆောင် လျက် ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတကာ ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည် ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန် ဒီစီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးသည် အစိုးရဌာနဆိုင်ရာ နှင့် ပုဂ္ဂလိက မိတ်ဖက်များဖြင့် လုပ်ငန်းများတွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများ နှင့် တစ်သီးပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

The Asia Foundation

# စကားချီး

တိုင်းရင်းသားပေါင်းစုံနှင့် ကာလရှည်ကြာဖြစ်ပွားနေခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းနိုင်မှသာလျှင် မြန်မာနိုင်ငံသည် နယ်မြေအုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ဒေသအဆင့် အုပ်ချုပ်စီမံမှုကိစ္စများကို အခြေခံကာ ပဋိပက္ခများ နှစ်ကာလကြာရှည်စွာ ဖြစ်ပွားခဲ့ရပြီး ၄င်းကိစ္စနှင့် ပတ်သက်သည့် အခြေခံဥပဒေဆိုင်ရာ အစီအစဉ်များအပေါ် မကျေနပ်မှုများကလည်း ပဋိပက္ခများကို ဆက်လက်ဖြစ်ပွား စေလျက်ရှိသည်။ နိုင်ငံရေး ဆွေးနွေးပွဲ နှင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် ညှိနှိုင်းမှုများပြုလုပ်ရာတွင် ယင်းကိစ္စရပ်များ အဓိကနေရာမှ ပါဝင်နေသည်မှာ အထူး အဆန်းမဟုတ်ပေ။

ပဋိပက္ခများဖြစ်ပွားနေသည့်နေရာများမှ နိုင်ငံရေးအခင်းအကျင်းများကို ဆွေးနွေးရာတွင် အထောက်အကူ ဖြစ်စေရန်နှင့် အချက်အလက်အခြေခံသည့် သုံးသပ်ချက်များပေါ် ပေါက်လာရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်ရေးစနစ်၊ ၄င်းတို့နှင့် အစိုးရအကြား ဆက်နွယ်ပုံမည်သို့ ရှိသည်ကို ဖော်ထုတ်ရန်အတွက် The Asia Foundation အနေဖြင့် ဤသုတေသနစာတမ်းကို စီစဉ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ဆယ်စုနှစ်ပေါင်း များစွာ ပဋိပက္ခများနှင့် လုံးထွေးနေသည့် မြန်မာနိုင်ငံ၏ ရှုပ်ထွေးလှသော အုပ်ချုပ်ရေးဖွဲ့စည်းမှုများ၊ အမျိုးမျိုး ကွဲပြားနေသည့် ဒေသအုပ်ချုပ်ရေးများအကြောင်းကို ကနဦးအနေဖြင့် ပြုလုပ်ထားသည့် ဤသုတေသနတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်နိုင်ရန် ဖြေရှင်းရမည့်ကိစ္စရပ်အမျိုးမျိုးအပေါ် စိစစ်သုံးသပ်မှုများ ဆက်လက်လုပ်ဆောင်ရန် အလွန်လိုအပ်နေသေးသည်။ အထူးသဖြင့် အပြိုင်အဆိုင်များသည့် နယ်မြေများမှ ရပ်ရွာများက အုပ်ချုပ်မှု အဖွဲ့အစည်းအမျိုးမျိုး၊ အုပ်ချုပ်မှုစနစ်အမျိုးမျိုးဖြင့် မည်သို့နေထိုင် ဆက်ဆံနေပုံကို နက်နက်ရှိုင်းရှိုင်းနားလည်ရန် လိုသည်။ ဖောင်ဒေးရှင်း၏ သုတေသန လုပ်ငန်းအစိတ်အပိုင်း တစ်ခု အနေဖြင့် ပြုစုလေ့လာခဲ့သည့် ယခုစာတမ်းသည် အထက်ပါ အကြောင်းကိစ္စရပ်များနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အကျိုးပြုပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

ဤသုတေသနစာတမ်းကို မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် လူသားချင်း စာနာမှု ကိစ္စရပ်များကို အထူးပြု လေ့လာသူ ဖြစ်သည့် ကင်မ် ဂျိုလိဖ် မှ ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ သုတေသနစာတမ်းအတွက် ကုန်ကျငွေ ကို ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (The United Kingdom’s Department for International Development - DFID) မှ ပံ့ပိုးပေးခြင်းဖြစ်သည်။ စာတမ်းတွင်ဖော်ပြထားသည့် အကြောင်းအရာများသည် စာတမ်းရှင်တစ်ဦးတည်း၏ အမြင်များသာဖြစ်ပြီး DFID နှင့်သော်လည်းကောင်း၊ The Asia Foundation နှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိပါ။

Dr. Kim N. B. Ninh

ဌာနေကိုယ်စားလှယ်၊ မြန်မာ

The Asia Foundation

မာတိကာ

**ဝေါဟာရဖွင့်ဆိုချက်......i**

**အတိုကောက်များ......ii**

**အစီရင်ခံစာ အကျဉ်းချုပ်......iv**

**အပိုင်း ၁ - နိဒါန်း......1**

၁.၁ စာတမ်းပြုစုရခြင်း ရည်ရွယ်ချက်......4
၁.၂ မြန်မာနိုင်ငံ ဒေသဆိုင်ရာ အုပ်ချုပ်ရေး ၏ အခြေခံအုတ်မြစ်များ......5
၁.၃ စာတမ်းပြုစုပုံ နည်းလမ်းများ......6
၁.၄ အစီရင်ခံစာ၏ ဖွဲ့စည်းတည်ဆောက်ပုံ......6

**အပိုင်း ၂ - အုပ်ချုပ်မှု၊ နယ်မြေပိုင်းခြားမှု၊ ပဋိပက္ခများ၏ နောက်ခံသမိုင်းအကျဉ်း......8**

၂.၁ ကိုလိုနီခေတ်မတိုင်မီ အုပ်ချုပ်ရေး......8
၂.၂ ဗြိတိသျှအောက်မှ အုပ်ချုပ်ရေးစနစ်......10
၂.၃ လွတ်လပ်ရေးနှင့် ပြည်တွင်းစစ် စတင်ခြင်း (၁၉၄၅ - ၄၇)......11
၂.၄ ဗမာနိုင်ငံတည်ထောင်ခြင်းနှင့် လွတ်လပ်ရေးအစောပိုင်းကာလ (၁၉၄၇ - ၁၉၆၂)......13
၂.၅ ဗဟိုဦးစီးစနစ်ကျင့်သုံးခြင်း နှင့် စစ်တပ်အင်အားတိုးချဲ့ခြင်း - ဗိုလ်ချုပ် နေဝင်းခေတ် (၁၉၆၂ - ၁၉၈၈)......16
၂.၆ စစ်အင်အားတိုးချဲ့ခြင်းနှင့် အပစ်အခတ်ရပ်စဲခြင်း (၁၉၈၈ - ၂၀၀၈)......19
၂.၇ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၂၀၀၈ - ၂၀၁၅)......24
၂.၈ သုံးသပ်ချက်များ......28

**အပိုင်း ၃ - တရားဝင်ကျင့်သုံးနေသည့်စနစ် - ၂၀၀၈ အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့် ဒေသန္တရ အုပ်ချုပ်မှု......30**

၃.၁ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ......30
၃.၂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ......34
*၃.၂.၁ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအကြောင်း သုံးသပ်ချက် ၂၀၁၅......35*
*၃.၂.၂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အခန်းကဏ္ဍနှင့် တာဝန်များ......39*
၃.၃ သုံးသပ်ချက်များ......41

**အပိုင်း ၄ - တရားဝင်မှုဘောင်များ၏ အလွန် - လက်နက်ကိုင်များ၏ နယ်မြေထိန်းချုပ်ပုံနှင့် အုပ်ချုပ်မှု လည်ပတ်ပုံ......42**

၄.၁ တိုက်ပွဲဝင်ရယူခြင်း (ပဋိပက္ခ)......42
၄.၂ ညှိနှိုင်းရယူခြင်း (အပစ်အခတ်ရပ်စဲရေး)......43
၄.၃ ပူးပေါင်းရယူခြင်း (နိုင်ငံတော်မှ ကျောထောက်နောက်ခံပေးထားသော ပြည်သူ့စစ်များ)......44

**၄.၄ သုံးသပ်ချက်များ......46**

**အပိုင်း ၅ - မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒေသန္တရ အုပ်ချုပ်ရေး......48**

၅.၁ ကရင်နယ်မြေ......48
*၅.၁.၁ ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရေးစနစ်......49*
*၅.၁.၂ ဒီမိုကရေစီ အကျိုးပြုကရင်အမျိုးသား တပ်မတော် နှင့် နယ်ခြားစောင့်တပ် ၁၀၁၁ - ၁၀၂၃......53*
*၅.၁.၃ အစိုးရအုပ်ချုပ်ရေးယန္တယားတိုးချဲ့လာခြင်း......54*
*၅.၁.၄ အပစ်အခတ်ရပ်စဲရေးအသစ်နှင့် KNU အုပ်ချုပ်ရေးပုံစံ......57*
၅.၂ မွန်ဒေသ......59

၅.၃ ကယားပြည်နယ် ........ 60
၅.၄ သုံးသပ်ချက် ........ 61

**အပိုင်း ၆ - ရှမ်း (တောင်) နှင့် ရှမ်း (အရှေ့) ရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒေသန္တရအုပ်ချုပ်ရေး ........ 63**

၆.၁ ပအိုဝ်အမျိုးသားအစည်းအရုံး ........ 64
၆.၂ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ ........ 67
၆.၃ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ........ 69
၆.၄ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် ........ 70
၆.၅ ပြည်သူ့စစ်များနှင့် နယ်ခြားစောင့်တပ်များ ........ 71
၆.၆ သုံးသပ်ချက် ........ 71

**အပိုင်း ၇ - ကချင် နှင့် ရှမ်း (မြောက်ပိုင်း) ရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒေသန္တရအုပ်ချုပ်ရေး ........ 73**

၇.၁ ကချင်ပြည်နယ် ........ 77
၇.၂ ပလောင်/တအာင်းဒေသ ........ 78
၇.၃ ရှမ်း (မြောက်ပိုင်း) မှ ကချင်လက်နက်ကိုင်များ ........ 80
၇.၅ 'ဝ' နှင့် ကိုးကန့်နယ်မြေများ (သံလွင်အရှေ့ခြမ်း) ........ 81
၇.၆ သုံးသပ်ချက်များ ........ 82

**အပိုင်း ၈ - မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒေသန္တရအုပ်ချုပ်ရေး ........ 85**

၈.၁ စစ်ကိုင်းတိုင်းဒေသကြီး ........ 85
၈.၂ ချင်းနှင့် အာရကန်တွင် လှုပ်ရှားသူများ ........ 86
၈.၃ သုံးသပ်ချက် ........ 86

**အပိုင်း ၉ - ညှိနှိုင်းမှုဖြင့် အဖြေရှာခြင်းဆီသို့ ........ 88**

၉.၁ ၂၀၁၁ ခုနှစ် အလွန် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ........ 88
၉.၂ တိုင်းရင်းသားလက်နက်ကိုင်များကို အမြစ်ပြတ်မချေမှုန်းနိုင်ခြင်း ........ 90
၉.၃ အားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုတစ်ခုသို့ ........ 91
၉.၄ ဒေသအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ ညှိနှိုင်းခြင်း ........ 92
၉.၅ သုံးသပ်ချက်- ဖြစ်နိုင်ချေကို လက်တွေ့ဆန်ဆန်မှန်းဆခြင်း ........ 94

**ကျမ်းကိုးစာရင်း ........ 95**

**နောက်ဆက်တွဲ ၂ - ပါတီသီးသန့်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်များ (နှင့် တသီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများ) ........ 100**

**နောက်ဆက်တွဲ ၃ - အဓိကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီးများရှိ အုပ်ချုပ်ရေးစနစ်၏ အခြေခံဝိသေသများ ........ 101**

**နောက်ဆက်တွဲ ၄ - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီးများ ထိန်းချုပ်ထားသည့် သို့မဟုတ် အာဏာဖြန့်ထားသည့် နယ်မြေများ ........ 102**

## ဇယားများ

ဇယား ၁ - ၁၉၈၉ - ၁၉၉၅ အတွင်း လက်မှတ်ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ (အသေးအဖွဲ့ သဘောတူညီချက်များကို စာရင်းသွင်းထားခြင်းမရှိပါ။) ........ 20
ဇယား ၂ - နယ်ခြားစောင့်တပ်များ ........ 25
ဇယား ၃ - အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ အသွင်ပြောင်းထားသည့် ဌာနေပြည်သူ့စစ်များ ........ 26
ဇယား ၄ - ၂၀၁၁ ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ ........ 27
ဇယား ၅ - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (၂၀၁၅ ဧပြီ ) ........ 35
ဇယား ၆ - ကရင်ဒေသမှ အဓိကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ........ 48
ဇယား ၇ - ကရင်ဒေသမှ လူသိများသည့် ဌာနေပြည်သူ့စစ်များ ........ 49
ဇယား ၈ - ရှမ်း (တောင်) နှင့် ရှမ်း (အရှေ့) မှ အဓိက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ........ 63
ဇယား ၉ - ရှမ်း(တောင်) ရှမ်း(အရှေ့) မှ လူသိများသည့် ပြည်သူ့စစ်အဖွဲ့များ ........ 64

ဇယား ၁၀ - ကချင်၊ ရှမ်း (မြောက်) တို့တွင် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထားသည့် သို့မဟုတ် အာဏာစက်ဖြန့်ထားနိုင်သည့် နယ်မြေများ။၂၀၀၉ အစောပိုင်းကာလနှင့် ၂၀၁၅ ........ 73
ဇယား ၁၁ - ပြည်သူ့စစ်များနှင့် ဌာန ပြည်သူ့စစ်များ ကချင် နှင့် ရှမ်း (မြောက်) ........ 74
ဇယား ၁၂ - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီးများ၏ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနှင့်ဆိုင်သည့် နိုင်ငံရေး ရပ်တည်ချက် သဘောထားများ ........ 92

## မြေပုံစာရင်း

မြေပုံ ၁ - ပြည်နယ်များ၊ တိုင်းဒေသကြီးများ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ပြမြေပုံ ........ xiii
မြေပုံ ၂ - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ........ 38
မြေပုံ ၃ - မြန်မာ အရှေ့တောင်ပိုင်း ........ 47
မြေပုံ ၄ - KNU ခရိုင် ၇ ခုအနက်မှ ၆ ခု (ကရင်၊ မွန်၊ ပဲခူး(အရှေ့)) ........ 50
မြေပုံ ၅ - KNU မြိတ် - ထားဝယ် ခရိုင် (တနင်္သာရီ) ........ 51
မြေပုံ ၆ - ကရင်ပြည်နယ်မှ မြို့နယ်ခွဲများ ........ 55
မြေပုံ ၇ - ရှမ်းပြည်နယ်( တောင်ပိုင်း) ........ 65
မြေပုံ ၈ - ရှမ်းပြည်နယ် (အရှေ့ပိုင်း) ........ 66
မြေပုံ ၉ - ကချင်ပြည်နယ် ........ 75
မြေပုံ ၁၀ - ရှမ်းပြည်နယ်(မြောက်ပိုင်း) ........ 76
မြေပုံ ၁၁ - မြန်မာ အနောက်မြောက်ပိုင်း ........ 84

## သရုပ်ပြပုံများစာရင်း

ပုံ ၁ - ပြည်နယ်/တိုင်းဒေသကြီး အစိုးရဝန်ကြီးအဖွဲ့များ၏ ပါတီ နှင့် ကျားမအလိုက် ဖွဲ့စည်းပုံ ........ 31
ပုံ ၂ - ထွေ/အုပ်ရုံးများ၊ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ ........ 32
ပုံ ၃ - ဒေသန္တရ ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေး ကော်မတီများ ........ 34

# ဝေါဟာရဖွင့်ဆိုချက်

| ဝေါဟာရ | အဓိပ္ပာယ်ရှင်းလင်းချက် |
|---|---|
| *နယ်ခြားစောင့်တပ် (BGF)* | တပ်မတော်မှ တပ်မှူးများက ဦးဆောင်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်ဟောင်း များဖြင့် ဖွဲ့စည်းထားသည့် အထူးယူနစ်။ နယ်ခြားစောင့် တပ်ရင်းပေါင်း ၂၃ ရင်းရှိသည်။ အမှတ်စဉ် ၁၀၀၁ - ၁၀၂၃ ထိဖြစ်သည်။ |
| *အပစ်အခတ်ရပ် နယ်မြေ* | အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ် ထားသည့် နယ်မြေပုံစံအမျိုးမျိုးကို ယေဘုယျအားဖြင့် ညွှန်းဆိုသည်။ ၁၉၉၅ နှင့် ၂၀၀၇ ကြား လက်မှတ် ရေးထိုးခဲ့သည့် အဖွဲ့များကို အထူးဒေသ နှင့် အသွင်တူ သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်ပိုင်းတစ်စရသော နယ်မြေများအဖြစ် သတ်မှတ်ပေးခဲ့သည်။ |
| *တိုင်းရင်းသား လက်နက်ကိုင်* | နိုင်ငံတော်မှ ပံ့ပိုးထားသည့် ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်များ၊ အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များ၊ အစိုးရနှင့် တိုက်ခိုက်နေဆဲအဖွဲ့များ အစရှိသော တိုင်းရင်းသားလူမျိုးများနှင့် ဆက်နွယ်နေသည့် လက်နက်ကိုင်အဖွဲ့များ |
| *တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့* | အစိုးရနှင့် တိုက်ခိုက်နေဆဲ သို့မဟုတ် အပစ်အခတ်ရပ်ထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ |
| *ကာကွယ်ရေး (KKY)* | ၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များအတွင်းက အစိုးရ၏ပံ့ပိုးမှုဖြင့် ရပ်တည်ခဲ့သော ပြည်သူ့စစ် အဖွဲ့များ |
| *ပြည်သူ့စစ်* | ၁၉၇၃ ခုနှစ်နောက်ပိုင်း နိုင်ငံတော်ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသည့် ပုံစံအမျိုးမျိုးသော ပြည်သူ့စစ် များကို ခြုံငုံညွှန်းဆိုခြင်းဖြစ်သည်။ အင်အား ဒါဇင်ဝန်းကျင်သာရှိသည့် ကျေးရွာအဆင့် အုပ်စုများမှစကာ ကျယ်ပြန့်သည့် နယ်မြေများကို ထိန်းချုပ်ကာ အင်အားတစ်ထောင်ကျော် အထိရှိသည့် အဖွဲ့များထိ အမျိုးမျိုးရှိသည်။ လက်နက်ကိုင် ခွဲထွက်အဖွဲ့များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဟောင်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ခွဲထွက်လာသူများကို နိုင်ငံတော်က ပံ့ပိုးပေးမှုဖြင့် ဖွဲ့စည်းထားသည်။ |
| *ဌာနေပြည်သူ့စစ်* | ၂၀၁၀ ခုနှစ်နောက် ပိုင်းတွင် တပ်မတော် လက်အောက်ခံအဖြစ် ပိုမိုနည်းလမ်းတကျ ဖြစ်တည်လာသော ပြည်သူ့စစ် တစ်မျိုးဖြစ်သည်။ အင်္ဂလိပ်အခေါ်တွင် "People's Militia Force" ဟု အများအားဖြင့် ရည်ညွှန်းကြသဖြင့် ဤစာတမ်းတွင်လည်း ထိုအတိုင်း လိုက်နာသုံးစွဲ ထားပါသည်။ |
| *ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု* | ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားမျိုးနွယ်စုများ (တရားဝင် အသိအမှတ် ပြုထားသည့် တိုင်းရင်းသားအုပ်စု) အတွက်သတ်မှတ်ထားပေးသည့် အုပ်ချုပ်ရေးယူနစ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတို့ကို ခြုံငုံရည်ညွှန်းသည့် ယေဘုယျအသုံးဖြစ်သည်။ |
| *ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း* | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေ နှစ်မျိုးအနက်မှ နယ်မြေအကြီးကို ဆိုလိုသည်။ လက်ရှိတွင် မြို့နယ် ၆ ခုပါဝင်သည့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တစ်ခု တည်းသာရှိသည်။ |
| *ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ* | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ နှစ်မျိုးအနက်မှ နယ်မြေ အငယ်ကို ဆိုလိုသည်။ လက်ရှိ အနေအထားအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုတွင် မြို့နယ် ၂ ခု ၃ ခု ပါသည်။ |
| *အထူးဒေသ* | ၁၉၈၉ နှင့် ၁၉၉၄ ခုနှစ်ကြား အပစ်အခတ်လက်မှတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့များအတွက် သတ်မှတ်ချထားပေးသည့်နေရာဟု အကြမ်းအားဖြင့်အဓိပ္ပာယ်ဖော်ကြသည်။ ဒေသ တစ်ခုနှင့်တစ်ခု လုပ်ပိုင်ခွင့်မတူညီပါ။ |
| *တိုက်ပွဲဝင်ရယူခြင်း* | လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက နယ်မြေထိန်းထားရန်၊ ရယူရန် နှင့် ထိုဒေသနေပြည်သူများအပေါ် အုပ်ချုပ်မှုပြုလုပ်ရန် အတွက် စစ်အင်အား အသုံးပြုခြင်းကို ရည်ညွှန်းရန် စာတမ်းပြုစုစဉ် ဖော်ထုတ်ထားသည့် စကားရပ်။ |
| *ညှိနှိုင်းရယူခြင်း* | မြန်မာလုံခြုံရေးအင်အားစုများက အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်ကိုင်များအား သွားလာခွင့်နှင့် နယ်မြေအုပ်ချုပ်ခွင့်ကို နားလည်မှုဖြင့် ခွင့်ပြုခြင်း ကိုရည်ညွှန်းရန် အတွက် စာတမ်းပြုစုစဉ် ဖော်ထုတ်ထားသည့် စကားရပ်။ |
| *ပူးပေါင်းရယူခြင်း* | နယ်မြေအသုံးပြုခွင့်ရရန်၊ အုပ်ချုပ်မှုများပြုလုပ်နိုင်ရန်အတွက် လက်နက်ကိုင်များက နိုင်ငံတော်နှင့် ပွင့်လင်းရင်းနှီးစွာပူးပေါင်းပြီး နယ်မြေအုပ်ချုပ်ခြင်း ကိုရည်ညွှန်းရန် အတွက် စာတမ်းပြုစုစဉ် ဖော်ထုတ်ထားသည့် စကားရပ်။ |

# အတိုကောက်များ

| | |
|---|---|
| AA | ရခိုင်တပ်မတော် |
| ALP | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ |
| BGF | နယ်ခြားစောင့်တပ် |
| CNF | ချင်းအမျိုးသားတပ်ဦး |
| CPB | ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) |
| DDR | လက်နက်ဖျက်သိမ်းခြင်း၊ တပ်ရုပ်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း |
| DGA | အထွေထွေအုပ်ချုပ်ရေးဌာန (ကချင်လွတ်လပ်ရေးအဖွဲ့) |
| DKBA | ၂၀၁၂ ခုနှစ်အထိ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော်ဟု ခေါ်ခဲ့ပြီး ယခုလက်ရှိတွင် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်ဟု ခေါ်သည်။ |
| DNDP | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ |
| GAD | (မြန်မာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| IDP | ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ |
| KAD | ကရင်စိုက်ပျိုးရေးဌာန |
| KDA | ကချင်ကာကွယ်ရေး တပ်မတော် |
| KED | ကရင်ပညာရေးဌာန |
| KIO | ကချင်လွတ်လပ်ရေးအဖွဲ့ |
| KKY | *ကာကွယ်ရေး* (၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များအတွင်းက အစိုးရ၏ပံ့ပိုးမှုဖြင့် ရပ်တည်ခဲ့သော ပြည်သူ့စစ်အဖွဲ့များ) |
| KMT | ကူမင်တန် (တရုတ်အမျိုးသားရေး လှုပ်ရှားမှု) |
| KNDA | ကရင်နီအမျိုးသား ကာကွယ်ရေးတပ်မတော် |
| KNG | ကယန်းအမျိုးသား လုံခြုံရေးတပ် |
| KNLP | ကယန်းပြည်သစ်ပါတီ |
| KNPDP | ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| KNPLF | ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| KNPP | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |
| KNPP | ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (Hoya) |
| KNSO | ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KPC | ကရင်ငြိမ်းချမ်းရေးကောင်စီ |
| LNDP | လားဟူအမျိုးသား ဒီမိုကရက်တစ်ပါတီ |
| LORC | ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| MNDAA | မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ်တပ်မတော် |
| MP | လွှတ်တော်ကိုယ်စားလှယ် |
| NCA | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် |
| NCCT | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| NDA-K | ဒီမိုကရေစီသစ်တပ်မတော် - ကချင် |
| NDAA | အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် - *မိုင်းလားအဖွဲ့* ဟူ၍လည်း သိကြသည်။ |
| NMSP | မွန်ပြည်သစ်ပါတီ |
| NNC | နာဂအမျိုးသား ကောင်စီ |
| NSCN-IM | နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (အိုက်ဆက် မွေဗာ) |
| NSCN-K | နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (ကပ်ပလန်) |
| PMF | ဌာနေပြည်သူ့စစ်အဖွဲ့ |
| PNA | ပအိုဝ်းအမျိုးသားတပ်မတော် |
| PNLO | ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် |
| PNO | ပအိုဝ်းအမျိုးသားအစည်းအရုံး |
| PSLF | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး |
| PSLO | ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (၁၉၈၆ တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။) |

| | |
|---|---|
| PSLP | ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ (ယခင် ၁၉၇၆-၁၉၈၆ ခုနှစ်များတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO)၊ ၁၉၆၃-၁၉၇၆ ခုနှစ်များအတွင်းက ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်ဦးဟု ခေါ်ခဲ့သည်။) |
| RC | (၁၉၆၂ ခုနှစ်လွန် စစ်အစိုးရ၏) တော်လှန်ရေးကောင်စီ |
| RCSS | သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ |
| SAA | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု |
| SAD | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း |
| SAZ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) |
| SSA | ရှမ်းပြည်တပ်မတော် |
| SSNA | ရှမ်းပြည်အမျိုးသားတပ်မတော် |
| SSNPLO | ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်မတော် |
| SSPP | သျှမ်းပြည်တိုးတက်ရေးပါတီ |
| SSR | လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း |
| TNP | တအာင်း (ပလောင်) အမျိုးသားပါတီ |
| UNLD | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| UWSP | 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် |
| WDP | 'ဝ' ဒီမိုကရက်တစ်ပါတီ |

**အသုံးအနှုန်းများနှင့်စပ်လျဉ်း၍ မှတ်ချက်**

ဤစာတမ်းတွင် ရည်ညွှန်းသုံးစွဲခဲ့သည့် ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ မြို့နယ်များ၊ မြစ်များနှင့် အခြား ဒေသဆိုင်ရာအမည်များကို Myanmar Information Management Unit (MIMU) မှ ကူးယူအသုံးပြုပါသည်။ အကြောင်းမှာ ၎င်းအရင်းအမြစ်မှ အသုံးအနှုန်းများကို နိုင်ငံတကာအဖွဲ့အစည်းများက အသားကျပြီး ဖြစ်သောကြောင့် ကူးယူအသုံးပြုခြင်း ဖြစ်ပါသည်။ ယင်းအသုံးအနှုန်းများသည် အစိုးရ၏ တရားဝင်သတ်မှတ်ထားမှုများပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ အစိုးရအသုံးအနှုန်းတွင်ပင် အချို့သော နေရာအခေါ်အဝေါ်များကို အင်္ဂလိပ်ဘာသာဖြင့် ပြောင်းလဲရေးသားရာ၌ ကွဲပြားမှုများရှိပါသည်။ အမည်ပေးပုံနှင့် ပတ်သက်ပြီး စံသတ်မှတ်ထားချက် မရှိသေးပါ။ အထူးသဖြင့် မြို့နယ်များ၏ အမည်များကို အမျိုးမျိုးရေးသားကြပါသည်။

အဖွဲ့အစည်းများ၏ အမည်နှင့်ပတ်သက်လာလျှင်လည်း အင်္ဂလိပ်ဘာသာဖြင့် အတွေ့များ၊ အသုံးများသည့် အသုံးအနှုန်းများကို အသုံးပြုထားပါသည်။ စာတမ်းရှင်သည်လည်းကောင်း၊ မြန်မာဘာသာသို့ ပြန်ဆိုထားမှုကို ဆီလျော်မှုရှိ၊ မရှိ ပြန်လည်စစ်ဆေးသူသည်လည်းကောင်း အမည်များ၊ အခေါ်အဝေါ်များကို မှန်ကန်စွာ ဖော်ပြနိုင်ရန်အတွက် အတတ်နိုင်ဆုံး ကြိုးစားလေ့လာခဲ့ပါသည်။ သို့သော် အဖွဲ့အစည်းများမှ တရားဝင်ဘာသာပြန်ထားသည့် အသုံးအနှုန်းများဖြင့်မှု တိုက်ဆိုင်စစ်ဆေးနိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် စာဖတ်သူများအနေဖြင့် အဖွဲ့အစည်းများ၊ နေရာဒေသများ၏ အမည်/အခေါ်အဝေါ်များတွင် အမှားအယွင်းများတွေ့ရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။

# အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံအနှံ့အပြားရှိ တောတောင်ထူထပ် ချောင်ကျသော ဗမာမဟုတ်သည့် တိုင်းရင်းသားနယ်မြေများသည် အုပ်ချုပ်သူအမျိုးမျိုးက နယ်မြေစိုးမိုးမှုနှင့်ပတ်သက်ပြီး သူပိုင်သည် ငါပိုင်သည် အငြင်းပွား တိုက်ခိုက် နေကြသည့် နယ်မြေများဖြစ်သည်။ တိုက်ခိုက်နေကြသူများမှာ မြန်မာအစိုးရနှင့် လက်နက်ကိုင် အင်အားစုများ၊ နိုင်ငံတော်ကျောထောက်နောက်ခံ ပေးထားသည့် ပြည်သူ့စစ်များ နှင့် အတိုက်အခံ တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ ဖြစ်ကြသည်။ နိုင်ငံတော်နှင့်ယှဉ်လျှင် တိုင်းရင်းသားလက်နက်ကိုင်[1] အဖွဲ့များစုမှာ ဒေသခံရပ်ရွာများနှင့် ပိုမိုနက်ရှိုင်းသည့် ဆက်ဆံရေးရှိပြီး သမိုင်းတလျောက် ၎င်းတို့ဒေသများကို တစ်ဦးတည်းသော အာဏာပိုင်များအဖြစ် အုပ်ချုပ်ခဲ့သည်များလည်းရှိသည်။ ၎င်းတို့၏ အုပ်ချုပ်ရေးနယ်မြေများသည် နယ်နိမိတ် အတိအကျ သဘောတူသတ်မှတ်ထားမှု အနည်းငယ်သာရှိပြီး ဥပဒေအရသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သော်လည်းကောင်း တရားဝင်အခွင့်ပေးထား ခြင်းမရှိပါ။

အစိုးရအဆက်ဆက်အနေဖြင့် "ပြည်ထောင်စု" စနစ်ဖြင့်ရှေ့ဆက်ရန်ပြင်ဆင်နေချိန်အတွင်း တိုင်းရင်းသားလက်နက်ကိုင်များ၏ ဒေသအဆင့်အုပ်ချုပ်မှုများကို လိုအပ်ချက်အရ ပူးပေါင်းခွင့်ပြုခြင်း၊ ညှိနှိုင်းခွင့်ပြုခြင်းများကိုလက်ခံထားခဲ့သည်။ ထို့အတွက် အကျိုးဆက်မှာ အာဏာပြိုင်ဆိုင်မှုများနှင့် လက်တွေ့နိုင်ငံရေးအခြေအနေများကို အမှန်တကယ် ရောင်ပြန်ဟပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအစဉ်များကို ရေးဆွဲရန် မလုပ်ဆောင်နိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းအားပြိုင်မှုများဖြစ်ပေါ်နေသည့် နယ်မြေများရှိ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ သဘောသဘာဝများသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ စိန်ခေါ်မှုများစွာထဲမှ အလေးထားဆောင်ရွက်သင့်သည့် ကိစ္စတစ်ရပ်ဖြစ်သည်။

ထိုသို့စိန်ခေါ်မှုအခက်အခဲများရှိသည့် အခြေအနေကို ထောက်ဆကာ ၂၀၁၅ ခုနှစ်တွင် ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများရှိ ဥပဒေအရ တရားဝင်သော (de jure) အုပ်ချုပ်ရေးစနစ်နှင့် ဥပဒေအရပြဋ္ဌာန်းထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ရှိဖြစ်ပေါ်လုပ်ကိုင်နေသော (de facto) အုပ်ချုပ်ရေးစနစ်များကို ဆန်းစစ်နှိုင်းယှဉ်ခြင်း ပြုလုပ်ထားသည့် သုတေသနတစ်ရပ်ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၎င်းအုပ်ချုပ်ရေးစနစ်များက ဒေသန္တရအုပ်ချုပ်ရေးအတွက် အခြေခံဥပဒေတွင်ပါဝင်သင့်သည့် အချက်များနှင့် ပတ်သက်၍ ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် မည်သို့ဆက်စပ်နေသည်ကိုလည်း လေ့လာထားပါသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းမှ ပါဝင်ကူညီရန် စိတ်ပါဝင်စားမှု မြင့်တက်လာနေပါသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် အားပြိုင်မှုများဖြစ်နေသည့် ဒေသများရှိ ရှုပ်ထွေးလှသော နိုင်ငံရေးပထဝီအနေအထားကို အခြေခံသဘောပေါက်နားလည်စေရန်နှင့် ပဋိပက္ခများပြေလည်စေသည့် နိုင်ငံရေးသဘောတူညီချက်ရရှိအောင် ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။

## အုပ်ချုပ်မှု၊ နယ်မြေပိုင်းခြားမှု၊ ပဋိပက္ခများ၏ နောက်ခံသမိုင်းအကျဉ်း

မြန်မာနိုင်ငံကို တည်ထောင်ခဲ့သူများက အမျိုးသားပြည်ထောင်များ စုထားသော ပြည်ထောင်စု (Union) အဖြစ် မျှော်မှန်းထားခဲ့သော်လည်း သမိုင်းတလျောက် မည်သည့်အခါတွင်မှ အပြည့်အဝ ပေါင်းစည်းနိုင်ခြင်းမရှိခဲ့ပါ။ တိုင်းရင်းသားမျိုးနွယ်စုများအဖြစ် လူမျိုး - ဘာသာစကား အုပ်စုများ ခွဲခြားသတ်မှတ်မှုသည် ကိုလိုနီအမွေဖြစ်သော်လည်း တိုင်းရင်းသားအုပ်စုအမျိုးမျိုးမှာ သမိုင်းတလျောက် အုပ်ချုပ်မှုပုံစံ အမျိုးမျိုးနှင့်နေထိုင်လာသည့် အခြေခံအုတ်မြစ်ရှိပြီး ဖြစ်ကြသည်။ ထို့အတွက် ဖြစ်ပေါ်လာသော အကျိုးဆက်မှာ မည်သည့်လူမျိုးက ပြည်နယ်ရသင့်သည်၊ နယ်မြေခွဲခြားမှု မည်သို့ရှိသင့်သည်၊ မည်သည့်အဆင့် လုပ်ပိုင်ခွင့်များရှိသင့်သည်၊ မည်သည့်အဖွဲ့အစည်းသို့ အစီရင်ခံရမည် အစရှိသည့် ဘက်ပေါင်းစုံ/ လူမျိုးပေါင်းစုံပါသည့် အငြင်းပွားမှုများ လွတ်လပ်ရေးမရမီကာလများကပင် တည်ရှိနေခြင်းဖြစ်သည်။

မြန်မာဘုရင်များကဲ့သို့ပင် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးစနစ်သည်လည်း စီမံရလွယ်ကူကာ စီးပွားရေးအကျိုးအမြတ် ရှိသည့် မြေပြန့်ဒေသများနှင့် တောင်ထူထပ် သွားလာရန်ခက်ခဲသည့်ဒေသများကို ထင်ရှားပြတ်သားစွာ ခွဲခြားအုပ်ချုပ်သည်။ နိုင်ငံရေးအဆင့်မှာလည်း တောင်တန်းဒေသများ၏ မျိုးနွယ်စုအခြေခံ၊ အများသောအားဖြင့် ကျေးရွာအဆင့်သာရှိသည့် ကရင် တောင်ပေါ်နေလူ့အဖွဲ့အစည်းမှသည် ဗြိတိသျှအင်ပါယာကို သစ္စာခံ၊ အခွန်ထည့်ပြီး မိမိဒေသကို လုပ်ပိုင်ခွင့်အပြည့်နီးပါးဖြင့်အုပ်ချုပ်သည့် ရှမ်းစော်ဘွားများ၏ အဆင့်မြင့်အုပ်ချုပ်ရေးစနစ်ထိ အမျိုးမျိုးကွဲပြားသည်။ မြေပြန့်ဒေသမှ အုပ်ချုပ်ရေးမှာ ဒေသအာဏာပိုင်များ၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်ထားသည့် ဗဟိုဦးစီးမှုဖြစ်သည်။

တစ်ချိန်တည်းတွင် ဗြိတိသျှများသည် လူမျိုးစုအုပ်စုခွဲခြင်းကို တင်းတင်းကျပ်ကျပ် ပြုလုပ်ခဲ့ခြင်းကြောင့် ယခင်က အုပ်စုသတ်မှတ်ခြင်းမရှိခဲ့သော်လည်း မျိုးနွယ်စု - သာသာစကား အုပ်စုနီးစပ်သူများကို စုဖွဲ့ပေးလိုက်ရာမှ ကရင်၊ ကချင်၊ ကရင်နီ

[1] နိုင်ငံတော်မှ ကျောထောက်နောက်ခံပေးထားသော ပြည်သူ့စစ်များနှင့် အတိုက်အခံ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအားလုံးကို ခြုံငုံကာ တိုင်းရင်းသားလက်နက်ကိုင်များဟု ဤသုတေသနစာတမ်းတလျောက်တွင် ခေါ်ဆိုအသုံးပြုထားပါသည်။

တို့ပေါ်ပေါက်လာသည်။ ယခင်က မြန်မာဘုရင်များလက်ထက်တွင် နေရာမရခဲ့သူများ မြှောက်စားခြင်းမခံရသူများဖြစ်သော ကရင်ကဲ့သို့သော တိုင်းရင်းသား အုပ်စုများကို ဗြိတိသျှတို့က အုပ်ချုပ်ရေးနေရာ၊ စစ်ဘက်နေရာများတွင် ထည့်သွင်းမြှောက်စားလာသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင်တော့ အလုံးစုံကွဲပြားနေခြင်းမဟုတ်သော်လည်း ခွဲခြားခံထားရသည့်၊ ရန်ကုန်မှအုပ်ချုပ်နေသော ကိုလိုနီနယ်များကို စုစည်းပြီး[2] လွတ်လပ်သော ပြည်ထောင်စုဖွဲ့စည်းရန် ဆွေးနွေးမှုများ စတင်ခဲ့သည်။ ဗမာမဟုတ်သည့်ခေါင်းဆောင်များ၏ အဓိကဦးစားပေးအချက်မှာ ခွဲထွက်ခွင့်ရှိသည့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့်အတူ ၎င်းတို့နယ်မြေများကို ပြည်ထောင်စုမှစွက်ဖက်ခြင်းမရှိပဲ အုပ်ချုပ်နိုင်သည့် အနေအထားဖြင့် လွတ်လပ်ရေးရယူရန် ဖြစ်သည်။ လူဦးရေအရ အဓိက ၈ မျိုးထက်များသည့် အခြားတိုင်းရင်းသားလူမျိုးများရှိနေသည့်တိုင် လူမျိုးကြီး ၈ စုဖြစ်သော ဗမာ၊ ရှမ်း၊ မွန်၊ ကရင်၊ ကယား (ကရင်နီ)[3]၊ ကချင်၊ ရခိုင် (အာရကန်) နှင့် ချင်း ကိုအသိအမှတ်ပြုမှုတွင် အခြေခံသည့် ပြည်ထောင်စု ဖွဲ့စည်းရန် ဆွေးနွေးမှုများ ထိုကာလမှစတင် ပေါ်ပေါက်လာခဲ့သည်။

အခြေခံဥပဒေနှင့်ပတ်သက်ပြီး မကျေလည်မှုများကြောင့် လွတ်လပ်ရေးရသည့်နှစ် ၁၉၄၈ မှ စတင်ပြီး စစ်ပွဲ များဖြစ်ပွားခဲ့သည်။ ၁၉၆၀ နှစ်များတွင်  ရှမ်းပြည်နယ်အစိုးရ နှင့် ရှမ်းမင်းသားများ စတင်ဦးဆောင်သည့် အကြမ်းမဖက်သော ဖက်ဒရယ်လှုပ်ရှားမှု ပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်းတွင် တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင် အများအပြားပူးပေါင်းလာခဲ့သည်။ ဗဟိုအစိုးရနှင့် ထိုတိုင်းရင်းသားခေါင်းဆောင်များ ဆွေးနွေးမှုများပြုလုပ်နေစဉ်တွင်ပင် ၁၉၆၂ ခုနစ်၌ စစ်တပ်မှအာဏာသိမ်းခဲ့ပြီး တိုင်းပြည်ဆုပ်ပြဲမှုကို ဖြစ်စေနိုင်သည့် ဖက်ဒရယ်အရေးကြောင့် အာဏာသိမ်းရခြင်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့သည်။[4] ၁၉၆၉ နှင့် ၁၉၇၀ ခုနစ်များတွင် ရှမ်းနှင့် ကချင် လက်နက်ကိုင် လှုပ်ရှားမှုများအားကောင်းလာခဲ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီကလည်း မြန်မာနိုင်ငံမြောက်ပိုင်းတွင် နယ်မြေများကို အပြည့်အဝထိန်းချုပ်နိုင်ရုံသာမက ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်ကိုပါ ကျယ်ပြန့်စွာကျင့်သုံးနိုင်ခဲ့သည်။ ခွဲထွက်ခွင့်တောင်းဆိုခြင်းမပြုသည့်တိုင်[5] ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုင်းရင်းသားများက လက်နက်ကိုင်တော်လှန်မှုများ ပြုလုပ်သောအခါ အစိုးရက ဗဟိုဦးစီးစနစ်ပိုမိုတိုးမြှင့်လိုက်ခြင်းဖြင့်သာ တုံ့ပြန်ခဲ့သည့်အတွက် မဆုံးနိုင်သည့် လုံခြုံရေး အကျပ်အတည်း ပေါ်ပေါက်လာခဲ့ရသည်။

စစ်အစိုးရမှ အုပ်ချုပ်လာသည့် ၄၉ နှစ်တာအတွင်း တိုင်းရင်းသားဒေသများ၌ လက်နက်ကိုင်ပဋိပက္ခများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ အစိုးရအဆက်ဆက်က ၎င်းတို့လုပ်ငန်းများအားလုံးကို ဗဟိုဦးစီးစနစ်ဖြင့် အကောင်အထည်ဖော်သကဲ့သို့ တိုင်းရင်းသားများကလည်း ၎င်းတို့နယ်မြေများအတွင်း လွတ်လပ်နယ်မြေများဖွဲ့ စည်းလာကြသည်။ တရားဝင်အစိုးရဖွဲ့စည်းပုံများကို ပြောင်းလဲရန်ကြိုးစားသည့် လှုပ်ရှားမှုများ လျော့ကျသွားစေရန် အတွက်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များ၏ နယ်မြေအချို့ကို ပူးပေါင်းအုပ်ချုပ်ခွင့်ပြုခြင်း၊ ညှိနှိုင်းအုပ်ချုပ်ခွင့်ပြုခြင်းများ လုပ်ဆောင်လာခဲ့သည်။ ၁၉၆၀ ခုနစ်များမှစပြီး ပြည်သူ့စစ်အဖြစ်ပြောင်းလဲလိုသည့် လက်နက်ကိုင်အဖွဲ့များကို အစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ စီးပွားရေးလုပ်ပိုင်ခွင့်များ ချထားပေးခဲ့သည်။ ၁၉၈၀ နောက်ပိုင်းတွင်တော့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရှိလာပြီး နိုင်ငံရေးအရ ဆန့်ကျင်မှုများရှိနေသေးသည့်တိုင် တစ်ဒါဇင်ကျော်သော အဖွဲ့များကို လက်နက်ကိုင်ခွင့်၊ နယ်မြေများကို အုပ်ချုပ်ခွင့်များကို သဘောတူပေးခဲ့သည်။[6] ထိုအချိန်အတောအတွင်း နိုင်ငံအရှေ့တောင်ပိုင်းတွင်မူ တိုင်းရင်းသားလက်နက်ကိုင်များ၏ တော်လှန်မှုများဆက်လက်ရှိနေပြီး ၎င်းတို့အမာခံနယ်မြေများနှင့် ပြောက်ကျားလှုပ်ရှားသည့်နယ်မြေများတွင် ၎င်းတို့၏ အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ပြဋ္ဌာန်းထားသည့် ဒေသအုပ်ချုပ်ရေးနှင့် လက်တွေ့ဖြစ်ပေါ်နေမှုများကြား ကွင်းဆက်ပြတ်တောက်နေမှုများ ကြီးကြီးမားမား ရှိနေသည်ကို တွေ့ရသည်။

အစိုးရသစ်တက်လာသည့် ၂၀၁၁ ခုနစ်တွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အပစ်အခတ် ရပ်စဲရေးစာချုပ်သစ်များ သဘောတူနိုင်ခဲ့သော်လည်း မြောက်ပိုင်းတရုတ်နယ်စပ်တွင် ကာလရှည်ကြာ သဘောတူထားသည့်

[2] ထိုအချိန်တွင် အပိုင်း ၁ မြေပြန့်ဒေသဖြစ်သော "Ministerial Burma"၊ ရှမ်းပြည်ပြည်ထောင်စု၊ အမည်ခံလွတ်လပ်သောကရင်နီပြည်၊ နှင့် အပိုင်း ၂ နယ်ခြားဒေသများဖြစ်သော ကချင်၊ ချင်း၊ သံလွင်နှင့် တောင်တန်းဒေသများ ပါဝင်ခဲ့သည်။

[3] လူမျိုးစုအုပ်စုသတ်မှတ်ပုံနှင့် ပတ်သက်ပြီး ဆွေးနွေးစရာအများအပြား ရှိသည်။။ အရေးတကြီးမှတ်သားထားရန်မှာ အစိုးရက 'ကယား' ဟူသော အသုံးကို လူမျိုးစုံအားလွှမ်းခြုံသည့်အမည်တစ်ရပ်ဟု  သတ်မှတ်သည်။  သို့သော်လည်း အမျိုးသားရေးဝါဒီများကမူ 'ကရင်နီ' ဟူသော အသုံးသည်သာ  အားလုံးကို လွှမ်းခြုံသော အမည်တစ်ရပ်ဖြစ်ပြီး ကယားဆိုသည်မှာ လူမျိုးအုပ်စုကြီးတခုသာ ဖြစ်သည်ဟု မှတ်ယူသည်။

[4] Smith (1999), p. 196။ [4] Smith (1999), p. 196။ ဗိုလ်ချုပ်နေဝင်းမှ အာဏာသိမ်းယူနိုင်ရန်အတွက် အယောင်ပြ အကြောင်းပေးခြင်းဖြစ်သည်ဟုလည်း ဆိုကြပါသည်။ Simith (1999), pp. 196-197 ကိုရှု။

[5] အထူးသဖြင့် ၁၉၄၅ - ၁၉၆၂  အတွင်းဖြစ်ပေါ်ခဲ့သည့် တိုင်းရင်းသားလှုပ်ရှားမှုများ၏ အဓိက တောင်းဆိုမှုများမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထိန်းသိမ်းနိုင်ရန် ခွဲထွက်ပိုင်ခွင့်ကို (ရှမ်းနှင့် ကယားပြည်နယ်ကို ၁၉၄၇ အခြေခံဥပဒေအရ ခွဲထွက်ခွင့်ပြုထားသည်) အကြောင်းပြုလှုပ်ရှားကြခြင်း ဖြစ်ပြီး အပြီးခွဲထွက်ရန် အပြင်းအထန်ကြိုးစားခြင်းတော့ မရှိခဲ့ကြပါ။ နာဂ အဖွဲ့ များမှာမူ ချွင်းချက်ဖြစ်သည်။ နာဂသည်  မြန်မာ၏ အစိတ် အပိုင်းမဟုတ်သကဲ့သို့ အိန္ဒိယ၏ အစိတ်အပိုင်းလည်းမဟုတ်ဟု နာဂခေါင်းဆောင်များက အမြဲတစေငြင်းခဲ့ကြသည်။ ထိုသို့ ငြင်းဆိုခြင်းကို ခွဲထွက်ရေးလှုပ်ရှားမှုဟု အမည်တပ်မရနိုင်ပါ။

[6] ထိုကာလအတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပေါင်း ၃၀ ကျော်လက်မှတ်ရေးထိုးခဲ့သော်လည်း အဖွဲ့ အများစုမှာ အတိုက်အခံအဖြစ် ဆက်လက်ရပ်တည်နိုင်ခြင်းမရှိပဲပြည်သူ့စစ်များအသွင်သို့ပြောင်းလဲသွားကြသည်။

အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ပြီး ဆယ်စုနှစ်များ အတွင်းပေါ်ပေါက်ခဲ့သည့် ပဋိပက္ခများထဲမှ အပြင်းထန်ဆုံး လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သည်။ တစ်ချိန်တည်းမှာပင် ၂၀၀၈ အခြေခံဥပဒေအရ အစိုးရထိန်းချုပ်ထားသည့် နယ်မြေများအတွင်းရှိ ဒေသန္တရအုပ်ချုပ်ရေးအပိုင်းတွင် အာဏာခွဲဝေမှုများ အတိုင်းအတာ တစ်ခုထိရှိလာသည်။ သို့သော်လည်း ယင်းလုပ်ဆောင်ချက်များသည် တိုင်းရင်းသားလက်နက်ကိုင်အမျိုးမျိုး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ တောင်းဆိုချက်များကို မနှစ်သိမ့်နိုင်သကဲ့သို့ အင်အားသုံး ဖျက်သိမ်းနိုင်ခြင်းလည်း မရှိပဲဖြစ်နေသည်။ ထို့အတွက်ရလဒ်မှာ အလွန်တရာရှုပ်ထွေးသော နိုင်ငံရေးပထဝီအနေအထားတစ်ခု ဖြစ်ပေါ်လာပြီး ထိုအနေအထားတွင် အစိုးရ၏တရားဝင်ဖွဲ့စည်းပုံသည် တိုင်းရင်းသား ဒေသများတွင်ရှိသည့် အုပ်ချုပ်မှုအမျိုးမျိုးအနက်မှ တစ်ခုသာဖြစ်သည်။ လက်ရှိနယ်မြေပိုင်နက်အစီအမံများမှာ အလွန်အမင်း ထိရှလွယ်သည်ကို နိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများက သက်သေပြနေသည်။

**တရားဝင်ကျင့်သုံးနေသည့်စနစ် - ၂၀၀၈ အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့် ဒေသန္တရ အုပ်ချုပ်မှု**

၂၀၀၈ အခြေခံဥပဒေတွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို ပြန်လည်အသက်သွင်းခဲ့သည်။ ထိုအစိုးရအဖွဲ့များကို ဗဟိုမှခန့်ထားသည့် ဝန်ကြီးချုပ်များ နှင့် ဝန်ကြီးများပါဝင်သည့် အစိုးရအဖွဲ့တို့က ဦးဆောင်သည်။ ဝန်ကြီးဟုဆိုသော်လည်း ဝန်ကြီးဌာနလက်ကိုင်မရှိပဲ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်ကြားတွင် လုပ်ငန်းများကို ကြီးကြပ်ညှိနှိုင်းပေးရသည်။ ၎င်းတို့ ဝင်ရောက်လွှမ်းမိုးနိုင်သည့် ဌာနများမှာ အခြေခံဥပဒေ ဇယား ၂ တွင်ဖော်ပြထားသည့် ကဏ္ဍအနည်းငယ်တွင်သာဖြစ်သည်။ လုံခြုံရေး၊ ပညာရေး၊ သဘာဝသယံဇာတ စီမံခန့်ခွဲမှုအစရှိသော ကိစ္စရပ်များကို ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများကသာကိုင်တွယ်ပြီး ဒေသအဆင့်မှ ထိထိရောက်ရောက် ကိုင်တွယ်စောင့်ကြည့်နိုင်ခြင်း မရှိပါ။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ အစိုးရဌာနအားလုံးသည် တပ်မတော်လက်အောက်ခံ ပြည်ထဲရေးဝန်ကြီးဌာန ညွှန်ကြားမှုအောက်ရှိ ထွေအုပ်၏ပံ့ပိုးမှုပေါ်တွင် အလုံးစုံနီးပါးမှီခိုနေရသည်။[7] တစ်ချိန်တည်းတွင် အခြေခံဥပဒေအရ ခွင့်ပြုထားခြင်း မဟုတ်သော်လည်း လက်ရှိအစိုးရကဖွဲ့စည်းထားသည့် ကော်မတီများတွင် ရပ်ရွာကိုယ်စားလှယ်များ ထည့်သွင်းထားခြင်းဖြင့် ဒေသအဆင့်အုပ်ချုပ်ရေးတွင် ပြည်သူများအတိုင်းအတာတခုထိ ပါဝင်နိုင်လာသည်။ သို့သော်လည်း မည်မျှပါဝင်နိုင်သည်ဆိုသည့် အတိုင်းအတာမှာ ဒေသခံထွေအုပ်ရုံးများပေါ်တွင်သာ မူတည်နေသည်။

၂၀၀၈ အခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ခြောက်ခုကို သက်ဆိုင်ရာ တိုင်းရင်းသားအုပ်စုများအတွက် ရည်ရွယ်သတ်မှတ်ပေးခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီးများတွင် လူနည်းစုဖြစ်သော်လည်း သက်ဆိုင်ရာ မြို့နယ်များတွင် လူများစုဖြစ်နေသည့် လူမျိုးများကို သတ်မှတ်ပေးခြင်းဖြစ်သည်။[8] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသည် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များ၊[9] တပ်မတော်သားကိုယ်စားလှယ်များ[10] နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လူနည်းစုများဖြင့် ဖွဲ့စည်းထားသော ဦးစီးကော်မတီ၏ လမ်းညွှန်မှုအောက်တွင် ရှိသည်။ ဦးစီးကော်မတီတွင် ဒေသခံများ ရွေးချယ်ထားသူများ ပါဝင်သည့်အတွက်ကြောင့် ထူးခြားသည့်သဘောရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ ပြည်နယ်အတွင်းရှိ လူနည်းစုတိုင်းရင်းသားရေးရာများ ဖြေရှင်းရန်အတွက် အခြေခံလည်း ဖြစ်သောကြောင့် ဖြစ်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများပေါ်သက်ရောက်မှုများဖြစ်စေသည့် နိုင်ငံရေးအခင်းအကျင်းများမှာ တစ်ခုနှင့်တစ်ခု ခြားနားချက်အလွန်များပြီး ဒေသပဋိပက္ခများပေါ်တွင် အကျိုးသက်ရောက်မှုအမျိုးမျိုးရှိသည်။ ပအို့ဝ်၊ ပလောင်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအားလုံးတွင် ယခင်က လက်နက်ကိုင်တော်လှန်ခဲ့သူများကို နိုင်ငံတော်မှပံ့ပိုးထားသည့် ပြည်သူ့စစ်များအဖြစ်အသွင်ပြောင်းခဲ့ပြီး ဦးစီးအဖွဲ့တွင် ရွေးချယ်ခံရသူများ ဖြစ်လာကြသည်။ ပအို့ဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွင် ဖွံ့ဖြိုးမှု၊ တည်ငြိမ်မှုများ ရရှိလာသော်လည်း ကျန်နှစ်ခုတွင်တော့ တပ်မတော်နှင့် အခြားကျန်ရှိနေသည့် အတိုက်အခံတိုင်းရင်းသားလက်နက်ကိုင်များအကြားရှိ ပဋိပက္ခများကြောင့် ဖရိုဖရဲဖြစ်နေဆဲ ဖြစ်သည်။ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) က အာဏာလွှမ်းမိုးထားခြင်းကြောင့် 'ဝ' အတွက်ရည်ရွယ်သည့် အကြီးဆုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုမှာ ကောင်းစွာအခြေမကျသေးပဲ ရှိနေသည်။ ၁၉၈၉ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ခွင့်ပြုချက်အရ ထိုဒေသကို UWSP က ဆက်တိုက်ထိန်းချုပ်ထားနိုင်ခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ အောင်မြင်စွာဖွဲ့စည်းနိုင်သည့်နေရာများတွင်ပင် ထွေအုပ်မှ လုပ်ပိုင်ခွင့်အများစုကို ရယူထားခြင်းကြောင့် ဦးစီးအဖွဲ့ဝင်များ၏ အာဏာအသုံးချနိုင်မှုမှာ အကြီးအကျယ်ကန့်သတ်ခံနေရသည်ဟု ပြောဆိုမှုများလည်း ရှိသည်။ သို့သော် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန်မှာ အချို့သောဒေသခံခေါင်းဆောင်များအတွက် အဓိက ရည်ရွယ်ချက်မဟုတ်သဖြင့်

[7] Nixon et al. (2013), p. 69

[8] မြို့နယ် ၂ ခု သို့မဟုတ် ၃ ခုပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ဒေသ၊ မြို့နယ် ၆ ခု ပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တစ်တိုင်း၊ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို စာတမ်းအပြည့်အစုံအတွင်းရှိ ဇယား ၅ တွင်ဖော်ပြထားပါသည်။) ၂၀၀၈ မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၅၆ ကို ကြည့်ပါ။

[9] (တစ်မြို့နယ်လျှင် နှစ်ယောက်နှုန်းဖြင့်) ယင်းမဲဆန္ဒနယ်များမှ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များသို့ ရွေးချယ်ခံရသည့် လွှတ်တော်အမတ်များ ပါဝင်သည်။

[10] လွှတ်တော်ကိုယ်စားလှယ် ပမာဏ စုစုပေါင်း၏ ၄ ပုံ ၁ ပုံ ကို တပ်မတော်သားများက နေရာယူထားသည်။

ဒေသခံခေါင်းဆောင်များကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နိုင်အောင် တရားဝင်လမ်းဖွင့်ပေးသည့် အတွက်ကြောင့်သော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးမှုရှိလာ၍သော်လည်းကောင်း ယင်းစနစ်ကို အကောင်းမြင် ကြသည်များလည်း ရှိသည်။

**တရားဝင်မှုဘောင်များ၏ အလွန် - လက်နက်ကိုင်များ၏ နယ်မြေထိန်းချုပ်ရယူပုံနှင့် အုပ်ချုပ်မှု ရယူပုံ**

မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်များ၏ နယ်မြေ ထိန်းချုပ်မှု၊ သို့မဟုတ် အာဏာစက် ဖြန့်ကျက်မှု ရယူပုံနည်းလမ်း ၃ ရပ်ရှိပါသည်။

၁) တိုက်ပွဲဝင် ရယူခြင်း - နယ်မြေထိန်းထားရန်၊ ရယူရန်အတွက် စစ်အင်အား အသုံးပြုခြင်း။

၂) ညှိနှိုင်းရယူခြင်း - အပစ်အခတ်ရပ်စဲထားသဖြင့် မြန်မာလုံခြုံရေးအင်အားစုများက နယ်မြေအုပ်ချုပ်ခွင့်ကို နားလည်မှုနှင့်ခွင့်ပြုခြင်း။

၃) ပူးပေါင်းရယူခြင်း - နိုင်ငံတော်နှင့် ပွင့်လင်းရင်းနှီးစွာပူးပေါင်းပြီး နယ်မြေအုပ်ချုပ်ခြင်း။

တိုက်ပွဲဝင်ရယူထားသည့် နယ်မြေများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ မိုင်းထောင်ခြင်း၊ ခြုံခိုတိုက်ခိုက်ခြင်းများ အသုံးချသည့် ပြောက်ကျားစခံစစ်ဖြင့် ရယူသည်။ တပ်မတော်မှ လမ်း၊ မြို့နှင့် အဓိက စီးပွားရေးမြို့များ၏ လုံခြုံရေးတာဝန်ယူထားသဖြင့် ထိုနေရာများတွင် လက်နက်ကိုင်အဖွဲ့များ လွတ်လပ်စွာ လှုပ်ရှားနိုင်ခြင်းမရှိသည့်အချိန်တွင် နယ်စပ်တကြောတောင်တန်းများတွင်မှ အမာခံနယ်မြေများကို ထိန်းထားနိုင်သည်။ ၎င်းတို့သည် ဝေးလံသည့်ဒေသများတွင် စစ်ရေးအရ အသာစီးယူထားနိုင်သည်။

ညှိနှိုင်းရယူထားသည့် နယ်မြေများတွင် ၁၉၈၀ နှစ်များနှင့် ၁၉၉၀ နှစ်များအတွင်း နှုတ်ဖြင့် သဘောတူခဲ့သည့် အပစ်အခတ်ရပ်စဲရေး နယ်မြေများပါဝင်သည်။ ထို့အပြင် တိုင်းရင်းသားတပ်ဖွဲ့များကို လက်နက်ကိုင်ဆောင်ခွင့်ပြုသည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပြုလုပ်ခဲ့သော အပစ်အခတ်ရပ်စဲရေး နယ်မြေများလည်းပါဝင်သည်။

အစိုးရ၏အုပ်ချုပ်ရေးစနစ်နှင့် ပူးပေါင်းလိုပြီး နိုင်ငံတော်ပံ့ပိုးမှုဖြင့်ရပ်တည်ကာ ပြည်သူ့စစ်ဖွဲ့စည်းလိုသည့် တိုင်းရင်းသား လက်နက်ကိုင်များက နယ်မြေများကို အစိုးရနှင့် ပူးပေါင်းပြီးရယူကြသည်။ ယင်းကဲ့သို့သော အဖွဲ့များအနက်မှ အင်အားကြီးသောအဖွဲ့အချို့တွင် စင်ပြိုင် သို့မဟုတ် ရံဖန်ရံခါ အစိုးရနှင့် ပေါင်းထားသည့် အုပ်ချုပ်ရေးစနစ်များရှိသည်။ နိုင်ငံရေးပါတီ ဖွဲ့စည်းထားသည်များရှိသကဲ့သို့ အာဏာရပါတီနှင့် ပူးပေါင်းသည့် အဖွဲ့များလည်းရှိသည်။ ပြည်သူ့စစ်များသည်လည်း နှစ်ကာလများစွာအတွင်း အသွင်အမျိုးမျိုးပြောင်းလဲလျက်ရှိသည်။ ၂၀၁၅ ခုနှစ်အခြေအနေအရ နယ်ခြားစောင့်တပ်ရင်း ၂၃ ရင်းနှင့် အတိုက်အခံ လက်နက်ကိုင်အဖွဲ့များမှ အသွင်ပြောင်းလာသည့် ဌာနေပြည်သူ့စစ်တပ်ရင်း အနည်းငယ်ရှိသည်။ ကျေးရွာအဆင့်၊ ကျေးရွာအုပ်စုအဆင့်တွင် တပ်မတော်က ဖွဲ့စည်းထားသည့် အင်အားအနည်းငယ်သာရှိသော ပြည်သူ့စစ်အဖွဲ့ငယ် အများအပြားရှိသည်။

ဒေသအုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး မည်သည့်တိုင်းရင်းသားအဖွဲ့အစည်းကိုမျှ တရားဝင်တာဝန်ပေးထားခြင်း၊ ခွင့်ပြုထားခြင်း မရှိသကဲ့သို့ လက်နက်ကိုင်တိုက်ပွဲများဖြင့်ရယူအုပ်ချုပ်နေခြင်းလည်း မဟုတ်ကြောင်း ထိုအခြေအနေများက ပြသနေသည်။ တစ်ချိန်တည်း၌ နယ်မြေအနည်းအကျဉ်းတွင်သာ နယ်နိမိတ် အတိအကျသတ်မှတ်နိုင်သည်။ ဆိုလိုသည်မှာ ၎င်းတို့အုပ်ချုပ်ရေး ဩဇာဖြန့်ထားနိုင်သည့် နယ်မြေများ၊ အပြည့်အဝထိန်းထားနိုင်သည့် နယ်မြေများတွင်ပင် လူထုကို စစ်ရေးနည်းဖြင့် ထိန်းချုပ်ထားခြင်းမဟုတ်ပါ။

ရှင်းရှင်းလင်းလင်းသတ်မှတ်မထားသည့် နယ်မြေပိုင်နက်ဆိုင်ရာ စီစဉ်မှုများ၊ တာဝန်ပေးမှုများက ရပ်ရွာကို ဝန်ပိစေသည်၊ ပဋိပက္ခအသစ်များဖြစ်ပွားရန်လည်း အလွန်လွယ်ကူနေသည်။ ထို့အပြင်အာဏာစီးဆင်းမှု ရှင်းရှင်းလင်းလင်းမရှိခြင်းကြောင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး နှင့် အခြားပြုပြင်ပြောင်းလဲမှုများအတွက် အခြေခံမရှိပဲဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း နယ်မြေတစ်ခုတွင် ပံ့မှန်ဆက်ဆံရေးနှင့် ဝင်ထွက်သွားလာမှုများ မပြုလုပ်နိုင်ဘဲဖြစ်နေကာ ရေရှည်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အကူအညီများပေးရန် ဆုံးဖြတ်ချက်မချနိုင်ဖြစ်နေသည်။ ထိုအခြေအနေများကြောင့် နိုင်ငံတကာအထောက်အကူပြု အဖွဲ့အစည်းများ အနေဖြင့် ပဋိပက္ခဖြစ်ပွားရာနေရာများတွင် ထောက်ပံ့မှုများကို အစိုးရနှင့်သာ ပူးပေါင်းလုပ်ကိုင်မည့် အလားအလာရှိပါသည်။ ထိုသို့ဆောင်ရွက်ပါက တင်းမာမှုများ မထင်မှတ်ပဲတိုးလာနိုင်ပါသည်။

**တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေး ၂၀၁၅ ခုနှစ် အခြေအနေ**

တိုင်းရင်းသားလက်နက်ကိုင် အတော်များများတွင် အသေးစိတ်ချမှတ်ထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေများရှိကြပြီး ၎င်းတို့နယ်မြေကို အုပ်ချုပ်သည့်အခါ တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံများ အုပ်ချုပ်သကဲ့သို့ အုပ်ချုပ်ကြသည်။ အစိုးရဘက်မှ

သတ်မှတ်ချက်နှင့် လုံးဝကွဲပြားသော သို့မဟုတ် အနည်းငယ်သာ တူညီသော နယ်မြေခွဲခြားမှု၊ မြေပုံသတ်မှတ်မှုများနှင့် အုပ်ချုပ်ခြင်းဖြစ်သည်။ အများစုက အုပ်ချုပ်ရေးနယ်မြေတစ်ခု (ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု အစရှိသဖြင့်) အတွက် အုပ်ချုပ်ရေး တာဝန်ခံများနှင့် ကော်မတီများပါဝင်သော အထက်အောက် အဆင့်ဆင့် ညွှန်ကြားသော အုပ်ချုပ်မှုပုံစံကို အသုံးပြုသည်။ ဗဟိုအဆင့်အာဏာရှိသူများကိုလည်း သတ်မှတ်ထားသည်။ ခေါင်းဆောင် ခန့်အပ်ရာတွင် အချို့သောအဖွဲ့များအနေဖြင့် အောက်ခြေမှ ရွေးချယ်သည့်စနစ်ကို အသုံးပြုသည်။ ရပ်ရွာ သို့မဟုတ် အဖွဲ့အစည်းအတွင်း အောက်ခြေမှရွေးချယ်ခြင်းဖြစ်သည်။ ဗဟိုညွှန်ကြားမှုဖြင့် ခန့်အပ်သည့် အဖွဲ့များလည်းရှိသည်။ ပညာရေး၊ ဘဏ္ဍာရေးကဲ့သို့သော အုပ်ချုပ်မှုစနစ်တခု၏ အဓိကကျသော လုပ်ငန်းများအတွက် အစိုးရဝန်ကြီးဌာန ပုံစံနှင့် ခပ်ဆင်ဆင်ဖြစ်သော သက်ဆိုင်ရာဌာနများရှိတတ်သည်။ ထိုကဲ့သို့သော သီးသန့်ဌာနများသည် ဗဟိုအဆင့်မှာသာ ရှိနေနိုင်သကဲ့သို့ အဆင့်တိုင်းအဆင့်တိုင်းထိ ဖြန့်ကျက်ထားခြင်းမျိုးလည်း ရှိနိုင်သည်။ သီးသန့်ဌာနများသည် နယ်မြေအဆင့်ဆင့်မှ အထွေထွေအုပ်ချုပ်ရေး ကော်မတီများနှင့် ပူးပေါင်းလုပ်ငန်း အကောင်အထည်ဖော်ကြသည်။ ရွေးချယ်ပုံကွဲပြားသော်လည်း အခြေခံအုပ်ချုပ်မှုပုံစံ ဖြစ်သော အုပ်ချုပ်ရေးအာဏာပိုင်က အခြားသော ဌာနအားလုံးနှင့် ပူးပေါင်းလုပ်ဆောင်သည့်ပုံစံသည် အစိုးရ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လုပ်ငန်းဆောင်ရွက်ပုံနှင့် အတော်ပင်နီးစပ်သည်။

**မြန်မာနိုင်ငံအရှေ့တောင်ခြမ်း**

၆၇ နှစ်တိုင်တိုင် ဖြစ်ပွားခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကြောင့် အရှေ့တောင်ပိုင်း ကရင်ဒေသမှ နယ်မြေဆိုင်ရာစီမံမှုများအပါအဝင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်များသည် အလွန်ပင်သတိထားရမည့် အခြေအနေများဖြစ်သည်။ ဖွံ့ဖြိုးမှုများ အလျင်အမြန်ပေါ်ပေါက်နေသကဲ့သို့ အစိုးရကလည်း အုပ်ချုပ်ရေးယန္တရားကို အပစ်အခတ် ရပ်စဲထားသည့် နေရာများတွင် ချဲ့ထွင်လျက်ရှိသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ကရင်၊ ပဲခူးအရှေ့ပိုင်း၊ မွန်နှင့် တနင်္သာရီတို့ရှိ တောင်တန်းထူထပ်သောနေရာများကို ထိန်းချုပ်ထားသည်။ ၂၀၁၂တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားခဲ့သော်လည်း တရားဝင်နယ်မြေသတ်မှတ်ခြင်း မရှိသေးပါ။ စစ်ရေးအရ အခိုင်အမာ နေရာယူထားသည့် နေရာများနှင့်၊ ပြောက်ကျားအသွင်ဖြန့်ကျက်နေရာယူထားသည့် ဒေသများတွင် အာဏာဖြန့်ထားနိုင်သည်။ ပြောက်ကျားအသွင်ယူထားသည့် နယ်မြေများတွင် လူမှုရေးဝန်ဆောင်မှုများ ပံ့ပိုးခြင်း၊ ဗဟိုဦးစီး အာဏာပိုင်စနစ်တည်ဆောက်ထားနိုင်ခြင်းတို့ကြောင့် ရပ်ရွာနှင့် နီးစပ်မှုတွင် အစိုးရထက်သာလွန်သည်။ နှစ်ဖွဲ့ကြားဆက်ဆံရေး တိုးတက်လာသောကြောင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) ထိန်းချုပ်သည့် နယ်မြေများတွင် KNU ၏ အုပ်ချုပ်ရေးစနစ်ကို ပြန်လည်အသက်သွင်းလျက်ရှိသည်။ DKBA နှင့် KNU တို့ဝင်ထွက်ရန် အခွင့်အလမ်းရှိသည့် နယ်မြေများသည် တပ်မတော်နှင့် ကရင်နယ်ခြားစောင့်တပ်ရင်း ၁၃ ရင်းတို့၏ နယ်မြေများနှင့်လည်း ရောယှက်ကာ ထပ်နေသည်ကို တွေ့ရသည်။

KNU အုပ်ချုပ်ရေးစနစ်၏ အဓိကအခရာမှာ ကျေးရွာ၊ ကျေးရွာအုပ်စုအများအပြားပါသည့် မြို့နယ် ၂၈ မြို့နယ်ဖြင့်ဖွဲ့စည်းထားသည့် ခရိုင် ၇ ခရိုင်မှ အုပ်ချုပ်ရေးကော်မတီများဖြစ်သည်။ အောက်ခြေအဆင့်ဆင့်မှ ရွေးကောက်တင်မြောက်လိုက်သည့် ကွန်ဂရက်ကိုယ်စားလှယ်များက ကော်မတီအဖွဲ့ဝင်များကိုရွေးချယ်ပြီး ကော်မတီဥက္ကဋ္ဌက ဦးဆောင်သည်။ ရပ်ရွာများက ကျေးရွာ ဥက္ကဋ္ဌကို ရွေးချယ်သည်။[11] ကျေးရွာဥက္ကဋ္ဌက ကျေးရွာအုပ်စုကွန်ဂရက် ကိုယ်စားလှယ်ကိုရွေးချယ်သည်။ ကျေးရွာအုပ်စုကွန်ဂရက်က ကျေးရွာအုပ်စု ဥက္ကဋ္ဌကိုရွေးချယ်သည်။ ထိုဥက္ကဋ္ဌက မြို့နယ်ကွန်ဂရက်အတွက် ကိုယ်စားလှယ်ကို အဆင့်ဆင့် ထပ်မံရွေးချယ်သွားသည်။ အောက်ခြေမှရွေးချယ်တင်မြောက်လိုက်သည့် ကော်မတီများသည် အဖွဲ့၏ ဦးဆောင်နေရာ၊ လုပ်ပိုင်ခွင့် အများစုရှိသော အုပ်ချုပ်ရေးအစုအဖွဲ့များကို ရွေးချယ်ရာတွင် အခြေခံဖြစ်လာသည်။ KNU ၏ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည် အဆင့်တိုင်းတွင် အလိုအလျောက်ဝင်ရောက်ကိုယ်စားပြုမှု ရှိသော်လည်း ရွေးချယ်ခံပုဂ္ဂိုလ်ထက် အဆင့်နိမ့်သည်။

အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ဖွံ့ဖြိုးရေးလုပ်ငန်းကိုအကြောင်းပြကာ အစိုးရအုပ်ချုပ်ရေးစနစ် ချဲ့ထွင်နေရာယူမှုကြောင့် DKBA နှင့် KNU တို့၏ နယ်မြေများတွင် ဖိအားများတိုးလာသည်။ အထူးသဖြင့် ကရင်ပြည်နယ်တွင်းမှ နယ်မြေစိုးမိုးရေး အားပြိုင်မှုများရှိနေသည့် အစိုးရသတ်မှတ်ထားသော "မြို့နယ်ခွဲ" ၉ ခု (ယခု "မြို့များ" ဟု တရားဝင်ပြောင်းလဲခေါ်ဆိုသည်) တွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကြိုတင်လျာထားသည်။ နိုင်ငံတကာအကူအညီများ၏ အတော်များများကိုလည်း ၎င်းဒေသများတွင် အသုံးပြုရန် ဆွဲဆောင်ထားနိုင်ပြီးဖြစ်သည်။ အခြားဇရိယာများတွင် ပဋိပက္ခဖြစ်ပွားရာ နယ်မြေများနှင့် နီးစပ်သည့် အစိုးရထိန်းချုပ်နယ်မြေ၊ KNU

---

[11] ကျေးရွာဥက္ကဋ္ဌများရွေးချယ်ရာတွင် KNU နှင့် DKBA တို့မှ အထူးတလည် ဝင်ရောက်စွက်ဖက်ခဲသည်။ ကျေးရွာအချို့တွင် ရွေးကောက်ခြင်းဆိုင်ရာစနစ်များရှိသောလည်း အမျိုးသား/အမျိုးသမီး တစ်ဦးတစ်ယောက်တည်းမှ အခြားယှဉ်ပြိုင်ဖက်မရှိ အရွေးချယ်ခံသော အနေအထားမှာမူ အဆန်းမဟုတ်ပေ။ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာအတွင်းရှိ ပညာတတ်ပုဂ္ဂိုလ်များ၏ ထောက်ခံချက် ရရှိခြင်းကသာ အဓိကကျသည်။

ထိန်းချုပ်နယ်မြေများသို့ ပြည်တွင်းစစ်ရှောင်သူ အများအပြား ပြန်လည်ဝင်ရောက်လျက်ရှိသည်။ အချို့သောဒေသများတွင် လုပ်ပိုင်ခွင့်အာဏာသတ်မှတ်မှု အတိအကျမရှိသောကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ နှောင့်နှေးလျက်ရှိသည်။

ပို၍တောင်ဖက်ကျသောဒေသများတွင် မွန်ပြည်သစ်ပါတီ (NMSP) ကလည်း မွန်ပြည်နယ်၏ ထိုင်းနှင့်နယ်စပ် အစိတ်အပိုင်းငယ်တစ်နေရာနှင့် မွန်ပြည်နယ်နှင့်၊ ကရင်ပြည်နယ် နယ်စပ်မှ နယ်မြေအချို့ကို ၁၉၉၅ အပစ်အခတ်ရပ်စဲရေးနောက်ပိုင်းတွင် ထိန်းချုပ်ထားနိုင်ခဲ့သည်။ ၎င်း၏ အုပ်ချုပ်ရေးစနစ်သည် KNU နှင့် ပုံစံတူသည်။ အုပ်ချုပ်ရေးစနစ်နှင့် ခွဲခြားထားသည့်ပါတီ၏ ခေါင်းဆောင်ပိုင်းရွေးချယ်ရာတွင်တော့ ကွဲပြားသည်။ ပါတီခေါင်းဆောင်ကို ပါတီတွင်းမှသာရွေးချယ်သည်။[12] ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်၏ ဖယ်ခုံမြို့နယ်အတွင်း အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ကယန်းပြည်သစ်ပါတီ (KNLP) တို့ဖြစ်သည်။ အခြားနယ်မြေများကို နယ်ခြားစောင့်တပ်  နစ်တပ်အပါအဝင် ဒါဇင်ဝက် ဝန်းကျင်အရေအတွက်ရှိသည့် ပြည်သူ့စစ်များက ထိန်းချုပ်ထားသည်။

အရှေ့တောင်ပိုင်းတလျောက်လုံးမှ ရပ်ရွာများသည် တရားဝင်မှုပုံစံအမျိုးမျိုးကွဲပြားနေသည့် အာဏာပိုင်အမျိုးမျိုး၏ စင်ပြိုင်စိုးမိုးမှုအောက်တွင် ကျရောက်လျက်ရှိသည်။ နယ်မြေအားလုံးကို စနစ်တကျ စုစည်းနိုင်သည့် အုပ်ချုပ်ရေးစနစ် မရှိခြင်း၊ သို့မဟုတ် တိကျသည့်နယ်မြေခွဲခြားသတ်မှတ်မှုများ မရှိခြင်းကြောင့် ဒေသခံရပ်ရွာများအနေနှင့် အခွန်အတုတ်အမျိုးမျိုး ထမ်းဆောင်ရခြင်း၊ အပြိုင်အဆိုင်ဖြစ်နေသည့်လက်နက်ကိုင်များနှင့် သင့်မြတ်အောင် နေထိုင်ရခြင်း စသည့်ဝန်များပိနေသည်။ ဒေသတွင်းတည်ငြိမ်မှုမရှိခြင်း၊ မည်သည့်အာဏာပိုင်ကို အသိအမှတ်ပြုဆက်ဆံရမည်ကို မခွဲခြားနိုင်ခြင်းစသော အနေအထားများသည် နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း အခက်တွေ့စေသည်။

**ရှမ်း(တောင်) နှင့် ရှမ်း(အရှေ့)**

ရှမ်း(တောင်) နှင့် ရှမ်း(အရှေ့)ရှိ တိုင်းရင်းသားလက်နက်ကိုင်များ၏ အုပ်ချုပ်ရေးစနစ်မှာ အမျိုးမျိုးကွဲပြားသည်။ ပအိုဝ်အမျိုးသားအစည်းအရုံး (PNO) က ၁၉၉၁ ခုနှစ် အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် နိုင်ငံတော်နှင့် အနီးကပ် ပူးပေါင်းခြင်းကြောင့် အကျိုးခံစားမှုအများအပြားရရှိခဲ့သည်။ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မဲဆန္ဒနယ်အားလုံးတွင် တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အနိုင်ရခဲ့သောကြောင့် တရားဝင်အနေဖြင့် အစိုးရနှင့် လက်တွဲလုပ်ကိုင်ရန် လမ်းကြောင်းသစ် ဖော်ထုတ်နိုင်ခဲ့သည်။ သို့သော်လည်း လက်ရှိရထားသည့် ဩဇာသက်ရောက်မှုသည် ဌာနေပြည်သူ့စစ်အဖြစ် ပြောင်းလဲထားသည့် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ပအိုဝ်အမျိုးသားတပ်မတော် (PNA) ပေါ်တွင် များစွာမှီတည်နေသည်။ PNA သည် အားကောင်းသည့် စင်ပြိုင်အုပ်ချုပ်ရေးစနစ်ကို ဖွဲ့စည်းထားသည်။

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၏ အုပ်ချုပ်ရေးစနစ်မှာမူ အစိုးရစနစ်နှင့် သီးခြားရပ်တည်သည်။ RCSS ကို ရှမ်းပြည်နယ်တလျောက် နယ်စွန်နယ်ဖျားဒေသများတွင် လက်နက်ကိုင်တိုက်ပွဲဝင်ခြင်းဖြင့် အုပ်ချုပ်ရေးနယ်မြေများ ထူထောင်ခဲ့သည်။ ၂၀၁၁ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက်ပိုင်းတွင်သာ တပ်မတော်က အနည်းအကျဉ်းညှိနှိုင်း အသိအမှတ်ပြုခဲ့သည်။ RCSS သည် ၎င်းနယ်မြေများကို ၅ ပိုင်းခွဲပြီး “အုပ်ချုပ်ရေးတပ်ရင်း” ၂၀ ဖြင့်ဖြန့်ကျက်အုပ်ချုပ်သည်။ အုပ်ချုပ်ရေးတပ်ရင်းများကို အုပ်ချုပ်ရေးအတွက် အထူးလေ့ကျင့်ထားသည့် တပ်သားများဖြင့်ဖွဲ့စည်းထားပြီး ပုံမှန်“စစ်ဆင်ရေးတပ်ရင်းများ”နှင့် တွဲပြီး လုပ်ငန်းအကောင်အထည်ဖော်သည်။ ၎င်းတပ်ရင်းများကို ဗဟိုမှ လုပ်ပိုင်ခွင့် အတော်များများချထားပေးသည်။ အခွန်၊ ပညာရေး၊ ရင်းမြစ်စီမံရေးကဲ့သို့သော ကဏ္ဍများကို စီမံသည့် ဌာန ၁၂ ခုသည် ဗဟိုတွင်အခြေပြုပြီး ဒေသအဆင့်ရှိ အုပ်ချုပ်ရေးတပ်ရင်းများနှင့် ပူးပေါင်းလုပ်ငန်းဆောင်ရွက်ရသည်။ RCSS သည် “စစ်မက်ကာလအခြေခံဥပဒေ” မှ အရပ်သားများပါဝင်မှုကို တိုးမြှင့်ခွင့်ပြုထားသည့် “အပစ်အခတ်ရပ်စဲရေးကာလအခြေခံဥပဒေ”သို့ အသွင်ကူးပြောင်းနေဆဲ ဖြစ်သည်။

ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) သည် ထိုင်းနယ်စပ်တလျောက်တွင် နေရာကွက်ကြား အခြေစိုက် ထားနိုင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အစိုးရက ရှမ်းလက်နက်ကိုင်တပ်များကို တိုက်ခိုက်ရန်နှင့် ထိုနယ်စပ်ဒေသများသို့ ‘ဝ’ ပြည်သူများ ပြောင်းရွှေ့နေထိုင်ခြင်းကို ကြီးကြပ်ရန် ခွင့်ပေးခဲ့ပြီးနောက် ထိုသို့အခြေစိုက်မှု ဆက်လက်ထိန်းထားနိုင်ခြင်းဖြစ်သည်။ အဖွဲ့အသစ်ဖြစ်သော ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) အနေဖြင့် တောင်ပေါ်ကျေးရွာ ၄၀ - ၅၀ ပါဝင်သည့် အပစ်အခတ်ရပ်စဲရေးနယ်မြေငယ်တစ်ခု ရရှိထားသည်။ ထို့အပြင် UWSP ၏ မဟာမိတ် မိုင်းလား အဖွဲ့ဟု လူသိများသည့် အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် (NDAA)  သည် ရှမ်းပြည်အရှေ့ပိုင်းရှိ လာအိုနှင့် တရုတ်နယ်စပ်အနီးမှ အရေးပါသည့် နယ်မြေအစိတ်အပိုင်းတွင် လုပ်ပိုင်ခွင့်အပြည့်အဝနီးပါးဖြင့် အုပ်ချုပ်လျက်ရှိသည်။ အုပ်ချုပ်ရေးကဏ္ဍတွင်

[12] ရပ်ရွာများက ၎င်းတို့ကျေးရွာခေါင်းဆောင်ကိုရွေးချယ်သည်။ ထိုသို့ရွေးချယ်ခံမည့်သူသည် NMSP ပါတီဝင်ဖြစ်ရမည်။ ပါတီဝင်များသည် ရပ်ရွာများအတွင်း ထောင်နှင့်ချီပြီးရှိနေသည်။ ရွေးချယ်ခံရသူများသည် မွန်ပြည်သစ်ပါတီ၏ မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့် ခေါင်းဆောင်များရွေးချယ်ရာတွင် ပါဝင်နိုင်သည်။  နယ်မြေ အဆင့်ဆင့်တွင် ရွေးချယ်ခံရသည့် အစုအဖွဲ့သည် ၎င်းတို့ဒေသအတွင်းမှ စစ်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများကို ကွပ်ကဲရသည်။

မတူညီသည့် အဆင့်အသီးသီးမှ တာဝန်ယူထားသည့် နယ်ခြားစောင့်တပ်ရင်း သုံးခု အပါအဝင် နိုင်ငံတော်ပံ့ပိုးမှုဖြင့်ရပ်တည်နေသည့် ပြည်သူ့စစ်များကြောင့် နိုင်ငံရေးပထဝီ အခင်းအကျင်း ပို၍ရှုပ်ထွေးလျက်ရှိသည်။

### ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)

၂၀၀၉ ခုနှစ်နောက်ပိုင်းမှစပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် ပြောင်းလဲမှုများ အကြီးအကျယ် ဖြစ်ပေါ်ခဲ့သည်။ ၁၉၉၀ အစောပိုင်းနှစ်များမှစတင်ကာ နယ်မြေတည်ငြိမ်မှုရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူထားသော နေရာတစ်ခုပြီးတစ်ခုတွင် ပဋိပက္ခများ - ၎င်းနှင့် ဆက်စပ်နေသော ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ အစီအမံများ - ဖြစ်ပေါ်လျက်ရှိသည်။ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) နှင့် တပ်မတော်ကြား ၂၀၁၁ ခုနှစ်မှ ဖြစ်ပွားခဲ့သည့်  တိုက်ပွဲများသည် ၂၀၁၅ ထိ ရှိနေဆဲဖြစ်သည်။ တိုက်ပွဲဖြစ်နေသော်လည်း ကျေးရွာအဆင့်ထိ အုပ်ချုပ်ရေးစနစ်ကို ဖြန့်ကျက်ထားနိုင်ဆဲ ဖြစ်သည်။ နှစ်ဖွဲ့လုံး၏စနစ်သည် ဗဟိုဦးစီးကောင်စီဖွဲ့စည်းထားပြီး အဆင့်တိုင်းတွင် အုပ်ချုပ်ရေးကော်မတီများက အခြားဌာနများနှင့် တွဲလျက် လုပ်ငန်းအကောင်အထည်ဖော်သည့် ပုံစံဖြစ်သည်။ အနောက်မြောက်ပိုင်း ကိုးကန့်ဒေသတွင်မူ ၁၉၈၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အပစ်အခတ်ရပ်စဲပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နယ်မြေထိန်းချုပ်ခဲ့သည့် မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) က ထိန်းချုပ်မှုပြန်လည်ရယူရန် အားထုတ်လျက်ရှိသည်။

KIO သည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်အဖွဲ့များအနက်မှ ဒုတိယအင်အားအကြီးဆုံးအဖွဲ့ဖြစ်ပြီး ၎င်း၏ (*de facto* - တရားဝင်ဟုတ်သည်၊ မဟုတ်သည်ဖြစ်စေ လက်ရှိဖြစ်သော) ဌာနချုပ်အခြေစိုက်ရာ လိုင်ဇာမြို့သည် မြန်မာနိုင်ငံမြောက်ပိုင်းမှ အတိုးတက်ဆုံးမြို့များတွင် ပါဝင်သည်။ ကြီးကျယ်သော စစ်ပွဲရှုံးနိမ့်မှုများ လတ်တလောတွင် ရှိခဲ့သော်လည်း အဖွဲ့အနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ (IDPs) ၇၀၀၀၀ ကျော်ကို ၎င်းတို့နယ်မြေအတွင်းနေထိုင်နိုင်ရန် စီစဉ်ပေးထားပြီး ရှမ်းမြောက်နှင့် ကချင်ပြည်နယ် နယ်စွန်နယ်ဖျားဒေသများတွင် အုပ်ချုပ်ရေးဖြန့်ကျက်ထားသည်။ ၎င်းထိန်းချုပ်ထားသည့် နယ်မြေအပြင်ဘက်တွင်လည်း အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများကို အဖွဲ့အစည်းမှသော်လည်းကောင်း၊ အဖွဲ့အစည်းပိုင်ပုဂ္ဂလိက ကုမ္ပဏီများမှ သော်လည်းကောင်း ဆောင်ရွက်သည်။ ပြည်နယ်နှစ်ခုလုံးတွင် နိုင်ငံတော်ထောက်ပံ့မှုနှင့် ရပ်တည်နေသည့် ကချင်လက်နက်ကိုင်အများအပြားရှိသည်။ ၎င်းအဖွဲ့အချို့က နယ်မြေအပိုင်းအခြား အတော်အတန်ကို ထိန်းချုပ်ထားကြသော်လည်း အစိုးရ၏ အုပ်ချုပ်ရေးကိုလည်း ဝင်ရောက်လုပ်ကိုင် ခွင့်ပေးထားကြသည်။

PSLF နှင့် MNDAA တို့သည် ၎င်းတို့လူမျိုးများအတွက် သတ်မှတ်ထားပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများတွင် စစ်ရေးတိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ (PSLP) ကို အတင်းအကျပ် ဖျက်သိမ်းစေခြင်း၊ ၂၀၀၉ ခုနှစ်တွင် MNDAA ကို စစ်ရေးအရ ချေမှုန်းနိုင်ခဲ့ခြင်းကြောင့် ၂၀၁၀ ခုနှစ်တွင် ယင်းနယ်မြေများသည် လက်နက်ကိုင်အတိုက်အခံများ ကင်းစင်သည့် နယ်မြေများဖြစ်ခဲ့သည်။ ထိုဖြစ်ရပ်များကြောင့် ၎င်းအဖွဲ့များ အပိုင်းပိုင်းကွဲထွက်သွားခဲ့သည်။ အချို့ခွဲထွက်အုပ်စုများက တပ်မတော်လက်အောက်ခံဖြစ်သွားကြပြီး အချို့ကမူ ယခင်အခြေအနေကို ပြန်လည်ရယူရန် စုဖွဲ့တိုက်ပွဲဝင်ကြသည်။ ဖြစ်စဉ် နှစ်ခုလုံးတွင် ယခင်က လက်နက်ကိုင်ဆန့်ကျင်မှုများတွင် တပ်မှူးအဖြစ်တာဝန်ယူခဲ့သူများ၊ ရဲဘော်ရဲဘက်များသည် ယခုအခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၏ ဦးဆောင်အဖွဲ့များ နှင့် ပြည်သူ့စစ်များတွင် တရားဝင်ရာထူးများရရှိလာခဲ့ကြသည်။[13] PSLF သည် ၎င်း၏ လက်နက်ကိုင် တပ်ဖွဲ့ကို ၂၀၀၉ ခုနှစ်တွင်ဖွဲ့စည်းခဲ့ပြီး ရှမ်း(မြောက်)တွင် ၂၀၁၁ ခုနှစ်မှ စတင်ကာသာ လှုပ်ရှားလာခြင်းဖြစ်သည်။ ထိုကာလမှ စတင်ကာ တအာင်းရပ်ရွာများတွင် အုပ်ချုပ်ရေးစနစ်ကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်။ ယင်းဖြစ်ရပ်က အစိုးရ၏ နယ်မြေစီမံမှုအားနည်းချက်ကို အထင်းသား ပြသနေသည်။

UWSP ၏ အဓိက အပစ်အခတ်ရပ်စဲရေးနယ်မြေသည် ရှမ်းပြည်မြောက်ပိုင်းရှိ သံလွင်အရှေ့ခြမ်းခွင်ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝ ရှိသည့်နယ်မြေဖြစ်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီက ၁၉၇၀ နှစ်များတွင် ကျင့်သုံးခဲ့သည့် အုပ်ချုပ်ရေးစနစ်ပေါ်တွင် အခြေခံထားသည့် စနစ်ဖြင့်အုပ်ချုပ်သည်။ UWSP သည် နိုင်ငံတွင်းတွင် အင်အားအကြီးဆုံး လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး ‘ဝ’ တို့အစဉ်လိုလားခဲ့သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရရှိယူနိုင်ခဲ့သည်။ ထို့အပြင် ၎င်းတို့က ‘ဝ’နယ်မြေတွင် ရွေးကောက်ပွဲ မပြုလုပ်ရန် ပိတ်ပင်ခဲ့သည့်အပြင် ထိုဒေသတွင် အစိုးရက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ထူထောင်ရန်စီစဉ်ခြင်းကို အနည်းငယ်မျှပင် စိတ်ဝင်စားမှု မပြသခဲ့ပေ။ အဖွဲ့အစည်းအနေဖြင့် တရားဝင် နိုင်ငံရေးလုပ်ငန်းစဉ်အတွင်းသို့ ဝင်ရောက်ပါဝင်လှုပ်ရှားပါက ဒေသတွင်း ခေါင်းဆောင်များ၏ အာဏာလွှမ်းမိုးမှုသည် မလွဲမသေလျော့ကျသွားမည်ဖြစ်သည်။ တရုတ်နှင့် ကုန်သွယ်ရေးကောင်းမွန်သောကြောင့် နယ်မြေအတွင်းမြို့များတွင် ၂၄ နာရီ လျှပ်စစ်မီး၊ လူမှုဝန်ဆောင်မှုကောင်းများ၊ ခေတ်မီတိုက်တာအဆောက်အဦများ များရှိပြီး အထူးဖွံ့ဖြိုးသည်။

[13] ကိုးကန့်ခွဲထွက်အဖွဲ့သည် နယ်ခြားစောင့်တပ် အမှတ် ၁၀၀၆ အဖြစ်ပြောင်းလဲသွားပြီး PSLP က မန်တုံပြည်သူ့စစ်အဖြစ် အသွင်ပြောင်းသွားသည်။

နောက်ထပ်အရေးပါသော အဖွဲ့တစ်ခုဖြစ်သော သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP) သည် ၂၀၁၀ ခုနှစ်တွင် အဖွဲ့ကွဲသွားပြီး ခွဲထွက်အဖွဲ့က နိုင်ငံတော်မှပံ့ပိုးသည့် ပြည်သူ့စစ်အဖွဲ့ဖြစ်သွားသည်။ ကျန်ရစ်ခဲ့သည့်အဖွဲ့မှာ ၂၀၁၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ထိုးနိုင်ခဲ့သည့်တိုင် နယ်မြေများကို ဆက်လက်ထိန်းထားရန် တိုက်ပွဲဝင်နေရသည်။ ၎င်းတို့နိုင်ငံရေးအဖွဲ့၏ နိုင်ငံရေးမဟာဗျူဟာများကိုမူ နာမည်ကြီး နိုင်ငံရေးပါတီဖြစ်သော ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်သို့ တရားဝင်အခွင့်ပေးချမှတ်စေသည်။ ၎င်း၏ လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ရှမ်းပြည်တပ်မတော်က သတ်မှတ်ထားသည့် ဌာနအနည်းငယ်နှင့် တွဲပြီးနယ်မြေကို စီမံအုပ်ချုပ်သည်။

## မြန်မာနိုင်ငံအနောက်ပိုင်း

အိန္ဒိယနယ်စပ်တလျောက် စစ်ကိုင်းတိုင်းအတွင်းရှိ တောင်တန်းဒေသများတွင် နာဂလက်နက်ကိုင်အဖွဲ့အမျိုးမျိုး အခြေချလျက်ရှိသည်။ ရပ်ရွာများကို မျိုးနွယ်စု ကော်မတီအဆင့်ဆင့်ဖြင့် ချိတ်ဆက်အုပ်ချုပ်သည့် ရိုးရာစနစ်အတိုင်းပင် ဆက်လက်အုပ်ချုပ်သည်။ တစ်ချိန်တည်းတွင်ပင် ချင်းပြည်နယ်တွင် ချင်းအမျိုးသားတပ်ဦး (CNF) ကအုပ်ချုပ်သည့် နယ်မြေအချို့ရှိပြီး ရခိုင်ပြည်နယ်တွင်းတွင်လည်း ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) က အုပ်ချုပ်သည့် နယ်မြေအချို့ရှိသည်။ ယင်းနယ်မြေများအုပ်ချုပ်ခွင့်ကို ၂၀၁၁ ခုနှစ် ၂၀၁၂ ခုနှစ်များတွင် လက်မှတ်ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ခွင့်ပြုထားခြင်းဖြစ်သည်။ အခြားလက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်သော ရခိုင်တပ်မတော် (AA) သည်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးမီက ဝင်ရောက်နေရာယူလျက်ရှိပြီး ထိုလက်နက်ကိုင်တပ်များနှင့် အဆက်အသွယ်ပြုသည် ဟူသော စွဲဆိုချက်ဖြင့် ဒါဇင်နှင့်ချီသော အရပ်သားများမှာ အဖမ်းခံခဲ့ရသည်။

## နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်းဆီသို့

အချိန်တစ်ခုရောက်လျှင် လွှမ်းမိုးပယ်ဖျက်ပစ်နိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ အုပ်ချုပ်မှုအခန်းကဏ္ဍများကို အစိုးရအဆက်ဆက်က လက်သင့်ခံခဲ့ကြသည်။ ၎င်းတို့၏ ထိုအားထုတ်မှုများမှာ ထင်သလောက် အောင်မြင်မှုမရှိခဲ့ရုံသာမက တစ်ခါတစ်ရံတွင် ပဋိပက္ခများကို ပိုမိုပြင်းထန်စေခဲ့ပြီး နိုင်ငံရေးပထဝီအနေအထားကိုလည်း ပို၍ရှုပ်ထွေးသွားစေခဲ့သည်။ အာဏာအပြိုင်အဆိုင်တည်ဆောက်မှုများကို လျော့ကျစေရန်အတွက် ကျေနပ်လောက်သော အာဏာခွဲဝေမှုပြုလုပ်ခြင်း၊ အာဏာတည်ဆောက်မှုများကြောင့် မငြိမ်မသက်ဖြစ်နေသည့် တိုင်းရင်းသားဒေသများမှ ရှိရင်းစွဲအုပ်ချုပ်ရေးစနစ်ကို အသိအမှတ်ပြုခြင်းများ လိုအပ်သလို အာဏာဆင်းသက်ပုံနှင့် ကိုက်ညီသည့် အစိုးရဖွဲ့စည်းပုံများကို စုစည်းနိုင်သည့် နိုင်ငံရေးသဘောတူညီချက်မျိုး ရရှိရန်လည်း လိုအပ်လျက်ရှိကြောင်း ယင်းအတွေ့အကြုံများက လက်တွေ့ပြသနေပါသည်။ စစ်အင်အားရှိသည့် အဖွဲ့များကို တရားဝင်အာဏာ ပိုမိုအပ်နှင်းပေးလိုက်ရုံဖြင့် နိုင်ငံရေးသဘောတူညီချက် ရနိုင်မည်မဟုတ်ပါ။ ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့များအတွင်း ငြိမ်းချမ်းတည်ငြိမ်သည့် ပြည်ထောင်စု တည်ဆောက်ရန်၊ ညှိနှိုင်းပေးယူမှုပြုလုပ်ပြီးသည့်နောက် နိုင်ငံရေးနယ်ပယ်တွင် စစ်ရေးလှုပ်ရှားမှု/စစ်အင်အားသုံးမှုဖယ်ရှားရန် ဆန္ဒမှန်ရှိကြောင်း ဝန်ခံသည့် နိုင်ငံရေးကတိကဝတ်များ လိုအပ်နေပါသည်။

၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ သို့မဟုတ် ရွေးကောက်ပွဲလွန်ကာလအတွင်း ယုံကြည်ရသည့် နိုင်ငံရေးဆွေးနွေးပွဲများ အမှန်တကယ်ဖြစ်ပေါ်လာပါက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အများစု - နှင့် မှတ်ပုံတင်ထားသည့် တိုင်းရင်းသား နိုင်ငံရေးပါတီများသည် - ဖက်ဒရယ်အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန် တောင်းဆိုပါလိမ့်မည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များပိုမိုရရှိအောင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ခဲ့စေကာမူ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စုအဆင့် အထွေထွေအုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အစီအစဉ်များ ညှိနှိုင်းသည့်အခါတွင်တော့ များစွာခက်ခဲနိုင်သည်။ ထိုလုပ်ထုံးလုပ်နည်းများမှာ အလွန်အရေးကြီးပါသည်။ သို့သော် ဗဟိုအာဏာပိုင်အဖွဲ့က အခြားဌာနများနှင့် ပူးပေါင်းလုပ်ငန်း အကောင်အထည်ဖော်သည့် အထွေထွေအုပ်ချုပ်ရေး ပုံစံဖြင့်အုပ်ချုပ်ခြင်းသည် ယင်းနယ်မြေများတွင် ရာစုနှစ်များစွာကပင် ကျင့်သုံးနေသည့် အုပ်ချုပ်ရေးစနစ်ဖြစ်သည့်အပြင် တိုင်းရင်းသား လက်နက်ကိုင်များ အကြားတွင်လည်း ပျံ့နှံ့သုံးစွဲနေသော စနစ်တစ်ခုလည်းဖြစ်သည်။

ပဋိပက္ခများကိုဖြေရှင်းနိုင်သည့် နိုင်ငံရေးသဘောတူညီချက်တစ်ခုရရန်မှာ ဆယ်စုနှစ်များစွာ ကြာနိုင်သည့်အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်း အစဉ်အတိုင်းတိုးတက်နေရန်မှာ ဖြစ်နိုင်ချေနည်းပါသည်။ ၎င်း၏အကျိုးဆက်မှာ တိုင်းရင်းသားနယ်မြေများမှ ဒေသအဆင့် အုပ်ချုပ်ရေးလက်တွေ့အကောင်အထည်ဖော်မှုတွင် နားလည်မှုအခြေခံသည့် ညှိနှိုင်းစီမံမှုများ နှစ်ပေါင်းများစွာ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။ ထို့ကြောင့် ကြားကာလအတွင်း တည်ငြိမ်သည့်နယ်မြေများ ဖော်ထုတ်နိုင်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ အုပ်ချုပ်ရေးအခန်းကဏ္ဍကို အတိအလင်းသတ်မှတ်ထားသည့် အပစ်အခတ်ရပ်စဲရေး အစီအစဉ်များချမှတ်ရန် လိုအပ်သည်။ မတည်ငြိမ်မှုများ ဆက်လက်ရှိနေဦးမည်ဖြစ်သောကြောင့် ပဋိပက္ခဒေသများတွင် ထောက်ပံ့ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ အနေဖြင့်

နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပံ့ပိုးပေးရာတွင်ဖြစ်စေ၊ လူမှုရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာအောင် ပံ့ပိုးပေးရာတွင်ဖြစ်စေ လုပ်ငန်းများဆောင်ရွက်ရာတွင် ပဋိပက္ခနှင့် ပတ်သက်သည့် အကဲဆတ်မှုများကို အထူးသတိထားကာ အခြေအနေလိုက်ဆောင်ရွက် ရန်လိုအပ်ပါသည်။

မြေပုံ ၁ - ပြည်နယ်များ၊ တိုင်းဒေသကြီးများ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ပြမြေပုံ



## အပိုင်း ၁ - နိဒါန်း

မြန်မာနိုင်ငံ အနှံ့အပြားရှိ တောတောင်ထူထပ် ချောင်ကျသော တိုင်းရင်းသားနယ်မြေများသည် အုပ်ချုပ်သူအမျိုးမျိုးက နယ်မြေစိုးမိုးနိုင်မှုနှင့်ပတ်သက်ပြီး သူပိုင်သည် ငါပိုင်သည် အငြင်းပွား တိုက်ခိုက်နေကြသည့် နယ်မြေများဖြစ်သည်။ တိုက်ခိုက်နေကြသူများမှာ မြန်မာအစိုးရ နှင့် လက်နက်ကိုင်အင်အားစု၊ နိုင်ငံတော်ကျောထောက်နောက်ခံ ပေးထားသည့် ပြည်သူ့စစ်များ၊ အပစ်အခတ် ရပ်စဲထားသည့် တိုက်ပွဲဝင်နေဆဲဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ ဖြစ်ကြသည်။

ပုံမှန်အားဖြင့် အစိုးရသည် မြေပြန့်ပိုင်းနှင့် အဓိက လမ်းမကြီးများကို ထိန်းချုပ်ထားနိုင်ပြီး လမ်းပန်းခက်ခဲသည့် နယ်မြေများတွင်မူ ဒေသခံ လက်နက်ကိုင်များကပို၍ ဆက်စပ်ဝင်ထွက်အသုံးပြုကြသည်။ ဒေသခံရပ်ရွာများနှင့် ရင်းနီးထိတွေ့မှုတွင် ဒေသခံ လက်နက်ကိုင်အဖွဲ့များက နိုင်ငံတော်ထက် ပို၍ အားကောင်းပြီး တချို့ဒေသများတွင် တစ်ဦးတည်းသော အာဏာပိုင်အဖြစ်နှင့် ၆၇ နှစ်လုံးလုံး အုပ်ချုပ်ခဲ့သည်များပင် တွေ့ရှိရသည်။ ယင်းသို့အုပ်ချုပ်နိုင်ရန် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မည်သည့် ဥပဒေတွင်မျှပြဋ္ဌာန်းထားခြင်းမျိုးမရှိပါ။ ရှားရှားပါးပါး တရားဝင်မှတ်တမ်းများ ရှိနိုင် သော်လည်း အများပြည်သူသိရန် ဖွင့်ပြခြင်းမရှိပါ။

ဤအစီရင်ခံစာတွင် တိုင်းရင်းသားဒေသများ၌ လက်ရှိသက်ဝင်ကျင့်သုံးနေသည့် ဒေသအဆင့် အုပ်ချုပ်မှု ပုံစံအမျိုးမျိုး၊ အုပ်ချုပ်မှုကိစ္စများနှင့် ဆက်နွယ်ပေါ်ပေါက်လာသည့် ကာလရှည် ပဋိပက္ခအကြောင်းများကို တင်ပြထားပါသည်။ ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများမှ ဥပဒေအရ တရားဝင်သော (*de jure*)၊ ဥပဒေအရပြဋ္ဌာန်းထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ရှိဖြစ်ပေါ်လုပ်ကိုင်နေသော (*de facto*) အုပ်ချုပ်မှုစနစ်များအကြောင်းကို ဖော်ထုတ်နှိုင်းယှဉ် ပြထားသည့် အစီရင်ခံစာဖြစ်ပြီး ဒေသန္တရအုပ်ချုပ်ရေးအတွက် အခြေခံဥပဒေတွင်ပါဝင်သင့်သည့် အချက်များနှင့်ပတ်သက်၍ ဖြစ်ပေါ် နေသော ပဋိပက္ခများနှင့် ဆက်စပ်ပုံ ကို ဖော်ထုတ်တင်ပြထားပါသည်။ အစီရင်ခံစာသည် လက်ရှိ ဖြစ်ပေါ်နေသည့် အခင်းအကျင်း များ၏ အတိမ်အနက်ကို မြင်အောင် ပုံဖော်သည့် အစီရင်ခံစာ သာဖြစ်ပြီး မူဝါဒပိုင်းဆိုင်ရာ တိုက်တွန်းအကြံပြုမှုများ မပါဝင်ပါ။ ထို့အပြင်ယင်းဒေသများတွင် ဖြစ်ပေါ် နေသော နိုင်ငံရေးပထဝီ အရှုပ်အရှင်းကို သဘောပေါက်ရန်အတွက် သိရှိသင့်သည့် အခြေခံ အချက်အလက်များကို တင်ပြပေးထားပြီး ၄င်းပြဿနာသည် မည်သည့် အတိုင်းအတာထိ ရှုပ်ထွေး လျက်ရှိနေသည်ကို ပြင်ပမှနေ၍ ဝင်ရောက်ကြားဝင်ပေးမည့်သူများ မျက်ဝါးထင်ထင် မြင်နိုင်အောင်၊ ပဋိပက္ခများ ပြေငြိမ်းရန်အတွက် နိုင်ငံရေးအရ အဖြေရှာရာတွင် ပေါ်ပေါက်လာနိုင် သည့်အခက် အခဲများကို ကွင်းကွင်းကွက်ကွက်သိလာစေရန် ပုံဖော်ပေးထားပါသည်။

အထက်ပါ အကြောင်းအရာများနှင့် ပတ်သက်ပြီး လတ်တလောထွက်ရှိထားသည့် ဆန်းစစ်ချက် အများစုမှာ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူထားသည့် သို့မဟုတ် တိုက်ပွဲဝင်နေဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အကြောင်းကို ဖောင်းပေးပြီး သုံးသပ်ထားသည်က များပါသည်။ ဤအစီရင်ခံစာတွင်မူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပြင် နိုင်ငံတော်မှ ကျောထောက်နောက်ခံပေးထားသည့် အရေအတွက် မနည်းလှသော ပြည်သူ့စစ်များ၏ အနေအထားကိုပါ ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်ထားပါသည်။ အစီရင်ခံစာတလျှောက်တွင် ပြည်သူ့စစ်အဖွဲ့များ နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံးကို ပေါင်းကာ "တိုင်းရင်းသားလက်နက်ကိုင်များ"ဟု ခြုံငုံသတ်မှတ် ရည်ညွှန်း သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပူးပေါင်းနေသည့်အဖွဲ့ ဖြစ်စေ၊ ဆန့်ကျင်နေသည့်အဖွဲ့ဖြစ်စေ တိုင်းရင်းသားလက်နက်ကိုင်များကြားရှိ ကွဲပြားချက်ကို အဖြူ အမဲ ခွဲသကဲ့သို့ အရှင်းသတ်မှတ်မရပါ။ နောက်ကွယ် အပြန်အလှန်ဆက်ဆံရေးများကို လည်းထည့်သွင်း စဉ်းစားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်များ၏ နယ်မြေ ထိန်းချုပ်မှု၊ သို့မဟုတ် အာဏာစက် ဖြန့်ကျက်မှု ရယူပုံနည်းလမ်း သုံး ရပ်ရှိပါသည်။

၁) တိုက်ပွဲဝင်ရယူခြင်း - နယ်မြေထိန်းထားရန်၊ ရယူရန်အတွက် စစ်အင်အား အသုံးပြုခြင်း။

၂) ညှိနှိုင်းရယူခြင်း - အပစ်အခတ်ရပ်စဲထားသဖြင့် မြန်မာလုံခြုံရေးအင်အားစုများက နယ်မြေအုပ်ချုပ်ခွင့်ကို နားလည်မှုနှင့်ခွင့်ပြုခြင်း။

၃) ပူးပေါင်းရယူခြင်း - နိုင်ငံတော်နှင့် ပွင့်လင်းရင်းနီးစွာပူးပေါင်းပြီး နယ်မြေအုပ်ချုပ်ခြင်း။

နယ်မြေ ဟုဆိုရာတွင်လည်း ရှင်းရှင်းလင်းလင်းသတ်မှတ်ထားသည့် နယ်နိမိတ်စည်းမရှိပါ။ ရှားရှားပါးပါးရှိခဲ့လျှင်ပင် မှတ်တမ်းမှတ်ရာ ကျန်ရန်ခက်ခဲပါသည်။

တိုင်းရင်းသားလက်နက်ကိုင် အတော်များများတွင် အသေးစိတ်ချမှတ်ထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေများရှိကြပြီး ၄င်းတို့နယ်မြေကို အုပ်ချုပ်သည့်အခါ တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံများ အုပ်ချုပ်သကဲ့သို့ အုပ်ချုပ်ကြသည်။ အစိုးရဘက်မှ သတ်မှတ်ချက်နှင့် လုံးဝကွဲပြားသော သို့မဟုတ် အနည်းငယ်သာ တူညီသော နယ်မြေခွဲခြားမှု၊ မြေပုံသတ်မှတ်မှုများနှင့် အုပ်ချုပ်ခြင်းဖြစ်သည်။ အများစုက အုပ်ချုပ်ရေးနယ်မြေတစ်ခု (ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု အစရှိသဖြင့်) အတွက် အုပ်ချုပ်ရေး

တာဝန်ခံများနှင့် ကော်မတီများပါဝင်သော အထက်အောက် အဆင့်ဆင့် ညွှန်ကြားသော အုပ်ချုပ်မှုပုံစံကို အသုံးပြုသည်။ နယ်မြေအဆင့်ဆင့် တာဝန်ခံအပြင် ဗဟို အဆင့် တာဝန်ရှိသူများကိုလည်း ခန့်ထားလေ့ရှိကြသည်။ အုပ်ချုပ်မှုစနစ် တစ်ခု၏အဓိကကျသော လုပ်ငန်းများအတွက် အစိုးရဝန်ကြီးဌာနပုံစံနှင့် ခပ်ဆင်ဆင်ဖြစ်သော သက်ဆိုင်ရာဌာနများ ရှိတတ်သည်။ ထိုကဲ့သို့သော သီးသန့်ဌာနများသည် ဗဟိုအဆင့်တွင်သာ ရှိနေနိုင် သကဲ့သို့ အဆင့်တိုင်းအထိ ဖြန့်ကျက်ထားခြင်းမျိုးလည်း ရှိနိုင်သည်။ သီးသန့်ဌာန များသည် နယ်မြေအဆင့်ဆင့်မှ အထွေထွေအုပ်ချုပ်ရေး ကော်မတီများနှင့် ပူးပေါင်းလုပ်ငန်း အကောင် အထည်ဖော်ကြသည်။

'အထွေထွေအုပ်ချုပ်ရေး'၏ အခြေခံပုံစံသည် လက်ရှိမြန်မာအစိုးရ အသုံးပြုနေသည့် ဒေသန္တရပုံစံနှင့် ဆင်တူသည်။ အုပ်ချုပ်မှုနယ်မြေများ ကိစ္စအဝဝကို စောင့်ကြည့်ရန်၊ ထိန်းကျောင်း ညှိနှိုင်းခြင်းများပြုလုပ်ရန်အတွက် အုပ်ချုပ်ရေးမှူးများ (ရုံဖန်ရုံခါ ဥက္ကဌ ဟုခေါ်ဆို အသုံးပြုသည်) ကိုခန့်ထားပြီး ထိုအုပ်ချုပ်ရေးမှူးများက အထက်မှ အုပ်ချုပ်ရေးမှူးများကို ပြန်လည် အစီရင်ခံသည့်ပုံစံဖြစ်သည်။ အစိုးရ၏စနစ်တွင် တပ်မတော်မှ ချုပ်ကိုင်ထားသော ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်ခံဌာနတစ်ခုဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) မှ ရွေးချယ်ပြီး၊ ရွေးချယ်ခံရသူက တာဝန်ကျရာဒေသများတွင် လှည့်လည်တာဝန် ထမ်းဆောင်ရပါသည်။[14] တိုင်းရင်းသား လက်နက်ကိုင်များ ကျင့်သုံးသည့်စနစ်တွင်မူ အုပ်ချုပ်ရေးမှူးများမှာ ဒေသခံထဲမှဖြစ်ပြီး အများအားဖြင့် ဒေသမှရွေးကောက်ထား သူများဖြစ်သည်။

တစ်ချိန်တည်းတွင်ပင် ရှုပ်ထွေးလှသော နိုင်ငံရေး ပထဝီအနေအထားကို ဖြစ်ပေါ်စေခဲ့သည့် ပဋိပက္ခများသည် ဒေသအဆင့် အုပ်ချုပ်မှုကို မည်သူက မည်သို့ ဆောင်ရွက်မည်နှင့် ပတ်သက်ပြီး အားပြိုင်မှုများကြောင့် ပိုမိုပြင်းထန် လာရသည်။ မြန်မာနိုင်ငံကို တည်ထောင်ခဲ့သူများက သမိုင်းတလျှောက် အပြည့်အဝ ပေါင်းစည်းနိုင်ခြင်းမရှိခဲ့သည့် အမျိုးသားပြည်ထောင်များ စုထားသော ပြည်ထောင်စု(Union) ဖြစ်ပေါ်လာရန် မျှော်မှန်းထားခဲ့ပါသည်။ ထို့ကြောင့် မည်သည့် လူမျိုးက ပြည်နယ်ရသင့်သည်၊ နယ်မြေမည်သို့သတ်မှတ်မည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် မည်သည့်အဆင့်ထိပေးမည်၊ ပြည်နယ်များသည် မည်သူ့ကို အစီရင်ခံရမည် အစရှိသော ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မပြေလည်မှုများမှာ လွတ်လပ်ရေးမရခင်ကတည်းက အမြစ်တွယ်နေပြီဖြစ်သည်။

လွတ်လပ်ရေးမရမီကပင် အဓိကလူမျိုးစု ရှစ်စုဖြစ်သော ဗမာ၊ ရှမ်း၊ မွန်၊ ကရင်၊ ကယား (ကရင်နီ)[15]၊ ကချင်၊ ရခိုင် (အာရကန်) နှင့် ချင်း လူမျိုးများကို အသိအမှတ်ပြုရေး အခြေခံပြီး အငြင်းအခုန်များဖြစ် ပွားခဲ့ကြသည်။ ထိုလူမျိုးစု ရှစ်ခုအနက်မှ ခုနစ်ခုက လူမျိုးအမည်နှင့် ပြည်နယ်များ ရခဲ့ကြသည်။ ပြည်နယ်ရသည့် လူမျိုးများထက် လူဦးရေအရေအတွက် ပိုများသည့် တိုင်းရင်းသားလူမျိုးများ ရှိနေခဲ့သော်လည်း ကွဲပြားသည့်သမိုင်းနောက်ခံအမျိုးမျိုးကြောင့် ဖော်ပြပါ လူမျိုးစုများကဲ့သို့ ထင်ရှားအရေးပါခြင်း မရှိခဲ့ပေ။ အဓိကလူမျိုးစုခုနစ်ခုစာရင်းဝင် လူဦးရေအများအပြားသည်လည်း သတ်မှတ်ထားသည့် ပြည်နယ်အပြင်ဘက်တွင် ပျံ့နှံ့နေထိုင်နေကြသည်။

ပြည်ထောင်စုဗဟိုအာဏာကို ဗမာခေါင်းဆောင်များကသာ ချုပ်ကိုင်ထားခြင်းဖြစ်ပြီး[16] တိုင်းရင်းသား လှုပ်ရှားမှုများ၏ တောင်းဆိုချက်သည် အာဏာကို အညီအမျှခွဲပေးရန်နှင့်၊ တိုင်းရင်းသား ပြည်နယ်များ၏ အုပ်ချုပ်မှုသည် ပြည်နယ်အစိုးရ၏ လက်ထဲတွင်သာရှိရန် ဖြစ်သည်။ ခွဲထွက်ရန် တောင်းဆိုမှုများ မရှိခဲ့သော်လည်း[17] ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် လက်နက်ကိုင်တိုက်ပွဲဝင်သော တိုင်းရင်းသား လူမျိုးစုများ၏ ကြိုးပမ်းမှုများကြောင့် ဗဟိုချုပ်ကိုင်မှုကို ပိုမိုအားကောင်းစေခဲ့ပြီး အဆုံးမရှိသော လုံခြုံရေးဆိုင်ရာ အကျပ်ဆိုက်မှုကြီးကို ဖြစ်ပေါ်စေခဲ့သည်။ ၁၉၆၀ အစောပိုင်းကာလတွင် စတင်ခဲ့သည့်ဖက်ဒရယ် လှုပ်ရှားမှုကြီးကြောင့်အမြင်စောင်းမှုပိုများလာပြီး တပ်မတော်က အာဏာသိမ်း သည့်အဆင့်ထိ ရောက်သွားစေခဲ့သည်။ အာဏာသိမ်းပြီးနောက်တနေ့တွင် "ဖက်ဒရယ်အရေးသည် အာဏာသိမ်းရခြင်းအတွက် အရေးကြီး (အကြောင်းရင်းဖြစ်) သည်" ဟု ကြေညာခဲ့သည်။ [18]

---

[14] ရပ်ကွက်အဆင့်၊ ကျေးရွာအုပ်စု အဆင့်အတွက် အုပ်ချုပ်ရေးမှူးများသည် သွယ်ဝိုက်နည်းအားဖြင့် ရွေးချယ်ခံထားရသူများဖြစ်ပြီး ထွေအုပ်ဝန်ထမ်း များ မဟုတ်ကြပါ။ စာရေးများမှာမူ ထွေအုပ်ဌာနမှခန့်ထားသည့် ဝန်ထမ်းဖြစ်သည်။

[15] လူမျိုးစုအုပ်စုသတ်မှတ်ပုံနှင့် ပတ်သက်ပြီး ဆွေးနွေးစရာအများအပြား ရှိသည်။။ အရေးတကြီးမှတ်ထားရန်မှာ အစိုးရက ကယား ဟူသော အသုံးကို လူမျိုးစုံအားလွှမ်းခြုံသည့်အမည်တရပ်ဟု သတ်မှတ်သည်။ သို့သော်လည်း အမျိုးသားရေးဝါဒီများကမူ ကရင်နီ ဟူသော အသုံးသည်သာ အားလုံးကို လွှမ်းခြုံသော အမည်တစ်ရပ်ဖြစ်ပြီး ကယားဆိုသည်မှာ လူမျိုးအုပ်စုကြီးတစ်ခုသာ ဖြစ်သည်ဟု မှတ်ယူသည်။

[16] ပြည်ထောင်စုအစိုးရ ဆိုသည်မှာ အမြင့်ဆုံးအစိုးရအဆင့်ဖြစ်ပြီး နေပြည်တော်တွင် ရုံးထိုင်သည်။ အမေရိကန်ပြည်ထောင်စုတွင် အသုံးပြုသော ဖက်ဒရယ်အစိုးရဟူသည့် အသုံးအနှုန်းနှင့် စပ်နွယ်သည့်အသုံးအနှုန်းမျိုးဖြစ်သည်။

[17] ၁၉၄၅ - ၁၉၆၂ အတွင်းဖြစ်ပေါ်ခဲ့သည့် တိုင်းရင်းသားလှုပ်ရှားမှုများ၏ အဓိက တောင်းဆိုမှုများသည် ၁၉၄၇ အခြေခံဥပဒေတွင် ပြဌာန်းထားသော နယ်မြေများ ခွဲထွက်ပိုင်ခွင့်ကို အကြောင်းပြုလှုပ်ရှားကြခြင်း ဖြစ်ပြီး အပြီးခွဲထွက်ရန် အပြင်းအထန်ကြိုးစားခြင်းတော့ မရှိခဲ့ကြပါ။ နာဂ အဖွဲ့များမှမူ ချွင်းချက်ဖြစ်သည်။ နာဂသည် မြန်မာနိုင်ငံ၏ အစိတ် အပိုင်းမဟုတ်သလို အိန္ဒိယ၏ အစိတ်အပိုင်းလဲမဟုတ်ဟု အမြဲတမ်းငြင်းဆို ခဲ့ကြသည်။ ၎င်းငြင်းဆိုခြင်းကို ခွဲထွက်ရေးလှုပ်ရှားမှုဟု အမည်တပ်မရပါ။

[18] Smith (1999) p.196

နိုင်ငံတော်အနေနှင့် အစိုးရရုံး ဖွဲ့စည်းမှုပုံစံကို တစ်ဦးတည်း ချုပ်ကိုင်ထားသည့်အပြင် လက်နက်ကိုင်များကိုလည်း လက်တွေ့ကျင့်သုံးနိုင်သော်လည်း တရားဥပဒေအရပြဋ္ဌာန်းမထားသည့် (*de facto*) အဆင့်မတူသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လုပ်ပိုင်ခွင့် အမျိုးမျိုးချပေးပြီး ထိန်းချုပ်ချယ်လှယ်နိုင်အောင်ပြုလုပ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များမှစ၍ လက်နက်ကိုင်ဆန့်ကျင်သူများကို တရားဝင်ပြည်သူ့စစ်များအသွင် ကူပြောင်းခြင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်ဆဲမှုများကြောင့် အဖွဲ့အတော်များများသည် ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းများမှ စတင်ကာ နယ်မြေအုပ်ချုပ်ခွင့် အမျိုးမျိုးအပြင် လက်နက်ဆက်လက်ကိုင်ဆောင်ထားခွင့် ရရှိခဲ့သည်။ ထိုအတောအတွင်းတွင် ပဋိပက္ခဖြစ်ပွားမှု အတက်အကျများရှိခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ အမာခံနယ်မြေများအတွင်းရှိ လူထုကိုဆက်လက် အုပ်ချုပ်မှုများပြုလုပ်ခဲ့သည်။

ထိုပေါ်ပေါက်လာသော နိုင်ငံရေးပထဝီ အနေအထားအားကြည့်ခြင်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် အပျက်အစီး အသေအပျောက် နည်းသည်ဟုဆိုနိုင်သော်လည်း ဒေသန္တရအုပ်ချုပ်ရေးစနစ်၏ လုပ်ငန်းများအပေါ်တွင်မူ ကြီးမားသော ထိခိုက်မှုများရှိခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခများက ဒေသန္တရ အုပ်ချုပ်မှု ကိုထိခိုက်မှု အများအပြား ရှိခဲ့သည်။ ပဋိပက္ခကြောင့် ရွှေ့ပြောင်းမှုများပြုလုပ်ရသဖြင့် ရပ်ရွာများစွာ ပျက်ဆီးရသည်။ စစ်အင်အား အလွန်အကျွံအသုံးချသည့် နိုင်ငံတော်နှင့် အမြတ်ထုတ်မှု အမျိုးမျိုး လုပ်သည့်လက်နက်ကိုင်များ၏ ဝန်ထုတ်ဝန်ပိုးကိုလည်း ရပ်ရွာကခါးစည်းခံရသည်။ လူမျိုးစု လက်နက်ကိုင်များ နှင့် ရပ်ရွာများအကြားတွင် အပြန်အလှန်အကျိုးပြုမှု ခိုင်ခိုင်မာမာရှိခဲ့သည့်တိုင် လက်နက်ကိုင်များအနေနှင့် လုံလောက်သော လုံခြုံရေး၊ အခြေခံ ပြည်သူ့အခွင့်အရေးများ၊ ကဏ္ဍစုံ စီးပွားရေးတိုးတက်မှု၊ ပြည့်စုံသည့်လူမှုရေးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်သည့် အစွမ်းမရှိပေ။ အထူးသဖြင့် တည်ငြိမ်အေးချမ်းမှု မရှိသည့် အနေအထားများတွင် ထိုဝန်ဆောင်မှုများပေးရန် ပိုမိုခက်ခဲသည်။

မြန်မာနိုင်ငံသည် အမှန်တကယ်ဖြစ်ပေါ်နေသည့် အာဏာသက်ရောက်မှု အချိတ်အဆက်၊ နိုင်ငံရေး စနစ်များနှင့် ကိုက်ညီမှုရှိသော အခြေခံဥပဒေဆိုင်ရာ မူဘောင်များ ချမှတ်ဖော်ဆောင်နိုင်မှု မရှိခဲ့သည့်ဒဏ်ကို အလူးအလဲ ခံခဲ့ရသည်။ ၂၀၀၈ အခြေခံဥပဒေတွင် ဒေသန္တရ အစိုးရများကို နိုင်ငံအနှံ့ပြန်လည် အသက်သွင်းခဲ့ပြီး လူနည်းစု လူမျိုးအချို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ (SAAs) ကို ဖော်ထုတ်ခဲ့သည်။ သို့သော်လည်း လက်တွေ့တွင်မူ ထိုဒေသများ၏ လုပ်ပိုင်ခွင့်အာဏာမှာ အနည်းအကျဉ်းသာ ရှိသည်။ ထွေအုပ်၏ ဗဟိုဦးစီးမှုသည် နက်နက်ရှိုင်းရှိုင်းရှိနေပြီး ဒေသခံများရွေးကောက်လိုက်သည့် ကိုယ်စားလှယ်များ၏ တရားဝင် လုပ်ပိုင်ခွင့်များမှာမူ အကန့်အသတ်ဖြင့်ဖြစ်သည်။[19]

ထိုအပြောင်းအလဲများသည် နိုင်ငံတွင်းရှိ များပြားလှသော လက်နက်ကိုင်အဖွဲ့များ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့် နှင့်ဆိုင်သည့် ၎င်းတို့၏လိုလားချက်များကို ကျေနပ်အောင် မဖြည့်ဆည်းနိုင်သလို၊ ၎င်းတို့ ယူထားသောနေရာများကိုလည်း အင်အားသုံး ဖယ်ရှားနိုင်လောက်အောင် ပြည့်စုံခြင်းမရှိပေ။ အစိုးရကို ဖက်ဒရယ်စနစ်အပြည့်အဝကျင့်သုံးပြီး နိုင်ငံတော်ကိုရှေ့ဆက်ရန် တိုက်တွန်းချက်များမှာ တနေ့တခြား ပိုအားကောင်းလာသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ် အပြည့်အဝ ရရှိရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်၊ လွှတ်တော်အတွင်းရှိ တိုင်းရင်းသား နိုင်ငံရေးပါတီများကပါ တောင်းဆိုနေကြခြင်း ဖြစ်သည်။ တစ်ချိန်တည်းတွင် အစိုးရမှ တရားဝင်အာဏာ အပ်နှင်းထားပေးခြင်း မရှိသော်လည်း တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့များက ၎င်းတို့နယ်မြေများကို အုပ်ချုပ်နေဆဲ ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားရာဒေသများအတွက် နိုင်ငံတော်ဟုဆိုလျှင် နေရာအနှံ့ဖြန့်ကျက်ထားသော ခြေလျင်တပ်များ အနေဖြင့်သာ ကြုံတွေ့ဖူးကြသည်။

ပဋိပက္ခများအပြီးတိုင် ချုပ်ငြိမ်းရန်အတွက် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ် လမ်းကြောင်းမှတစ်ဆင့် ဖြေရှင်းသွားရမည့် ကိစ္စအများအပြား ရှိသည့် အနက်မှ ဒေသဆိုင်ရာ အုပ်ချုပ်မှုနှင့် ပတ်သက်သည့် အငြင်းပွားမှုများမှာ အရေးတကြီးဖြေရှင်းရမည့်ကိစ္စဖြစ်သည်။ စစ်မှန်သောကိုယ်စားပြုမှု၊ အားလုံးပါဝင်နိုင်သော နိုင်ငံရေးစနစ်ဖြစ်လာစေရန် ကြိုးပမ်းချက်များ၊ ဒေသအဆင့်တွင် ကောင်းမွန်သည့် အုပ်ချုပ်မှု ပေါ်ပေါက်လာအောင် စွမ်းဆောင်နေမှု၊ စီးပွားရေးစနစ်ခိုင်ခိုင်မာမာဖြစ်ပေါ်ပြီး အားလုံးပါဝင် အကျိုးခံစားနိုင်အောင် ပြုပြင်ပြောင်းလဲမှု စသည်များ ပြုလုပ်ရာတွင် ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာသည် အဓိကထား ဖြေရှင်းရမည့်ကိစ္စဖြစ်သည်။ ပဋိပက္ခ အခြေအနေ နှင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရသည့် လူသားချင်းစာနာမှု အထောက်အပံ့များ၊

[19] အပိုင်း ၃ တွင်ကြည့်ပါ။ ပြည်နယ်/တိုင်းဒေသကြီး များမှ ဝန်ကြီးချုပ်များကို ဒေသခံများက ရွေးချယ်ခန့်ထားခြင်းထက် ဗဟိုက တိုက်ရိုက်ခန့်ထားခြင်းက ပိုများသည်။ ထို့အပြင် ဒေသန္တရ အစိုးရ၏ အခြားအရေးပါသော လုပ်ငန်းများကိုလည်း ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများကသာ ထိန်းချုပ်ထားသည်။ အထူးအုပ်ချုပ်ခွင့်ရစီရင်စုများမှ လွှတ်တော်အမတ်များကသာ နယ်မြေ အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်နိုင်သည့် လွှတ်တော်အမတ်များ ဖြစ်ကြသည်။ ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်း ဆောင်ရွက်နိုင်သည်ဆိုသော်လည်း လွှတ်တော်အမတ်များ၏ ဝင်ရောက်ဆောင်ရွက်နိုင်မှုမှာ အကန့် အသတ်နှင့်သာဖြစ်သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကိုတော့ ရပ်ရွာများက တိုက်ရိုက်ရွေးချယ်ကြခြင်းဖြစ်သော်လည်း အစိုးရဝန်ထမ်းအဖြစ် စာရင်းသွင်းခြင်းမရှိပါ။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ထွေအုပ်က ခန့်ထားသည့် မြို့နယ်အုပ်ချုပ်ရေးမှူး ကို အစီရင်ခံရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပေါ့ဆမှုများရှိပါက တာဝန်မှရပ်စဲနိုင်သည့် အာဏာရှိသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ဗဟိုက တိုက်ရိုက် ခန့်ထားသော ထွေအုပ်စာရေးများနှင့် တွဲဖက် လုပ်ကိုင်ရသည်။

တာဝန်ခံမှုရှိသော ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ ပေါ်ပေါက်လာအောင် ရေတို၊ ရေရှည်စီမံချက်များ ဆောင်ရွက်ခြင်း စသည်တို့သည်လည်း အထက်ပါအကြောင်းအရာများနှင့် ဆက်စပ်နေသည့် စိန်ခေါ်မှုများဖြစ်သည်။

အထက်ပါ ကိစ္စရပ်များသည် တိုင်းရင်းသားလက်နက်ကိုင်များ ခံယူထားသည့် နိုင်ငံရေး ဦးစားပေးမှုများတွင် အဓိကကျသော အချက်များဖြစ်သည်။ ၂၀၀၆ ခုနှစ် အမျိုးသားညီလာခံတွင် ကချင်လွတ်မြောက်ရေး အဖွဲ့ (ကေအိုင်အို) မှ တင်သွင်းခဲ့သည့် အချက် ၁၉ ချက်ပါ စာတမ်းကြောင့် အစိုးရ နှင့် ကေအိုင်အိုအကြားတွင် တင်းမာမှုများ ကြီးကြီးမားမားဖြစ်ပေါ်လာစေခဲ့သည်။ ယင်းစာတမ်းတွင် အုပ်ချုပ်မှုဆိုင်ရာအစီအမံများကို အသေးစိတ်ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ပြီး အုပ်ချုပ်ရေးပုံစံအားလုံးတွင် တိုင်းရင်းသားပြည်နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်နီးပါးခွင့်ပြုပေးရမည့် သဘောမျိုးဖြစ်ခဲ့သည်။[20] များမကြာမီက ထုတ်ပြန်ခဲ့သည့် ရှမ်းလက်နက်ကိုင် သုံးဖွဲ့ပေါင်းထားသည့် မဟာမိတ်အဖွဲ့၊ မှတ်ပုံတင်ထားသည့် ရှမ်းနိုင်ငံရေး ပါတီနှစ်ခု၊ ရှမ်းအရပ်ဖက်လူ့အဖွဲ့အစည်းများ၏ သဘောတူထုတ်ပြန်ချက်ဖြစ်သော ကြေညာချက်တစ်ခုတွင် ၎င်းတို့၏ အခြေခံလမ်းညွှန် ၁၂ ချက်၏ ပထမဆုံးအချက်တွင် ဗဟိုချုပ်ကိုင်မှုလျော့ချသည့် အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးရန် အဆိုပြုထားသည်။[21]

ဒေသန္တရအုပ်ချုပ်ရေးအတွက် ယှဉ်ပြိုင်မှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အုပ်စုများ၏ ယုံကြည်မှုကင်းမဲ့စေရန် တွန်းအားပေးနေသကဲ့သို့ပင်ဖြစ်သည်။ *"စစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွက်ကြိုးစားတာတွေကို ထောက်ခံတယ် ဒါပေမယ့် အပစ်အခတ်ရပ်စဲရေးကို အသုံးချပြီး ကျနော်တို့နယ်မြေမှာ အစိုးရအုပ်ချုပ်ရေးယန္တရား လာရောက်တိုးချဲ့တာမျိုးကိုတော့ လက်မခံနိုင်ဘူး"* ဟု ၂၀၁၅ခုနှစ် ကရင်တော်လှန်ရေးနေ့တွင် ကရင်ခေါင်းဆောင် တစ်ဦးက ပွင့်ပွင့်လင်းလင်း ပြောခဲ့သည်။[22] သို့သော် ရှမ်းအရှေ့ပိုင်း၊ မိုင်းလားအဖွဲ့မှ ခေါင်းဆောင်တစ်ဦးကမူ ၂၀၁၅ ခုနှစ် ဧပြီလတွင် သတင်းစာဆရာများရှေ့၊ အခြားသော တိုင်းရင်းသားခေါင်းဆောင်များရှေ့၌ တရားဝင်မဟုတ်သေးသော အပစ်အခတ်ရပ်ဆဲမှုများ၏ အကျိုးကြောင့် ၎င်းတို့အဖွဲ့အစည်းသည် နယ်မြေကိုအပြည့်အဝ ထိန်းချုပ်ထားနိုင်ပြီး လူထုဝန်ဆောင်မှုအပြည့်အဝ ပေးနိုင်အောင် ပြည့်စုံသည့် အစိုးရစနစ် တစ်ရပ်ကို ထူထောင်ထားနိုင်ပြီဟုဂုဏ်တင်ပြောဆိုခဲ့သည်။[23]

အထက်ပါအကြောင်းအရာများသည် အငြင်းပွားဖွယ်ရာ အချက်များနှင့် ပြည့်နှက်နေကြောင်းကို လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အထင်အရှားပြသနေသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် ဆွေးနွေးမှုများမှာလည်း ပြီးပြည့်စုံသည့် နိုင်ငံရေးသဘောတူညီချက်များ မရရှိသေးမီကာလအတောအတွင်း လက်နက်ကိုင်အုပ်စုများ၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်းဖွင့်ဆိုထားသည့် ကြားကာလအစီအစဉ်များကို သဘောမတူနိုင်သေးသောကြောင့် ၂၀၁၄ ခုနှစ်အတွင်းတွင် ထင်သလောက်ခရီးမပေါက်ခဲ့ပေ။ အဆိုပါ ကိစ္စရပ်များကိုသာ ဆက်လက်ပြီးဆွေးနွေးကြမည်ဆိုလျှင် ပြည်ထောင်စု၏ အုပ်ချုပ်ရေး နယ်မြေများကို ခွဲဝေပုံ၊ ဖွဲ့စည်းပုံ၊ ဗဟို နှင့် ဒေသအဆင့်ကြားမှ တာဝန်နှင့် အာဏာခွဲဝေပုံများ နှင့် ပတ်သက်ပြီး ပဋိပက္ခ ဖြစ်ပွားနေသည့် အဖွဲ့များအကြားသဘောတူညီချက်ရရှိရန်မှာ ပိုမိုခက်ခဲမည်ဖြစ်သည်။

## ၁.၁ စာတမ်းပြုစုရခြင်း ရည်ရွယ်ချက်

အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပိုမိုကျယ်ပြန့်စွာသိရှိစေရန်အတွက် လေ့လာပြုစုရ ခြင်းဖြစ်သည်။

- အားပြိုင်မှုများက ဒေသန္တရအုပ်ချုပ်ရေးနှင့် ပတ်သက်၍ပေါ်ပေါက်လာသော လက်နက်ကိုင် ပဋိပက္ခများနှင့် မည်သို့ဆက်စပ်နေပုံ
- ထိုလက်နက်ကိုင် ပဋိပက္ခများက နယ်မြေပိုင်စိုးမှု၊ ပြည်သူများအပေါ် အုပ်ချုပ်ခွင့်ရရန် အားပြိုင်မှုများဖြင့် ရှုပ်ထွေးနေသည့် နိုင်ငံရေးပထဝီ အခင်းအကျင်းကို တစ်ပြန်တစ်လှည့် မည်သို့ ပေါ်ပေါက်လာစေခဲ့ပုံ

---

[20] အမျိုးသားညီလာခံသို့ ကေအိုင်အို အဖွဲ့က တင်သွင်းခဲ့သည့် အချက် ၁၉ ချက်ပါ စာတမ်းမှာ ၆ မျက်နှာပါ စာတမ်းတခုဖြစ်သည်။ (အခန်း ၂ တွင်ကြည့်ပါ) တိုင်းဒေသကြီးနှင့် တိုင်းရင်းသားပြည်နယ်များကြား ခြားနားမှုနှင့်ဆိုင်ပြီး အသေးစိတ် အချက်အလက်များရေးသားတင်ပြထားသည်။ တိုင်းရင်းသားပြည်နယ်များကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေး၊ နယ်စပ်နှင့် အခြားသော ကိစ္စရပ်များအပါအဝင်၊ တရားဝင် ဒုတိယ ဘာသာစကား သတ်မှတ်မှု၊ ရိုးရာဓလေ့ဥပဒေများကို ယင်းတို့ဒေသများတွင် အသုံးချခွင့်များ ပေးအပ်ထားပြီး ပြည်နယ်နှင့် တိုင်းကြားမှ လုပ်ပိုင်ခွင့်များကို ခွဲခြားပေးရန် တင်ပြထားသည်။ တင်ပြချက်နှင့် ပတ်သက်ပြီး ဆွေးနွေးခြင်း မပြုဟု အစိုးရက အတိအလင်းငြင်းဆန်ခဲ့ပြီး အကျိုးဆက်အဖြစ် ကေအိုင်အိုနှင့် ပဋိပက္ခအခြေအနေသို့ ပြန်ရောက်သွားမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။ လျန်မှုန်းဆာခေါင်း၏ (2010) ခုနှစ်ထုတ်စာအုပ် pp 137 – 142

[21] ရှမ်းသံတော်ဆင့် `*CSSU: A bridge for peace*' မတ်လ ၉ ရက်၊ ၂၀၁၅။ http://english/panglong/org/cssu-a-bridge-for-peace/ တွင်ဖတ်ရှုနိုင်ပါသည်။

[22] နာဒါးလ်မြ၊ ကရင်အမျိုးသားအစည်းအရုံး ကာကွယ်ရေးတပ်၊ ကရင်အမျိုးသား ကာကွယ်ရေး (KNDO) အဖွဲ့ ခေါင်းဆောင်က KNDO ဌာနချုပ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ဌာနချုပ်မှာ ကရင်ပြည်နယ်၊ မြဝတီမြို့၏ တောင်အရှေ့ဘက်ခြမ်းတွင်ရှိသည်။ ထိုဒေသရှိ လက်နက်ကိုင်အဖွဲ့များ အပြည့်အဝ နီးပါးထိန်းချုပ်ထားသည့် နေရာများတွင် မြို့နယ်ခွဲများတိုးချဲ့ပြီး အုပ်ချုပ်ရေးရုံးများကို အစိုးရဖွံ့ဖြိုးရေးစီမံကိန်းများ ခေါင်းစဉ်နှင့်ဝင်ရောက်လာသည်။ (အခန်း ၅ တွင်ကြည့်ပါ)

[23] မိုင်းလားအဖွဲ့၏ တရားဝင်အမည်မှာ အမျိုးသားဒီမိုကရက်တစ်မဟာမိတ် တပ်မတော်ဖြစ်သည်။ လဝီဝမ် ရေးသားသည့် '*Mongla Rebels Say "Full Control" of Region Brings Development*', The Irrawaddy, ဧပြီ ၃၀၊ ၂၀၁၅။ http://m.irrawaddy.org/multimedia-burma/mongla-rebels-say-full-control-of-region-brings-development.html တွင်ဖတ်ရှုနိုင်ပါသည်။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုအောက်မှ ပဋိပက္ခဖြစ်ပွားရာနယ်မြေများတွင် ဒေသန္တရ အုပ်ချုပ်ရေး ပုံစံများကို လေ့လာခြင်း။
    - တိုက်ပွဲဝင်နေဆဲ အဖွဲ့
    - အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့
    - နိုင်ငံတော်နှင့် နစ်ဦးသဘောတူညှိနှိုင်းထားသည့်အဖွဲ့ စသည်တို့၏နယ်မြေများမှ အခြေအနေ များကိုလေ့လာခြင်း

- အထက်ပါ နယ်မြေများနှင့် အခြေခံဥပဒေအရ အတည်ပြုထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ(SSAs) ကြားဆက်စပ်ပုံ၊ ထိုအတည်ပြုပြဌာန်းထားသည့် ဒေသများက လက်နက်ကိုင်အားပြိုင်မှုများ ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများအပေါ် မည်သို့ကိုင်တွယ် ဖြေရှင်းသည်ကို လေ့လာခြင်း

- ငြိမ်းချမ်းရေးကို အထောက်အကူပြုသော၊ ကာလ၊ ဒေသ အခင်းအကျင်းနှင့် ကိုက်ညီမှု ရှိသော ဒေသအဆင့် အုပ်ချုပ်မှုစနစ်ပေါ် ပေါက်လာစေရန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှတဆင့် သို့မဟုတ် အခြားသောနိုင်ငံရေးနည်းများမှ တဆင့် ကြိုးပမ်းရာတွင် ထည့်သွင်းစဉ်းစား သင့်သော စိန်ခေါ်မှုများအကြောင်း။

အထက်ဖော်ပြခဲ့ပါကိစ္စရပ်များကို နားလည်စေရန် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခ သမိုင်းကြောင်းနှင့် အတိုချုပ်ခြုံငုံသုံးသပ်ချက်တို့ကို ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။ အားပြိုင်မှုများကို ဖြစ်စေသည့် ဒေသန္တရအုပ်ချုပ်မှုဆိုင်ရာ အကြိတ်အခဲများကိုလည်း အထူးအလေးပေးဖော်ပြထားသည်။ ခြုံပြောရလျှင် ဤအစီရင်ခံစာတွင် ပဋိပက္ခဒဏ်ခံဒေသများ၏ နိုင်ငံရေးပထဝီ အခင်းအကျင်း အခြေခံကို တင်ပြထားပါသည်။ ဖြစ်ပေါ်နေသည့် အခင်းအကျင်းကို ခြုံငုံနားလည်စေရန် တင်ပြခြင်းဖြစ်သောကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် မူဝါဒဆိုင်ရာ အကြံပြုချက်များ၊ တိုက်ရိုက်လမ်းညွှန်မှုများ မပါဝင်ပါ။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်သည့် ပြည်တွင်းမှ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အခက်အခဲများနှင့် အကဲဆတ်မှုများကို ကျော်လွှားနိုင်ရန် ကူညီနေသည့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ မူဝါဒရေးရာနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြု နိုင်ရန် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

## ၁.၂ မြန်မာနိုင်ငံ ဒေသဆိုင်ရာ အုပ်ချုပ်ရေး ၏ အခြေခံအုတ်မြစ်များ

ဤစာတမ်းပြုစုရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံမှ ဒေသဆိုင်ရာအုပ်ချုပ်မှုပုံစံအခြေခံကို သဘောပေါက်စေရန် ဖြစ်သည်။ မြန်မာနိုင်ငံမှ အုပ်စိုးသူများသည် ရာစုနှစ်နှင့်ချီပြီး နယ်မြေအဆင့် ခွဲခြားအုပ်ချုပ်ခြင်းစနစ်ကို အသုံးပြုခဲ့ကြသည်။ အုပ်ချုပ်ရေး နယ်မြေတစ်ခု၏ ကိစ္စအတော်များများကို ဆုံးဖြတ်နိုင်သည့် အာဏာကို ခေါင်းဆောင် တစ်ဦး သို့မဟုတ် ကော်မတီ ကိုပေးအပ်ထားသည့် စနစ် ဖြစ်သည်။

အခြားနိုင်ငံများတွင် ကျင့်သုံးနေသည့် ခေတ်ပေါ်ပြည်သူ့အုပ်ချုပ်ရေးစနစ်ဆိုသည်မှာ လူတစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုတစ်စုခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာနကြားတွင် တိုက်ရိုက်ဆက်သွယ်နိုင်သည့် လမ်းကြောင်းဖွင့် ထားပေးသည့် စနစ်ဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ထိုစနစ်၏ပြောင်းပြန်ဖြစ်ပြီး အစိုးရ နှင့် လက်နက်ကိုင်အုပ်စုများက ခေတ်နောက်ကျနေပြီဖြစ်သော နယ်မြေ/ ဒေသတစ်ခု (ဥပမာ ကျေးရွာ အုပ်စု၊ မြို့နယ်၊ ခရိုင်) ၏ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စအဝဝ အတွက် အထွေထွေ အုပ်ချုပ်ရေးမှူး ထားရှိပြီး အထူးကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ကြသည့် စနစ်ကိုကျင့်သုံး နေကြသည်။

ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်၊ ယနေ့ခေတ်ထိ နိုင်ငံတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကျင့်သုံးနေသည့် အုပ်ချုပ်ရေးစနစ်သည် နယ်မြေအဆင့်ဆင့် သတ်မှတ်အုပ်ချုပ်သည့် ပုံစံတွင်အခြေခံသည်။ ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ် နှင့် တိုင်း ဒေသကြီး အစရှိသဖြင့် အဆင့်များခွဲကာ အုပ်ချုပ်ခြင်းဖြစ်သည်။ စနစ်တစ်ခုစီတွင် အသုံးပြုသတ်မှတ်သည့် ယူနစ်အခေါ်အဝေါ်များ မတူသော်လည်း စနစ်အားလုံးမှာတူညီသည့် သဘောတရားတစ်ခုတွင် အခြေခံ ထားခြင်း ဖြစ်သည်။

အုပ်ချုပ်ရေးမှူးများသည် ဝန်ကြီးဌာနများ သို့မဟုတ် ဌာနများ၊ ဥပဒေရေးဆွဲသူများ၏ လမ်းညွှန်မှု သို့မဟုတ် ပူးပေါင်းပါဝင်မှုဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ကြသည်။ အစီရင်ခံရာတွင်မူ ၎င်း၏ အထက်မှ အုပ်ချုပ်ရေးမှူးကို အစီရင်ခံရသည်။ ဥပမာ -

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးကို အစီရင်ခံရပြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ခရိုင်အုပ်ချုပ်ရေးမှူး အစရှိသဖြင့် အဆင့်ဆင့် အစီရင်ခံသည်။[24]

အခွန်ကောက်ခြင်း၊ စစ်သားစုဆောင်းခြင်းနှင့် ဆောင်ရွက်ဖွယ်ကိစ္စရပ်များကို လွယ်ကူထိရောက်စွာ ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာများ သို့မဟုတ် ကျေးရွာအုပ်စုများကို ပိုမိုကျယ်ပြန့်သည့် စနစ်တစ်ခုအောက်တွင် သွတ်သွင်းခြင်းကို အုပ်စိုးသူများက သမိုင်းတလျှောက် အသုံးပြုခဲ့ကြသည်။ ကြည်ပြာချစ်စော နှင့် Arnold တို့ အဆိုအရ - အထွေထွေကိစ္စရပ်များဖြေရှင်းရန်၊ နိုင်ငံတော်နှင့် ပြည်သူကြား ဆက်ဆံရေး ဖော်ဆောင်စီမံရန်၊ ဘုရင်များ၊ ကိုလိုနီအရာရှိများ နှင့် နောက်ဆုံး စစ်တိုင်းမှူးများ အစရှိသည့် အာဏာကို အလုံးစုံချုပ်ကိုင်ထားသူများ၏ လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေရန် အလို့ငှာ ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်မှ စစ်အစိုးရခေတ်ထိ အထွေထွေ အုပ်ချုပ်ရေးမှူးများကို ခန့်ထားခဲ့ကြသည်။[25]

ယင်းစာတမ်းရှင်များဖော်ပြချက်အရ တပ်မတော်ကဦးဆောင်သည့် လက်ရှိပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည်လည်း ဒေသအဆင့် အစိုးရလုပ်ငန်းစဉ်များ၏ အခြေခံဖြစ်ပြီး အထက်ဖော်ပြခဲ့ပါ ပုံစံနှင့် သဘောတရား တူညီသည်။ ယနေ့ခေတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အသုံးပြုနေသည့် စနစ်များသည် ဖော်ပြပါ အစိုးရစနစ်နှင့် ပုံစံတူကြသော်လည်း ၎င်းတို့က မတူညီသည့်နိုင်ငံရေးကိုယ်စားပြုမှုများပေါ်တွင် အခြေပြုကာ အဆင့်ဆင့် သတ်မှတ်ထားခြင်း ဖြစ်သည်။

## ၁.၃ စာတမ်းပြုစုပုံ နည်းလမ်းများ

စာတမ်းအတွက် ရည်ရွယ်သည့် သုတေသနများကို ၂၀၁၅ ဇန်နဝါရီလမှ မေလများအတွင်း စာတမ်းရှင် ကိုယ်တိုင် ဆောင်ရွက်ခဲ့သည်။ အုပ်ချုပ်ရေးနှင့် ပဋိပက္ခများ၏ နောက်ကြောင်းသမိုင်းအတွက် စာအုပ်စာတမ်းများကိုလေ့လာခြင်း၊ လူတွေ့မေးမြန်းခြင်း၊ အဖွဲ့လိုက်မေးမြန်းခြင်းများ၊ အီးမေးလ်ဖြင့်မေးမြန်းခြင်းများကို ဆောင်ရွက်ကာ အချက်အလက်များ စုစည်းခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၁၅ ဖွဲ့ (နိုင်ငံတော် ကျောထောက်နောက်ခံပေးသည့် ပြည်သူ့စစ် ၄ ဖွဲ့ နှင့် အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့ ၁၁ ဖွဲ့) မှ အဆင့်မြင့်ကိုယ်စားလှယ် အယောက် ၃၀ ခန့်နှင့် လူတွေ့မေးမြန်းခြင်း၊ အလွတ်သဘော ဆွေးနွေးခြင်းများပြုလုပ်ခဲ့သည်။ ၁၅ ဖွဲ့ အနက်မှ အချို့အဖွဲ့များကို အီးမေးလ်ဖြင့် အသေးစိတ် မေးမြန်းခြင်းပြုလုပ်ခဲ့ပြီး အခြား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့နှင့်လည်း အလားတူပြုလုပ်ခဲ့သည်။ တိုင်းရင်းသားနိုင်ငံရေးပါတီ ခုနစ်ပါတီမှ အဖွဲ့ဝင်များနှင့်လည်း လူတွေ့မေးမြန်းခြင်းပြုလုပ်ခဲ့ရာတွင် ၎င်းတို့အတွင်းမှတစ်ဖွဲ့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွင် ဦးဆောင်အဖွဲ့ အနေဖြင့် တာဝန်ယူထားပြီး ၂၀၁၅ ရွေးကောက်ပွဲတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွက် ဝင်ရောက် ယှဉ်ပြိုင်မည့် အခြားသုံးဖွဲ့လည်းပါဝင်ခဲ့သည်။

လက်နက်ကိုင်အဖွဲ့မှ အငယ်တန်း အဖွဲ့ဝင် တစ်ဒါဇင်ကျော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ထိန်းချုပ်သည့်နေရာတွင် လုပ်ငန်းအတွေ့အကြုံရှိသူများ သို့မဟုတ် ထိုဒေသများတွင် အခြေပြုထားသည့် ကျောင်းသား ၂၀ ကျော်၊ ကျောင်းဆရာနှင့် ပညာရေးမှူး ၅ ဦး၊ ကျန်းမာရေးလုပ်သား ၂ ဦး၊ အရပ်ဖက်လူ့အဖွဲ့အစည်း ၁၂ ဖွဲ့မှ ကိုယ်စားလှယ် ၁၉ ဦးတို့ကို ကိုယ်တွေ့မေးမြန်းမှုများနှင့် ဦးတည်အုပ်စုဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့်နေရာတွင် လုပ်ကိုင်နေသည့် သို့မဟုတ် သုတေသန အတွေ့အကြုံရှိသော နိုင်ငံခြားသား ၅ ဦးနှင့်လည်း ကိုယ်တွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ သုတေသနလုပ်ငန်းများကို ရန်ကုန်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ မြောက်ပိုင်းတို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နှစ်များစွာအတွင်း စာတမ်းရှင်ကိုယ်တိုင် ပြုစုထားခဲ့သည့် မြန်မာတိုင်းရင်းသားဒေသများနှင့် ပတ်သက်သော သုတေသနအချက်အလက်များကိုလည်း ဤစာတမ်းရေးသားရာတွင် အသုံးပြု အားဖြည့်ခဲ့ပြီး ရှိနှင့်ပြီးသား အချက်အလက်များကို သင့်တော်ရာတွင် အသုံးချကိုးကားခဲ့ပါသည်။

## ၁.၄ အစီရင်ခံစာ၏ ဖွဲ့စည်းတည်ဆောက်ပုံ

အကြောင်းအရာပြည့်စုံအောင် ဖော်ပြထားသဖြင့် အစီရင်ခံစာမှာ အနည်းငယ်ရှည်လျားသွားသောကြောင့် စာဖတ်သူများအနေဖြင့် မိမိသက်ဆိုင်ရာလုပ်ငန်းနှင့် အကိုက်ညီဆုံးအကြောင်းအရာများကို ရွေးချယ်ဖတ်ရှုနိုင်ရန် အပိုင်းများ ခွဲခြားထားပါသည်။ သို့သော်လည်း စာတမ်းကို အစအဆုံး အစဉ်လိုက် ဖတ်ရှုမှသာလျှင် အချို့သော အသုံးအနှုန်းများ၊ ပါဝင်ပတ်သက်သူများ၊

[24] အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ အစရှိသည့် အသုံးအနှုန်းများသည် မြန်မာအစိုးရစနစ်၏ အခေါ်အဝေါ်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များ၏ အုပ်ချုပ်ရေး စနစ်တွင်မူ ယင်းရာထူးများနှင့် တန်းတူ နေရာများအတွက် အခြားအသုံးအနှုန်းများကို အသုံးပြုသည်။ မြန်မာအစိုးရ၏ စနစ်အရ ကျေးရွာအုပ်စုသည် မြို့ပြရှိ ရပ်ကွက်အဆင့်နှင့် တန်းတူသည်။ အသုံးအနှုန်းမရှုပ်ထွေးစေရန်နှင့် စာတမ်း၏ ရည်ရွယ်ချက်မှာလည်း ကျေးလက်ဒေသကို ဇောင်းပေးနေသောကြောင့် ကျေးရွာအုပ်စုအသုံးကိုသာ တောက်လျှောက် အသုံးပြုသွားပါမည်။

[25] Chig Saw & Arnold (2014), p. 4.

သမိုင်းဝင်အဖြစ် အပျက်များကို ပိုင်ပိုင်နိုင်နိုင်နားလည်နိုင်မည်ဖြစ်ပါသည်။ အစီရင်ခံစာကို အောက်ပါအတိုင်း အပိုင်း ရှစ်ပိုင်းခွဲကာ ဖော်ပြထားပါသည်။

**အပိုင်း ၂ - အုပ်ချုပ်မှု၊ နယ်မြေပိုင်းခြားမှု၊ ပဋိပက္ခများ၏ နောက်ခံသမိုင်းအကျဉ်း**

တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့် နေရာများ၏ ရှုပ်ထွေးလှသည့် နိုင်ငံရေးပထဝီ အခင်းအကျင်းများ ပေါ်ပေါက်လာပုံကိုဖော်ပြထားသည်။ ကိုလိုနီခေတ်မတိုင်မီကရှိခဲ့သော ပဒေသရာဇ်စနစ် နှင့် မျိုးနွယ်စုအကြီးအကဲများဖြင့် အုပ်ချုပ်သည့်စနစ်တို့အား ဗြိတိသျှအုပ်ချုပ်ရေးစနစ်နှင့် လိုက်ဖက်အောင် ပြောင်းလဲခဲ့ပုံ၊ တိုင်းရင်းသားယဉ်ကျေးမှုကို အခြေခံသော အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုများက လွတ်လပ်ရေးရပြီးနောက်ပိုင်း ဖွဲ့စည်းပုံ အခြေခံဥပဒေအစီအမံများအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း နှင့် ၎င်းကိစ္စရပ်များနှင့် စပ်လျဉ်းကာ ပဋိပက္ခများဖြစ်ပုံလာပုံ အကြောင်းများကို လေ့လာထားပါသည်။

**အပိုင်း ၃ - တရားဝင်ကျင့်သုံးနေသည့်စနစ် - ၂၀၀၈ အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့် ဒေသန္တရ အုပ်ချုပ်မှု**

အစိုးရမှ လက်ရှိကျင့်သုံးနေသည့် တရားဝင် ဒေသန္တရအုပ်ချုပ်မှု ဖွဲ့စည်းပုံနှင့် လုပ်ဆောင်ချက်များကို လေ့လာထားသည်။ အထူးသဖြင့် ၎င်းတို့အနေဖြင့် ကျင့်သုံးနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်မှုအပိုင်းကို အလေးထား တင်ပြထားသည်။ အပိုင်း ၃.၁ တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများအကြောင်း၊ အပိုင်း ၃.၂ တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအကြောင်း ဖော်ပြထားသည်။

**အပိုင်း ၄ - တရားဝင်မှုဘောင်များ၏ အလွန် - လက်နက်ကိုင်များ၏ နယ်မြေထိန်းချုပ်ရယူပုံနှင့် အုပ်ချုပ်မှုရယူပုံ**

လက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့နယ်မြေများနှင့် ပြည်သူများကို မည်သို့ထိန်းချုပ်သည်၊ မည်သို့အာဏာ စက်ဖြန့်ကျက်ထားသည်ကို လေ့လာတင်ပြထားသည်။ လက်တွေ့တွင် လက်နက်ကိုင်အဖွဲ့များ တည်ထောင်ထားသည့် အုပ်ချုပ်ရေးစနစ်အတော်များများမှာ ၂၀၀၈ အခြေခံဥပဒေအရ ခွင့်ပြုထားခြင်း မရှိပါ။ ထိုအုပ်ချုပ်ရေးစနစ်များသည် တစ်ခုနှင့်တစ်ခု တူညီမှုများရှိနေပြီး၊ နိုင်ငံတော်၏အုပ်ချုပ်မှုစနစ်နှင့်လည်း အချို့နေရာများတွင် တူညီမှုများရှိကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ အကြားတွင်လည်း အလားတူပင်ဖြစ်သည်။

**အပိုင်း ၅ မှ အပိုင်း ၈** - တိုင်းရင်းသားလက်နက်ကိုင်များမှ အုပ်ချုပ်ရေးစနစ်ဖြန့်ကျက်ထားသည့် အဓိကဒေသ ၄ ခုအကြောင်းကို တင်ပြထားသည်။ ၎င်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဖွဲ့စည်းပုံ၊ ထိန်းချုပ်ဒေသများ၊ အစိုးရအုပ်ချုပ်ရေးနှင့် အပြန်အလှန်ဆက်ဆံပုံနှင့် ၎င်းလက်နက်ကိုင်အဖွဲ့များ လက်ရှိအခြေအနေသို့ မည်သို့ရောက်ရှိလာပုံများကို တင်ပြထားသည်။ ဒေသများ၏ တည်နေရာအလိုက် အပိုင်း ၄ ပိုင်းခွဲကာ ရေးသားထားသည်။

- **အပိုင်း ၅ - ကရင်၊ မွန်၊ ကယား ဒေသများ**
- **အပိုင်း ၆ - ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)**
- **အပိုင်း ၇ - ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)**
- **အပိုင်း ၈ - မြန်မာနိုင်ငံအနောက်ဘက်ခြမ်း**

**အပိုင်း ၉ - ညှိနှိုင်းမှုဖြင့် အဖြေရှာခြင်းဆီသို့**

ပဋိပက္ခဖြစ်ပွားနေသော အဖွဲ့များအကြား နိုင်ငံရေးဆိုင်ရာ သဘောတူညီမှုတစ်ခု ရရှိမှသာလျှင် တည်ငြိမ်မှုကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း ကောက်နုတ်ဖော်ပြထားသည်။ ထိုသို့ သဘောတူညီမှုရှိမှသာ တာရှည်အကျိုးပြုပြီး တရားဝင်အစီအမံများရှိသော ဒေသန္တရအုပ်ချုပ်ရေးကို တိုင်းရင်းသားဒေသများတွင် ရရှိလာမည်။ ဤအခန်းတွင် အဓိကလေ့လာတွေ့ရှိချက်များကို ပြန်လည် စုစည်းထားပြီး ရင်ဆိုင်ရမည့်အခက်အခဲများ၊ ရှေ့သို့ခရီး ဆက်ရန်အတွက် အဓိကအဖြေရှာရမည့် မေးခွန်းများကို အလေးပေး တင်ပြထားသည်။

## အပိုင်း ၂ - အုပ်ချုပ်မှု၊ နယ်မြေပိုင်းခြားမှု၊ ပဋိပက္ခများ၏ နောက်ခံသမိုင်းအကျဉ်း

ဤအပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့် နေရာများ၏ ရှုပ်ထွေးလှသည့် နိုင်ငံရေးပထဝီ အခင်းအကျင်းများ ပေါ်ပေါက်လာပုံကိုလေ့လာထားသည်။ ကိုလိုနီခေတ်မတိုင်မီ ပဒေသရာဇ်စနစ် နှင့် မျိုးနွယ်စုအကြီးအကဲများဖြင့် အုပ်ချုပ်သည့်စနစ်ကို ဗြိတိသျှအုပ်ချုပ်ရေးစနစ်နှင့် လိုက်ဖက်အောင် ပြောင်းလဲခဲ့ပုံ၊ တိုင်းရင်းသားယဉ်ကျေးမှုကို အခြေခံသော အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုများအကြောင်း နှင့် အာဏာခွဲဝေရေးနှင့် ပတ်သက်သည့်ဆွေးနွေးမှုများ၊ လွတ်လပ်ရေးကာလမတိုင်မီ နယ်မြေခွဲဝေသတ်မှတ်မှုများအကြောင်းနှင့် ပြည်တွင်းစစ်ဖြစ်ပွားစေခဲ့သည့် အကြောင်းများကို ဖော်ပြထားသည်။ ထို့အပြင် ဖက်ဒရယ်အရေး လှုပ်ရှားမှုများပေါ်ပေါက်လာပုံ၊ စစ်တပ်အာဏာသိမ်းမှုဖြစ်ပေါ်လာစေရန်လှုံ့ဆော်ခဲ့သည့်သောင်းကျန်းမှုများ အကြောင်းကိုလည်း တင်ပြထားသည်။

စစ်အုပ်ချုပ်ရေးကာလ နှစ်ခုတွင် နိုင်ငံ၏အုပ်ချုပ်ရေးစနစ်ကို ဗဟိုဦးစီးစနစ်အဖြစ်သို့ အသွင်ပြောင်းခြင်းကို အထူးအလေးထား ဆောင်ရွက်ခဲ့ပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး အဝန်းအဝိုင်းအတွင်းတွင် တိုင်းရင်းသားများ၏ အရေးပါမှုကို လျှော့ချရန်ကြိုးစားခဲ့သည်။ တချိန်တည်းမှာပင် လက်နက်ကိုင်အဖွဲ့များကလည်း ၎င်းတို့ အပိုင်စားနယ်မြေများ ဖော်ထုတ်ပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်များကို အသက်သွင်းခဲ့ကြသည်။ ၎င်းတို့အထဲမှ အချို့စနစ်များမှာမူ အပစ်အခတ်ရပ်စဲရေးများကြောင့် ပိုမိုခိုင်မာလာသည်။ ပဋိပက္ခအသစ်များ၊ ပြည်သူ့စစ် အစီအစဉ်အသစ်များ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ လက်တွေ့အကောင်အထည်ဖော်မှု ကိစ္စရပ်များ အပါအဝင် ၂၀၁၉ ခုနှစ်နောက်ပိုင်းမှ အပြောင်းအလဲများနှင့် ထိုအခြေအနေများကြောင့် ယနေ့ကာလတွင် အသက်ဝင်ကျင့်သုံးနေသော ရှုပ်ထွေးလှသည့် ဒေသဆိုင်ရာအုပ်ချုပ်ရေးပုံစံ ဖြစ်ပေါ်စေခဲ့သည့် အကြောင်းအရာများကို ဤအပိုင်းတွင် ဖော်ပြထားသည်။

### ၂.၁ ကိုလိုနီခေတ်မတိုင်မီ အုပ်ချုပ်ရေး

၁၉ ရာစုအစောပိုင်း ဗြိတိသျှများဝင်ရောက်လာသည့်အချိန်တွင် ယနေ့မြန်မာနိုင်ငံ၏ မြေနိမ့်ဒေသများ၌ နိုင်ငံရေးအရ ဩဇာအရှိဆုံးမှာ - မြစ်ကြောင်းတလျောက်တွင်တည်ရှိခဲ့သော ပဒေသရာဇ်နိုင်ငံများဖြစ်သည်။ မြန်မာကုန်းဘောင်မင်းဆက်သည် အင်အားကြီးမားခဲ့သည့် အာရကန်ဘုရင်များ (ယနေ့ ရခိုင်ပြည်နယ်) နှင့်၊ မွန်ဒေသများကို အောင်နိုင်ခဲ့သောကြောင့်[26] ယနေ့မြန်မာပြည်အောက်ပိုင်းဖြစ်သော ထိုဒေသများကို တိုက်ရိုက်အုပ်ချုပ်သည်။[27] ယနေ့ရှမ်းပြည်နယ်ဖြစ်သော *တိုင်း* (Tai) ဘုရင်များ၏ နယ်မြေများကိုလည်း ပဏ္ဏာဆက်နိုင်ငံများ အဖြစ် လွှမ်းမိုးထားနိုင်ခဲ့ပြီး၊[28] အရှေ့နှင့် မြောက်ဘက်ဒေသမှ ခေါင်းဆောင်ငယ်အများအပြားပေါ်တွင်လည်း ဩဇာဖြန့်ထားနိုင်ခဲ့သည်။ သို့သော်လည်း ယင်းဒေသများ၏ ဒေသအုပ်ချုပ်ရေး အတွက် အဓိကအာဏာရှိသူမှာ ယင်းဒေသမှ ခေါင်းဆောင်များသာဖြစ်သည်။ ထိုကဲ့သို့ ပြည်ထောင်ငယ်များနှင့် ယနေ့ နယ်စပ်မျဉ်းများအကြားရှိ တောင်ထူထပ်သည့်ဒေသအများအပြားမှာ စီးပွားရေးအရ အကျိုးအမြတ်များများ မဆောင်ကျဉ်း ပေးနိုင်သလို၊ အခြားအကျိုးထူးလည်း မရှိလှသဖြင့် မြေနိမ့်ဒေသမှ ဘုရင်များ၏ အာဏာဖြန့်ထားမှု အားမကောင်းခဲ့ပေ။[29]

*တိုင်း* (Tai) ဘုရင် နှင့် မြန်မာဘုရင်များသည် ကျေးရွာငယ်များကို ယနေ့ခေတ် ကျေးရွာအုပ်စုနှင့် ဆင်တူသော ယူနစ်များအဖြစ် စုစည်းပြီး၊ ကျေးရွာအုပ်စုများကို စုစည်းပြီး မြို့နယ်အဆင့်ဟု နယ်မြေအဆင့်ဆင့် သတ်မှတ်အုပ်ချုပ်သည့် စနစ်များကို အသုံးပြုခဲ့ကြသည်။[30] သို့ရာတွင် ထိုသတ်မှတ်ချက်များ၏ အရွယ်အစားနှင့် လူဦးရေထူထပ်မှုမှာ ကွာခြားမှုများ ရှိနိုင်သကဲ့သို့

[26] အစောပိုင်းကာလ မြန်မာဘုရင်များ၏ လူမျိုးအမည် သတ်မှတ်ပုံတွင် သမိုင်းပညာရှင် တစ်ဦးနှင့်တစ်ဦးမတူကြပါ။ ၎င်းတို့ဖော်ပြချက်များအရ ကုန်းဘောင်မင်းဆက် ဘုရင်များသည် ၎င်းတို့၏ လူမျိုးအမည်ဖော်ပြသည့်အခါ "မြန်မာ့" ဟူသော အသုံးအနှုန်းကို သုံးကြသည်။ ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရက ကိုလိုနီခေတ်တွင် အသုံးပြုခဲ့သည့် အသုံးအနှုန်းအားလုံးကို တရားဝင်ပြောင်းလဲလိုက်သည်။ ဥပမာ ဘားမား နှင့် ဘားမန်း။ ထို့ကြောင့် မြန်မာသည် နိုင်ငံအမည်ဖြစ်လာပြီး ဗမာသည် မိတ်ဆက်သည့်အခါ မိမိကိုယ်ကို မြန်မာဟု မိတ်ဆက်ပြီး ဗမာစကားပြောသည့် လူများစုတိုင်းရင်းသားအုပ်စုကို ရည်ညွှန်းသည့်အသုံးဖြစ်လာသည်။ ရှုပ်ထွေးမှုမရှိစေရန်အတွက် တရားဝင်သတ်မှတ်ထားသည့် စနစ်အတိုင်း မြန်မာဟူသောအသုံးကို နိုင်ငံအတွက် ရည်ရွယ်ပြီး၊ ဗမာကို လူများစုတိုင်းရင်းသားအုပ်စုကို ရည်ညွှန်းသည့်အခါတွင် အသုံးပြုသွားမည်ဖြစ်သည်။

[27] မြန်မာနိုင်ငံအောက်ပိုင်းဆိုသည်မှာ - တနင်္သာရီ၊ မွန်၊ ကရင် အလယ်ပိုင်း နှင့်တောင်ပိုင်း၊ ပဲခူး၊ ရန်ကုန်၊ မကွေး၊ စစ်ကိုင်းတောင်ပိုင်း၊ မန္တလေး၊ နေပြည်တော်၊ ဧရာဝတီ နှင့် ရခိုင်ဒေသ အတော်များများကို ဆိုလိုခြင်းဖြစ်သည်။

[28] *တိုင်း* (Tai) ဟူသောအသုံးသည် ယနေ့ ထိုင်း၊ လာအို၊ ရှမ်းပြည်နယ်၊ မြန်မာ နှင့် တရုတ်နိုင်ငံ ယူနန်ခရိုင်များတွင် ပျံ့နှံ့နေထိုင်ကြသည့် မင်းဆက်များ ဆက်နွယ်မှုရှိသည့် စကားအုပ်စုတူ လူမျိုးအုပ်စုကို ရည်ညွှန်းခြင်းဖြစ်သည်။ တိုင်း (Tai) ဟူသော အသုံးအနှုန်းသည် ရှမ်းဘာသာစကားတွင် ရှမ်းဟု အဓိပ္ပါယ်ရသော စကားလုံးဖြစ်သည်။ ရှမ်းဟူသော အသုံးသည် Siam ဆီယမ် ဟူသောစကားလုံးမှဆင်းသက်လာခြင်းဖြစ်ပြီး ယနေ့ခေတ်တွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံသုံးစွဲနေကြသည်။ ရှမ်းပြည်နယ်ဖြစ်လာမည့် နယ်မြေအတွင်းမှ ပြည်ထောင်များ (နားလည်လွယ်စေရန် ရှမ်းပြည်ထောင်များဟု သုံးနှုန်းပါမည်) အားလုံးကို တိုင်း Tai များကသာ အုပ်စိုးသည်မဟုတ်ပါ။ အချို့သော နယ်မြေများကို ပလောင်၊ ပအိုဝ်နှင့် ဒေသခံ တရုတ် ဘုရင်များက အုပ်စိုးခဲ့သည်များလည်းရှိသည်။

[29] Smith (1999), p. 33; Taylor (2009) P.23, pp. 25-26, pp. 37-38; Sai Aung Tun (2009), p.111 - 119

[30] Chit Saw & Arnold (2014), pp. 4-5; Sai Aung Tun (2009), pp. 39-41; Leach (1954), p. 123; နယ်မြေ အဆင့်သတ်မှတ်သည့်စနစ် "graded territorial system" ဟူသော စကားလုံးသည် Furnivall ၏ ဗြိတိသျှစနစ်ကို ပုံဖော်ချက်မှ ကူးယူသုံးစွဲခြင်းဖြစ်သည်။ Furnivall က ဗမာစနစ်တွင်လည်း ထိုကဲ့သို့ အဆင့်သတ်မှတ်ချက်နှင့် ခပ်ဆင်ဆင် စနစ်ရှိသည်ဟု ဖော်ပြခဲ့သောကြောင့် ကူးယူသုံးစွဲခြင်းဖြစ်သည်။ Furnivall (1960), p.10

တိကျသော နယ်နိမိတ်စည်းပေါ်တွင် အခြေခံပိုင်းခြားထားခြင်းလည်း မရှိသလောက် ရှားပါးလှသည်။[31] ကုန်းဘောင်ခေတ်နှင့် ၄င်းမတိုင်မီ ဘုရင်များက နယ်မြေသတ်မှတ်ချက်များကို ၄င်းတို့နေပြည်တော်၏ အချက်အခြာကျသောနေရာမှ အကွာအဝေးပေါ် မူတည်ပြီး ခွဲခြားခဲ့ခြင်းဖြစ်သည်။ အလွယ်တကူ ချယ်လှယ်နိုင်သော ဒေသများတွင် ဗဟိုမှခန့်အပ်ထားသည့် အုပ်ချုပ်ရေးမှူးများက ဒေသတွင်းရှိ အာဏာပိုင်များကို အုပ်ချုပ်ပိုင်ခွင့်များပေးပြီး ထိန်းကျောင်းကြပ်မတ်ခြင်းပြုလုပ်သည်။ [32]

ကုန်းဘောင်မင်းဆက်၏ နယ်မြေအများစုကို ယနေ့ခေတ် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် အဆင့်တူ ဖြစ်သည့် *မြို့ဝန်* များက အုပ်ချုပ်ခဲ့သည်။ ဗဟိုမှ တိုက်ရိုက်ခန့်ထားခြင်းဖြစ်သောကြောင့် ဒေသအကျိုးထက် နိုင်ငံတော်အား ကိုယ်စားပြုမှုကိုသာ ရှေးရှုခဲ့ကြသည်။[33] ၄င်းတို့နှင့် မတူခြားနားစွာ ရှမ်းပြည်ထောင်များတွင် - ကုန်းဘောင်ကို ပဏ္ဏာဆက်သည့် ပြည်ထောင်ဖြစ်စေ၊ မဆက်သည့် ပြည်ထောင်ဖြစ်စေ - မြို့နယ် (မိုင်း) တိုင်းတွင် အပိုင်စားမင်းသားများ (စော်ဘွား) များရှိပြီး လွတ်လပ်သည့် နိုင်ငံငယ်များသဖွယ် အုပ်ချုပ်မင်းလုပ်ကြသည်။[34]

မြန်မာနှင့် *တိုင်း* (Tai) တို့အသုံးပြုခဲ့သည့် စနစ်များမှ "အုပ်ချုပ်ရေး" သည် အခွန်ကောက်ခံရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုကို ထိန်းကျောင်းရေး၊ စစ်သားစုဆောင်းရေး အတွက် အထူးအလေးပေးသည်။ ကျေးရွာအုပ်စုအဆင့်များတွင် နေပြည်တော်မှ အုပ်ချုပ်သူများခန့်ထားသည့် အုပ်ချုပ်ရေးမှူးများဖြင့် ယင်းစနစ် လည်ပတ်သည်။[35] ကျေးရွာအဆင့်တွင်မူ ရပ်ရွာတွင်းမှ တင်မြှောက်ထားသည့် ရွာသူကြီးများ (နှင့် ကော်မတီအသီးသီး)က အစိုးရအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သည်။ သို့သော်လည်း ၄င်းတို့၏ အာဏာကို အသုံးချခွင့်တော့မရှိပါ။ အရေးကြီးသည့်အချက်မှာ ရပ်ရွာတွင်းမှ တရားစီရင်ရေး သည် ရပ်ရွာအဆင့်ခေါင်းဆောင်များ၏ စီမံမှုအောက်တွင်ရှိသည်။ အကြောင်းမှာ ထိုကဲ့သို့သော အမှုအခင်းများကို ဖြေရှင်းရန်အတွက် စီရင်ထားသည့် ဥပဒေအနည်းငယ်သာရှိခြင်း သို့မဟုတ် နေပြည်တော်က ပြဋ္ဌာန်းထားသည့် ဥပဒေသည် ရပ်ရွာအဆင့်တွင်ပေါ်ပေါက်သည့် အရေးအခင်းများဖြေရှင်းရန်အတွက် အခက်အခဲများ ရှိနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ [36]

ထိုအချိန်အပိုင်းအခြားတွင် တောင်တန်းဒေသများ၌ နိုင်ငံရေးအဖွဲ့အစည်းအားလုံးသည် ကျေးရွာအဆင့်တွင်သာ ဖြစ်ပေါ်နေပြီး ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဆင့်သည် အရေးအပါဆုံး နိုင်ငံရေးယူနစ်ဖြစ်သည်။ အချို့တောင်ပေါ်ဒေသများတွင်မူ မြေပြန့်ဒေသမှ ပဒေသရာဇ်စနစ်ကိုအခြေခံပြီး ပိုမိုကြီးမားသည့် အာဏာစီးဆင်းမှုကို တည်ဆောက်ထားကြသော်လည်း မြေပြန့်အခြေစိုက် ရေသွင်းစပါး စိုက်ပျိုးကြသူများကဲ့သို့ နေရာတစ်ခုတွင် ကြာရှည်အခြေချခြင်းမရှိသဖြင့် လက်တွေ့ အကောင်အထည်ဖော်ရာတွင် ဖရိုဖရဲနိုင်လှသည်။ အဓိက ဥပမာများမှာ ကရင်နီ ပိုင်နက်နယ်မြေများနှင့်၊ ယနေ့ခေတ် ကယားပြည်နယ် နှင့် ရှမ်းပြည်မြောက်ပိုင်း ပလောင်စော်ဘွားများ၏ စနစ်များဖြစ်သည်။[37]

ကချင်ဧရိယာအများစုတွင် ကျင့်သုံးနေသည့် *ဂွန်ဆ* (Gumsa) အမွေစားအမွေခံ ခေါင်းဆောင်မှုစနစ် သည် ရှမ်းတို့၏ စနစ်ပေါ်တွင်အခြေခံထားသည်ဟု ဆိုနိုင်သည်။[38] ကျေးရွာအုပ်စု အတိုင်းအတာထက် ကျော်လွန်ပြီး နိုင်ငံရေးအဝန်းအဝိုင်းတစ်ခု (Mung)ကို အကြီးအကဲတစ်ဦး (Duwa) က အုပ်စိုးသည်က တွေ့ရခဲသည်။ [39] အချို့သော ကချင်လူ့အဖွဲ့အစည်းများက *ဒူဝါ* များ အုပ်စိုးမှုကိုဆန့်ကျင်ပြီး တန်းတူရည်တူစနစ်ဖြစ်သော *ဂွန်လောင်* (Gumlao) စနစ်ကို ကျင့်သုံးကြသည်။[40] တောင်တန်းဒေသများမှာ ကုန်းဘောင်မင်းများ၏ တော်ဝင်အုပ်ချုပ်ရေး၏ စိတ်ဝင်စားမှု အနည်းငယ်သာရရှိသည်။ သို့သော်လည်း အချို့သော ခေါင်းဆောင်များက ပဏ္ဏာဆက်ခြင်းများ ရှိခဲ့သည်။[41]

အချို့သော ကရင်လူမျိုးများသည် တစ်သီးပုဂ္ဂလအသွင်ဖြင့် မြေပြန့်နိုင်ငံရေးစနစ်၏ အရေးပါသော နေရာများတွင် နေရာရကြသော်လည်း ကရင်တောင်တန်းဒေသများတွင်မူ ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ထက် သာသော နိုင်ငံရေးအစုအဖွဲ့ကို တွေ့မြင်ရန်မှာခက်ခဲသည်။[42] တစ်ချိန်တည်းတွင် အစွန်အဖျားဒေသများဖြစ်သော နာဂ၊ 'မြောက်ပိုင်း ဝ'၊ နှင့် ယနေ့ ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်း နှင့် ကချင်ပြည်နယ်များတွင် နေထိုင်ခဲ့သူများသည် မြေပြန့်မှ ဘုရင်များနှင့် အဆက်အဆံ

[31] Taylor (2009) p.81; Sai Aung Tun (2009), p.151

[32] Taylor (2009) pp. 22-24 တွင် မင်းဆက် အဆက်ဆက် ကျင့်သုံးခဲ့သည့်ပုံစံများကို ဖော်ပြထားသည်။ pp. 34-38 တွင် အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ အကြီးအကဲများနှင့်ဆက်ဆံရေး၊ အခြားအာဏာရှိသူများ နှင့်ဆက်ဆံရေး ကိုအကျယ်တဝင့်ဖော်ပြထားသည်။

[33] Chit Saw & Arnold (2014), pp. 4-5; Taylor (2009), pp. 34-38

[34] Sai Aung Tun (2009), pp. 39-41

[35] Chit Saw & Arnold (2014), pp. 4-5; Taylor (2009), pp. 34-38

[36] Taylor (2009), p. 53

[37] မြေပြန့်ဒေသမှ စနစ်နှင့် ဆင်တူသည်ဟုဆိုရာတွင် အခေါ်အဝေါ်အားဖြင့်သာ ဖြစ်သည်ဟု Smith က အဆိုပြုထားသည်။ Smith (1999), p. 33;

[38] Leach (1954), p. 57; pp. 213-220

[39] Leach (1954), p.122.

[40] Leach (1954), p. 57.

[41] Taylor (2009), p. 25.

[42] Marshall (1922), p.129; South (2008), p.13

မရှိသလောက်ဖြစ်သည်။ နာဂ များသည် လူမျိုးစု အခြေပြု မျိုးရိုးစဉ်ဆက် အုပ်ချုပ်မှုကို အထူးစောင့်စည်း ကျင့်သုံးအုပ်ချုပ်သည်။[43] မြောက်ပိုင်း 'ဝ' ဒေသတွင်မူ ရွာအကြီးအကဲများ ဦးဆောင်နေသည့် အချင်းချင်း စစ်မက်ဖြစ်ပွားနေသောရွာများရှိပြီး ၎င်းတို့သည် 'မည်သူ့ လက်အောက်ခံမှမဟုတ်ဟု သိရှိကျော်ကြား' သည်။[44]

## ၂.၂ ဗြိတိသျှအောက်မှ အုပ်ချုပ်ရေးစနစ်

မြန်မာဘုရင်မင်းဆက်များကဲ့သို့ပင် ဗြိတိသျှများသည်လည်း အကျိုးအမြတ်မရှိ၊ ထိန်းချုပ်ရန်ခက်ခဲသောဒေသများကို ရှိရင်းစွဲ အာဏာလည်ပတ်မှုပုံစံအတိုင်းသာ မတို့မထိပဲထားခဲ့သည်။ ထိုကဲ့သို့ ကင်းလွတ်ခွင့်ပေးထားသည့် ဒေသများတွင် ယနေ့ ကချင်၊ ချင်း၊ ရှမ်း၊ ယနေ့ ရခိုင်ပြည်နယ်၏ တောင်ထူထပ်သည့်အပိုင်း၊ စစ်ကိုင်း နှင့် ကရင်တို့ပါပြီး 'တောင်တန်းဒေသများ' ဟု စာရင်းသွင်းခဲ့သည်။ ဗြိတိသျှ ကိုလိုနီ ကာလတလျှောက်လုံး အမိန့်နာခံ နေသရွေ့၊ အခွန်ပေးနေသရွေ့၊ ပဏ္ဏာဆက်နေသရွေ့၊ ဗြိတိသျှတို့ ချမှတ်သည်များကို မဖီဆန်သရွေ့ အဆင့်မတူသည့် အုပ်ချုပ်ရေးဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့် အမျိုးမျိုးကို ၎င်းဒေသများအား ပေးအပ်ထားခဲ့သည်။[45] ကရင်နီပြည်များ (ယနေ့ကယားပြည်နယ်) သည် လွတ်လပ်စွာ ရပ်တည်ကြသည်ဟု အမည်ခံခဲ့သော်လည်း ဖော်ပြပါစနစ်ကိုလိုက်နာရသည့် စာချုပ်တွင်ပါဝင်ခဲ့သည့်အတွက် အထက်ပါကိစ္စများကို လိုက်နာဆောင်ရွက်ရသည်။[46]

နယ်ချဲ့များသည် ကုန်းဘောင်မင်းဆက်၏ ပိုင်နယ်များအပြင်ဘက်သို့လည်း နယ်မြေချဲ့ထွင်မှုများ ပြုလုပ်ခဲ့သည်။ နာဂဒေသသို့ ၁၈၈၀[47]၊ 'ဝ' ဒေသသို့ ၁၈၉၁[48]၊ ကိုးကန့်ဒေသသို့ ၁၈၉၄[49]၊ နှင့် မြန်မာ ထက် တရုတ်၊ ထိုင်း နိုင်ငံများဖြင့် ပိုမိုနီးစပ်သည့် အခြား *တိုင်း* ပြည်ထောင်များကို နယ်မြေချဲ့ထွင်ခဲ့သည်။ ထိုဒေသများသည် မတူညီသည့် သွယ်ဝိုက်အုပ်ချုပ်မှုပုံစံအမျိုးမျိုး၏ အောက်သို့ ကျရောက်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ လက်တွေ့အခြေအနေများအရ ယနေ့မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများသည် ဒုတိယကမ္ဘာစစ်ပြီးသည့်တိုင် မြေပုံကောင်းကောင်းထုတ်မရသေးပဲ အစိုးရ၏ အာဏာသက်ရောက်မှု အနည်းငယ်သာရှိသည့် နေရာများဖြစ်သည်။ [50]

အောက်မြန်မာပြည်ဟု တွင်သည့် ကျန်မြန်မာနိုင်ငံအပိုင်းကို ဗဟိုဦးစီးမှု၊ ဗျူရိုကရက်ချုပ်ကိုင်မှု အောက်သို့ သွတ်သွင်းခြင်းကို အရှိန်အဟုန်ဖြင့် ပြုလုပ်ခဲ့သည်။ ထိုသို့သွတ်သွင်းမှုသည် ဒေသဆိုင်ရာ ခေါင်းဆောင်များ၏ အာဏာအသုံးချမှုကို အကြီးအကျယ်ကန့်သတ်သည့် လုပ်ငန်းစဉ်ဖြစ်သည်။[51] နောက်ထပ် အရေးပါသည့် အပြောင်းအလဲတစ်ခုမှာ ကုန်းဘောင်မင်းဆက်အောက်မှ အုပ်စိုးသူလူတန်းစားအစား ၎င်းတို့ထက် လူမှုအဆင့်အတန်း နိမ့်ကျသူများက အရေးပါသည့် အုပ်ချုပ်မှုအဖွဲ့အစည်းများတွင် နေရာရလာခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကိုလိုနီအုပ်ချုပ်ရေးက လူမျိုးစု အမျိုးအမည်ခွဲခြားခြင်းကို တင်းကျပ်စွာပြုလုပ်လိုက် သဖြင့် လူမျိုးစုကွဲပြားခြင်းလျော့ကျသွားပြီး လူမျိုးစု၊ ဘာသာစကား အုပ်စု ဆက်နွယ်မှုရှိသူများကို စုဖွဲ့ခေါ်ဆိုသည့် ကရင်၊ ကချင်၊ ကရင်နီကဲ့သို့သော အမည်သတ်မှတ်ချက်များ ပေါ်ထွက်လာသည်။[52]

---

[43] See Steyn (2002), p. xv

[44] Kramer (2007), p. 6 တွင် G.E Harvey ၏ ဗြိတိသျှ ကိုလိုနီမှတ်တမ်းများ ကောက်နုတ်ချက်ကို ဖော်ပြထားသည်။ ထိုအစီရင်ခံစာတွင် "မြောက်ပိုင်း ဝ" ဟု ဆိုသူများသည် ဗြိတိသျှများက 'ဝ ရိုင်း' (ခေါင်းဖြတ်သည်ဟု အမည်ဆိုးဖြင့် ကျော်ကြားသူများ) ဟုခေါ်ဆိုသူများကို ရည်ညွှန်းပြီး ဗုဒ္ဓဘာသာကိုးကွယ်ပြီး ရှမ်းယဉ်ကျေးမှုအတိုင်း ကျင့်သုံးကာ မိုင်းလွန်း မှ *တိုင်း* မင်းဆက် အောက်တွင် နေထိုင်သည့် 'ဝ ယဉ်' များနှင့် မတူပါ။ (See Sai Aung Tun pp. 148-149).

[45] အုပ်ချုပ်ရေးစနစ် အခင်းအကျင်းများမှာ အချိန်ကာလလိုက်ပြီး တနေရာနှင့် တနေရာကွဲပြားမှုရှိသည်။ Smith (1999), pp. 41-44 တွင် ပိုမိုတိကျသော ထိုစနစ်များ ပုံပေါ်လာပုံ အဆင့်ဆင့်ကို ဖော်ပြထားသည်။ ယင်းနယ်မြေများနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ စနစ်များအကြောင်းကို အသေးစိတ် သိရှိလိုပါက Sai Aung Tun pp.216-223. (2009) တွင်ကြည့်ပါ။ ကိုလိုနီခေတ် အုပ်ချုပ်ရေး အဆင့်များအပေါ် ခြုံငုံသုံးသပ်ချက်များ အတွက် Taylor (2009) pp. 75-77 ကိုကြည့်ပါ။ အုပ်ချုပ်ရေး နယ်မြေများ ခွဲခြားမှု အသေးစိတ်အတွက် Sai Kham Mong (2007), pp. 258-260၊ တောင်တန်းမြေပြန့်ခွဲခြားမှုဖြစ်ပေါ်လာပုံအဆင့်ဆင့်အတွက် ၎င်း၏ p. 80၊ pp 80-89၊ ရှမ်းပြည်နယ် အုပ်ချုပ်ရေးစနစ်အတွက် pp92-99 တွင် ဖော်ပြထားသည်။ ရှမ်းပြည်နယ်နှင့် ပတ်သက်သည့် ယေဘုယျ ခြုံငုံသုံးသပ်ချက်များအတွက် South (2008), pp.9-10; Nakanishi (2013), pp.34-35; Taylor (2007), p. 75; Furnivall (1960), pp.10-12 တို့ကို ကြည့်ပါ။ Sai Aung Tun (2009) pp.163-189. တွင်မူ ရှမ်းပြည်နယ်နှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို ဖော်ပြထားပါသည်။

[46] Sai Aung Tun (2009), p. 222-233 ကိုကြည့်ပါ။

[47] ၁၈၂၆ တွင်ချုပ်ဆိုသည့် ရန္တပိုစာချုပ်အရ နာဂဒေသကို အာသံ၏ တစ်စိတ်တစ်ပိုင်းအဖြစ်ထိန်းချုပ်နိုင်သည်ဟု ဗြိတိသျှတို့မှတ်ယူခဲ့သည်။ သို့သော်လည်း အာသံနှင့် တသီးတခြားနေခဲ့သည့် နာဂများက နယ်ချဲ့မခံဘဲ ဆက်လက်တိုက်ခိုက်ခဲ့သည်။ ၁၈၈၀ တွင် သဘောတူညီချက်တစ်ခုချုပ်ဆိုခဲ့ပြီး ၎င်းသဘောတူညီချက်အရ ဗြိတိသျှများသည် နာဂနယ်မြေများတွင် စစ်တပ်စွဲခွင့်ရရှိခဲ့သည်။ အုပ်ချုပ်ရေး ကိစ္စများကိုမူ နာဂ တို့လက်ဝယ်တွင်သာ ထားရှိရမည်ဟု သဘောတူခဲ့ကြသည်။ Steyn (2002), p.29 တွင်ကြည့်ပါ။

[48] 'ဝ' ဒေသသို့ ဗြိတိသျှ ဝင်ရောက်မှုနှင့် ပတ်သက်၍ Kramer (2003), pp. 6-8; နှင့် Sai Aung Tun (2009) pp.148-149 ကိုကြည့်ပါ။

[49] ကိုးကန့်ဒေသသည် ၁၈၉၄ နယ်စပ်မျဉ်း ညှိနှိုင်းရေးတွင် တရုတ်က ဗြိတိသျှထံသို့ ပေးလိုက်ရသည့် ဒေသဖြစ်သည်။ See Sai Aung Tun (2009), p.161 ကိုကြည့်ပါ။

[50] Smith (1999) p. 40.

[51] ယင်းလုပ်ငန်းစဉ်သည် ဒေသအဆင့်အာဏာပိုင်များ၏ အာဏာဆင်းသက်မှုကို စနစ်တကျပယ်ဖျက်ခြင်းဖြစ်ပြီး Taylor (2009), 83-89; Nakanishi (2013), pp.30-40; Callahan (2003a), pp.21-24 တို့ရေးသားသည့် စာများတွင် အသေးစိတ်ဖော်ပြထားပါသည်။

[52] လူမျိုးစုအမည်ခွဲခြားခြင်း သို့မဟုတ် တီထွင်ဖော်ထုတ်ခြင်းများ လုပ်ပုံဆောင်ပုံနှင့် ပတ်သက်သည့် မေးခွန်းထုတ်စရာများကို Walton (2013); Walton (2008), pp. 892-894; South (2008) pp. 2-8; Taylor (2007) pp. 72-78; Nakanishi (2013), pp. 40-44 စသည့် စာအုပ်များတွင် ရှုထောင့်အစုံမှ ဆွေးနွေးဖော်ပြထားသည်။

ထိုမှရလဒ်အနေဖြင့် ကရင်ကဲ့သို့သော ဗမာမဟုတ်သည့် တိုင်းရင်းသားလူမျိုးစုအချို့သည် ဗြိတိသျှတို့၏ စစ်ရေးဆိုင်ရာတပ်ဖွဲ့များ၊ အုပ်ချုပ်ရေး ဆိုင်ရာ အဓိကနေရာအများအပြားတွင် နေရာရလာကြသည်။

၁၉၂၀ - ၃၀ နှစ်များအတွင်း တောင်တန်းဒေသများရှိ ဒေသန္တရအုပ်ချုပ်ရေးပုံစံကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ပထမဆုံးဆောင်ရွက်ချက်မှာ ၁၉၂၂ တွင် ရှမ်းပြည် ပြည်ထောင်စုကိုဖွဲ့စည်း လိုက်ခြင်းဖြစ်သည်။ ယင်းဒေသ၏ အုပ်ချုပ်မှုစနစ်များကို ပိုမိုစနစ်ကျစေရန်၊ တစ်စုတစ်စည်းတည်းဖြစ်စေရန် ရည်ရွယ်၍ ရှမ်းစော်ဘွားများ၏ အတိုက်အခံများ ကြားမှဆောင်ရွက်ခဲ့သည်။ ယင်းစနစ်သည် စော်ဘွားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အကြီးအကျယ်ထိခိုက်စေခဲ့သည်။[53] ထိုအချိန်တွင် မြောက်ပိုင်း 'ဝ' နယ်မှာ ရှမ်းပြည်ထောင်စု အပြင်ဘက်တွင် လွတ်လပ်စွာ တသီးတသန့်ရပ်တည်ဆဲဖြစ်သည်။[54]

မြန်မာပြည်အောက်ပိုင်းဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တချို့တဝက်ပေးမည့် ဘားမားအစိုးရအက်ဥပဒေကို (Government of Burma Act) ၁၉၃၅ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၁၉၃၇ တွင်အတည်ပြုခဲ့ကာ မြန်မာပြည်အောက်ပိုင်းကို ပြည်မ ဟု သတ်မှတ်ခဲ့သည်။ တောင်တန်းဒေသ (Ministerial Burma) ကို အပိုင်း ၁၊ အပိုင်း ၂ ခွဲကာ ပြင်ပဧရိယာများ အဖြစ်သတ်မှတ်ခဲ့သည်။ ကိုင်တွယ်ရလွယ်သည့် အပိုင်း ၂ ကို ရန်ကုန်မှ အမျိုးသားပါလီမန်တွင် အမတ်ရွေးချယ်တင်မြှောက်နိုင်ခွင့်ပေးခဲ့သည်။ ပြင်ပဧရိယာများတွင်မပါသည့် ဒေသများသည် မြစ်ကြီးနား၊ သထုံ၊ ဗန်းမော်ကဲ့သို့သော အုပ်ချုပ်ရေးအရ ပေါင်းစပ်ခံထားရသည့် တိုင်းရင်းသားဒေသများ ဖြစ်လာခဲ့သည်။[55] ထိုကဲ့သို့သော သတ်မှတ်ချက်များမပေါ်ပေါက်မီ တောင်တန်းဒေသဆိုသည်မှာ ဗမာအများစုနေထိုင်ရာ အောက်မြန်မာပြည်နှင့် တသီးတသန့်နီးပါး ခွဲခြားအုပ်ချုပ်ခဲ့သည့် နေရာများ ဖြစ်သည်။ တချိန်တည်းမှာပင် ကရင်နယ်မြေများကိုလည်း အုပ်ချုပ်ရေးနယ်မြေအမျိုးအစား ၅ မျိုးခွဲခြားလိုက်သည်။[56] ယင်းအနက်မှ ကိုယ်ပိုင်လွတ်လပ်ခွင့် အရဆုံးဒေသများသည် ဗြိတိသျှတို့ လျစ်လျူရှုမှု သက်သက်ကြောင့်သာ ရရှိခြင်းဖြစ်ပြီး ရည်ရွယ်ချက် သို့မဟုတ် မူဝါဒများကြောင့်မဟုတ်ပါ။ [57]

ထိုကဲ့သို့သော အပြောင်းအလဲများသည် မတူညီသည့်နယ်မြေများကို မည်သည့်ပုံစံဖြင့် အုပ်ချုပ်မည်၊ မည်သည့် ပြည်နယ်အတွင်းသို့ ထည့်သွင်းမည် နှင့် ပတ်သက်ပြီးမတူညီသည့်အမြင်များ၊ အားပြိုင်မှုနှင့်အတူ လူမျိုးစုအမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာရခြင်း၏ တစ်စိတ်တစ်ပိုင်းအကြောင်းရင်းများဖြစ်သည်။ အထိရောက်ဆုံးလှုပ်ရှားမှုမှာ စစ်လိုလားသည့် ဗမာလူမျိုး *သခင်* များဦးဆောင်သည့် ဗမာ့လွတ်လပ်ရေး လှုပ်ရှားမှုဖြစ်သည်။ လွတ်လပ်သောနိုင်ငံကို ရန်ကုန် ဗဟိုပြုတည်ဆောက်မည်ဟု အမြင်ရှိကြသူများလည်းဖြစ်သည်။[58] ၁၉၂၂ ခုနှစ် မှစပြီး ရှမ်းစော်ဘွားများသည် ဗြိတိသျှတို့၏ကြီးကြပ်မှုအောက်တွင် ဗမာများထံမှခွဲထုတ်ပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်အပြည့်အဝပေးရန်တောင်းဆိုခဲ့သည်။ လက်ရှိအချိန်တွင် ထင်ရှားနေသည့် ကရင် အမျိုးသား လှုပ်ရှားမှုကို တရားဥပဒေနှင့်အညီဖွဲ့စည်းထားသည့် ကရင်အမျိုးသားအဖွဲ့အစည်း (Karen National Association) က ဦးဆောင်ပြီး ကရင်နယ်မြေများကို ပို၍စနစ်တကျစုစည်းပေးရန် ကရင်နိုင်ငံ တည်ထောင်ရန်အတွက် ဥပဒေများပြဋ္ဌာန်းပေးရန် တောင်းဆိုခဲ့သည်။ ကရင်နီနိုင်ငံ (ယနေ့ ကယား) သည် ၁၉၄၈ မတိုင်မီကာလအထိ လွတ်လပ်သော နိုင်ငံ အဖြစ်ရပ်တည်နေနိုင်ခဲ့သည်။

## ၂.၃ လွတ်လပ်ရေးနှင့် ပြည်တွင်းစစ် စတင်ခြင်း (၁၉၄၅ - ၄၇)

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အုပ်စိုးစဉ်ကာလက ဒေါက်တာဘမော်ဦးဆောင်သည့် ရုပ်သေးအစိုးရသည် ဂျပန်စစ်တပ် လက်အောက်ခံအဖြစ် ပြည်မကိုအုပ်ချုပ်ခဲ့ပြီး တောင်တန်းဒေသအများစုတွင် ဗြိတိသျှတပ်များနှင့် လူနည်းစု တိုင်းရင်းသား မဟာမိတ်များက နေရာယူထားသည်။[59] စော်ဘွားအများစုမှာမူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ မပျောက်ပျက်ရအောင် ဂျပန်များနှင့် သဘောတူညီချက် ရယူခဲ့ကြသည်။ သို့သော် ဂျပန်များက ယနေ့ရှမ်းပြည်တောင်ပိုင်း ဒေသအချို့ကို ထိုင်းနိုင်ငံသို့ ခေတ္တလွှဲပြောင်း ပေးခဲ့သည်။ [60]

---

[53] Sai Aung Tun (2009), pp. 186-188; Yawnghwe (1987) pp. 76-80

[54] Kramer (2007), p. 8

[55] Smith (1999), p. 43; တွင် Part I and Part II ( အပိုင်း ၁၊ အပိုင်း ၂) ဧရိယာများနှင့် ပတ်သက်ပြီး FACE report (1947) ဖော်ပြချက်အသေးစိတ်ကို ဖတ်ရှုကိုးကားနိုင်ပါသည်။

[56] ကရင် အမည်အောက်မှ လူမျိုးစုများအရေအတွက်သည် ပြည်မ၊ ရှမ်းပြည်ထောင်စု၊ နှင့် လွတ်လပ်သော ကရင်နီပြည်၊ နှင့် ချန်လှပ်ဧရိယာများ အပိုင်း ၁၊ အပိုင်း ၂ တလျှောက်ပြန့်နှံ့နေထိုင်နေကြသည်။

[57] Smith (1999), p. 51

[58] သခင်ပါတီသည် ဗြိတိသျှများက အပြည့်အဝ ကြိုးကိုင်ထားသည့် အစိုးရသစ်အားဖြင့်ကြိုးစားလျှင်တော့ လွတ်လပ်ရေးမရနိုင်ဟု ယုံကြသူများဖြစ်ပြီး နောက်ပိုင်းတွင် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကိုရွေးချယ်ကြသူများဖြစ်သည်။ ၄င်းတို့သည် တရုတ်ကွန်မြူနစ်ပါတီ နှင့် အခြားသော အမျိုးသားရေးဝါဒီ အဖွဲ့များအပြင် အိန္ဒိယကွန်ဂရက်တို့နှင့် ဆက်သွယ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်တွင်တော့ ဂျပန်များနှင့် လက်တွဲခဲ့သည်။ Nakanishi (2013) pp 38-40; Callahan (2003a), pp 48-49.

[59] Taylor (2009) pp 227-228

[60] Taylor (2009), pp. 227-228; ရှမ်းပြည်နှင့် ပတ်သက်ပြီး Sai Aung Tun (2009) pp 204 -206 ကိုကြည့်ပါ။

၁၉၄၅ ခုနှစ် ဗြိတိသျှများ ပြန်လည်ဝင်ရောက်လာသည့်အချိန်တွင် ဂျပန်နှင့်မဟာမိတ်ဖွဲ့ခဲ့သည့် ဗမာအုပ်စု (ဗမာ့လွတ်လပ်ရေးလှုပ်ရှားမှု ဦးဆောင်ခဲ့သူများ)နှင့် ဗြိတိသျှတို့နှင့် မဟာမိတ်ဖွဲ့ခဲ့သည့် လူမျိုးစုများအကြားမှ တင်းမာမှုသည် အမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့သည်။ ထူခြားချက်အနေဖြင့် ၁၉၄၅ ခုနှစ်တွင် အဖွဲ့အသီးသီးမှ ပါဝင်သော စစ်တပ်အဖြစ်ဖွဲ့စည်းရန် သဘောတူညီမှု ရရှိခဲ့ကြသည်။ ထိုမှ အဖွဲ့များအားလုံး ပေါင်းစည်းထားသည့် စစ်တပ်အသစ်တစ်ခုဖြစ်သည့် တပ်မတော် ပေါ်ပေါက်လာသည်။ သို့သော် ယင်းစစ်တပ်တွင် တိုင်းရင်းသားလူမျိုးစုအလိုက် ယူနစ်များကို ခွဲခြားထားခဲ့သည်။[61]

ဗြိတိသျှများက ဗမာပြည် ကို လွတ်လပ်ရေးပေးရန် သဘောတူလိုက်သည့်အခါတွင် ဗမာ မဟုတ်သည့် ခေါင်းဆောင်များက ၄င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ခိုင်မာစေရန်၊ ဗမာများနှင့်တန်းတူ အဆင့်တူရန် အတွက်တောင်းဆိုချက်များ ရှိလာသည်။ နယ်မြေအတော်များများကို ပြည်မ၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ထားခြင်း ခံထားရသည့် ကရင်နယ်မြေ များမှ ကရင်ခေါင်းဆောင်များက နိုင်ငံရေးအရ တန်းတူညီတူရှိသည့် ပိုမိုခိုင်မာလွတ်လပ်မှုရှိသော ကရင်ပြည်နယ် ပေါ်ပေါက်လာရေး အတွက် အစဉ်တစိုက်တောင်းဆိုခဲ့ကြသည်။[62] ကရင်နီနိုင်ငံမှ နယ်မြေအချို့ကိုလည်း အထက်ပါ တောင်းဆိုချက်တွင် ထည့်သွင်းပေးရန် အချို့သော ကရင် အစုအဖွဲ့များက တောင်းဆိုခဲ့ကြသည်။ ဗမာပြည် အတွင်းသို့ တရားဝင်ပေါင်းစပ်ခံရခြင်း မရှိခဲ့သဖြင့် ကရင်နီ ခေါင်းဆောင်များ ၄င်းတို့၏ လွတ်လပ်ရေးကြေညာခဲ့သည်။[63]

ဗမာ၏ အစိတ်အပိုင်းတစ်ခုအဖြစ်နေမည်လား၊ သီးခြား အုပ်ချုပ်မှုပုံစံ လုံးလုံးမဟုတ်သော်လည်း တသီးတသန့် နေမည်လား ဟူသည့်မေးခွန်းများမှာ ကချင်၊ ရှမ်း၊ ချင်းတို့အတွက် အဓိက မေးခွန်းဖြစ်ခဲ့သည်။ ထိုမေးခွန်း၏ အဖြေကို ၁၉၄၇ခုနှစ် ပင်လုံညီလာခံတွင် ဗမာအုပ်ချုပ်ရေး နှင့်တွဲပြီး လွတ်လပ်ရေးရယူမည် သို့သော်လည်း ကြားကာလတွင်တော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကိုအပြည့်အဝကျင့်သုံးမည်ဟူသော အချက်ကိုသဘောတူ လိုက်ခြင်းဖြင့် ယာယီပြေလည်သွားသည်။[64] လွတ်လပ်သော ဗမာပြည်ကို မည်ကဲ့သို့သော စနစ်ဖြင့် တည်ဆောက် မည်ဆိုသည့် အချက်နှင့်ပတ်သက်ပြီး သမိုင်းဝင်ပင်လုံစာချုပ်တွင် ရှင်းလင်းစွာဖော်ပြထားခဲ့ခြင်းမရှိပါ။ သို့သော်လည်း ထိုကာလ၏ အရေးအပါဆုံးသဘောတူညီချက်မှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်လည်း ယခင်အတိုင်းရှိနေစေရမည်၊ ဆန္ဒရှိပါက နိုင်ငံမှ အပြီးအပိုင်ခွဲထွက်နိုင်ခွင့်နှင့်အတူ ကိုယ်ပိုင်ပြဌာန်းခွင့်လည်း ရရှိမည်ဟူသော အချက်ပင်ဖြစ်သည်။[65]

ဗမာမဟုတ်သော ခေါင်းဆောင်များ၏ နိုင်ငံရေးသဘောထားဆန္ဒများကို လေ့လာရန်အတွက် ဗြိတိသျှနှင့် တောင်တန်းဒေသ အရာရှိများ ပူးပေါင်းဖွဲ့စည်းထားသည့် တောင်တန်းဒေသစုံစမ်းရေး ကော်မရှင်က လေ့လာမှုတစ်ခုကို ၁၉၄၇တွင် ပြုလုပ်ခဲ့သည်။ စုံစမ်းမှု ရလဒ်များအရ ရှမ်းနှင့် ကချင် ခေါင်းဆောင်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးကို ဖြစ်နိုင်သမျှအပြည့်အဝ အသုံးချနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းရန်အကြီးအကျယ်ထောက်ခံကြသည်။[66] ချင်း ခေါင်းဆောင်များကတော့ ပြည်မနှင့် ပေါင်းစပ်ရန်လိုလားကြပြီး ကြားဝင်မှုမရှိရန်နှင့် ခေါင်းဆောင်များအနေဖြင့် ၄င်းတို့ နယ်မြေများကို ယခင်အတိုင်း အုပ်ချုပ်နိုင်ရန်လိုလားကြသည်။ သို့သော်လည်း ယင်းသဘောထားသည် ချင်း ခေါင်းဆောင်အများအပြား၏ သဘောထားနှင့် ဆန့်ကျင်နေသေးပြီး နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ခွဲထွက်ခွင့်အပြည့်အဝ ရရှိရန် တောင်းဆိုလာခဲ့ကြသည်။[67] ယနေ့ စစ်ကိုင်းဒေသ၏ အချို့သောနေရာများမှ ချင်းများနှင့် မိမိကိုယ်ကို ဗမာဆန်သောရှမ်း (ရှမ်းဗမာ) ဟု သတ်မှတ်သူများက ပြည်မနှင့် တန်းတူရည်တူပူးပေါင်းလိုသည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြသည်။[68]

စစ်အပြီး စပ်ကူးမတ်ကူးကာလအတွင်း ပိုမိုကျယ်ပြန့်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရရှိခဲ့သည့် ကိုးကန့်ဒေသမှ ခေါင်းဆောင်တစ်ဦးက ၄င်း၏ပြည်သူများအတွက် ဒေသတွင်းကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝ ရရှိနေသမျှ တရုတ်နှင့် ပေါင်းသည်ဖြစ်စေ၊ ဗမာနှင့်ပေါင်းသည်ဖြစ်စေ အကြောင်းမထူးပါဟု ပြောကြားခဲ့သည်။[69] မြောက်ပိုင်း 'ဝ' ခေါင်းဆောင်များက -

---

[61] ခြေလျင်တပ်များတွင် ဗမာတပ်ရင်း ၄ ရင်းနှင့် ကရင်၊ ကချင်၊ ချင်း တပ်ရင်း ၂ ရင်းစီပါဝင်သည်။

[62] Thawnghmung (2007), p. 7; Smith (1999), p. 73;

[63] Smith (1999), p.73

[64] သဘောတူညီချက်ကို အခြားလူမျိုးစု ကိုယ်စားလှယ်များ ပါဝင်လက်မှတ်ထိုးခြင်းမရှိသကဲ့သို့ အချို့သော အရေးပါသည့် နိုင်ငံရေး ခေါင်းဆောင်များကိုလည်း ဖယ်ထုတ်ထားခဲ့သည်။ လွတ်လပ်သော ဗမာပြည်နှင့်ဆိုင်သည့် လက်တွေ့အစီအစဉ်များအတွက် ယင်းစာချုပ်တွင် ရှင်းလင်းစွာ သဘောတူထားခြင်းလည်းမရှိခဲ့ပေ။ တောင်တန်းဒေသ အုပ်ချုပ်ရေးပိုင်းနှင့်ဆိုင်သည့် သဘောတူညီမှုများမှာ ကြားကာလအတွက်သာဖြစ်ပြီး ရေရှည်သဘောတူညီချက်များနှင့် ပတ်သက်၍တစ်စုံတစ်ရာ ဖော်ပြခဲ့ခြင်း မရှိပါ။ ၄င်းသဘောတူစာချုပ်၊ ၄င်းစာချုပ်နှင့်ပတ်သက်ပြီး ပေါ်ထွက်ခဲ့သော ဒဏ္ဍာရီဆန်ဆန် အချက်အလက်များအကြောင်းကို Walton (2008) က ဝေဖန်ရေးသားထားဖူးပါသည်။ Smith (1999), pp. 78-79 ကိုလည်းဖတ်ရှုနိုင်ပါသည်။ ပင်လုံစာချုပ် ကို အင်တာနက်စာမျက်နှာ http://peacemaker.un.org/sites/peacemaker.un.org/files/MM_470212_Panglong%20Agreement.pdf တွင်လည်း သွားရောက်ဖတ်ရှုနိုင်ပါသည်။

[65] ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်သည် ပြည်ထောင်စုတစ်ခု ပုံစံကိုဦးတည်ခဲ့ပြီး ခွဲထွက်ရေးနှင့် ပတ်သက်၍ သီးသန့်ရည်ရွယ်ချက်မရှိခဲ့သည်ကို နားလည်ထားရန်လိုသကဲ့သို့ ရွေးချယ်နိုင်ခွင့်ကိုလည်း ကိုယ်ပိုင်ပြဌာန်းခွင့်၏ အနှစ်သာရအဖြစ် မှတ်ယူထားရန်လိုအပ်ပါသည်။

[66] FACE Report (1947), pp 18-19

[67] Sakhong (2013) pp 57-64

[68] FACE report (1947) pp 98-107

[69] FACE report (1947), pp. 31-34

ယခင်ကတည်းကပင် အလွန်တရာ လွတ်လပ်ခဲ့သည် ဖြစ်သောကြောင့် မည်သူနှင့်မှ မပေါင်းလိုပါ - ဟုဆိုခဲ့ပြီး ပေါင်းစည်းရေးကြောင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ အခြေခံကုန်စည်များကိုလည်း စိတ်မဝင်စားပါဟု တစ်ဆက်တည်း ပြောကြားခဲ့သည်။[70] စုံစမ်းရေးပြုလုပ်ရာ၌ မပါဝင်ခဲ့သူများမှာ နာဂ ခေါင်းဆောင်များဖြစ်ပြီး ၎င်းတို့ ကိုယ်စား အနီးအနားနယ်မြေများမှ ခေါင်းဆောင်များက ဖြေပေးခဲ့ကြသည်။ ချင်း ခေါင်းဆောင် တစ်ဦးက ပြည်မနှင့်ပူးပေါင်းမည့် ၎င်း၏ဆုံးဖြတ်ချက်ကို နာဂများကလည်း လက်ခံလိမ့်မည်ဟု ပြောခဲ့သည်။[71] နာဂခေါင်းဆောင်များကတော့ ထိုကဲ့သို့သော သဘောတူညီချက်မျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ပါဟု ယနေ့တိုင်ငြင်းဆိုလျက်ရှိပြီး မြန်မာ သို့မဟုတ် အိန္ဒိယထဲသို့ သွတ်သွင်းခြင်းကို တရားဝင် လက်ခံခြင်းမျိုး မည်သည့်အခါကမျှမရှိခဲ့ပါ။[72]

နောင်တွင်ပေါ်ပေါက်လာမည့် နိုင်ငံရေးအခင်းအကျင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ပိုမိုရရှိကျင့်သုံးနိုင်ရန် အခြားလူမျိုးစုများနည်းတူ တူညီသည့် ဆန္ဒများရှိခဲ့သော်လည်း ဗြိတိသျှတို့ ပြုလုပ်ခဲ့သည့် စုံစမ်းရေးနှင့် အခြားသက်ဆိုင်သော အငြင်းပွားမှုများတွင် ချန်လှပ်ခံခဲ့ရသူများမှာ အာရကန် နှင့် မွန်မှ ခေါင်းဆောင်များနှင့် ကရင်အများစုတို့ဖြစ်သည်။ ဗြိတိသျှတို့ ဝင်ရောက် လာချိန်တွင် ယင်းနယ်မြေများသည် ဗမာဘုရင်များ၏အုပ်စိုးမှုအောက်တွင် ရှိနေခဲ့သည်။ ဗြိတိသျှတို့အုပ်စိုးစဉ်အခါက သတ်မှတ်ထားသည့် တောင်တန်းဒေသများကိုသာ အလေးထားပြီး၊ ပြည်မဒေသတွင် ပါဝင်သော ဗမာမဟုတ်သည့် တိုင်းရင်းသား အုပ်စုများကို အလေးမထားခဲ့သောကြောင့် ချန်လှပ်ခံထားရခြင်းဖြစ်သည်။[73]

## ၂.၄ ဗမာနိုင်ငံတည်ထောင်ခြင်းနှင့် လွတ်လပ်ရေးအစောပိုင်းကာလ (၁၉၄၇ - ၁၉၆၂)

၁၉၄၇ စက်တင်ဘာတွင် ပြဌာန်းခဲ့သည့် အခြေခံဥပဒေအရ အသစ်ဖွဲ့စည်းလိုက်သည့် ရှမ်း၊ ကချင်နှင့် ကရင်နီ ပြည်နယ်များ (ကရင်နီကို ၁၉၅၁တွင် ကယားဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်) အနေဖြင့် လုပ်ပိုင်ခွင့်အနည်းငယ်ရရှိခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်များကို ဒေသမှ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များအနက်မှ ဗဟိုကရွေးချယ်ခန့်အပ်ခြင်းဖြစ်သော်လည်း ပြည်နယ်အစိုးရတွင် အုပ်ချုပ်ရေးဆိုင်ရာ လွတ်လပ်ခွင့်အတော်အတန်ရှိသည်။ ၎င်းအခြေခံဥပဒေအရ ကရင်နီနှင့် ရှမ်းပြည်နယ်များအနေဖြင့် ဆယ်နှစ်အကြာတွင် ခွဲထွက်ခွင့်ရှိသော်လည်း ကချင်ပြည်နယ်ကို ထိုသို့ခွဲထွက်ခွင့်မပေးခဲ့ပေ။[74] တချိန်တည်းတွင် ပြည်ထောင်စု နယ်နမိတ်များအားလုံးကို အုပ်ချုပ်ရေးယူနစ်တစ်ခုအဖြစ် သတ်မှတ်ပြီး ဗဟိုမှချုပ်ကိုင်ထားသော စနစ်အောက်တွင် တပြေးညီ အုပ်ချုပ်ခဲ့သည်။[75]

စော်ဘွားများမှာ ယခင်အတိုင်း နေရာရမြဲရခဲ့သော်လည်း ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာသည့် ၁၉၄၅ ခုနှစ်ကတည်းက နှစ်နှစ်တိုင်တိုင်ရှိခဲ့သော ၎င်းတို့၏သြဇာအာဏာများမှာ ရွေးချယ်ခံအစိုးရသစ်လက်ထက်တွင် မှေးမှိန်ယုတ်လျော့သွားခဲ့သည်။[76] ကချင်ဒူဝါများအတွက် အခြေခံဥပဒေတွင် တရားဝင်နေရာသတ်မှတ်ထားပေးခြင်းမရှိသော်လည်း အများစုမှာ ကချင်အမျိုးသားများ အတွက် သတ်မှတ်ထားသည့် ဝန်ကြီးချုပ်နေရာ၊ အမတ်နေရာများတွင် ရွေးချယ်ခံကြရသည်။[77]

မည်သို့ပင်ဆိုစေကာမူ ၁၉၄၇ အခြေခံဥပဒေသည် ဗမာမဟုတ်သည့် နယ်မြေများအတွက် အခွင့်အရေးပေးမှုများမှာ မတူညီသည်သာမက ဗမာမဟုတ်သည့် ခေါင်းဆောင်များ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းနိုင်မှုလည်း အားနည်းခဲ့သည်။[78] ပထမဆုံးအနေနှင့် ချင်းတို့သည် ပြည်နယ်မရပဲ “ဝိသေသတိုင်း” အဖြစ်သာ ရခဲ့သည်။ ချင်း ဝိသေသတိုင်းကို ပြည်ထောင်စု၏ အထွေထွေအုပ်ချုပ်မှုအောက်တွင် ထားခဲ့သော်လည်း ပညာရေးနှင့် ယဥ်ကျေးမှုကိစ္စများ ဆောင်ရွက်မှုကို ထိန်းကျောင်းရန်အတွက် သီးသန့်ကောင်စီနှင့် ချင်းရေးရာဝန်ကြီးတစ်ဦး ခန့်ထားခဲ့သည်။[79]

အထင်ရှားဆုံးအနေဖြင့် အခြေခံဥပဒေတွင် ကရင်ပြည်နယ်ဖွဲ့စည်းပေးရေးမပါဝင်ခဲ့သဖြင့် ကရင်တို့၏ နိုင်ငံရေး မကျေလည်မှုများမှ ပေါ်ပေါက်လာသည့် အုပ်ချုပ်ရေးဆိုင်ရာ အရှုပ်ထွေးများကို မဖြေရှင်းနိုင်ခဲ့ပါ။[80] ထို့ပြင်ရှမ်းစော်ဘွားများ၏ အုပ်စိုးမှုအပေါ်

---

[70] FACE report (1947), pp. 37-38

[71] FACE report (1947), pp. 98-107

[72] နာဂ အမျိုးသားကောင်စီ၏ ထိပ်တန်းခေါင်းဆောင်၊ အသစ်ဖွဲ့စည်းလိုက်သည့် နာဂအမျိုးသားရေးရာ ကောင်စီမှ ဒုတိယ ဥက္ကဌ နှင့် တွေ့ဆုံမေးမြန်းချက်။ (Thailand, February 2015)။ Steyn (2003) ကိုလည်းကြည့်ပါ။

[73] ပြည်မ နယ်မြေသတ်မှတ်ချက် အတွင်း ကျရောက်နေသည့် တောင်ထူထပ်သည့်ဒေသများမှာ ဗြိတိသျှတို့မရောက်မီကပင် လွတ်လပ်နေသည့် နယ်မြေများဖြစ်သည်။

[74] ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေ

[75] ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၂

[76] Sai Aung Tun (2009), pp. 327-336. ကရင်နီစော်ဘွားများကမူ ယခင်အတိုင်း တရားဝင်နေရာရဆဲဖြစ်သည်။ အခြေခံဥပဒေအရ အထက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် အလိုအလျောက်သတ်မှတ်ခြင်းခံရသည်။

[77] ကချင်ပြည်နယ် အစိုးရဝန်ကြီးအဖွဲ့နေရာ၏ တစ်ဝက်မှာ ကချင်မဟုတ်သူများအတွက်ဖြစ်ရမည်။ ၁၉၄၇ အခြေခံဥပဒေ ဒုတိယ အပိုင်း ၂ ကိုကြည့်ပါ။

[78] Smith (1999), pp. 79-80, pp. 82-83; Sakhong (2014). ၁၉၄၇ အခြေခံဥပဒေနှင့် ပတ်သက်ပြီး တိုင်းရင်းသား နိုင်ငံရေးသမားများ၏ အမြင်များကို ဆလိုင်းလျန်မှုန်းဆခေါင်းက ရေးသားထားပါသည်။ Sakhong (2013), pp 67-69.

[79] ၁၉၄၇ အခြေခံဥပဒေ၊ အပိုင်း ၅။

[80] ထိုအချိန်ကဆောင်ရွက်ခဲ့သော်လည်း ပြီးမြောက်မှုမရှိခဲ့သည့် လုပ်ငန်းစဉ်အကြောင်းခြုံငုံသုံးသပ်ချက်ကို သိရှိလိုပါက Furnivall (1960), p. 105 ကိုကြည့်ပါ။

မကျေမလည်ဖြစ်နေသည့် ရှမ်းပြည်နယ်ရှိ ကရင်တို့၏ ညီနောင် ပအိုဝ်များကိုလည်း အုပ်ချုပ်ရေးဆိုင်ရာအသိအမှတ်ပြုမှုမရှိခဲ့ပေ။ ထို့အပြင် မွန် နှင့် အာရကန်တို့ အတွက်လည်း ပြည်နယ်ဖွဲ့စည်းပေးခြင်းမရှိရုံသာမက ၄င်းဒေသများကိုလည်း ပြည်ထောင်စုအစိုးရ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်သို့ ထည့်သွင်းခဲ့သည်။ ယင်းနစ်နာမှုများကို အခြေပြုကာ နှစ်အနည်းငယ်အတွင်းတွင် ကရင်၊ ပအိုဝ်၊ မွန် နှင့် အာရကန် ခေါင်းဆောင်များ ဦးဆောင်သည့် သီးခြား လူမျိုးစုအမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့သည်။

လွတ်လပ်ရေးရသည့် ၁၉၄၈ ဇန်နဝါရီလတွင် အာရကန်ဒေသ၌ သောင်းကျန်းမှု နှစ်ခုအစပြုနေပြီး ဖြစ်သည်။ ၄င်းတို့မှာ လွတ်လပ်သောရခိုင်ပြည်အတွက် တိုက်ပွဲဝင်သူများနှင့် ယနေ့ရခိုင်ပြည်နယ်မြောက်ပိုင်းကို လွတ်လပ်သော အစ္စလာမ်နိုင်ငံအဖြစ် ထူထောင်ရန် သို့မဟုတ် အရှေ့ပါကစ္စတန်နှင့် ပေါင်းစည်းရန် တောင်းဆိုသည့် မူဂျာဟစ်များ ဖြစ်သည်။[81] စစ်ပွဲမတိုင်ခင်နှင့် စစ်ပွဲကာလအတွင်း လူမျိုးရေးပဋိပက္ခများကြောင့် လူအများအပြား နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး လူမျိုးစုများအကြား စိတ်ဝမ်းကွဲပြားမှုများ ပိုမိုဖြစ်ပေါ်စေခဲ့သည်။ ဗုဒ္ဓဘာသာ အာရကန်များက တောင်ပိုင်းတွင်စုသွားပြီး မူဆလင်အများစုက မြောက်ပိုင်းတွင်စုသွားခဲ့သည်။[82] လွတ်လပ်ရေးရပြီးမကြာမီမှာပင် ဗမာ့လွတ်လပ်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် လက်ဝဲစွန်းအဖွဲ့များ၏ လက်နက်ကိုင်တော်လှန်မှုစတင်ခဲ့ပြီး ၄င်းတို့ကနယ်မြေအများအပြားကို ထိန်းချုပ်နိုင်ခဲ့သည်။ မြန်မာပြည်အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတွင် အစိုးရ အုပ်ချုပ်ရေးများကိုပင် အစားထိုးနေရာယူခဲ့သည်။[83]

ထို့နောက်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ အမျိုးသားရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ KNU သည် ရွေးကောက်ပွဲနှင့် မဲဆန္ဒနယ်များ ဖွဲ့စည်းမှုကို သပိတ်မှောက်ထားခဲ့သည့် အဖွဲ့ဖြစ်ပြီး နိုင်ငံတွင်းမှ နာမည်ကြီး နိုင်ငံရေးသမားများ၊ ရှေ့နေများနှင့် တပ်မတော်မှ ခွဲထွက်လာသော ကရင်တပ်ဖွဲ့များဖြင့် စုဖွဲ့ထားခြင်းဖြစ်သည်။[84] ၄င်းတို့သည် ဗမာနိုင်ငံအောက်ပိုင်းရှိ အရှေ့တောင်ဘက်မှ "မြစ်ဝကျွန်းပေါ်ဒေသ" အထိ နယ်မြေအတော်များများကို အလျင်အမြန်သိမ်းယူနိုင်ခဲ့သည်။[85] မွန်နှင့် ပအိုဝ် လက်နက်ကိုင် လှုပ်ရှားမှုများ အစပြုရာတွင် KNU က ကူညီပေးခဲ့ပြီး ယနေ့မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း နေရာအတော်များများကို နေရာယူထားနိုင်စေခဲ့သည်။[86]

ပအိုဝ်အမျိုးသားအစည်းအရုံး (PNO)၊ KNU နှင့် တပ်မတော်မှ တောခိုလာသည့် ကချင်တပ်ရင်းတို့ပူးပေါင်းပြီး ရှမ်းပြည်နယ်မှ နယ်မြေအများအပြား၊ ကချင်ပြည်တောင်ပိုင်း နှင့် အရေးပါသည့်မြို့များကို သိမ်းယူခဲ့သည်။ ထိုအချိန်တွင် ကချင် နှင့် ရှမ်းခေါင်းဆောင် အများစုမှာ အစိုးရယန္တရားအတွင်း၌ပင် ရှိနေဆဲဖြစ်ပြီး ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်တောင်ပိုင်းတို့ကို စစ်အုပ်ချုပ်ရေးဖြင့်အုပ်ချုပ်သည့် ပြည်ထောင်စု၏ ဆောင်ရွက်ချက်များကို သဘောတူခဲ့ကြသည်။ ထိုစစ်အုပ်ချုပ်ရေးသည် ၁၉၅၁ ခုနှစ်ထိ တည်နေခဲ့သည်။[87] ထိုကာလတွင် တပ်မတော်သည် သက်တမ်းအားဖြင့် ငါးနှစ်ရှိပြီဖြစ်ပြီး ၄င်းအင်အား ၄၀ ရာခိုင်နှုန်းခန့်က အဖွဲ့အမျိုးမျိုးနှင့် ပူးပေါင်း တောခိုသွားခဲ့ကြသည်။[88]

၁၉၅၂ ခုနှစ်တွင် ကရင်ပြည်နယ်ကို စတင်ဖော်ထုတ်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ကချင်နှင့် ရှမ်းပြည်နယ်များရရှိသည့် အခွင့်အရေးနှင့် တန်းတူရရှိသည့် ပြည်နယ်ဖြစ်လာခဲ့သည်။ သို့သော် ခွဲထွက်နိုင်သည့် အခွင့်အရေးကိုမူမရခဲ့ပေ။[89] ထိုသို့ ကရင်ပြည်နယ်ဟု သတ်မှတ်ထားသော ဧရိယာနယ်နိမိတ်အတွင်းတွင် ကရင်လူမျိုးအားလုံး၏ သုံးပုံတစ်ပုံသာနေထိုင်ပြီး သတ်မှတ်နယ်နိမိတ် အတွင်းတွင် ကရင်လူမျိုး အတော်များများနေထိုင်သော မြစ်ဝကျွန်းပေါ်ဒေသများ ပါဝင်ခြင်းမရှိသည့်အတွက်[90] KNU က ၄င်းတို့၏ လက်နက်ကိုင်ပုန်ကန်မှုများ ဆက်လက်လုပ်ကိုင်ခဲ့သည်။ ကရင်ပြည်နယ်၌ ပြည်နယ်လွှတ်တော်အတွင်းရှိ အမတ်နေရာအတွက်

---

[81] Smith (1999), p. 64, p. 102; Yegar (1972), pp. 95-97.

[82] Yegar (1972), p.95.

[83] အထင်ရှားဆုံးအဖွဲ့မှာ တပ်မတော်မှ ခွဲထွက်ဘက်ပြောင်းသူများနှင့် ဖွဲ့စည်းထားသည့် ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) မှအလံဖြူများဖြစ်သည်။

[84] ယနေ့ကရင်ပြည်မြောက်ပိုင်း "သံလွင်ခရိုင်များ" ဆန္ဒများစုံစမ်းရန်လာသည့် တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ (Frontier Areas Commission of Enquiry – FACE) အား KNU ၏ လွှမ်းမိုးမှုများမရှိစေရန် အစိုးရမှ တားဆီးမှုများသည် တင်းမာမှုများကို အမြင့်ဆုံးဖြစ်စေခဲ့သည်။ ယနေ့ ကရင်ပြည်နယ် ထက်ကျယ်ပြန့်သည့် ကရင်ပြည်နယ်ကို ၁၉၄၇ အောက်တိုဘာလတွင် သတ်မှတ်ပေးခဲ့သည်။ ထိုသတ်မှတ်ချက်တွင် ယနေ့ ဧရာဝတီတိုင်းဒေသကြီး (မြစ်ဝကျွန်းပေါ်ဒေသ) ပါဝင်ခြင်းမရှိပါ။ ယင်းကဲ့သို့သတ်မှတ်ပေးချက်များသည် KNU အဖွဲ့၏ လိုလားချက်များကို ဖြည့်ဆည်းနိုင်ပေးခြင်းမရှိခဲ့ချေ။ ဗမာခေါင်းဆောင်များအပေါ် အယုံကြည်ကင်းမဲ့လာခြင်း၊ အင်အား တောင့်တင်းလာခြင်းတို့သည် ခုခံဆန့်ကျင်ရန်အတွက် လုံလောက်သည့်အကြောင်းရင်းများဖြစ်လာသည်။ see Smith (1999), pp. 82-87; Thawnghmung (2007), pp. 7-10.

[85] "မြစ်ဝကျွန်းပေါ်ဒေသ" ဟူသည်မှာ ယနေ့ဧရာဝတီတိုင်းဒေသကြီး၏ တောင်ဘက်ပိုင်းကို ခေါ်ဆိုသည့် အသုံးအနှုန်းဖြစ်သည်။ လက်နက်ကိုင်အဖွဲ့သည် ရန်ကုန်မြို့စွန်ရှိ အင်းစိန်မြို့နယ်ကိုလည်း ထိုအချိန်က သိမ်းယူထားနိုင်ခဲ့သည်။

[86] ပအိုဝ် အမျိုးသားအစည်းအရုံး၏ တော်လှန်ရေးခရီးအစပိုင်းမှာ ရှမ်းစော်ဘွားများကိုတိုက်ခိုက်ခြင်းဖြင့်စတင်ခဲ့သည်။ KNU နှင့် တပ်မတော်မှ တောခိုသွားသည့် ကချင်ယူနစ်တို့၏ ပံ့ပိုးမှုများဖြင့် ရှမ်းပြည်နယ်မှ နယ်မြေအများအပြားကိုရယူ နိုင်ခဲ့သည်။ Christensen & San Kyaw (2006), p. 20 ကိုကြည့်ပါ။ မွန်တော်လှန်ရေးနှင့်ပတ်သက်ပြီး South (2005) ၏ "Burmese Independence .. and Civil War" အခန်းကိုကြည့်ပါ။

[87] Sai Aung Tun (2009), pp. 336-338; Lintner (1999), pp. 106-109 ကိုကြည့်ပါ။

[88] Lintner (1999), p. 96.

[89] Furnivall (1960), pp. 105-106.

[90] ထိုအချိန်က ကရင်လူမျိုးစုစုပေါင်း၏ ၃ ပုံ ၁ ပုံသာ ကရင်ပြည်နယ်တွင် နေထိုင်ကြသည်။ Furnivall (1960), p.106 ကိုကြည့်ပါ။

ယှဉ်ပြိုင်သည့် ကရင်ပါတီများလည်းမရှိခဲ့ပေ။[91] ထိုနှစ်မှာပင် KNU သည် နိုင်ငံရေးအသက်သွင်းရန် အတွက် ကော်သူးလေ (ကရင်အမျိုးသားနိုင်ငံ) အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၎င်းထိန်းချုပ်ရာနယ်မြေများဖြစ်သော အရှေ့တောင်ဘက်ဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဆိုရှယ်လစ်ပုံစံ ကူးသန်းရောင်းဝယ်ရေး၊ သမဝါယမ စိုက်ပျိုးရေးစနစ်များကို ကျင့်သုံးခဲ့သည်။ ယင်းသို့ဆောင်ရွက်ချက်များသည် "လွတ်မြောက်ဒေသများ"၏ အရပ်ဖက် အုပ်ချုပ်ရေးစနစ် အစဖြစ်ပြီး နောက်ပိုင်းတွင် အလွန်လျင်မြန်စွာ ကျယ်ပြန့်လာခဲ့သည်။

KNU ပြစ်မှုဆိုင်ရာဥပဒေကို ၁၉၅၅ ခုနှစ်တွင်စတင်ကျင့်သုံးခဲ့ပြီး ကရင်ဒေသများတွင် ယနေ့ထိ အသက်ဝင်နေဆဲဖြစ်သည်။ အနာဂတ်စနစ်များအတွက် အခြေခံအုတ်မြစ်ဖြစ်စေခဲ့သော ခရိုင်အဆင့်အုပ်ချုပ်ရေးနှင့် အခြားဌာနများကိုလည်း ဆက်တိုက် တည်ထောင်ခဲ့သည်။ ၁၉၅၀ ကာလများတွင် KNU သည် နိုင်ငံခြားဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံတွင်းမှ လူမျိုးစုအမျိုးသား နိုင်ငံရေးအဖွဲ့အစည်းများနှင့် အချိတ်အဆက်များတည်ဆောက်ခဲ့သည်။ ယင်းအချိတ်အဆက်များသည် ဒီမိုကရေစီအရေး တောင်းဆိုလှုပ်ရှားမှုများအတွက် ၁၉၈၀၊ ၁၉၉၀ ကာလများတွင် ကြီးထွားလာသော မဟာမိတ်ဆက်ဆံရေးများ၏ အခြေခံများဖြစ်လာခဲ့သည်။[92] ၁၉၅၇ ခုနှစ်တွင် ကယားပြည်နယ်၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တည်ထောင်မှုကို KNU မှ ကူညီပေးခဲ့သည်။

၁၉၅၀ ပြည့်နှစ်များ၏ အစောပိုင်းကာလတွင် အမေရိကန်နှင့် ထိုင်ဝမ်တို့ ကျောထောက်နောက်ခံပေးသည့် ကူမင်တန်တပ်ဖွဲ့များ (KMT) သည် တရုတ်ပြည်မှ ရှမ်းပြည်နယ်အတွင်းသို့ ဆုတ်ခွာလာပြီး မော်စီတုန်း၏ ကွန်မြူနစ်တပ်များနှင့် တိုက်ခိုက်ရန် အမာခံနယ်မြေအဖြစ်အသုံးပြုခဲ့သည်။ ကူမင်တန်များသည် သံလွင်မြစ်အရှေ့ခြမ်း ရှမ်းပြည်တလျောက် ပျံ့နှံ့သွားခဲ့ပြီး ကရင် နှင့် ကယားနယ်မြေများထဲသို့ပင် ရောက်ရှိသွားခဲ့သည်။[93] ကျိုင်းတုံတွင် ဌာနချုပ်တည်ထားသော်လည်း ကိုးကန့်ဒေသတွင် ကာလကြာရှည်၊ မဟာဗျူဟာကျသည့် တပ်ချထားမှုများကိုပြုလုပ်ခဲ့သည်။ ၎င်းတို့တရားဝင်ဆုတ်ခွာခဲ့သည့် ၁၉၅၃ နောက်ပိုင်းထိ ပင် ထိုကိုးကန့်ဒေသများထဲ၌ ဆက်လက်နေရာယူမှုများရှိခဲ့သည်။[94] ထိုအချိန်က ကိုးကန့်နယ်မြေများသည် ရှမ်းပြည်နယ် အစိုးရထံမှ အတော်အတန်လွတ်လပ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာ ရရှိထားပြီးသည်။[95] ကူမင်တန် နှင့် မဟာမိတ်ဖွဲ့ခဲ့ခြင်းကြောင့်လည်း ကိုးကန့်တို့၏ လက်နက်အာဏာ ပိုမိုတောင့်တင်းလာခဲ့သည်။[96] ၎င်းတို့နယ်မြေတောင်ပိုင်းရှိ 'ဝ' နယ်များတွင်မူ အချင်းချင်း စစ်မက်ဖြစ်ပွားနေသည့် ခေါင်းဆောင်များက ဦးဆောင်ဆဲဖြစ်ပြီး အတည်တကျအုပ်ချုပ်ရေးမှာ နေရာအနည်းငယ်တွင် သာရှိခဲ့သည်။ ထိုဒေသများတွင် ကူမင်တန်နှင့် ဗမာ၊ တရုတ်ကွန်မြူနစ်တို့ ပါဝင်တိုက်ခိုက်ကြသည့် ပဋိပက္ခများကြောင့် ထိခိုက်ပျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။[97]

ဗမာအစိုးရသည် နိုင်ငံအုပ်ချုပ်ရာတွင် စစ်ရေးအရအခက်အခဲများအပြင် နိုင်ငံရေးမငြိမ်သက်မှုများနှင့် အိန္ဒိယနွယ်ဖွားဝန်ထမ်းများစွာ ထွက်ခွာသွားမှုတို့ကြောင့် အရပ်ဖက်ဝန်ထမ်းအများအပြားလစ်ဟာသွားမှုစသည့် အကျိုးသက်ရောက်မှုများကို ခံစားခဲ့ရသည်။[98] ထိုဖြစ်ရပ်များကြောင့် အစိုးရလုပ်ငန်းများ၊ အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို အကန့်အသတ်နှင့်သာ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး နိုင်ငံတော်မဟုတ်သည့် အဖွဲ့များက အလွယ်တကူဝင်ရောက် ဖြည့်ဆည်းပေးနိုင်သည့် အုပ်ချုပ်ရေးဆိုင်ရာ နေရာလွတ်ကြီးများကို ပေါ်ပေါက်စေခဲ့သည်။ နိုင်ငံအနေနှင့်လည်း စစ်တပ်အသားပေးပုံစံဘက်တို့ တဖြည်းဖြည်း ပိုမိုရောက်ရှိလာခဲ့ပြီး တပ်အသစ်များလည်း တိုးချဲ့ခဲ့သည်။ အချို့သော နေရာများကို စစ်တပ်အုပ်ချုပ်ရေး ကြေညာမှုများလည်း ရှိခဲ့သည်။ ၁၉၅၈ နှင့် ၁၉၆၀ အကြားတွင် တပ်မတော်က ယာယီအာဏာသိမ်းယူခဲ့ပြီး ထိုကာလအတွင်း၌ စစ်"လုံခြုံရေးကောင်စီများ"ကို အုပ်ချုပ်ရေးအဆင့်တိုင်းတွင် ဖွဲ့စည်းခဲ့သည်။ ၎င်းကောင်စီများက အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအားလုံးကို စီမံကွပ်ကဲရာ၌ ဦးဆောင်သည့် အဖွဲ့အစည်းများ ဖြစ်လာခဲ့သည်။[99]

---

[91] Furnivall (1960), p.106. ဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုခဲ့သူများမှာ ဝန်ကြီးချုပ်ဦးနုပါတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တစ်သီးပုဂ္ဂလများဖြစ်သည်။

[92] Smith (1999), pp. 170-174. ၁၉၅၆ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ ကေအန်ယူမှတ်တမ်းမှ ထုတ်ခဲ့သည်ဟု Smith က တင်ပြခဲ့သည်။ ကေအန်ယူ ဗဟိုအလုပ်အမှုဆောင်ကောင်မတီဝင်တစ်ဦးကို ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် ယင်းကိစ္စကို အကျယ်တဝင့်ပြောခဲ့ပြီး ထိုပြုပြင်ပြောင်းလဲမှုများသည် ယနေ့အသက်ဝင်နေသည့် စနစ်၏ အခြေခံဖြစ်ခဲ့သည်ဟု ၎င်းကဆိုသည်။ ယနေ့ကျင့်သုံးနေသည့် စနစ်မှာ ၁၉၇၀ နှစ်များတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

[93] Sai Aung Tun (2009), pp. 302-326.

[94] Lintner (1999), pp. 113-120 ကို ကြည့်ပါ။

[95] ထိုအတောအတွင်း၌ ယင်းနယ်မြေများကို ကိုးကန့်စော်ဘွားများအုပ်ချုပ်ခဲ့ပြီး နေထိုင်သူအများစုမှာ ကိုးကန့်များဖြစ်သည်။ ကိုးကန့်များသည် ဟန်တရုတ်များအဖြစ် သတ်မှတ်ခံကြရသော်လည်း စကားနှင့် ယဉ်ကျေးမှုတွင်ကွဲသည်ဟု ဆိုသည်။ ၎င်းအချက်ကို ကိုးကန့်ယဉ်ကျေးမှုခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့် ၂၀၁၅ ဖေဖော်ဝါရီလ အတွင်း ရှမ်းပြည်နယ်တွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမှုတွင်အတည်ပြုနိုင်ခဲ့သည်။ (Interviews, Shan State, February 2015)

[96] Sai Aung Tun (2009), p. 342; Sai Kham Mong (2007), p. 266.

[97] Sai Kham Mong (2007), pp. 269-270; Kramer (2007), pp. 11-13.

[98] Taylor (2009), pp. 266-269.

[99] Chit Saw & Arnold (2014), p. 8.

၁၉၅၈ ခုနှစ်တွင် ရှမ်းနှင့် ကယားများမှစော်ဘွားများသည် ၎င်းတို့ပြည်နယ်များမှ ဒီမိုကရေစီနည်းကျရွေးကောက်ခံ အစိုးရများထံသို့ ၁၉၅၂ ခုနှစ်တွင် သဘောတူခဲ့သည့် အတိုင်း အာဏာစွန့်ခဲ့ ရသည်။[100] ထိုနှစ်တွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရှမ်းနှင့် ကယား ပြည်နယ်များ၏ ခွဲထွက်ခွင့် (လွတ်လပ်ရေး ရပြီးနောက် ၁၀ နှစ်အကြာ) အချက် အသက်ဝင်လာသည်။ ခွဲထွက်ရန် ကြိုးပမ်းမှုများ ကြီးကြီးမားမား မရှိခဲ့သော်လည်း ဗဟိုစိုးရက ယင်းပြဋ္ဌာန်းချက်ကို ပယ်ဖျက်နိုင်ရန်အတွက် အခြေခံဥပဒေ ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ တွင် ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချရန် တိုင်းရင်းသားပြည်နယ်များ၏ တောင်းဆိုမှုများပိုများလာခဲ့သည်။ ၁၉၆၀တွင် ကချင်ပြည်နယ်ရှိ ကျေးရွာအချို့ကို တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့ခြင်းနှင့် ဗဟိုအစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ၁၉၆၁ ခုနှစ်တွင် သတ်မှတ်ခဲ့ခြင်းများကြောင့် အများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည့် ကချင်ခေါင်းဆောင်များ၏ မကျေနပ်မှုများ တိုးပွားလာခဲ့သည်။ တစ်ချိန်တည်းတွင် ကိုလိုနီခေတ်မှ တောင်တန်းဒေသများ၌ မြန်မာစာပြန့်ပွားရေးအစီအစဉ်များ ဆောင်ရွက်ခဲ့ပြီး ဒေသခံဘာသာစကားဖြင့် သင်ကြားသည့် ပညာရေးအစီအမံများကို တရားဝင်ထောက်ပံ့အားပေးမှုမှာ မရှိသလောက်ပင်ဖြစ်သည်။ စစ်ရေးအရ တိုးမြှင့်လာမှုများအပြင် ထိုသို့အခြေအနေများကြောင့် ဗမာမဟုတ်သည့် တိုင်းရင်းသား ခေါင်းဆောင်ပိုင်းနှင့် ပညာတတ်အများစုမှာ "ပြည်တွင်းနယ်ချဲ့မှု" အနေအထားကို ကြုံတွေ့ရသကဲ့သို့ ခံစားလာကြရသည်။[101]

ယင်းအဖြစ်အပျက်များသည် ကချင်နှင့် ရှမ်းလက်နက်ကိုင်လှုပ်ရှားမှု ပေါ်ပေါက်လာစေသည့် အကြောင်းများတွင် အစိတ်အပိုင်းအနေဖြင့်ပါဝင်သည်။ ယင်းလှုပ်ရှားမှုများသည် အချိန်တိုအတွင်း အားကောင်းလာခဲ့သည်။ ယင်းလှုပ်ရှားမှုများကို စော်ဘွားများ၊ ဒူဝါများမှ ဦးဆောင်ခြင်းမဟုတ်ပဲ ကျောင်းသားများမှဦးဆောင်ခြင်း ဖြစ်သော်လည်း နောက်ပိုင်းတွင် အသစ်ဖွဲ့စည်းလိုက်သည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO တွင် ဒူဝါများ၏ မျိုးနွယ်အချို့ ပါဝင်လာခဲ့သည်။ ထိုသို့ပါဝင်ဆောင်ရွက်မှုများက ပင်လုံညီလာခံတွင် ဗမာခေါင်းဆောင်များနှင့် ယင်းအုပ်စုများကြား တည်ဆောက်ထားသည့် စည်းလုံးညီညွတ်ရေးကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။[102]

၁၉၆၁ မေလတွင် အစိုးရက မွန်နှင့် အာရကန် ပြည်နယ်များကို အခြားပြည်နယ်များနှင့် အခွင့်အရေးတန်းတူပေးကာ ဖွဲ့စည်းပေးရန် တောင်းဆိုမှုများကို သဘောတူခဲ့သည်။ အာရကန်ဒေသမြောက်ပိုင်းမှ မူဆလင်အမတ်များ၏ ဆန့်ကျင်မှုများကြောင့် မေယုတောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့ကို ချက်ချင်းဖွဲ့ခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်အချို့ပေးအပ်ကာ အာရကန်ပြည်နယ်မှ ခွဲခြားအုပ်ချုပ်ခဲ့သည်။[103]

ထိုအချိန်တွင် ရှမ်းပြည်နယ်၌ ရှမ်းနိုင်ငံရေးသမားများနှင့် စော်ဘွားများ ဦးဆောင်သည့် "ဖက်ဒရယ်အရေးလှုပ်ရှားမှု" စတင်ခဲ့ပြီး ၎င်းတို့က စစ်မှန်သည့် ဖက်ဒရယ်ပေါ်ပေါက်လာစေရန် အခြေခံဥပဒေကို အကြီးစား ပြင်ဆင်မှုများပြုလုပ်ရမည် သို့မဟုတ် ပြန်လည်ရေးသားရမည်ဟု ထုတ်ဖော်ခဲ့ကြသည်။ ထိုသို့ပြုလုပ်ရာတွင် အခြားပြည်နယ်များနည်းတူ ဗမာပြည်နယ်တခုကို ဖန်တီးရေး၊ ပြည်နယ်တိုင်းအတွက် အခြေခံဥပဒေ ပြဋ္ဌာန်းရေး၊ ဗဟိုမှ "ပြည်ထောင်စု" အာဏာများကို တန်းတူညီမျှခွဲခြားရေးများပေါ်ပေါက်ရေး စသည့်အချက်များ ပါဝင်သင့်သည်ဟု မျှော်မှန်းခဲ့ကြသည်။[104] ၁၉၆၁ ဖွန်လ တွင် တိုင်းရင်းသားနယ်မြေများမှ ခေါင်းဆောင်အများအပြား ထိုကိစ္စကို ထောက်ခံပါဝင်လာကြပြီး ပြည်နယ်ဝန်ကြီးများပင် ပါဝင်လာခဲ့ကြသည့်အပြင် ယင်းကိစ္စကို ပြည်ထောင်စုအစိုးရကလည်း အထူးအလေးအနက်ထားခဲ့သည်။[105] ထိုအချိန်တွင် ချင်းခေါင်းဆောင်များက ချင်းပြည်နယ် ဖွဲ့စည်းပေးရန် တောင်းဆိုလာခဲ့သလို KNU စစ်အင်အားတောင့်တင်းလာပြီး ကရင်အဖွဲ့အစည်းများကလည်း ပိုမိုကျယ်ပြန့်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တောင်းဆိုမှုများမှာ ဆက်လက်လုပ်ဆောင်ခဲ့သည်။[106]

## ၂.၅ ဗဟိုဦးစီးစနစ်ကျင့်သုံးခြင်း နှင့် စစ်တပ်အင်အားတိုးချဲ့ခြင်း - ဗိုလ်ချုပ် နေဝင်းခေတ် (၁၉၆၂ - ၁၉၈၈)

၁၉၆၂ မတ်လ ၁ ရက်၊ အစိုးရနှင့် ဖက်ဒရယ်လှုပ်ရှားမှု ကိုယ်စားလှယ်များ၏ ဒုတိယနေ့စည်းဝေးပွဲ အပြီးတွင် စစ်တပ်က အာဏာသိမ်းယူခဲ့ပြီး စော်ဘွားများအပါအဝင် ရှမ်းခေါင်းဆောင်အများအပြား နှင့် အစိုးရအဖွဲ့ဝင်အများအပြားကို ဖမ်းဆီးခဲ့သည်။[107] အာဏာသိမ်းပြီး ရက်အနည်းငယ်အကြာတွင် စစ်အုပ်ချုပ်ရေး၏ ပြောရေးဆိုခွင့်ရှိသူက "ဖက်ဒရယ်ကို အရေးအကြောင်းပြုပြီး

[100] Sai Aung Tun (2009), pp. 359-375.

[101] Callahan (2003b), pp.155-158.

[102] Smith (1999), pp. 190-195.

[103] Yegar (1972), p. 105; Nemoto (undated), pp. 15-16.

[104] Sai Aung Tun (2009), pp. 377-381.

[105] Sai Aung Tun (2009), pp. 401-423.

[106] Smith (1999), p. 194. KNU ထိုးစစ်ဆင်မှုများနှင့်ပတ်သက်ပြီး Smith (1999), p. 189 ကိုကြည့်ပါ။

[107] Sai Aung Tun (2009), pp. 483-486.

တိုင်းပြည် ဖရိုဖရဲဖြစ်လာနိုင်မှုများကို ရှောင်ရှားနိုင်ရန် အတွက် အာဏာသိမ်းရပါသည်” ဟု ပြောဆိုခဲ့သည်။[108] ဗိုလ်ချုပ်နေဝင်း၏ “မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်” ကျင့်သုံးမှုကြောင့် နိုင်ငံ၏ အုပ်ချုပ်မှုပုံစံ အကြီးအကျယ်ပြောင်းလဲသွားခဲ့သည်။

မွန်နှင့် ရခိုင်ပြည်နယ်ဖွဲ့စည်းပေးရေး ဆောင်ရွက်မှုများလည်း ပျက်ပြယ်သွားပြီး ကချင်၊ ရှမ်း၊ ကရင်၊ ကယား၊ ချင်းပြည်နယ်အစိုးရများကို ပယ်ဖျက်လိုက်ပြီး အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုဆိုင်ရာ ညှိနှိုင်းမှုများမှာလည်း အဆုံးသတ်သွားခဲ့သည်။[109] မတ်လ ၅ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းက အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအာဏာအားလုံးကို ၄င်း၏ “လုံခြုံရေးကောင်စီ” ထံသို့ လွှဲပြောင်းခဲ့သည်။[110] လုံခြုံရေးကောင်စီသည် နယ်မြေတိုင်းတွင် လုံခြုံရေးနှင့် အုပ်ချုပ်ရေးကောင်စီများဖွဲ့စည်းခဲ့ပြီး အငြိမ်းစားဗိုလ်ချုပ်များက ဦးစီးသည်။ အုပ်ချုပ်ရေးနယ်မြေများသည် စစ်တိုင်းများသို့ အစီရင်ခံမှုများပြုလုပ်ရန် ပြောင်းလဲမှုများပြုလုပ်ခဲ့သည်။[111] ထိုအချင်းအရာသည် တိုင်းရင်းသားများကို နိုင်ငံရေး၊ အုပ်ချုပ်ရေး ယန္တရားများ၊ အဖွဲ့အစည်းများမှ ဖယ်ထုတ်ရန်ကြိုးပမ်းမှုများ၏ အစပင်ဖြစ်သည်။ [112]

၁၉၆၃ - ၆၄ နှစ်များတွင်ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မအောင်မမြင်ဖြစ်ခဲ့ရပြီး တင်းမာမှု ပိုမိုပြင်းထန်လာကာ လက်နက်ကိုင်ပုန်ကန်မှုအသစ်များပေါ်ပေါက်လာခဲ့သည်။[113] ထိုနှစ်များအတွင်း အာရကန်၊ ရိုဟင်ဂျာ၊ ကယန်း၊ ရှမ်း နှင့် ဗိုမီး လူမျိုးစုအမျိုးသား လှုပ်ရှားမှုများပေါ်ပေါက်လာသည်။ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့၊ မွန်ပြည်သစ်ပါတီ နှင့် ရှမ်းများ၏ လှုပ်ရှားမှုများမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာသည်။[114] တောင်ထူထပ်သည့်ဒေသများတွင် ခြေလျင်တပ်များနှင့် ထိတွေ့ရမှုမှလွဲ၍ နိုင်ငံတော်နှင့် ဆက်ဆံမှုမရှိသောကြောင့် ယင်းနေရာများသည် လက်နက်ကိုင်အုပ်စုများ၏ အုပ်ချုပ်ရေးအမာခံနယ်မြေများ ဖြစ်လာခဲ့သည်။ ထိုအချိန်မှစတင်ကာ နယ်ပယ်ဒေသများ၏အခြေအနေသည် နိုင်ငံရေးပထဝီအနေအထားသတ်မှတ်မှုအတွက် အဓိကကျလာသည်။ ဥပမာ ဗမာပြည် ကွန်မြူနစ်ပါတီ (CPB) နှင့် လက်ဝဲဝါဒီ ကရင်သူပုန်များက လူသူပေါက်ရောက်ရန်ခက်ခဲသည့် ပဲခူးရိုးမအမြင့်ပိုင်းဒေသများကို ထိန်းချုပ်ထားခဲ့သည်။ နယ်စပ်ဒေသအများအပြားမှာလည်း လက်နက်ကိုင်အုပ်စုများ၏ ထိန်းချုပ်မှုအောက်သို့ လုံးဝကျရောက်ခဲ့ပြီး တပ်မတော်၏ခြေလျင်တပ်များပင်လျှင် ဝင်ရောက်နိုင်ခြင်းမရှိခဲ့ပေ။

ထိုကိစ္စရပ်များနှင့်ပတ်သက်ပြီး တပ်မတော်၏ဖြေရှင်းပုံက ပြဿနာများကို ပိုဆိုးဝါးစေခဲ့သည်။ သောင်းကျန်းသူများကို ထောက်ခံအားပေးမှု ဖြတ်တောက်ရန်အတွက် “ဖြတ်လေးဖြတ်” မဟာဗျူဟာကို ကျင့်သုံးခဲ့သည်။ ထိုမဟာဗျူဟာအရ လက်နက်ကိုင်များ၏ အမာခံနယ်မြေသည် အမဲရောင်နယ်မြေ၊ ပြောက်ကျားစနစ်ဖြင့်လှုပ်ရှား နေသည့်နေရာကို အညိုရောင်နယ်မြေ၊ နိုင်ငံတော်က စုစည်းချုပ်ကိုင် ထားသည့်နေရာကို အဖြူရောင်နယ်မြေများ အဖြစ်သတ်မှတ်ခဲ့သည်။ အမဲရောင်နယ်မြေများကို အဖြူရောင် နယ်မြေအဖြစ်ပြောင်းလဲရန်အတွက် အမဲရောင်နယ်မြေမှ ရွာသားများကို အဖြူရောင်နယ်မြေတွင် တည်ထားသည့် ရွှေ့ပြောင်းကျေးရွာများသို့ အဓမ္မပြောင်းရွှေ့စေခဲ့ပြီး မပြောင်းသူများသည် သောင်းကျန်းသူအဖြစ် သတ်မှတ်ခံရနိုင်သည်။[115] ဖြတ်လေးဖြတ် မဟာဗျူဟာသည် အထူးသဖြင့် နိုင်ငံတကာနယ်စပ်နှင့် ဝေးကွာသော နေရာအတော်များများတွင် အောင်မြင်ခဲ့သည်။ လက်နက်ကိုင်အဖွဲ့များလှုပ်ရှားနိုင်သည့် နယ်မြေများနည်းပါးလာသော်လည်း ထောင်ပေါင်းများစွာသော နေရပ်စွန့်ခွာတိမ်းရှောင်သူ ပြည်သူများက အကာအကွယ်အတွက် လက်နက်ကိုင်အဖွဲ့များကို အားကိုးလာခဲ့ကြသည်နှင့်အမျှ ၄င်းတို့၏ဆက်ဆံရေးမှာ ပိုမိုနက်ရှိုင်းလာခဲ့သည်။

ထိုသို့ စိန်ခေါ်မှုများ ကြီးထွားလာသဖြင့် တပ်မတော်က ၄င်းတို့၏ ပထမဆုံးသော ပြည်သူ့စစ်အစီအစဉ်ကို ၁၉၆၃ခုနှစ်တွင် စတင်ခဲ့ပြီး *ကာကွယ်ရေး* (KKY) ဟုအမည်ပေးထားသည့် ယူနစ်များကို ဖွဲ့စည်းခဲ့သည်။ ၄င်းအစီအမံအရ ထိုတပ်များကို လွပ်လပ်စွာလည်ပတ်လှုပ်ရှားခွင့်၊ အစိုးရ၏ အခြေခံအဆောက်အဦများ (လမ်း၊ တံတားများ) ကိုလည်း စီးပွားရေးအခွင့်အလမ်းများ (မူးယစ်ဆေးဝါးအတွက် အသုံးချခြင်းမှာ လူသိများသည်) အတွက် အသုံးချရန်ခွင့်ပြု ထားခဲ့သည်။ အပြန်အလှန်အနေဖြင့် ထိုကာကွယ်ရေးတပ်များက လက်နက်ကိုင်ပုန်ကန်မှုများ နှိမ်နင်းရာတွင် ပူးပေါင်းပါဝင်ပေးရသည်။ ပထမဆုံး ကာကွယ်ရေးတပ်ကို

---

[108] Smith (1999), p. 196. နေဝင်း၏ အာဏာတပ်မက်မှုကို လီဆယ်ရန်အတွက် ယင်းကိစ္စကိုပုံကြီးချဲ့ခြင်းဖြစ်သည်ဟု ငြင်းဆိုမှုများလည်းရှိသည်။ Smith (1999), pp. 196-197 ကိုကြည့်ပါ။

[109] Taylor (2009), pp. 302-303.

[110] Taylor (2009), p. 296.

[111] Smith (1999), pp. 199-200; Chit Saw & Arnold (2014), pp. 8-9.

[112] Taylor (1999), p. 303-304.

[113] Smith (1999), pp. 206-212: p. 219 မှ ကောက်နုတ်ချက်

[114] Smith (1999), p. 220, p. 222.

[115] ထိုကာလအတွင်းကျင့်သုံးခဲ့သည့် မဟာဗျူဟာပေါ်ပေါက်လာပုံနှင့် ပတ်သက်သည့် သုံးသပ်ချက်ကို Smith (1999), pp. 258 – 26 တွင်ကြည့်ပါ။ “ရွှေ့ပြောင်းကျေးရွာများ” ကို မဟာဗျူဟာကျေးရွာများဟုလည်းခေါ်သည်။ ယနေ့တွင်တော့ *စုစည်း* ကျေးရွာများဟု မြန်မာအစိုးရက သတ်မှတ်ထားသည်။ “ဖြတ်လေးဖြတ်” မဟာဗျူဟာနှင့် ပတ်သက်ပြီး ပိုမိုနားလည်ရန် Maung Aung Myoe (2009), pp. 25-26; Selth (2001), pp. 91-92, p.99, pp.163-164; South (2008) p.34, pp.86-87 ကိုကြည့်ပါ။

ကိုးကန့်နယ်မြေတွင် မြန်မာပြည်မှ ပြည်လည်ဆုတ်ခွာသွားသည့် ကူမင်တန်တပ် အကြွင်းအကျန်များနှင့် ဖွဲ့စည်းခဲ့သည်။[116] များမကြာမီမှာပင် 'ဝ' နှင့် ရှမ်းတွင်လည်း အလားတူ အလားတူအဖွဲ့များ ဖွဲ့စည်းခဲ့သည်။[117] ကာကွယ်ရေးအစီအစဉ်မှ ကာကွယ်ရေးယူနစ်ပေါင်း ၂၃ ခု ပေါ်ထွက်လာခဲ့သည်။ အစိုးရအပေါ် သစ္စာခံပါက ထိုဒေသခံ လက်နက်ကိုင်များအဖွဲ့များကို အပြန်အလှန်အနေဖြင့် စီးပွားရေးအခွင့်အလမ်းများပေးခြင်းနှင့် လွတ်လပ်စွာ အုပ်ချုပ်ခွင့်ပေးသည့် အစဉ်အလာကို စတင်ခဲ့သည်။

၁၉၆၈ တွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သည် တရုတ်အထောက်အပံ့နှင့် စစ်ဆင်ရေးကြီးများဆင်နွှဲခဲ့ပြီး ကိုးကန့်၊ မုန်းကိုးဒေသတို့ကို ရယူခဲ့ပြီး တောင်ဘက်သို့ဆက်လက်ဆင်းလာပြီး ၁၉၇၂ တွင် 'ဝ' ဒေသတခုလုံးကိုထိန်းချုပ် နိုင်ခဲ့ပြီး ဒေသခံခေါင်းဆောင်များနှင့် မဟာမိတ်ဖွဲ့ခဲ့သည်။[118] ဗမာပြည် ကွန်မြူနစ်ပါတီသည် 'ဝ' နယ်မြေတွင် ဗဟိုအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး ဗမာခေါင်းဆောင်များက နယ်မြေအတော်များများကို အုပ်ချုပ်ခဲ့သည်။[119] မြောက်ပိုင်းဒေသရှိ ကချင် - တရုတ် နယ်စပ်တွင်လည်း ကေအိုင်အိုခွဲထွက်အုပ်စုနှင့် မဟာမိတ်ဖွဲ့ပြီး ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းခွဲထွက် အုပ်စုသည်နောက်ပိုင်းတွင် ဒီမိုကရေစီသစ်တပ်မတော် ကချင် (National Democratic Army-Kachin) ဖြစ်လာခဲ့သည်။

တချိန်တည်းတွင် ကေအိုင်အိုနှင့် ရှမ်းလက်နက်ကိုင်အဖွဲ့အချို့ ဗကပ နှင့် ဆက်ဆံရေးထူထောင်ခဲ့ပြီး အင်အားတောင့်တင်း လာခဲ့ကြသည်။[120] ကေအိုင်အိုကလည်း တရုတ်နယ်စပ်တွင် အမာခံနယ်မြေတည်ထောင်ပြီး တရုတ်နှင့် ဆက်ဆံရေး ပြုလုပ်နိုင်ခဲ့သဖြင့် အကျိုးများခဲ့သည်။ ကျောင်းများနှင့် အခြားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်သည့် အုပ်ချုပ်ရေး စနစ်အခိုင်အမာ ထူထောင်ခဲ့သည်။[121] နယ်စပ်တလျောက်တွင် လုံခြုံရေးဖြန့်ကျက်နိုင်မှု အားနည်းသဖြင့် ရှမ်းလက်နက်ကိုင်အဖွဲ့များမှ အဓိကအင်အားကြီးအဖွဲ့ဖြစ်သော ရှမ်းပြည်တပ်မတော် (SSA) သည် ပြောက်ကျားအနေဖြင့်လှုပ်ရှားနေပြီး ဒေသခံရပ်ရွာများနှင့် ဆက်ဆံရေးစတင်ခဲ့ကာ အခွန်များလက်ခံ ရရှိခဲ့သည်။ လမ်းကြောင်းစိတ်ချရရန်နှင့် ၎င်းတို့လက်နက်ကိုင်တိုက်ပွဲဝင်မှု ရေရှည် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံကျန်းမာရေး ဝန်ဆောင်မှုများကို အခါအားလျော်စွာ ပံ့ပိုးပေးခဲ့သည်။[122] SSA သည် ရှမ်းပြည်အတွင်းလှုပ်ရှားနေသည့် ရှမ်းလက်နက်ကိုင်တပ်ကြီးများထဲမှ တစ်ဖွဲ့သာဖြစ်သည်။ ထိုရှမ်းလက်နက်ကိုင်တပ်များထဲတွင် နောင်တစ်ချိန်၌ ရှမ်းပြည်နှင့် ထိုင်းနယ်စပ်တစ်လျောက် ကြီးစိုးခဲ့သော ကာကွယ်ရေးတပ်ခေါင်းဆောင် တစ်ဖြစ်လဲ ခွန်ဆာ၏ တပ်လည်းပါဝင်ခဲ့သည်။[123]

KNU သည် ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းကာလများတွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမတလျောက်၌ အကြီးအကျယ် ချေမှုန်း ခြင်းခံရသဖြင့် နိုင်ငံ၏အရှေ့တောင်ဘက်ခြမ်းသို့ လုံးလုံးလျားလျားဆုတ်ခွာသွားခဲ့ပြီး ယနေ့တိုင် သက်ဝင်အသုံးပြုနေသည့် အုပ်ချုပ်ရေးစနစ်အသစ်ကို တည်ထောင်ခဲ့သည်။ တပ်မဟာ ၇ ခု အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေး ခရိုင် ၇ ခုကိုတည်ထောင်ခဲ့ပြီး ခရိုင်တစ်ခုစီတွင် အုပ်ချုပ်ရေးမှူးများနှင့် ဌာနများအတွက် ကိုယ်စားလှယ်များ (စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး) ခန့်ထားပြီး ၎င်းတို့သည် ဗဟိုကိုအစီရင်ခံရသည်။[124] KNU ထိန်းချုပ်မှုအောက်တွင် ထိုင်းနယ်စပ်၌ ကုန်သွယ်မှုများ တိုးပွားလာပြီး[125] ၎င်းတို့ နယ်မြေအတွင်း မြို့ငယ်များပေါ်ပေါက်လာခဲ့သည်။[126] ၁၉၇၄ တွင်ပြုပြင်ပြောင်းလဲမှုများ ထပ်လောင်းလုပ်ဆောင်ခဲ့ပြီး KNU ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီသည် KNU နယ်မြေ အတွင်းမှ အမြဲတမ်း အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးဆောင်အဖွဲ့အဖြစ် ယနေ့တိုင် အသက်ဝင်နေဆဲဖြစ်သည်။[127] အသစ်စုစည်းလိုက်သည့် "လူမျိုးစု ဒီမိုကရက်တစ်" အင်အားစုများ ရောက်ရှိ လာခြင်းကြောင့်[128] KNU အမာခံနယ်မြေသည် အမျိုးသား မဟာမိတ်အဖွဲ့ ၁၂ ဖွဲ့

[116] ကူမင်တန်များသည် မြန်မာနိုင်ငံမှ ၁၉၅၃ တွင်တရားဝင် ဆုတ်ခွာသွားသည်။ ကူမင်တန်တပ်ရင်း အများအပြား ကျန်ရစ်နေခဲ့ပြီး ၎င်းတို့ ကိုယ်စီထိန်းချုပ်သော နယ်မြေများ၊ စီးပွားရေးလုပ်ငန်းများ ထူထောင်ကြသည်။ Lintner (1999), pp 231-232.

[117] Smith (1999), p 221.

[118] Lintner (1999), pp. 249-271; Kramer (2007), pp. 11-16; Lintner (1990).

[119] Kramer (2007), p. 11.

[120] ထိုဆက်ဆံရေးများကြောင့် ကေအိုင်အိုအနေနှင့် အကျိုးအမြတ်ကြီးကြီးမားမား ရရှိခဲ့သော်လည်း နှစ်ဖွဲ့ကြား တိုက်ခိုက်နေခဲ့ကြသည့် ကာလများလည်းရှိခဲ့သည်။

[121] Lintner (1999), p. 288.

[122] SSA တပ်သားဟောင်းတစ်ဦးနှင့် မေးမြန်းချက် (အင်တာဗျူး၊ ချင်းမိုင် ဖေဖော်ဝါရီ ၂၀၁၅)

[123] ယင်းအချိန်နှင့် နောက်ပိုင်းကာလများ၌ ရှမ်းပြည်အတွင်းလှုပ်ရှားခဲ့သော တပ်များစာရင်းကို သိရှိလိုပါက Lintner (1999), pp. 491-492 ကိုကြည့်ပါ။ ထိုအချိန်က ခွန်ဆာ၏တပ်ကို Shan United Army ဟုခေါ်ခဲ့ပြီး နောက်ပိုင်းတွင် မော်ထိုင်းတပ်မတော် (Mong Tai Army - MTA) ဖြစ်လာခဲ့သည်။

[124] Smith (1999), p. 287.

[125] Smith (1999), pp. 283-284.

[126] Smith (1999), p. 293.

[127] Smith (1999), p. 295.

[128] KNU မှ ကွဲပြားနေခဲ့သည့် လက်ယာယိမ်းများနှင့် ကွန်မြူနစ်လိုလားသည့် အုပ်စုများကို ပြန်လည်ပူးပေါင်းခဲ့ခြင်းက ယင်းလုပ်ငန်းစဉ်များ ပေါ်တွင်များစွာသက်ရောက်မှု မရှိခဲ့ပေ။ လက်ယာများက ကွန်မြူနစ်အုပ်စုများပေါ်တွင်လွှမ်းမိုးမှုရှိပြီး လက်ယာလမ်းစဉ်ဟုသတ်မှတ်ကြသည့် အမျိုးသားနိုင်ငံရေးလိုင်းသို့ တွန်းပို့ခဲ့သည်။

စုစည်းထားသော အမျိုးသားဒီမိုကရက်တစ်တပ်ဦး၏ ဗဟိုချက်ဖြစ်လာပြီး လက်နက်ကိုင် ဖက်ဒရယ်လှုပ်ရှားမှုများ ပေါ်ပေါက်စေသည့် အကြောင်းအရင်းလည်း ဖြစ်လာခဲ့သည်။ [129]

ကာကွယ်ရေးတပ် အစီအစဉ်များကို ၁၉၇၃ တွင် တရားဝင် ရပ်တန့်လိုက်ပြီး *ပြည်သူ့စစ်* ဖွဲ့စည်းမှုများနှင့် အစားထိုးလိုက်သည်။ အချို့ပြည်သူ့စစ် ပုံစံသည် ကာကွယ်ရေးပုံစံ နှင့် အလွန်ဆင်တူသော်လည်း ပြည်သူ့စစ်အစီအစဉ်က လက်နက်ကိုင်အုပ်စုများ၏ ထိန်းချုပ်နယ်မြေများအတွင်းနှင့် အနီးတဝိုက်ရှိ ဧရိယာများနှင့် ရွာများတွင် ယူနစ်ငယ်များ တည်ဆောက်ခြင်းတို့လည်း ပါဝင်လာသည်။ ပြည်သူ့စစ်အဖွဲ့များကို ရွှေ့ပြောင်းကျေးရွာ သို့မဟုတ် ငြိမ်းချမ်းရေးကျေးရွာများဟု အမည်ပေးထားသည့် နေရာများ အနီးတွင် ဖွဲ့စည်းလေ့ရှိသည်။ အစိုးရနှင့် ပူးပေါင်းမည်ဆိုပါက အမဲရောင်နယ်မြေများတွင် နေထိုင်ခွင့်ပေးလေ့ရှိသည်။[130] ထိုလုပ်ဆောင်ချက်များက နိုင်ငံတော်နှင့် ပြည်သူများကြား ဆက်ဆံမှုများကို အကြီးအကျယ် သက်ရောက်မှုရှိခဲ့သည်။ အချို့နေရာများတွင် နိုင်ငံတော်နှင့် ဆက်ဆံရေးပြေလည်သူများက အတော်အတန်လွတ်လပ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် နယ်မြေ အချို့ကို အုပ်ချုပ် ခွင့်ရခဲ့သည်။

၁၉၇၄ တွင်တော်လှန်ရေးကောင်စီအစိုးရက အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ၏ ဗဟိုဦးစီးမှုကို အထူးအလေးပေးထားသည့် အခြေခံဥပဒေအသစ်ကို အကောင်အထည်ဖော်ကျင့်သုံးခဲ့သည်။ ယင်းလုပ်ဆောင်ချက်သည် ပြည်နယ်/တိုင်းအဆင့် နိုင်ငံရေး အခင်းအကျင်းများတွင် လူမျိုးစုများ၏ အခန်းကဏ္ဍကို ဖယ်ထုတ်ရန် ကြိုးစားခြင်းဖြစ်ကြောင်းပြသနေသည်။ ဗမာမဟုတ်သည့် တိုင်းရင်းသားများ၏ အမည်နှင့် ပြည်နယ် ၇ ဖော်ထုတ်စဉ်အခါက လူမျိုးအမည်စွဲနှင့် (သို့သော် ဗမာအများစုနေထိုင်သည့်) သတ်မှတ်ထားခြင်းမဟုတ်သည့် တိုင်း ၇ တိုင်းနှင့် ခေါ်ဝေါ်သော အမည်များမှလွဲကာ ကျန်ရရှိသည့် အခွင့်အရေးများမှာ အတူတူပင် ဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် ထိုယူနစ်များသည် 'နိုင်ငံရေး၊ အုပ်ချုပ်ရေးအချုပ်အချာ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်စုံတစ်ရာ ခံစား ပိုင်ဆိုင်ခွင့်မရှိ' ဟု ၁၉၇၄ ခုနှစ်အခြေခံ ဥပဒေတွင် ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။[131] ဒေသန္တရ အုပ်ချုပ်ရေး သည် စစ်သားများ ဦးဆောင်ကာ ပြည်နယ်/တိုင်း၊ မြို့နယ်၊ ကျေးရွာအုပ်စုများတွင် ဖွဲ့စည်းထား သည့် ပြည်သူ့ကောင်စီများ လက်အောက်သို့ရောက်သွားခဲ့သည်။[132] ၈ နှစ်အကြာတွင် အစိုးရသည် ၁၉၈၂ နိုင်ငံသားဥပဒေကို လက်တွေ့အကောင်အထည် ဖော်ခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုဖြစ်ခြင်းနှင့် နိုင်ငံသားဖြစ်ခြင်းကို အဓိကဆက်စပ်ထားခဲ့ကား အဓိက လူမျိုးကြီး ရှစ်ခု၏ ရပ်တည်မှုအနေအထားကို ပိုမိုအားကောင်းစေခဲ့သည်။[133]

၁၉၈၀ ပြည့်နှစ်များတွင် အစိုးရသည် ပြည်တွင်းသောင်းကျန်းမှု အခြေအနေများကြောင့် ဖိအားများ ပိုမိုရရှိလာပြီး 'အသေးအမွှားလျှို့ဝှက်ကိစ္စများ၊ အသေးစိတ် စီမံခန့်ခွဲမှုများ၊ အားနည်းချက်များကို ဖုံးကွယ်ရန်အတွက် သတင်းအချက်အလက်များ လိုသလို ပြင်ဆင်တင်ပြခြင်း၊ အတိုက်အခံများကို နှိမ်နင်းရခြင်း၊ လုပ်ဆောင်ချက်များကို ချဲ့ကားတင်ပြခြင်း၊ လွဲမှားသော သတင်းများပေးခြင်းစသည့် အရေးကိစ္စများဖြင့် အလုပ်ရှုပ်နေသောကြောင့်' နိုင်ငံ၏အုပ်ချုပ်ရေးစနစ်မှာလည်း ယိုယွင်း လာခဲ့သည်။[134] စီးပွားရေး အကျပ်အတည်းများလည်း ကြုံတွေ့လာရသဖြင့် ၁၉၈၈ တွင် အစိုးရမှလွဲ၍ တိုင်းပြည်၏ ကျန်အခြေအနေအရပ်ရပ် ပြိုလဲသွားခဲ့သည်။ ထိုအခြေအနေက ဒုတိယအကြိမ်မြောက် စစ်တပ်မှအာဏာသိမ်းမှု ဖြစ်ပွားစေရန် အကြောင်းဖန်ပေးခဲ့ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ဟု အမည်တွင်သည့် စစ်အစိုးရ တက်လာသည်။

## ၂.၆ စစ်အင်အားတိုးချဲ့ခြင်းနှင့် အပစ်အခတ်ရပ်စဲခြင်း (၁၉၈၈ - ၂၀၁၈)

နဝတအစိုးရ အာဏာသိမ်းသည့်အချိန်တွင် နိုင်ငံ၏မြောက်ပိုင်းနှင့်အရှေ့ပိုင်း နယ်မြေအတော်များများ သည် ကွန်မြူနစ်များနှင့် အမျိုးသားရေး လက်နက်ကိုင်အုပ်စုများ လက်အောက်ကျရောက်နေသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သည် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် အချို့နေရာများတွင် နှစ်ပေါင်း ၂၀ ကျော်ကြာ အခြေစိုက်ခဲ့ပြီး ဖြစ်သည်။ ၎င်း၏အုပ်ချုပ်ရေးစနစ်အောက်တွင် ကျရောက်နေခဲ့သည့် နယ်မြေအကျယ်အဝန်းမှာ စတုရန်း ကီလိုမီတာ ၂၀၀၀၀ ခန့်ရှိသည်။[135] နယ်စပ်များအပါအဝင် ကျေးလက်ဒေသများ၊ ရှမ်းပြည်နယ်အတွင်းနယ်မြေအချို့၊ နိုင်ငံအရှေ့တောင်ပိုင်းနှင့် ကချင်ပြည်နယ်တို့သည့် တိုင်းရင်းသား

[129] ၁၂ ဖွဲ့စာရင်းကို ဇယားဖြင့်ဖော်ပြထားသည်။ အချို့မှာ နောက်ပိုင်းနှစ်များမှ အဖွဲ့ဝင်ခဲ့ကြသည်။

[130] ပြည်သူ့စစ် အစီအစဉ်နှင့် ပတ်သက်ပြီး အကျယ်တဝင့်သိလိုလျှင် Selth (2001), p. 78, pp. 81-82, p.281 ကို ကြည့်ပါ။ Maung Aung Myoe (2009), pp.30-31, p. 33, p. 35 ကိုလည်းရှုနိုင်ပါသည်။

[131] Taylor (2009), p. 306 မှ ကောက်နှုတ်ချက်များ

[132] Chit Saw & Arnold (2014), p.9.

[133] မြန်မာနိုင်ငံသားဥပဒေ အပိုဒ် ၃ တွင်ဖော်ပြချက်အရ အခြေချနေထိုင်သူ (residents) နှင့် မတူကွာခြားသော နိုင်ငံသား (citizens) များသည် "ဘီအီး ၁၁၈၅ မှ ၁၈၂၃ အေဒီအတွင်း ပြည်နယ်များ နှင့် အခြေတကျဒေသများအတွင်း နေထိုင်လာခဲ့ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် အခြားတိုင်းရင်းသားအုပ်စုများသည် ဖြစ်ရမည်" ဟု ဖော်ပြခဲ့သည်။ http://www.refworld.org/docid/3ae6b4f71b.html. ၁၉၉၀ တွင်တော့ တိုင်းရင်းသားအဖြစ် လက်ခံသတ်မှတ်ထားသည့် တိုင်းရင်းသား ၁၃၅ မျိုးစာရင်း ထုတ်ပြန်ခဲ့ပြီး အဓိက လူမျိုးစု ၈ စု အောက်သို့ စာရင်းသွင်းခဲ့သည်။

[134] From Mutebi (2005) via Chit Saw & Arnold (2014), p. 9.

[135] Lintner (1990), pp. 79-99.

လက်နက်ကိုင်အုပ်စုများ လွှမ်းမိုးထားသည့်နေရာများဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုက ဖက်ဒရယ်အရေး အတွက် တောင်းဆိုနေခဲ့ကြပြီး အချို့အဖွဲ့များက ဗကပ နှင့်ပူးပေါင်းခဲ့ကြသည်။ ယနေ့စစ်ကိုင်းတိုင်းမြောက်ပိုင်း ဒေသတွင်မူ ခွဲထွက်ရေးအတွက် တိုက်ပွဲဝင်သည့် နာဂများရှိသည်။ [136]

၁၉၈၉ တွင် ဗကပ ပြိုကွဲသွားပြီး ၎င်းတွင်ပါဝင်ခဲ့သော အဖွဲ့အမျိုးမျိုးက ၎င်းတို့၏ ပိုင်နယ်နယ်မြေများတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအဖြစ် ဖော်ထုတ်ရပ်တည်ခဲ့ကြသည်။ ထိုအဖွဲ့များသည် ယေဘုယျအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၈၉ မှ ၁၉၉၅ ခုနှစ် အတွင်း နဝတသည် ဗကပပြိုကွဲပြီးနောက် ပေါ်ထွက်လာသော အုပ်စုများအပြင် အခြားအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စုစုပေါင်း ၁၆ ခု ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်များအရ ထိုအုပ်စုများသည် ၎င်းတို့နယ်မြေများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် အဆင့်အမျိုးမျိုးဖြင့် အုပ်ချုပ်နိုင်ခဲ့ကြသည် (ဇယား ၁ ကို ကြည့်ပါ)။ ယင်းနယ်မြေများကို ဇူလိုင် ၁၉၉၄ ခုနှစ်မတိုင်မီ ချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များတွင် "အထူးဒေသများ"အဖြစ် သတ်မှတ်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် တရားဝင်အမည်များ မရှိတော့ပေ။ အင်အားအကြီးဆုံးအုပ်စုများ၏ နယ်မြေများသည် အထူးသီးသန့်ဆန်သည့်နေရာများ ဖြစ်လာခဲ့ပြီး အစိုးရပင်လျှင် ခွင့်တောင်းပြီးမှ ဝင်ထွက်ရသည်။ ၂၀၀၈ ခုနှစ်အထိ နောက်ထပ် သဘောတူညီမှု ၁၇ ခုခန့် ထပ်မံချုပ်ဆိုခဲ့သော်လည်း ထိုနောက်ပိုင်း ချုပ်ဆိုခဲ့သော အဖွဲ့များမှာ ခွဲထွက်အဖွဲ့ငယ်များသာဖြစ်သည်။[137]

**ဇယား ၁ - ၁၉၈၉ - ၁၉၉၅ အတွင်း အဓိကအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ**
**(အသေးအဖွဲ့ သဘောတူညီချက်များကို တမင်ချန်လှပ်ထားခဲ့ခြင်း ဖြစ်ပါသည်။)**

| လက်နက်ကိုင်အဖွဲ့ | ပေးအပ်ခဲ့သောနယ်မြေ | စတင်အကျုံးဝင်သည့် ရက်စွဲ | တိုင်းရင်းသား အုပ်စု | မှတ်ချက် |
|---|---|---|---|---|
| **မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)** | ရှမ်းပြည်နယ် အထူးဒေသ (၁) | မတ်လ ၂၁၊ ၁၉၈၉ | ကိုးကန့် | ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်အဖွဲ့ |
| **ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA)** | ရှမ်းပြည်နယ် အထူးဒေသ (၂) | မေ ၉၊ ၁၉၈၉ | ဝ (တရုတ်နှင့် အခြားတိုင်းရင်း သား ခေါင်းဆောင် အချို့) | ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်အဖွဲ့ |
| **အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် (NDAA) - "*မိုင်းလား*" အဖွဲ့ ဟူ၍လည်းသိကြသည်။** | ရှမ်းပြည်နယ် အထူးဒေသ (၄) | ဇွန် ၃၀၊ ၁၉၈၉ | ရှမ်း၊ လားဟူ၊ အခါ | ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်အဖွဲ့။ UWSA နှင့် မဟာမိတ် ဖွဲ့ခဲ့ပြီး အထူး နီးစပ်သည့် ဆက်ဆံရေး ရှိသည်။ |
| **ရှမ်းပြည်တပ်မတော် (SSA)** | ရှမ်းပြည်နယ် အထူးဒေသ (၃) | စက်တင်ဘာ ၂၊ ၁၉၈၉ | ရှမ်း | အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု အဖွဲ့ဝင် |
| **ဒီမိုကရေစီသစ်တပ်မတော် - ကချင် (NDA-K)** | ကချင်ပြည်နယ် အထူးဒေသ (၁) | ဒီဇင်ဘာ ၁၅၊ ၁၉၈၉ | ကချင် | ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်အဖွဲ့ |
| **ကချင်ကာကွယ်ရေးတပ်မတော် (KDA)** | ရှမ်းပြည်နယ် အထူးဒေသ (၅) | ဇန်နဝါရီ ၁၃၊ ၁၉၉၁ | ကချင် | ကချင်ပြည်လွတ်လပ်ရေးအဖွဲ့မှ ခွဲထွက်အဖွဲ့။ ယခင် တပ်မဟာ ၄ ဖြစ်သည်။ |
| **ပအိုဝ်းအမျိုးသား အစည်းအရုံး (PNO)** | ရှမ်းပြည်နယ် အထူးဒေသ (၆) | ဧပြီ ၁၁၊ ၁၉၉၁ | ပအိုဝ်း | အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု အဖွဲ့ဝင် |
| **ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ (PSLP)[138]** | ရှမ်းပြည်နယ် အထူးဒေသ (၇) | ဧပြီ ၂၁၊ ၁၉၉၁ | ပလောင် (တအာင်း) | အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု အဖွဲ့ဝင် |
| **ကယန်းအမျိုးသား လုံခြုံရေးတပ် (KNG)** | ကယားပြည်နယ် အထူးဒေသ (၁) | ဖေဖော်ဝါရီ ၂၇၊ ၁၉၉၂ | ကယန်း | ဗမာပြည်ကွန်မြူနစ်ပါတီ၏ မဟာမိတ်ဖြစ်သော ကယန်းအမျိုးသား |

[136] Lintner ၏ ၁၉၉၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် December 1988 စာအုပ်တွင် လှုပ်ရှားနယ်မြေများ ( အပြည့်အဝထိန်းချုပ်ထားခြင်းမရှိသည့်နေရာ) နှင့်ပတ်သတ်သည့် သုံးသပ်ချက်ကို မြေပုံနှင့်တကွပြထား သည်။ ထိုအချိန်က နာဂ ခွဲထွက်ရေးအုပ်စုမှာ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(ကပ်ပလန်) ဖြစ်သည်။

[137] South (2008) ဇယား ၅.၂ တွင် ဖော်ပြထားသည့် သဘောတူညီမှု ၁၆ ခုအပါအဝင် စုစုပေါင်း သဘောတူညီမှု ၁၇ ကို ယခုစာတမ်းတွင် ထည့်သွင်းတင်ပြရန် အထိ ထင်ရှားခြင်းမရှိပါ။ ထိုအထဲတွင် KNU ၏ခွဲထွက်အဖွဲ့တစ်ခုဖြစ်သော Karen Peace Council နှင့် ၂၀၀၇ ခုနှစ်တွင် ရေးထိုးခဲ့သည့် သဘောတူညီမှုလည်း အပါအဝင်ဖြစ်ပါသည်။ ၁၉၉၅ နောက်ပိုင်းတွင် ရေးထိုးခဲ့သော သဘောတူညီမှုအသေးစားလေးများက အစိုးရကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်အဖွဲ့ငယ်အမျိုးမျိုး ဖြစ်ပေါ်လာစေခဲ့သည်။ KNPP နှင့် KNU တို့နှင့် အပစ်အခတ်ရပ်စဲရေးများပြုလုပ်ခဲ့သော်လည်း ခဏအတွင်းပျက်ပြယ်ခဲ့သည်။ ၂၀၀၇ ခုနှစ်အထိ ချုပ်ဆိုခဲ့သော သဘောတူစာချုပ်စာရင်း များနှင့်အတူ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အသေးစိတ်ကို သိရှိရန် South (2008), pp. 118-136 တွင်ကြည့်ပါ။

[138] PSLP သည် တစ်ခါတစ်ရံတွင် ၎င်းတို့၏အမည်ဟောင်းဖြစ်သော (Palaung State Liberation Organization – PSLO (1976-1986)) ဖြင့် လူသိပိုများသည်။ ၁၉၆၃-၁၉၇၆ ကာလများတွင်မူ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးဟု ခေါ်ခဲ့သည်။

| | | | | |
|---|---|---|---|---|
| | | | | လွတ်မြောက်ရေးပါတီမှ ခွဲထွက်အဖွဲ့ဖြစ်သည်။ |
| **ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)** | ကချင်ပြည်နယ် အထူးဒေသ (၂) | ဖေဖော်ဝါရီ ၂၄၊ ၁၉၉၄ | ကချင် | အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အဖွဲ့ဝင် |
| **ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး (KNPLF)** | ကယားပြည်နယ် အထူးဒေသ (၂) | မေ ၉၊ ၁၉၉၄ | ကရင်နီ | ဗမာပြည်ကွန်မြူနစ်ပါတီ၏ မဟာမိတ်ဟောင်း |
| **ကယန်းပြည်သစ်ပါတီ (KNLP)** | ကယားပြည်နယ် အထူးဒေသ (၃) | ဇူလိုင် ၂၆၊ ၁၉၉၄ | ကယန်း | အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အဖွဲ့ဝင်[139] |
| **ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (SSNPLO)** | ဆီဆိုင်နှင့် မောက်မယ်မြို့နယ်များ၏ အစိတ်အပိုင်းများကို လှုပ်ရှားနယ်မြေအဖြစ် ခွင့်ပြုပေးခဲ့သည်။ | အောက်တိုဘာ ၉၊ ၁၉၉၄ | ပအိုဝ် | ဗမာပြည်ကွန်မြူနစ်ပါတီ၏ မဟာမိတ်ဟောင်း |
| **မွန်ပြည်သစ်ပါတီ (NMSP)** | မွန်ပြည်နယ်အတွင်းရှိ ရေးမြို့နယ်၊ ကရင်ပြည်နယ်နှင့် ထိုင်းနယ်စပ်ရှိ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ရှိ ဒေသများတွင် အထူး ထိန်းချုပ်ခွင့်ရရှိသည်။ | ဇွန် ၂၉၊ ၁၉၉၅ | မွန် | အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အဖွဲ့ဝင် |
| **ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်/ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA)** | ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မြောက်ပိုင်း ဒေသအတော်များများကို လှုပ်ရှားနေမြေအဖြစ်ခွင့်ပြုပေးခဲ့သည်။ | ၁၉၉၅ | ကရင် | KNU ၏ ခွဲထွက်အဖွဲ့ဖြစ်သည်။ |
| **ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)** | မသိ | ၁၉၉၅ | ရှမ်း | ခွန်ဆာ၏ မော်ထိုင်းတပ်မတော်မှ ခွဲထွက်အဖွဲ့ဖြစ်သည်။ |

နဝတ လက်ထက်တွင် အုပ်ချုပ်ရေးပိုင်း ပြုပြင်ပြောင်းလဲမှုများ၏ အစိတ်အပိုင်းအနေဖြင့် ယနေ့ အထွေထွေအုပ်ချုပ်ရေးဌာနကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ထိုပြုပြင်ပြောင်းလဲမှု၏ အထင်ရှားဆုံးဆောင်ရွက်ချက်မှာ ပြည်နယ်နှင့် တိုင်းအားလုံးတွင် ဒေသန္တရအဆင့် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီများ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းကောင်စီများကို တပ်မတော် အရာရှိများက ဦးဆောင်ပြီး ထွေအုပ်အရာရှိများက 'မြို့နှင့်ကျေးရွာ အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စာပေစိစစ်ရေး နှင့် မှတ်ပုံတင်ရေး၊ မြေယာနှင့် ယစ်မျိုးခွန် ကြီးကြပ်ကောက်ယူခြင်း နှင့် အခွန်ကောက်ခံခြင်း' အစရှိသည်များကို ဆောင်ရွက်ရသည်။[140] ထိုအတောအတွင်း၌ တိုင်းရင်းသားနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို တည်ထောင်ခဲ့ပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကြောင့် တည်ငြိမ်လာသည့် ဒေသများသို့ စေလွှတ်ကာ 'လမ်းဖောက်ခြင်း၊ မြန်မာစာသင်ကျောင်းများ၊ ဆေးရုံများ၊ ဆက်သွယ်ရေးနှင့် ကြေးနန်းရုံးများနှင့် အခြားကိစ္စရပ်များ' ကို လုပ်ဆောင်စေခဲ့သည်။[141]

ယင်းနှစ်တွင်ပင် နိုင်ငံအမည်နှင့် အခြားဆက်စပ်အသုံးအနှုန်းများအားလုံးကို မြန်မာ အဖြစ်ပြောင်းလဲလိုက်ပြီး တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုထားသည့် လူမျိုးစု ၁၃၅ မျိုး စာရင်းကို ထုတ်ပြန်လိုက်သည်။ နိုင်ငံသား မှတ်ပုံတင်ရာတွင် အခြေခံအဖြစ် ယနေ့အထိ အသုံးပြုနေသေးသည့် ထိုစာရင်းတွင် ဌာနေတိုင်းရင်းသားလူမျိုးစုဟု သတ်မှတ်ခံထားရသည့် အုပ်စုများအားလုံးကို အဓိက တိုင်းရင်းသား အုပ်စုကြီး ၈ ခုအသီးသီးအောက်တွင် စာရင်းသွင်းခဲ့သည်။ ထိုသို့ပြုလုပ်ရာတွင် သမိုင်းကြောင်း၊ မျိုးရိုးဗီဇဆင်းသက်မှု ပုံစံ အစရှိသဖြင့် မူတည် ခွဲခြားခဲ့ ခြင်းထက် အစိုးရဆန္ဒရှိသည့်အလျောက် လုပ်ဆောင်ခဲ့သည့်ပုံ ပိုဆန်ခဲ့သည်။[142]

အစိုးရက စစ်အင်အားတိုးမြှင့်ချထားမှုကိုလည်း အကြီးအကျယ်ပြုလုပ်ခဲ့သည်။ အထူးသဖြင့် အပစ်အခတ်ရပ်ထားသည့် နယ်မြေများ၊ ပဋိပက္ခနယ်မြေများတွင် ဖြစ်သည်။ စာရွက်ပေါ်တွင် အတည်ပြုထားသည့် ဗဟိုဦးစီး အုပ်ချုပ်ရေးစနစ်များ လက်တွေ့ ဖြစ်ပေါ်လာစေရန်အတွက် 'နိုင်ငံတနံတလျား စစ်တပ်များချထားခြင်း' ပြုလုပ်ခဲ့သည်။ [143]

---

[139] KNLP သည် ၁၉၈၉ ခုနှစ်အထိ ဗမာပြည်ကွန်မြူနစ်ပါတီ၏ မဟာမိတ်ဟောင်းဖြစ်ခဲ့သည်။

[140] Chit Saw & Arnold (2014), p. 10; also see Taylor (2009), p. 451.

[141] Callahan (2003b), p. 177.

[142] Taylor (2015), p. 7; TNI (2013), p. 6.

[143] Selth (2001), pp. 33-38. Maung Aung Myo (2009), pp. 33-42 ၁၉၈၈ နောက်ပိုင်းတပ်မတော်ပြုပြင်ပြောင်းလဲမှုများနှင့် တိုးချဲ့မှုများ အကြောင်းသုံးသပ်ထားသည်။

နဝတခေတ်တွင် အခြေခံဥပဒေပြုပြင်ရန် တရားဝင်ကြိုးပမ်းမှုများ၊ အတိုက်အခံပြုလုပ်မှုများရှိခဲ့သည်။ ပထမဆုံးအနေဖြင့် ၁၉၈၈ နှစ်နှောင်းပိုင်းများမှစ၍ အတိုက်အခံအုပ်စုများက မြို့ပြ (ဗမာအများစု) ပြည်သူများ၏ ဒီမိုကရေစီလှုပ်ရှားမှုများနှင့် "တိုင်းရင်းသား"များ (ဗမာမဟုတ်သူများအတွက် အသုံးအနှုန်း) ၏ ဖက်ဒရယ် တောင်းဆိုမှုများကို ပူးပေါင်းဆောင်ရွက်လာကြသည်။ ၁၉၈၈ တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (United Nationalities League for Democracy (UNLD)) က ပထဝီအနေအထားဖြင့် ခွဲခြားခြင်းမဟုတ်ပဲ ပြည်နယ်အခြေပြု လူမျိုးအခြေပြု ဖက်ဒရယ်စနစ် ကိုတောင်းဆိုခဲ့ကြသည်။ ယင်းကိစ္စသည် နောင်တွင်လည်း တိုင်းရင်းသားအတိုက်အခံများက မကြာခဏ ထုတ်ဖော်ပြောဆိုကြသည့်ကိစ္စ ဖြစ်လာခဲ့သည်။ အစိုးရက နောက်ပိုင်းတွင် UNLD ကို မတရားသင်းကြေညာခဲ့သည်။[144]

ဆန္ဒပြကျောင်းသားများနှင့် ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရအမတ်များကို အစိုးရက အကြမ်းဖက်၊ နှိပ်ကွပ်ခြင်းများ ပြုလုပ်ခဲ့သောကြောင့် ထွက်ပြေးကြရသဖြင့် ၁၉၉၀ အစောပိုင်းကာလ လှုပ်ရှားမှုများ သည် KNU နယ်မြေနှင့် ပြည်ပတွင် အခြေပြုခဲ့သည်။[145] ဖက်ဒရယ်ဒီမိုကရေစီ အရေး အတွက် လှုပ်ရှားမှု အမျိုးမျိုး ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး ၁၉၉၇ ခုနှစ်တွင်တော့ ပြည်နယ်အတွင်းမှ လူနည်းစု လူမျိုးစုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ထည့်သွင်းသတ်မှတ်ပေး ထားသည့်၊ အခြားပြည်နယ် များနည်းတူ ဗမာပြည်နယ်ကိုထည့်သွင်းဖွဲ့စည်းထားသည့် အခြေခံဥပဒေတစ်ရပ်ကို ထွက်ပြေးတိမ်းရှောင်လာသူများက နိုင်ငံပြင်ပတွင် ရေးဆွဲခဲ့သည်။[146] ယင်းအခြေခံဥပဒေပါအခန်းများသည် လူ့အခွင့်အရေးကိုသာ အထူးတလည် ဦးစားပေးထားပြီး အစိုးရတစ်ရပ်၏ အုပ်ချုပ်ရေးလမ်းကြောင်းကို မည်သို့ဖွဲ့စည်းမည်နှင့်ပတ်သက်ပြီး ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပါ။ လက်နက်ကိုင်အဖွဲ့များပါဝင်သည့် မဟာမိတ်များအဖွဲ့၊ ၁၉၉၀ ရွေးကောက်ခံအမတ်များ၊ အခြားသော ဒီမိုကရေစီလိုလားသူများ အပါအဝင် နိုင်ငံရေးမဟာမိတ်အမျိုးမျိုးက ရေးသားသည့် မူကြမ်း အမျိုးမျိုးလည်း ၂၀၀၀ ပြည့်နှစ်များအတွင်း ဆက်လက် ထွက်ပေါ်လာခဲ့သည်။[147]

၁၉၉၃ ခုနှစ်တွင် နဝတမှ "ပြည်ထောင်စုမပြိုကွဲရေး"ကို အဓိကထားသည့် အခြေခံဥပဒေသစ် ရေးဆွဲရန် အမျိုးသားညီလာခံ ကိုစတင်ခဲ့သည်။[148] ညီလာခံတက်ရောက်ပါဝင်သူ အများစုကို စစ်အစိုးရ 'စိတ်ကြိုက်ရွေးချယ်' ခေါ်ယူခဲ့ပြီး[149] ယင်းလုပ်ငန်းစဉ်တွင် အပစ်အခတ်ရပ်စဲထားသည့် ၂၈ ဖွဲ့မှကိုယ်စားလှယ်များ၊ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်နိုင်ငံရေးပါတီများ၊ ဆရာ/ဆရာမ များ နှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ များကဲ့သို့သော ရပ်ရွာများတွင် လေးစားကြည်ညိုခံရသူများ ပါဝင်ခဲ့သည်။ ပါဝင် သူများအနေဖြင့် ညီလာခံပေါ်လွှမ်းမိုးနိုင်ခြင်းမရှိ သိပ်မရှိခဲ့ပေ။ ညီလာခံလုပ်ငန်းစဉ်သည်လည်း တိုင်းရင်းသားနိုင်ငံရေးသမားများမှ "ဖယ်ဒရယ်" အစိုးရစနစ်ကို တောင်းဆိုမှုများကြောင့် မကြာခဏရပ်နားခဲ့သည်။[150]

၁၉၉၄ ခုနှစ်တွင် လူနည်းစု တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ ဖွဲ့စည်းရေး အဆိုပေါ်ပေါက်လာပြီး တိုင်းရင်းသားကိုယ်စားလှယ်များ (လက်နက်ကိုင်အဖွဲ့များအပါအဝင်) က အုပ်ချုပ်ခွင့်နယ်မြေအမျိုးမျိုး အဆိုပြု တောင်းဆိုခဲ့ကြသည်။ ဓနု၊ အင်းသား၊ အခါ၊ လားဟူ၊ ကယန်း၊ ပအိုဝ်၊ ကိုးကန့်၊ မြို/ခမီ၊ လီဆူ၊ ရဝမ်၊ တိုင်းခမ်းတီး၊ နာဂ ကိုယ်စားလှယ်များအားလုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဖွဲ့စည်းပေးရေးတောင်းဆိုခဲ့ကြသည်။ 'ဝ' က ၁၇ မြို့နယ်ထက်မနည်းသော မြို့နယ်များပါသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကချင်က ရှမ်းပြည်မြောက်ပိုင်းတွင် ကချင်ပြည်နယ်ခွဲ (sub-state)ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအဖြစ် ပြန်လည်ဖွဲ့စည်းပေးရန် တောင်းဆိုခဲ့ကြသည်။[151] အလားတူပင် ရှမ်း၊ ချင်း၊ ကရင် ကိုယ်စားလှယ်များက ၎င်းတို့လူနည်းစုအဖြစ်နေထိုင်ရာ ပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ သတ်မှတ်ပေးရန် တောင်းဆိုခဲ့သော်လည်း ပြည်နယ်ရှိထားပြီးဖြစ်သောကြောင့် ခွင့်မပြုနိုင်ပါဟု ပြန်ကြားခဲ့သည်။[152] ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းပေးနိုင်ခဲ့သော ကိုယ်ပိုင်စီရင်စု ခြောက်ခုအကြောင်းကို အပိုင်းသုံး၏ ခေါင်းစဉ်ခွဲ (၃.၂) တွင် ဆွေးနွေးတင်ပြထားပါသည်။

---

[144] Sakhong (2012), p. 83-85; နှင့် United Nationalities League for Democracy 'နောက်ခံသမိုင်း' http://www.cncjp.org/UNLD-LA.pdf တွင်ကြည့်ပါ။

[145] Holliday (2011), pp. 64-65; Taylor (2009), pp. 420-428.

[146] အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေ အပိုဒ် ၃၅၊ ၃၆

[147] South (2008), pp. 70-71; Yawnghwe & Sakhong (2003).

[148] Holliday (2011), pp. 82-83.

[149] South (2008), p. 128.

[150] လုပ်ငန်းစဉ်များနှင့်ပတ်သတ်သည့် ရိုးရှင်းသော သုံးသပ်ချက်များနှင့် ၁၉၄၇ မှစပြီး အခြေခံဥပဒေဆိုင်ရာ အပြောင်းအလဲ အဖြစ်အပျက်များကို Human Rights Watch ၏ Chronology of Burma's Constitutional Process' ခေါင်းစဉ်ပါ စာတမ်းမှ ရရှိပါသည်။ ၎င်းကို http://www.hrw.org/sites/default/files/reports/burma0508chronology.pdf မှ ရယူပါသည်။

[151] 'ဝ' ကိုယ်စားလှယ်များတွင် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ နှင့် ၎င်းတို့နှင့် ဆက်နွယ်မှုမရှိသော 'ဝ' ဒီမိုကရက်တစ်ပါတီတို့မှ သူများပါဝင်ပြီး မြို့နယ် ၁၇ ခုနှင့် လားရှိုးမြို့နယ်အတွင်းမှ ကျေးရွာစု ၂ စုကိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအဖြစ် တောင်းဆိုခဲ့သည်။ ကချင်ကိုယ်စားလှယ်များတွင် ကချင်ကာကွယ်ရေး တပ်မတော်နှင့် ၂၀၁၅ တွင် ရှမ်းပြည်နယ်၏ ကချင်ရေးရာဝန်ကြီးဖြစ်လာသော ဦး ဒူဝါ ဇုတ်ဒေါင် တို့ ပါဝင်သည်။ Burma Press Summary (1994); Sai Kham Mong (2007), pp. 272-273 ကိုကြည့်ပါ။

[152] Burma Press Summary (1994) ကိုကြည့်ပါ။

ထိုကာလအတွင်း တပ်မတော်ကလည်း နယ်စပ်ဒေသတလျောက်တွင် အောင်မြင်မှုများ ရလျက်ရှိနေသည်။ ၁၉၉၄ တွင် KNU နှစ်ခြမ်းကွဲသွားပြီး အစိုးရ လက်ဝေခံ Democratic Karen Buddhist Army (DKBA) ထွက်ပေါ်လာသည်။ ၎င်းအဖွဲ့နှင့် အစိုးရတို့ ပူးပေါင်းတိုက်ခိုက်မှုများကြောင့် KNU တို့သည် နယ်မြေအတော်များများ လက်လွတ်လိုက်ရပြီး အမာခံနယ်မြေအချို့ကိုသာ အပြည့်အဝထိန်းချုပ်နိုင်တော့သည်။ သို့သော်လည်း ပြောက်ကျားအသွင်ဖြင့် မြန်မာနိုင်ငံအရှေ့တောင်ခြမ်းတခွင်တွင် ဆက်လက်နေရာ ယူထားနိုင်ဆဲဖြစ်သည်။ ယင်းပြောက်ကျားနယ်မြေများတွင် အစိုးရအုပ်ချုပ်ရေးယန္တရားမရှိသောကြောင့် KNU အနေဖြင့် ကျေးရွာအဆင့်တွင် ဆက်ဆံရေးထူထောင်ထားနိုင်ပြီး အုပ်ချုပ်မှု၊ ဝန်ဆောင်မှု ပေးခြင်းများပြုလုပ်နိုင်ခဲ့သည်။

ထိုကာလအတောအတွင်း အပစ်အခတ်ရပ်စဲထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများသည် တစတစဖွံ့ဖြိုးလာကာ အစိုးရထိန်းချုပ်ဒေသမှ ပြောင်းရွှေ့လာသူများကြောင့် လူဦးရေလည်း တိုးတက်လာသည်။ မွန်ပြည်သစ်ပါတီက ထိုင်းမှ မောင်းထုတ်ခံရသည့် စစ်ဘေးဒုက္ခသည်ဟောင်းများအတွက် ဒုက္ခသည်စခန်းများတည်ဆောက်ခဲ့သည်။ ယင်းစခန်းများသို့ အစိုးရထိန်းချုပ်ဒေသများမှ အဓမ္မခိုင်းစေမှုကြောင့် ထွက်ပြေးလာသူ ထောင်နှင့် သောင်းနှင့်ချီပြီးရောက်ရှိလာခဲ့သည်။[153] အချိန်ရွေးမနှောင်းတွင် ကေအိုင်အို အထူးဒေသ၃ ကချင် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်လာသူ (IDPs) များက လိုင်ဇာ ကိုတည်ထောင်ခဲ့သည်။ ဆယ်စုနှစ်နှင့်ချီသော စစ်ဘေးကြောင့် ဒုက္ခရောက်သူများအဖို့ အတော်အတန် တည်ငြိမ်မှုရှိသည့် နေရာတစ်ခုဖြစ်ခဲ့သည်။[154] လိုင်ဇာ၊ ပန်ဆန်းနှင့် 'ဝ' အထူးဒေသမှ အခြားမြို့ များသည် အပစ်အခတ်ရပ်စဲရေးကြောင့် သော်လည်းကောင်း၊ တရုတ်စီးပွားရေးအခြေအနေ တိုးတက်မှုတို့ကြောင့် သော်လည်းကောင်း ကိုယ်ပိုင်ရုပ်မြင်သံကြားလွှင့်ရုံများ၊ ၂၄ နာရီလျှပ်စစ်မီး၊ ခေတ်မီှဟိုတယ်ကြီးများဖြင့် မြန်မာပြည်အထက်ပိုင်းတွင် အတိုးတက်ဆုံးမြို့များဖြစ်လာခဲ့သည်။

၁၉၉၆ တွင် ဘိန်းဘုရင် ခွန်ဆာ ဦးဆောင်သည့် မော်ထိုင်းတပ်မတော် (Mong Tai Army – MTA) မမျှော်လင့်ပဲ အလင်းဝင်ခဲ့သဖြင့် တပ်မတော်နှင့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP) တို့သည် ရှမ်းပြည် တောင်ပိုင်းတွင် နေရာအတော်များများ ရရှိလိုက်သည်။ ခွန်ဆာအဖွဲ့သည် ယခင်နိုင်ငံတော်မှ ပံ့ပိုးပေးထားသည့်အဖွဲ့ဖြစ်သည်။ UWSP သည် ထိုင်းနှင့်ဆက်သွယ်ရေး လမ်းကြောင်းကို ရယူနိုင်ရန်အတွက် ၁၉၉၀ နှစ်များကတည်းက မော်ထိုင်းတပ်မတော်နှင့် တိုက်ခိုက်နေခဲ့သည်။ အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ရည်မှန်းချက် အောင်မြင်ခဲ့ပြီး ရှမ်းပြည်အရှေ့ခြမ်း တောင်ဘက်နယ်စပ်၏ အစိတ်အပိုင်းအတော်များများ ရရှိလိုက်သည်။[155] ၁၉၉၉ ခုနှစ်တွင် 'ဝ' အထူးဒေသမှ လူတစ်သိန်းခန့် ပြောင်းရွှေ့မည့်အစီအစဉ်ကို စတင်ခဲ့ပြီး အုပ်ချုပ်ရေးနယ်မြေအသစ်ကို ဖွဲ့စည်းခဲ့သည်။[156] ခွန်ဆာ၏ အဖွဲ့သည်လည်း အစိတ်စိတ် အမွှာမွှာကွဲထွက်သွားသည်။ အချို့က ပြည်သူ့စစ်ဖွဲ့စည်းသည်၊ အချို့က ရှိနှင့်ပြီးသား အဖွဲ့များအတွင်းသို့ ဝင်ရောက်သွားသည်၊ အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များနှင့် ပူးပေါင်းသွားသည်များလည်းရှိသည်။ အဖွဲ့ခွဲတစ်ခုမှာ မူလအတိုင်း ဆက်လက်တိုက်ပွဲဝင်နေခဲ့ပြီး နောက်ပိုင်းတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (Restoration Council of Shan State - RCSS)[157] ဖြစ်လာသည်။

အမျိုးသားညီလာခံလုပ်ငန်းစဉ်ကို အစိုးရကသာ ဆက်လက်ချုပ်ကိုင်ထားပြီး တိုင်းရင်းသား နိုင်ငံရေးသမားများ၏ အဓိက တောင်းဆိုချက်များကို အနည်းငယ်သာ ဖြည့်ဆည်းပေးနိုင်ကြောင်း တဖြည်းဖြည်း ထင်ရှားလာသည်။ ၁၉၉၀ တွင်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းရင်းသား အတိုက်အခံများက အမျိုးသားညီလာခံကို သပိတ်မှောက်ခဲ့သောကြောင့် ၁၉၉၅ - ၉၆ အတွင်း လုပ်ငန်းစဉ်မှ ပါဝင်ခွင့် ရပ်ဆိုင်းခဲ့ပြီး ညီလာခံကိုလည်း အချိန်ကြာမြင့်စွာ ရပ်နားခဲ့သည်။ လုပ်ငန်းစဉ်တလျောက် ကာလရှည်ကြာရပ်နားထားရသည့် ကာလအတွင်း အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များက ၂၀၀၁၊ ၂၀၀၃ နှင့် ၂၀၀၄ နှစ်များတွင် လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် မျှော်လင့်ချက်၊ မကျေနပ်ချက်များနှင့် သံသယများကို ဖော်ပြထားသည့် ထုတ်ပြန်ချက် အများအပြား ထုတ်ခဲ့သည်။[158]

---

153 Jolliffe and South (2014), p. 27.

154 Jolliffe and South (2014), p. 9, p. 16.

155 Smith (1999), pp. 440-448.

156 Kramer (2007), pp. 21-23; ၁၉၉၉ နှင့် ၂၀၀၆ ကြား ခန့်မှန်းခြေ 'ဝ' လူမျိုး အရေအတွက် ၆၅၀၀၀ ရှိပြီး အခြားမှာ ၁၂၆ ၀၀၀ ရှိသည်။ S.H.A.N, 'No More Wa Exodus', 07-05-2006; http://english.panglong.org/no-more-wa-exodus/ တွင်ကြည့်ရှုနိုင်သည်။ ဘီဘီစီက ၁ သိန်းဝန်းကျင်ဟု ၂၀၀၀ ခုနှစ်က ခန့်မှန်းသည်။ BBC, 'Thailand blames Burma for drugs rise', 24 June 2000; http://news.bbc.co.uk/2/hi/asia-pacific/804326.stm တွင် ကြည့်ရှုနိုင်သည်။

157 ၁၉၉၀ နှစ်ကုန်ပိုင်းတွင် ညီညွတ်သော ရှမ်းတော်လှန်ရေးတပ်မတော်အဖွဲ့ (Shan United Revolution Army – SURA) သည် အခြားအပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည့် ရှမ်းအဖွဲ့များနှင့် ပူးပေါင်းကာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ချုပ်ရန် အားထုတ်ခဲ့သည်။ သို့သော်လည်း တပ်ပေါင်းစု၏ အလျင်အမြန် အင်အားတိုးတက်လာနိုင်မှုကို မှန်းဆမိသဖြင့် တပ်မတော်အစိုးရက တပ်ပေါင်းစု နှင့်ဆွေးနွေးရန်ငြင်းဆိုခဲ့သည်။ ယင်းအဖွဲ့သည် အစိုးရနှင့် တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ပြီး RCSS ဖြစ်သွားသည်။ အခြားအဖွဲ့ကြီးတစ်ခုက ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဖြစ်လာပြီး ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)နှင့် မဟာမိတ်ဖွဲ့ခဲ့သည်။

158 'ဝ' UWSP ၊ NDAA မိုင်းလား နှင့် ရှမ်းပြည်တပ်မတော်တို့၏ ထုတ်ပြန်ချက်များ ပါဝင်သည်။ Naw Seng ၏ 'Ceasefire Groups Prepare for National Convention', The Irrawaddy, 22-10-03 http://burmatoday.net/irrawaddy/irrawaddy_e/2003/10/031024_ceasefiregroup_ir.htm ကိုကြည့်ပါ။ ၂၀၀၁ တွင် တစ်ကြိမ် ၂၀၀၄ တွင်တစ်ကြိမ် ဖက်ဒရယ်လိုလားသည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့ ၈ ဖွဲ့ပေါင်းပြီး လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် မကျေနပ်ချက်များကို ထုတ်ပြန်ခဲ့သည်။ 'နိုင်ငံ၏ အနာဂတ်အရေးကို စစ်တပ်က ဦးဆောင်နေရာယူထားသည်ကို' လက်မခံနိုင်ကြောင်း အထူးအလေးပေးဖော်ပြခဲ့သည်။
Human Rights Watch, 'Chronology of Burma's Constitutional Process'; available at: http://www.hrw.org/sites/default/files/reports/burma0508chronology.pdf ကိုကြည့်ပါ။

၂၀၀၄ ခုနှစ်တွင် ဖက်ဒရယ်လိုလားသည့်အုပ်စုများက ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းကို ပိုမိုပြုလုပ်ရန် သီးသန့်တောင်းဆိုခြင်း အပါအဝင် ပို၍အသေးစိတ်ကျသော တောင်းဆိုမှုများပြုလုပ်ခဲ့သည်။[159] ပြည်နယ်အစိုးရများကို လုပ်ပိုင်ခွင့်ပိုပေးရန်၊ ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲခွင့်ပေးရန်၊ အခွန်ကောက်ခြင်း၊ ကာကွယ်ရေး နှင့်လုံခြုံရေး၊ ဘာသာစကား ဆိုင်ရာကိစ္စရပ်များတွင် ဥပဒေပြုအာဏာ အထူးပေးအပ်ရန် နိုင်ငံခြားရေးကိုပင် ကိုင်တွယ်ခွင့်ပေးရန် နှင့် အခြားကိစ္စရပ်များကို တောင်းဆိုခဲ့သည်။[160] တပ်မတော်မှ ဖိအားတိုးမြှင့်လာသောကြောင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ (Palaung State Liberation Party – PSLP) နှင့် ရှမ်းပြည်အမျိုးသားတပ်မတော် (Shan State National Army) တို့သည့် ၂၀၀၅ နှင့်၂၀၀၆ ခုနှစ်အသီးသီးတွင် ဖျက်သိမ်းသွားပြီး ယခင်က ရထားခဲ့သည့် ပလောင် အထူးဒေသကိုလည်း ဆုံးရှုံးခဲ့သည်။[161] ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကော်မရှင်က အမျိုးသားညီလာခံကို အပြင်းအထန်ဝေဖန်ခဲ့သည်။[162]

၂၀၀၆ ခုနှစ်တွင် ကေအိုင်အိုက ဖက်ဒရယ်စနစ်နှင့် ပတ်သက်ပြီး အချက် ၁၉ ချက်ပါစာတမ်းကို အမျိုးသားညီလာခံသို့ တင်သွင်းခဲ့သည်။[163] စာမျက်နှာ ၆ မျက်နှာပါသည့် ထိုစာတမ်းတွင် တိုင်းရင်းသား ပြည်နယ်များကို တိုင်းများနှင့်မတူပဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားရေး၊ ဘဏ္ဍာရေး၊ နယ်စပ်ရေး နှင့် ဒုတိယမြောက် တရားဝင်ရုံးသုံးဘာသာစကား၊ ဒေသအလိုက် ဓလေ့ထုံးဥပဒေ များအသုံးချနိုင်ရေးတို့အပါအဝင် အခြားအရေးကိစ္စ အမျိုးမျိုးအတွက် လွတ်လပ်ခွင့်ပိုပေးရန် စသည့်အချက်များ ပါဝင်ခဲ့သည်။ အစိုးရအနေဖြင့် ယင်းစာတမ်း ဆွေးနွေးရန် အတိအလင်းပင်ငြင်းဆိုခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခအခြေအနေသို့ ပြန်ရောက်သွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။[164]

အမျိုးသားညီလာခံလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိကြသည့် တိုင်းရင်းသား နိုင်ငံရေး သမားများနှင့် အောင်ဆန်းစုကြည်ကို ဝန်းရံကြသည့် ဒီမိုကရေစီလိုလားသည့် အတိုက်အခံများက အမျိုးသားပြန်လည်သင့်မြတ်ရေးကို ၄င်းတို့အုပ်စု နစ်ဖွဲ့ နှင့် စစ်အစိုးရတို့ ပါဝင်သည့် သုံးပွင့်ဆိုင်တွေ့ဆုံမှုဖြင့် ဖြေရှင်းရန် ဆက်တိုက်တောင်းဆိုခဲ့သည်။ နိုင်ငံတကာကလည်း မြန်မာ၏ အမျိုးအစားစုံလင် လှသော ပြဿနာများကို ဖြေရှင်းရန်အတွက် အခြေခံလမ်းစအဖြစ် ယင်းတောင်းဆိုမှုကို ဆက်တိုက် ထောက်ခံခဲ့ သည်။[165]

## ၂.၇ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၂၀၀၈ - ၂၀၁၅)

၂၀၀၇ ခုနှစ်တွင် အမျိုးသားညီလာခံ အဆုံးသတ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ကိုအတည်ပြုခဲ့သည်။[166] ၂၀၁၀ အထွေထွေရွေးကောက်ပွဲကြီးအပြီး ၂၀၁၁ ခုနှစ်တွင် ယင်းအခြေခံဥပဒေ အသက်ဝင်ခဲ့သည်။ ပြည်နယ် ၇ ခုသည် ယခင်အတိုင်းတည်နေခဲ့ပြီး တိုင်း ၇ တိုင်းကို တိုင်းဒေသကြီးများအဖြစ်ပြောင်းလဲခဲ့ပြီး ပြည်နယ်နှင့် တိုင်းအစိုးရ၊ ဥပဒေပြုရေးများကို ပြန်လည် အသက်သွင်းခဲ့သည်။ အခြေခံဥပဒေအရ ပအိုဝ်၊ ကိုးကန့်၊ ပလောင်၊ ဓနု၊ 'ဝ' နှင့် နာဂ လူမျိုးတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ၆ ခုတိုးလာခဲ့သည်။ အခြေခံဥပဒေသစ်အရ ဖန်တီးလိုက်သည့် ပြည်နယ်နှင့် တိုင်းအဆင့် အုပ်ချုပ်ရေးစနစ်များအကြောင်းကို အပိုင်း သုံး တွင်ဆက်လက် ဆွေးနွေးထားပါသည်။

အခြေခံဥပဒေတွင် "ပြည်သူ့စစ်မဟာဗျူဟာ" ဆက်လက်ရှင်သန်ရေးအတွက် ပုဒ်မများပါဝင်ပြီး "လုံခြုံရေးနှင့် ပြည်ထောင်စု ကာကွယ်ရေး ကိစ္စရပ်များတွင် ပြည်သူလူထုပါဝင်ခြင်း"အား ကြီးကြပ်နိုင်ခွင့်ကို စစ်တပ်အား ပေးအပ်ထားခဲ့သည်။[167] နိုင်ငံအတွင်း လက်နက်ကိုင် အင်အားစုတစ်ရပ်သာ ရှိရမည်ဟု အခြေခံဥပဒေအရ သတ်မှတ်ထားသည်။

---

[159] တောင်းဆိုခဲ့သည့်အချက်များကို Human Rights Watch, 'Chronology of Burma's Constitutional Process'; တွင်ကြည့်ပါ။ ပို၍အသေးစိတ်ကို South (2008), pp.128-129 တွင်ကြည့်ပါ။

[160] ထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံတွင် ကျင့်သုံးနေသကဲ့သို့ ပြည်နယ်နှင့် ဗဟိုကြားခွဲဝေပေးနိုင်သည့် ဥပဒေပြုရေးအာဏာများကို တောင်းဆိုခဲ့သည်။ တိုင်းရင်းသားအရေးကို ဗဟို ဥပဒေပြုအာဏာတွင် ထည့်သွင်းရန် ဖော်ပြခဲ့သည်။ ထုတ်ပြန်ချက်တွင် ပါဝင်သည့် အဖွဲ့အစည်းများ အရေအတွက်နှင့် ပတ်သက်ပြီး ကွဲပြားမှုများရှိသည်။ Human Rights Watch, 'Chronology of Burma's Constitutional Process' တွင် ၁၇ ဖွဲ့၊ Zaw Oo & Win Min (2007) တွင် ၁၃ ဖွဲ့ ဟု အသီးသီးဆိုကြသည်။

[161] South (2008), p. 133.

[162] South (2008), pp. 129-133.

[163] Sakhong (2010), pp. 137-142.

[164] Sakhong (2010), p. 128.

[165] ထိုကာလအတွင်း ထွက်ပေါ်လာသည့် ဆန့်ကျင်ဖက် အစွန်းနှစ်ဖက်ရှိ ဥပမာနှစ်ခုအတွက် United Nations General Assembly Resolution 49/197, dated 23 December 1994; နှင့် http://www2.irrawaddy.org/article.php?art_id=8861 တွင်ရယူနိုင်သည့် Lalit K. Jha, 'US Senate Passes Resolution Calling for Tripartite Dialogue', 03-10-15 မှ US Senate Resolution in 2007 တို့ကိုကြည့်ပါ။

[166] Holliday (2011), p. 82

[167] ပြည်ထောင်စုမြန်မာနိုင်ငံတော် အခြေခံဥပဒေ ၂၀၀၈ အပိုဒ် ၃၄၀။ ပြည်သူ့စစ်နှင့် သက်ဆိုင်သည့် အပိုဒ်တွင် "တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်" ဟု ဖော်ပြထားသည်။

ထို့အတွက်ကြောင့် ၂၀၀၉ ခုနှစ်တွင် ကျန်ရှိနေသေးသည့် လက်နက်ကိုင်အဖွဲ့များကို တပ်မတော်အရာရှိများ ပါဝင်ပေါင်းစပ်ထားသည့် နယ်ခြားစောင့်တပ်များ (Border Guard Forces – BGFs) အဖြစ် အသွင်ပြောင်းရန် ညွှန်ကြားခဲ့သည်။[168] အစိုးရ၏ အစီအစဉ်ကို အဖွဲ့အချို့ကသာလက်ခံခဲ့ပြီး ကေအိုင်အိုကဲ့သို့သော အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များက အတိအလင်း ငြင်းပယ်ခဲ့သည်။ အချို့အဖွဲ့များက ပို၍စနစ်ကျ အင်အားများသော ပြည်သူ့စစ်များ (ဌာနေပြည်သူ့စစ် - People's Militia Force - PMFs) အဖြစ် ညှိနှိုင်းပြောင်းလဲခဲ့သည်။[169]

ဌာနေပြည်သူ့စစ်များသည် တပ်မတော်ညွှန်ကြားမှုအောက်တွင်ရှိသော်လည်း မြန်မာစစ်သားများကို ၎င်းတို့၏တပ်ဖွဲ့စည်းပုံတွင် ထည့်သွင်းရန်မလိုပေ။ တစ်ချိန်တည်းတွင် ဖွဲ့စည်းမှုသက်တမ်းကြာခဲ့ပြီဖြစ်သော ပြည်သူ့စစ် အများအပြားကို ဌာနေပြည်သူ့စစ်များ အဖြစ် တရားဝင်တာဝန်များပေးပြီး အသွင်ပြောင်းခဲ့သည်။ တပ်သား ၁၀ မှ ၃၀ အတွင်းရှိသည့် ကျေးရွာအဆင့်ပြည်သူ့စစ်များ အပါအဝင် တပ်သား ၁၀၀ ကျော်ရှိသည့် ကျေးရွာအုပ်စုအဆင့် ပြည်သူ့စစ်များ အစရှိသည့် တပ်အင်အား မတူညီသည့် အုပ်စုအများအပြားကိုမူ ၁၉၇၀ နှစ်များကအတိုင်း သို့မဟုတ် ထိုထက်စောသည့် ကာလက ပုံစံအတိုင်း စည်းစနစ်တကျရှိရန် မလိုလှသည့် ပြည်သူ့စစ်ပုံစံအဖြစ် ဆက်လက်ရပ်တည်နေစေခဲ့သည်။

အတိအကျဆိုရလျှင် နယ်ခြားစောင့်တပ်များ၊ ဌာနေပြည်သူ့စစ်များ၏ တာဝန်မှာ လုံခြုံရေးအတွက်သာဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် နည်းလမ်းတကျ သတ်မှတ်ထားပေးခြင်းမရှိပါ။ သို့သော်လည်း အချို့အဖွဲ့များက အုပ်ချုပ်ရေးအပိုင်းတွင်မူ အဓိကနေရာမှ ဆောင်ရွက်နေဆဲဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး အပိုင်းလေး မှ  အပိုင်းရှစ် အတွင်းတွင်ဖော်ပြထားသည်။ စာတမ်းပြုစုနေချိန်အထိ နယ်ခြားစောင့်တပ်များအဖြစ် ရှိနေသည့် တပ်များစာရင်းကို ဇယား ၂ တွင် ဖော်ပြထားပါသည်။ ဇယား ၃ တွင် ဌာနေပြည်သူ့စစ်များအဖြစ် အသွင်ပြောင်း လိုက်သည့်အဖွဲ့ကြီး များကို ဖော်ပြထားသည်။

**ဇယား ၂ - နယ်ခြားစောင့်တပ်များ**

| နယ်ခြားစောင့် တပ်ရင်း | ယခင် အဖွဲ့ | တည်နေရာ - မြို့နယ်များ (ပြည်နယ်/တိုင်းဒေသကြီး) |
|---|---|---|
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၁** | ဒီမိုကရေစီသစ်တပ်မတော် - ကချင် | ချီဖွေ  (ကချင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၂** | ဒီမိုကရေစီသစ်တပ်မတော် - ကချင် | ချီဖွေ  (ကချင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၃** | ဒီမိုကရေစီသစ်တပ်မတော် - ကချင် | ဝိုင်းမော်  (ကချင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၄** | ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး | လွိုင်ကော်၊ ဖားဆောင်း (ကယားပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၅** | ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး | ဘော်လခဲ၊ မဲဆယ် (ကယားပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၆** | မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (ခွဲထွက်အဖွဲ့) | ကုန်းကြမ်း၊ လောက်ကိုင် ( ရှမ်းပြည်နယ်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၇** | လားဟူပြည်သူ့စစ် | မိုင်းတုံ (ရှမ်းပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၈** | အခါပြည်သူ့စစ် | မိုင်းယောင်း (ရှမ်းပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၀၉** | လားဟူပြည်သူ့စစ် | တာချီလိတ် (ရှမ်းပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၀** | ဝ ပြည်သူ့စစ် | မက်မန်း (ရှမ်းပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၁** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | လှိုင်းဘွဲ့ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၂** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | လှိုင်းဘွဲ့ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၃** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | ဖာပွန် (ကရင်ပြည်နယ်) |

[168] နယ်ခြားစောင့် တပ်ရင်းတိုင်းတွင် တပ်အင်အား ၃၂၆ ဦး ရှိရမည်ဖြစ်ပြီး ယင်းအနက် ၃၀ မှာ တပ်မတော်မှလာရမည်။ တပ်ရင်းခေါင်းဆောင်မှာ ဒေသခံလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး အခြားသော အရာရှိနေရာများ၊ ထောက်ပို့နေရာအများစုကို တပ်မတော်ကယူထားသည်။ အချို့သော တပ်များသည် တပ်အင်အားမပြည့်ခြင်း သို့မဟုတ် တပ်ရင်းတွင်တပ်မတော်သား ၃၀ မပါဝင်နိုင်ခြင်းများရှိသည်။

[169] ဌာနေပြည်သူ့စစ် "People's Militia Forces" ၏ အင်္ဂလိပ်အခေါ်အဝေါ်မည်သို့ ပေါ်ပေါက်လာသည်ကို စာတမ်းရှင်မှ မစုံစမ်းနိုင်ခဲ့ပါ။ သို့သော်လည်း အများစုသုံးနေသော စကားလုံးဖြစ်၍ ဤနေရာတွင် သုံးနှုန်းသွားပါမည်။ ထိုအဖွဲ့သစ်များကို မြန်မာဘာသာတွင် *ဌာနေပြည်သူ့စစ်* ဟု ခေါ်ပြီး ဒေသ သို့မဟုတ် ဒေသန္တရ ပြည်သူ့စစ်များဟု အဓိပ္ပာယ်ရသည်။ တခါတရံ နယ်စောင့်တပ်ဖွဲ့များဟုလည်း သုံးနှုန်းပြီး ယင်းအသုံးသည် မြန်မာအဓိပ္ပါယ်နှင့် ပိုကိုက်သည်။

| | | |
|---|---|---|
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၄** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | ဖာပွန် (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၅** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | လှိုင်းဘွဲ့ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၆** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | လှိုင်းဘွဲ့ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၇** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | မြဝတီ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၈** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | မြဝတီ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၁၉** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | မြဝတီ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၂၀** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | မြဝတီ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၂၁** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | ကော့ကရိတ် (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၂၂** | တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် | မြဝတီ (ကရင်ပြည်နယ်) |
| **နယ်ခြားစောင့် တပ်ရင်း ၁၀၂၃** | ကရင် ငြိမ်းချမ်းရေး တပ်ဖွဲ့ | ကြာအင်းဆိပ်ကြီး (ကရင်ပြည်နယ်) |

**ဇယား ၃ - အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များမှ ဌာနေပြည်သူ့စစ်များ အဖြစ်ပြောင်းလဲ သွားသည့် အဖွဲ့များ**[170]

| **ယခင်အဖွဲ့ အဆင့်** | **ဒေသ** |
|---|---|
| ကချင်ကာကွယ်ရေးတပ်မတော် | ကွတ်ခိုင် (ရှမ်းပြည်နယ်) |
| ရှမ်းပြည်တပ်မတော် - မြောက် (တပ်မဟာ ၃ + ၇) | တန့်ယန်း၊ လားရှိုး (ရှမ်းပြည်နယ်) |
| ပအိုဝ်အမျိုးသား တပ်မတော် | ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး၊ တောင်ကြီး၊ ကလော၊ လွိုင်လင် (ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ရှမ်းပြည်နယ်)[171] |
| သံတောင်ငြိမ်းချမ်းရေးအုပ်စု | သံတောင်ကြီး (ကရင်ပြည်နယ်) |

အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များနှင့် အချိတ်ဆက်ရှိသည့် တိုင်းရင်းသားနိုင်ငံရေးသမားများ အနေဖြင့် နိုင်ငံရေး အခင်းအကျင်းတွင် နေရာတစ်ခုရစေရန် ၂၀၀၈ အခြေခံဥပဒေတွင် အခွင့်အလမ်းဖော်ဆောင်ပေးခဲ့သည်။ ပြည်သူ့စစ်၊ နယ်ခြားစောင့် တပ်ခေါင်းဆောင်များသည် ၂၀၁၀ ခုနှစ်တွင် တပ်မတော် ခေါင်းဆောင်ပိုင်းမှ နုတ်ထွက်လိုက်သူများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသို့ ဝင်ရောက်ခဲ့ကြသည် (နောက်ဆက်တွဲ ၁ ကိုကြည့်ပါ)။ တစ်ချိန်တည်းမှာပင် အပစ်အခတ်ရပ်စဲထားသည့် အချို့အဖွဲ့ခွဲများက နယ်ခြားစောင့်တပ် သို့မဟုတ် ဌာနေပြည်သူ့စစ်များ အဖြစ်အသွင်ပြောင်း သွားကြပြီး အချို့ကပါတီများ ထူထောင်ခဲ့ကြသည် (နောက်ဆက်တွဲ ၂ ကို ကြည့်ပါ)။

အခြားတဖက်တွင်မူ တပ်မတော်အစိုးရနှင့် ပူးပေါင်းမှုအားနည်းသည့် အပစ်အခတ်ရပ်စဲရေးအုပ်စုများနှင့် ၄င်းအဖွဲ့များနှင့် အဆက်အစပ်ရှိသည်ဟု ထင်မှတ်ထားခြင်းခံရသူများသည် နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ခွင့်မှ ပိတ်ပင်ခံရသည်။ အထင်ရှားဆုံး သာဓကမှာ ကေအိုင်အိုနှင့် တပ်မတော် အစိုးရကြားတင်းမာမှုများ ပေါ်ပေါက်လာသဖြင့် ကချင်ပါတီများ၊ ကချင်တစ်သီးပုဂ္ဂလများ၏ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ ငြင်းပယ်ခြင်းခံရသည်။[172] ထိုအချိန်တွင်ပင် နယ်ခြားစောင့်တပ် ၁၀၀၃ - ၁၀၀၅ တို့အဖြစ် အသွင်ပြောင်းသွားသည့် ဒီမိုကရေစီသစ်တပ်မတော် (NDA-K) တည်ထောင်သူ ဇခုန်တိန့်ယိန်းသည် တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကချင်ပြည်နယ် ချီဖွေမြို့နယ် ကိုယ်စားလှယ် အဖြစ် ရွေးချယ် ခံရသည်။[173]

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆက်စပ်မှုမရှိသော နိုင်ငံရေးသမားများက ဖွဲ့စည်းသည့် တိုင်းရင်းသား နိုင်ငံရေးပါတီများလည်း အများအပြားပေါ်ထွက်လာခဲ့ပြီး ၄င်းတို့ထဲမှ အတော်များများက နိုင်ငံရေးတက်ကြွလှုပ်ရှားသည့်

[170] ဌာနေပြည်သူ့စစ်များ အားလုံးစာရင်းကို ဖော်ပြနိုင်ခြင်းမရှိပါ။ ယခင်က အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့မှ အသွင်ပြောင်းများစာရင်းသာ ဖြစ်ပါသည်။ အခြားအဖွဲ့များနှင့် ပတ်သက်သည်ကို အပိုင်း ၅ - ၈ အတွင်းဖော်ပြထားပါသည်။ ရိုးရိုးပြည်သူ့စစ်အရေအတွက်မှာလည်း အများအပြားရှိနိုင်ပါသည်။
[171] အနီးအနားရှိ အခြားမြို့နယ်များတွင်လည်း PNA ရှိနိုင်ပါသည်။
[172] Sakhong (2010), pp. 127-134
[173] Farrelly (2012), p. 60

လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆင်တူသော နိုင်ငံရေး ရည်ရွယ်ချက်များ ရှိကြသည်။ ၂၀၁၁ ခုနှစ်မှ စတင်ကာ တိုင်းရင်းသားပါတီ အသစ်များနှင့် ပယ်ဖျက်ခံရသော ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် တိုင်းရင်းသားပါတီအချို့လည်း ပါဝင်လာသည်။[174]

အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့များကို နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် အစိုးရ၏ဖိအားပေးမှုများက ၂၀၀၉ - ၂၀၁၀ အတွင်း နယ်မြေအများအပြားတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများအပေါ် အကျိုးသက်ရောက်မှုများဖြစ်စေခဲ့သည်။ ကိုးကန့်ဒေသမှ MNDAA အဖွဲ့ကို ၂၀၀၉ ခုနှစ်တွင် အထူးဒေသမှတိုက်ထုတ်လိုက်သည်။ ၎င်း၏ ခွဲထွက်အဖွဲ့တစ်ခုက နယ်ခြားစောင့်တပ် ၁၀၀၆ အဖြစ်အသွင် ပြောင်းသွားသည်။ ထိုအချိန်အတောအတွင်းမှာပင် အပစ်အခတ်ရပ်စဲရေး ရယူထားခဲ့သော DKBA မှ ခွဲထွက် အဖွဲ့ငယ်တစ်ခုနှင့် KNU ခွဲထွက်အဖွဲ့ KNLA-Peace Council တို့သည်လည်း ၂၀၁၁ ခုနှစ်အထိ အစိုးရနှင့် တိုက်ပွဲများပြန်လည်ဖြစ်ပွား ခဲ့သည်။

ရှမ်းပြည်နယ်တွင်လည်း သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၏ ကြီးမားသော အစိတ်အပိုင်း အဖွဲ့တစ်ခုက ဌာနေပြည်သူ့စစ် အသွင်ပြောင်းရန် ငြင်းဆိုခဲ့သဖြင့် တပ်မတော်က ၂၀၁၁ ခုနှစ်တွင်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲများမှာ ၂၀၁၅ ထိ ဖြစ်ပေါ်နေခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အငြိမ်းစားဗိုလ်ချုပ်များဖြင့် ဖွဲ့စည်းထားသည့် အရပ်သားတစ်ပိုင်းအစိုးရ လက်ထက်တွင် တပ်မတော်က KIO ကို ထိုးစစ်ဆင်ခဲ့ပြီး နှစ်ကာလများစွာအတွင်း ပဋိပက္ခအများဆုံးကာလတစ်ခု ဖြစ်လာခဲ့သည်။ ယင်းပဋိပက္ခများသည် နယ်မြေအနေအထားများကို အကြီးအကျယ် ပြောင်းလဲစေခဲ့ပြီး ဒေသန္တရအုပ်ချုပ်ရေးတွင်လည်း အပြောင်းအလဲများ ဖြစ်ပေါ်စေခဲ့သည် (အပိုင်း ၅ မှ ၈ အတွင်းတွင် ယင်းကိစ္စများကို ဆွေးနွေးထားသည်)။ သို့သော် နယ်ခြားစောင့်တပ်များအဖြစ် ပြောင်းရန် ဖိအားပေးမှုများ လျော့နည်းသွားသည့်အတွက် ၂၀၁၁ ခုနှစ်နှောင်းပိုင်းမှစကာ အပစ်အခတ်ရပ်စဲမှု ၁၄ ခုကိုဆက်တိုက်လုပ်နိုင်ခဲ့သည် (ဇယား ၄ ကိုကြည့်ပါ။) ထိုအပစ်အခတ်ရပ်စဲရေးများ၏ တစ်ဝက်ကျော်ကျော်မှာ ရှိပြီးသား သဘောတူညီချက်များကို တိုက်ခိုက်မှုများ ဖြစ်ပေါ်ပြီးနောက် ပြန်လည်အတည်ပြုခြင်းသာဖြစ်ပြီး အခြားအဖွဲ့များဖြစ်သော KNU၊ RCSS၊ KNPP တို့နှင့်ရရှိခဲ့သည့် သဘောတူညီချက်များမှာမူ စာချုပ်အသစ် များဖြစ်သည်။

အထက်ပါအခြင်းအရာများကြောင့် လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့စုစည်းထားသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ Nationwide Ceasefire Coordination Team (NCCT) ပေါ်ပေါက်လာခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရေး သဘောတူစာချုပ် Nationwide Ceasefire Accord (NCA) ရရှိရန် အစိုးရနှင့် ညှိနှိုင်းလျက်ရှိသည်။ NCA သည် နှစ်ဦးသဘောတူ ရေးထိုးခဲ့သည့် သဘောတူညီချက်များကို စုပေါင်းပြီး အားလုံးကိုလွှမ်းခြုံသည့် စာချုပ်ကြီးအဖြစ် NCCT အဖွဲ့ဝင်များသာမက အခြားတိုင်းရင်းသားလက်နက်ကိုင်များနှင့် အကြမ်းမဖက် နိုင်ငံရေး အစုအဖွဲ့များအတွက် နိုင်ငံရေးဆွေးနွေးမှုတစ်ရပ် ပေါ်ပေါက်လာစေရန် လမ်းစရှာရန်လည်းဖြစ်သည်။ ဇွန်လ၊ ၂၀၁၅ ခုနှစ်အထိ တွေ့ရှိချက်များအရ ယခုဖြစ်ပေါ်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ က ၂၀၁၁ နှင့် ၂၀၁၅ အတွင်းတွင် ပုံမှန်တွေ့ဆုံ ညှိနှိုင်းမှုများ ပြုလုပ်နေကြောင်းတွေ့ရှိရသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် နှင့် ယခုစာတမ်းတလျောက် ဖော်ပြခဲ့သော အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်ရည်ရွယ်သည့် နိုင်ငံရေးဆွေးနွေးပွဲ တို့၏ ရှေ့အလားအလာကို အပိုင်း ၉ တွင် ဆွေးနွေးထားပါသည်။

**ဇယား ၄ - ၂၀၁၁ တွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ[175]**

| တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း | အပစ်အခတ်ရပ်စဲရေး အသစ် | ယခင် ပြုလုပ်ခဲ့သည့် အပစ်အခတ် ရပ်စဲရေး | ၂၀၁၅ ဇွန်လ အထိ တွေ့ရှိချက်အရ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်နေမှု အခြေအနေ |
|---|---|---|---|
| ဝ ပြည်သွေးစည်းညီညွတ်ရေး ပါတီ | ၆ စက်တင်ဘာ ၂၀၁၁ | ၁၉၈၉ | တစ်ပြည်လုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ဆွေးနွေးမှုများသို့ လေ့လာသူအဖြစ် ရံဖန်ရံခါ တက်ရောက်သည်။ |
| အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် (မိုင်းလား) | ၇ စက်တင်ဘာ ၂၀၁၁ | ၁၉၈၉ | တစ်ပြည်လုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၏ ဆွေးနွေးမှုများသို့ လေ့လာသူအဖြစ် ရံဖန်ရံခါ တက်ရောက်သည်။ |
| ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် | ၃ နိုဝင်ဘာ ၂၀၁၁ | ၁၉၉၅ (၂၀၁၀ တွင် ပျက်ပြယ်ခဲ့သည် ) | NCCT အဖွဲ့ဝင် |
| သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ | ၂ ဒီဇင်ဘာ ၂၀၁၁ | မရှိ | တစ်ပြည်လုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ဆွေးနွေးမှုများသို့ လေ့လာသူအဖြစ် တက်ကြွစွာ တက်ရောက်သည်။ |

[174] နောက်ဆက်တွဲ-ခ ပါ မှတ်ပုံတင်ထားသော ပါတီများစာရင်းအပါအဝင် ၂၀၁၅ ခုနှစ် နိုင်ငံရေးအခင်းအကျင်းအကြောင်း ပိုမိုသိရှိလိုပါက ICG (2015) ကိုကြည့်ပါ။

[175] အခြားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) သည် ပထမအကြိမ် အပစ်အခတ်ရပ်စဲရေးအဖြစ် ၂၀၁၃ ဩဂုတ် ၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းအဖွဲ့တွင် လူမျိုးစုံပါဝင်သော်လည်း ခေါင်းဆောင်နေရာအများစုကို ဗမာတိုင်းရင်းသားများက နေရာယူထားသည့် အဖွဲ့ဖြစ်ပြီး ဒီမိုကရေစီ အတွက် တိုက်ပွဲဝင်နေခြင်း ဖြစ်သည်။ ထို့ကြောင့် "တိုင်းရင်းသား"လက်နက်ကိုင် မဟုတ်ပါ။

| | | | |
|---|---|---|---|
| ချင်းအမျိုးသား တပ်ဦး | ၆ ဇန်နဝါရီ ၂၀၁၂ | မရှိ | NCCT အဖွဲ့ဝင် |
| ကရင်အမျိုးသား အစည်းအရုံး | ၆ ဇန်နဝါရီ ၂၀၁၂ | မရှိ[176] | NCCT အဖွဲ့ဝင် |
| သျှမ်းပြည်တိုးတက်ရေးပါတီ | ၂၈ ဇန်နဝါရီ ၂၀၁၂ | ၁၉၈၉ (၂၀၁၁ တွင် ပျက်ပြယ်ခဲ့သည်) | NCCT အဖွဲ့ဝင် |
| မွန်ပြည်သစ်ပါတီ | ၁ ဖေဖော်ဝါရီ ၂၀၁၂ | ၁၉၉၅ | NCCT အဖွဲ့ဝင် |
| ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) | ၇ ဖေဖော်ဝါရီ ၂၀၁၂ | ၂၀၀၇ | NCCT အဖွဲ့ဝင် |
| ကရင်နီအမျိုးသားတိုးတက်ရေးပါတီ | ၇ မတ် ၂၀၁၂ | ၁၉၉၄ (ယင်းနှစ် တွင်ပင် ပျက်ပြယ်ခဲ့သည် ) | NCCT အဖွဲ့ဝင် |
| ရခိုင်ပြည်လွတ်မြောက်ရေးပါတီ | ၅ ဧပြီ ၂၀၁၂ | မရှိ | NCCT အဖွဲ့ဝင် |
| နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (ကပ်ပလန်) | ၉ ဧပြီ ၂၀၁၂ | မရှိ | တစ်ပြည်လုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ဆွေးနွေးမှုများသို့ လေ့လာသူအဖြစ် ရံဖန်ရံခါ တက်ရောက်သည်။ |
| ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် | ၂၅ ဩဂုတ် ၂၀၁၂ | မရှိ | NCCT အဖွဲ့ဝင် |

## ၂.၈ သုံးသပ်ချက်များ

နိုင်ငံဖွဲ့စည်းစဉ်က အမျိုးသားပြည်ထောင်များ စုထားသည့် "ပြည်ထောင်စု" အဖြစ်ဖွဲ့စည်းရန် ရည်မှန်းခဲ့သော်လည်း သမိုင်းတလျောက် အောင်မြင်စွာစုစည်းနိုင်ခြင်းမရှိခဲ့ပါ။ "နိုင်ငံများ" အဖြစ်သတ်မှတ်ချက်သည် ကိုလိုနီစနစ်၏ အမွေများဖြစ်ပြီး ဗမာမဟုတ်သည့် လူမှုအသိုက်အဝန်းများက ၄င်းတို့ကိုယ်ပိုင် နိုင်ငံရေးဖွဲ့စည်းပုံအမျိုးမျိုးကို အသုံးပြုကာ အုပ်ချုပ်ခဲ့ခြင်းက ပိုမိုရှည်လျားသည့် သမိုင်းရှိခဲ့သည်။ ထို့အတွက်ရလဒ်မှာ လွတ်လပ်ရေးမရမီကာလကပင် မည်သည့်လူမျိုးက "ပြည်နယ်" ရသင့်သည်၊ နယ်မြေခွဲခြားမှု မည်သို့ရှိသင့်သည်၊ မည်သည့်အဆင့် လုပ်ပိုင်ခွင့်များရှိသင့်သည်၊ မည်သည့် အဖွဲ့အစည်းကို အစီရင်ခံရမည် အစရှိသည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး လူမျိုးပေါင်းစုံ၏ မကျေနပ်မှုများက ရှိနေပြီဖြစ်သည်။

ဗမာ၊ ရှမ်း၊ မွန်၊ ကရင်၊ ကယား (ကရင်နီ)၊ ကချင်၊ ရခိုင် (အာရကန်)နှင့် ချင်း အစရှိသော အဓိကလူမျိုးကြီး ၈ မျိုးအသိအမှတ်ပြုရေးနှင့် ပတ်သက်ပြီး အငြင်းအခုန်များဖြစ်ပွားရသည်။ လူမျိုး ၇ မျိုးအမည်နှင့် ပြည်နယ် ၇ ခုရှိသည်။ ပြည်ထောင်စုဗဟိုအာဏာကို ဗမာခေါင်းဆောင်များကသာ ချုပ်ကိုင်ထားခြင်းဖြစ်ပြီး "တိုင်းရင်းသား" လှုပ်ရှားမှုများသည် အာဏာကို အညီအမျှခွဲပေးရန်နှင့်၊ တိုင်းရင်းသား ပြည်နယ်များ၏ အုပ်ချုပ်မှုသည် ပြည်နယ်အစိုးရ၏ လက်ထဲတွင်သာရှိရန်တောင်းဆိုခြင်းများ ဖြစ်သည်ဟု အကြမ်းမျဉ်းဆိုနိုင်သည်။

ခွဲထွက်ခွင့်တောင်းဆိုခြင်းမပြုသည့်တိုင် တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် လက်နက်ကိုင်တော်လှန်မှုများကို ဗဟိုဦးစီးစနစ်ဖြင့်သာ တုံ့ပြန်ခဲ့သည့်အတွက် မဆုံးနိုင်သည့် လုံခြုံရေး အကျပ်အတည်းပေါ်ပေါက်လာခဲ့ရသည်။ ၁၉၆၀ ခုနှစ်မှ စတင်ခဲ့သည့် "ဖက်ဒရယ်လှုပ်ရှားမှု"သည် တဖြည်းဖြည်းအရှိန်ရလာကာ ၁၉၆၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းခဲ့သည်အထိ ဖြစ်သွားသည်။ 'တိုင်းပြည်ဆူပူမှုကို ဖြစ်စေနိုင်သည့် ဖက်ဒရယ်အရေးကြောင့် အာဏာသိမ်းရခြင်းဖြစ်သည်' ဟု ၄င်းတို့က ထုတ်ပြန်ခဲ့သည်။[177] ထိုအချိန်မှစတင်ကာ အတိုက်အခံများ ပိုမိုဖြစ်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံတော်အနေနှင့် အစိုးရဖွဲ့စည်းမှု ပုံစံကို တစ်ဦးတည်း ချုပ်ကိုင်ထားသည်။ အထူးသဖြင့် ၁၉၈၀ ပြည့်နှစ်များ၏ နှောင်းပိုင်းမှစကာ လက်နက်ကိုင်များကိုလည်း အဆင့်အမျိုးအမျိုးရှိပြီး တရားဝင်ပြဌာန်းထားခြင်းမရှိသေးသည့် (*de facto*) ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လုပ်ပိုင်ခွင့် အမျိုးမျိုးချပေးကာ အားအင်ချိနဲ့အောင် ကြိုးစားခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်နှင့် အနီးကပ်ဆုံးအင်အားစုများမှာ နယ်ခြားစောင့်တပ်များနှင့် ဌာနေပြည်သူ့စစ်အဖွဲ့များ ဖြစ်သည်။ ထိုသို့ဆောင်ရွက်ချက်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ တည်ထောင်ခဲ့ခြင်းများ ရှိသော်လည်း တိုင်းရင်းသားလက်နက်ကိုင်များနှင့် လွှတ်တော်အတွင်းရှိ တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ဖယ်ဒရယ်အစိုးရစနစ် အပြည့်အဝ ရရှိရေးတောင်းဆိုချက်များမှာ အားကောင်းဆဲဖြစ်သည်။ လက်ရှိအနေအထား အစီအစဉ်များသည် အလွန်အကဲဆတ်နေသေးကြောင်းကို ၂၀၁၁ ခုနှစ်မှစတင်ကာ ပြန်လည်ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများက ပြသနေသည်။

---

[176] ၁၉၅၀ နှစ်များက စပြီး အစိုးရနှင့် KNU အကြားတွင် ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်။ နောက်ဆုံးပြုလုပ်ခဲ့သည့် ကာလများမှာ ၁၉၉၅ - ၉၆၊ နှင့် တဖန် ၂၀၀၄ - ၀၅ တွင်ပြုလုပ်ခဲ့သော်လည်း သဘောတူညီချက်တစ်စုံတစ်ရာမရခဲ့ပေ။

[177] Smith (1999), p. 196.

နောက်လာမည့် အပိုင်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအသစ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ အောက်ရှိ အုပ်ချုပ်ရေးစနစ်များအကြောင်းကို လေ့လာထားသည်။ ဒေသဆိုင်ရာအုပ်ချုပ်ရေး၏ တရားဝင်နေရာများတွင် ဒေသခံတိုင်းရင်းသားများကို မည်မျှပါဝင်ခွင့်ပေးထားသည်ကို အထူးလေ့လာထားသည်။ ပဋိပက္ခ အကြောင်းရင်း ဖြစ်သည့် တိုင်းရင်းသားများ၏ မကျေမနပ်ဖြစ်မှုများကို ယင်းအစီအစဉ်များက မည်သည့်အတိုင်းအတာထိ ပြေလည်စေမည်ကိုလည်း တင်ပြထားသည်။ နောက်ပိုင်းတင်ပြမည့် အပိုင်းများတွင်တော့ တိုင်းရင်းသား လက်နက်ကိုင်များ ထိန်းချုပ်နယ်မြေများမှ လက်ရှိဖြစ်ပေါ်နေသည့် အုပ်ချုပ်ရေးစနစ်များ၊ ယင်းနှင့် ဆက်စပ်ပြီး လောလောလတ်လတ်ပေါ်ပေါက်လာသည့် ပဋိပက္ခများအကြောင်းကို ပိုမိုအတွင်းကျကျ လေ့လာထားပါသည်။

# အပိုင်း ၃ - တရားဝင်ကျင့်သုံးနေသည့်စနစ် - ၂၀၀၈ အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့် ဒေသန္တရ အုပ်ချုပ်မှု

တိုင်းရင်းသားနိုင်ငံရေးသမားနှင့် ပညာရှင် တစ်ဦးဖြစ်သော ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း[178] တင်ပြခဲ့သည့်အတိုင်း ၂၀၀၈ အခြေခံဥပဒေတွင် တိုင်းရင်းသားနိုင်ငံရေးလှုပ်ရှားမှုများဖြင့် ကာလကြာရှည်တောင်းဆိုခဲ့သည့် ပြည်နယ်အစိုးရများဖွဲ့စည်းခြင်း၊ အမျိုးသားလွှတ်တော်တွင် တန်းတူကိုယ်စားပြုခွင့်ပေးခြင်း အပါအဝင် အချက်အတော်များများ ပါဝင်လာခဲ့သည်။ သို့သော်လည်း ၁၉၆၀ နှစ်များမှစတင်ခဲ့သည့် ဖက်ဒရယ်လှုပ်ရှားမှုမှ အစဉ်တစိုက်တောင်းဆိုခဲ့သော အချက်အတော်များများမှမူ ပါဝင်ခြင်းမရှိသေးပါ။[179] အာရှဖောင်ဒေးရှင်း (The Asia Foundation) မှ ပြုလုပ်ခဲ့သည့် သုတေသနတွင် အခြေခံဥပဒေနှင့်အညီ အာဏာခွဲဝေမှုအချို့ ရှိခဲ့သော်လည်း 'အုပ်ချုပ်ရေးတာဝန် အမှန်တကယ်ယူရမှု၊ အုပ်ချုပ်ရေးဖွဲ့စည်းပုံ၏ ရှုပ်ထွေးမှု၊ ဘတ်ဂျတ်များကို ဗဟိုကသာ ချုပ်ကိုင်ထားပြီး ကိစ္စအနည်းအကျဉ်းသာစီမံနိုင်မှု၊ နိုင်ငံရေးထိန်းချုပ်မှုများ ရှိနေသေးဖြင့် ခြုံ၍ သုံးသပ်ရလျှင် မြန်မာသည် ဗဟိုဦးစီးမှုတင်းကျပ်စွာကျင့်သုံးသည့် နိုင်ငံအဖြစ် ရှိနေဆဲဖြစ်သည်' ဟု ဖော်ပြထားသည်။[180] ၂၀၁၅ ခုနှစ် ဖွန်လ တွင် နောက်ဆုံးသိရှိထားချက်များအရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများကို လုပ်ပိုင်ခွင့်အာဏာများ ပိုမိုအပ်နှင်းပေးနိုင်မည့် ဥပဒေကြမ်းများ ပြည်ထောင်စုအဆင့် လွှတ်တော်များသို့ တင်သွင်းလာခြင်းများရှိသော်လည်း အကန့်အသတ်အခက်အခဲများရှိနေသေးသည်။ ၎င်းအကန့်အသတ်များအကြောင်းကို အပိုင်း ၃.၁ ၏ နောက်ဆုံးပိုင်းတွင် ဆွေးနွေးဖော်ပြသွားမည် ဖြစ်ပါသည်။

ယခုအပိုင်းတွင် လက်ရှိဖြစ်ပေါ်နေသည့် တရားဝင်ဒေသန္တရအုပ်ချုပ်ရေး ဖွဲ့စည်းပုံနှင့် လုပ်ငန်းများအကြောင်းကို တင်ပြထားပါသည်။ အထူးသဖြင့် ဒေသခေါင်းဆောင်များသို့ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အတိုင်းအတာများ အကြောင်းကို တင်ပြထားပါသည်။[181] အပိုင်း ၃.၁ တွင် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ အကြောင်း၊ အပိုင်း ၃.၂ တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအကြောင်း ဖော်ပြထားပါသည်။

## ၃.၁ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ 'တိုင်းရင်းသား' ပြည်နယ်များနှင့် ဗမာအများစုနေထိုင်သော်လည်း ပြည်နယ်များကဲ့သို့ တိုင်းရင်းသားသတ်မှတ်မထားသော ကြားနယ်မြေ တိုင်းဒေသကြီးများ (ယခင်အခေါ် တိုင်း များ) အကြားတွင် အမည်နာမမှလွဲ၍ ကွာခြားချက် ကြီးကြီးမားမားမရှိပါ။ သို့သော် လက်တွေ့တွင်မူ အုပ်ချုပ်ရေးယူနစ်များကို အခြေခံဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ၁၉၇၄ အခြေခံဥပဒေကဲ့သို့ပင်ဖြစ်သည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်အားလုံးတွင် တိုင်းဒေသကြီးအစိုးရ လွှတ်တော်၊ ပြည်နယ်အစိုးရ လွှတ်တော်များ ရှိကြသည် (၎င်းတို့ကို ယခုမှစ၍ ဒေသဆိုင်ရာလွှတ်တော်များ ဟု ရည်ညွှန်းသုံးစွဲသွားပါမည်)။[182]

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများကို ဝန်ကြီးချုပ်က ဦးဆောင်သည်။ ဝန်ကြီးချုပ်ကို ဒေသခံများက ရွေးချယ်ခြင်းမဟုတ်ပဲ ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအနက်မှ သမ္မတက ရွေးချယ်ခန့်အပ်ထားခြင်း ဖြစ်သည်။ ဝန်ကြီးချုပ်များက အစိုးရဝန်ကြီးအဖွဲ့များ (cabinets) ကို ကြီးကြပ်သည်။ ထိုအစိုးရဝန်ကြီးအဖွဲ့တွင်

- ဝန်ကြီးချုပ်မှ ခန့်အပ်သည့် ဥပဒေချုပ် နှင့် ဝန်ကြီး ၈ ပါး[183]
- တပ်မတော်မှ ခန့်အပ်သည့် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး
- ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး။ ၎င်းကို တပ်မတော်ထိန်းချုပ်မှုအောက်တွင်ရှိသော ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခန့်အပ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး တာဝန် ယူရသည်။
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ဦးစီးအဖွဲ့မှ ဥက္ကဋ္ဌ (အပိုင်း ၃.၂ တွင် ဆွေးနွေးထားသည်)[184]

---

[178] Sakhong (2012), pp. 88-89.

[179] Sakhong (2012), pp. 88-89.

[180] Nixon *et al.* (2013), p. ix.

[181] ထိုစနစ်များနှင့်ပတ်သက်သည့် အသေးစိတ်များကို  Nixon *et al.* (2013) and Chit Saw & Arnold (2014) တွင်ဖော်ပြထားသည်။

[182] ယခုအပိုင်းတွင် လွှတ်တော်ထက်အစိုးရပိုင်းကို ပို၍အသားပေးလေ့လာထားပါသည်။ နိုင်ငံရေး ကိုယ်စားပြုမှုထက် ဒေသအဆင့်အုပ်ချုပ်ရေး ဆောင်ရွက်မှုများကို ပို၍အာရုံစိုက်ထားသည်။

[183] ထိုဝန်ကြီးများသည် ရွေးကောက်ခံကိုယ်စားလှယ်များဖြစ်ရန်မလို။

[184] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ၆ ခုရှိသည့်အနက် ၅ ခုမှာ ရှမ်းပြည်နယ်တွင်ရှိသည်။ ဥက္ကဋ္ဌအချို့သာ အစိုးရဝန်ကြီးအဖွဲ့အစည်းအဝေးကို ပုံမှန်တက်ရောက်သည်။ ၎င်းတို့ကို အခြား ကက်ဘိနက်အဖွဲ့ဝင်များနှင့် အဆင့်အတန်းတန်းတူသတ်မှတ်ခြင်းမရှိပါ။ UNDP (2015b), p. 27. ကိုကြည့်ပါ။

- ရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်သတ်မှတ်သည့် တိုင်းရင်းသားကိုယ်စားလှယ်များ (ဒေသအလိုက် အရေအတွက်ကွာသည်) (တစ်ခါတစ်ရံ တိုင်းရင်းသားရေးရာဝန်ကြီးဟု သုံးသည်)

တို့ဖြင့်ဖွဲ့စည်းထားသည်။

**ပုံ ၁ – ပြည်နယ်/တိုင်းဒေသကြီး အစိုးရဝန်ကြီးအဖွဲ့များ၏ ပါတီ နှင့် ကျားမအလိုက် ဖွဲ့စည်းပုံ**[185]

| ပြည်နယ်/ တိုင်းဒေသကြီး | ဧရာဝတီ | ချင်း | ကရင် | ရှမ်း | တနင်္သာရီ | မွန် | ပဲခူး | ကချင် | ကယား | မကွေး | မန္တလေး | ရခိုင် | စစ်ကိုင်း | ရန်ကုန် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အစိုးရဝန်ကြီးအဖွဲ့ | 12 | 10 | 13 | 17 | 11 | 13 | 11 | 14 | 11 | 11 | 11 | 11 | 12 | 12 | 169 |
| ကျား | 11 | 10 | 13 | 17 | 11 | 13 | 11 | 12 | 11 | 11 | 11 | 11 | 12 | 11 | 165 |
| မ | 1 | 0 | 0 | 0 | 0 | 0 | 0 | 2 | 0 | 0 | 0 | 0 | 0 | 1 | 4 |
| တပ်မတော် | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 1 | 14 |
| USDP | 10 | 5 | 5 | 12 | 10 | 10 | 8 | 8 | 10 | 8 | 9 | 6 | 9 | 7 | 117 |
| NLD | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| NUP | 1 | 0 | 0 | 0 | 0 | 0 | 1 | 2 | 0 | 2 | 0 | 0 | 1 | 1 | 8 |
| AMRDP | 0 | 0 | 2 | 0 | 0 | 2 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 4 |
| RNDP | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 4 | 0 | 1 | 5 |
| CPP | 0 | 1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 0 | 2 |
| CNP | 0 | 1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 1 |
| SNDP | 0 | 0 | 0 | 2 | 0 | 0 | 0 | 2 | 0 | 0 | 1 | 0 | 0 | 0 | 5 |
| UDPKS | 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 0 | 0 | 0 | 0 | 0 | 0 | 1 |
| KPP | 0 | 0 | 1 | 0 | 0 | 0 | 1 | 0 | 0 | 0 | 0 | 0 | 0 | 1 | 3 |
| PSDP | 0 | 0 | 3 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 3 |
| INDP | 0 | 0 | 0 | 1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 1 |
| KNP | 0 | 0 | 0 | 1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 1 |
| ခန့်အပ်/တသီးပုဂ္ဂလ* | 0 | 2 | 1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 1 | 4 |

* တသီးပုဂ္ဂလ သို့မဟုတ် လွှတ်တော်ပြင်ပမှ ခန့်အပ်ထားသော ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများ

သို့သော် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများအတွက် ဝန်ကြီးဌာနသီးသန့်မရှိပါ။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့် ဌာနများကြားတွင် ညှိနှိုင်းမှုများဆောင်ရွက်ခြင်း၊ စောင့်ကြည့်ခြင်း၊ ဘတ်ဂျက် တွက်ချက်ခြင်းများ ဆောင်ရွက်ရသည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်ထိ ဖြန့်ကျက်ထားနိုင်သော ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ ဌာနပေါင်း ၃၀ - ၄၀ ကြားရှိသော်လည်း[186] ဒေသအစိုးရများ အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင်ဖော်ပြထားသည့် အုပ်ချုပ်ရေးတာဝန်များနှင့် ဆက်နွယ်သော ကိစ္စရပ်အချို့ကိုသာ ဝင်ရောက်လွှမ်းမိုးနိုင်သည်။[187]

ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂ အရ - ဒေသလုံခြုံရေး၊ နယ်စပ်ရေးရာ၊ အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်း၊ သဘာဝသယံဇာတ အုပ်ချုပ်ခွင့်၊ ပညာရေး နှင့် ကျန်းမာရေး အစရှိသော "နိုင်ငံရေးအရ အရေးအပါဆုံး လုပ်ငန်းများလုပ်ဆောင်ခွင့်သည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ မူဘောင်ပြင်ပတွင် ချန်ထားခြင်းခံရသည်။"[188] ထိုလုပ်ငန်းများနှင့် အစိုးရ၏ လုပ်ငန်းများကို

---

[185] ပုံကို Nixon *et al.* (2013), p. 55. တွင်ဖော်ပြထားပြီးဖြစ်သည်။

[186] ယင်းဌာနများသည် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ၁၂ ခု လက်အောက်ခံဖြစ်သည်။ ၃၀ - ၄၀ အရေအတွက်မှာ UNDP (2015b), p. 38 မှ မှီငြမ်းထားခြင်းဖြစ်သည်။ မြို့နယ်အဆင့်မှ အရေအတွက်ကို ညွှန်းဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့အားလုံး ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တွင်လည်းရှိသည်။

[187] Nixon *et al.* (2013), pp. 25-27. (2014), အချို့သောဌာနများအတွက် ပြည်ထောင်စုအဆင့်မှ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်သို့ ဘတ်ဂျက်ထားပေးသည့် ကိစ္စရပ်များတွင် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများက ဇယား ၂ သတ်မှတ်ချက်ကျော်လွန်ကာ လွှမ်းမိုးနိုင်မှုရှိသည် Nixon & Joelene (2014) pp. 10-16. UNDP (2015b), pp. 27-28 အရ ရှမ်းပြည်နယ်တွင် ဌာန ၂၂ ခုအတွက် ဘတ်ဂျက်ကို ယင်းနည်းနှင့်ပင်ချပေးသည်။ လက်တွေ့တွင် လုပ်ငန်းအားလုံးကို ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးများက ထိန်းချုပ်သည်။ နိုင်ငံတော်ဘတ်ဂျတ်ဖြင့်လည်ပတ်သည့် ဌာနများကို အများအားဖြင့် ဒေသခံဝန်ကြီးများအား သီးသန့်တာဝန်ပေးအပ်ထားခြင်းမရှိသော်လည်း ၎င်းတို့ကပင်ဦးဆောင်သည်။ ရှမ်းပြည်နယ်အစိုးရအတွင်းမှ ကဏ္ဍခွဲများနှင့် ပတ်သက်သည်များအသေးစိတ် ဇယားကို UNDP (2015b), p. 28. တွင်ကြည့်ပါ။

[188] Nixon *et al.* (2013), p. 31. မှထုတ်နှုတ်ချက်

ဗဟိုဦးစီးသည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ - စစ်တပ်ထိန်းချုပ်သည့် အချို့ဝန်ကြီးဌာနများလည်းရှိသည် - သည် ဒေသနှင့်ပူးပေါင်းဆောင်ရွက်ခြင်းမရှိ၊ ဒေသမှစောင့်ကြည့်ကွပ်ကဲခြင်းလည်းမရှိပဲ အကောင်အထည်ဖော်သည်။

ပြည်နယ်/တိုင်းဒေသကြီး အောက်တွင် (ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအဆင့်) အခြေခံဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ ပြည်နယ်/တိုင်းဒေသကြီးအစိုးရမှ စီမံနိုင်သည့် အဖွဲ့မှာ ပြည်နယ်/တိုင်းဒေသကြီးမှ စည်ပင်သာယာရေးဝန်ကြီး လက်အောက်ရှိ မြူနီစပယ်ရုံးဟုသုံးနှုန်းကြသည့် စည်ပင်သာယာရေးအဖွဲ့များ ဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များသည် မြို့နယ်တိုင်းတွင်ရှိပြီး ရေနှင့်မိလ္လာ၊ အမှိုက်သိမ်းခြင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းများကို တာဝန်ယူရသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းလိုင်စင် ချပေးခြင်း၊ ဆောက်လုပ်ရေးပါမစ်ချပေးခြင်း၊ အဆောက်အဦးခွန် ကောက်ခံခြင်းများကိုလည်း စီမံခန့်ခွဲရသည်။ အခြားလုပ်ငန်းဆောင်တာများ အားလုံးမှာမူ ပြည်ထောင်စု ဝန်ကြီးဌာနများအောက်တွင် ရှိသည်။[189] ထို့အတွက် ရလဒ်မှာ 'နိုင်ငံသားများ အစိုးရနှင့် ထိတွေ့ဆက်ဆံသည်ဆိုရာဝယ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများထက် ကျန်းမာရေး၊ ပညာရေးကဲ့သို့သော ပြည်ထောင်စုဝန်ကြီးဌာနများ နှင့်သာဆက်ဆံနေခြင်း ဖြစ်သည်။' [190]

'ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တပ်မတော်လက်အောက်ခံ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေ/အုပ်)၏ ပံ့ပိုးမှုအပေါ် လုံးလုံးလျားလျားနည်းပါး မှီတည်နေသည်'။[191] ဒေသအဆင့်ဌာနခွဲများဖြန့်ကျက်ထားနိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများပင်လျှင် လုပ်ငန်းဆောင်ရွက်ရန် အတွက် ထွေ/အုပ်ပေါ်တွင် အားကိုးနေရသည်။ ကြည့်ပြာချစ်စောနှင့် အာနိုးတို့ ဆိုထားသကဲ့သို့ပင် 'ထွေ/အုပ်၏ အရေးပါမှုသည် ၎င်းတို့အမှန်တကယ် ထိန်းချုပ်နေရသည့်အရာများထက် ၎င်းတို့၏ သူမတူသောဖြစ်တည်မှု၊ ပေါင်းစပ်ညှိနှိုင်းနိုင်ခွင့်အာဏာ၊ အခြားအစိုးရအဖွဲ့များအကြား ဆက်သွယ်ဆောင်ရွက်ပေးနိုင်မှုတို့ အပေါ်တွင် မူတည်နေသည်။'[192] အစိုးရ၏အုပ်ချုပ်မှု အဆင့်တိုင်းရှိ ထွေ/အုပ်၏ ပါဝင်မှုကို ပုံ ၂ တွင် ဖော်ပြထားသည်။

**ပုံ ၂ - ထွေ/အုပ်ရုံးများ၊ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ[193]**




အုပ်ချုပ်ရေးမှူးများက အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများအားလုံးကို ချုပ်ကိုင်ထားနိုင်သည်။ ကျေးရွာအုပ်စု အဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်များတွင် ထွေ/အုပ်အာဏာလွှမ်းမိုးမှု အတော်များသည်။ ရပ်ရွာက သွယ်ဝိုက်ရွေးချယ်ထားသည့် ကျေးရွာအုပ်စုအဆင့်မှ လွဲပြီး ကျန်အဆင့် အုပ်ချုပ်ရေးမှူးများကို ဗဟိုကခန့်ထားခြင်းဖြစ်သည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို အစိုးရဝန်ထမ်းအဖြစ် သတ်မှတ်ခြင်းမရှိပါ။ ၎င်းတို့သည် ဗဟိုကခန့်ထားသည့် စာရေးများနှင့်တန်းတူ လုပ်ငန်းဆောင်ရွက်ရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကို အစီရင်ခံရသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို လုပ်ငန်းပျက်ကွက်မှုဖြင့် တာဝန်မှရပ်စဲပိုင်ခွင့်ရှိသည်။ 'ထွေ/အုပ်သည် မြို့နယ်အဆင့်တွင် အရေးပါသောကြောင့် ဦးသိန်းစိန်အစိုးရလက်ထက် ပြုပြင်ပြောင်းလဲရေးများပြုလုပ်ရာတွင် ထွေ/အုပ်ကိုအဓိကထားခဲ့သည်။ အခြား နိုင်ငံတကာ ဖွံ့ဖြိုးရေးအစီအစဉ်များကလည်း ထိုနည်းတူပင်ဖြစ်သည်'။[194]

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရဖွဲ့စည်းပုံတွင် တိုင်းရင်းသားရေးရာများ သီးသန့်ဆောင်ရွက်နိုင်ရန် တိုင်းရင်းသားရေးရာ ကိုယ်စားလှယ်များခန့်အပ်ထားသည်။ သို့သော်အခြေခံဥပဒေတွင် ရှင်းလင်းစွာပြဌာန်းထားခြင်းမရှိခြင်းသလို တစ်နေရာနှင့်

[189] Arnold *et al.* (မကြာမီထွက်ရှိမည့် စာတမ်းမှ)

[190] Nixon *et al.* (2013), p. 69 မှ ကောက်နုတ်ထားသည်။

[191] Nixon *et al.* (2013), p. 69.

[192] Chit Saw & Arnold (2014), p. 2.

[193] Hook *et al.* (2015), p. 14.

[194] Chit Saw & Arnold (2014), p. 33.

တစ်နေရာကွဲပြားလျက် ရှိနေခြင်းတို့ကြောင့် 'ရေးရာဝန်ကြီး' ဟုခေါ်ကြသည့် ယင်းကိုယ်စားလှယ်များ ရွေးချယ်ပုံနှင့် ၎င်းတို့၏ တိကျသောတာဝန်များမှာလည်း သတ်သတ်မှတ်မှတ်မရှိပေ။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၎င်းတို့သည် သတ်မှတ်ထားသည့် ပြည်နယ် သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ မရှိသည့်၊ ပြည်ထောင်စုလူဦးရေ၏ အနည်းဆုံး ၀.၁ ရာခိုင်နှုန်း ရှိသည့် တိုင်းရင်းသားလူမျိုးစုများအတွက် ကိုယ်စားပြုရန် ရွေးကောက်တင်မြောက်ထားသည့် ကိုယ်စားလှယ်များဖြစ်သည်။[195] ၎င်းကိုယ်စားလှယ်ရွေးချယ်ပုံနှင့် ပတ်သက်ပြီး အခြေခံဥပဒေတွင် တိကျသည့်လမ်းညွှန်ချက် မပေးထားသည့်အတွက် ၂၀၁၀ တွင် ယင်းလုပ်ငန်းစဉ်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်နယ်များနှင့် တိုင်းဒေသကြီးအားလုံးတွင် တိုင်းရင်းသား မဲဆန္ဒနယ်ပေါင်း ၂၉ ခုကို လျှို့ဝှက်ထားသည့် လူမျိုးစုအချက်အလက်များပေါ် အခြေခံကာ ဖော်ထုတ်ခဲ့သည်။ သဘောတရားအရ သတ်မှတ်နယ်မြေတစ်ခုမှ တိုင်းရင်းသားလူမျိုးတစ်ခုသည် တိုင်းရင်းသားရေးရာအတွက် ကိုယ်စားလှယ်ကို သီးခြားမဲဖြင့် ရွေးချယ်နိုင်သည်။[196]

"တိုင်းရင်းသားရေးရာဝန်ကြီး"[197] ဖြစ်သွားသည့် ကိုယ်စားလှယ် ၂၉ ဦးရှိသော်လည်း ပြည်နယ်/တိုင်းဒေသကြီး ကက်ဗိနက်များ အတွင်း ၎င်းတို့လုပ်ဆောင်ချက်များမှာ အမျိုးမျိုးရောထွေးနေသည်။ ထို့ပြင် ထွေ/အုပ် အတွင်းရေးမှူးကလည်း ၎င်းဝန်ကြီးများသည် "အစိုးရကက်ဗိနက်အဖွဲ့ဝင်များမဟုတ်" ဟု ပွင့်လင်းစွာထုတ်ပြောခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်းတို့သည် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များသို့ ရွေးကောက်ခံရပြီး[198] 'သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ တရားဥပဒေပြုရေးများတွင် ပါဝင်နိုင်သည်'။[199]

ဒေသဆိုင်ရာ အရေးကိစ္စများတွင် အလွှာစုံမှလူထုများပါဝင်မှုကို အားပေးရန်အတွက် ၂၀၁၃ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန်က ခရိုင်၊ မြို့နယ် နှင့် ကျေးရွာအုပ်စုအဆင့်များတွင် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းခဲ့သည်။ ထိုအထဲတွင် စီမံခန့်ခွဲရေးကော်မတီ၊ လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီတို့ကို ဌာနအသီးသီးမှ ဝန်ထမ်းများ၊ ရဲ၊ လူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့် ဖွဲ့စည်းခဲ့ပြီး ဒေသ၏ ထွေ/အုပ် အုပ်ချုပ်ရေးမှူးက ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်တွင် ပြည်သူကို ပိုမိုကိုယ်စားပြုသော ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများရှိပြီး စည်ပင်သာယာရေးကော်မတီမှာမူ မြို့နယ်အဆင့်တွင်သာ ရှိသည်။ ထိုကော်မတီများတွင် 'အရပ်ဖက်လူ့အဖွဲ့အစည်း'၊ 'စီးပွားရေး'၊ 'ပညာရှင်များ'၊ 'လယ်သမားများ'၊ 'အလုပ်သမားများ'၊ ရပ်မိရပ်ဖနှင့် အခြားအလွှာစုံမှ 'ရွေးချယ်ခံပုဂ္ဂိုလ်များ' နှင့် ကိုယ်စားလှယ်များက ကော်မတီအဖွဲ့ဝင်များအဖြစ် ပါဝင်သည်။[200] ထိုကော်မတီများထဲမှ အရေးအပါဆုံးကော်မတီများကို ပုံ ၃ တွင်ဖော်ပြထားသည်။

မြို့နယ်ပညာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးကော်မတီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ ကဲ့သို့သော ဌာနအသီးသီးမှ အရပ်ဖက်ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိသူများ ပေါင်းစပ်ဖွဲ့စည်းထားသည့် ကော်မတီများလည်းရှိသည်။ ထို့အပြင် လုံခြုံရေးတာဝန်ရှိသူများအကြား၊ ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးမှူးများ၊ ၎င်းတို့နှင့် မြို့နယ်အဆင့်ကော်မတီများအကြား တရားဝင် မဟုတ်သော်လည်း ပုံမှန်ဖြစ်နေသယောင်ရှိသည့် အစည်းအဝေးများရှိသည်။ ဌာနမှူးများကြားတွင်လည်း ပုံမှန်အစည်းအဝေးများရှိပြီး ရံဖန်ရံခါတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများလည်း ပါဝင်တတ်သည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် ဒေသန္တရကိုယ်စားလှယ်များကို အုပ်ချုပ်ရေးရာ ကိစ္စများတွင် အတိုင်းအတာတစ်ခုထိ ပါဝင်ခွင့်ပေးထားသည်။[201]

အထက်ပါကော်မတီများ အားလုံးမဟုတ်သည့်တိုင် အများစုကို ဒေသအကျိုးနှင့် အုပ်ချုပ်ရေးမှူး ဆောင်ရွက်မှုကြား ထိန်းညှိနိုင်ရန် သမ္မတဦးသိန်းစိန်က ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ 'ယခုကဲ့သို့ ဆောင်ရွက်မှုကြောင့် အုပ်ချုပ်ရေးမှူး တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ချက်များကြောင့် မကျေမနပ်ဖြစ်ရသည့်ပြည်သူများ၏ ငြိုငြင်မှုကိုလျော့ချနိုင်မည်ဟု

[195] ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၁၆၁ (ခ)

[196] TNI (2013), p. 12. TNI (2013) မှတ်စု ၄၇ တွင်ဖော်ပြချက်အရ မဲပေးသည့်နေ့တွင် တိုင်းရင်းသားလူမျိုး ဟုတ်၊ မဟုတ်ဆုံးဖြတ်ရန် တရားဝင် သတ်မှတ်ထားချက်ကို မသိရပါ။ အရောင်လွဲမှားသည့် ဝတ်စုံဝတ်မိသဖြင့် တိုင်းရင်းသား မဲဆန္ဒနယ်များအတွက် မဲ ပေးရန်ခွင့်မပြုဟူသော ယူဆချက်မျိုးများရှိကြောင်း သတင်းပေးပို့ချက်များလည်းရှိသည်။

[197] ကိုယ်စားလှယ်များအားလုံးလက်မှတ်ထိုးပြီး အစိုးရကပုံနှိပ်ခဲ့သည့် ထုတ်ပြန်ချက်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်းတို့သည် ဝန်ကြီးများဖြစ်သည်ဟု ဆိုသည်။ ယင်းအဆိုမှန်ကန်မှုမရှိပါ။ 'Ethnic affairs ministers issue a statement', 13 January 2015; available at: http://www.president-office.gov.mm/en/?q=briefing-room/2015/01/14/id-4844. ကိုကြည့်ပါ။ TNI (2013), p. 12 တွင်ဖော်ပြထားချက်အရ ၎င်းတို့ကိုဝန်ကြီးအဖြစ်သတ်မှတ်ရန် ဆုံးဖြတ်ချက်သည် ရွေးကောက်ပွဲပြီးမှပေါ်လာခြင်းဖြစ်သည်။

[198] ပြည်ထောင်စုမြန်မာနိုင်ငံတော်အခြေခံဥပဒေ ၂၀၀၈၊ အပိုဒ် ၁၆၁ (ခ)

[199] ပြည်ထောင်စုမြန်မာနိုင်ငံတော်အခြေခံဥပဒေ ၂၀၀၈၊ အပိုဒ် ၁၅

[200] Chit Saw & Arnold (2014), pp. 35-36 and appendices 1-3.

[201] အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင် အချက်အလက်များမှာ ရှမ်းပြည်နယ်အတွက်သီးသန့်ဖြစ်သည်။ UNDP (2015b), pp. 39-40. ယင်းကော်မတီအများစုမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ရှိကြသည်။ အသေးစိတ်ကို Chit Saw & Arnold (2014), pp. 35-36 and Appendices 1-3. တွင်ကြည့်ပါ။

ယုံကြည်ကြောင်းပြောကြားခဲ့သည်'။[202] ဒေသကိုယ်စားပြုသူများအပါအဝင် ယင်းကော်မတီများသည် ဒေသနှင့်သက်ဆိုင်သည့် အုပ်ချုပ်ရေးရာ ကိစ္စအဝဝကို ညှိနှိုင်းကြ၊ အကောင်အထည်ဖော်ကြသည်။[203] ထွေ/အုပ်သို့အပ်နှင်းထားသည့် အာဏာ နှင့် လုပ်ပိုင်ခွင့် အတိုင်းအတာအရ အချို့သောအဖွဲ့များသည် ၎င်းတို့နှင့်ပူးပေါင်းပြီး ဒေသအုပ်ချုပ်ရေးတွင် အရေးပါသည့်နေရာမှ လှုပ်ရှားနိုင်ကြသည်။ သို့သော်လည်းလက်တွေ့တွင်မူ ထွေ/အုပ်အရာရှိများ၏ လုပ်ပိုင်ခွင့်တွင် များစွာမှီတည်လျက်ရှိပြီး ၎င်းကိစ္စမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းမထားသဖြင့် အနာဂတ်အစိုးရများလက်ထက်တွင် ယင်းအနေအထားများ ပြောင်းလဲသွားနိုင်ချေ ရှိသည်။

**ပုံ ၃ - ဒေသန္တရ ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေး ကော်မတီများ**[204]




၂၀၁၅ ဖွန်လတွင် သမ္မတဦးသိန်းစိန်က ဇယား ၁ နှင့် ၂ ကို ပြင်ဆင်မှုများ ပြုလုပ်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို အာဏာခွဲဝေမှုများ အထူးသဖြင့် သယံဇာတဝင်ငွေနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပေးရန်အတွက် လွှတ်တော်သို့ ဥပဒေကြမ်းများ တင်သွင်းသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။[205] ဖွန်လ ၁၀ ရက်နေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် တင်ပြထားသည့် ဥပဒေကြမ်းနှစ်ခုကို အဆိုတင်သွင်းခဲ့သည်။ ၎င်းအဆိုပြုထားသော ပြင်ဆင်ချက်များတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့များအား ရွေးချယ်ခွင့်အာဏာလွှဲပြောင်းပေးရန်၊ 'ဝင်ငွေခွန်၊ အကောက်ခွန်နှင့် တံဆိပ်ခေါင်းခွန်များ၊ ဝန်ဆောင်မှုများနှင့် သယံဇာတထုတ်ယူမှုများအပေါ် စည်းကြပ်ကောက်ခံသည့် အခွန်များကို ကောက်ခံခွင့် ပေးရန်တို့ ပါဝင်သည်'။[206] ထိုသို့ သိသာထင်ရှားသော အပြောင်းအလဲများပြုလုပ်ခဲ့သော်လည်း ဒေသအဆင့်တွင် ရွေးချယ်တင်မြှောက်ခံထားရသော အစိုးရများသည် 'အရေးပါသော ပြောင်းလဲမှုများ အမှန်တကယ်ပြီးမြောက်စေရန် တပ်မတော်ထိန်းချုပ်မှု လက်အောက်တွင်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပေါ်တွင်သာ ဆက်လက်အမှီပြု နေရဦးမည် ဖြစ်သည်'။[207]

## ၃.၂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု (SAAs) ခြောက်ခုကို သက်ဆိုင်ရာ တိုင်းရင်းသားအုပ်စုများအတွက် ရည်ရွယ်သတ်မှတ်ပေးခဲ့သည်။ ၎င်းတို့တည်ရှိရာ ပြည်နယ်/တိုင်းဒေသကြီးများတွင် လူနည်းစုဖြစ်သော်လည်း သက်ဆိုင်ရာ မြို့နယ်များတွင် လူများစု ဖြစ်နေသည့် လူမျိုးများကို သတ်မှတ်ပေးခြင်းဖြစ်သည်။ ထိုစီရင်စုများထဲမှ ငါးခုကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

---

[202] ဦးသိန်းစိန်ရေဒီယိုမိန့်ခွန်း, ၂၆ ဒီဇင်ဘာ ၂၀၁၂, Chit Saw & Arnold (2014), p. 35.

[203] ကော်မတီအသီးသီး၏ တာဝန်နှင့် အခန်းကဏ္ဍများကို အသေးစိတ်သိလိုလျှင် Chit Saw & Arnold (2014), appendices 1-3; ကိုကြည့်ပါ။ UNDP (2015b), pp. 38-43.ကိုကြည့်ပါ။

[204] မူရင်းကို Chit Saw & Arnold (2014), p. 35. တွင်ဖော်ပြထားပါသည်။

[205] Nyein Nyein ၏ *'President's Pitch on Charter Reform Said to Miss the Mark'*, The Irrawaddy ကိုကြည့်ပါ။ http://www.irrawaddy.org/burma/presidents-pitch-on-charter-reform-said-to-miss-the-mark.html တွင် ရယူနိုင်ပါသည်။

[206] Andrew McLeod '*Myanmar: Proposed amendments seek to entrench legislative supremacy and devolve marginal autonomy to local governments*', 15 June 2015, Constitution Net; http://www.constitutionnet.org/news/myanmar-proposed-amendments-seek-entrench-legislative-supremacy-and-devolve-marginal-autonomy တွင် ရယူနိုင်ပါသည်။

[207] Andrew McLeod '*Myanmar: Proposed amendments seek to entrench legislative supremacy and devolve marginal autonomy to local governments*'.

ဒေသ (self-administered zones – SAZs) ဟုခေါ်ပြီး မြို့နယ် နှစ်ခု သို့မဟုတ် သုံးခုဖြင့် ဖွဲ့စည်းထားသည်။ ကျန်ရှိသည့်တစ်ခုမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (self-administered division – SAD) ဖြစ်ပြီး ၄င်းတွင် မြို့နယ် ခြောက်မြို့နယ်ပါဝင်သည် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစာရင်းကို ဇယား ၅ တွင် ကြည့်ပါ)။[208]

ဗမာမဟုတ်သည့် တိုင်းရင်းသားအုပ်စုများကို လုပ်ပိုင်ခွင့်ပိုများသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်သောကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများမှာ နိုင်ငံတွင်းရှိ အခြားသောအုပ်ချုပ်ရေးယူနစ်များနှင့် မတူခြားနားသည်။ တိုင်းရင်းသားလက်နက်ကိုင်များ အမျိုးသားညီလာခံတွင် တင်သွင်းခဲ့သည့်ကိစ္စရပ်များအနက် ယင်းနယ်မြေများဖွဲ့စည်းခြင်း သည်လည်း ခေါင်းစဉ်တစ်ခုအနေဖြင့် ပါဝင်ခဲ့သည်။ ပြည်နယ်များမှ လူနည်းစုများ (ဥပမာ ရှမ်းပြည်နယ်အတွင်းမှ ရှမ်းမဟုတ်သည့် အခြားလူမျိုးများ) နှင့်ပတ်သက်ပြီး ပေါ်ပေါက်လာသည့် ကိစ္စရပ်များဖြေရှင်းရန်ကြိုးစားရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများသည် အရေးပါသောခြေလှမ်းတစ်ခု ဖြစ်သည်။

ယခုအပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့်ပတ်သက်ပြီး အခြေခံဥပဒေတွင်ဖော်ပြထားမှုများ၊ ယင်းနယ်မြေများပေါ် သက်ရောက်နေသည့် နိုင်ငံရေးအကြောင်းခံများကို တင်ပြသွားမည်ဖြစ်သည်။ ၄င်းတို့ လက်တွေ့လုပ်ငန်းလည်ပတ်ပုံများကိုလည်း အကျဉ်းချုပ်တင်ပြသွားမည်ဖြစ်သည်။ အထူးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများအဖြစ် ဒေသခံများက မည်သည့် အတိုင်းအတာထိ လက်ခံထားကြသည်ကို တင်ပြသွားမည်ဖြစ်ပါသည်။

### ၃.၂.၁ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအကြောင်း သုံးသပ်ချက် ၂၀၁၅

အမည်ခံအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများသည် ဦးစီးအဖွဲ့များ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည်။ ဦးစီးအဖွဲ့တွင် -

- ထိုမဲဆန္ဒနယ်များမှ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်သို့ ရွေးချယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး (တစ်မြို့နယ်လျှင် ၂ ဦးနှုန်း)
- တပ်မတော်မှ ခန့်အပ်ထားသည့် စစ်ဘက်ကိုယ်စားလှယ် (အဖွဲ့၏ ၄ ပုံ ၁ ပုံ)
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအတွင်းမှ အခြားလူနည်းစုကိုယ်စားလှယ်များ[209]

သမ္မတမှရွေးချယ်တင်မြှောက်ပေးနိုင်ရန်အတွက် ဥက္ကဌအမည်ကို ယင်းအဖွဲ့ဝင်များမှ တင်သွင်းသည်။ အားလုံးသဘောတူညီချက် မရှိပါက လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်သည်။[210] ဥက္ကဌက ဦးဆောင်အဖွဲ့အတွက် အချိန်ပြည့် အလုပ်လုပ်နိုင်ပြီး၊ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်မည့် အဖွဲ့ဝင် သုံးဦးမှ ငါးဦးပါဝင်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းသည်။[211]

**ဇယား ၅ - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ (၂၀၁၅ ဧပြီ)**

| တိုင်းရင်းသားအဖွဲ့ (အမျိုးအစား) | ပါဝင်သည့် မြို့နယ်များ | ဦးစီးအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေး ပါတီများ | ဥက္ကဌနေရာ ယူထားသည့် ပါတီ | တိုင်းရင်းသား လက်နက်ကိုင်များ နှင့် ဆက်နွယ်မှု | ၂၀၁၅ ခုနှစ်အတွင်းမှ ထင်ရှားသောပဋိပက္ခ |
|---|---|---|---|---|---|
| **နာဂ(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)** | လေရှီး၊ လဟယ်၊ နန်းယွန်း မြို့နယ်များ (စစ်ကိုင်းတိုင်းဒေသကြီး ) | USDP (ရွေးကောက်ခံ ၆ နေရာလုံး) | USDP | မရှိ | မရှိ |
| **ဓနု (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)** | ရွာငံနှင့် ပင်းတယ မြို့နယ်များ (ရှမ်းပြည်နယ်) | USDP ( ၄ နေရာ အနက် ၂ နေရာ အနိုင်ရ) ဓနု အမျိုးသား တိုးတက်ရေးပါတီ (DNDP) ( ၄ နေရာ အနက် ၂ နေရာ အနိုင်ရ)[212] | USDP | မရှိ | မရှိ |

[208] ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ အပိုဒ် ၅၆။

[209] အခြားမြို့နယ်များကဲ့သို့ပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအတွင်းမှ မြို့နယ်တစ်မြို့နယ်တွင် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်တွင် ကိုယ်စားလှယ် ၂ ဦးရှိပြီး ၄င်းတို့ကို ဦးစီးအဖွဲ့တွင်တာဝန်ပေးသည်။ တပ်မတော်သား ကိုယ်စားလှယ်များသည် ကိုယ်စားလှယ်စုစုပေါင်း၏ ၄ ပုံ ၁ ပုံရှိသည်။ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အတွင်းပါဝင်သည့် မြို့နယ်အရေအတွက်လိုက်ပြီး တပ်မတော်သားကိုယ်စားလှယ်ပါဝင်မှု အရေအတွက် ကွဲပြားသည်။ လူနည်းစုကိုယ်စားလှယ်များကို တပ်မတော်သားကိုယ်စားလှယ်များနှင့် အခြားရွေးကောက်ခံအဖွဲ့ဝင်များက ရွေးချယ်ခြင်းဖြစ်သည်။ ဦးစီးအဖွဲ့တွင် အဖွဲ့ဝင် ၁၀ ဦးမပြည့်ပါက အခြားသူများကို အဖွဲ့ဝင်များက ဆက်လက်ရွေးချယ်ရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အခြေခံဥပဒေ ၂၀၀၈၊ အပိုဒ် ၂၇၆၊ UNDP (2015b), pp. 35-38 ကိုကြည့်ပါ။ ( သို့သော် ထိုစာတမ်းတွင် မှားယွင်းဖော်ပြထားမှုများရှိသည်။ စစ်တပ်ကိုယ်စားလှယ်မှာ ၃ ပုံ ၁ ပုံ ဖြစ်သည်ဟု ဖော်ပြထားသည်။)

[210] UNDP (2015b), p. 35.

[211] UNDP (2015b), p. 37.

[212] DNDP လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၀ ရွေးကောက်ပွဲဝင်စဉ်က တသီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် အသစ်ဖွဲ့စည်းထားသည့် ပါတီသို့ ဝင်ရောက်လာကြသည်။

| | | | | | |
|---|---|---|---|---|---|
| **ပအိုဝ်(ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)** | ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်း မြို့နယ်များ (ရှမ်းပြည်နယ်) | ပအိုဝ်အမျိုးသား အစည်းအရုံး (PNO) (၆ နေရာလုံး အနိုင်ရ ) | PNO | PNO သည် ယခင်က လက်နက်ကိုင်အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတော်ပံ့ပိုးမှုဖြင့် ဌာနေပြည်သူ့စစ်အဖြစ်ရပ်တည်နေသည့်PNA နှင့်ချိတ်ဆက်နေဆဲဖြစ်သည်။ | မရှိ |
| **ပလောင် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)[213]** | နမ့်ဆန် နှင့် မန်တုန် မြို့နယ်များ (ရှမ်းပြည်နယ်) | တအာင်းအမျိုးသားပါတီ (၄ နေရာလုံး အနိုင်ရ ) | TNP | TNP ပါတီမှ ကိုယ်စားလှယ်အချို့သည် ပလောင်ပြည်လွတ်မြောက်ရေး ပါတီဝင်ဟောင်းများဖြစ်သည်။ | ရှိ |
| **ကိုးကန့် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)** | ကုန်းကြမ်းနှင့် လောက်ကိုင် မြို့နယ်များ (ရှမ်းပြည်နယ်) | USDP (၄ နေရာလုံး အနိုင်ရ ) | USDP | ကိုးကန့်ဦးစီးအဖွဲ့တွင် ပါဝင်သည့် USDP ကိုယ်စားလှယ် များသည် ယခင်က MNDAA တပ်မှူးဟောင်းများ ဖြစ်ပြီး နယ်ခြားစောင့်တပ် ၁၀၀၆ တွင် တာဝန်ထမ်းနေသည်။ . | ရှိ |
| **ဝ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း)** | ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်း၊ နားဖန်၊ မက်မန်းနှင့် ပန်ဆန်း မြို့နယ်များ (ရှမ်းပြည်နယ်) | ဝ ဒီမိုကရက်တစ် ပါတီ (WDP) (၄ နေရာ ရှိသည့် အနက် ၃ နေရာ အနိုင်ရ)၊ လားဟူအမျိုးသား တိုးတက်ရေးပါတီ (LNDP) (၄ နေရာ အနက် ၁ နေရာ အနိုင်ရ) | WDP | မရှိပါ။ UWSP သည် ၆ မြို့နယ်အနက်မှ ၄ မြို့နယ်ကို ထိန်းထားပြီး ရွေးကောက်ပွဲကို လည်းခွင့်မပြုခဲ့သဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာဖွဲ့စည်းခြင်းမရှိ သေးပါ။ | မရှိ |

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအပေါ် သက်ရောက်မှုများဖြစ်စေသည့် နိုင်ငံရေးအခင်းအကျင်းများမှာ တစ်ခုနှင့်တစ်ခု ခြားနားချက်အလွန်များပြီး ဒေသပဋိပက္ခများပေါ်တွင် သက်ရောက်မှုအမျိုးမျိုးရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများနှင့် ပတ်သက်သည့် နိုင်ငံရေးအခင်းအကျင်းများကို အပိုင်း ၅ မှ ၈ အတွင်း အသေးစိတ်ဖော်ပြထားပြီး အကျဉ်းချုပ်ရတင်ပြရလျှင် -

- နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ရွေးကောက်ခံကိုယ်စားလှယ်အားလုံး (စစ်တပ်ကိုယ်စားလှယ်မပါ) သည် ပြည်ခိုင်ဖြိုးပါတီဝင်များဖြစ်ကြပြီး နာဂ ဗုဒ္ဓဘာသာလူနည်းစုဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကဲ့သို့သော နိုင်ငံတော်မှပံ့ပိုးထားသည့်အသင်းတွင် နှစ်ပေါင်းများစွာပါဝင်လာသူများဖြစ်သည်။ တစ်ချိန်တည်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ နယ်မြေအများအပြားကို နာဂလက်နက်ကိုင်အဖွဲ့က ထိန်းချုပ်ထားသည် (အပိုင်း ၈ ကိုကြည့်ပါ)။ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တရားဝင်နိုင်ငံရေးတွင် နာဂလက်နက်ကိုင်များ ပါဝင်ခြင်းမရှိသလို ယင်းအဖွဲ့များသည် အမျိုးသားညီလာခံတွင်လည်း တက်ရောက်ခဲ့ခြင်း မရှိပါ (အပစ်အခတ်ရပ်စဲမှု သဘောတူညီချက် မရှိသည့်အတွက်ကြောင့်)။

- ဓနုတိုင်းရင်းသားများသည် လက်နက်ကိုင်အဖွဲ့အစည်း မည်သည့်အခါတွင်မှမရှိခဲ့ပါ။ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် ဥက္ကဋ္ဌမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဖြစ်ပြီး ကျန်ကိုယ်စားလှယ်များမှာ အသစ်ဖွဲ့စည်းထားသည့် ဓနုအမျိုးသားတိုးတက်ရေးပါတီ (Danu National Democracy Party) မှ ဖြစ်ကြသည်။ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းအောင်မြတ်သည် ဓနုဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီကို ကိုယ်စားပြုဝင်ရောက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပင်းတယမဲဆန္ဒနယ်မှ အနိုင်ရခဲ့သည်။ တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် အငြိမ်းစားယူထားသူ တစ်ဦးက ဦးစီးအဖွဲ့ ဥက္ကဋ္ဌဖြစ်လာမည်ဟု မျှော်မှန်းထားပြီး ၄င်းအားရာထူးတစ်ဆင့် တိုးမြှင့်ခံရခြင်းမခံရမီ ကာလပတ်လုံး ယင်းတာဝန်ကိုယူထားမည် ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များမှ ကိုယ်စားလှယ်များသည် အစိုးရအဖွဲ့တွင် နေရာရသည့်တိုင် ၄င်းတို့နေရာကို ဆက်လက် ထိန်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့တွင်ရှိ ရာထူးနေရာကိုမူ ဆက်လက်ထိန်းထားနိုင်မှု ရှိ၊ မရှိမှာ မရှင်းလင်းပါ။ သို့သော်လည်း လက်တွေ့တွင်မူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အရေးအရာများ အုပ်ချုပ်စီမံမှုတွင် ဝန်ကြီးချုပ်သည် အဓိကဖြစ်နေသည်။[214]

- ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြောင်းအပြည့်အစုံကို အပိုင်း ၆ တွင် အသေးစိတ်ဖော်ပြထားပါသည်။ အမတ်နေရာများအားလုံးကို ပအိုဝ်အမျိုးသားအစည်းအရုံး (PNO)မှ ရယူထားခြင်းဖြစ်သည်။ PNO သည် လက်နက်ကိုင်

---

[213] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် စာလုံးပေါင်းအမှန်မှာ "Pa Laung" ဖြစ်သော်လည်း တသမတ်တည်း ဖြစ်သွားရန်အတွက် တိုင်းရင်းသားအမည် ခေါ်ဆိုရည်ညွှန်းရာတွင် "Palaung" ဟုသာ စာတမ်းတလျောက်စာလုံးပေါင်း သုံးစွဲသွားပါမည်။

[214] ဓနုယဉ်ကျေးမှုအဖွဲ့အစည်းအတွက် ဝန်ကြီးချုပ်က မြေဝယ်ထားပြီး မြန်မာငွေ သိန်းတစ်ရာကို ဒေသပညာရေးဖောင်ဒေးရှင်းအတွက် စီစဉ်ထားသည်။ တောင်ကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ တဝိုက်လှုပ်ရှားသည့် နာမည်ကြီး ဓနုစာပေနှင့်ယဉ်ကျေးမှုအသင်းခေါင်းဆောင်မှ ပြောပြသည်။ (အင်တာဗျူးမှ ကောက်နုတ်ချက်၊ ရှမ်းပြည်နယ် ၂၀၁၅ ဖေဖော်ဝါရီ)

တော်လှန်ရေးသက်တမ်းအရင့်ဆုံး အဖွဲ့အဖြစ်မှ ပြောင်းလဲသွားခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်မှစကာ နိုင်ငံတော်နှင့် တည်ငြိမ်သော အကျိုးတူဆက်ဆံရေးကို ထူထောင်နိုင်ခဲ့သည်။ အဖွဲ့၏ နိုင်ငံတော်အပေါ် ကြောက်ရွံ့နေမှုကို Callahan က 'လက်တွေ့ဆန်စွာ လက်ခံခြင်း' (pragmatic acceptance) ဟု သုံးနှုန်းခဲ့သည်။[215] အင်အားကြီးပြီး စနစ်ကျသည့် ၄င်း၏ ဌာနေပြည်သူ့စစ် ပအိုဝ်အမျိုးသားတပ်မတော် (PNA) ကြောင့် PNO ၏ ဒေသအုပ်ချုပ်ရေး ကဏ္ဍသည် တရားဝင်မဟုတ်သော်လည်း သိသိသာသာကြီးမားလာခဲ့သည်။ PNA သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အနီးအနား မြို့နယ်များတွင် ၄င်း၏အုပ်ချုပ်ရေးစနစ် ဖြန့်ကျက်ထားသည်။

- ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကိုယ်စားလှယ်နေရာအားလုံးကို တအာင်းပညာတတ် သြဇာရှိသူများနှင့် ပလောင်ပြည်လွတ်မြောက်ရေးပါတီအဖွဲ့ဝင်များ စုစည်းထားသည့် တအာင်းအမျိုးသားပါတီ[216] နှင့် PSLP အဖွဲ့ဝင်များက ရယူထားသည်။ ၁၉၉၁ ခုနှစ်တွင် PSLP ကအပစ်အခတ်ရပ်စဲခဲ့ပြီး ၄င်းနယ်မြေများကို ရှမ်းပြည်နယ်အထူးဒေသ ၇ အဖြစ်သတ်မှတ်ပေးခဲ့သည်။ အမျိုးသားညီလာခံသို့လည်း တက်ရောက်ခဲ့သည်။ သို့သော် လက်တွေ့တွင် တပ်မတော်အစိုးရက ၄င်းတို့ကို လုပ်ပိုင်ခွင့်အနည်းငယ်သာပေးအပ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အတင်းအကြပ်ဖျက်သိမ်းစေခဲ့သည်။ ကျန်ရစ်ခဲ့သည့် အဖွဲ့ငယ်ကို "မန်တုန်ပြည်သူ့စစ်" အဖြစ် အသွင်ပြောင်းလဲခဲ့ပြီး ယနေ့ထိရှိနေဆဲ ဖြစ်သည်။ လက်နက်ဖြုတ်သိမ်းမှုများ ပြုလုပ်သည့်အခါ နောက်ထပ်အဖွဲ့ငယ်တစ်ဖွဲ့က KNU နေရာသို့ တိုင်းရင်းသား မဟာမိတ် အနေဖြင့် သွားရောက်အခြေချခဲ့သည်။ ထို့နောက် ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (PSLF)ကို ဖွဲ့စည်းခဲ့သည်။[217] ၂၀၁၁ ခုနှစ်မှစတင်ကာ PSLF သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နှင့် အနီးပတ်ဝန်းကျင်ဒေသမှ နယ်မြေများကို အရှိန်အဟုန်ဖြင့် ရယူလျက်ရှိပြီး ယင်းနေရာများတွင် အားကောင်းသည့် အရပ်ဖက်အုပ်ချုပ်ရေး စနစ်ကိုလည်း ထူထောင်ခဲ့သည်။ (အပိုင်း ၇ တွင်တင်ပြထားသည်။)
- ကိုးကန့်ဦးစီးအဖွဲ့မှ ရွေးကောက်ခံနေရာများအားလုံးကို ပြည်ခိုင်ဖြိုးကိုယ်စားလှယ်များမှ ရယူထားပြီး အများစုမှာ ကိုးကန့်လူမျိုးများ ဖြစ်သည်။ ဦးစီးအဖွဲ့ဥက္ကဌမှာ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA)[218] တပ်မှူးဟောင်း ပယ်စောက်ချိန် (Bai Xuoqian/Pei Sauk Chein) ဖြစ်သည်။ MNDAA သည် ၁၉၈၉ မှ ၂၀၀၉ ထိ အပစ်အခတ်ရပ်စဲထားပြီး ယင်းနယ်မြေများကို အထူးဒေသအဖြစ် အစိုးရ၏ အသိအမှတ်ပြုမှုနှင့် အုပ်ချုပ်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် တပ်မတော်က ကိုးကန့်အဖွဲ့ကို နယ်မြေအတွင်းမှထုတ်လိုက်ချိန်တွင် လက်နက်ကိုင်ခွဲထွက်အဖွဲ့ငယ်ကို နယ်ခြားစောင့်တပ် ၁၀၀၆ အဖြစ်အသွင်ပြောင်းရာ၌ ပယ်စောက်ချိန်က အဓိက နေရာမှပါဝင်ခဲ့သည်။ လက်ရှိတွင် ထိုနယ်ခြားစောင့်တပ်သည် ယင်းနယ်မြေအတွင်း လုံခြုံရေးကဏ္ဍ အတွက် တရားဝင်တာဝန်ပေးခြင်း ခံထားရသည်။ ၂၀၁၅ အစောပိုင်းတွင် MNDAA ပင်မတပ်က နယ်မြေ ပြန်လည်ရယူရန်အတွက် ကုန်းကြမ်းနှင့် လောက်ကိုင်မြို့နယ်များတွင် ပြောက်ကျားတိုက်ပွဲများ ဆင်နွှဲခဲ့သည်။ တိုက်ပွဲများကြောင့် ၄င်းနယ်မြေများတွင် အချိန်အပိုင်းအခြားတစ်ခုအထိ လူနေမှုကျဆင်းသွားပြီး ပြည်ထောင်စုအစိုးရက အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ရသည်။
- ဝ နယ်မြေအတွင်းမှ ဥပဒေအရအသိအမှတ်ပြုထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သတ်မှတ်ချက်တွင် တရားဝင်ခွင့်ပြုထားသည့် မြို့နယ် ၆ ခု ရှိသည့်အနက်မှ ၂ ခုသာအကျုံးဝင်သည်။ ကျန် ၄ ခုကို 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီက အပြည့်အဝထိန်းချုပ်ထားပြီး ရွေးကောက်ပွဲကျင်းပခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ ၁၉၈၉ အပစ်အခတ်ရပ်စဲရေးကြောင့် UWSP သည် ယင်းနယ်မြေများကို အုပ်ချုပ်ခွင့်ရခဲ့သည်။ အထူးဒေသအဖြစ် အုပ်ချုပ်ခဲ့သော်လည်း ဥပဒေအရ သတ်မှတ်ထားခြင်းမရှိပါ။ သို့သော်လည်း လောလောလတ်လတ်ပြုလုပ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးတွင် ထိုအထူးဒေသကို အကြိမ်ကြိမ်ရည်ညွှန်းသုံးစွဲထားသည်။[219] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် အကျုံးဝင်သော မြို့နယ်နှစ်ခုအတွင်းရှိ မဲဆန္ဒနယ် လေးခုအနက် သုံးခုတွင် 'ဝ' ဒီမိုကရက်တစ်ပါတီက ထိန်းချုပ်ထားပြီး ကျန်တစ်ခုတွင် လားဟူအမျိုးသားဖွံ့ဖြိုးရေးပါတီက ထိန်းချုပ်ထားသည်။ ထိုနှစ်ဖွဲ့စလုံး အစိုးရနှင့် သင့်မြတ်ပြီး လက်နက်ကိုင် အဖွဲ့များနှင့် ဆက်ဆံမှုများရှိသည်ဟု မကြားသိရပါ။

---

[215] See Callahan (2007), pp. 45-47.

[216] ပလောင်သည် တအာင်းကို ဗမာဘာသာဖြင့်ခေါ်ခြင်းဖြစ်သည်။

[217] ၂၀၀၉ တွင်ဖွဲ့စည်းခဲ့သည့် လက်နက်ကိုင်တပ်ဖွဲ့ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA အမည်ဖြင့် ပို၍သိကြသည်။

[218] ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပြည်ခိုင်ဖြိုးကိုယ်စားလှယ်များမှာ ပယ်စောက်ချိန်နှင့် အဆက်အသွယ်ရှိသူများဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ပြိုင်ဘက်မရှိရွေးချယ်ခံရသူများဖြစ်သည်။

[219] ၂၀၁၂ ဒီဇင်ဘာတွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အရ 'ဝ' နယ်မြေဖြစ်သော ရှမ်းပြည်နယ် အထူးဒေသ ၂ စကားရပ်ကို အထပ်ထပ်ရည်ညွှန်းထားခဲ့သော်လည်း အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အာဏာပေးခြင်းမရှိခဲ့ပါ။ ၂၀၁၁ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ပြန်လည်အတည်ပြုခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ နောက်တွင် ပြုလုပ်ခဲ့သည့် သဘောတူညီချက်ဖြစ်သည်။

မြေပုံ ၂ - ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ



၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ ထပ်မံဖွဲ့စည်းခြင်းမရှိတော့ပါ။ သို့သော်လည်း အသစ်အဖွဲ့စည်းရန် သို့မဟုတ်ချဲ့ထွင်ရန်အတွက် နိုင်ငံရေးလှုပ်ရှားမှုများရှိသည်။ ၂၀၁၄ နှစ်ကုန်ပိုင်းတွင် နာဂအဖွဲ့အစည်းများနှင့် နာဂ ပြည်သူများ ကျင်းပခဲ့သည့်ညီလာခံတွင် တက်ရောက်လာသူများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ခန္တီးနှင့် ဟုမ္မလင်းမြို့နယ်များကိုပါ ထည့်သွင်းသတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။ နှစ်မြို့နယ်လုံးသည် ဗြိတိသျှခေတ်၊ လွတ်လပ်ရေးရပြီးအစိုးရခေတ်များတွင် နာဂတောင်တန်းခရိုင် သတ်မှတ်ချက်၌ ပါဝင်ခဲ့သည်။[220] တရားဝင်နိုင်ငံရေးကိုယ်စားပြုမှု မရှိသော်လည်း အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ကယန်းပြည်သစ်ပါတီက ကယား နှင့်ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ကယန်းလူမျိုးလူနည်းစုအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဖွဲ့စည်းပေးရန်မျှော်လင့်ထားသည်ဟု ၂၀၁၅ ခုနှစ်တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။[221] လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ မတူညီသော ပြည်နယ် နှစ်ခုမှ နယ်မြေများပါဝင်ပေါင်းစပ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဖွဲ့စည်းရန်မှာ ဖြစ်နိုင်ချေရှိပုံ မပေါ်ပေ။

အငြင်းပွားမှုများ အထူးသဖြင့် ဖြစ်ပွားနေသောဒေသမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပြီး ထိုဒေသရှိ မူဆလင်လူများစုသည် "တိုင်းရင်းသားစာရင်း" တွင် ပါဝင်ခြင်းမရှိသဖြင့် နိုင်ငံတော်မှ ၄င်းတို့ကို နိုင်ငံသားအဖြစ် အသိအမှတ်မပြုသောကြောင့် ဖြစ်သည်။ များမကြာမီက အစိုးရပြောရေးဆိုခွင့်ရှိသူ ထောက်ပြခဲ့သကဲ့သို့ အနာဂတ်တွင် ၄င်းတို့ကို တိုင်းရင်းသားလူမျိုးများအဖြစ် လက်ခံမည်ဆိုပါက ယင်းမြို့နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု သတ်မှတ်ရန် အဆင့်မီမည်ဖြစ်သည်။ ထိုသူများသည် ရခိုင်ပြည်ရှိ မြို့နယ်များအနက်မှနှစ်ခုတွင် ရခိုင်လူမျိုးများထက် အရေအတွက်များသည်။[222] ယင်းကိစ္စသည် နိုင်ငံရေးအကဲဆတ်ရခြင်း၏ မူလအရင်းခံဖြစ်သည်ဟုဆိုခဲ့ပြီး "ရခိုင်တွင်ထိုသို့ခွင့်ပြုရန် မြန်မာပြည်သူများက သဘောတူမည်ထင်ပါသလား" ဟု မေးခွန်းပြန်ထုတ်ခဲ့သည်။[223] ၁၉၆၀ အစောပိုင်း နှစ်များတွင် ယင်းနေရာကို မေယုနယ်ခြားအုပ်ချုပ်ရေး (Mayu Frontier Administration) သတ်မှတ်ပြီး အလားတူအဆင့်မျိုးသတ်မှတ်ပေးခဲ့ဖူးသည် (အပိုင်း ၂.၄ ကိုကြည့်ပါ)။

### ၃.၂.၂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အခန်းကဏ္ဍနှင့် တာဝန်များ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးကော်မတီတွင် ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာ နှစ်ခုလုံးရှိသည်။ ၄င်းတို့နယ်မြေအတွင်း ဘဏ္ဍာရေးနှင့်ပတ်သက်ပြီး အတိုင်းအတာတခုထိ ဗဟိုချုပ်ကိုင်မှုလျော့ချပေးထားသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၃ တွင် ဖော်ပြထားချက်အရ ဦးစီးအဖွဲ့သည် အောက်ဖော်ပြပါကဏ္ဍ ၁၀ ခုတွင်သာ ဥပဒေပြုခြင်း၊ (သို့မဟုတ် အုပ်ချုပ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း) များပြုလုပ်နိုင်သည်။

- မြို့ပြနှင့် ကျေးလက်စီမံကိန်းများ
- လမ်းတံတား ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး
- ပြည်သူ့ကျန်းမာရေး
- စည်ပင်သာယာရေး
- မီးဘေးကာကွယ်ရေး

---

[220] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချဲ့ထွင်ပေးရန် ကိစ္စနှင့်ပတ်သက်ပြီး Hnin Yadana Zaw, *'Naga Move to Expand Self-Administered Zone'*, The Irrawaddy, 2 December 2014; available at: http://www.irrawaddy.org/burma/naga-move-expand-self-administered-zone.html; ကိုကြည့်ပါ။ ညီလာခံ၏ တရားဝင်ထုတ်ပြန်ချက်သည် အဓိပ္ပာယ်အမျိုးမျိုးကောက်ယူနိုင်သည်။ ရေရှည်ရည်မှန်းချက်ဖြစ်သော ကိုယ်ပိုင်ပြဌာန်းခွင့်ကြောင့် ညီလာခံရည်ရွယ်ချက် သွေဖယ်သွားခြင်းမျိုးကို ရှောင်ရှားရန်အတွက်ဟု ယူဆရသည်။ ညီလာခံရည်မှန်းချက်မှာ - သမိုင်းအရ နာဂမြေဟု သတ်မှတ်ထားသည့် နာဂလူမျိုးများနေထိုင်ရာဒေသများပါထည့်သွင်းလျက် နာဂနယ်မြေ နယ်နိမိတ်ကို ပြန်လည်ရေးဆွဲရန် - ဖြစ်သည်ဟု ထုတ်ပြန်ခဲ့သည်။ လူပေါင်း ၇၀၀ ကျော်တက်ရောက်ခဲ့သည့် ညီလာခံကိုစီစဉ်ခဲ့သူက မြန်မာနိုင်ငံတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်နိမိတ်ကိုချဲ့ထွင်ရန် ပထမအဆင့်ဖြစ်သည်ဟု ရှင်းပြခဲ့သည်။ (တွေ့ဆုံမေးမြန်းချက်၊ ရန်ကုန်၊ မတ် ၂၀၁၅)

[221] Maung Zaw *'Kayan Leaders Push for Autonomy'*, Myanmar Times, 22 April 2015; available at: http://www.mmtimes.com/index.php/national-news/14054-kayan-leaders-push-for-autonomy.html

[222] ၄င်းတို့ကို ရိုဟင်ဂျာအမည်ဖြင့် ဌာနေတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုရန် ထိုဒေသများမှ မူဆလင်အရေးလှုပ်ရှားသူများက ကာလရှည်ကြာ တောင်းဆိုခဲ့ကြသည်။အစိုးရက ယင်းအမည်ကို လက်ခံရန်ငြင်းပယ်ထားပြီး ၄င်းတို့ကို ဘင်္ဂလီမူမျိုး ဧည့်နိုင်ငံသားများ (တရုတ်၊ နီပေါ နှင့် အခြား နိုင်ငံခြားသားများမှ ပေါက်ဖွားလာသူများကဲ့သို့ပင်) အဖြစ်သာ အသိအမှတ်ပြုထားကြောင်းသာ ထပ်တလဲလဲပြောဆိုထားသည်။ ၂၀၁၃ သန်းခေါင်စာရင်းကောက်ယူရာတွင် ရခိုင်ပြည်နယ်မှ လူပေါင်း ၁ ၀၉၀ ၀၀၀ ခန့်ချန်လှပ်ထားခံရသည်။ အကြောင်းရင်းကို အစိုးရအနေဖြင့် တရားဝင်ထုတ်ပြန်ခြင်းမရှိသော်လည်း ဘင်္ဂလီလူမျိုးအဖြစ် စာရင်းသွင်းမခံခြင်း၊ ရိုဟင်ဂျာအဖြစ် စာရင်း သွင်းခံရအောင် ကြိုးစားမှုများကြောင့် မည်သည့်စာရင်းတွင်မှ ပါဝင်ခြင်းမရှိခြင်းဖြစ်နိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုသည် ဌာနေတိုင်းရင်းသားများအတွက်သာရည်ရွယ်ထားခြင်းဖြစ်သောကြောင့် ဘင်္ဂလီ အနွယ် ဧည့်နိုင်ငံသား အဖြစ်စာရင်းသွင်းခံရပါကကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဖွဲ့စည်းနိုင်မည်မဟုတ်ပါ။ ဌာနေတိုင်းရင်းသား စာရင်းဝင်မှသာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဖွဲ့စည်းနိုင်မည်ဖြစ်သည်။

[223] Peter Popham *'Rohingya migrant boat crisis: The boat people of Arakan and Burma's fear of an ethnic meltdown'*, 22 May 2015; available at: http://www.independent.co.uk/news/world/asia/rohingya-migrant-boat-crisis-the-boat-people-of-arakan-and-burmas-fear-of-an-ethnic-meltdown-10271512.html ကိုကြည့်ပါ။

- စားကျက်မြေထိန်းသိမ်းခြင်း
- သစ်တော ကာကွယ်ခြင်း နှင့် ထိန်းသိမ်းခြင်း
- ပြည်ထောင်စု ဥပဒေများတွင် ပြဋ္ဌာန်းထားသည်နှင့် အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း
- မြို့များနှင့် ကျေးရွာများ၏ ရေနှင့် လျှပ်စစ်မီးကိစ္စများ
- မြို့များနှင့် ကျေးရွာများ၏ ဈေးကိစ္စများ

အထက်ပါကဏ္ဍများတွင် တိုင်းရင်းသားလူပ်ရှားမှုများတွင် အစဉ်တစိုက်တောင်းဆိုခဲ့သည့် ပညာရေး၊ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင် စီမံခြင်း အစရှိသော အရေးကြီးသည့် အုပ်ချုပ်ရေးကဏ္ဍများတွင် လွတ်လပ်စွာလုပ်ပိုင်ခွင့် မပါဝင်ပေ။ ထို့အပြင် ၎င်းတို့အတည်ပြုလိုက်သော ဥပဒေသည်လည်း ပြည်ထောင်စုအဆင့် နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဥပဒေများနှင့် လိုက်လျောညီထွေမှု ရှိရသည်။ ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် လွှတ်တော်များသည်လည်း ဇယား ၃ တွင်ဖော်ပြထားသည့် ကဏ္ဍများအတွက် ဥပဒေပြုနိုင်သည့် အာဏာရှိသောကြောင့် ဦးစီးအဖွဲ့များအပေါ်တွင်သာ မူတည်နေသော ဥပဒေပြုကဏ္ဍမရှိချေ။[224] ထို့ကြောင့် ဥပမာအားဖြင့် ဦးစီးအဖွဲ့များက ၎င်းတို့ကိုယ်ပိုင် ကျန်းမာရေးမဟာဗျူဟာများ ရေးဆွဲနိုင်ခြင်း၊ အကြီးစား ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လွှမ်းမိုးနိုင်ခြင်းမရှိပေ။

ထို့အပြင် ဦးစီးအဖွဲ့၏ နိစ္စဓူဝ လုပ်ငန်းများ၊ အခြားဌာနများနှင့် ပူးပေါင်းနိုင်မှုများသည် ထွေ/အုပ်ပေါ်တွင် မှီတည်နေသည်။ ထွေအုပ်အရာရှိသည် ဦးစီးအဖွဲ့ အတွင်းရေးမှူးဖြစ်ပြီး ဦးစီးအဖွဲ့ရုံးကိုလည်း ထွေအုပ်ကပင် တာဝန်ယူသည်။[225] လက်တွေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တို့သည် အရေးကိစ္စအများစုအတွက် ဗဟိုအစိုးရလမ်းညွှန်မှု အောက်တွင်သာရှိနေပြီး လွတ်လပ်စွာ လုပ်ပိုင်ခွင့်အနည်းငယ်သာရှိသည်။ ဦးစီးအဖွဲ့တွင်ပါသော နိုင်ငံရေးပါတီဝင်တစ်ဦးက အောက်ပါအတိုင်းဆိုခဲ့သည်။

> *ကိုယ်ပိုင်အုပ်ချုပ်ခွင့်မပြောပါနဲ့ အုပ်ချုပ်ရေးဘက်မှာတောင်မှ ထိန်းချုပ်ခွင့်မရှိပါဘူး။ အထက်အောက် ဆန်တဲ့ ဗျူရိုကရေစီစနစ်နဲ့ပဲ သွားရပါတယ်။ ဥပမာ - ဖွံ့ဖြိုးရေးစီမံကိန်းတွေလုပ်ချင်ရင် ထွေအုပ်ကတစ်ဆင့် သွားရတယ်။ တကယ့်ကို ဗျူရိုကရက်တစ်ဆန်တဲ့ လုပ်ငန်းစဉ်ကြီးဖြစ်ပါတယ်။* [226]

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးစီးအဖွဲ့နှင့် ပူးပေါင်းလုပ်ငန်းဆောင်ရွက်သည့် အရပ်ဖက်လူ့အဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦးကလည်း 'မြို့နယ်အုပ်ချုပ်ရေးမှူးတွေ (ထွေ/အုပ်) ဟာ အဲသည်မြို့နယ်တွေမှာ အာဏာအရှိဆုံးသူတွေ ဖြစ်ပါတယ်။ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်တွေက ဘာပဲလုပ်လုပ် မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ အရင်တိုင်ပင်ရတယ်' ဟုဆိုသည်။[227] ထိုသို့သော အမြင်မျိုးကို ၂၀၁၅ ခုနှစ်တွင် *မြန်မာတိုင်းစ်* မှထုတ်ဝေခဲ့သော ဆောင်းပါးတစ်ခုတွင်လည်း တွေ့ရသည်။ ထိုဆောင်းပါးတွင် ဦးစီးအဖွဲ့အချို့မှ ဥက္ကဋ္ဌများက ၎င်းတို့နှင့် ထွေ/အုပ်အကြားရှိ ဆက်ဆံရေးကို ဖော်ပြခဲ့သည်။ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တစ်ဦးက ယခုကဲ့သို့ဆိုသည်။

> *ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေဆိုတာ အမည်ခံ သပ်သပ်ပါပဲ။ ခရိုင်ရုံး (ပြည်ထောင်စုအစိုးရ ထိန်းချုပ်ထားသည်) နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့ကြားက အာဏာစီးဆင်းပုံက မရှင်းမလင်းနဲ့၊ ကျနော်တို့က တောင်ကြီးခရိုင် (ထွေ/အုပ်) ရဲ့လမ်းညွှန်မှုအောက်မှာပဲ ရှိနေသေးတယ်။*[228]

သို့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန်မှာ အချို့သောဒေသခံခေါင်းဆောင်များ၏ အဓိကရည်ရွယ်ချက်မဟုတ်ကြပေ။ ၎င်းတို့က ပါဝင်လှုပ်ရှားနေသည့် ဒေသခံများကို နိုင်ငံရေးနှင့်မဆိုင်သည့်ကိစ္စများတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နိုင်အောင် တရားဝင်လမ်းဖွင့်ပေးခြင်း၊ ဒေသဖွံ့ဖြိုးမှုရှိလာခြင်းတို့ကြောင့် ယင်းစနစ်ကို အကောင်းမြင်ကြသည်။ လက်တွေ့တွင်မူ ဦးစီးအဖွဲ့၏ အဓိကတာဝန်မှာ ဒေသန္တရ ဘတ်ဂျက်စီမံရေးနှင့် ပြုစုရေးဖြစ်သည်။ ၎င်းနယ်မြေအတွင်း လည်ပတ်နေသည့် အရပ်ဖက်ဝန်ဆောင်မှုဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ကြီးကြပ်ခြင်းများကို ပြုလုပ်နိုင်ပြီး နယ်မြေအတွင်းအခြေအနေများကို အစိုးရထံသို့ တရားဝင် အစီရင်ခံနိုင်သည့်လမ်းကြောင်းရှိသည်။[229]

---

[224] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများသို့ တရားဝင်လွှဲအပ်ထားသည့် အာဏာများနှင့်ပတ်သက်ပြီး အသေးစိတ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ အပိုဒ် ၂၇၅ - ၂၈၂ နှင့် ဇယား ၃ တွင်ကြည့်ပါ။ UNDP (2015b), p. 37 ကိုကြည့်ပါ။

[225] Chit Saw & Arnold (2014), p. 14-15 နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ အပိုဒ် ၂၈၃

[226] နိုင်ငံရေးပါတီမှ ဝန်ထမ်းတစ်ဦးနှင့်မေးမြန်းချက် (ရှမ်းပြည်နယ်၊ ၂၀၁၅ ဖေဖော်ဝါရီ၊ တွေ့ဆုံမေးမြန်းချက်)

[227] အရပ်ဖက်လူ့အဖွဲ့အစည်းဝန်ထမ်းနှင့် မေးမြန်းချက် (ရှမ်းပြည်နယ်၊ ၂၀၁၅ ဖေဖော်ဂါရီ၊ တွေ့ဆုံမေးမြန်းချက်)

[228] Sandar Lwin, *'New self-administered areas struggle to assert authority'*, Myanmar Times, 17 February 2015; available at: http://www.mmtimes.com/index.php/national-news/9589-new-self-administered-areas-struggle-to-assert-authority.html

[229] UNDP (2015b), p. 37.

ပြည်ခိုင်ဖြိုးကိုယ်စားလှယ် ခနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌက - 'ကျနော်တို့နယ်မြေတိုးတက်ရေးကိုပဲ စိတ်ဝင်စားပါတယ် (ဖက်ဒရယ်အရေးများထက်)။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စနစ် အပြည့်အဝ အသက်ဝင်ပြီး၊ နည်းပညာဆိုင်ရာကိစ္စတွေလည်း ပြေလည်သွားပြီဆိုရင် (အာဏာပိုပေးခြင်းက) ကျနော်တို့ရဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ပိုအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်' ဟုဆိုခဲ့သည်။ အလားတူပင် ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နေရာအားလုံးကို ရယူထားနိုင်သည့် ပအိုဝ်အမျိုးသားအစည်းအရုံး အဖွဲ့ဝင်တစ်ဦးက 'ဒီစနစ်ကြောင့် အစိုးရနဲ့ နီးနီးကပ်ကပ်လုပ်နိုင်ခွင့်ရတယ်၊ အရင်စနစ်ကတော့ အထက်အောက် သဘောပဲ၊ အစိုးရကပေးမှ ရတယ်။ အခုတော့ အောက်ခြေကအထက်ကိုသွားတဲ့စနစ် ဖြစ်သွားပြီ။ ကျနော်တို့လိုအပ်တာကိုတောင်းနိုင်တယ် လိုတာကိုရနိုင်တယ်'[230] ဟုရှင်းပြသည်။

အချုပ်ဆိုရလျှင် အစိုးရနှင့် ရင်းနှီးစွာပူးပေါင်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်များ၊ ပြည်ခိုင်ဖြိုးအမတ်များ ကဲ့သို့သော ယခင်ဗဟိုအစိုးရလက်အောက်တွင် လုပ်ငန်းများပူးပေါင်းဆောင်ရွက်ခဲ့ကြသူများအဖို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ ပေါ်ပေါက်လာခြင်းဖြင့် ဒေသအရေးများတွင် တရားဝင် ပွင့်လင်းစွာပါဝင်နိုင်လာ ကြသောကြောင့် ယင်းအစီအစဉ်ကို လှိုက်လှဲစွာ ကြိုဆိုကြသည်။ လုံးဝလွတ်လပ်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်အတွက် တိုက်ပွဲဝင်လျက်ရှိသည့် အင်အားကြီး လက်နက်ကိုင်များ၊ အထူးသဖြင့် နယ်မြေများကို စစ်ရေးအရသိမ်းပိုက်ထားနိုင်သော အဖွဲ့များအဖို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသည် ၎င်းတို့တောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသလောက်ဖြစ်သည်။ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအတွင်းတွင် တိုင်းရင်းသားလက်နက်ကိုင်များက အားပြိုင်တိုက်ခိုက်မှုများရှိလာပြီး တိုက်ပွဲများကြောင့် အုပ်ချုပ်ရေးလုပ်ငန်း အကောင်အထည်ဖော်မှုများ သိသိသာသာ နှောင့်နှေးလျက်ရှိသည်။

## ၃.၃ သုံးသပ်ချက်များ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ ပြည်နယ်ရရှိထားသည့် ဗမာမဟုတ်သည့် အဓိကတိုင်းရင်းသား ၇ မျိုးအတွက် ဒေသအုပ်ချုပ်ရေးဖွဲ့စည်းပေး နိုင်ခဲ့သည်။ သို့သော်လည်း ဝန်ကြီးချုပ်များကို ဒေသခံများက ရွေးချယ်ခြင်းမဟုတ်သကဲ့သို့ အာဏာခွဲဝေမှုမှာလည်း အနည်းငယ်သာရှိသည်။ တိုင်းရင်းသား နိုင်ငံရေးလှုပ်ရှားမှုများက အစဉ်တစိုက် တောင်းဆိုခဲ့သည့် လုံခြုံရေး၊ ပညာရေး နှင့် သဘာဝသယံဇာတစီမံရေး ကဲ့သို့သော အရေးပါသည့် ကဏ္ဍများအတွက် လုပ်ပိုင်ခွင့်ကိုမူ ဒေသန္တရအစိုးရများသို့ ပေးအပ်ထားခြင်းမရှိပေ။

ဒေသမှ ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းထားသည့် ဦးစီးအဖွဲ့များကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် ထူးခြားသည့်သဘောရှိသည်။ ပြည်နယ်အတွင်းမှ လူမျိုးစုငယ်များ၏အရေးကို ဖြေရှင်းပေးနိုင်ရန်အတွက် အခြေခံလည်းဖြစ်သည်။ သို့သော်လည်း ဦးစီးအဖွဲ့၏ သြဇာသက်ရောက်မှုမှာ အကြီးအကျယ် ကန့်သတ်ခံထားရသည်။ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လွှမ်းမိုးနိုင်သော်လည်း လွတ်လပ်စွာ အုပ်ချုပ်နိုင်ခွင့် အပြည့်အဝရှိမှုမှာမူ ဝေးကွာနေဆဲဖြစ်သည်။

ဒေသအဆင့် အုပ်ချုပ်ရေးဖွဲ့စည်းပုံအသစ် နှစ်ခုလုံးသည် စစ်တပ်ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ အထွေထွေအုပ်ချုပ်ရေးဌာန ညွှန်ကြားမှုအောက်တွင် ရှိနေဆဲဖြစ်သောကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချနိုင်ခြင်းမှာ အားနည်းလျက်ရှိသည်။

တိုင်းရင်းသား လက်နက်ကိုင်အများစုက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အောက်မှ နိုင်ငံရေးတွင်ပါဝင်လုပ်ဆောင်ရန်နှင့် နိုင်ငံတော်မှ ဖွဲ့စည်းသည့် လုံခြုံရေးအဖွဲ့အစည်းများ အဖြစ်အသွင်ပြောင်းရန်၊ လက်နက်ဖြုတ်သိမ်းရန် ဆန္ဒမရှိသည့်အတွက် ၂၀၁၁ ခုနှစ်မှစပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု နေရာ ၂ နေရာ အပါအဝင် ပြည်နယ်အားလုံးနီးပါးတွင် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ဒေသဆိုင်ရာအုပ်ချုပ်ရေးကို တိုင်းရင်းသားလက်နက်ကိုင်များက တိုက်ပွဲဝင်ခြင်းဖြင့်သော်လည်းကောင်း၊ အပစ်အခတ်ရပ်စဲသဘောတူခြင်း ဖြင့်သော်လည်းကောင်း ချုပ်ကိုင်ထားခြင်း ဖြစ်သောကြောင့် အမှန်တကယ်အာဏာရှိသူများမှာ တိုင်းရင်းသား လက်နက်ကိုင်များဖြစ်နေကြောင်း ထင်ဟပ်လျက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် နယ်မြေပိုင်နက်များကို မည်ကဲ့သို့ထိန်းသိမ်းသည်၊ အာဏာကျင့်သုံးသည်ကို နောက်အပိုင်းတွင် ဖော်ပြထားသည်။ ထို့နောက် ယင်းနယ်မြေများတွင်လက်ရှိဖြစ်ပေါ်နေသည့် ဒေသဆိုင်ရာအုပ်ချုပ်ရေး လုပ်ကိုင်ပုံများအကြောင်း အသေးစိတ်ကို နောက်အပိုင်းများတွင်ဖော်ပြထားသည်။

[230] PNO အဖွဲ့ဝင်နှင့် တွေ့ဆုံမေးမြန်းချက် (၂၀၁၅ ဖေဖော်ဝါရီ၊ ရှမ်းပြည်နယ်)။

## အပိုင်း ၄ - တရားဝင်မှုဘောင်များ၏ အလွန် - လက်နက်ကိုင်များ၏ နယ်မြေထိန်းချုပ်ပုံနှင့် အုပ်ချုပ်မှု လည်ပတ်ပုံ

လက်တွေ့တွင် လက်နက်ကိုင်အဖွဲ့အစည်းများ အတော်များများက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ဒေသန္တရအုပ်ချုပ်ရေးစနစ်ပေါင်းများစွာကို တည်ထောင်ထားသည်။ ယင်းစနစ်များသည် ပထဝီအနေအထားအရ ဒေသန္တရအဆင့် အချင်းချင်းတွင်လည်းကောင်း၊ နေရာအများအပြားတွင် နိုင်ငံတော်၏အုပ်ချုပ်ရေးစနစ်များနှင့်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ စနစ်နှင့်လည်းကောင်း ထပ်နေတတ်သည်။

ဤအပိုင်းတွင် လက်နက်ကိုင်များအနေဖြင့် နယ်မြေများနှင့် လူထုများအပေါ် ထိန်းချုပ်မှု၊ သို့မဟုတ် အာဏာစက် ဖြန့်ကျက်မှု ရယူပုံနည်းလမ်း သုံးမျိုးကို ဖော်ပြသွားမည်ဖြစ်သည်။

၁) တိုက်ပွဲဝင် ရယူခြင်း - နယ်မြေထိန်းထားရန်၊ ရယူရန်အတွက် စစ်အင်အား အသုံးပြုခြင်း။

၂) ညှိနှိုင်းရယူခြင်း - အပစ်အခတ်ရပ်စဲထားသဖြင့် မြန်မာလုံခြုံရေးအင်အားစုများက နယ်မြေအုပ်ချုပ်ခွင့်ကို နားလည်မှုနှင့်ခွင့်ပြုခြင်း။

၃) ပူးပေါင်းရယူခြင်း - နိုင်ငံတော်နှင့် ပွင့်လင်းရင်းနှီးစွာပူးပေါင်းပြီး နယ်မြေအုပ်ချုပ်ခြင်း။

ထိုသို့ရယူထားသော နယ်မြေပိုင်နက်များတွင် သေချာရှင်းလင်းစွာ နယ်နိမိတ် သတ်မှတ်သဘောတူထားမှု အနည်းငယ်သာရှိသည်။ ထို့သို့ရှိခဲ့လျှင်လည်း တရားဝင်မှတ်တမ်းပြုစုထားမှု မရှိသလောက်ပင်ဖြစ်သည်။

### ၄.၁ တိုက်ပွဲဝင်ရယူခြင်း (ပဋိပက္ခ)

နိုင်ငံတော်မှ လက်နက်အင်အားဖြင့် ထိန်းချုပ်နိုင်ခြင်းမရှိသည့် နယ်မြေများရှိခဲ့သည်မှာ မြန်မာ့သမိုင်း တလျှောက်လုံးပင်ဖြစ်သည်။ အချို့အခြေအနေများတွင် 'အတိုက်အခံ လက်နက်ကိုင်အုပ်စု'ခေါင်းဆောင်များနှင့်တပ်များသည် ယင်းနယ်မြေများတွင် လွတ်လပ်ရေးမရခင်ကပင် နေထိုင်အခြေချပြီးဖြစ်သောကြောင့် တိုက်ယူသည် မဟုတ်ပဲ ခုခံထိန်းသိမ်းထားသည့် နယ်မြေများလည်း ရှိသည်။ တိုက်ပွဲဝင်နည်းဖြင့် နယ်မြေရယူထားသည့်အဖွဲ့များတွင် KIO နှင့် ၎င်း၏မဟာမိတ်များဖြစ်သော ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး နှင့် မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA)[231] တို့ဖြစ်သည်။ ၂၀၁၁၊ ၂၀၁၂ အပစ်အခတ်မရပ်စဲမှုများမတိုင်မီက KNU၊ KNPP နှင့် RCSS တို့သည်လည်း တိုက်ပွဲဝင် နည်းဖြင့်ရယူထားသူများဖြစ်သည်။

ပဋိပက္ခများ ဖြစ်ပွားနေစဉ်အချိန်များတွင် မြန်မာနိုင်ငံ၏ လက်နက်ကိုင်အများစုက တပ်မတော်၏ လှုပ်ရှားမှုများကို ခုခံရန်အတွက် မြေမြုပ် မိုင်းထောင်ခြင်း၊ ခြုံခိုတိုက်ခိုက်ခြင်း အစရှိသော ပြောက်ကျားနည်းများကို အသုံးပြုကြသည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် လက်နက်ကိုင်အဖွဲ့များ ခုခံရာတွင် နယ်နိမိတ်ရှင်းလင်းတိကျစွာ သတ်မှတ်ထားသော ပိုင်နက်ရှိမှုနည်းပါးကြောင်းတွေ့ရသည်။ နိုင်ငံတော်မှ ထိန်းချုပ်ရန်ခက်ခဲသည့် နေရာများဖြစ်သော နယ်စွန်နယ်ဖျား၊ တောင်ထူထပ်သည့်နယ်မြေများသည် ၎င်းတို့၏ ပိုင်နက်များဖြစ်သည်။

ဒေသ၏ ပထဝီအနေအထားကို နားလည်သိရှိခြင်း၊ ဒေသခံများနှင့် နီးကပ်သောဆက်ဆံရေးရှိခြင်း (သို့မဟုတ် တူညီသောဘာသာစကားများ အသုံးပြုခြင်း) အစရှိသည်ဖြင့်တို့ကြောင့် တောတောင်ထူထပ်သောနေရာများတွင် လက်နက်ကိုင်အဖွဲ့များက အသာစီးရကြသည်။ တပ်မတော်မှာမူ မြို့များ၊ လမ်းများ၊ စီးပွားရေးနေရာများကို ကာကွယ်နေရသည့် အခြေအနေအကန့်အသတ်များ ရှိသည်။ ထိုသို့ပဋိပက္ခဖြစ်ပေါ်နေသော နေရာများတွင် အခြားအစိုးရဌာနများကို ဖွင့်လှစ်ချထားရန်မှာ မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။ တပ်မတော်က တောတောင်ထူထပ်သော နေရာများတွင် ထိန်းချုပ်နိုင်ခြင်းရှိခဲ့လျှင်လည်း ကရင်ပြည်နယ်အလယ်ပိုင်းရှိ နယ်ခြားစောင့်တပ်များ၊ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ ဌာနေပြည်သူ့စစ်များ ကဲ့သို့သော ဒေသရှိ ၎င်းတို့၏လက်အောက်ခံ ဒေသခံတိုင်းရင်းသားတပ်ဖွဲ့များအပေါ် အားထားရသည်။

နယ်စပ်တလျှောက်တောင်ထူထပ်သော နယ်မြေ များတွင် တပ်မတော်မရောက်နိုင်သောကြောင့် လက်နက်ကိုင်အဖွဲ့များက အမာခံနယ်မြေအဖြစ် အသုံးပြုကြသည်။ ထိုကဲ့သို့သော ဒေသများသို့စစ်တပ်က ကင်းစခန်းအများအပြားချထားပြီး လမ်းကြောင်း ရှင်းထားနိုင်သည်။ သို့သော်လည်း စခန်းများရှိသည့် ပတ်ဝန်းကျင်ကို ကန့်သတ်နယ်မြေ သတ်မှတ်ထားပြီး ကင်းလှည့်လမ်းကြောင်းများကို စနစ်တကျဖော်ထုတ်ထားရသည်။ ထို့အတွက်ကြောင့် ၎င်းဒေသများရှိ ရွာများကို လက်နက်ကိုင်အဖွဲ့များကသာ ထိန်းချုပ်ထားလေ့ရှိကြပြီး ထိုအဖွဲ့များကသာ အခြေခံလူမှုဝန်ဆောင်မှုများ၊ လုံခြုံရေးနှင့်

[231] PSLF သည် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် အနေဖြင့် ပို၍လူသိများသည်။ ပလောင်ပြည် လွတ်မြောက်ရေးအဖွဲ့အစည်း (နောက်ပိုင်း ပလောင်ပြည်လွတ်မြောက်ရေးပါတီ) နှင့် မတူပါ။

တရားစီရင်ရေးကိစ္စများကို ဆောင်ရွက်ပေးကြသည်။ အခွန်ကောက်ခံခြင်းနှင့် တပ်သားစုဆောင်းရေးကိစ္စများမှာမူ ဒေသကိုလိုက်၍ ကွာခြားသွားသည်။ ထိုကဲ့သို့သော ရပ်ရွာများသည် မြန်မာနိုင်ငံထက် အိမ်နီးနားချင်းနိုင်ငံများ၏ စီးပွားရေးစနစ်နှင့် ပို၍အကျွမ်းတဝင်ရှိကြသည်။ လွတ်လပ်ရေးမရမှီ ကာလများကပင် ဒေသခံလက်နက်ကိုင်များက စိုးမိုးထားခဲ့ခြင်းကြောင့် နိုင်ငံတော်နှင့် ယင်းဒေသမှ ပြည်သူများ၏ ထိတွေ့မှုမှာ ရန်လိုသည့်အနေအထားရှိသော တွေ့ဆုံမှုများချည်းသာဖြစ်သည်။ ထိုကဲ့သို့သော နယ်မြေ အများစု ကို အစိုးရက 'အနက်ရောင်နယ်မြေများ' အဖြစ်သတ်မှတ်ထားပြီး ရွာမှစွန့်ခွာရန် ငြင်းဆန်သူများကို သောင်းကျန်းသူ သို့မဟုတ် သောင်းကျန်းသူမိသားစုများအဖြစ်သာ ဆယ်စုနှစ်နှင့်ချီ သတ်မှတ်ခဲ့ခြင်းကြောင့်[232] နိုင်ငံတော် နှင့် ယင်းလူမှုအဖွဲ့အစည်းများကြား ခြားနားမှုမှာ ကြီးထွားလျက်ရှိသည်။ ထို့အပြင် အစိုးရထိန်းချုပ်မှုအောက်ရှိ ဒေသများတွင် ဖိနှိပ်ခံရသူ၊ ပဋိပက္ခများကို ရှောင်ပြေးလာသူ ဗမာမဟုတ်သော တိုင်းရင်းသား နေရပ်စွန့်ခွာသူများသည်လည်း အမာခံနယ်မြေများသို့ ရွှေ့ပြောင်းလာလေ့ရှိကြသည်။[233]

နယ်စပ်ဒေသနှင့် ဝေးသည့် မြေပြန့်ဒေသများတွင်မူ လက်နက်ကိုင်အဖွဲ့များအနေဖြင့် နယ်မြေတောက်လျှောက်ထိန်းထားနိုင်ရန် ခက်ခဲသည်။ ဒေသခံရပ်ရွာများနှင့် လက်ပွန်းတတီးရှိမှု (အနည်းဆုံး ဘာသာ စကားတူ)၊ နယ်မြေအနေအထားကျွမ်းကျင်မှုတို့ကြောင့် ယင်းနယ်မြေများသည် အစိုးရ အုပ်ချုပ်မှုထက် လက်နက်ကိုင်များအုပ်ချုပ်ရေးစနစ်အောက်ရောက်နေသည်များလည်း အတော်များများရှိသည်။ အစိုးရသြဇာသက်ရောက်မှု အနည်းငယ်သာရှိသော လမ်းများ၊ မြို့များမှဝေးရာ နယ်မြေများမှ ကျေးရွာခေါင်းဆောင်များသည် လက်နက်ကိုင်အုပ်စုများ တည်ထောင်ထားသည့် အုပ်ချုပ်ရေး ဌာနများနှင့်လည်း ဆက်ဆံရသည်။ ယင်းကဲ့သို့သော နယ်မြေများတွင်ရှိသည့် ရပ်ရွာကျောင်းများ၊ အခြား သာရေးနာရေးအသင်းများသည် လက်နက်ကိုင်အဖွဲ့များထံမှ အခြေခံထောက်ပံ့မှုများ လက်ခံ ရရှိကြသည်။ သို့သော် ယင်းနယ်မြေများမှ ကျေးရွာများသည် တပ်မတော်အပါအဝင် အမျိုးမျိုးသော လက်နက်ကိုင်အဖွဲ့များ၏ သြဇာလွှမ်းမိုးမှုကိုခံရပြီး အုပ်ချုပ်ရေးစနစ်အမျိုးမျိုးအောက်တွင်ကျရောက် နိုင်ချေများသည်။ ကျေးရွာအဆင့် လူမှုရေးဝန်ဆောင်မှုအဖွဲ့များအနေဖြင့် ပဋိပက္ခကာလအတွင်းတွင်ပင်[234] အာဏာပိုင်အမျိုးမျိုးထံမှ အထောက်အပံ့များ ရရှိနိုင်ခြင်းမှာ အဆန်းမဟုတ်ပေ။ ထိုသို့ရရှိခြင်းဖြင့် ၎င်းတို့၏စနစ်သည် အမျိုးအစားအစုံပေါင်းစပ်ထားသော စနစ်တစ်ခုဖြစ်သွားသည်။

"တိုက်ပွဲဝင်ရယူထား"သည့် အခင်းအကျင်းတွင်ပင် နိုင်ငံတော်၏လုံခြုံရေးအင်အားစုများ နယ်နိမိတ် လိုင်းတလျှောက်ရှိနေမှုကိုလက်ခံသည့်အနေအထားမှာ မဆန်းလှသည့်ကိစ္စဖြစ်သည်။ ထိပ်တိုက်တွေ့ဆုံမှုများမရှိခြင်း အကောင်းဆုံးရွေးချယ်ရာဖြစ်သည့် နယ်မြေများတွင် အစိုးရနှင့် လက်နက်ကိုင်တပ်များ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရှောင်ရှားမှုများ ပေါ်ပေါက်လာနိုင်သည်။ အထူးသဖြင့် မတူညီသည့် နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်ရှိသော်လည်း လူမျိုးတူ၊ ဆွေမျိုးတော်စပ်မှုများပင် ရှိနိုင်သော အတိုက်အခံ လက်နက်ကိုင်များနှင့် နိုင်ငံတော်က ပံ့ပိုးထားသည့် ပြည်သူ့စစ်များ အကြား တွင်ပို၍ဖြစ်နိုင်သည်။ အဆုံးစွန်ဆုံးအခြေအနေများတွင် စီးပွားရေးအခွင့်အလမ်းများက ပဋိပက္ခဖြစ်ပွားနေစဉ်ကာလအတွင်း၌ပင် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လာစေနိုင်သည်။

## ၄.၂ ညှိနှိုင်းရယူခြင်း (အပစ်အခတ်ရပ်စဲရေး)

လက်ရှိတွင် မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့အများစုသည် အစိုးရက အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ခွင့်ပြုထားသည့် (ညှိနှိုင်းရယူခြင်းဖြင့်) နယ်မြေများကို ထိန်းချုပ်ထားသည်။ ညှိနှိုင်းရယူသည့် ပုံစံ ၂ မျိုးရှိသည်။ ပထမ တစ်မျိုးမှာ ၁၉၈၀ နောက်ပိုင်း နှင့် ၁၉၉၀ အစောပိုင်းကာလများတွင် အပစ်အခတ်ရပ်စဲရေးလက်ခံသူများကို နယ်မြေများသတ်မှတ်ပေးခဲ့သည်။ ဒုတိယတစ်မျိုးမှာ ၂၀၁၁ အပစ်အခတ်ရပ်စဲရေးများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ နှစ်မျိုးလုံးတွင် တပ်မတော်က လက်ခံထားသည့် ရှင်းလင်းသော နယ်မြေပိုင်းခြားမှုမရှိပါ။

ပထမ တစ်မျိုးမှာ ၁၉၈၀ နှစ်များနှင့် ၉၀ ပြည့်နှစ်များအတွင်း အပစ်အခတ်ရပ်စဲကြသည့်အဖွဲ့များ ( အပိုင်း ၂.၆၊ ဇယား ၁ တွင်ကြည့်ပါ) သို့ နိုင်ငံတော်က သီးသန့်ပေးခဲ့သည့် နယ်မြေများဖြစ်သည်။ ၁၉၉၄ ခုနှစ် ဇူလိုင် မတိုင်မီ ရေးထိုးခဲ့သည့် သဘောတူညီချက်များအရ ယင်းနယ်မြေများကို "အထူးဒေသများ" အဖြစ် သတ်မှတ်ပေးခဲ့သည်။ ယင်းနောက်ပိုင်း

[232] South & Jolliffe (2015), p.28. ကိုကြည့်ပါ။ အစိုးရက ၂၀၀၉ ခုနှစ်ဖြန့်ခဲ့သည့် ထုတ်ပြန်မှုတခုတွင် လှိုင်းဘွဲ့မြို့နယ် အရှေ့ပိုင်းတွင်နေထိုင်နေကြသည့် ပြည်သူများသည် KNU/KNLA တပ်ဖွဲ့များနှင့်၊ ၎င်းတို့၏မိသားစုများသာ ဖြစ်သည်ဟု ဆိုခဲ့သည်။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက် Myanmar Ministry of Foreign Affairs, 'Ministry of Foreign Affairs releases Press Statement in response to declaration of EU Presidency' (13 June 2009) ယင်းကြေညာချက်ထုတ်ပြန်ချိန်တွင် အစိုးရနှင့် KNU/KNLA တို့ စစ်ဖြစ်နေသည့်အချိန်ဖြစ်သည်။

[233] မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ထိုသို့ရွှေ့ပြောင်းနေထိုင်မှုများနှင့် ပတ်သက်သည့် အလေ့အထများကို သိရန် South & Jolliffe (2015), p. 18, pp. 27-28 ကိုကြည့်ပါ။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များနှင့် ၂၀၁၁ မှထပ်မံစတင်လာသည့် ကချင်ပြည်နယ်မှ ရွှေ့ပြောင်းမှု အလေ့အထများကို သိရန် Jolliffe & South (2014) ကိုကြည့်ပါ။

[234] Jolliffe (2014), p. 17, p. 33.

သဘောတူခဲ့သည့်နယ်မြေများကို အပစ်အခတ်ရပ်စဲရေးနယ်မြေများ သို့မဟုတ် အပစ်အခတ်ရပ်ထားသည့် ဒေသများ အဖြစ်သာ သုံးနှုန်းသည်။ ယင်းနယ်မြေအချို့မှ လက်နက်ကိုင်အုပ်စုများ၏ အာဏာမှာ တဖြည်းဖြည်းပျောက်ကွယ်သွားမှုများ ရှိသော်လည်း အချို့ဒေသများရှိ လက်နက်ကိုင်ဖွဲ့များမှာမူ ၄င်းတို့၏အာဏာကို လက်နက်ကိုင်ဆောင်ထားဆဲ အနေအထားဖြင့် ဆက်လက်ထိန်းချုပ်ထားနိုင်ဆဲဖြစ်သည်။ သို့သော်လည်း ထိုအဖွဲ့များကို နိုင်ငံရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍများတွင် တရားဝင်နေရာပေးခြင်းမရှိပါ။ KIO နှင့် ချုပ်ဆိုခဲ့သော[235] သဘောတူညီချက်မှလွဲ၍ ထိုကဲ့သို့ခွင့်ပြုခဲ့သော နယ်မြေများကို စာဖြင့်ရေးသား အသိအမှတ်ပြုခဲ့ခြင်း မရှိပါ။ အကောင်အထည်ဖော်မှုအပိုင်းတွင်လည်း ခြားနားမှုများရှိသည်။ အချို့နေရာများတွင် နယ်နိမိတ်စည်းများ အတိအကျချမှတ်ထားပြီး သဘောတူချက်မရပဲ ဝင်ရောက်ခွင့်မရှိသည့် နေရာများရှိသကဲ့သို့ လက်နက်ကိုင်အဖွဲ့ကိုလှုပ်ရှားရန်ခွင့်ပြုသောလည်း နိုင်ငံတော်က ဝင်ရောက်ခြင်းကို မထိန်းချုပ်ထားနိုင်သည့် နေရာများလည်းရှိသည်။

ဒုတိယ အမျိုးအစားမှာ ၂၀၁၁ နောက်ပိုင်း လက်မှတ်ထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအရ ပေါ်လာသည့်နယ်မြေများဖြစ်သည် (အပိုင်း ၂.၇၊ ဇယား ၄ ကိုကြည့်ပါ)။ ၂၀၁၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်များမှာမူ တရားဝင် စာရွက်စာတမ်းဖြင့် လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များဖြစ်သည်။ အဖွဲ့အတော်များများမှာအစိုးရနှင့် ပြည်နယ် အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များ ရှိကြသည်။ စင်ပြိုင် အုပ်ချုပ်ရေး သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက နယ်မြေများကို အုပ်ချုပ်ရန် အတွက် တရားဝင်ပြဌာန်းပေးခြင်းမရှိပါ။[236]

မည်သို့ဆိုစေကာမူ သဘောတူညီချက်အသစ်များကြောင့် လှုပ်ရှားနယ်မြေများ အသိအမှတ်ပြု ခံရလာသည်။ ၄င်းနယ်မြေများကို လူကိုယ်တိုင် အသေးစိတ်ဖော်ပြမှုများရှိသော်လည်း စာရွက်စာတမ်းများတွင်မူ ‘သဘောတူထားသည့်နယ်မြေများ’ သို့မဟုတ် အလားတူအသုံးအနှုန်းများဖြင့် ရေးသားသုံးနှုန်းကြသည်။[237] လက်တွေ့တွင် ထိုအသိအမှတ်ပြုခံရသည့် နယ်မြေများတွင် လက်နက်ကိုင်အဖွဲ့များသည် ဩဇာအရှိဆုံးအာဏာပိုင်များ ဖြစ်လာပြီး နိုင်ငံတော်နှင့်အားပြိုင်ရမှုများ လျော့နည်းသွားသည်။ နယ်မြေအတွင်းနှစ်ဖက်ပူးပေါင်းပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားကိစ္စရပ်များအတွက် ပူးပေါင်းအကောင်အထည်ဖော်ကြသည်များလည်း ရှိသည်။ တစ်ချိန်တည်းတွင် လက်မှတ်ရေးထိုး သဘောတူညီချက်အများအပြားတွင် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားရန် ကတိပြုချက်များလည်း ပါရှိသဖြင့် လက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတကာမှအထောက်အပံ့ ပေးလာမှုများကို နိုင်ငံတော်၏ ဟန့်တားမှု တစ်စုံတစ်ရာမရှိပဲ လက်တွဲအကောင် အထည်ဖော်နိုင်လာသည်။

ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် ၄င်း၏မဟာမိတ် မိုင်းလားအဖွဲ့ဟု လူသိများသည့် မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (National Democratic Alliance Army - NDAA) တို့နှင့် ထိုးခဲ့သည့် သဘောတူစာချုပ်အသစ်များတွင် ၁၉၈၉ ခုနှစ်များအတွင်း ၄င်းတို့အပစ်အခတ်လက်မှတ်ထိုးခဲ့စဉ်က သဘောတူခဲ့သည့် အထူးဒေသများကို အသိအမှတ်ပြုရန် အတိအလင်း ထည့်သွင်းရေးသားခဲ့သည်။ ထိုသဘောတူညီချက်အသစ်များတွင် အထူးဒေသကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ နယ်မြေသတ်မှတ်ခြင်းများ မပြုလုပ်ခဲ့သော်လည်း အသိအမှတ်ပြုမှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းမှာ အထင်းသား ပေါ်လွင်နေသည်။

အထက်ပါနယ်မြေများ ပို၍တရားဝင်သော အနေအထား တစ်ရပ်သို့ရောက်ရှိလာနိုင်ရန်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် အကောင်အထည်ဖော်မှုပေါ်တွင် မူတည်နေသည်။ ယင်းကဏ္ဍကို အပိုင်း ၉ တွင်တင်ပြထားပါသည်။

## ၄.၃ ပူးပေါင်းရယူခြင်း (နိုင်ငံတော်မှ ကျောထောက်နောက်ခံပေးထားသော ပြည်သူ့စစ်များ)

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း နိုင်ငံတော်နှင့် ဆက်ဆံရေးအထူးကောင်းခဲ့သည့်လက်နက်ကိုင်အဖွဲ့ အချို့၏ နယ်မြေ စိုးမိုးမှုမှာ အစိုးရနှင့် ပိုမိုပွင့်လင်းစွာပူးပေါင်းပြီး ရရှိလာခြင်းဖြစ်သည်။ တစ်ချိန်တည်းတွင် ယင်းအဖွဲ့များသည် ၄င်းတို့ဒေသအတွင်းသို့ နိုင်ငံတော်ကိုနေရာပေးဝင်ရောက်စေပြီး အစိုးရ၏ လုံခြုံရေးကို ခိုင်မာစေကာ အစိုးရအစီအစဉ်များနှင့် ဖွဲ့စည်းပုံများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းလုပ်ဆောင်သည်များလည်းရှိသည်။ ထိုကဲ့သို့သော အဖွဲ့များတွင် ပြည်သူ့စစ်အမျိုးမျိုးနှင့်

[235] KIO နှင့် ၁၉၉၄ တွင်ချုပ်ဆိုခဲ့သော သဘောတူညီမှုသာလျှင် ထိုအချိန်က တစ်ခုတည်းသော လက်မှတ်ရေးထိုး မှတ်တမ်းတင်ခဲ့သော အပစ်အခတ်ရပ်စဲရေးဖြစ်သည်။ အခြားသဘောတူညီမှုများကိုမူ နားလည်မှုဖြင့်သာ သတ်မှတ်ခဲ့သည်။ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတကာစောင့်ကြည့်သူများကို ပြုလုပ်ခဲ့သော အင်တာဗျူးများမှ)

[236] ၂၀၁၂ ဇန်နဝါရီတွင် အစိုးရနှင့် RCSS သဘောတူညီချက်မှာ ချွင်းချက်ဖြစ်သည်။ မြို့နယ်ခွဲ နှစ်ခုကို RCSS ထိန်းချုပ်မှု အောက်တွင်တရားဝင် ခွင့်ပြုထားခဲ့သည်။ သို့သော်လည်း ထိုဒေသများတွင် ၂၀၁၅ ခုနှစ်ထိ တိုက်ပွဲများ ရှိနေခြင်းကြောင့် သဘောတူညီချက်များမှာ အသက်မဝင်သေးပဲဖြစ်နေသည်။ အပိုင်း ၆ တွင်ဆွေးနွေးထားပါသည်။

[237] ဦးသိန်းစိန်အစိုးရနှင့် RCSS ကြားပြည်ထောင်စုအဆင့် ပထမဆုံးအကြိမ်တွေ့ဆုံမှုတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည့် အချက် ၈ ချက်ပါ သဘောတူညီချက် (အင်္ဂလိပ်ဘာသာပြန်) မှ ရယူထားခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်သည် မွန်ပြည်သစ်ပါတီ၊ ပအိုဝ်းမျိုးသားလွတ်မြောက်ရေးအစည်းအရုံး၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (ကပ်ပလန်)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော်နှင့်အခြားရရှိခဲ့သည့် သဘောတူညီ ချက်များနှင့် ခပ်ဆင်ဆင်ဖြစ်သည်။

နယ်ခြားစောင့်တပ်များ ပါဝင်သည်။ အချို့သောအဖွဲ့သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နိုင်ငံရေးကိစ္စရပ်များတွင် ပါဝင်လာကြပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများတွင် နေရာတစ်ခုရလာကြသည်။ ယခုအပိုင်းတွင် ထိုသို့နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်သွားသော အဖွဲ့များနှင့် ဆက်စပ်နေသော လက်နက်ကိုင်အဖွဲ့များ၏ မည်သို့ အာဏာဆက်လက်ကျင့်သုံး၊ ထိန်းချုပ်ပုံများကို ဖော်ပြထားပါသည်။

တရားဝင်အနေဖြင့် ဆိုရလျှင် ယင်းအဖွဲ့များသည် ၎င်းတို့နယ်မြေများတွင် လုံခြုံရေးကိစ္စတခုတည်းအတွက်သာ တာဝန်ပေးထားခြင်းခံရသော်လည်း စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် ခွင့်ပြုထားမှုများလည်းရှိနိုင်သည်။ သို့သော်လည်း လက်တွေ့တွင်မူ ဒေသအုပ်ချုပ်ရေးနှင့် စီမံရေးရာများတွင် တစ်ခါတစ်ရံ အစိုးရနှင့် ပူးပေါင်းပြီး အဓိကနေရာမှ ပါဝင်ကြသည်။

၂၀၁၁ ခုနှစ်မှစတင်ကာ ပြည်သူ့စစ်အမျိုးမျိုးပေါ်ပေါက်လာသည်။ အချို့ကို တရားဝင်မှုပိုမိုခိုင်မာသည့် ဌာနေပြည်သူ့စစ်များအဖြစ် အသွင်ပြောင်းလိုက်ပြီး အဓိကမြို့များတွင် ဆက်ဆံရေးရုံးများ၊ စီးပွားရေးရုံးများ ဖွင့်လှစ်ထားကြသည်။ အဓိကကျသော မြို့များနှင့် ကျေးရွာအုပ်စုများတွင်လည်း စစ်ဘက်ရာထူးများ ယူလာကြသည်။ ခွဲထွက်အဖွဲ့များ၊ ပြည်သူ့စစ်များစသည့် အခြားအဖွဲ့များသည် ကျေးရွာအုပ်စုအများအပြားတွင် လှုပ်ရှားလျက်ရှိသော်လည်း အရှေ့တွင်ဖော်ပြခဲ့သောအဖွဲ့များကဲ့သို့ ခိုင်မာသည့်အနေအထားတစ်ခု မရကြပေ။ အချို့အဖွဲ့များတွင်မူ သောင်းကျန်းသူနှိမ်နင်းရေး အတွက်လက်နက်တပ်ဆင်ပြီး နေရာပေးထားသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း နှင့် ရှမ်းပြည်နယ်တွင် အခြားနေရာများ၌ ခွဲထွက်အဖွဲ့များကို အစိုးရထောက်ပံ့ပေးသည့် "ငြိမ်းချမ်းရေးအဖွဲ့များ"[238]ဟု ခေါ်သော ပြည်သူ့စစ်များဖွဲ့စည်းထားသည်။

သောင်းကျန်းသူနှိမ်နင်းရေး ခေါင်းစဉ်ဖြင့် တပ်မတော်က စစ်သင်တန်းများပေး၊ လက်နက်များတပ်ဆင် ပေးထားသည့် ပြည်သူ့စစ်ပုံသဏ္ဍာန်စုံကို ကျေးရွာအဆင့်တွင် တွေ့ရှိနိုင်သည်။ သောင်းကျန်းသူနှိမ်နင်းရေးအတွက် အသုံးချခြင်း မရှိသော်လည်း လက်နက်ကိုင်များ အာဏာသက်ရောက်သည့် နယ်မြေများအတွင်း အစိုးရမှထိန်းချုပ်သော အစုအဖွဲ့တစ်ခုအနေဖြင့် ကျေးရွာအဆင့်ပြည်သူ့စစ်များကို ဖွဲ့စည်းထားလေ့ ရှိသည်။ ပြည်သူများကို လက်နက်ကိုင်အဖွဲ့ များနှင့်အဆက်အသွယ်ဖြတ်ပြီး တပ်မတော်အတွက် ထောက်လှမ်းရေးသတင်းများစုဆောင်းပေးရသည်။ အပြန်အလှန်အားဖြင့် ဒေသတွင်းပေါ်ပေါက်လာ သည့် စီးပွားရေးအခွင့်အလမ်းများကိုချထားပေးသည်။ "ဖြတ်လေးဖြတ်" ကာလများအတွင်းကလည်း လက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်ခြင်းမရှိပဲ တပ်မတော်နှင့် ပူးပေါင်းသည့် ကျေးရွာခေါင်းဆောင်များကို "အနက်ရောင်နယ်မြေ"၊ "အညိုရောင်နယ်မြေ" များတွင် ပြန်လည်အခြေစိုက် ခွင့်ပြုခဲ့သည်။[239]

ပြည်သူ့စစ်များ ထိန်းချုပ်ထားသည့် ဒေသများတွင် အုပ်ချုပ်ရေးဆိုင်ရာအခင်းအကျင်း ကွာခြားမှုအလွန်များပြီး အချို့သာ ဥပမာများကို လာမည့်အပိုင်းများတွင် တင်ပြထားသည်။ ခြုံပြောရလျှင် အစိုးရဝန်ထမ်းများ - စစ်ဘက်ဆိုင်ရာဖြစ်စေ၊ အရပ်ဘက်ဆိုင်ရာဖြစ်စေ - သည် ထိုနယ်မြေများသို့ အတားအဆီးမရှိ ဝင်ထွက်သွားလာနိုင်သည်။ သို့သော် နယ်စွန်နယ်ဖျား ကျလွန်းပြီး ပဋိပက္ခများနှင့် မငြိမ်မသက် ဖြစ်နေဆဲဒေသများတွင်မူ ဒေသတည်ငြိမ်ရေးအတွက် တပ်မတော်က အဓိကတာဝန်ယူသည့်အပြင် ထိုဒေသများရှိ ပြည်သူ့စစ်များကို လုပ်ပိုင်ခွင့်အနည်းငယ်ပေးထားသဖြင့် နည်းဗျူဟာအရလည်း အကျိုးရလဒ်များရှိသည်။ အချို့သော ဒေသများ၊ အထူးသဖြင့် မြေပြန့်ဒေသပိုင်းနှင့် မြို့များတွင် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများအတွက် တပ်မတော်နှင့် ဒေသတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များ ပူးပေါင်းဆောင်ရွက်သည်။ ထို့အပြင် အစိုးရ၏လုပ်ငန်းများဖြစ်သော အခွန်ကောက်ခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ မြေယာမှတ်ပုံတင်ခြင်းနှင့် အခြားကိစ္စရပ်များကိုလည်း ဆောင်ရွက်ကြသည်။ နိုင်ငံတော်မှ ကျောထောက်နောက်ခံပေးထားသော အဖွဲ့ကြီးများအနေဖြင့် အုပ်ချုပ်ရေးနှင့် ပြည်သူ့စစ်အဖွဲ့အစည်းအတွင်းမှ စစ်ရေးနှင့် မဆိုင်သည့်ဌာနများကိုပါ ဖွင့်လှစ်ထိန်းထားနိုင်ကြသည်။

တပ်မတော်မှ အရာရှိများက ခေါင်းဆောင်နေရာ မှလွဲပြီးရာထူးနေရာ အတော်များများ ယူထားသည့် နယ်ခြားစောင့်တပ်များသည် ဌာနေပြည်သူ့စစ်များလောက် အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်မရရှိကြပါ။ သို့သော်လည်း နယ်မြေအုပ်စိုးခဲ့ဖူးသည့် လက်နက်ကိုင်တပ်၊ အပစ်အခတ်ရပ်စဲရေးနယ်မြေများ ရှိခဲ့ဖူးသည့် တပ်များ ဖြစ်သောကြောင့် ဒေသခံရပ်ရွာများနှင့် ဆက်ဆံရေးတည်ဆောက်ထားနိုင်ပြီး အုပ်ချုပ်ရေးပိုင်းကို လည်းဆောင်ရွက်နိုင်သဖြင့် ပြည်သူများကို စုစည်းရန် သို့မဟုတ် စည်းရုံးရန်လိုအပ်သည့် အခါတွင် အစိုးရက ၎င်းတို့ကိုအသုံးချသည်။ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းရာတွင် အဓိကကျသော ဒေသခံတပ်မှူးများအနေဖြင့် ၎င်းတို့ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုတွင် အာဏာရှိသူအဖြစ် ဆက်လက် ရပ်တည်ပြီး ဥပဒေအရ သတ်မှတ်ထားခြင်းမရှိသည့်တိုင် ၎င်း၏ ဦးဆောင်မှုအာဏာက သက်ရောက် နေဆဲဖြစ်သည်။

---

[238] *ငြိမ်းချမ်းရေးအဖွဲ့များ* ဟု ခေါ်လေ့ရှိသည်။

[239] အချို့သောအသေးစိတ် အချက်အလက်များကို စာတမ်းရှင်ကိုယ်တိုင် စုစည်းခြင်းဖြစ်သည်။ ပြည်သူ့စစ်များနှင့် ပတ်သက်ပြီး အချက်အလက်များ ပိုမိုလေ့လာလိုလျှင် Selth (2001), p. 78, pp. 81-82, p.281; Maung Aung Myoe (2009), pp.30-31, p. 33, p. 35 ကိုကြည့်ပါ။

## ၄.၄ သုံးသပ်ချက်များ

ဒေသအုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး မည်သည့်တိုင်းရင်းသားအဖွဲ့အစည်းကိုမျှ တရားဝင်တာဝန်ပေးထားခြင်း၊ ခွင့်ပြုထားခြင်း မရှိသကဲ့သို့ လက်နက်ကိုင်တိုက်ပွဲများတွင် အနိုင်ရသဖြင့်အုပ်ချုပ်နေခြင်းလည်း မဟုတ်ပါ။ အများစုမှာ အပစ်အခတ်ရပ်စဲရေး သဘောတူထားကြပြီး ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်အမျိုးမျိုးရှိကြသည်။ အချို့အဖွဲ့များမှာမူ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းမှုများ၊ အလွန်ရင်းနှီးစွာ ဆက်ဆံမှုများရှိသည်။ နယ်မြေ အနည်းအကျဉ်းတွင်သာ နယ်နိမိတ် အတိအကျသတ်မှတ်နိုင်သည်။ စစ်ရေးဖြင့်ထိန်းချုပ်ခြင်းမရှိသည့်နယ်မြေများတွင်ပင် နယ်မြေများ၌ပင် လူထုကို လွှမ်းမိုးထားနိုင်သည်။

ရှင်းရှင်းလင်းလင်းသတ်မှတ်မထားသည့် နယ်မြေဆိုင်ရာ စီစဉ်မှုများက ရပ်ရွာကို ဝန်ပိစေသည်သာမက ပဋိပက္ခအသစ်များ ဖြစ်ပွားရန်လည်း အလွန်လွယ်ကူစေသည်။ အုပ်ချုပ်ရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး နှင့် အခြားပြုပြင်ပြောင်းလဲမှုများ လည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံတကာအဖွဲ့များအနေဖြင့်လည်း နယ်မြေတစ်ခုတွင် တည်ငြိမ်သည့် ဆက်ဆံရေး၊ ပံ့ပိုးမှုဝင်ထွက်မှုများ မရနိုင်ဘဲဖြစ်နေသကဲ့သို့ မည်သူက တရားဝင်အာဏာပိုင်ဖြစ်သည်ကို ဆုံးဖြတ်ရာတွင်လည်း အခက်အခဲများ ရှိနေသည်။ ၎င်းမှာ ရေရှည်သဘောဆောင်သော အသွင်ကူးပြောင်းရေး လုပ်ငန်းများပံ့ပိုးမည့် အဖွဲ့အစည်းများ အတွက် အခက်အခဲတစ်ရပ်ဖြစ်သည်။

## မြေပုံ ၃ - မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## အပိုင်း ၅ - မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒေသန္တရ အုပ်ချုပ်ရေး

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနယ်မြေများကို စိုးမိုးထားသည့် အဓိကလက်နက်ကိုင်အဖွဲ့များမှာ မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA)[240]၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ကရင်၊ကရင်နီ လက်နက်ကိုင်တပ်များမှ နယ်ခြားစောင့်တပ်ရင်း အဖြစ်ပြောင်းလဲသွားသည့် ၁၆ ဖွဲ့တို့ဖြစ်သည်။[241] ယင်းအဖွဲ့များမှ ခွဲထွက်ပြီး အစိုးရပံ့ပိုးမှုနှင့် ဖွဲ့စည်းထားသည့် "ငြိမ်းချမ်းရေးအဖွဲ့များ"ဟု[242] ခေါ်သည့် အများအပြားလည်းရှိသည်။ ယင်းတို့အနက်မှ သံတောင် ငြိမ်းချမ်းရေးအဖွဲ့သည် ဌာနေပြည်သူ့စစ် အဖြစ်အသွင်ပြောင်းခဲ့သည်။

အစိုးရသည် KNU၊ DKBA၊ KNPP တို့နှင့် ၂၀၁၁၊ ၂၀၁၂ ခုနှစ်များတွင် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ခြင်းကြောင့် ယင်းဒေသများတွင် အုပ်ချုပ်မှုပုံစံအပြောင်းအလဲ များ မြန်ဆန်စွာဖြစ်ပေါ်လျက်ရှိနေသည်။ ယခုအပိုင်းတွင် KNU နှင့် NMSP တို့၏ အုပ်ချုပ်ရေးစနစ်များ အကြောင်းခြုံငုံသုံးသပ်မှုများကိုတင်ပြထားသည်။ ကရင်နယ်မြေအတွင်း ဖြစ်ပေါ်နေသည့် အပြောင်းအလဲများအကြောင်းကို အထူးတလည်တင်ပြထားသည်။ အဖွဲ့နှစ်ဖွဲ့၏ ဆက်ဆံရေးတိုးတက်လာသည်နှင့်အမျှ DKBA ထိန်းချုပ် နယ်မြေများသို့ KNU အုပ်ချုပ်မှုစနစ် တဖန်ပြန်လည်ဝင်ရောက်လာပုံကိုလည်း ဖော်ပြထားသည်။ အချို့ကရင်နယ်မြေများသို့ အစိုးရအုပ်ချုပ်ရေးစနစ် ဝင်ရောက်နေရာယူလာပုံ၊ စစ်ဘေးရှောင်နေသူများ နေရပ်ပြန်လာခြင်း သို့မဟုတ် ဒေသအတွင်းရှိ အခြားနေရာများတွင် ပြန်လည်အခြေချခြင်းတို့နှင့်အညီ ပြုပြင်ပြောင်းလဲမှုများပြုလုပ်နေသည့် သို့မဟုတ် ပြန်လည်ထူထောင်နေသည့် KNU စနစ်အကြောင်း ကိုလည်း တင်ပြထားသည်။

KNPP ၏ အခြေအနေ၊ နယ်မြေအတွင်း နယ်ခြားစောင့်တပ်များ ဖြန့်ကျက်ပုံနှင့် နိုင်ငံတော်ပံ့ပိုးမှု ဖြင့်ရပ်တည်နေသော ပြည်သူ့စစ်များအကြောင်းကိုလည်း တင်ပြထားပါသည်။

### ၅.၁ ကရင်နယ်မြေ

ကရင်လက်နက်ကိုင်အုပ်စုများတွင် KNU နှင့် ခွဲထွက်အဖွဲ့အများအပြားပါဝင်ပြီး တနင်္သာရီ၊ မွန်၊ ကရင် နှင့် ပဲခူး နယ်မြေများတွင် လှုပ်ရှားကြသည်။ ဇယား ၈ တွင် လူသိများသည့် အဖွဲ့များအကြောင်း တင်ပြထားပါသည်။

**ဇယား ၆ - ကရင်ဒေသမှ အဓိက တိုင်းရင်းသားလက်နက်ကိုင်များ**

| အဖွဲ့ (အခြေအနေ) | နယ်မြေအမျိုးအစား | အမာခံနယ်မြေများ (အခြေခံနယ်မြေများ) | လှုပ်ရှားနယ်မြေ | အုပ်ချုပ်ရေးစနစ်နှင့် ပတ်သက်သော မှတ်ချက် |
|---|---|---|---|---|
| **ကရင်အမျိုးသားအစည်းအရုံး (၂၀၁၂ ခုနှစ်တွင် အပစ်အခတ် ရပ်စဲခဲ့သည်။)** | "ညှိနှိုင်းရယူခြင်း" အပစ်အခတ်ရပ်စဲရေး နယ်မြေသစ်များ (နယ်နိမိတ် သတ်မှတ်ထားခြင်းမရှိ) | ကရင်ပြည်နယ်ရှိ ဖာပွန်မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်အရှေ့ပိုင်း၊ နှင့် ကျောက်ကြီးနှင့် ရွှေကျင်မြို့နယ်များ အရှေ့ပိုင်း၊ ပဲခူးအရှေ့ပိုင်း | ကရင်ပြည်နယ်ရှိ ဖာပွန်မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်အရှေ့ပိုင်း၊ နှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းရှိ ကျောက်ကြီး အရှေ့ပိုင်းနှင့် ရွှေကျင် မြို့နယ်များ | ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးများ (အရှေ့ပိုင်း) အတွင်းရှိ တောင်ထူထပ်သော နေရာများ |
| **ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသား တပ်မတော် (၂၀၁၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲခဲ့သည်။)** | "ညှိနှိုင်းရယူခြင်း" အပစ်အခတ်ရပ်စဲရေး နယ်မြေသစ်များ (နယ်နိမိတ် သတ်မှတ်ထားခြင်းမရှိ) | ကရင်ပြည်နယ်ရှိ မြဝတီမြို့နယ် အရှေ့ပိုင်း၊ ကြာအင်းဆိပ်ကြီး မြို့နယ် | ကရင်ပြည်နယ်ရှိ မြဝတီမြို့နယ် အရှေ့ပိုင်း၊ ကြာအင်းဆိပ်ကြီး မြို့နယ် | ကရင်ပြည်နယ်ရှိ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဖာပွန်၊ ဖားအံ မြို့နယ်များနှင့် မွန်ပြည်နယ်ရှိ ကျိုက်မရောမြို့နယ် |
| **ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲခဲ့သည်။)** | ညှိနှိုင်းရယူခြင်း အပစ်အခတ်ရပ်စဲရေးနယ်မြေ (နယ်နိမိတ် ရှင်းလင်းစွာ သတ်မှတ်ထားသည်။) | ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် | - | သတ်မှတ်ထားသည့် နေရာတွင် စနစ်တကျ ထူထောင်ထားသည် (သုတေသန မပြုလုပ်ရသေး) |

[240] အခြားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖော်ပြရာတွင် ၎င်းတို့၏ နိုင်ငံရေးပါတီ အမည်များဖြင့် ဖော်ပြလေ့ရှိ သော်လည်း DKBA ကိုတော့ စစ်တပ်အမည်ဖြင့်သာ သုံးနှုန်းပါသည်။ ၎င်း၏ နိုင်ငံရေးပါတီဖြစ်သော ကလိုထူးဘော ကရင် အစည်းအရုံး the Klohtoobaw Karen organisation (KKO) သည် အတွင်းရေးမှူး ၅ ဦးဖြင့်ဖွဲ့စည်းထားသည့် အဖွဲ့ငယ် ဖြစ်ပြီး အဖွဲ့အစည်း၏ နေ့စဉ်ကိစ္စရပ်များတွင် ပါဝင်မှုမှာ အနည်းငယ်သာရှိသည်။ ထို့ကြောင့်ပင် ဒေသခံများ၊ အခြားသော လေ့လာသူများက DKBA ဟုသာ သုံးနှုန်းကြသည်။ KKO ဖွဲ့စည်းခြင်းမပြုမီ ၂၀၁၂ ခုနှစ်အထိ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် (DKBA) ဟု သုံးသည်။

[241] အရှေ့တောင်ဟု ဆိုရာတွင် ရှမ်းပြည်တောင်ပိုင်း မပါဝင်ပါ။ တနင်္သာရီ၊ မွန်၊ ကရင် နှင့် ပဲခူး အရှေ့ခြမ်းတို့ကို ဆိုလိုခြင်းဖြစ်သည်။

[242] မြန်မာဘာသာဖြင့် ငြိမ်းချမ်းရေးအဖွဲ့ဟု သုံးသည်။

| | | | | |
|---|---|---|---|---|
| **အမှတ် ၁၀၁၁ - ၁၀၂၃ နယ်ခြားစောင့်တပ်များ** | "ပူးပေါင်းရယူခြင်း" *De Facto* သက်ရောက်သည့်နယ်မြေ | ကရင်ပြည်နယ်ရှိ လှိုင်းဘွဲ့၊ ဖာပွန်၊ ကော့ကရိတ်၊ မြဝတီ၊ ဖားအံနှင့် ကြာအင်းဆိပ်ကြီး မြို့နယ်များ (ဇယား ၂ တွင် အသေးစိတ် ဖော်ပြခဲ့သည်။) | - | တရားဝင် အုပ်ချုပ်ရေးစနစ်မရှိ။ အချို့ကျေးရွာအုပ်စုများတွင် *De facto* အာဏာ သက်ရောက်မှု ရှိသည်။ |

**ဇယား ၇ - အရှေ့တောင်ပိုင်းတွင် လူသိများသည့် ပြည်သူ့စစ်များ**

| **အမည်** | **နေရာဒေသ** |
|---|---|
| သံတောင်ငြိမ်းချမ်းရေးအဖွဲ့ ဌာနေပြည်သူ့စစ် | ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်းရှိ လိပ်သိုဒေသ |
| ဖဒိုအောင်ဆန်းအဖွဲ့ | ဘုရားကုန်း၊ ဖားအံမြို့နယ်၊ ကရင်ပြည်နယ် |
| ကရင်ငြိမ်းချမ်းရေးအဖွဲ့ (ပြည်သူ့စစ်အဖွဲ့) | ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များရှိ ဒေသအချို့၊ ကရင်ပြည်နယ် |
| *အေးချမ်းရေးအဖွဲ့*[243] | ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်းရှိ လိပ်သိုဒေသ၏ အနောက်မြောက်ပိုင်း |

### ၅.၁.၁ ကရင်အမျိုးသားအစည်းအရုံး အုပ်ချုပ်ရေးစနစ်

KNU စနစ်အရ တနင်္သာရီနှင့် မွန်ပြည်နယ်ဒေသအချို့၊ ကရင်ပြည်နယ် တစ်ခုလုံးနှင့် ပဲခူးအရှေ့ခြမ်း[244] ရှိနယ်မြေများကို ခရိုင် ၇ ခုခွဲခြားသတ်မှတ်ထားသည်။ ခရိုင်များတွင် အုပ်ချုပ်ရေးမြို့နယ် ၂၈ ခု ပါဝင်ပြီး မြို့နယ်တိုင်းကို ကျေးရွာအုပ်စုများဖြင့် ဖွဲ့စည်းထားသည်။ ကျေးရွာအုပ်စုတစ်စုတွင် ကျေးရွာ ၂၀ ဝန်းကျင်ခန့်ရှိသည်။ မြေပုံ ၄ နှင့် ၅ တွင် KNU ၏ အုပ်ချုပ်ရေး ခရိုင်နှင့် မြို့နယ်များအကြောင်း အသေးစိတ်ကို ဖော်ပြထားသည်။

KNU အနေဖြင့် ထိုနေရာများကို အပြည့်အဝထိန်းချုပ်နိုင်ခြင်း မရှိတော့သော်လည်း တောင်တန်းများ ပေါ်တွင် အသာစီး ရနေဆဲဖြစ်သည်။ အထူးသဖြင့် ကရင်ပြည်နယ်မြောက်ပိုင်း၊ ပဲခူးအရှေ့ပိုင်း နှင့် ထိုင်းနယ်စပ် တလျောက်တွင် ဖြစ်သည်။

ခရိုင် ၇ ခုရှိ မြို့များ၊ လမ်းများ (အစိုးရထိန်းချုပ်နေရာများနှင့် ဝေးကွာသည့်နေရာများ) နှင့် ဝေးသည့် ကရင်ရပ်ရွာများတွင် KNU၏ အုပ်ချုပ်ရေးသည် အရေးပါသည်။ ၄င်းတို့ တပ်များနေရာယူနိုင်ခြင်း မရှိတော့သည့် အဖျားအနားဒေသများတွင်ပင် ဒေသခံများက အဖွဲ့အစည်းအရေးအရာများတွင် ဆက်လက် ပါဝင်ကြသည်။ ယင်းရပ်ရွာများသည် KNU မှ အထောက်အပံ့များဆက်လက်ရရှိ ကြပြီး အထူးသဖြင့် အခြေခံ လူမှုဝန်ဆောင်မှု များကို ပံ့ပိုးပေးခြင်း ခံရသည်။[245]

အဖွဲ့အစည်း၏ ဦးဆောင်စနစ်သည် တစ်ပါတီစနစ်ကျင့်သုံးသည့်နိုင်ငံများနှင့် ခပ်ဆင်ဆင်ဖြစ်သည်။ ကျေးရွာအုပ်စုများမှ အထက်သို့ အဆင့်ဆင့်ရွေးချယ်သည်။[246] ၎င်း၏ အရပ်ဖက်ကဏ္ဍတွင် တပ်ကအလိုအလျောက် နေရာရထားပြီး အရပ်ဖက်ဆိုင်ရာကဏ္ဍမှ အဓိကမူဝါဒချမှတ်ခြင်း ကိုပြုလုပ်သည်။ အုပ်ချုပ်ရေး ကိုလည်း တာဝန်ယူသည်။ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် များတွင် 'ညီလာခံ' (Congresses) များကို နှစ် နှစ်တစ်ကြိမ်ပြုလုပ်သည်။ မြို့နယ်အဆင့် 'ညီလာခံ'များသို့ ကျေးရွာအုပ်စုတစ်စုမှ ကိုယ်စားလှယ် ၄ ဦးမှ ၆ ဦးထိ တက်ရောက်သည်။ ကိုယ်စားလှယ်များကို ကျေးရွာအုပ်စု ခေါင်းဆောင်များက ရွေးချယ်သည်။ ကျေးရွာခေါင်းဆောင်များမှာ ရပ်ရွာအတွင်း KNU ပါဝင်မှု လုံးဝမရှိပဲ ရွေးချယ်ခံရသူများဖြစ်သည်။[247] မြို့နယ်ဥက္ကဋ္ဌများနှင့် အုပ်ချုပ်ရေးကော်မတီများကို 'ညီလာခံ' များတွင်ရွေးချယ်သည်။ ၎င်းတို့သည် ခရိုင်ညီလာခံများသို့ ကိုယ်စားလှယ်များအဖြစ် တက်ရောက်ရသည်။[248]

---

[243] ဦးကိုကြီး ခေါင်းဆောင်သော အဖွဲ့ကို ဆိုလိုသည်။

[244] တောင်ငူ (ကရင်ဘာသာဖြင့် တော်ဦး)၊ ညောင်လေးပင် (ကလာလွယ်ထူး)၊ ဖာပွန် (မူထရော)၊ ဖားအံ၊ သထုံ (ဒိုသထူး)၊ ဒူးပလရ နှင့် မြိတ်-ထားဝယ် တို့ဖြစ်သည်။

[245] KNU မှပေးသော လူမှုဝန်ဆောင်မှုများနှင့် ပတ်သက်သည့် ပိုမိုအသေးစိတ်ကျသော သုံးသပ်ချက်ကို Jolliffe (2014) တွင် ဖော်ပြထားပါသည်။

[246] ယခင်ကလည်း Taw (2005), p.41 and Keenan (2012), p.168 တို့တွင်ဖော်ပြထားသည်။

[247] အိမ်ထောင်စုများ ဆန္ဒလိုက်ပြီး ကျေးရွာခေါင်းဆောင်များ ခန့်အပ်သည်မှာ မြန်မာနိုင်ငံ၏ အခြားသော ဒေသများကဲ့သို့ ပင်ဖြစ်သည်။ ရဲတင်းသည့် ပုဂ္ဂိုလ်တစ်ဦးက ကန့်ကွက်မှုအနည်းငယ်ကိုကျော်ဖြတ်ပြီး ကျေးရွာခေါင်းဆောင်ဖြစ်သည်က များ သည်။ ကျေးရွာခေါင်းဆောင်နေရာ အထူးသဖြင့် မလုံခြုံသည့်ဒေသများတွင် ယင်းနေရာသည် လူကြိုက်များသည့် ရာထူး မဟုတ်ပါ။ စနစ်ကျ ခိုင်မာသည့် စနစ်ဖြင့် ကျေးရွာခေါင်းဆောင်ရွေးချယ်သည့်စနစ်၊ သားစဉ်မြေးဆက် ဆက်ခံသည့် စနစ်များ အစရှိသဖြင့် စနစ်ကွဲများလည်းရှိပါသေးသည်။ အနိုင်ကျင့်သည့် အာဏာပိုင်များနှင့် အခြား ခက်ခဲ မှုများရှိသည့် ဒေသ များတွင် ကျေးရွာခေါင်းဆောင်သက်တမ်းမှာ လ ပိုင်းသာကြာပြီး အလှည့်ဖြင့်ထမ်းဆောင်ကြသည်။

[248] KNU အခြေခံအုပ်ချုပ်ပုံနှင့် ပတ်သက်ပြီးအသေးစိတ်ကို South (2008), pp. 55 တွင်ကြည့်ပါ။

မြေပုံ ၄ - KNU ခရိုင် ခုနစ်ခုအနက်မှ ခြောက်ခု (ကရင်၊ မွန်၊ ပဲခူး (အရှေ့ပိုင်း))




Karen Human Rights Group (KHRG)

မြေပုံ ၅ - KNU မြိတ် - ထားဝယ် ခရိုင် (တနင်္သာရီ)




Karen Human Rights Group (KHRG)

ခရိုင်ညီလာခံများတွင် ခရိုင်ဥက္ကဌနှင့် အုပ်ချုပ်ရေးကော်မတီများကိုရွေးချယ်သည်။ ခရိုင်ဥက္ကဌမှ ရွေးချယ်သည့် အများအားဖြင့် ၆ ဦးပါဝင်သောအဖွဲ့သည် လေးနှစ်တစ်ကြိမ်ကျင်းပသည့် ဗဟိုအဆင့် ညီလာခံသို့တက်ရောက်ကာ အဖွဲ့အစည်းကို ဦးဆောင်မည့် အမြဲတမ်းဗဟိုကော်မတီနှင့် ဗဟိုအလုပ် အမှုဆောင်များကို ရွေးချယ်သည်။

အုပ်ချုပ်ရေးအဆင့်တစ်ခုချင်းစီအတွက် အောက်ခြေမှ အဆင့်ဆင့်ရွေးချယ်လိုက်သည့် ကော်မတီများသည် အဖွဲ့အစည်း၏ ဦးဆောင်မှုအပိုင်း ရွေးချယ်ရေးအတွက်အရေးပါသည်သာမက ဒေသအဆင့်အုပ်ချုပ်ရေး၏ အခြေခံအဖွဲ့များဖြစ်ပြီး အုပ်ချုပ်ရေး အာဏာအတော်အတန် ရှိသည်။ ခရိုင်တိုင်းသည် တပ်မဟာနှင့် အဆင့်တူဖြစ်ပြီး သက်ဆိုင်ရာခရိုင်မှ တပ်မဟာမှူးကို ခရိုင်၏ ဒုတိယဥက္ကဌအဖြစ် အလိုလျောက်ခန့်အပ်သည်။ ၄င်းတွင်လည်း ညီလာခံအဆင့်တိုင်းအတွက် ကိုယ်စားလှယ်များ ခန့်ထားနိုင်ခွင့် ရှိသည်။

ဝန်ကြီးဌာနနှင့် အလားသဏ္ဍာန်တူသောဌာန ၁၄ ခုရှိပြီး ဌာနတာဝန်ခံများသည် အမြဲတမ်းဗဟိုကော်မတီ ဝင်များအဖြစ် အလိုအလျောက်ရွေးချယ်ခံရသူများဖြစ်သည်။ တာဝန်ခံများသည် အထွေထွေအတွင်းရေးမှူး (ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် တတိယ အဆင့်အမြင့်ဆုံး) သို့ အစီရင်ခံရသည်။ ဌာနများမှာ အောက်ပါအတိုင်းဖြစ်သည်။

- စိုက်ပျိုးရေး
- မဟာမိတ်ရေးရာများ
- မွေးမြူရေးနှင့် ငါးလုပ်ငန်း
- ကာကွယ်ရေး
- ပညာရေး
- ဘဏ္ဍာရေးနှင့် အခွန်
- နိုင်ငံခြားရေး
- သစ်တော
- ပြည်ထဲရေးနှင့် ဘာသာရေး
- တရားစီရင်ရေး
- သတ္တုတွင်း
- စည်းရုံးရေးနှင့် ပြန်ကြားရေး
- ကျန်းမာရေးနှင့် လူမှုဖူလုံရေး
- ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး

နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ဘာသာရေးမှ လွဲ၍အခြားဌာနများကို ခရိုင်အဆင့်တွင် ဖွဲ့စည်းထားပြီး အချို့မြို့နယ်များနှင့် ကျေးရွာအုပ်စုအဆင့် ဖွဲ့စည်းထားသည်များလည်းရှိသည်။ ဆောင်ရွက်ချက် အများဆုံးဌာနများမှာ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုဖူလုံရေး၊ စိုက်ပျိုးရေး နှင့် သစ်တောဌာနများဖြစ်သည်။ ယင်းဌာနများသည် နယ်မြေအဆင့်ဆင့်တွင် ဆောင်ရွက်ချက်များ၊ ကိုယ်စားပြုမှု ကြီးကြီးမားမားရှိကြသည်။

သန်းခေါင်းစာရင်းကောက်ခြင်း၊ လူမှုရေးရာ နှင့် မြေယာ အရေးအခင်းများ[249] အပါအဝင် အထွေထွေအုပ်ချုပ်ရေးကိစ္စရပ်များသည့် ဘာသာရေးဌာန အောက်တွင်ရှိသည်။ ယင်းဌာနသည် ဗဟိုအဆင့်တွင်သာရှိသဖြင့် ထိုလုပ်ငန်းများကို ဒေသအဆင့် ကော်မတီများနှင့် ဥက္ကဌများက ဆောင်ရွက်ရသည်။ ကရင်အမျိုးသားရဲတပ်ဖွဲ့သည်လည်း ယင်းဌာနလက်အောက်ခံပင်ဖြစ်ပြီး 'ရာဇဝတ်မှုကာကွယ်ရေးနှင့် ဥပဒေချိုးဖောက်မှုများကာကွယ်ရေး၊ မှူခင်းဖော်ထုတ်စုံစမ်းရေး၊ လွတ်လပ်ခွင့်၊ အသက်အိုးအိမ်စည်းစိမ်နှင့် အရပ်သားအခွင့်အရေးများ ကာကွယ်ရေး၊ ၊ ငြိမ်းချမ်းရေး၊ ပြည်သူ့ဘဝလုံခြုံရေး နှင့် တည်ငြိမ်ရေး[250] တို့ကို တာဝန်ယူရသည်။ စည်းရုံးရေးနှင့် ပြန်ကြားရေး ဌာနသည် အုပ်ချုပ်ရေးအဆင့်တိုင်းတွင်ဖွင့်လှစ်ထားပြီး ဝန်ထမ်းများကို သတင်းစုဆောင်းရန် တာဝန်ပေးသည်။ အထူးသဖြင့် အဖွဲ့အစည်းနှင့်ဆိုင်သည့် သတင်းများဖြစ်ပြီး ရရှိလာသည့် အချက်အလက်များကို ခေါင်းဆောင်ပိုင်း အတွက်ပြင်ဆင်ပေးသည့် လေးလပတ် အစီရင်ခံစာတွင် ထည့်သွင်းသည်။ [251]

နေ့စဉ်ဆောင်ရွက်ရသည့် အုပ်ချုပ်မှုလုပ်ငန်းစဉ်များမှာ နှင့်ပတ်သက်ပြီး အာဏာခွဲဝေမှု အများအပြား ပြုလုပ်ထားသည်။ KNU အဖွဲ့ဝင်များသည် အစိုးရဝန်ထမ်းများကဲ့သို့ လုည့်လည်နေရာချထားပေးခြင်းမရှိသဖြင့် ဆရာတပည့်မွေးခြင်း နယ်မြေအချိတ်အဆက် တည်ဆောက်ခြင်းများ ပြုလုပ်ကြသည်။ သက်ဆိုင်ရာ ဗဟိုအဆင့်ဌာနများ သို့မဟုတ် ဗဟိုကော်မတီ အစည်းအဝေးများ သဘောတူညီချက်ဖြင့် အဓိကကိစ္စရပ်များအတွက် မူဝါဒများရေးဆွဲသည်။ ယင်းတို့ကို အမိန့်ပြန်တမ်းအဖြစ် သော်လည်းကောင်း၊ သင်တန်းဆွေးနွေးပွဲများအဆင့်မှ သော်လည်းကောင်း ခရိုင်အဆင့်များသို့ ဖြန့်ဝေသည်။ လိုအပ်ပါက ဥက္ကဌများ နှင့်၄င်းတို့၏ကော်မတီများ သို့မဟုတ် သက်ဆိုင်ရာ ဌာန များက မြို့နယ် အဆင့်တွင် သင်တန်းများပြုလုပ်ကာ ကျေးရွာအဆင့်၊ ကျေးရွာအုပ်စု အဆင့်တွင် သင်တန်းပို့ချမည့် သို့မဟုတ် လုပ်ငန်းအကောင်အထည်ဖော်မည့်သူကို သင်တန်းပေးသည်။

---

[249] KNU အင်တာနက်စာမျက်နှာ Interior and Religious Department http://www.knuhq.org/about/interior-religious-department/

[250] KNU တရားဝင် အင်တာနက် စာမျက်နှာ Interior and Religious Department'

[251] ၂၀၁၅ အစောပိုင်းတွင် ယင်းဌာနသည် အခြား ကိစ္စရပ်များထက် အစိုးရကျောင်းများအဖြစ် အသွင်ပြောင်းသွားသည့် ကရင်ကျောင်းများ နှင့် ပတ်သက်သည့် သတင်းများကိုစုစည်းခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် မြေသိမ်းခံရသူများ၏ တိုင်တန်းချက်များစုစည်းခြင်းကို အာရုံစိုက်လုပ်ကိုင်ခဲ့သည်။

ဥက္ကဋ္ဌနှင့် ကော်မတီများသည် ၄င်းတို့နယ်မြေများကို ကိုယ်ပိုင်လွတ်လပ်ခွင့်များဖြင့် ချမှတ်ထားသည့်ပေါ်လစီများ အတွင်းမှ အုပ်ချုပ်သည်။ ၄င်းတို့မရှင်းနိုင်သည့် ကိစ္စများ သို့မဟုတ် အဖွဲ့အစည်းကို ထူးထူးခြားခြားသက်ရောက်မည့်ကိစ္စရပ်များအတွက် ၄င်းတို့အထက်ကို တင်ပြသည်။ ထိုကဲ့သို့သော ကိစ္စများတွင် KNU ပြင်ပ အဖွဲ့အစည်းများနှင့်ပတ်သက်သည့်ကိစ္စများ ပါဝင်သည်။ ဥပမာ အစိုးရ၏ လှုပ်ရှားမှုများနှင့် ပတ်သက်ပြီး ကန့်ကွက်ခြင်း သို့မဟုတ် တောင်းဆိုခြင်း သို့မဟုတ် ပြင်ပလုပ်ငန်းရှင်များက အကြီးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြလာသည့်အခါမျိုးတွင် ဖြစ်သည်။

### ၅.၁.၂ ဒီမိုကရေစီ အကျိုးပြုကရင်အမျိုးသား တပ်မတော် နှင့် နယ်ခြားစောင့်တပ် ၁၀၁၁ - ၁၀၂၃

လက်ရှိတွင် DKBA ထိန်းချုပ်သည့် နေရာများတွင် KNU အုပ်ချုပ်ရေးစနစ်ကို ပြန်လည်အသက်သွင်းနေသည်။ KNU ခရိုင် ၃ ခု တလျှောက် အထူးသဖြင့် ကရင်ပြည်နယ် အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ နယ်မြေများဖြစ်သည်။[252] ထိုနယ်မြေများသည် ၂၀၁၀ ခုနှစ်တွင် နယ်ခြားစောင့်တပ်များအဖြစ်ပြောင်းလာသည့် တပ်မတော် ကွပ်ကဲမှုအောက်တွင်ရှိသော DKBA ခွဲထွက်များနှင့် မသက်ဆိုင် သည်ကို သိရှိသတိထားစေချင်ပါသည်။

ယင်းကဲ့သို့ တိုးတက်ဖြစ်ပေါ်မှုများက ဒေသအဆင့်တွင် အကြီးအကျယ်ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် KNU နှင့် DKBA နှစ်ဖွဲ့သည် ၁၉၉၅ မှ ၂၀၁၀ ခုနှစ်အတွင်း အပြင်းအထန် တိုက်ခိုက်နေခဲ့ကြသောကြောင့်ဖြစ်သည်။ DKBA က ထိုနယ်မြေများ၏ လုံခြုံရေးနှင့်ပတ်သက်လာလျှင် အဓိကကျနေဆဲဖြစ်ပြီး အရပ်ဖက်အုပ်ချုပ်ရေးကိုမူ KNU အား ကိုင်တွယ်ခွင့် ပြုထားသည်။ ဒေသမှ ပြည်သူများက KNU ကွန်ဂရက်များတွင် ပြန်လည်ပါဝင်ကြသည်။ သို့သော် DKBA သည် KNU စနစ်တွင် KNLA ကဲ့သို့ ကိုယ်စားပြုခွင့်မရှိပါ။ အဖွဲ့ဝင်ငါးဦးသာပါသည့် DKBA ၏ နိုင်ငံရေးအဖွဲ့ ကလိုထူးဘော ကရင်အစည်းအရုံးက အခြေခံနိုင်ငံရေးမူဝါဒများကို ချသည်။ များသောအားဖြင့် နိုင်ငံရေးကိစ္စများ အားလုံး ကိုင်တွယ်ရန် တရားဝင်ခွင့်ပြုထားသည့် KNU နှင့်ဆက်စပ်နေသည့် ကိစ္စရပ် များအတွက်ဖြစ်သည်။

DKBA နယ်မြေများမှ ကျေးရွာခေါင်းဆောင်များသည် ဒေသခံ တပ်ရင်းများနှင့် ပိုမိုရင်းနှီးကြပြီး ပြဿနာတက်ပါက KNU အရာရှိများထက် ၄င်းတို့ထံသာပို၍ ချဉ်းကပ်ကြသည်။ ထို့ကြောင့် DKBA သည် ဒေသအုပ်ချုပ်ရေး၏ အစိုးရ သို့မဟုတ် အခြားအုပ်စုများနှင့် ပတ်သက်သည့် တိုင်ကြားမှုများ၊ ကြောင့်ကြမှုများကို လက်ခံအကြောင်းကြားပေးခြင်း၊ ဒေသခံများ တောင်းဆိုလာပါက တရားစီရင်ရေးကို ဆောင်ရွက်ပေးခြင်းများကိုဆောင်ရွက်ပေးသည့် အဖွဲ့ငယ်သဘောပိုဆန်ပြီး ရပ်ရွာတွင် စနစ်တကျ အုပ်ချုပ်ရေးယန္တရားများ တည်ထောင်ထားနိုင်ခြင်းမရှိပါ။ DKBA မှ ကျောင်းဆောက်ပေးခြင်း၊ တစ်ခါတစ်ရံ ကျောင်းပြုပြင်စရိတ်အတွက် ငွေကြေးစိုက်ထုတ်ပေးခြင်းများ ရှိသည်။ ယင်းကျောင်းများကို KNU ၏ Karen Education Department (KED) ကရင်ပညာရေးဌာနမှ တာဝန်ယူ လည်ပတ်သည်၊ သို့မဟုတ် ရပ်ရွာမှတာဝန်ယူခြင်းလည်းရှိပြီး အစိုးရမှ သင်ကြားရေးတာဝန်ယူပေးသည်ကတော့ အနည်းအကျဉ်းသာဖြစ်သည်။ ဘုန်းကြီးကျောင်း၊ ဘုရားကျောင်း၊ လမ်းတံတား ကဲ့သို့သော အခြေခံအဆောက်အဦများ ဆောက်လုပ်ပေးသည်။ ဆေးခန်းအချို့လည်း ဖွင့်ထားပေးပြီး စီမံမှုများကို အဖွဲ့အစည်းက ကိုင်တွယ်သည်။

ကရင်နယ်ခြားစောင့်တပ်များမှာ ကရင်ပြည်နယ်အနှံ့အပြားတွင် စစ်ရေးအရဖြန့်ကျက်နေရာယူထားသည်။ (ဇယား ၂ ကိုကြည့်ပါ) တောင်ထူ၊ တောထူ၊ ဖွံ့ဖြိုးမှုနည်းသည့်နေရာများတွင် တပ်မတော်ထက် ထိုးဖောက်မှုကောင်းကောင်းဖြင့် နေရာယူထားနိုင်သဖြင့် ဒေသခံများနှင့် ပိုမိုရင်းနှီးသည့် ဆက်ဆံရေး ရှိသည်။ အချို့သော ကျေးရွာအုပ်စုများတွင် အဓိက အာဏာပိုင်များအဖြစ် ရပ်တည်နေကြသဖြင့် အုပ်ချုပ်ရေး၏ အဓိက တာဝန်ရှိသူများ ဖြစ်နေကြသည်။ စနစ်တကျဖွဲ့စည်းထားသည့် အုပ်ချုပ်ရေး ဌာနမရှိသဖြင့် ၄င်းတို့နှင့် ရပ်ရွာဆက်ဆံရေးသည် အခွန်ကောက်ရန်၊ တွင်းထွက်တူးဖော်မှုများ ပြုလုပ်ရန်၊ အခြေခံဖွံ့ဖြိုးရေး လုပ်ငန်းများပြုလုပ်ပေးရန် နှင့် အများပြည်သူသုံး အဆောက်အဦများ ဆောက်လုပ်ပေးရန်အတွက်သာဖြစ်နေသည်။

---

[252] အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း DKBA သည် KNU မှ ၁၉၉၄ ခုနှစ်တွင် ခွဲထွက်ကာတည်ထောင် ထားသည့် အဖွဲ့ဖြစ်သည်။ တပ်မတော်၏ လက်ဂေခံအင်အားစုအဖြစ် အသုံးချခံရပြီး KNU ၏ လက်နက်ကိုင်တပ်ဖွဲ့ KNLA နှင့် အကြီးအကျယ်တိုက်ခိုက်ခဲ့ကြသည်။ ၂၀၁၀ တွင် အဖွဲ့အချို့ထပ်မံခွဲထွက်သွားပြီး တပ်မှူးအများစုမှာ နယ်ခြားစောင့် တပ်များအဖြစ်ပြောင်းလဲရန် သဘောတူခဲ့ကြသည်။ ကျန်ရစ်ခဲ့သည့်အဖွဲ့ လက်ရှိ DKBA ကတော့ KNU နှင့် ဆက်ဆံရေး ပြန်လည်တည်ဆောက်ခဲ့သည်။ KNU ၏ တရားဝင်မူဝါဒအရ DKBA ရေးရာ ကော်မတီကို အုပ်ချုပ်ရေးအဆင့် တိုင်းတွင် ၂၀၁၀ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီသည် DKBA သည် တပ်မတော်နှင့် ပူးပေါင်းမှုများ ထပ်မံမဖြစ်စေရန်၊ KNU ၏ စည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်များကို နားလည်ရန်၊ လွတ်ငြိမ်းချမ်းသာခွင့်များပေးရန်၊ KNU နှင့် ပူးပေါင်း ဆောင်ရွက်နိုင်အောင် လမ်းစရှာရန် အတွက်ဖြစ်သည်။ KNU မှ ဘက်ပြောင်းစွန့်ခွာသွားသူများဖြစ်သော DKBA များ အနက်မှအချို့မှာ အခြားတပ်ဖွဲ့များနှင့် ပူးပေါင်းလိုက်ပြီး တော်လှန်နေဆဲကျန်ရှိနေသည့်အဖွဲ့က KNU နှင့် မဟာမိတ်ဖွဲ့ပြီး နိုင်ငံရေး ကိစ္စများ၊ အရပ်သားအုပ်ချုပ်ရေးများတွင် ပူးပေါင်းထားသည်။

### ၅.၁.၃ အစိုးရအုပ်ချုပ်ရေးယန္တယားတိုးချဲ့လာခြင်း

၂၀၁၁၊ ၂၀၁၂ အပစ်အခတ်ရပ်စဲရေးများပြုလုပ်ပြီးချိန်မှစတင်ကာ ကရင်လက်နက်ကိုင်များ လွှမ်းမိုးထားသည့် နေရာများသို့ အစိုးရအုပ်ချုပ်ရေးများ တိုးချဲ့လာသည်။ တိုင်းရင်းသား လက်နက်ကိုင်များ ထိန်းချုပ်ထားသည့် နယ်မြေများ ပိုင်းနေသည့်တိုင် နယ်ခြားစောင့်တပ်များ ထိန်းချုပ်သည့်နေရာအများစုတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားဌာနများကလာရောက် ဖွင့်လှစ်တည်ထောင် လာကြသည်။ တပ်မတော်က လုံခြုံရေးပေးနိုင်သည့် ချောင်ကျသည့်ဒေသများတွင်လည်း အခိုင်အမာ အခြေချ လာကြသည်။

မကြာသေးသော နှစ်များအတွင်းက ကရင်ပြည်နယ်အတွင်းမှ အခြေချနေထိုင်ရာ နေရာကိုးခုကို မြို့များအဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အဓိကနေရာများအဖြစ် သတ်မှတ်ခဲ့သည်။[253] ၎င်းတို့အထဲမှ အချို့သောနယ်မြေများမှာ လွန်ခဲ့သောနှစ်များအထိ ကျေးရွာများငယ်များအဖြစ် တည်ရှိခဲ့ခြင်းဖြစ်သည်။ ၎င်း အုပ်ချုပ်ရေးယူနစ် များသည် "မြို့နယ်ခွဲများ"၏ ရုံးစိုက်ရာ ကိုရည်ညွှန်းသည့်အသုံးနှုန်းအဖြစ် ၂၀၁၁ အရှေ့ပိုင်းတွင် ထွေ/အုပ်က အသုံးပြုခဲ့သည့်စကားလုံးဖြစ်သည်။ အခြေခံဥပဒေတွင်မူ ဖော်ပြထားခြင်းမျိုးမရှိပါ။ အစိုးရအတွင်း အချေအတင်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ထိုကဲ့သို့သော အုပ်ချုပ်ရေးယူနစ် ၈၄ ခုကို မြို့များအဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။ အစိုးရအုပ်ချုပ်ရေးယန္တယား တိုးချဲ့သည့်အခါများတွင် ယင်း အသုံးအနှုန်းကို ပို၍အသုံးပြုသည်။ မြို့နယ်ထက်ငယ်သော်လည်း ကျေးရွာအုပ်စုထက် ကျယ်ပြန့်သည့် အုပ်ချုပ်ရေးယူနစ်အတွက် ရုံးစိုက်ရန်လိုအပ်သည့်အခါတွင် မြို့အဖြစ် သတ်မှတ်အသုံးပြုသည်။ သို့သော်လည်း အစိုးရဌာနများ နှင့် နိုင်ငံတကာ ကူညီရေးအဖွဲ့များ၏ စာရွက်စာတမ်းများတွင် ၎င်းတို့ကို "မြို့နယ်ခွဲများ" အဖြစ်သာ ရည်ညွှန်းသုံးနှုန်းဆဲဖြစ်သည်။ [254]

အပစ်အခတ်ရပ်စဲခဲ့ချိန်မှစ၍ ကရင်ပြည်နယ်တွင်းမှ ထို "မြို့နယ်ခွဲ" ၉ ခု သည် နိုင်ငံတော်မှ စီမံခန့်ခွဲပေးသော နိုင်ငံတကာဖွံ့ဖြိုးရေး အထောက်အကူများကို ဆွဲဆောင်နေခဲ့ပြီး[255] စစ်ဘေးဒုက္ခသည်များ ပြန်လည်နေရာ ချထားပေးမည့် နေရာများအဖြစ် လျာထားခံခဲ့ ရသည်။[256] ထိုနေရာများတွင် (ယခုမှစတင်ကာ "မြို့နယ်ခွဲမြို့များ" ဟု ခေါ်ဆိုရည်ညွှန်းသွားပါမည်) ထွေ/အုပ်ရုံးများ၊ ရဲစခန်းများ အပါအဝင် အစိုးရအဆောက်အဦများ ဆောက်လုပ်ထားပြီး အခြားမြို့များနှင့် လမ်းသစ်များဖောက်လုပ် ဆက်သွယ်ထားသည်။ ထိုအတောအတွင်းမှာပင် ယင်းနေရာများ၏ အနားပတ်ဝန်းကျင်မှ ရပ်ရွာလူထုများသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ နယ်ခြားစောင့်တပ်များ ထိန်းချုပ်မှုအောက်တွင် အများဆုံးရောက်ရှိနေပြီး နိုင်ငံတော် နှင့် အဆက်အဆံမရှိလှပေ။

[253] နိုင်ငံတော်၏ အာဏာ ဖြန့်ကျက်နိုင်မှု အကန့်အသတ်ရှိသော လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့သည့်နေရာများ အတွက် ယင်းသည် အသုံးဝင်သည်။ ပဋိပက္ခမဖြစ်သော်လည်း မြို့နယ်များကျယ်လွန်းသည့် ဒေသများ အတွက်လည်း အသုံးဝင်သည်။

[254] အောက်တွင်ဖော်ပြထားသော JICA နှင့် MIMU မှ စုစည်းထားသည် များကို ဥပမာအဖြစ်လေ့လာနိုင်ပါသည်။ မြို့ ဆိုသည့် အသုံးအနှုန်းမှာ ကရင်ပြည်နယ်တွင်းမှ ရပ်ရွာအချို့သို့ ကွင်းဆင်းလေ့လာစဉ် ကြားခဲ့ရခြင်းဖြစ်သည်။ ကရင်မှ ပါဝင်ဆွေးနွေးသူတဦးက ဝေါလေ မြို့နယ်ခွဲနှင့်ပတ်သက်ပြီး - ဗမာများကတော့ ဝေါလေမြို့ ဟုခေါ်ကြသော်လည်း မိမိတို့ အတွက်ကတော့ ဝေါလေကျေးရွာသာဖြစ်သည် မြို့မဟုတ်ပါ - ဟု ဆိုခဲ့သည်။ အမျိုးသမီး ရပ်ရွာအရေး လှုပ်ရှားသူ တဦး နှင့်ဆွေးနွေးချက် (ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်၊ ဖေဖော်ဝါရီ ၂၀၁၅)

[255] ၎င်းတို့မှာ လှိုင်းဘွဲမြို့နယ်မှ ပိုင်ကျုံမြို့နယ်ခွဲ နှင့် ရှမ်းရွာသစ်မြို့နယ်ခွဲ၊ ကြာအင်းဆိတ်ကြီးမြို့နယ်မှ ဘုရားသုံးဆူ မြို့နယ်ခွဲ၊ ကျိုက်ဒုံမြို့နယ်ခွဲ၊ ဖာပွန်မြို့နယ်မှ ကမမောင်း မြို့နယ်ခွဲ၊လိပ်သိုမြို့နယ်၊ မြဝတီမြို့နယ်မှ ဝေါလေမြို့နယ်ခွဲနှင့် ဆူကာလီ မြို့နယ်ခွဲ၊ သံတောင်မြို့နယ်မှ ဘောဂလိမြို့နယ်ခွဲ တို့ဖြစ်သည်။.

[256] ထိုနယ်မြေများသို့ ဒုက္ခသည်များ ပြန်လည်ဝင်ရောက်မှု လောက်လောက်လားလားမရှိသေးပါ။ သို့သော်လည်း နေရာအချို့ကတော့ JICA နှင့် မြန်မာအစိုးရပူးပေါင်းပြီး ဒုက္ခသည်များ ပြန်ဝင်လာပါက ဦးစားပေးပို့ဆောင်ရန် ပြင်ဆင်ထား သည့်နေရာဟု ကောလဟလများထွက်နေသည်မှာ ၁၈ နှစ်ကျော်ရှိခဲ့ပြီဖြစ်သည်။ See JICA (2013), pp. (1-25)–(1-26)

မြေပုံ ၆ - ကရင်ပြည်နယ်မှ မြို့နယ်ခွဲများ




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

**ဖြစ်စဉ်လေ့လာချက် - ဝေါလေ မြို့နယ်ခွဲ နှင့် စုကာလီမြို့နယ်ခွဲ**

**၂၀၁၅** ဖေဖော်ဝါရီတွင် စာတမ်းရှင်အနေဖြင့် မြို့နယ်ခွဲများအဖြစ်သတ်မှတ် ခံရသည့် ဝေါလေ (ကရင်ဘာသာဖြင့် *ဝါလေ*) နှင့် စုကာလီ (*ချူဂလီ*) ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ် အရှေ့တောင်ခြမ်းသို့ ရောက်ရှိခဲ့ပါသည်။ ဝေါလေ သည် လွတ်လပ်ရေးရပြီးနောက်ပိုင်းကတည်းက KNU ထိန်းချုပ်ထားသည့် နေရာဖြစ်ပြီး ၁၉၉၄ DKBA ခွဲထွက်ချိန်တွင် ၎င်းတို့ထိန်းချုပ်မှုအောက်သို့ ရောက်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် DKBA နှင့် အစိုးရ ပဋိပက္ခပြန်လည်ပေါ်ပေါက်ခဲ့ပြီး နယ်မြေထိန်းချုပ်မှုကို လက်လွှတ်လိုက်ရကာ မြောက်ပိုင်းကျသော ၎င်းတို့၏ လက်ရှိအခြေခံနယ်မြေ စုံစည်းမြိုင် (မောကတ) သို့ ဆုတ်ခွာသွားရသည်။ စုကာလီ သည်လည်း ထိုအတောအတွင်း အစိုးရထိန်းချုပ်မှုအောက်သို့ အပြည့်အဝရောက်သွားသည်။

ထိုကျေးရွာများသို့ ၂၀၀၀ ခုနှစ်များ အစောပိုင်းမှ စတင်ကာ သစ်ခုတ်ရန်နှင့် အခြားလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ရန်အတွက် မြန်မာပြည်တဝှမ်းမှလူများ ပြောင်းရွှေ့လာကြသည်။ အစိုးရထိန်းချုပ်မှု အပြည့်အဝရှိသည့် ကျောင်း၊ ထွေ/အုပ်ရုံးများ၊ မြူနီစီပယ်ရုံး၊ ကျေးလက်ကျန်းမာရေးဌာန၊ ရဲစခန်းများကို နှစ်နေရာလုံးတွင် တည်ဆောက်ထားသည်။ အများပြည်သူ အသုံးပြုနိုင်သည့် ဒေသတွင်းဆက်လမ်းများကိုလည်း ဖောက်လုပ်နေပြီး အများစုမှာ တပ်မတော်က ဖောက်လုပ်ခြင်းဖြစ်သည်။[257] ဝေါလေနှင့် ဆက်နေသည့် ကရင် အခေါ် "*တီးညလေ*" ကျေးရွာကို ဗမာအမည် "*အောင်မင်္ဂလာ*" ရွာအဖြစ် အစိုးရက ပြောင်းလဲခဲ့ပြီး အလားတူ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ဒေသခံ ဆရာတစ်ဦး၏ပြောပြချက်အရ ဒေသခံကရင်များမှာ ကျေးရွာများမှ ထွက်ခွာသွားရပြီး လက်ရှိတွင် ဗမာ သစ်ထုတ်အလုပ်သမားများ၊ စစ်တပ်မိသားစုများ နှင့် ထိုင်းနိုင်ငံမှ ပြန်လာသည့် *မြို* လူမျိုးစု များနေထိုင်လျက်ရှိသည်ဟုသိရသည်။

တစ်ချိန်တည်းတွင်ပင် ထိုမြို့များကြားနှင့် အနီးပတ်လည်တွင် တပ်မတော် ၊ DKBA၊ KNU ၏ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ကရင်အမျိုးသား ကာကွယ်ရေး အစည်းအရုံး (Karen National Defence Organisation) ၏ *အိမ်စောင့်* တပ်များ၏ စစ်စခန်းများဖြင့် ပြည့်လျက်ရှိသည်။ ယင်းနယ်မြေတလျောက်ရှိ မွန်နှင့် ကရင် ရွာငယ်လေးများမှာ အုပ်ချုပ်မှုစနစ် အမျိုးမျိုးအောက်တွင် ရှင်သန်နေရသည်။ အာဏာပိုင်တစ်ဖွဲ့တည်းက သတ်သတ်မှတ်မှတ် အုပ်ချုပ်နေသည်များလည်း ရှိသည်။

ယင်းနယ်မြေတွင် လှုပ်ရှားသည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းမှ ဝန်ထမ်းတစ်ဦး၏အဆိုအရ မြို့နယ်ခွဲမြို့ အနီးအနားပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံလူမျိုးစုများသည် ထိုမြို့များရှိ အဖွဲ့အားလုံးနှင့်ဆက်ဆံရသည်။ 'အစိုးရကတော့ အခြေခံအဆောက်အဦတွေ အားလုံးကိုဆောက်တယ် ဒါပေမယ့် DKBA တွေက ထိန်းချုပ် ထားတုန်းပဲ၊ မကျေလည်တာရှိရင် သို့မဟုတ် ခွင့်ပြုချက် တစ်ခုခုလိုချင်ရင် သူတို့ဆီပဲ သွားကြတယ်' ဟု ဒေသခံတစ်ဦးကဆိုသည်။

စုကာလီ 'မြို့' တွင် ကျောင်းနှင့် စာကြည့်တိုက် တည်ဆောက်ထားပြီး ကျောင်းသား ၄၇ ဦး အတွက် ဆရာ အယောက် ၂၀ ခန့်ထားသည်။ ထိုနယ်မြေရှိ ကျောင်းပေါင်း ၉၆ ကျောင်းကို စီမံနေသည့် KNU ၏ ကရင်ပညာရေးဌာနက ယင်းကျောင်းများမှ အစိုးရဝန်ထမ်းများ ကိုမေးမြန်းရာတွင်[258] JICA နှင့် အစိုးရတို့ ပူးပေါင်းစီစဉ်ထားသည့်အတိုင်း ဒုက္ခသည်များ ပြန်လာပါက အဆင်သင့်ဖြစ်စေရန် ပြင်ဆင်နေခြင်း ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။[259]

ရပ်ရွာသားများ ကိုယ်ထူကိုယ်ထဆောက်ထားသည့်ကျောင်း၊ DKBA သို့မဟုတ် KNU ကျောင်း အစရှိသဖြင့် ကျောင်းအမျိုးမျိုးတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ၁ ဦး ၂ ဦးကို ခန့်ထားသည် လည်းရှိသည်။ သို့သော်လည်း ကရင်ပညာရေးဌာန (KED) ၏ သင်ရိုးညွှန်းတမ်းနှင့် ဒေသခံ ကရင်ဆရာများဖြင့်သာ ဆက်လက်လည်ပတ်ရန် လိုလားကြသည်။ အစိုးရမှ ဖိအားများပေးလာခြင်း၊ မကြာခဏဆိုသလို အစိုးရ ဆရာများ အကြောင်းမကြားပဲ ရောက်လာတတ်ခြင်းတို့ကြောင့် လက်ရှိစနစ်ကို ထိန်းထားနိုင်ရန်ကြိုးစားနေရသည်။ ကရင်ကျောင်းများမှ အစိုးရကျောင်းများသို့ အသွင်ပြောင်းသည်ဆိုပါက ဒေသခံတပ်မတော်တပ်ရင်းများကလည်း ငွေကြေးပံ့ပိုးသည်။ KNU၊ DKBA တို့နှင့် အစည်းအဝေးထိုင်သဖြင့် ကျောင်းဝန်ထမ်းများကို တပ်မတော်က ခြိမ်းခြောက်မှုများ ပြုလုပ်ဖူးသည်များလည်းရှိသည်။ ကျောင်းဆရာတစ်ဦး၏ ပြောပြချက်အရ ၎င်း၏ ကျောင်းအုပ်သည် ထိုကဲ့သို့ လာရောက် ကြိမ်းမောင်းသော တပ်မတော်သားတစ်ဦးကို 'မင်းတိုင်းပြည်က ဆရာတွေကို ဒီလိုသွား အနှောင့်အယှက်ပေးပါလား' ဟု ခွန်းတုံ့ပြန်ခဲ့သည်။ ၎င်းအခြေအနေသည် အတိအကျသတ်မှတ်ရန်ခက်ခဲသည့် ဒေသန္တရအုပ်ချုပ်ရေး နယ်နိမိတ် ပြဿနာကို ဖော်ပြနေသည့်အဖြစ်အပျက်များထဲမှ တစ်ခုဖြစ်သည်။

*စုံစည်းမြိုင်* အစွန်ဘက်မှ ကျောင်းတစ်ကျောင်းသည် ၂၀၁၁ ခုနှစ် တပ်မတော်က ယင်းနယ်မြေများကို ရှင်းလင်းနိုင်ပြီးနောက်တွင် ချထားပေးသည့်ငွေဖြင့် ရပ်ရွာကတည်ဆောက်ထားခြင်းဖြစ်သည်။ နောက်ပိုင်းတွင် DKBA မှ နယ်မြေစိုးမိုးမှု တဖန်ပြန်ရလာသည့် အခါတွင် ယင်းကျောင်းအား ကရင်ပညာရေးဌာန (KED) ဆက်လက် တာဝန်ယူဖွင့်လှစ်ထားသော်လည်း ကျောင်းအလံကိုမူ ကရင်အလံအစား မြန်မာအလံလွှင့်ထူထားဆဲဖြစ်သည်။ DKBA အမာခံနယ်မြေ *သဲဘော်ဘို* မှ *ဒေါ်န* အထက်တန်းကျောင်းတွင် ကျောင်းသား ၁၇၆ ဦးရှိပြီး ကျောင်းဝန်းကျယ်ကျယ်၊ ခေတ်မှီ အဆောက်အဦကောင်းများနှင့် ကျောင်းဖြစ်သည်။

---

[257] လမ်းဖောက်နေသည့်ယန္တယားများတွင် ကာကွယ်ရေးဝန်ကြီးဌာန တံဆိပ်တပ်ထားသည်။ ဆောက်လုပ်ရေးတွင် ပါဝင် လုပ်ကိုင်နေသည့် မြန်မာကုမ္ပဏီ ငါးခု၊ ခြောက်ခု ခန့်ရှိသည်ဟု ရပ်ရွာအခြေပြုအဖွဲ့အစည်းတစ်ခုက ဆိုသည်။

[258] KNU သတ်မှတ်ထားသည့် ဒူးပလာ ခရိုင်မှ ကော့ကရိတ်မြို့နယ်

[259] JICA (2013)

အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ကရင်ဒေသများသို့ အစိုးရကျောင်းဆရာများ လာရောက်မှုမှာ တဖြည်းဖြည်းတိုးလာသည်။ ကျေးလက်ကျန်းမာရေးလုပ်သားများလည်း ရံဖန်ရံခါ ပါလာတတ်သည်။ ဘွဲ့ရပြီးစများကို ထိုကဲ့သို့ချောင်ကျသောဒေသများသို့ ပို့လေ့ရှိပြီး ရပ်ရွာများသို့ ကြိုတင် အကြောင်းကြားထားခြင်းမရှိပဲ ရောက်သွားပြီးမှ ကျေးရွာခေါင်းဆောင်များ၊ လူကြီးများ သို့မဟုတ် ဘာသာရေး ခေါင်းဆောင်များနှင့် ညှိနှိုင်းနေရာရှာရသည်မှာ ဖြစ်နေကြ အဖြစ်အပျက်များဖြစ်သည်။ သွားရေးလာရေး လက်လှမ်းမီသည့်နေရာများတွင် ပညာရေးဝန်ကြီးဌာနမှ ကျောင်းအုပ်ကြီးများကိုပင် လွှတ်လေ့ရှိသည်။ ဝန်ကြီးဌာနက ကျေးရွာကို ပံ့ပိုးမှုပိုပေးနိုင်သဖြင့် ကျောင်းများကို အစိုးရ ကျောင်းများအဖြစ် အလွယ်တကူ အသွင်ပြောင်းနိုင်ကြပြီး ကရင်သင်္ကေတ အမှတ်အသားများ၊ ကရင်သင်ရိုးညွှန်းတမ်းများကို ပြောင်းလဲဖယ်ရှားကြသည်။[260] ထိုသို့ပြုလုပ်ရာတွင် ကျောင်းများကို ထောက်ပံ့ပေးခဲ့သော ကရင်ပညာရေးအဖွဲ့အစည်းများကို ထည့်သွင်းပါဝင်ခြင်းမရှိပဲ ကျေးရွာခေါင်းဆောင်များနှင့်သာ ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းမျိုးဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်များ အုပ်ချုပ်သူများအဖြစ် စိုးမိုးခဲ့ဖူးသည့် ချောင်ကျသည့်နယ်မြေများတွင် အစိုးရ၏ ထွေ/အုပ်ယန္တရားများကို ချဲ့ထွင်လျက်ရှိသည်။ ထွေ/အုပ်စနစ်အရ မြို့နယ်ရုံးမှ ခန့်အပ်လိုက်သည့် စာရေးသည် ကျေးရွာအုပ်စုက သွယ်ဝိုက်ရွေးချယ်လိုက်သည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တွဲဖက်လုပ်ကိုင်ရမည်ဖြစ်သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အနေဖြင့် လစာ ခံစားခွင့်မရှိသော်လည်း ထောက်ပံ့ငွေအနည်းငယ်ရသည်။ ကျေးရွာအုပ်စုစာရေးသည် ပုံမှန်အားဖြင့် ရွာမှ ပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ပြင်ပမှခန့်ထားသူများ ဖြစ်တတ်သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သည် ထွေအုပ်ဝန်ထမ်းမဟုတ်သော်လည်း ထွေအုပ်က ပို့ချသည့် အုပ်ချုပ်ရေး သင်တန်းတက်ရသည်။ ၎င်းကို 'အာဏာ အလွဲသုံးစားမှု၊ ပျက်ကွက်မှု၊ လာဘ်စားမှု' ခေါင်းစဉ်များဖြင့် တဖက်သတ် ထုတ်ပယ်မှု ပြုလုပ်နိုင်သည်။[261]

အစိုးရနယ်မြေချဲ့ထွင်လာခြင်းသည် KNU စစ်ရေးခေါင်းဆောင်ပိုင်းများအတွက် အဓိက စဉ်းစားစရာဖြစ်လာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပင် သံသယဖြစ်လာကြောင်း ထုတ်ဖော်ပြောဆိုမှုများ ရှိလာသည်။ ဖာပွန်မြို့နယ်[262] အစိတ်အပိုင်းအတော်များများကို ထိန်းချုပ်ထားသော ဗိုလ်ချုပ် ဘော်ကျော်ဟဲ က - ပြီးပြည့်စုံသော အပစ်အခတ်ရပ်စဲရေးအစား 'KNU အုပ်ချုပ်ရေးနယ်မြေထဲသို့ အစိုးရက အုပ်ချုပ်ရေးယန္တယားချဲ့ထွင်မှု များပြုလုပ်နေသည်' ဟု ထုတ်ပြောခဲ့သည်။ လက်ရှိအနေ အထား တွင်ပေါ်ပေါက်လာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ပေါ်ပေါက်လာသည့် ထောက်ထား စဉ်းစားစရာများကိုလည်း 'စီးပွားရေးလုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးတွေခွင့်ပြုလိုက်ရင် ကျနော်တို့ အနေနဲ့ ထိန်းလို့ရမှာမဟုတ်ဘူး။ ဒီလိုကိစ္စတွေကို စနစ်တကျမထိန်းနိုင်ဘူးဆိုရင် နောင်မှာ ကျနော် တို့အတွက် ပြဿနာများမယ်' [263] ဟုလည်း ပြောဆိုခဲ့သည်။ ထို့အတူပင် အခြားတစ်နေရာတွင် အခြေစိုက်သော ဗိုလ်ချုပ် နာဒါးမြကလည်း သူနှင့်တကွ လုပ်ဖော်ကိုင်ဖက်အားလုံးသည် စစ်မှန်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကြိုးစားမှုကို ထောက်ခံပါသည် သို့သော်လည်း 'အပစ်အခတ်ရပ်စဲရေးကို အသုံးချပြီး ၎င်းတို့ နယ်မြေများတွင် အစိုးရအုပ်ချုပ်ရေးယန္တရား လာရောက်ချဲ့ထွင်ခြင်း'ကို လက်မခံနိုင်ဟု ၂၀၁၅ ဖေဖော်ဝါရီလတွင် ပြောကြားခဲ့သည်။[264]

### ၅.၁.၄ အပစ်အခတ်ရပ်စဲရေးအသစ်နှင့် KNU အုပ်ချုပ်ရေးပုံစံ

ယခင်က "ဖြတ်လေးဖြတ်" သောင်းကျန်းသူနှိမ်နင်းရေး မဟာဗျူဟာဖြင့် "အမဲရောင်နယ်မြေများ" အဖြစ် သတ်မှတ်ထားသည့် နေရာများတွင် အစိုးရက ပြည်သူများပြန်လည်နေထိုင်ခွင့် ပေးနေသဖြင့် ကရင်ဒေသမှ အုပ်ချုပ်ရေးများမှာ အသွင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်။ ပဋိပက္ခ ဖြစ်ပွားခဲ့သည့် ထိုနေရာများမှာ နယ်မြေကြမ်းတမ်းမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များက စစ်ရေးအရ အသာစီးရယူနိုင်ထားသည့် နေရာများဖြစ်သော်လည်း ယင်းနယ်မြေများတွင် နေထိုင်သူများကို အစိုးရက ရန်သူအဖြစ် သတ်မှတ်ချေမှုန်းမှုများပြုလုပ်ခဲ့သဖြင့် ဆယ်စုနှစ်နှင့်ချီပြီးမဟုတ်သည့်တိုင် နှစ်ပေါင်းအတော်ကြာအောင် နေထိုင်သူ လျော့နည်းသွားသည့် နေရာများဖြစ်သည်။ ထို့ကြောင့် ယခင်နေရပ် သို့ အစိုးရ၏ ပြန်လည်နေရာချထားရေး ကျေးရွာများမှ၊

---

[260] ကရင်ပညာရေးအုပ်ချုပ်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ၂၀၁၂ ခုနှစ် အစောပိုင်းနှင့် ၂၀၁၄ ခုနှစ်နှောင်းပိုင်း ကြားတွင် ကရင်ပြည်နယ် ပညာရေးထောက်ပံ့မှုအဖွဲ့ မှ ထောက်ပံ့ထားခဲ့သော ကျောင်းများအနက်မှ သုံးပုံ တစ်ပုံခန့်မှာ ပညာရေးဝန်ကြီးဌာနက လွှဲပြောင်းယူသွားခြင်းခံရကြောင်း သိရသည်။

[261] Chit Saw & Arnold (2014), pp. 33-34

[262] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘောကျော်ဟဲသည် ဖာပွန်မြို့နယ်ကို စိုးမိုးထားသည့် တပ်မဟာ ၅ ကိုအထူးသြဇာလွှမ်းမိုးသူဖြစ်ပြီး တပ်ရင်းများပေါ်တွင် တိုက်ရိုက်ညွှန်ကြားနိုင်သူဖြစ်သည်။

[263] ထုတ်ဖော်ပြောကြားချက်များကို ကရင်သတင်းဌာန: Karen News, 'KNU Gen. Baw Kyaw Heh Exposes How Ceasefire Agenda has Shifted to Business', 05-09-13; available at: http://karennews.org/2013/09/knu-gen-baw-kyaw-heh-exposes-how-ceasefire-agenda-has-shifted-to-business. မှ ရရှိပါသည်။ ဗိုလ်ချုပ်၏ အာဏာသက်ရောက်သည့် နယ်မြေမှာ ကရင်ပြည်နယ်မြောက်ပိုင်း တသီးတခြားဖြစ်နေသည့်နေရာဖြစ်သည်။ အကူအညီပေးမှုများကိုလည်း ထိုင်းနယ်စပ်ဖြတ်ကျော် ဆောင်ရွက်သည့်နေရာဖြစ်သည်။

[264] ကရင်အမျိုးသားအစည်းအရုံး၏ ကာကွယ်ရေးတပ်ဖြစ်သော ကရင်အမျိုးသားကာကွယ်ရေးတပ် KNDO ၏ အကြီးအကဲ နာဒါးမြ က မြဝတီမြို့နယ် အရှေ့တောင်ဘက်တွင်ရှိသော KNDO ဌာနချုပ်တွင်ပြောကြားခဲ့ခြင်းဖြစ်သည်။ အစိုးရက လက်နက်ကိုင်များ ထိန်းချုပ်ထားသည့်နေရာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ခွဲများဖော်ထုတ်ခြင်းအဖြစ် ခေါင်းစဉ်တပ် ဝင်ရောက်ပြီး အုပ်ချုပ်ရေးရုံးများ ဖွင့်လှစ်လျက်ရှိသည်။ (အခန်း ၅ ကိုကြည့်ပါ)

အခြားလက်နက်ကိုင်နယ်မြေများမှ သို့မဟုတ် ထိုင်းနိုင်ငံမှ ပြန်လည် ရွှေ့ပြောင်းလာကြပြီဖြစ်သည်။ ထိုသူများ ပြန်သည့်ဝင်ရောက်လာသည့် နေရာများသည် အဖွဲ့အသီးသီး၏ အုပ်ချုပ်ရေး အာဏာသက်ရောက်မှု အားနည်းနေသေးသည့် နေရာများဖြစ်သည်။

KNU အနေဖြင့် ထိုကဲ့သို့သော နေရာအချို့တွင် ၄င်း၏အုပ်ချုပ်ရေးစနစ်ကို ပြန်လည်တည်ဆောက်လျက် ရှိသော်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် အသင့်မဖြစ်သေးသောကြောင့် ရပ်ရွာသားများမှာ KNU ၏ လက်နက် ကိုင်တပ်ဖွဲ့ဖြစ်သော KNLA နှင့်သာ အဓိကအနေဖြင့် ဆက်ဆံမှုပိုများသည်။ လုပ်ရှားနယ်မြေများကို အလွတ်သဘော နယ်နိမိတ် သတ်မှတ်မှုများသည် ရပ်ရွာအချို့ အုပ်ချုပ်ရေးစနစ်အရ ပိုင်းခြားလိုက်သလို ဖြစ်သွားသည်များလည်း ရှိသည်။ တပ်မတော်မှ လက်နက်ကိုင်တပ်ဖွဲ့များအား လှုပ်ရှားခွင့်ပြုထားသည့်နယ်မြေများသည် ထွေ/အုပ် မှတ်တမ်းဝင်ဖြစ်ပြီး KNLA နေရာများမှာမူ မှတ်တမ်းမဝင်ပဲ KNU အုပ်ချုပ်ရေးအောက်တွင်သာ ကျရောက်သွားသည်။[265] နေရပ်ပြန်သွားသူများပြောပြချက်အရ နယ်မြေအမျိုးအစား နှစ်ခုလုံးတွင် အာဏာပိုင်များ၏ ရပ်ရွာစီမံပုံသည် အတည်တကျမရှိ၊ လိုက်နာရမည့်စည်းကမ်းများရေရာမှုမရှိခြင်း၊ ရှင်းလင်းသည့် ခေါင်းဆောင်မှု မရှိခြင်းတို့က ၄င်းတို့၏ ပြန်လည်ထူထောင်ရေးကို အခက်အခဲဖြစ်စေသည်ဟု ပြောကြားခဲ့သည်။[266]

**ကရင်အမျိုးသားအစည်းအရုံး မြေယာမူဝါဒ**

KNU ၏ စိုက်ပျိုးရေးဌာန Karen Agricultural Department (KAD) အနေဖြင့် တိကျရှင်းလင်းသည့် မူဝါဒများဖော်ထုတ်နိုင်ရန် KNU ၏ လက်ရှိကျင့်သုံးနေသော မြေယာစီမံမှုများကို ဥပဒေအရ ခိုင်မာမှုရှိအောင်ဆောင်ရွက်ခြင်း၊ ၄င်းနယ်မြေများအတွင်း မြေယာပိုင်ဆိုင်မှု စီမံခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။ တရားဝင် မှတ်ပုံတင် ထားခြင်း မရှိသည့်မြေများကို အစိုးရက သိမ်းပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များကို အငှားချထားပေးခွင့် ပြုသည့် ၂၀၁၂ မြေယာပြုပြင်ပြောင်းလဲမှု အခင်းအကျင်းတွင် ‘ခနရှင်များ၊ အာဏာရှင်များက ကရင့် မြေယာများကို ရယူသွားခြင်းမရှိနိုင်ရန်’ အတွက် KAD ၏ တရားဝင် မြေယာမူဝါဒကို ရေးဆွဲရခြင်းဖြစ်သည်။

စနစ်တကျ စစ်တမ်းကောက်ယူမှုများပြုလုပ်ရန်၊ အစိုးရစနစ်အတွင်း မှတ်ပုံတင်ထားခြင်းမရှိဟု ဖော်ပြထားသည့်တိုင် မြေယာများကို ပိုင်ဆိုင်မှု ထောက်ခံအဆိုပြုပေးရန် အတွက် လုပ်ငန်းစဉ်များကိုချမှတ်ထားသည်။ ပယ်ဖျက်ခြင်း မပြုနိုင်သည့် မြေယာပိုင်ဆိုင်မှု ချမှတ်ထားပေးသည့် လုပ်ငန်းစဉ်ကိုလည်း အကောင်အထည် ဖော်လျက်ရှိသည်။ KNU အုပ်ချုပ်ရေးစနစ် ထိုးဖောက်နိုင်ခြင်းမရှိသည့်နယ်မြေများတွင်ပင် မြေယာ မှတ်ပုံတင်ခြင်းကိစ္စကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြေယာဆုံးရှုံးမည်ကို စိုးရိမ်သည့် ဒေသခံများကလည်း KNU ၏ မြေယာမှတ်ပုံတင်ပေးခြင်းကို အားတက်သရော ပါဝင်လက်ခံကြသည်။[267]

သို့သော်လည်း အစိုးရ၏စနစ်နှင့် KNU ၏စနစ်သည် ဧစပ်ရန်ခက်ခဲမည့် ကွဲပြားမှုများ ကြီးကြီးမားမားရှိနေသည်။ အစိုးရက အသိအမှတ်ပြုထားခြင်းမရှိသည့် ရိုးရာဓလေ့အခမ်းအနားများ အတွက် အသုံးချသည့် ဘုံပိုင်မြေ ပုံစံအမျိုးမျိုးကို ကရင်မြေယာပေါ်လစီက အသိအမှတ် ပြုထားသည်။ ရွှေ့ပြောင်းတောင်ယာ စနစ်အရ တစ်ရာသီနှင့် တစ်ရာသီကြားအသုံးမချပဲ လစ်လပ်ထားခြင်း၊ နတ်ကိုးကွယ်မှုအတွက် လစ်လပ်ထားခြင်း၊ သို့မဟုတ် ဘုံပိုင်သစ်တော များအဖြစ် သတ်မှတ်ထားသဖြင့် လစ်လပ်နေခြင်းတို့ကြောင့် အစိုးရ၏ ၂၀၁၂ ဥပဒေများ အရ သိမ်းဆည်း ခံရနိုင်သည့် အန္တရာယ်ရှိနေသည်။

KNU မြေယာပေါ်လစီတွင် မြေအမျိုးအစား ၁၁ မျိုးကိုအသိအမှတ်ပြုထားသည်။ လက်ရှိ မြေယာ အသုံးချပုံများနှင့်လိုက်ပြီး မြေပိုင်ရှင်နှင့် လယ်သမား အမျိုးမျိုး၊ ရေသွင်းစိုက်ပျိုးသည့် လယ်များနှင့် တောင်ယာစပါးစိုက်ပျိုးသည့် မြေများကို တိတိကျကျခွဲခြားသတ်မှတ်ထားသည်။ အစိုးရစနစ်တွင်မူ လက်ပြောင်းလက်လွှဲ လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ဗဟိုကမြေယာအားလုံးကို ပိုင်ဆိုင်သည့်စနစ် ခိုင်မာအောင် အသေအချာပံ့ပိုးပေးထားသည်။[268] ဗဟိုအဆင့် ပူးပေါင်း ဆောင်ရွက်မှုများအတွက် ညှိနှိုင်းနေသည့်အချိန်တွင် ပေါ်ပေါက်လာသည့် စီးပွားရေး အခွင့်အလမ်းများက KNU အဖွဲ့ဝင်များပါဝင်လာအောင် ဆွဲဆောင်နိုင်သောကြောင့် ယင်းမူဝါဒများကို KNU ထိန်းချုပ်ဒေသများတွင်ပင် အသုံးချရန်ပင် အခက်အခဲ ရှိနိုင်သည်။

အရှေ့တောင်ပိုင်း နယ်မြေများပေါ်တွင် ဩဇာလွှမ်းမိုးမှုရှိသည့် သို့မဟုတ် အခြေခံထားသည့် ကရင် လက်နက်ကိုင်အဖွဲ့ အများအပြားရှိသေးသည်။ ၄င်းအဖွဲ့များထဲတွင် ကော့ကရိတ်မြို့နယ်တွင် အပစ်အခတ်ရပ်နယ်မြေ ရရှိထားသည့် KNU/KNLA-Peace Council လည်းအပါအဝင်ဖြစ်သည်။ ၄င်းအဖွဲ့သည် ခိုင်မာသည့် အုပ်ချုပ်ရေးစနစ်ဖြင့်လည်ပတ်နေပြီး ကျောင်း၊ ဆေးရုံကဲ့သို့သော ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ အခြားအဖွဲ့များတွင် သံတောင်ကြီးမြို့နယ်မှ ဌာနေပြည်သူ့စစ်အဖွဲ့ တစ်ခုဖြစ်သည့် သံတောင်အဖွဲ့နှင့် ၂၀၀၉ ခုနှစ်တွင် နယ်ခြားစောင့်တပ် ၁၀၂၃ အဖြစ် အသွင်ပြောင်းခဲ့သည့်

[265] KNLA လှုပ်ရှားရန် သာမက KNU ကလည်း ထိုနေရာများကို အုပ်ချုပ်နိုင်ရန်အတွက် ဒေသအဆင့် သီးခြားစီမံမှုများ ပြုလုပ်သည်လည်းဖြစ်နိုင်သည်။

[266] ကရင်ပြည်နယ်မှ ထိုကဲ့သို့သော နယ်မြေများသို့ ပြန်သည့်ရပ်ရွာ နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ၊ လှိုင်ဘွဲ့ဂုက်တစ်နေရာတွင် စာတမ်းရှင်မှ ပြုလုပ်ခဲ့သည့် ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

[267] အထက်ဖော်ပြခဲ့ပါ ဦးတည်အုပ်စုသည် KNU အုပ်ချုပ်ရေးနှင့် ထိတွေ့မှုနည်းသည့် ပြည်သူများဖြစ်သော်လည်း ၄င်းတို့မြေယာ များမှတ်ပုံတင်ရန်တောင်းဆိုသည့်အခါ KNU က အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ပေးခဲ့သည်။ အခြားသော KNU ခရိုင် ဥက္ကဋ္ဌ တဦးကလည်း ၂၀၁၄ - ၂၀၁၅ တစ်နှစ်လုံးနီးပါး ကရင်စိုက်ပျိုးရေးဌာနနှင့် တွဲပြီး မြေယာမှတ်ပုံတင်ခြင်း ကိစ္စရပ်များကို သာအချိန်ပေးနေရသည်ဟု ရှင်းပြခဲ့သည်။

[268] ၂၀၁၂ ဥပဒေနှင့် ပတ်သက်ပြီးအသေးစိတ်ကို Kramer & Woods (2012) and Displacement Solutions (2012) တွင်ကြည့်ပါ။

ကရင်ငြိမ်းချမ်းရေးအဖွဲ့ (Karen Peace Force) တို့ပါဝင်သည်။ ကရင်ငြိမ်းချမ်းရေးအဖွဲ့တွင် ပြည်သူ့စစ်အသွင်အဖြစ်လှုပ်ရှားသည့် ခွဲထွက်အဖွဲ့ငယ်တစ်ခုလည်း ရှိသည်။[269]

## ၅.၂ မွန်ဒေသ

မွန်ပြည်သစ်ပါတီ (New Mon State Party – NMSP) သည် မွန်ဒေသ၏ အဓိက လက်နက်ကိုင်အဖွဲ့အဖြစ် ၁၉၅၈ နှစ်များ ကတည်းက ရပ်တည်ခဲ့သည်။[270] ၁၉၉၅ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့ပြီး မွန်ပြည်သူလူထု အများအပြားမှီခိုနေထိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ နှစ်ခုကို အုပ်ချုပ်လျက်ရှိသည်။[271] မွန်ပြည်သစ်ပါတီမှ ခွဲထွက်အဖွဲ့ငယ်များရှိပြီး အချို့က ပြည်သူ့စစ်အသွင်ပြောင်းသွားပြီး အချို့က အစိုးရနှင့် ဆက်လက် တိုက်ခိုက်နေဆဲဖြစ်သည်။[272] သို့သော်လည်း ယင်းအဖွဲ့များသည် ၎င်းတို့ စိုးမိုးရာဒေသများတွင် အုပ်ချုပ်ရေးစနစ်ခိုင်ခိုင်မာမာ ထူထောင်ထားနိုင်ခြင်းမရှိသလို အတင်းအကြပ်ပြုမှုများ၊ ရာဇဝတ်မှုများ ကျူးလွန်ခြင်းကြောင့် လူသိများသည်။[273] မွန် နယ်ခြားစောင့်တပ်မရှိ။

မွန်ပြည်သစ်ပါတီက မွန်လူမျိုးများနေထိုင်ရာ မွန်၊ ကရင်၊ တနင်္သာရီဒေသများကို ခရိုင် ၃ ခု ခွဲ ထားသည်။ ၎င်းတို့မှာ သထုံ၊ မော်လမြိုင်နှင့် ၎င်း၏ ဌာနချုပ်နေရာ ထားဝယ်ခရိုင်တို့ဖြစ်ပြီး မြို့နယ် သုံးခုစီ ရှိသည်။ မြိတ်ကို ယခင်က ခရိုင် ၄ အဖြစ်သတ်မှတ်ခဲ့သော်လည်း ၁၉၉၅ အပစ်အခတ်ရပ်စဲရေး အပြီးတွင် နယ်မြေလက်လွှတ်လိုက်ရသဖြင့် ယင်းခရိုင်ကို ထားဝယ်ခရိုင်အုပ်ချုပ်မှုအောက်သို့ သွင်းလိုက်သည်။ ခရိုင်များအားလုံး၏ သတ်မှတ်ချက်များသည် KNU ခရိုင်သတ်မှတ်ချက်များနှင့် အတော်များများထပ်နေပြီး အတိအကျသတ်မှတ်ထားသည့် နယ်နိမိတ်များမရှိပါ။[274]

မွန်ပြည်နယ်၏ ထိုင်းနှင့်ထိစပ်နေသော သေးငယ်သည့်နယ်နိမိတ်၏ နေရာအများစုမှာ အစိုးရကသတ်မှတ်ထားသော ရေးမြို့နယ်အတွင်း ကျရောက်နေသည်။ ရေးမြို့နယ်ကို နှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ်မှ နယ်မြေအပိုင်းငယ်တစ်ခုကို မွန်ပြည်သစ်ပါတီက အပြည့်အဝ ထိန်းချုပ်ထားသည်။ ၁၉၉၅ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အပစ်အခတ်ရပ်စဲရေးဇုန်များ သတ်မှတ်သဘောတူခဲ့သော်လည်း အထူးဒေသအဖြစ် သတ်မှတ်ခြင်းမခံရပါ။[275] ထိုနယ်မြေ များတွင် ရပ်ရွာခေါင်းဆောင်များက အသိအမှတ်ပြုရသည့် ... 

အစီရင်ခံရသည့် တစ်ဦးတည်းသော အာဏာပိုင်မှာ မွန်ပြည်သစ်ပါတီ ဖြစ်သည်။ တပ်မတော်ကိုလည်း ကြိုတင်သဘောတူ စီစဉ်ထားမှုမရှိပဲ ၎င်းနယ်မြေများသို့ ဝင်ရောက်ခွင့်မပြုပေ။

မွန်ပြည်သစ်ပါတီအနေဖြင့် ဒေသတွင်းမှ မွန်ရပ်ရွာများ - အထူးသဖြင့် မွန်-ကရင် နယ်စပ်- တွင် ဩဇာလွှမ်းမိုးမှုရှိသော်လည်း လွတ်လွတ်လပ်လပ် အုပ်ချုပ်နိုင်သည်ကနည်းသည်။ ၎င်း၏ ရပ်ရွာများနှင့်ဆက်ဆံရေးကို အစိုးရနှင့်ညှိနှိုင်းရယူထားခြင်းဖြစ်သည်။ လူမှုရေးဝန်ဆောင်မှုများပံ့ပိုးခြင်း၊ တရားစီရင်ရေး နှင့် အခွန်ကောက်ခြင်းတို့ကို ဆောင်ရွက်သည်။ ထိုဒေသမှ ရပ်ရွာ များသည် မွန်ပြည်သစ်ပါတီ၊ အစိုးရ၊ အချို့ရပ်ရွာများတွင် ကရင်လက်နက်ကိုင်အဖွဲ့များနှင့်ပါ ထိတွေ့ဆက်ဆံကြရသည်။ ၁၉၉၅ ခုနှစ် နောက်ပိုင်းမှစပြီး အစိုးရ၏အုပ်ချုပ်မှု ခိုင်ခိုင်မာမာရှိလာသည့် ရွာအရေအတွက် များပြားလာသည်ကို မွန်ပြည်သစ် ခေါင်းဆောင်များက ထုတ်ဖော်ပြောဆိုခြင်းများရှိသည်။[276] မွန်ပြည်သစ်ပါတီ အနေဖြင့် မြိတ်ခရိုင်တွင် အပစ်အခတ်ရပ်စဲရေးနယ်မြေ ရယူနိုင်ခြင်းမရှိခဲ့သော်လည်း တပ်မတော် က အပြည့်အဝ မထိန်းချုပ်နိုင်မီ ပြန်လည်နေရာယူနိုင်ရန် တစ်ကြိမ်ကြိုးစားခဲ့ရာမှ တိုက်ပွဲများဖြစ်ပွားခဲ့သည်။[277]

[269] ယခု ပြည်ခိုင်ဖြိုး အမတ်ဖြစ်နေသော ပဒိုအောင်ဆန်း ဦးဆောင်သည့် အဖွဲ့ကဲ့သို့သော ပြည်သူ့စစ် အဖွဲ့ငယ်များ ကရင်ပြည်နယ်တွင် ရှိသည်။

[270] မွန်ဒေသ ဟုဆိုရာတွင် မွန်လူမျိုးများနေထိုင်သည့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ် နှင့် ကရင်ပြည်နယ် တို့ပါဝင်သည်။

[271] NMSP သည် ထိုသူတို့အတွက် လူမှုရေးဝန်ဆောင်မှုများကို အများဆုံး ပေးနေသော အဖွဲ့အစည်းဖြစ်သည်။ NMSP မှပေးသော ဝန်ဆောင်မှုများအကြောင်း ခြုံငုံသုံးသပ်ချက် အသေးစိတ်ကို Jolliffe (2014) တွင် ဖော်ပြထားပါသည်။

[272] လက်ရှိလှုပ်ရှားနေသည့် အဖွဲ့များအမည်စုံစမ်းမရပါ။ ယခင်ကာလများကတော့ အစိုးရတည်ထောင်ထားပေးသည့် ပြည်သူ့စစ်အဖွဲ့ငယ်များက ရတနာ ဂတ်စ်ပိုက်လိုင်း နေရာတချို့တွင်ရှိသည်။ မွန်ပြည်သစ်ပါတီ ခွဲထွက် အဖွဲ့ နှစ်ဖွဲ့ကိုလည်း ပံ့ပိုးမှုများပြုလုပ်ခဲ့သည်။ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့၊ နိုင်ဆိတ်ချန်ငြိမ်းချမ်းရေးအဖွဲ့ တို့ဖြစ်သည်။ ၁၉၉၅ ခုနှစ် အပစ်အခတ်လက်မှတ်ရေးထိုးပြီးနောက်တွင် အစိုးရကိုဆက်လက်တော်လှန်ရန်အတွက် နိုင်လိုင် ဦးဆောင်သည့် မွန်အမျိုးသားစစ်သည် တပ်မတော် နှင့် နှင့် ဟံသာဝတီပြည်လည်ထူထောင်ရေး ပါတီတို့ ခွဲထွက်ပေါ်ပေါက်လာသည်။

[273] မကြာသေးမီက မွန်လက်နက်ကိုင်ခွဲထွက်အဖွဲ့ငယ်မှ ကျူးလွန်ခဲ့သော ရာဇဝတ်မှုဥပမာအတွက် IMNA, *'Army Allows People Back into Mon Forest'*, 8 June 2015 ကိုကြည့်ပါ။ http://www.bnionline.net/news/mon-state/item/553-army-allows-people-back-into-mon-forest.html တွင် ရယူနိုင်ပါသည်။

[274] မွန်ပြည်သစ်ပါတီ အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်သည့် အချက်အတော်များများကို အလုပ်အမှုဆောင် ကော်မတီများ ထံမှ စုံစမ်းရယူခြင်းဖြစ်ပြီး အခြားအချက်အလက်များကိုတော့ South (2005)၊ 'The NMSP in the 1990s: Structure, Leadership and Administration' အခန်း (စာမျက်နှာမသိ) မှ ကိုးကားသည်။

[275] ကရင်ပြည်နယ်နှင့် ထပ်နေသည့် ထိန်းချုပ်နေရာမှာ ဘုရားသုံးဆူလမ်းထိဖြစ်သည်။ ဘုရားသုံးဆူသည် မွန်ပြည်သစ် ပါတီ ဌာနချုပ်နေရာဟောင်းဖြစ်သည်။

[276] အချို့သောနယ်မြေများတွင် မွန်ပြည်သစ်ပါတီ ကြီးကြပ်မှုဖြင့် ရွေးချယ်ခံရသည့် ကျေးရွာခေါင်းဆောင်များ အဖမ်းခံရ သည်များရှိသဖြင့် အစိုးရခန့်ထားသည့် ကျေးရွာခေါင်းဆောင်ကို လက်ခံ၊ ပူးပေါင်းဆောင်ရွက်လိုက်ရသည်များလည်း ရှိသည်။ ၂၀၁၅ မေတွင် မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင် တစ်ဦးနှင့် မေးမြန်းချက်။

[277] Mon News, 'Government soldiers kill 2 NMSP soldiers during unprovoked attack', 18 July 2013; http://monnews.org/2013/07/18/government-soldiers-kill-2-nmsp-soldiers-during-unprovoked-attack/ တွင် ဖတ်ရှုနိုင်သည်။

မွန်ပြည်သစ်ပါတီတွင် ပါလီမန်စနစ်သုံးနိုင်ငံများမှ နိုင်ငံရေးပါတီများကဲ့သို့သော ပါတီဝင်စနစ်ရှိသည်။ ပါတီဝင်အဖြစ်လျှောက်ထားနိုင်သည် သိမ်းသွင်းခံရနိုင်သည် ပါတီဝင်ဖြစ်ပြီးနောက်ပိုင်းတွင် ပါတီကွန်ညီလာခံများနှင့် ခေါင်းဆောင်ရွေးချယ်တင်မြှောက်ပွဲများတွင် ပါဝင်နိုင်သည်။ လေးနှစ်တစ်ကြိမ် မြို့နယ်တစ်ခုချင်းမှ ပါတီကိုယ်စားလှယ်များက ဦးဆောင်ကော်မတီကို ရွေးသည်။ ဦးဆောင်ကော်မတီက ၄င်း တို့ခရိုင်အတွက် ကော်မတီကိုရွေးသည်။ ခရိုင်ကော်မတီက ၂၇ ဦးပါ ဗဟိုကော်မတီ နှင့် ၉ ဦးပါ အလုပ် အမှုဆောင်ကော်မတီကိုရွေးသည်။ KNU စနစ်နှင့်မတူသည့်အချက်မှာ ပါတီ၏ လက်နက်ကိုင်တပ်မှ အလိုအလျောက်ပါဝင်ခွင့်မရှိခြင်းဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် ကျေးရွာခေါင်းဆောင်နှင့် ၄င်း၏ကော်မတီများ၊ တရားရေးအဖွဲ့များကို ရပ်ရွာက ကိုယ်တိုင်ရွေးချယ်သည်။ ထိုကဏ္ဍများတွင် ရွေးချယ်ခံရန် ပါတီဝင်ဖြစ်ရန်မလိုပေ။ ထိုရွေးကောက်ပွဲများကို ကျေးရွာအစည်းအဝေးများတွင် အများသဘောတူညီချက်ဖြင့် သို့မဟုတ်၊ တစ်အိမ်ထောင် တစ်မဲစနစ်ဖြင့်ပြုလုပ်သည်။[278] အခြားကျေးလက်ဒေသများကဲ့သို့ပင် လူသိများထင်ရှားကာ ယုံကြည်မှုအပြည့်ရှိသူ ပုဂ္ဂိုလ်များက ဝင်ရောက်ယှဉ်ပြိုင်သည့်ကိစ္စများသည်လည်း အဆန်းမဟုတ်ပေ။

အလုပ်အမှုဆောင်ကော်မတီက အဓိက ဌာန သုံးခုကို ကြီးကြပ်သည်။ ကာကွယ်ရေး (မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - Mon National Liberation Army) ပါတီရေးရာနှင့် အုပ်ချုပ်ရေးဌာနများ ဖြစ်သည်။ ပါတီရေးရာ တွင် နိုင်ငံရေးမူဝါဒများ၊ ပါတီဝင်မှတ်ပုံတင်ခြင်း နှင့် နိုင်ငံရေးသင်တန်းပို့ချခြင်းများ၊ ပြည်သူလူထု အသိအမြင်ပွင့်လင်းရေး၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပါဝင်သည်။ အုပ်ချုပ်ရေးဌာနက အခြားဌာန ၈ ခုကို စီမံသည်။

- အခွန်
- စိုက်ပျိုးရေး
- သစ်တော
- ပညာရေး (မွန်အမျိုးသား ပညာရေးဌာနနှင့် ကော်မတီ)
- သာသနာရေး
- ကျန်းမာရေး (မွန်အမျိုးသား ကျန်းမာရေးကော်မတီ)
- တရားစီရင်ရေး (မူးယစ်ဆေးဝါးကိစ္စများ အပါအဝင်)
- ထောက်ပို့ (အဖွဲ့ဝင်များအတွက် စားနပ်ရိက္ခာများ စီမံသည်)

အုပ်ချုပ်ရေးဌာနသည် မွန် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (Mon Relief and Development Committee)၊ မွန်အမျိုးသမီးအဖွဲ့အစည်းနှင့် ရာမညငြိမ်းချမ်းရေးဖောင်ဒေးရှင်းကဲ့သို့သော မွန်အရပ်ဖက်လူ့အဖွဲ့အစည်းများပေါ်တွင် တရားဝင်အာဏာသက်ရောက်မှု အားနည်းပြီး အဖွဲ့အသီးသီးပေါ် ဩဇာသက်ရောက်မှုများကွဲပြားသည်။

ခရိုင်ကော်မတီများကို ခရိုင်ဥက္ကဋ္ဌက ဦးဆောင်သည်။ ခရိုင်အဆင့်ဖွဲ့စည်းထားသော ကာကွယ်ရေး၊ ပါတီရေးရာ နှင့် အုပ်ချုပ်ရေးပိုင်းကိုလည်း ခရိုင်ဥက္ကဋ္ဌကပင် တာဝန်ယူကြီးကြပ်ရသည်။ ခရိုင်၏အထက်တွင် ဗဟိုမှချုပ်ကိုင်မှု အတော်အတန်နည်းပါးသော်လည်း မြို့နယ်များပေါ်တွင်မူ ခရိုင်၏ထိန်းချုပ်မှုဩဇာ ကြီးမားသည်။ မြို့နယ်များတွင်လည်း အလားတူဌာနများရှိသော်လည်း နယ်မြေနေရာလိုက်ပြီး လှုပ်ရှားသည့် ဌာနအရေအတွက်ကွဲပြားသည်။

## ၅.၃ ကယားပြည်နယ်

ကယားပြည်နယ်၏ဝေးလံသည့်ဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အများအပြား အားပြိုင်နေကြပြီး အထင်ရှားဆုံး၊ နိုင်ငံရေးအရ အတက်ကြွဆုံးမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (Karenni national Progressive Party - KNPP) ဖြစ်သည်။ KNPP တွင် အခြေခံနယ်မြေ အနည်းငယ်သာရှိသောလည်း ရှားတောနှင့် ဖားဆောင်းမြို့နယ် များတွင် ရွှေ့လျားတပ်များ၊ စခန်းများချထားနိုင်သည်။ ကျေးရွာအဆင့်ခေါင်းဆောင်မှု ပုံစံဖြင့် အုပ်ချုပ်ရေးစနစ်ကို နေရာအတော်များများတွင် ဖြန့်ချထားနိုင်ပြီး လူမှုရေးဝန်ဆောင်မှုများကိုလည်း ပံ့ပိုးလျက်ရှိသည်။[279] အစိုးရနှင့် သဘောတူထားသည့် လှုပ်ရှားနယ်မြေအချို့လည်းရှိသည်။[280] ဤစာတမ်းတွင် KNPP အုပ်ချုပ်ရေး စနစ်နှင့် ပတ်သက်ပြီး သတင်းအချက်အလက် အနည်းငယ်သာ စုစည်းရရှိပါသည်။ KNPP တွင်အမှန်တကယ် လှုပ်ရှားဆောင်ရွက်နေသော ဌာန ၈ ခုရှိသည်။[281] ၄င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

- အုပ်ချုပ်ရေး
- လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ

[278] နယ်မြေအလိုက် စနစ်တကျဆောင်ရွက်နိုင်မှုအခြေအနေကွဲပြားသည်။ သို့သော်လည်း လွတ်မြောက်နယ်မြေမှ IDP ရပ်ရွာများတွင် စာတမ်းရှင်ဆောင်ရွက်ခဲ့သည့် အင်တာဗျူးများအရ ရွေးကောက်ပွဲကို နေရာအနှံ့ဆောင်ရွက်နိုင်သည်ဟု ဆိုသည်။

[279] KNPP မှပေးသော လူမှုဝန်ဆောင်မှုများအကြောင်း အသေးစိတ်သုံးသပ်ချက်ကို Jolliffe (2014) တွင် ဖော်ပြထားပါသည်။

[280] မည်သည့်အချိန် မည်ကဲ့သို့ သဘောတူထားသည်မှာ မရှင်းပါ။ အစိုးရနှင့် ပြည်ထောင်စု အဆင့်ဆွေးနွေးပွဲများ ပြုလုပ်ပြီး နောက်ပိုင်းတွင်ထိုကဲ့သို့သော သဘောတူညီချက်များထွက်လာခြင်းဖြစ်သည်။ သို့သော်လည်း ထိုအချက်များကို ဇွန် ၂၀၁၃ အချက် ၈ ချက်ပါ သဘောတူညီချက်တွင် ထည့်သွင်းထားခြင်းမရှိပါ။

[281] အခြားနိုင်ငံတကာသုတေသနပညာရှင်တစ်ဦး၏အဆိုအရ KNPP တွင် ဌာနစုစုပေါင်း ၁၀ ခုရှိသော်လည်း အားလုံးကို သိရှိခြင်းမရှိကြပါ (သတင်းအချက်အလက်ကို ၂၀၁၂ ဇွန်လက အီးမေးလ်မှတဆင့် ပေးပို့ခဲ့ခြင်းဖြစ်ပါသည်)။ KNPP သည် ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (Karenni Social Welfare and Development Committee)၊ ကရင်နီအမျိုးသမီးအဖွဲ့အစည်း (Karenni National Women’s Organization) စသည့် အခြား ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလုပ်ကိုင်ခြင်းများရှိပါသည်။

- ဥပဒေရေးရာ
- ပညာရေး
- ကာကွယ်ရေး (ကရင်နီတပ်မတော်)
- စီမံကိန်း
- နိုင်ငံခြားရေး
- ကျန်းမာရေး

ဗကပ နှင့် မဟာမိတ်ဖွဲ့ခဲ့သည့် ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦးသည် နယ်ခြားစောင့်တပ် ၁၀၀၄ - ၁၀၀၅ များအဖြစ် အသွင်ပြောင်းသွားခဲ့ပြီး မယ်စဲ့မြို့နယ်၊ ဖရူဆိုမြို့နယ်နှင့် လွိုင်ကော်မြို့နယ်မြောက်ဘက်ခြမ်း တွင် အဓိက အာဏာပိုင်များ အဖြစ် အစိုးရအာဏာပိုင်များ နှင့် ပူးပေါင်းပြီး အုပ်ချုပ်ရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိနေသည်။ လူမှုရေးဝန်ဆောင်မှုအတွက် ၄င်းတို့ကိုယ်ပိုင် ဆေးပေးခန်းတစ်ခုကို ဖွင့်ထားပေးသော်လည်း ယင်းအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ရန်ဖြစ်သည်။ ထို့အတူပင် ဖားဆောင်းမြို့နယ်မှ မော်ချီးသတ္တုတွင်းသည်လည်း လက်နက်ကိုင်အဖွဲ့အများအပြားက နယ်မြေပိုင်ဆိုင်ရေးနှင့် ပတ်သက်ပြီး အရှုပ်အရှင်းများသည့် နေရာဖြစ်သည်။ ထိုအဖွဲ့အများစုမှာ နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ကြသူများဖြစ်သည်။ သို့သော် ၄င်းတို့၏ စီးပွားရေးအကျိုးအမြတ်ကိုသာ ကာကွယ်ရန် အဓိကထားသူများ ဖြစ်ပြီး လူထုနှင့် ဆက်ဆံရေးနည်းသည့် အဖွဲ့များဖြစ်သည်။[282] ကယားပြည်နယ်အတွင်းရှိ အခြား အပစ်အခတ်ရပ်စဲထားသော အဖွဲ့ငယ်များနှင့် ပြည်သူ့စစ်များတွင် ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP)၊ ကရင်နီအမျိုးသားကြံ့ခိုင်ရေးအစည်းအရုံး (Karenni National Solidarity Organization - KNSO)၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ်မတော် (KNDA) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ဟိုယား)တို့ လည်းပါဝင်သည်။

ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်တွင် အခြေစိုက်လှုပ်ရှားသော ကယန်းလက်နက်ကိုင် နှစ်ဖွဲ့ရှိပြီး တစ်ခါတစ်ရံတွင် ကယားပြည်နယ်အတွင်း၌လည်း လှုပ်ရှားသည်။ ၄င်းနှစ်ဖွဲ့မှာ ကယန်းအမျိုးသားလွတ်မြောက်ရေးပါတီ (Kayan National Liberation Party) နှင့် ကယန်းအမျိုးသားလုံခြုံရေးတပ် (Kayan National Guard - KNG) တို့ဖြစ်သည်။ ကယန်းအမျိုးသား လွတ်မြောက်ရေးပါတီသည် ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရယူပြီးနောက် အရွယ်အစားသေးငယ် အားလျော့လာခဲ့သော်လည်း လွိုင်ကော်မြို့နှင့် ဖယ်ခုံမြို့ကြား လမ်းမကြီးဘေးရှိ ရွာတစ်ရွာတွင် စစ်စခန်းတစ်ခုကို ထိန်းထားနိုင်သေးသည်။[283] ၄င်းအဖွဲ့သည် စီးပွားရေး လုပ်ငန်းများအဓိကလုပ်ကိုင်သော်လည်း အနီးအပါးမှ ကျေးရွာများနှင့် ဆက်ဆံရေးကိုထိန်းထားပြီး ကယန်းအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိသည်။ နောက်အဖွဲ့ဖြစ်သော ကယန်းအမျိုးသားလုံခြုံရေးတပ်သည် ပြည်သူ့စစ်အဖွဲ့တစ်ခုဖြစ်ပြီး နယ်စပ်အနီးတွင် တပ်စခန်းအသေး တစ်ခုကို ထားရှိသည်။ KNG နှင့် ရပ်ရွာခံလူထု၏ ဆက်ဆံရေးအကြောင်းကို သိရှိမှုအလွန်နည်းသော်လည်း ကယန်းလူမှုရေးလှုပ်ရှားသူတစ်ယောက်မှ *မြန်မာတိုင်းစ်* သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် '[ဒေသတွင်းက] လူတွေအားလုံး KNG ကိုကြောက်ကြတယ်' ဟု ပြောကြားခဲ့ဖူးသည်။[284]

## ၅.၄ သုံးသပ်ချက်

ဆယ်စုနှစ် ခုနှစ်စုနီးပါး ကြာခဲ့သည့်နောက်ပိုင်း ကရင်ဒေသမှ အပစ်အခတ်ရပ်စဲရေးအသစ်များ၏ အခြေအနေမှာ အထူးသတိထားရမည့် အခြေအနေဖြစ်နေသည်။ ယင်းအပေါ်မှီထားသည့် နယ်မြေဆိုင်ရာစီမံမှုများမှာလည်း အလွန် အကဲဆတ်သော ပြဿနာဖြစ်လျက်ရှိသည်။ လျင်မြန်စွာဖြစ်ပေါ်နေသည့် ဖွံ့ဖြိုးမှုများနှင့်အတူ အစိုးရသည်လည်း ၄င်း၏ အုပ်ချုပ်ရေးစနစ်ကို အပစ်အခတ်ရပ်စဲထားသည့်နေရာများသို့ ချဲ့ထွင်လျက်ရှိသည်။ KNU ကလည်း DKBA နယ်မြေများတွင် စင်ပြိုင်အုပ်ချုပ်ရေးစနစ်ကို ပြန်လည်အသက်သွင်းနေသည်။

အရှေ့တောင်ပိုင်းတလျောက်လုံးမှ ရပ်ရွာများသည် တရားဝင်မှုပုံစံအမျိုးမျိုး ကွဲပြားနေသည့် အာဏာပိုင်အမျိုးမျိုး၏ စင်ပြိုင်စိုးမိုးမှုအောက်တွင် ကျရောက်လျက်ရှိသည်။ နယ်မြေအားလုံးကို စနစ်တကျ စုစည်းနိုင်သည့် အုပ်ချုပ်ရေးစနစ် မရှိခြင်း၊ သို့မဟုတ် တိကျသည့်နယ်မြေခွဲခြားသတ်မှတ်မှုများ မရှိခြင်းကြောင့် ဒေသခံရပ်ရွာများအနေနှင့် အခွန်အတုတ်အမျိုးမျိုး ထမ်းဆောင်ရသကဲ့သို့ အပြိုင်အဆိုင်ဖြစ်နေသည့် လက်နက်ကိုင်များနှင့် သင့်မြတ်အောင် နေထိုင်ရ သောကြောင့် ဝန်ပိနေသည်။

---

[282] ဥပမာ အားဖြင့် နယ်ခြားစောင့်တပ်ခေါင်းဆောင် ဦးအောင်ကျော်၏ အရှေ့သံလွင်ကုန်သွယ်ရေး ကုမ္ပဏီ၏ သတ္တုတွင်းများကို အကာအကွယ်ပေးရန်အတွက် နယ်ခြားစောင့်တပ် ၁၀၀၅ တွင် စခန်းငယ်အများအပြားရှိသည်။ ယင်း စခန်းငယ်များသည် ဌာနချုပ်နေရာမှ ဝေးကွာသည့် နေရာများတွင် လာရောက်နေရာယူထားခြင်းဖြစ်သည်။ ထိုနယ်မြေတွင် တပ်မတော်မှ ဗိုလ်မှူးဟောင်း၊ ဒေသခံ လွှတ်တော်အမတ်၊ ကယားပြည်နယ်သတ္တုတွင်းလုပ်ငန်း ကုမ္ပဏီ ပိုင်ရှင် ဦးရဲထွန်းတင်ခေါင်းဆောင်သည့် ပြည်သူ့စစ်အဖွဲ့ငယ်၏အခြေစိုက်နေရာလည်းဖြစ်သည်။ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက် သည်လည်း KNPP ခွဲထွက်အဖွဲ့ဖြစ်သော ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့နှင့် ဖက်စပ် သတ္တု ထုတ်သည်။ ယင်းအဖွဲ့၏ ဌာနချုပ်စခန်းမှာ ဖားဆောင်းမြို့နယ် သံလွင်မြစ်ကမ်းပေါ်တွင်ဖြစ်သည်။

[283] အတည်ပြုချက်မရနိုင်သေးသည့်သတင်းများအရ ပန်ခမ် နှင့်လွိုင်ကော်ကြား၊ ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်တွင် လည်းနေရာယူထားကြောင်းသိရသည်။

[284] ၂၀၁၅ ခုနှစ် ဇွန်လတွင် ဖြစ်ပွားခဲ့သော ဒေသခံပြည်သူ သုံးယောက်အား ပြည်သူ့စစ်အဖွဲ့မှ သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်ကာ လူမှုရေးလှုပ်ရှားသူများက ဖြေဆိုထားခဲ့ခြင်းဖြစ်သည်။ Matthew Baudey and Caroline Oudot, *'Villagers afraid to break silence over militia murder allegations'* 3 June 2015; http://www.mmtimes.com/index.php/national-news/14828-villagers-afraid-to-break-silence-over-militia-murder-allegations.html တွင်ဖတ်ရှုနိုင်သည်။

နိုင်ငံရေးအခင်းအကျင်းသစ်နှင့် အကျွမ်းတဝင်မရှိသည့်၊ နားမလည်သည့် နေရပ်ပြန်မည့် စွန့်ခွာတိမ်းရှောင်သူများ နှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများအနီးသို့ ပြန်လည်နေထိုင်မည့်သူများမှာ ထိုဝန်ထုတ်ဝန်ပိုးများ၏ဖိစီးမှုကို အများဆုံး ခံရနိုင်သူများဖြစ်သည်။

ဒေသတွင်းတည်ငြိမ်မှုမရှိခြင်းနှင့် မည်သည့်အာဏာပိုင်ကို အသိအမှတ်ပြုဆက်ဆံရမည်ကို မခွဲခြားနိုင်သော အနေအထားသည် နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း အခက်တွေ့စေသည်။ ထိုကဲ့သို့မသေချာမှုများက အစိုးရ၏ အလုံးစုံပြုပြင်ပြောင်းလဲရေးကို ကူညီဆောင်ရွက်မှုများ၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုများ၊ အားလုံးအကျိုးခံစားနိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပေါ်ပေါက်လာရန် အားထုတ်မှုများကို အဟန့်အတား ဖြစ်စေသည်။ ဖော်ပြပါကိစ္စရပ်များကို ကူညီမည့် နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် အစိုးရတစ်ဖွဲ့တည်းဖြင့်သာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်မည်ဆိုပါက ပဋိပက္ခများကို ပိုမိုဆိုးရွားစေနိုင်ပါသည်။

## အပိုင်း ၆ - ရှမ်း (တောင်) နှင့် ရှမ်း (အရှေ့) ရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒေသန္တရအုပ်ချုပ်ရေး

ရှမ်း(တောင်) နှင့် ရှမ်း(အရှေ့) သည် လွတ်လပ်ရေးမရမီကာလများကပင် လက်နက်ကိုင်ပဋိပက္ခများဖြင့် ပြည့်နေသည့် နေရာများဖြစ်သည်။ လူထုကိုအုပ်ချုပ်နိုင်၊ နယ်မြေများထိန်းချုပ်ထားနိုင်သည့် အဓိက အဖွဲ့ကြီးများ၏ အစိုးရနှင့်ဆက်ဆံရေးမှာ အသွင်အမျိုးမျိုးဖြင့်ရှိနေသည်။ ၂၀၁၅ ခုနှစ်တွင်မှ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကြောင့် ဒေသတည်ငြိမ်မှုကို အတိုင်းအတာ တစ်ခုထိပံ့ပိုးပေးနိုင်ခဲ့သည်။ ယခုအပိုင်းတွင် အဖွဲ့များထိန်းချုပ်ထားသည့် သို့မဟုတ် အာဏာဖြန့်ကျက်ထားနိုင်သည့် နယ်မြေများအကြောင်းကို ၄င်းတို့တည်ထောင်ထားသည့် အုပ်ချုပ်ရေး ပုံစံနှင့်တကွဖော်ပြသွားမည်ဖြစ်သည်။ ဇယား ၈ တွင် အင်အားကြီး တိုင်းရင်းသားလက်နက်ကိုင်များ၏ အုပ်ချုပ်နယ်မြေနှင့်ပတ်သက်ပြီး အတိုချုပ်ဖော်ပြထားသည်။ ဇယား ၉ တွင် ထိုဒေသမှ လူသိများသည့် ပြည်သူ့စစ်များစာရင်းကိုဖော်ပြထားသည်။ ရှမ်းပြည်တောင်ပိုင်းကို မြေပုံအမှတ် ၇ တွင် ကြည့်ရှုနိုင်ပြီး ရှမ်းပြည်အရှေ့ပိုင်းကို မြေပုံ ၈ တွင် ဖော်ပြထားပါသည်။

**ဇယား ၈ - ရှမ်း(တောင်ပိုင်း) နှင့် ရှမ်း(အရှေ့ပိုင်း)တို့မှ အဓိက တိုင်းရင်းသားလက်နက်ကိုင်များ**

| အဖွဲ့ (အခြေအနေ) | နယ်မြေအမျိုးအစား | အမာခံနယ်မြေများ (အခြေခံနယ်မြေများ) | လှုပ်ရှားနယ်မြေ | အုပ်ချုပ်ရေးစနစ်နှင့် ပတ်သက်သော မှတ်ချက် |
|---|---|---|---|---|
| **ပအိုဝ်းအမျိုးသားအစည်းအရုံး (PNO) (တရားဝင်နိုင်ငံရေးပါတီ) / ပအိုဝ်းအမျိုးသားတပ်မတော် (PNA) (ဌာနေပြည်သူ့စစ်)** | ၁။ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးဆောင်အဖွဲ့တွင် PNO ရွေးချယ်တင်မြှောက်ခံရသည်။ | ရှမ်းပြည်နယ်အတွင်းရှိ ပင်လောင်း၊ ဆီဆိုင် နှင့် ဟိုပုံးမြို့နယ်များ။ | - | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဦးဆောင်အဖွဲ့မှ နေရာများအားလုံးကို အနိုင်ရ ရွေးကောက်ခံထားရသည်။ |
| | ၂။ PNA နယ်နိမိတ်အတိအကျ သတ်မှတ်မထားသော တရားဝင်မဟုတ်သေးသည့် "ပူးပေါင်းရယူ" နယ်မြေများ | ဆီဆိုင်၊ ပင်လောင်းနှင့် ဟိုပုံးမြို့နယ်များ | "ပူးပေါင်းရယူ" နယ်မြေများသည် ပအိုဝ်းဒေသများဖြစ်သော တောင်ကြီး၊ ကလော၊ လွိုင်လင်၊ ညောင်ရွှေ၊ ရွာငံမြို့နယ်များတွင် လည်းရှိသည်[285] | PNA လှုပ်ရှား မှုရှိသည့် ပအိုဝ်းရပ်ရွာများ အားလုံးတွင် PNA မှ အုပ်ချုပ်ရေး စနစ်ကို ခိုင်ခိုင်မာမာ ထိန်းထားနိုင်သည်။ |
| **သျှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ (၂၀၁၁ တွင် အပစ်အခတ် ရပ်စဲ)** | နယ်နိမိတ်သတ်မှတ်မှု ကွဲပြားသော "ညှိနှိုင်းရယူ" အပစ်ရပ်နယ်မြေများ နှင့် အခြားနယ်မြေများကို "တိုက်ပွဲဝင်ရယူ" ထားသည်။ | ရှမ်းပြည်နယ်ရှိ မိုင်းတုံတောင်ပိုင်း၊ လင်းခေးနှင့် မိုင်းပန်မြို့နယ်များ၊ ကျိုင်းတုံ၏ အချို့နေရာများနှင့် လဲချားမြို့နယ်များ | ရှမ်း (တောင်)နှင့် ရှမ်း (အရှေ့)ရှိ မြို့နယ် အများစု၏ အစိတ်အပိုင်းများ၊ လွိုင်လင်အရှေ့နှင့် ကျိုင်းတုံအနောက်ပိုင်း ဒေသများ။ နမ့်ခမ်း၊ ကျောက်မဲနှင့် သီပေါမြို့နယ်များနှင့် ရှမ်းပြည် (မြောက်ပိုင်း) | အရပ်ဖက်အုပ်ချုပ်ရေး ဌာန အောက်တွင် စစ်သားများဖြင့် ဖွဲ့စည်းထားသည့် "အုပ်ချုပ်ရေး တပ်ရင်း" ၂၀ ကျော် ရှိသည်။ ထိုတပ်ရင်းများသည် ဗဟိုမှဦးစီး သည့် ဌာန ၁၃ ခုနှင့် တွဲဖက် လုပ်ကိုင်ရသော်လည်း လုပ်ပိုင်ခွင့် အတော်များများ ရှိသည်။ |
| **ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲ)** | သေချာစွာ နယ်နိမိတ်သတ်မှတ်ထားသော "ညှိနှိုင်းရယူ" အပစ်ရပ်နယ်မြေများ | မောက်မယ်မြို့နယ် အနောက်တောင်ပိုင်း | ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်မှ နေရာအချို့နှင့် ကယားပြည်နယ်ရှိ ရှားတောနှင့် လွိုင်ကော်မြို့နယ်များ | ဗဟိုအုပ်ချုပ်ရေး ယူနစ်ရှိပြီး တပ်သားများဖြင့် ဖွဲ့စည်းထားသော ဌာနဆိုင်ရာ အစုအဖွဲ့ဖြင့် အုပ်ချုပ်သည်။ |
| **ဝ ပြည်သွေးစည်း ညီညွတ်ရေးပါတီ (၁၉၈၉ တွင် အပစ်အခတ် ရပ်စဲ)** | နယ်နိမိတ် အကြမ်းမျဉ်းသာ သတ်မှတ်ထားသည့် "ညှိနှိုင်းရယူ" အပစ်ရပ်နယ်မြေ | UWSA အဓိက နယ်မြေအကြောင်း ကို ရှမ်း (မြောက်) အပိုင်းတွင် ဖော်ပြထားပါသည်။ | ဝ လူမျိုးများ နေထိုင်သော မိုင်းတုံတောင်ဘက်၊ မိုင်းဆတ်၊ လင်းခေးနှင့် တာချီလိတ် မြို့နယ်များ | အုပ်ချုပ်ရေး အစုအဖွဲ့ များကို မြို့နယ်အဆင့်၊ ကျေးရွာအုပ်စု အဆင့်၊ ကျေးရွာအဆင့် တွင် ဖွဲ့စည်းထား ပြီး ဗဟိုအဆင့် ပေါ်လစ်ဗျူရို နှင့် ဗဟိုကော်မတီသို့ သတင်းပို့ အစီရင်ခံရသည် 'ဗျူရို' ခုနစ်ခုမှ လမ်းညွှန်မှု များ ချမှတ်သည်။ |
| **အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် (ခေါ်) '*မိုင်းလားအဖွဲ့*'(၁၉၈၉ တွင် အပစ်အခတ် ရပ်စဲ)** | နယ်နိမိတ်ရှင်းလင်းစွာ သတ်မှတ်ထားသည့် "ညှိနှိုင်းရယူ" အပစ်ရပ်နယ်မြေများ | ရှမ်းပြည်နယ်ရှိ မိုင်းလားမြို့နယ်၊ မိုင်းယောင်းမြို့နယ် အစိတ်အပိုင်းများနှင့် မိုင်းယန်း မြို့နယ်များ | ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ် | မသိရှိပါ။ |

[285] ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် အခြားနေရာများတွင်လည်း PNA ရှိသည်။

ဇယား ၉ - ရှမ်း(တောင်) နှင့် ရှမ်း (အရှေ့)တွင် လူသိများသည့် ပြည်သူ့စစ်အဖွဲ့ငယ်များ

| အမည် | နေရာဒေသ |
| --- | --- |
| "မိုင်းဖွန်" ဌာနေပြည်သူ့စစ် (ယခင် RCSS ၏ တပ်ရင်းအမှတ် ၇၅၈)[286] | ရှမ်းပြည်နယ်ရှိ လဲချားနှင့် နမ့်စန် မြို့နယ်များ |
| *"မက်ကြိုင်"* သို့မဟုတ် *"မှာကရမ်"* (မန်ကျည်း ကိုရှမ်းအခေါ်အဝေါ်ဖြင့် ခေါ်ခြင်းဖြစ်သည်) ပြည်သူ့စစ် | ရှမ်းပြည်နယ်ရှိ နမ့်စန်မြို့နယ် |
| ရှမ်းပြည်နယ်တောင်ပိုင်း ပြည်သူ့စစ် (*မဟာဂူ* ပြည်သူ့စစ်) | ရှမ်းပြည်နယ်ရှိ ဟိုမိန်း "မြို့နယ်ခွဲ"၊ လင်းခေးမြို့နယ် |
| အရွယ်မျိုးစုံရှိသည့် မရေတွက်နိုင်သော လားဟူ၊ အခါ နှင့် ရှမ်း ပြည်သူ့စစ်များ | ရှမ်းပြည်နယ်ရှိ မိုင်းပန်၊ လင်းခေး၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယောင်း၊ မိုင်းယန်းနှင့် တာချီလိတ်မြို့နယ်များ |
| နယ်ခြားစောင့်တပ် ၁၀၀၇ (လားဟူ) | ရှမ်းပြည်နယ် မိုင်းတုံမြို့နယ် |
| နယ်ခြားစောင့်တပ် ၁၀၀၈ (အခါ) | ရှမ်းပြည်နယ် မိုင်းယောင်းမြို့နယ် |
| နယ်ခြားစောင့်တပ် ၁၀၀၉ (လားဟူ) | ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် |

## ၆.၁ ပအို့ဝ်အမျိုးသားအစည်းအရုံး

ပအို့ဝ်အမျိုးသားအစည်းအရုံး (Pa-O National Organisation - PNO) သည် မြန်မာနိုင်ငံရှိ သက်တမ်းအရင့်ဆုံး လက်နက်ကိုင်အဖွဲ့များ စာရင်းတွင်ပါသည်။[287] လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ပအို့ဝ်ရေးရာများနှင့် ပတ်သက်ပြီး ဆောင်ရွက်နိုင်ရန် အစိုးရနှင့် ပူးပေါင်းထားနိုင်ခဲ့သည်။ လက်ရှိတွင် ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၎င်း၏ ဌာနေပြည်သူ့စစ် ပအို့ဝ်အမျိုးသားတပ်မတော် (Pa-O National Army - PNA) ဖြင့် ထိန်းချုပ်လျက်ရှိသည်။ နိုင်ငံတော်၏ 'ရှောင်လွှဲ မရသောလွှမ်းမိုးမှုကို အကောင်းမြင်ဖြင့်လက်ခံခြင်း' ('pragmatic acceptance')ဟု Callahan က သတ်မှတ်ထား သကဲ့သို့ပင် PNO က အစိုးရနှင့် ပူးပေါင်းနိုင်သည့် ပုံစံ၊ စနစ်များကို နှစ်ပေါင်းများစွာကတည်းကပင် ပြင်ဆင်ထားနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပိုမိုစနစ်တကျဖြစ်လာခဲ့သည်။ PNO ၏ ရှမ်းတို့ဩဇာကို တွန်းလှန် လိုသည့် အခြေခံသဘောကြောင့် ထိုကဲ့သို့ပူးပေါင်းမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ခုခံတိုက်ခိုက်ခြင်းထက် နိုင်ငံတော်နှင့် အပြန်အလှန် ဆက်ဆံခြင်းက ပိုအကျိုးရှိသည့် အနေအထားမျိုး ဖြစ်လာခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ PNA သည် ပါတီမှ ခွဲထွက်ပြီး ဌာနေပြည်သူ့စစ်အဖြစ် ၂၀၀၉ ခုနှစ်တွင်ပြောင်းလဲခဲ့သည်။ တတိယအင်အား အဖြစ် ပါရမီဖွံ့ဖြိုးရေးကွန်ယက် ဟူသောအမည်ဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့သည်။ နိုင်ငံတကာအကူအညီများကို လက်ခံရယူနိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။[288] အမျိုးသား လွှတ်တော်တွင် PNO က အမတ် ဆယ်နေရာရရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် သုံးနေရာ၊ ရှမ်းပြည်နယ်လွှတ်တော်တွင် ခြောက်နေရာရရှိခဲ့သည်။ ပအို့ဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကို ဦးဆောင်သည့်အဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းအဖွဲ့တွင် PNO ခေါင်းဆောင် ခွန်စံလွင်က ဥက္ကဋ္ဌ ဖြစ်သည်။ လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင်မူ NLD နှင့် အခြားပါတီများ နေရာအချို့တွင် အနိုင်ရနိုင်သဖြင့် အခြေအနေများပြောင်းသွားနိုင်သည်။ အနိုင်ရ အမတ်များသည် ပအို့ဝ်လူမျိုးများ မဟုတ်သည့်တိုင် ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို စီမံမှုများပြုလုပ်နိုင်မည်ဖြစ်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပတ်သက်ပြီး PNO ၏ အုပ်ချုပ်ရေးအာဏာသက်ရောက်မှုမှာ အနည်းငယ်သာရှိသည်။ စီမံရေးရာ၊ လူမှုဝန်ဆောင်မှုပိုင်း နှင့် အခြားသော အုပ်ချုပ်ရေးဖွဲ့စည်းပုံ အားလုံးမှာ အစိုးရထိန်းချုပ်သည့်မြို့နယ်များနည်းတူ ထွေ/အုပ်က အဓိကတာဝန်ယူထားသည် (အပိုင်း ၃ ကိုကြည့်ပါ)။[289] ကျောင်းအားလုံးမှာ အစိုးရကျောင်းများဖြစ်ပြီး သင်ရိုးအားလုံးမှာလည်း မြန်မာဘာသာ သင်ရိုးဖြင့်သာ သင်ကြားသည်။ သို့သော် ဦးဆောင်အဖွဲ့အနေဖြင့် ဒေသဆိုင်ရာကိစ္စရပ်များ၊ လူမှုဝန်ဆောင်မှု တိုးတက်ရေးတို့နှင့် ပတ်သက်ပြီး အစိုးရကိုတင်ပြနိုင်သည့် လမ်းကြောင်းတစ်ခုရှိကြောင်း PNO အဖွဲ့ဝင်များ အဆိုအရ သိရသည်။ ပအို့ဝ် လူ့အဖွဲ့အစည်းနှင့် အမျိုးသားလက္ခဏာများ ထိန်းသိမ်းရန် ဘာသာရေးနှင့် ယဉ်ကျေးမှုကိစ္စရပ်များအတွက် ပြည်သူများကို လွတ်လပ်စွာ စည်းရုံးခွင့်ပြုထားသည်။ ပါတီဆိုင်ရာအချက်အလက်များကိုလည်း လွတ်လပ်စွာဖြန့်ဝေနိုင်သည်။

---

[286] မိုင်းဖွန် သည် ၂၀၁၀ ခုနှစ်တွင် RCSS ကြောင့် သေဆုံးသွားသော ခေါင်းဆောင်ဟောင်း၏ အမည်ဖြစ်သည်။ ၎င်းကိုအစွဲပြုကာ အဖွဲ့အမည်ကို မှည့်ထားခြင်းဖြစ်သည်။
[287] ပအို့ဝ်အမျိုးသား လက်နက်ကိုင်လှုပ်ရှားမှုမှာ ၁၉၄၉ တွင် စတင်ခဲ့ပြီး၊ ၁၉၇၃-၇၄ တွင် လက်ရှိ PNO ဦးဆောင်မှုဖြင့် ပြန်လည်ထွက်ပေါ်လာခဲ့သည်။ (ထိုအချိန်တွင် ပအို့ဝ် ကွန်မြူနစ်အဖွဲ့ကလည်း အာဏာရယူရေးအတွက် အပြိုင်အဆိုင် ဆောင်ရွက်မှု များရှိနေသည်)
[288] နိုင်ငံရေးပါတီမှတ်ပုံတင်ဥပဒေအရ မြန်မာနိုင်ငံတွင်းမှ နိုင်ငံရေးပါတီများသည် နိုင်ငံခြားထောက်ပံ့ငွေလက်ခံခြင်းကို ကန့်သတ်ထားသည်။
[289] ရှမ်းပြည်နယ်၊ တောင်ကြီးတွင် ၂၀၁၅ ဖေဖော်ဝါရီတွင် ပြုလုပ်ခဲ့သော အဖွဲ့ဝင်များနှင့် နှစ်ကြိမ် တွေ့ဆုံမှုတွင် အတည်ပြုနိုင်ခဲ့သည်။

မြေပုံ ၇ - ရှမ်းပြည်နယ် (တောင်ပိုင်း)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

မြေပုံ ၈ - ရှမ်းပြည်နယ် (အရှေ့ပိုင်း)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

တစ်ချိန်တည်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အနီးအနားဒေသများ (တောင်ကြီး၊ လွယ်လင်၊ ကလောမြို့နယ်များ) တွင် PNA က အစိုးရခွင့်ပြုချက်ဖြင့် အုပ်ချုပ်ရေးပိုင်းဆောင်ရွက်ချက်များရှိသည်။ အခြားကိစ္စရပ်များအတွက်လည်း နိုင်ငံတော်နှင့် ပူးပေါင်းသည်။ အုပ်ချုပ်ရေးဌာန၊ စီးပွားရေးဌာန၊ ပြန်ကြားရေးဌာနများလည်း ဖွဲ့စည်းထားပြီး ဖွံ့ဖြိုးရေးနှင့် လူမှုဝန်ဆောင်မှုများကို စီမံရန်၊ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုများ ဖြစ်ပွားခြင်းမှကာကွယ်ရန်၊ ယဉ်ကျေးမှုရေးရာများကို ပံ့ပိုးရန် တစ်စိတ်တစ်ပိုင်း ၄င်းတို့မှ တာဝန်ယူရသည်။[290]

PNA သည် အစိုးရမှ ထုတ်ပြန်ထားသော မြေပုံကိုမသုံးပဲ ရှေးယခင်က အသုံးပြုခဲ့သည့် မြေပုံစနစ်ဖြင့်သာ ယင်းနယ်မြေများ စီမံအုပ်ချုပ်သည်။ ကျေးရွာ ၈ ရွာမှ ၂၀ ထိပါဝင်သော ဇုန်လေးခုခွဲပြီး အုပ်ချုပ်သည်။ ကျေးရွာအုပ်စုများကို မြို့နယ်များအဖြစ် ဇုန်တစ်ခုချင်းအောက်တွင် စုစည်းထားသည်။ ကျေးရွာအုပ်စုတစ်စုတွင် ကျေးရွာပေါင်းများစွာပါဝင်သည်။ နယ်မြေအတော်များများရှိ အဆင့်တိုင်းတွင် ပုံသေခန့်အပ်ထားသည့် ဌာနကိုယ်စားလှယ်များကို စစ်တပ်ဖွဲ့စည်းပုံနှင့်တွဲလျက်ထား ရှိသည်။ ၄င်းတို့သည် အစိုးရအရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ကြရသည်။

ပအိုဝ်ကျေးရွာများတွင် ဒေသခံများ အသိအမှတ်ပြုထားသည့် ကျေးရွာအုပ်စုခေါင်းဆောင်နှင့် အစိုးရမှခန့်ထားသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အားလုံးသည် PNA အုပ်ချုပ်ရေး စနစ်တွင် ပူးပေါင်း ရသည်။ ကျေးရွာအဆင့်တွင် အစိုးရက ခန့်အပ်ထားသည့် ကိုယ်စားလှယ်များ မရှိသဖြင့် ဒေသခံများ ရွေးချယ်ထားသည့် ကျေးရွာခေါင်းဆောင်များက PNA နှင့် ပို၍ နီးစပ်သည်။ ကျေးရွာအဆင့် အုပ်ချုပ်ရေးတွင် PNA ၏ကဏ္ဍမှာ အထူးကြီးမားပြီး ဒေသဖွံ့ဖြိုးရေးနှင့် အခြားလုပ်ငန်းများအတွက် အရေးပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းဖြစ်စေ ပြင်ပတွင်ဖြစ်စေ အစိုးရစီမံကိန်းဖြစ်စေ၊ PNO/PNA စီမံကိန်းဖြစ်စေ နှစ်ဦးနှစ်ဖက် အကြောင်းကြား၊ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ဟု PNA က ဆိုသည်။[291] PNA သည်လည်း ကောင်းမွန်သည့်အုပ်ချုပ်ရေး 'good governance' နှင့် ပတ်သက်သည့် သင်တန်းများကို ၄င်းတို့ ကွန်ရက်အတွင်းပို့ချရန် ပြင်ဆင်နေသည်။ PNO/PNA နှင့်ပတ်သက်ပြီး ဝေဖန်မှုများ ပြုလုပ်ခဲ့သည့် အရပ်ဖက်လူ့အဖွဲ့အစည်း များအပါအဝင် အရပ်ဖက်လူ့အဖွဲ့အစည်းများ နှင့် ချိတ်ဆက်မှုများပြုလုပ်ရန် ပအိုဝ်လူငယ်ကွန်ရက်ကိုလည်း ဖွဲ့စည်းလျက်ရှိသည်။

## ၆.၂ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ

၂၀၀၀ ပြည့်နှစ်များမှစပြီး RCSS အဖွဲ့အင်အား အလျင်အမြန်တိုးတက်လာသည်။ လက်ရှိတွင် ထိုင်း နယ်စပ်တလျောက် အထူးသဖြင့် မိုင်းတုံ နှင့် မိုင်းပန် မြို့နယ်များကို အခြေခံနယ်မြေများအဖြစ် ခြေကုပ်ယူထားသည်။ အရှေ့ဘက်ခြမ်းတွင် UWSP နှင့် အားပြိုင်ရပြီး အချို့နေရာများတွင် တပ်မတော်နှင့် အားပြိုင်ရသည်များရှိသည်။ ထိုဒေသမှ ပြည်သူများသည် မတူညီသည့် အာဏာပိုင် အမျိုးမျိုးနှင့် ထိတွေ့နကြရသည်။[292] ရှမ်း (တောင်) ရှမ်း (အရှေ့) လွိုင်လင်အရှေ့ပိုင်း၊ ကျိုင်းတုံအနောက်ပိုင်းတလျောက်မှ နယ်စွန်နယ်ဖျား ဒေသလူထုများနှင့် လေးနက်သော ဆက်ဆံရေးရှိပြီး ပြောက်ကျားစခန်းများကိုလည်း ချထားနိုင်သည်။ ရှမ်းမြောက်တွင် နမ့်ခမ်း၊ ကျောက်မဲ၊ သီပေါမြို့နယ်များတွင် အခိုင်အမာ နေရာယူထားသကဲ့သို့ ရွေးလျားတပ်ရင်းများဖြင့် နေရာယူထားသည်လည်းရှိသည်။

လုပ်ရှားနယ်မြေများကို ၅ ပိုင်းသတ်မှတ်ထားသည်။ နယ်မြေ ၁ ကျိုင်းတုံ၊ နယ်မြေ ၂ မုန်းတန် (မြန်မာ အခေါ် မိုင်းတုံ) နယ်မြေ ၃ ပင်လုံ၊ နယ်မြေ ၆ ဟိုမုန်း (ဟိုမိန်း) နှင့် ဌာနချုပ် လွယ်တိုင်းလျန်[293] တို့ဖြစ်သည်။ နယ်မြေအရွယ်အစားမတူကြပဲ နယ်မြေတစ်ခုတွင် အစိုးရ သတ်မှတ်ထားသည့် မြို့နယ် တစ်ခုမှ သုံးခုအတွင်း ပါဝင်လျက်ရှိသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီတွင် အစိုးရနှင့် ရရှိခဲ့သည့် သဘောတူညီချက်များအရ လင်းခေးမြို့နယ်မှ ဟိုမိန်း (ရှမ်း အခေါ် ဟိုမုန်း) "မြို့နယ်ခွဲ"၊ မိုင်းတုံမြို့နယ်မှ မုန်းထ (မိုင်းတာ) "မြို့နယ်ခွဲ" တို့ကို 'RCSS ဌာနချုပ်၏ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးနယ်မြေ' အဖြစ်သတ်မှတ်ပေးခဲ့သည်။ သဘောတူညီချက်တွင် 'ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာအုပ်စု ခေါင်းဆောင်များကို RCSS က ခန့်ထားခြင်းဖြင့်... ပြည်သူများကို အုပ်ချုပ်နိုင်သည်' ဟု ဖော်ပြထားသည်။ RCSS က ထောင်ပေါင်းများစွာသော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများကို ယင်းနယ်မြေတွင် ခိုလှုံခွင့်ပေးထားသည့်အပြင် ကျောင်းများ၊ ဆေးခန်းများလည်း

[290] ၂၀၁၁ အပြောင်းအလဲများ မတိုင်မီ PNO က အကောင်အထည်ဖော်နေသော စီမံကိန်းများကို PNA က ဆက်လက် ဆောင်ရွက်နေသည်။. (အဆင့်မြင့် PNA အရာရှိ တစ်ဦးနှင့်မေးမြန်းချက် ဖေဖော်ဝါရီ၊ ၂၀၁၅)
[291] Ibid.
[292] RCSS ပြောပြချက်အရ USWP တောင်ပိုင်းဌာနချုပ်နှင့် ၄င်းတို့နယ်မြေကြားတွင် နယ်နိမိတ်သတ်မှတ်မှုများ အသေအချာပြုလုပ်ပြီးဖြစ်ဖြစ်သောကြောင့် အုပ်ချုပ်ရေးပိုင်း ရောထွေးနေသည့်နေရာမရှိဟု သိရသည်။ UWSP က '၀' ကျေးရွာ များကို အုပ်ချုပ်ပြီး RCSS က ရှမ်း နှင့် အခြားအမျိုးသားများ နေထိုင်ရာ ရွာများကိုအုပ်ချုပ်သည်။ တပ်မတော်၏ အခိုင်အမာ စခန်းအချို့လည်းရှိပြီး နယ်မြေအနီးအနားမှ ရွာများကို အခြေအနေပေါ်မူတည်ကာ ဝင်ရောက်ခြင်းများရှိသည်။
[293] RCSS အုပ်ချုပ်ရေးစနစ်နှင့် ပတ်သက်သည့် သတင်းအချက်အလက် အများစုကို RCSS ဉက္ကဌရုံး၊ ဆက်ဆံရေးရုံး၊ အဖွဲ့ နှင့် ရင်းနှီးသော ဆက်ဆံရေးရှိသည့် ရှမ်းပညာရှင်တစ်ဦး တို့ထံမှ ရရှိပါသည်။

ဖွင့်လှစ်ထားသည်။ နယ်စပ်တလျှောက် RCSS နယ်မြေများတွင် ထိုကဲ့သို့ ဒုက္ခသည်စခန်း ၃ ခုရှိသည်။ ယင်းစခန်းများတွင်လည်း RCSS က ဆေးခန်းနှင့် ကျောင်းများ ဖွင့်ထားပေးသည်။ [294]

RCSS အဖွဲ့ဝင်များ၏ပြောကြားချက်အရ တပ်မတော်သည် လမ်းများနှင့် မြို့များအနီးပတ်ဝန်းကျင်တွင် နေရာယူမည်ဖြစ်ပြီး RCSS အနေဖြင့် ကျေးလက်ဒေသများတွင် အခြေချ၊ လှုပ်ရှားနိုင်ကြောင်း သဘောတူထားသည်ဟု သိရသည်။[295] ဟိုမိန်းနှင့် မုန်းထ ဒေသများတွင် နယ်မြေသဘောထားကွဲလွဲမှုနှင့် ပတ်သက်ပြီးဖြစ်သည့် တိုက်ပွဲများ အပါအဝင် အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် အစိုးရနှင့် RCSS ကြားတွင် တိုက်ပွဲများ ရာနှင့် ချီဖြစ်ပွားခဲ့သည်။ သို့သော်လည်း ၂၀၁၄ - ၂၀၁၅ တွင် တိုက်ပွဲများ လျော့ကျသွားခဲ့သည်။[296]

RCSS ၏ အုပ်ချုပ်ရေးစနစ်သည် ၎င်း၏ ပြောက်ကျားဗျူဟာများပေါ်တွင်အခြေခံကာ တည်ဆောက်ထားခြင်းဖြစ်သည်။ လက်ရှိတွင် "စစ်ကာလဖွဲ့စည်းပုံဥပဒေ" မှ "အပစ်အခတ်ရပ်စဲရေးကာလဖွဲ့စည်းပုံဥပဒေ" အဖြစ် အသွင်ပြောင်းနေသည့်အချိန်ဖြစ်သည်။ အချို့သော နယ်စွန်နယ်ဖျားများတွင် စစ်ကာလဥပဒေများကိုသာ အသုံးပြုနေဆဲဖြစ်သည်။ အဖွဲ့အစည်းတစ်ခုလုံးနီးပါးကို စစ်သားများဖြင့် ညွှန်ကြား ဖွဲ့စည်းထားခြင်းဖြစ်သည်။[297] လက်ရှိစနစ်အရ ဌာနခွဲ ၁၄ ခုရှိသည်။ ၎င်းတို့မှာ -

- ကာကွယ်ရေးဌာန
- အရပ်ဖက်အုပ်ချုပ်ရေးဌာန
- ဘဏ္ဍာရေးဌာန
- နိုင်ငံခြားရေးဌာန
- ကျန်းမာရေးဌာန
- ကုန်သွယ်ရေးဌာန
- ပြန်ကြားရေးဌာန
- ထောက်လှမ်းရေးဌာန
- ပညာရေးဌာန
- မဟာမိတ်ရေးရာဌာန
- သဘာဝသယံဇာတဌာန
- မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာန
- စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန
- ရှမ်းပြည်နယ်တိုးတက်ရေး ဖောင်ဒေးရှင်း

အရေးအကြီးဆုံး နှင့် ဖြန့်ကျက်နိုင်မှု အများဆုံးဌာနမှာ ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးဌာနဖြစ်သည်။[298] အရပ်ဖက်အုပ်ချုပ်ရေးဌာနကို "အုပ်ချုပ်ရေးတပ်ရင်း"ပေါင်း ၂၀ ကျော်ဖြင့်ဖွဲ့စည်းထားခြင်းဖြစ်ပြီး အထူးလေ့ကျင့်ပေးထားသည့် စစ်သားများက ကာကွယ်ရေးဌာန၏ ရွေ့လျားတပ်ရင်းများနှင့် အတူပူးတွဲလုပ်ဆောင်သည်။ ထိုတပ်ရင်းများသည် RCSS နယ်မြေတလျှောက် ကျေးရွာအဆင့်၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်များတွင် ပုံသေနေရာယူထားပြီး ပေးအပ်ထားသည့် လုပ်ပိုင်ခွင့် နှင့်အညီ တာဝန်ထမ်းဆောင်နေကြသည်။ အခြားဌာနအားလုံးမှာ ဌာနချုပ်တွင်သာအခြေစိုက်ပြီး ဒေသအဆင့်တွင်မူ အုပ်ချုပ်ရေးတပ်ရင်းများ မှတဆင့် လုပ်ငန်းအကောင်အထည်ဖော်ကြသည်။

စစ်ကာလဥပဒေများအရ အရပ်ဖက်အုပ်ချုပ်ရေး၏ တာဝန်များမှာ ရပ်ရွာသားများကို ထိန်းချုပ်ရန်၊ ဦးဆောင်ရန်၊ ကူညီပေးရန်၊ ဖွံ့ဖြိုးရေးတွင်ကူညီရန်၊ စုစည်းရန်၊ လုံခြုံရေးပေးရန် နှင့် ပြောက်ကျား စစ်ဆင်ရေးများ ဆောင်ရွက်ရန်ဖြစ်သည်။[299] အပစ်အခတ်ရပ်စဲရေးကာလ ဥပဒေမှာမူ ပြင်ဆင်ဆဲဖြစ်ပြီး အဓိကပြောင်းလဲမှုမှာ အဖွဲ့အစည်းရေးရာနှင့် ပတ်သက်သည်များတွင် အရပ်သားများ ပိုမိုပါဝင်လာရေးဖြစ်သည်ဟု RCSS အဖွဲ့ဝင်များပြောပြချက်အရ သိရသည်။ [300]

---

[294] RCSS/SSA နှင့် ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ကြားမှ ၁၆.၁.၂၀၁၂ ခုနှစ် တောင်ကြီးမြို့ တွင် ပထမအကြိမ် ပြည်ထောင်စုအဆင့် တွေ့ဆုံမှု တွင် ရရှိခဲ့သည့် အချက် ၁၁ ချက်ပါ သဘောတူညီချက်တွင်ကြည့်ပါ။

[295] RCSS အဖွဲ့ဝင်နှစ်ဦးကို နေရာခွဲပြုလုပ်ခဲ့သည့် တွေ့ဆုံမှုများအရ သဘောတူညီချက်တွင် ပါသော်လည်း အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်များကို တရားဝင် ဘာသာပြန်ထားသည့်အခါတွင် ပါဝင်ခြင်းမရှိဟု တစ်ဦးက ဆိုသည်။ (၂၀၁၅ ခုနှစ် အစောပိုင်း၊ နေရာ - လျှို့ဝှက်) RCSS/SSA နှင့် ဦးသိန်းစိန် အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ၏ ပထမအကြိမ် ပြည်နယ်အဆင့် သဘောတူညီချက်ကို ၂၀၁၁ ဒီဇင်ဘာ၌ တောင်ကြီးမြို့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူညီချက်တွင် နှစ်ဖက်ညှိနှိုင်း သဘောတူထားသည့် နေရာများတွင်သာ တပ်စခန်းများနေရာယူရန် သဘောတူသည်ဟု ပါရှိသည်။ သို့သော်လည်း မည်သည့်နေရာ မည်သည့်နယ်မြေအမျိုးအစား ဖြစ်သည်ကို အတိအကျ ဖော်ပြထားခြင်းမရှိပါ။

[296] S.H.A.N, 'Decreased fighting, increased tension: RCSS/SSA', 16-01-2015; available at: http://english.panglong.org/decreased-fighting-increased-tension-rcssssa/ ကိုကြည့်ပါ။

[297] RCSS တွင် အဆင့်အမြင့်ဆုံးအဖွဲ့မှာ ဒုတိယဗိုလ်မှူးကြီးနှင့် အထက်ရာထူးများဖြင့် ဖွဲ့စည်းထားသည့် ဗဟိုကော်မတီဖြစ်သည်။ ယင်းကောင်စီသည် မူဝါဒများချမှတ်ခွင့်၊ ဥက္ကဋ္ဌရွေးချယ်ခွင့်ရှိသည်။ အုပ်ချုပ်ရေးအာဏာပေးအပ်မည့် အလုပ်အမှုဆောင်ကော်မတီကိုလည်း ကောင်စီကပင်ရွေးချယ်သည်။

[298] အချို့သောမှတ်တမ်းများတွင်တော့ စစ်ဘက်ရေးရာနှင့် ပြည်တွင်းအုပ်ချုပ်ရေး

[299] ၂၀၁၄ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဖွဲ့စည်းပုံဥပဒေ အခန်း ၂၁၊ အပိုဒ် ၂ ကိုကြည့်ပါ

[300] RCSS ဥက္ကဋ္ဌရုံးနှင့် အီးမေးဖြင့် ဆက်သွယ်မေးမြန်းချက် (ဖေဖော်ဝါရီ - မတ်၊ ၂၀၁၅)

အဖွဲ့အစည်းအသစ်ပင်ဖြစ်စေကာမူ ကျေးလက်ဒေသများမှ ရှမ်းလူမျိုးများ၏ အဖွဲ့အပေါ်လိုလိုလားလားရှိမှုများသည် RCSS အလျင်အမြန်ကြီးထွားလာရခြင်း အကြောင်းများမှ တစ်ခုအပါအဝင် ဖြစ်သည်။[301] နယ်မြေအသစ်များရှိလာပါက အရပ်ဖက်အုပ်ချုပ်ရေးတပ်ရင်းများ တပ်ဖြန့်ဝင်ရောက်ပြီး အဆင့်လေးဆင့်ဖြင့် အုပ်ချုပ်မှုစနစ်ကို ဖွဲ့စည်းသည်။ ပထမအဆင့်တွင် ဒေသခံရပ်ရွာလူကြီးများမှတဆင့် ရပ်ရွာတွင်းဝင်ရောက် လှုပ်ရှားသည်။ ဒုတိယအနေဖြင့် ကျေးရွာအုပ်စုအဆင့် တရားဝင်အရာရှိ ခန့်အပ်သည်။ ထို့နောက် ဒေသခံများကို RCSS အခြေခံမူဝါဒများကို ပို့ချပေးသည်။ နောက်ဆုံးအဆင့်အနေဖြင့် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ ထောက်လှမ်းရေး၊ ပညာရေး၊ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလုပ်ငန်းစဉ်များ ဆက်လက်သင်ကြားရန် စိတ်ဝင်စားသည့်သူများ စာရင်းကိုကောက်ယူသည်။ ရလာသည့်စာရင်းများကို ကျေးရွာအုပ်စု အာဏာပိုင်သို့ပေးပို့သည်။[302] မြန်မာနိုင်ငံတွင်းရှိ အခြားလက်နက်ကိုင်အဖွဲ့များနည်းတူ RCSS ဘဏ္ဍာရေးဌာနသည်လည်း ကုန်သည်နှင့် စီးပွားရေး လုပ်ငန်းရှင်များကိုသာ အခွန်ကောက်ပြီး သာမန်ပြည်သူများပေါ်တွင် တရားဝင် အခွန်စည်းကြပ်ခြင်း မရှိပါ။

## ၆.၃ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

လက်ရှိပအိုဝ်အမျိုးသားလွတ်မြောက်ရေးအစည်းအရုံးသည် ဒီမိုကရေစီလိုလားသည့် နိုင်ငံရေးသမားများ၊ PNO က မွေးထုတ်လိုက်သည့် ပအိုဝ်လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များ ပေါင်းစပ်မှုဖြင့် ၂၀၀၉ ခုနှစ်တွင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ မောက်မယ်မြို့နယ် အနောက်တောင်ဘက်တွင် အခြေစိုက်စခန်း တစ်ခု (သို့) နှစ်ခု နှင့် ပြောက်ကျားလှုပ်ရှားမှုများ ၂၀၁၂ ထိရှိခဲ့သည်။ ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စု အဆင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့ပြီး အဖွဲ့နေရာကို အသိအမှတ်ပြုခံခဲ့ရသည်။ သို့သော်လည်း သဘောတူညီချက်တွင် အတိအကျဖော်ပြထားခြင်းတော့မရှိခဲ့ပေ။[303] PNLO အဆိုအရ ယင်းနယ်မြေအတွင်း ကျေးရွာပေါင်း ၄၀ - ၅၀ ခန့်ရှိပြီး တောင်ထူထပ်သဖြင့် ရွာငယ်လေးများအဖြစ် ပြန့်ကျဲနေသည်ဟု သိရသည်။[304]

PNLO တွင် ဌာနကဲ့သို့သော အစုအဖွဲ့ လေးခုရှိပြီး ဗဟိုရုံးချုပ်တွင် အခြေစိုက်သည်။ ၄င်းလေးခုမှာ -

- ဗဟိုနိုင်ငံရေးယူနစ်
- ဗဟိုအရပ်ဖက် အုပ်ချုပ်ရေးယူနစ်
- ဗဟိုစစ်မှုရေးရာ ယူနစ်
- ဗဟိုဘဏ္ဍာရေးယူနစ်

ဗဟိုအုပ်ချုပ်ရေး၊ လူငယ်နှင့် အမျိုးသမီး၊ ကျန်းမာရေးနှင့် ပညာရေးတို့ကို ဗဟိုနိုင်ငံရေးယူနစ်မှ တာဝန်ယူထိန်းချုပ်သည်။ PNLO မှ ကျောင်းနှစ်ကျောင်း ဖွင့်ထားပြီး တစ်ကျောင်းတွင် အစိုးရမှခန့်ထားသောဆရာ ရှိသည်။ နှစ်ကျောင်းစလုံးတွင် အစိုးရ သင်ရိုးညွှန်းတမ်းကိုသာ အသုံးပြုသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ ထိုင်းအခြေပြုအဖွဲ့အစည်းများအကူအညီဖြင့် ဆေးခန်းများ၊ ရွာစဉ်လှည့် ကျန်းမာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးသည်။

သတ်မှတ်ဧရိယာ အတွင်း ၂၈ ကီလိုမီတာအရှည် လမ်းဖောက်လုပ်ရန် အစိုးရက PNLO ကိုငွေကြေးထောက်ပံ့ပေးခဲ့သည်။ အဖွဲ့ဝင်များ နှင့် ဒေသခံရွှေ့ပြောင်းခံရသူများအတွက် နေအိမ်များပံ့ပိုးပေးရန်အစီအစဉ်ရှိသော်လည်း RCSS နှင့် တိုက်ပွဲများကြောင့် နောက်ဆုတ်သွားသည်။[305] (၄င်းပါဝင်ပတ်သက်ခြင်းမရှိသော) ထိုသဘောတူညီမှုကို RCSS က 'လက်မခံနိုင်ကြောင်း' ဆိုခဲ့သည်။[306]

PNLO ၏ ဒေသဆိုင်ရာအုပ်ချုပ်ရေးယူနစ်သည် စစ်သည်များကို "အုပ်ချုပ်ရေးတပ်ရင်းများ"အဖြစ် ဖွဲ့စည်းအကောင်အထည် ဖော်ထားသည့် အုပ်ချုပ်ရေးဖြစ်သည်။ နယ်မြေအတွင်း တရားစီရင်ရေးနှင့် လုံခြုံရေး၊ အထူးသဖြင့် မူးယစ်နှိမ်နင်းရေးတို့ကို ဆောင်ရွက်သည်။ မူးယစ်ဆန့်ကျင်ရေးမူဝါဒ သတင်းအချက်အလက်များ ဖြန့်ဝေပေးပြီး မူးယစ်ဆေးဝါး အသုံးပြုသူ၊ ရောင်းချသူတို့ကို ဖမ်းဆီး၊ ထိန်းသိမ်းခြင်းများ ပြုလုပ်သည်။ ရာဇဝတ်မှုများနှင့် အခြားသော အငြင်းပွားမှုများကိုလည်း ဖြေရှင်းပေးသည်။[307] အိမ်ထောင်စုစာရင်း နှင့် အခြေခံလူဦးရေစာရင်း တို့ကိုလည်း ကောက်ယူပြုစုမှုများပြုလုပ်ပြီး အဖွဲ့၏ အခွန်ကောက်ခံမှုကိုလည်း စီမံသည်။ အခွန်ကောက်ခံရာတွင် ကုန်သည်များထံမှ (အများအားဖြင့် ပြောင်းပွဲစား) များထံမှ

---

[301] ရှမ်းလူမျိုးများ၏ ထောက်ခံမှုအတိုင်းအတာကို သိရှိရန်မှာခက်ခဲသည်။ မြို့တွင်အခြေစိုက်သော်လည်း ရှမ်းကျေးလက်ဒေသများတွင် အများအားဖြင့်ကွင်းဆင်းသည့် ဘက်မလိုက်သည့် ရှမ်းအရပ်ဖက်လူ့အဖွဲ့အစည်း ၃ ဖွဲ့မှ ကိုယ်စားလှယ်များအဆိုအရ အဖွဲ့ကိုလူထုအားပေးလက်ခံမှုမှာတိုးလာသည်။ မြန်မာအစိုးရ၏ ဖိနှိပ်မှုကို ရှောင်ရှား နေရသော နယ်မြေများတွင် လူထုထောက်ခံမှုပိုရနေသည်။ ရှမ်းအမျိုးသားရေး ရည်မှန်းချက်အတွက် ထောက်ခံသည်များလည်း ရှိလာသည်။

[302] RCSS ဥက္ကဌရုံးနှင့် အီးမေးဖြင့်ဆက်သွယ်မေးမြန်းချက်၊ အင်တာဗျူးများအရ သိရသည်။.

[303] သတ်မှတ်ထားသည့်နေရာများသည် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင်တော့ ပါဝင်ပြီး ပြည်ထောင်စုအဆင့်တွင်တော့ အခြားကိစ္စများကို ပို၍ဦးစားပေးထားသည်။

[304] ယခုအပိုင်းတွင်ဖော်ပြထားသည့် သတင်းအချက်အလက်များမှာ PNLO အရာရှိတစ်ဦးနှင့် (နေရာ - လျှို့ဝှက်) ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ အတွင်းပြုလုပ်ခဲ့သည့် တွေ့ဆုံမှုများမှ သိရှိရခြင်းဖြစ်ပါသည်။

[305] RCSS အဖွဲ့ဝင်နှင့် PNLO အဖွဲ့ဝင်တို့ကို သီးခြားစီပြုလုပ်ခဲ့သော အင်တာဗျူးများမှ (နေရာဖော်ပြနိုင်ခြင်းမရှိ၊ ၂၀၁၅ ဖေဖော်ဝါရီ)

[306] RCSS အဖွဲ့ဝင်နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးမှ ကောက်နုတ်ချက် ဖြစ်သည်။ (အင်တာဗျူး၊ နေရာဖော်ပြနိုင်ခြင်းမရှိ၊ ၂၀၁၅ ဖေဖော်ဝါရီ)

[307] အချက်အလက်သေးစိတ်ကို အဖွဲ့အစည်းမှ ပံ့ပိုးခြင်းဖြစ်သည်။ ပအိုဝ် အရပ်သားလူ့အဖွဲ့အစည်း နှစ်ခုမှ အဖွဲ့ဝင်များက လည်း PNLO သည် ယင်းနယ်မြေအတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်မှုကို အားကောင်းကောင်းနှင့် ဆောင်ရွက်လျက် ရှိကြောင်းထပ်လောင်းပြောသည်။ ရဲဖန်ရံခါ မိခင်များ တိုင်တန်းသည့်အလျောက်၊ အခြားသူများ သတင်းပေးသည့် အလျောက် ဆောင်ရွက်သည်များလည်းရှိသည်။

တစ်နှစ်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် တရားဝင်အခွန်ကောက်ခံသည်။ PNLO တွင်တရားသူကြီးလည်းရှိပြီး ဒေသခံများအနေဖြင့် အမှုအခင်းများရှိပါက အစိုးရထက် အဖွဲ့အစည်းသို့ လာရောက်တိုင်တန်းမှုပိုများသည်ဟု ဆိုသည်။

အပစ်အခတ်ရပ်စဲရေးကြောင့် ထိုကဲ့သို့သောစနစ်များ ပေါ်ပေါက်လာနိုင်ခြင်းဖြစ်သည်။ အပစ်မရပ်မီ နှစ်နှစ်တာကာအတွင်း PNLO နှင့် ၎င်းတို့မဖြစ်လာမီ ယခင်အဖွဲ့အစည်းတို့သည် အရေးကြီးလုပ်ရှားမှုများမှအပ စခန်းပြင်ပနယ်မြေများသို့ မသွားရန် ကန့်သတ်ခံထားရသည်။ ထိုအတောအတွင်း ကျေးရွာလူကြီးများသည် အဖွဲ့အစည်းနှင့် အဆက်အသွယ်မပြတ် ရှိနေပြီး ဆွေးနွေးရန်ရှိပါက အဖွဲ့အစည်းက ဆင့်ခေါ်ခြင်းများလည်းရှိသည်။ PNLO က ရွာစဉ်လှည့်သည့် ကျန်းမာရေးအဖွဲ့ကို လက်နက်တပ်ဆင်ပေးပြီး အနီးအနားရွာများဆင်းကာ ဆက်ဆံရေးထူထောင်ထားသည်။

## ၆.၄ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော်

ရှမ်း အရှေ့ပိုင်းနှင့် တောင်ပိုင်းမှ အပစ်အခတ်ရပ်စဲရေးသဘောတူထားသည့် အခြားအင်အားကြီးအဖွဲ့များမှာ "*မိုင်းလားအဖွဲ့*"ဟု လူသိများသည့် အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော် (National Democratic Alliance Army) နှင့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (United Wa State Party – UWSP) တို့ဖြစ်သည်။

UWSP ၏ အခြေခံနယ်မြေများမှာ ရှမ်းပြည်(မြောက်ပိုင်း)တွင် ဖြစ်သောကြောင့် ၎င်း၏အုပ်ချုပ်ရေးစနစ် အကြောင်းကို အပိုင်း ၇ တွင် အသေးစိတ်ရှင်းလင်းတင်ပြထားပါသည်။ သို့သော်လည်း ထိုင်းနှင့် နယ်နိမိတ် ဆက်နေသည့် ရှမ်းပြည်နယ် မိုင်းတုံ၊ မိုင်းဆတ် နှင့် တာချီလိတ် မြို့နယ်များတလျှောက်တွင်လည်း နယ်မြေအတော်များများကို ထိန်းချုပ်ထားနိုင်ပြီး "တောင်ပိုင်းဌာနချုပ်" ဟု ရည်ညွှန်းသုံးစွဲသည်။[308] အပိုင်း ၂ တွင်ဖော်ပြခဲ့သည့်အတိုင်း ယင်းနယ်မြေများသည် မူလက 'ဝ' နယ်မြေများမဟုတ်ပဲ ၁၉၉၀ ဝန်းကျင်နှစ်များတွင် တပ်မတော်ခွင့်ပြုချက်ဖြင့် ရှမ်းလက်နက်ကိုင်များကို တိုက်ထုတ်ကာ ရယူထားသည့်နေရာဖြစ်သည်။ ပြီးနောက် 'ဝ' ရပ်ရွာ အမြောက်အများကို ပြောင်းရွှေ့နေထိုင်စေကာ အုပ်ချုပ်နေသည့် နယ်မြေဖြစ်သည်။

UWSP ၏ "တောင်ပိုင်းဌာနချုပ်" ကို အုပ်ချုပ်ရေးမြို့နယ် ခြောက်ခု ဖြင့်ဖွဲ့စည်းထားသည်။ ယင်းမြို့နယ် ခြောက်ခုသည် အစိုးရကသတ်မှတ်ထားသော မိုင်းဆတ်၊ လင်းခေး၊ မိုင်းတုံ မြို့နယ်များ နှင့် တာချီလိတ်မြို့နယ်အစိတ်အပိုင်း အတွင်းအကြုံးဝင်နေသည်။ မည်သို့ဆိုစေကာမူ UWSP က 'ဝ' ကျေးရွာများကိုသာ အပြည့်အဝအုပ်ချုပ်နိုင်ပြီး ထိုရွာအနီးအနားနှင့် အချို့သော စိုက်ပျိုးမြေများကိုသာ လက်တွေ့တွင် ထိန်းချုပ်ထားနိုင်သည်။ ၎င်းနယ်မြေများသည် ၁၉၈၉ ခုနှစ် အပစ်အခတ်ရပ်စဲရေး (နောက်အပိုင်းတွင် ဖော်ပြထားသည်) ပြုလုပ်ခဲ့စဉ်က သဘောတူ သတ်မှတ်ထားပေးသည့် အထူးဒေသ (၂) တွင် မပါဝင်သည့်နယ်မြေများ ဖြစ်သကဲ့သို့ လတ်တလောပြုလုပ်ခဲ့သည့် သဘောတူညီချက်များတွင်လည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းမရှိသည့် နေရာများဖြစ်သည်။ အစိုးရက UWSP ကို ထိုနေရာများမှ ထွက်သွားရန် အကြိမ်ပေါင်းများစွာ ပြောခဲ့ပြီး[309] လတ်တလောနှစ်များ အတွင်းတွင် တိုက်ခိုက်မှုများ ဖြစ်လုဖြစ်ခင်အထိ တင်းမာမှုများရှိခဲ့သည်။[310] မဲခေါင်မြစ်တလျှောက်မှ မိုင်းယန်းမြို့နယ်ကိုလည်း UWSP က အစိုးရနှင့် အပစ်အခတ်ရပ်စဲကာ နားလည်မှုဖြင့် နေရာယူထားနိုင်ခဲ့သည်။

မိုင်းယောင်းအချို့နေရာများ၊ မိုင်းဖြတ်၊ မိုင်းယန်းမြို့နယ် တို့ကို ၁၉၈၉ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအပြီးတွင် အထူးဒေသ (၄) အဖြစ်သတ်မှတ်ပေးခဲ့ပြီး NDAA သည် ယင်းဒေသများနှင့် မိုင်းလားဒေသတို့တွင် အဓိက ဩဇာရှိအဖွဲ့အစည်းဖြစ်သည်။ ၂၀၁၁ ခုနှစ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် NDAA ၏ အထူးဒေသ (၄) အကြောင်းကို ထပ်ကာတလဲလဲ ဖော်ပြထားသဖြင့် အကြုံးဝင်နေသေးကြောင်း ဖော်ပြသလိုဖြစ်နေသည်။ သို့သော် ထိုသဘောတူညီမှုတွင် ဒေသကို နယ်နိမိတ်သတ်မှတ်ခြင်း၊ ဥပဒေနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုခြင်း မရှိပဲ '[ရှမ်းပြည်] အထူးဒေသ (၄) သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရေးပါသော အစိတ်အပိုင်း ဖြစ်သည်' ဟုသာ ဖော်ပြထားသည်။

အဖွဲ့အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုဝန်ဆောင်မှုများ ပံ့ပိုးခြင်းတို့ကို အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိပါသည်ဟူသော စာပိုဒ်ကို စာချုပ်ထဲတွင်ဖော်ပြထားချက်က အစိုးရ အာဏာပိုင်များနှင့် NDAA ကြားညှိနှိုင်းပူးပေါင်းမှုအဆင့် မည်မျှမြင့်မားနေသည်ကို ပြသလျက်ရှိသည်။ သို့သော် မည်မျှပင်ပူးပေါင်းဆောင်ရွက်လိုမှု ရှိနေစေကာမူ ၂၀၁၀ ရွေးကောက်ပွဲတွင် မိုင်းလားမြို့နယ်ကိုချန်ထားခဲ့ပြီး[311] မိုင်းရယ်မြို့နယ်တွင်မူ အစိတ်အပိုင်းအချို့၌သာ ကျင်းပနိုင်ခဲ့သည်။[312] ထို့အပြင် ၂၀၁၅ ခုနှစ် မတ်လအတွင်းက

[308] ထိုင်းနယ်စပ်မှ မိုင်းပန်မြို့နယ်တွင်လည်း UWSP က နေရာယူထားနိုင်သော်လည်း ထိန်းချုပ်နိုင်မှုမှာ မဆိုစလောက် သာရှိသည်။

[309] Kramer (2007), p. 30 ကိုကြည့်ပါ။

[310] ဥပမာ S.H.A.N, 'Face-off continues between Wa, Burma Army', 04-07-13; available at: http://english.panglong.org/face-off-continues-between-wa-burma-army/ ကိုကြည့်ပါ။

[311] Lun Min Mang, 'Voting in Wa, Kokang and Mong La in doubt', 20-03-2015; available at: http://www.mmtimes.com/index.php/national-news/13632-voting-in-wa-kokang-and-mong-la-in-doubt.html

[312] Htet Aung, 'Questioning the EC Definition of Free and Fair', Irrawaddy, 17-09-2010; available at: http://www2.irrawaddy.org/article.php?art_id=19499

အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များကို NDAA တာဝန်ရှိသူတစ်ဦးက ၎င်းတို့အဖွဲ့အစည်းသည် ၎င်းတို့ဒေသများအပေါ် ထိန်းချုပ်မှုအပြည့်အဝရှိပြီး လူမှုဝန်ဆောင်မှုများ ပေးနိုင်သော ပြီးပြည့်စုံသည့် အစိုးရစနစ်တစ်ခုကို အကောင်အထည်ဖော်ထားနိုင်ပြီဟု ကြွားဝါပြောဆိုခဲ့သည်။[313] ပိုမိုအတွင်းကျပြည့်စုံသော NDAA အထူးဒေသ၏ အုပ်ချုပ်ရေးအကြောင်းကို ဤစာတမ်းအတွက် လုပ်ဆောင်ခြင်းမပြုခဲ့နိုင်ပါ။

## ၆.၅ ပြည်သူ့စစ်များနှင့် နယ်ခြားစောင့်တပ်များ

ရှမ်းပြည်(တောင်ပိုင်း)နှင့် ရှမ်းပြည်(အရှေ့ပိုင်း) မှ ပြည်သူ့စစ်အမျိုးမျိုး၏ အုပ်ချုပ်ပုံများ၊ ပျံ့နှံ့နေပုံများကို အတိအကျသိရှိ နိုင်အောင် အလုံးစုံလွှမ်းခြုံနိုင်သည့် အချက်အလက်ကောက်ယူမှုမျိုးလိုအပ်သည်။

ရှမ်းပြည် (တောင်ပိုင်း) တွင် ရှမ်းလူမျိုးအများစုပါဝင်သော ပြည်သူ့စစ်အဖွဲ့ကြီး နှစ်ဖွဲ့ရှိသည်။ တစ်ဖွဲ့မှာ ယခင်က RCSS တပ်ရင်း ၇၅၈ မှ ပြည်သူ့စစ်အဖြစ် ပြောင်းသွားသည့်အဖွဲ့ဖြစ်ပြီး ၎င်းတို့၏ခေါင်းဆောင်ဟောင်း မိုင်းဖွန်ကြောင့်လူသိများသည်။[314] ထိုအဖွဲ့သည် လဲချားနှင့် နမ့်စန်မြို့နယ် များမှ ကျေးရွာအုပ်စု နှစ်ခုတွင် နေရာယူထားသည်။ ဒေသခံများကို အခွန်ကောက်ပြီး ပြင်ပပုဂ္ဂိုလ်များအနေဖြင့် ထိုဒေသကို ဖြတ်သန်းလိုပါက ၎င်းအဖွဲ့နှင့်ဆက်သွယ်ရသည်။ သို့သော်လည်း ၎င်းတို့၏ အုပ်ချုပ်ဖွဲ့စည်းပုံပိုင်း တိုးတက်မှု အခြေအနေ မည်သို့ရှိသည် သို့မဟုတ် RCSS ၏ အုပ်ချုပ်ရေး အတိုင်းပင် ရှိနေဆဲလော ဆိုသည်မှာ မရှင်းပါ။[315]

ပို၍အရှေ့ပိုင်းကျသော နမ့်စန်မြို့နယ် (ကွန်ဟိန်းမြို့နယ်လည်းဖြစ်နိုင်) တွင် "*မက်ကြိုင်*" (မန်ကျည်း) အမည်ဖြင့် ပြည်သူ့စစ်အဖွဲ့တစ်ခု ရှိသည်။ ရွာထဲတွင်ပင် ဌာနချုပ်ဖွဲ့ထားသည်ဟုကြားရသော ထိုအဖွဲ့သည် ဒေသခံများနှင့် အနီးအပါးမှ နေထိုင်သူများကို ရှမ်းစာပေနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း သင်တန်းများပို့ချပေးသည်။ သို့သော် ၎င်းတို့တွင် စနစ်ကျသည့် အုပ်ချုပ်ရေး စနစ်ကတော့ မရှိသလောက်ဖြစ်သည်။[316]

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် လားဟူအုပ်စုများအပါအဝင် ပြည်သူ့စစ်အဖွဲ့ငယ် အများအပြားရှိနိုင်သည်ဟု သတင်းရင်းမြစ် အများအပြားမှ ထုတ်ဖော်ပြောဆိုကြသည်။[317] ယင်းအဖွဲ့ငယ်များထဲမှ အင်အား အနည်းငယ်သာသည့် အဖွဲ့ သုံးဖွဲ့က နယ်ခြားစောင့်တပ်များအဖြစ် ပြောင်းလဲသွားသည်။ ၎င်းတို့မှာ မိုင်းတုံမြို့နယ်တွင် လားဟူနယ်ခြားစောင့်တပ် ၁၀၀၇၊ မိုင်းယောင်းမြို့နယ်တွင် အခါ နယ်ခြားစောင့်တပ် ၁၀၀၈၊ တာချီလိတ်မြို့နယ်တွင် လားဟူနယ်ခြားစောင့်တပ် ၁၀၀၉ တို့ဖြစ်သည်။ ထိုအဖွဲ့များ၏ အုပ်ချုပ်ရေးစနစ်များကို သုတေသနပြုခဲ့ခြင်းမရှိပါ။

## ၆.၆ သုံးသပ်ချက်

PNO၊ RCSS နှင့် PNLO တို့က တိုင်းရင်းသားလက်နက်ကိုင်များအကြား ကွဲပြားနေသည့်အုပ်ချုပ်မှုအမျိုးမျိုးကို ပုံဖော်ပြလျက်ရှိသည်။ သင့်တော်သလိုဆောင်ရွက်နေသည့် နယ်မြေဆိုင်ရာ စီမံမှုများ၏ မတည်မြဲမှုများကိုလည်း ထင်သာမြင်သာရှိစေသည်။

ပအိုဝ်ရေးရာကိုယ်စားပြုသည့် အဓိကနိုင်ငံရေးအဖွဲ့အစည်းအဖြစ် PNO ၏ရပ်တည်မှုမှာ ၁၉၉၁ ခုနှစ် အပစ်အခတ်ရပ်စဲပြီး နောက်ပိုင်းတွင် ပိုမိုအဆင့်မြင့်ခိုင်မာလာကြောင်း ဆိုကြသည်။ ၎င်းတို့သည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု များလည်း ပြုလုပ်လာခဲ့သည်။ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မဲဆန္ဒနယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရခဲ့သောကြောင့် အစိုးရနေရာမှ တရားဝင်တာဝန်ယူရန်လည်း လမ်းကြောင်းသစ် ဖော်ထုတ်နိုင်ခဲ့သည်။ သို့သော် လက်ရှိရထားသည့် နိုင်ငံရေး သြဇာသည် တရားဝင် အုပ်ချုပ်ရေး စနစ်တည်ထောင်ထားခြင်းမဟုတ်သည့် ပြည်သူ့စစ်အသွင်ပြောင်းထားသော ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့ ပအိုဝ်အမျိုးသားတပ်မတော်ပေါ်တွင် များစွာမှီတည်နေသည်။

RCSS သည် PNO အခြေအနေနှင့် မတူဆန့်ကျင်စွာပင် ရှိနှင့်ပြီးသားဖြစ်သော လက်နက်ကိုင်လှုပ်ရှားမှုများမှ ပေါ်ပေါက်လာခြင်း ဖြစ်ပြီး ရှမ်းပြည်နယ် နယ်စွန်နယ်ဖျားဒေသတလျှောက်တွင် လွတ်လပ်သော အုပ်ချုပ်ရေးစနစ်ကို လျင်မြန်စွာ တိုးချဲ့ဖွဲ့စည်းလျက် ရှိသည်။ ၂၀၁၃ ခုနှစ်မှစတင်ကာ တပ်မတော်နှင့်ကြားဖြစ်ပွားသည့်တိုက်ပွဲများလျော့ကျသွားခဲ့သော်လည်း တိုက်ပွဲများကတော့ ရှိနေဆဲဖြစ်သည်။ နှစ်ဖက်သဘောတူသတ်မှတ်ချက်များ ရှင်းလင်းစွာမရှိသောကြောင့် ပဋိပက္ခများ ပြန်လည်အရှိန်ရလာနိုင်မှုက အမြဲတမ်းခြိမ်းခြောက်နေဆဲ ဖြစ်သည်။

---

[313] Lawi Weng ၏ *'Mongla Rebels Say "Full Control" of Region Brings Development'*, The Irrawaddy, 30 April 2015 ကိုကြည့်ပါ။ http://m.irrawaddy.org/multimedia-burma/mongla-rebels-say-full-control-of-region-brings-development.html တွင်ရယူနိုင်ပါသည်။

[314] မိုင်းဖွန်သည် RCSS ၏သတ်ဖြတ်မှုကြောင့်သေဆုံးသွားသော်လည်း အဖွဲ့ကို ၎င်း၏အမည်အား အမှီပြုကာ ခေါ်ဆိုဆဲဖြစ်သည်။

[315] ယင်းနယ်မြေအတွင်းစီမံကိန်းများ လုပ်နေသည့် အရပ်ဖက်လူ့အဖွဲ့အစည်း နှစ်ခုနှင့် သီးခြားတွေ့ဆုံ မေးမြန်းချက် (ရှမ်းပြည်နယ် ၂၀၁၅ ဖေဖော်ဝါရီ)

[316] ယင်းနယ်မြေအတွင်း စီမံချက်များအကောင်အထည်ဖော်နေသည့် ရှမ်းယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းချက် (ရှမ်းပြည်နယ် ၂၀၁၅ ဖေဖော်ဝါရီ)

[317] သတင်းရင်းမြစ်များတွင် တိုင်းရင်းသားလက်နက်ကိုင်တစ်ဖွဲ့၊ အရပ်ဖက်လူ့အဖွဲ့အစည်း နှစ်ခု။ နှင့် TNI (2011), p.10; a နှင့် S.H.A.N (2003), pp. 49-50

PNLO သည် ၂၀၀၉ ခုနှစ်မှသာ ယခုလက်ရှိအခြေအနေသို့ စတင်ရောက်ရှိခဲ့ခြင်းဖြစ်သော်လည်း အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးနိုင်ခဲ့ခြင်းကြောင့် နယ်စွန်နယ်ဖျားကျေးရွာအုပ်စုများတွင် လုပ်ပိုင်ခွင့်အတိုင်းအတာ တစ်ခုထိရရှိထားပြီး လမ်းနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကြေးပံ့ပိုးမှုများလည်း လက်ခံရရှိခဲ့သည်။ သို့သော်လည်း ထိုအစီအစဉ်များက RCSS နှင့် ထိပ်တိုက်တွေ့မှုများ ဖြစ်ပေါ်စေခဲ့သည်။ RCSS ကလည်း ထိုနယ်မြေများသည် ၄င်းတို့ပိုင်နယ်မြေများဖြစ်သည်ဟု ဆိုခဲ့သဖြင့် ၂၀၁၅ ခုနှစ်တွင် ပဋိပက္ခသစ်များပေါ်ပေါက်ခဲ့ရသည်။ နိုင်ငံတော်ပံ့ပိုးမှုဖြင့် ရပ်တည်နေသည့် ပုံစံအမျိုးမျိုးသော ပြည်သူ့စစ် အများအပြားမှာလည်း ဒေသတလျောက် ပျံ့နှံ့လျက်ရှိသည်။ ပြည်သူ့စစ်များ၏ အစိုးရအုပ်ချုပ်ရေးအပေါ် လက်ခံမှုမှာလည်း အမျိုးမျိုးကွဲပြားလျက်ရှိသည်။

ဖော်ပြခဲ့ပါ အနေအထားအမျိုးမျိုးသည် ပဋိပက္ခဖြစ်ပွားရာဒေသများ၏ ဒေသဆိုင်ရာအစီအမံနှင့် ပတ်သက်သည့်ရှုပ်ထွေးမှုများကို မြင်သာအောင် ပုံဖော်ပေးလျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ထိုအနေအထားများကြောင့် မည်သည့် အာဏာပိုင်နှင့်လက်တွဲရမည်၊ မည်သည့်လမ်းကြောင်းမှတဆင့်ဆောင်ရွက်ရမည်၊ မည်သည့်အာဏာပိုင်ကို အသိအမှတ်ပြုရမည်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ရခက်ခဲစေသည်။

## အပိုင်း ၇ - ကချင် နှင့် ရှမ်း (မြောက်ပိုင်း) ရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒေသန္တရအုပ်ချုပ်ရေး

၂၀၀၉ ခုနှစ်နောက်ပိုင်း တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားမှ ပဋိပက္ခများကြောင့် ကချင်နှင့် ရှမ်း(မြောက်) မှ နယ်မြေဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများတွင် ပြောင်းလဲမှုများ အလျင်အမြန် ဖြစ်ပေါ်နေသည်။ ၂၀၀၉ ခုနှစ် အရှေ့ပိုင်းတွင် အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့အမျိုးမျိုးက နယ်မြေအသီးသီးကို မတူညီသည့်လုပ်ပိုင်ခွင့်များဖြင့် အုပ်ချုပ်နေသည့် အခင်းအကျင်း ဖြစ်သည်။ ၂၀၀၉ ခုနှစ်အခြေအနေများကို ခြုံငုံမိပြီး လက်ရှိအနေအထား နှင့် ချိတ်ဆက်နိုင်မှ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို နားလည်နိုင်မည်ဖြစ်သည်။ ၂၀၀၉ နှင့် ၂၀၁၅ ခုနှစ်ကြားဖြစ်ပေါ် ပြောင်းလဲနေသည့် နယ်မြေအခင်းအကျင်းများကို ဇယား ၁၀ တွင် ဖော်ပြထားပါသည်။

**ဇယား ၁၀ - ၂၀၀၉ အစောပိုင်းကာလနှင့် ၂၀၁၅ တွင် ကချင်၊ ရှမ်း (မြောက်) တို့တွင် တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထားသည့် သို့မဟုတ် အာဏာစက်ဖြန့်ထားနိုင်သည့် နယ်မြေများ**

| လက်နက်ကိုင် အဖွဲ့အစည်း | နယ်မြေ | ၂၀၀၉ ခုနှစ် အဖွဲ့အစည်း အနေအထား နှင့် ထိန်းချုပ်ထားသည့် ပုံစံများ | ၂၀၁၅ ခုနှစ် အဖွဲ့အစည်း၏ နယ်မြေထိန်းသိမ်းနိုင်မှု အနေအထား |
|---|---|---|---|
| **ဒီမိုကရေစီ သစ် တပ်မတော် (ကချင်) (NDA-K)** | ဆော့လော်၊ ချီဖွေ မြို့နယ်များ နှင့် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီး ဧရိယာ ကချင်ပြည်နယ်။ | အပစ်အခတ် ရပ်စဲထားသည့် အဖွဲ့ ကချင် အထူးဒေသ ၁ အုပ်ချုပ်ခွင့်ကို "ပူးပေါင်းရယူ" သည်။ | နယ်ခြားစောင့်တပ် ၁၀၀၁ - ၁၀၀၃ အစိုးရနှင့် "ပူးပေါင်းရယူထားသည်" |
| **ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO)** | ဝိုင်းမော် မြို့နယ် အရှေ့ခြမ်း၊ မိုးမောက်မြို့နယ်၊ ပူတာအို၊ ဗန်းမော်၊ တနိုင်း၊ ဖားကန့်၊ မိုးကောင်း၊ မံစီ မြို့နယ်များ၏ အစိတ်အပိုင်းများ ကို "ညှိနှိုင်း" အုပ်ချုပ်သည် (ကချင်ပြည်နယ်) | အပစ်အခတ်ရပ်စဲ ထားသည့် အဖွဲ့ ကချင်အထူးဒေသ ၂ ကို "ညှိနှိုင်း" ရယူ အုပ်ချုပ်သည်။ | အစိုးရနှင့် စစ်ဖြစ်နေသည့် အတိုက်အခံ လက်နက်ကိုင်အဖွဲ့၊ နယ်မြေအုပ်ချုပ်ရေးကို "တိုက်ပွဲဝင်" ခြင်းဖြင့် ရယူ ထိန်းချုပ်ထားသည် အခြေခံ နယ်မြေများကို ဆက်လက်ထိန်းထား နိုင်သော်လည်း နယ်မြေ အများအပြား လက်လွှတ် ထားရသည်။ |
| | ရှမ်းပြည်နယ် နမ္မတူ၊ ကွတ်ခိုင်၊ သိန္နီ၊ မူဆယ်မြို့နယ်များ မှ အစိတ်အပိုင်း အချို့ ။ အထူးသဖြင့်၂၀၀၅ ခုနှစ် PSLP/PSLA တို့ အင်အားလျော့သွား ချိန်တွင် မန်တုံ နှင့် နမ့်ခမ်း မြို့နယ်များတွင်လည်း နေရာယူထားသည်။ | အပစ်အခတ်ရပ် စဲထားသည့် အဖွဲ့ဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း နယ်မြေအတိအကျ သတ်မှတ် ခြင်းမရှိဘဲ "ညှိနှိုင်း"ခြင်းဖြင့် အုပ်ချုပ်သည်။ [318] | အတိုက်အခံ လက်နက်ကိုင်အဖွဲ့၊ နယ်မြေများကို "တိုက်ပွဲဝင်"ခြင်းဖြင့် ရယူထိန်းချုပ်ထားသည်။ နယ်မြေကာကွယ်ရေး အတွက် ကျားကုတ် ကျားခဲ အားထုတ်နေရသည်။ ပြောက်ကျားစနစ်ဖြင့် ကျယ်ပြန့်စွာ နေရာယူထားသည်။ |
| **ကချင်ကာကွယ်ရေး တပ်မတော် (KDA)** | ကွတ်ခိုင်မြို့ မြောက်ဘက်နှင့် အနောက်ဘက် နယ်မြေအချို့ | ရှမ်းပြည်နယ် အထူးဒေသ ၅ ကို "ပူးပေါင်း"ရယူအုပ်ချုပ်သည့် အပစ်အခတ်ရပ်စဲ ထားသည့် အဖွဲ့ဖြစ်သည်။ | ဌာနေပြည်သူ့စစ်၊ အထူးဒေသ ၅ ကို "ပူးပေါင်း"ခြင်းဖြင့် ဆက်လက် ထိန်းသိမ်းထားသည် |
| **သျှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော်** | လားရှိုး၊ သိန္နီ၊ နမ္မတူ၊ နမ့်ဆန်၊ တန့်ယန်း၊ သီပေါ နှင့် ကျောက်မဲ မြို့နယ်များ၏ အစွန် အဖျားဒေသ အတော်များများ | ရှမ်းပြည်နယ် အထူးဒေသ ၃ ကို "ညှိနှိုင်း"ရယူ အုပ်ချုပ်သော အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့ဖြစ်သည်။ | အဖွဲ့နှစ်ဖွဲ့ ကွဲသွားသည်။ ၁။ ဌာနေပြည်သူ့စစ် - လားရှိုး၊ သီပေါ နှင့် ကွန်ဟိန်းမြို့နယ်များ မှ နယ်မြေများကို "ပူးပေါင်း"ရယူ အုပ်ချုပ်သည်။ ၂။ အပစ်အခတ် ရပ်စဲထား သည့်အဖွဲ့ - သဘောတူညီချက် အသစ်များ ရရှိထားသော်လည်း မကြာခဏ တိုက်ပွဲများ ဖြစ်ပွားနေသည်။ "ညှိနှိုင်း"ရယူ ထားသည့် နယ်မြေအနည်းငယ် နှင့် တိုက်ပွဲဝင်ရယူထိန်း ချုပ်ထားသည့် နယ်မြေ အများအပြားရှိသည်။ |

[318] ရှမ်းပြည်မြောက်ပိုင်း KIO ၏ နယ်မြေမှာ ကချင်အထူးဒေသ ၁ နှင့် အဆင့်အတန်းတူ ဖြစ်သည်ဟု မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး အတွေ့အကြုံ ၁၅ နှစ်အထက်ရှိသူ တစ်ဦးရှင်းပြချက်အရ သိရသည်။ ၂၀၁၁ အရှေ့ပိုင်းတွင် ယင်းနယ်မြေ များသို့ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများကို ရုံးထိုင်ဝန်ဆောင်မှု ပေးခဲ့သည်။ Jolliffe (2014), pp. 15-16.

| | | | |
|---|---|---|---|
| **မြန်မာအမျိုးသား ဒီမိုကရေစီမဟာမိတ် တပ်မတော်** | ကုန်းကြမ်း၊ လောက်ကိုင်နှင့် ကွမ်းလုံမြောက်ဘက်ခြမ်းတစ်ဝက် (နမ်တင်မြစ် မြောက်ပိုင်း) | ရှမ်းပြည် အထူးဒေသ ၁ ကို ညှိနှိုင်းရယူ အုပ်ချုပ်သော အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့ ဖြစ်သည်။ | အဖွဲ့နှစ်ဖွဲ့ ကွဲထွက် သွားသည်။<br>၁။ တပ်မတော်က တိုက်ထုတ်လိုက်သည့် ပင်မအဖွဲ့က ၂၀၁၅ ခုနှစ် တွင် ပြန်လည်အခြေချရန် ကြိုးပမ်းသည်။<br>၂။ ခွဲထွက် အဖွဲ့ငယ် က နယ်ခြားစောင့် ၁၀၀၆ အဖြစ် ပြောင်းလဲ သွားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးဆောင်အဖွဲ့တွင် ပြည်ခိုင်ဖြိုးနှင့် ပူးပေါင်း ဦးဆောင်သည်။ |
| **'ဝ' ပြည်သွေးစည်း ညီညွတ်ရေး တပ်မတော်** | ဟိုပန်မြို့နယ် အရှေ့ခြမ်း၊ မိုင်းမော၊ ပန်ဝိုင်း၊ ပန်ဆန်း၊ နားဖန့်မြို့နယ် အားလုံး၊ မက်မန်နှင့် မိုင်းယန်းမြို့နယ် အစိတ် အပိုင်းအချို့ | ရှမ်းပြည်နယ် အထူးဒေသ ၂ နယ်မြေကို "ညှိနှိုင်း"ရယူ ထိန်းချုပ်သည်။ | ရှမ်းပြည်နယ်အထူးဒေသ ၂ ထိန်းချုပ်မှုကို "ညှိနှိုင်း"ရယူ ထားနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်တွင် ရည်ညွှန်းထားသော်လည်း တရားဝင် အတည်ပြုထားခြင်းမရှိပါ။ |

## ဇယား ၁၁ - ပြည်သူ့စစ်များနှင့် ဌာနေပြည်သူ့စစ်များ ကချင် နှင့် ရှမ်း (မြောက်)

| အမည်၊ သတ်မှတ်ချက် | ဒေသ |
|---|---|
| ကွတ်ခိုင် အထူးပြည်သူ့စစ်၊ တာမိုးညဲ ပြည်သူ့စစ် | ရှမ်းပြည်နယ်၊ ကွတ်ခိုင် မြို့နယ် |
| ပန်ဆေး 'ဦးကျော်မြင့်' ပြည်သူ့စစ် | ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်ရှိ တောင်ထူထပ်သောဒေသများ |
| မိုင်းပေါ်ပြည်သူ့စစ် (ယခင် MNDAA ၏ခွဲထွက်အဖွဲ့ခွဲ ဖြစ်သော '*မှန်ဆာလ*' အဖွဲ့) | ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် |
| မန်တုန် ပြည်သူ့စစ် (ယခင် PSLP/PSLA) | ရှမ်းပြည်နယ်၊ မန်တုန်မြို့နယ် |
| မုန်းကိုးပြည်သူ့စစ် | မူဆယ်မြို့နယ်ရှိ မုန်းကိုးမြို့နှင့် အနီးတဝိုက် |
| မန်ပန်ပြည်သူ့စစ် (ယခင် မော်ထိုင်းတပ်မတော်) | ရှမ်းပြည်နယ်၊ လားရှိုးနှင့် တန့်ယန်းမြို့နယ်များ |
| မိုင်းဟ ပြည်သူ့စစ် (ယခင် မော်ထိုင်းတပ်မတော်) | ရှမ်းပြည်နယ်၊ တန့်ယန်းမြို့နယ် |
| လဆန်အောင်ဝါ ပြည်သူ့စစ် | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် |
| ရဝမ်ပြည်သူ့စစ် (RRF) militia | ကချင်ပြည်နယ် (မြို့နယ်မသိ) |
| အတန် ပြည်သူ့စစ် | ကချင်ပြည်နယ် (မြို့နယ်မသိ) |
| တာလောကြီး ပြည်သူ့စစ် | ကချင်ပြည်နယ် (မြို့နယ်မသိ) |
| နယ်ခြားစောင့်တပ်ရင်း ၁၀၀၆ (ကိုးကန့်) | ရှမ်းပြည်နယ်၊ ကုန်းကြမ်းနှင့် လောက်ကိုင်မြို့နယ်များ |
| နယ်ခြားစောင့်တပ်ရင်း ၁၀၁၀ (ဝ) | ရှမ်းပြည်နယ်၊ မက်မန်းမြို့နယ် [319] |

[319] မက်မန်းမြို့နယ်သည် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင်ရှိသော်လည်း 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု နှင့် ပတ်သက်သည်များကို တင်ပြမည်ဖြစ်သောကြောင့် ယခုအပိုင်းတွင် ထည့်သွင်းထားခြင်းဖြစ်ပါသည်။

မြေပုံ ၉ - ကချင်ပြည်နယ်




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

မြေပုံ ၁၈ - ရှမ်းပြည်နယ် (မြောက်ပိုင်း)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၇.၁ ကချင်ပြည်နယ်

၂၀၁၁ ခုနှစ်မှစပြီး အစိုးရနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (Kachin Independence Organization – KIO) ၏ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သော ကချင်လွတ်လပ်ရေးတပ်မတော် (Kachin Independence Army – KIA) ကြားတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ အုပ်ချုပ်ရေး အခင်းအကျင်း နှင့်ပတ်သက်ပြီး ကြီးကြီးမားမားပြောင်းလဲသွားမှု နှစ်ခုရှိသည်။ ပထမ ပြောင်းလဲမှုမှာ ရပ်ရွာပေါင်း ၁၀၀ ကျော်မှ လူဦးရေ ၉၀၀၀၀ ကျော်သည် နေရပ်စွန့်ခွာထွက်ပြေးကြပြီး ၎င်းတို့အထဲမှ ၇၀၀၀၀ ကျော်မှာ KIO နယ်မြေအတွင်းသို့ ဝင်ရောက်ခိုလှုံခဲ့ကြသည်။[320] ဒုတိယအနေဖြင့် တပ်မတော် တပ်ရင်းများ၊ လက်ရုံးတပ်ရင်းများ ဒါဇင်နှင့်ချီတက်လာသဖြင့် KIO ထိန်းချုပ်ထားသည့် နယ်မြေများ လက်လွှတ်လိုက်ရခြင်းဖြစ်သည်။ သို့သော်လည်း နယ်မြေဟောင်းများတွင် KIO အုပ်ချုပ်ရေးစနစ်မှာ တည်ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် အခြေခံနယ်မြေများဖြစ်သော ကချင်ပြည်နယ်တောင်ပိုင်းတွင် အားကောင်းနေဆဲ ဖြစ်သည်။ ဖားကန့်နှင့် တနိုင်းမြို့နယ်စသည့်တို့တွင်လည်း အုပ်ချုပ်ရေးအာဏာဖြန့်ထားနိုင်ဆဲဖြစ်သည်။

ဒေသများတွင် နိုင်ငံရေးပါတီဖြစ်သော KIO မှ ခွဲဖြာထွက်ထားသည့် အရပ်ဘက်အဖွဲ့ ကချင်လွတ်လပ်ရေးကောင်စီ (Kachin Independence Council - KIC) ဖြင့် အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်သည်။[321] KIC သည် ဗဟိုအဆင့် ကောင်စီဖြစ်ပြီး KIA (လက်နက်ကိုင်အဖွဲ့) နှင့် အခြား အဓိကဌာန ၁၁ ခုကို ကြီးကြပ်သည်။ ထိုဌာန ၁၁ ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကျန်းမာရေး
- ပညာရေး
- အထွေထွေအုပ်ချုပ်ရေး
- နိုင်ငံခြားဆက်ဆံရေး
- စီးပွားရေး
- အခွန်ဘဏ္ဍာ
- စိုက်ပျိုးရေးနှင့် သစ်တော
- ဘဏ္ဍာထိန်း
- စာရင်းစစ်
- ဖွံ့ဖြိုးရေး
- သတင်းနှင့် ပြန်ကြားရေး

KIC သည် အမျိုးသမီးအဖွဲ့အစည်း၊ ကချင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၊ မူးယစ်တိုက်ဖျက်ရေး၊ ကချင် နေရပ်စွန့်ခွာတိမ်းရှောင်သူ နှင့် ဒုက္ခသည်ကယ်ဆယ်ရေးကော်မတီ အစရှိသော ကော်မတီငယ်များကိုလည်း ကြီးကြပ်ရသည်။ KIO ပါတီမှ ဝါရင့်အဖွဲ့ဝင်များဖြင့် KIC ကိုတာဝန်ပေးဖွဲ့စည်းထားခြင်းဖြစ်သည်။ ၎င်းတို့ကို ပုံသေခန့်ထားခြင်း မဟုတ်ပဲ ကာလသတ်မှတ် ချက်အလိုက် ရွေးကောက်ခန့်ထားခြင်းဖြစ်သည်။

ဌာနအားလုံးကို KIC က ဗဟိုအဆင့်တွင်ကြီးကြပ်ပြီး ၎င်းအဖွဲ့ဝင်များက KIO သတ်မှတ်ထားသည့် တိုင်းငါးခုတွင် ဌာနပေါင်းစုံ စုထားသည့် တိုင်းကော်မတီများ ပြန်လည်ဖွဲ့စည်းသည်။ တိုင်းဖွဲ့စည်းမှုသည် KIA တပ်မဟာငါးခု၏ လှုပ်ရှားနယ်မြေများနှင့် ထပ်တူဖြစ်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း ဒေသအတော်များများပါဝင်သည်။[322] တိုင်းကော်မတီများကို တိုင်းအဆင့် ဌာနအကြီးအကဲ၊ အတွင်းရေးမှူးများ၊ နှင့် အထွေထွေအုပ်ချုပ်ရေးဌာန(Department of General Administration – DGA) တို့ဖြင့် ပူးပေါင်းဖွဲ့စည်းထားသည်။ တိုင်းကို ကျေးရွာအုပ်စုများဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စုများအောက်တွင် ကျေးရွာများရှိသည်။ ယင်းအဆင့်တွင်ဖွဲ့စည်းထားသည့် ကော်မတီတွင် ခန့်အပ်ထားသည့် အရာရှိများ၊ ရပ်ရွာမှသြဇာရှိသူများ ပါဝင်ကြသည်။ သို့သော် ဌာနများအတွက် သီးခြားကိုယ်စားလှယ်များ ခန့်အပ်ထားခြင်းမရှိပါ။[323]

အဖွဲ့အစည်းနှင့် ၎င်းပိုင် ဘူးဂါး ကုမ္ပဏီသည် ထိန်းချုပ်နယ်မြေပြင်ပမှ အခြေခံအဆောက်အဦလုပ်ငန်းများကို တာဝန်ယူ ဆောက်လုပ်ရသည်။ ဘူးဂါးကုမ္ပဏီက ၂၀၀၆ ခုနှစ်တွင် မလိချောင်း ရေအားလျှပ်စစ်ဆောက်လုပ်ပြီးစီးခဲ့ပြီး အစိုးရ ထိန်းချုပ်ထားသည့် ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားနှင့်၊ ဝိုင်းမော်မြို့နယ်များကို ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ခဲ့သည်။ KIO သည် အဆင့်မြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးများ အပါအဝင် အခြားလူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ထိထိရောက်ရောက် ပံ့ပိုးပေးမှုများလည်း ရှိသည်။[324]

၂၀၁၀ ခုနှစ်တွင် ဒီမိုကရေစီသစ်တပ်မတော် - ကချင် (NDA-K) က နယ်ခြားစောင့်တပ်ရင်း ၁၀၀၁ - ၁၀၀၃ အဖြစ်ပြောင်းလဲခဲ့သည်။ ယင်းနယ်မြေများ၏ အုပ်ချုပ်ရေးဆိုင်ရာစီမံမှုများနှင့် ပတ်သက်ပြီး သုသေတနပြုမှု အနည်းငယ်သာ ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော်

[320] UNDP (2015a), p. 18.

[321] အဖွဲ့အစည်း၏ အုပ်ချုပ်ရေးစနစ်နှင့် ပတ်သက်သည်များကို KIO က ပံ့ပိုးပေးခြင်းဖြစ်သည်။ ၂၀၁၅ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများ တွင် အီးမေးဖြင့် မေးမြန်းရာမှ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ စာတမ်းရှင်၏ ယင်းနယ်မြေများပေါ်တွင် ဂင်ရောက်လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံများပေါ်တွင်လည်း အခြေခံပြုစုထားပါသည်။

[322] ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်း၊ မန်တုံ၊ ကွတ်ခိုင်၊ သိန္နီ၊ မူဆယ် မြို့နယ်များ၊ နမ္မတူ၊ မိုးမိတ်၊ လားရှိုးမြို့နယ်များ ၏ အစိတ်အပိုင်းအချို့ပါဝင်သည်။

[323] ထိုအဆင့်တွင် သြဇာရှိသူများမှာ ဆရာများ သို့မဟုတ် ဌာနများတွင် အဓိက တာဝန်ယူထားသူများ ဖြစ်နေတတ်သည်။

[324] RCSS က ပံ့ပိုးပေးသည့် လူမှုဝန်ဆောင်မှုများအကြောင်း အသေးစိတ်ကို Jolliffe (2014) တွင်ကြည့်ပါ။

အဖွဲ့အစည်းနှင့် သက်ဆိုင်ခြင်းမရှိတော့သည့် နာမည်ကြီး NDA-K အဖွဲ့ဝင်ဟောင်း၏ မိသားစုဝင်တစ်ဦး ပြောပြချက်အရ အဖွဲ့အစည်းအနေဖြင့် စီးပွားရေးလုပ်ငန်းများကိုသာ အာရုံထားပြီး လူမှုရေးဝန်ဆောင်မှုများကို စနစ်တကျပံ့ပိုးနိုင်ခြင်းမရှိဟု သိရသည်။[325] အခြားနယ်ခြားစောင့်တပ်ရင်းများ ကဲ့သို့ပင် ၎င်းတို့၏အဓိကတာဝန်မှာ လုံခြုံရေးဖြစ်ပြီး ရပ်ရွာနှင့်ဆက်ဆံရေးမှာမူ အုပ်ချုပ်ရေးအတွက် လိုအပ်သည့်အခါ ယာယီပေါ်လာသည့် အဖွဲ့သဘောသာ ရှိနိုင်တော့သည်။ သို့သော်လည်း NDA-K အနေဖြင့် ယင်းနယ်မြေများတွင် ကာလကြာရှည်ရပ်တည်ခဲ့ခြင်း၊ ဒေသခံ အချိတ်အဆက် တည်ဆောက်ထားနိုင်ခြင်း၊ ဘာသာစကားတူခြင်း တို့ကြောင့် ၎င်းအဖွဲ့ဝင်များအနေဖြင့် အချို့ဒေသများတွင် အစိုးရ၏ အုပ်ချုပ်ရေးစနစ် လည်ပတ်ရန် ကူညီပေးရနိုင်ဖွယ်ရှိသည်။ အမှုအခင်းကြီးများ၊ ရာဇဝတ်မှုများပေါ်ပေါက်လာပါက ၎င်းတို့သည် ရပ်ရွာ၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် တိုင်ပင်ခံရနိုင်သည်။

အလားတူပင် လဆန်အောင်ဝါပြည်သူ့စစ်၊ ရဝမ်ပြည်သူ့စစ်၊ အတန်ပြည်သူ့စစ်နှင့် တာလောကြီးပြည်သူ့စစ် များ စိုးမိုးရာဒေသများမှ အုပ်ချုပ်မှုပုံစံမှာ မသိရသလောက်ပင်ဖြစ်သည်။

## ၇.၂ ပလောင်/တအာင်းဒေသ

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အနောက်မြောက်ဒေသအတော်များများတွင် တအာင်းရပ်ရွာများရှိသည်။ ကချင် နှင့် ရှမ်းလူမျိုးများလည်း ထိုဒေသများတွင်အများအပြား ပျံ့နှံ့နေထိုင်ကြသည်။ ထို့ကြောင့်ပင် ယင်းဒေသများ သည် လက်နက်ကိုင်အဖွဲ့ အမျိုးမျိုး၏ ထိန်းချုပ်မှုအောက်ရောက်နေကြသည်။ နယ်မြေသတ်မှတ်မှုမှာလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ထပ်နေတတ်သည်။

ပလောင်ပြည်လွတ်မြောက်ရေးပါတီ (Plaung State Liberation Party - PSLP) ၂၀၀၅ ခုနှစ်တွင်ပြိုကွဲသွားပြီးနောက် SSPP နှင့် KIO တို့က တအာင်းဒေသ နယ်စွန်နယ်ဖျားများတွင် အုပ်ချုပ်ရေးယန္တရားများ ချဲ့ထွင်လာနိုင်ပြီး အဓိကအုပ်ချုပ်သူများဖြစ်လာကြသည်။[326] သို့သော်လည်း ၂၀၁၁ ခုနှစ်မှစပြီး ယင်းလက်နက်ကိုင်အဖွဲ့များသည် တပ်မတော် နှင့် ပဋိပက္ခဖြစ်ပွားမှု အမြဲတမ်းရှိနေသောကြောင့် ပြောက်ကျားစနစ်ဖြင့်သာ နေရာယူနိုင်တော့သည်။ ၎င်းတို့နှစ်ဖွဲ့သည် အတည်တကျ နေရာမယူနိုင်တော့သည့်အတွက် တအာင်းလူမျိုးများနေထိုင်သည့် နယ်မြေများကို ၎င်းတို့၏ တက်သစ်စ တအာင်းမဟာမိတ် ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (Palaung State Liberation Front - PSLF) သို့လွှဲပြောင်းပေးနေသည်။

ထိုကာလအတောအတွင်း PSLF သည် သိသိသာသာအင်အားကြီးထွားလာပြီး အားကောင်းသည့် တော်လှန်ရေးအဖွဲ့ဖြစ်လာကာ အုပ်ချုပ်ရေးပိုင်းတွင် အာဏာရှိသည့်အဖွဲ့အစည်းဖြစ်လာသည်။ ယင်းအဖွဲ့ကို ထိုင်း - မြန်မာနယ်စပ် တွင် PSLP ခွဲထွက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် လက်နက်များ ဖြုတ်သိမ်းခံရသည့်ကာလအတွင်းက လူမျိုးစုနိုင်ငံရေးမဟာမိတ် အနေဖြင့် KNU နယ်မြေတွင် အခြေပြုထားခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် PSLF သည် ၎င်း၏ လက်နက်ကိုင်အဖွဲ့အသစ် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် TNLA ကိုဖွဲ့စည်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင်တော့ ရှမ်းပြည်မြောက်ပိုင်းမှ နယ်မြေများကို စတင် သိမ်းပိုက်လာနိုင်ခဲ့သည်။

PSLF/TNLA သည် ရှမ်းပြည်နယ်အတွင်းရှိ နမ့်ဆန်၊ မန်တုန်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ နမ္မတူ၊ သီပေါ၊ ကျောက်မဲ၊ မိုးမိတ်နှင့် လားရှိုးမြို့ နယ်များ၏ အချို့အစိတ်အပိုင်းများတွင် လှုပ်ရှားကြသည်။ မန္တလေးတိုင်းဒေသကြီးရှိ မိုးကုတ်မြို့နယ် တွင်လည်း လှုပ်ရှားသည်။ PSLF အနေဖြင့် ၎င်းဒေသများတွင် နယ်မြေများကို ပိုင်နိုင်စွာချုပ်ကိုင်ထားခြင်းမရှိသည့်တိုင် တအာင်း လူမျိုးများနေထိုင်ရာ ကျေးရွာ တစ်ရာကျော်တွင် အခြေခံအုပ်ချုပ်ရေးစနစ်ကို တည်ထောင်ထားနိုင်ခဲ့သည်။ အပိုင်း ၃ တွင်တင်ပြခဲ့သည့်အတိုင်း TNLA ၏ အဓိက လှုပ်ရှားနယ်မြေများမှ နမ့်ဆန်နှင့် မန်တုံ မြို့နယ်များကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ် သတ်မှတ်ထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် PSLF ၏တရားဝင်ကဏ္ဍမရှိသော်လည်း စစ်ရေးဖြင့် နယ်မြေများကို ထိန်းထားသည်။

ဗဟိုညီလာခံကျင်းပပြီး ဗဟိုကော်မတီဝင်များကိုရွေးချယ်သည်။ ထိုမှတဆင့် ဥက္ကဋ္ဌအပါအဝင်  အဖွဲ့ဝင် ၁၁ ဦးပါ အလုပ်အမှုဆောင် ကော်မတီကို ရွေးချယ်သည်။ အောက်ပါဌာန ၁၂ ခုတွင် ဌာနအကြီးအကဲနှင့် လက်ထောက်နှစ်ဦးကို ဗဟိုကော်မတီက ခန့်အပ်သည်။

- အုပ်ချုပ်ရေး
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု
- ဘဏ္ဍာရေး
- သတင်းနှင့် ပြန်ကြားရေး
- ကာကွယ်ရေး (TNLA ကိုကွပ်ကဲသည်)
- မဟာမိတ်နှင့် နိုင်ငံခြားရေးရာဌာန
- အခွန်ဘဏ္ဍာ
- ပညာရေး
- ကျန်းမာရေး
- မဟာမိတ်
- အမျိုးသမီးများကဏ္ဍတိုးတက်ရေး
- မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီ

[325] ၂၀၁၁ ခုနှစ် ထိုင်းနိုင်ငံတွင် စာတမ်းရှင်ကိုယ်တိုင် တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။
[326] နမ်ခမ်းမြို့နယ်တွင်  RCSS ကလည်း အခိုင်အမာနေရာယူထားသည်။

နယ်မြေများကို ၁၁ မြို့နယ်အဖြစ်ခွဲခြားသတ်မှတ်ပြီး မြို့နယ်တစ်ခုတွင် ကျေးရွာအုပ်စုနှင့်တူသည့် ဖုံ သုံးခုမှ ငါးခုအထိပါသည်။ PSLF အုပ်ချုပ်ရေးစနစ်ကို ၎င်း၏ အုပ်ချုပ်ရေးဌာနအောက်တွင်ထားပြီး မြို့နယ်ရုံးများအတွက် အုပ်ချုပ်ရေးအကြီးအကဲများကို ဗဟိုရုံးက ဗဟိုကော်မတီအတည်ပြုချက်နှင့် ခန့်အပ်သည်။ ဒေသအသိအမှတ်ပြု ကျေးရွာခေါင်းဆောင်များ နှင့် တိုက်ရိုက် လုပ်ကိုင်သော ဖုံအုပ်ချုပ်ရေးကော်မတီ နှင့် ကျေးရွာအဆင့် ကော်မတီများကို မြို့နယ်ရုံးများက ကြီးကြပ်သည်။ အုပ်ချုပ်ရေးဌာနသည် ဗဟိုအဆင့်တွင် မူဝါဒများချမှတ်ပြီး ဒေသအဆင့်တွင် တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးရေး အတွက် တာဝန်ရှိကာ အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်သည်။

ယင်းဒေသရှိ အရပ်ဖက်လူ့အဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်၏ အဆိုအရ ယခင်ကအုပ်ချုပ်သူများ ကြီးကြပ်မှုအားနည်းခဲ့သည့် ဒေသများ၏ ဒေသတွင်းအမှုအခင်းများ၊ ရာဇဝတ်မှုများကိုင်တွယ်ရာတွင် PSLF သည် အဓိကအရေးပါသည့်နေရာမှ ပါဝင်လာသည်ဟု သိရသည်။[327] ၎င်းအာဏာစက်ဖြန့်ကျက်ထားသည့် နေရာများသည် အစိုးရကလည်း လက်လှမ်းမီသည့်နေရာများ ဖြစ်သောကြောင့် အဖွဲ့တစ်ခုခုနှင့် ဆက်ဆံမိသည့် ဒေသခံများအဖို့ ယင်းအဖွဲ့ကိုထောက်ခံအားပေးသည်ဟု အလွယ်တကူ စွပ်စွဲခံရနိုင်သည်။ ပြည်သူ့ထောက်ခံမှုတိုးတက်လာစေရန် ဆောင်ရွက်မှုအစိတ်အပိုင်းအနေနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်မှုများကို အထူးတက်ကြွစွာဆောင်ရွက်ပြီး အနီးအနား ပြည်သူ့စစ်နယ်မြေများအတွင်း ဝင်ရောက်ကာ မူးယစ်နှိမ်နင်းမှုများကိုပြုလုပ်သည်။[328]

ပညာရေး၊ ကျန်းမာရေး၊ မူးယစ်တိုက်ဖျက်ရေး နှင့် အမျိုးသမီးကဏ္ဍတိုးတက်ရေးကဲ့သို့ မြို့နယ်အဆင့်နှင့် ဖုံအဆင့်တွင် လုပ်ရှားသည့်ဌာနများလည်းရှိသည်။ ဆရာ မရှိသည့်ကျေးရွာများတွင် PSLF က ရပ်ရွာ အခြေပြုကျောင်းဆရာများ ပေါ်ပေါက်လာစေရန် စီစဉ်ပေးသည်။ ရံဖန်ရံခါ ရိက္ခာထောက်ပံ့သည်။ ၎င်း၏ လူမှုကွန်ယက်များမှတဆင့် ကျောင်းများသို့ စာအုပ်ပေးလှူမှုများလည်းရှိသည်။ အစိုးရကျောင်းစရိတ် အပါအဝင် ကျောင်းသား မိဘများအတွက် စရိတ်ထောက်ပံ့ပေးမှုများ လည်းရှိသည်။[329] ရွှေ့လျားဆေးခန်း ၃၅ ခုကိုလည်း ဖွင့်လှစ်ထားပြီး အခြားကျန်းမာရေးအဖွဲ့ အစည်းများနှင့် ပူးပေါင်းကာ ပဋိပက္ခဒဏ်ခံရသော ရပ်ရွာများသို့ သွားရောက် ကုသစောင့်ရှောက်မှုများ ပြုလုပ်သည်။[330]

ယင်းနယ်မြေများတွင် အရွယ်အစားစုံ ပြည်သူ့စစ်အမျိုးမျိုးလည်း လှုပ်ရှားနေကြသည်။ တအာင်း ပြည်သူ့စစ်အဖွဲ့ကြီး ၃ ဖွဲ့ရှိသည်။ နမ့်ဆန်မြို့တွင် နစ်ဖွဲ့အခြေစိုက်သည်။ ၎င်းတို့မှာ ငွန်စိုင်း ပြည်သူ့စစ်နှင့် ဖွဲ့စည်းသူ၏ အမည်ဖြင့်ကျော်ကြားသည့် ဦးထွန်းမြတ်လေး ပြည်သူ့စစ်တို့ဖြစ်သည်။ တတိယအဖွဲ့မှာ မန်တုံပြည်သူ့စစ်ဖြစ်ပြီး ၎င်းကို ၂၀၀၅ ခုနှစ်တွင် PSLP/PSLA အကြွင်းအကျန်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ နမ့်ခမ်းတွင် ပြည်ခိုင်ဖြိုးအမတ်၊ ဦးကျော်မြင့်၏ ပန်းဆေးပြည်သူ့စစ်က နယ်မြေအတော်များများကို ထိန်းချုပ်ထားသည်။ တရုတ် အစွလာမ်များကို ရည်ညွှန်းသည့် ပန်းဆေး ကိုအစွဲပြုလျက် မှည့်ထားခြင်းဖြစ်သည်။ ပြည်သူ့စစ်များ ထိန်းချုပ်သည့်နယ်မြေများမှာ တောင်ထူထပ်သည့်ဒေသဖြစ်သောကြောင့် အုပ်ချုပ်ရေးစနစ်များ တည်ရှိနေမှုနှင့်ပတ်သက်ပြီး အနည်းအကျဉ်းသာသိရသည်။[331]

---

[327] အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ဦးတည်အုပ်စုဖွဲ့ဆွေးနွေးခြင်း (၂၀၁၅ ဖေဖော်ဝါရီ။ နေရာ - လျှို့ဝှက်)

[328] ပန်းဆေးပြည်သူ့စစ်နယ်မြေအတွင်း မူးယစ်တိုက်ဖျက်ရေးဝင်ရောက်လုပ်နေသည့် ဓာတ်ပုံနှင့် ဆောင်းပါးကို Nils Larsen, *'On a Mission: Destruction of Opium'*, The Irrawaddy, 24 March 2015; available at: http://www.irrawaddy.org/magazine/on-a-mission-destruction-of-opium.html. တွင် ကြည့်ပါ။ ကွင်းဆင်း သတင်းပေးပို့မှုများ Free Burma Rangers, *'FBR Report: Opium and Ongoing Attacks by the Burma Army in Kachin and Shan States, Burma'*; available at: http://www.freeburmarangers.org/2015/02/24/opium-and-ongoing-attacks-by-the-burma-army-in-kachin-and-shan-states-burma/ တွင်ကြည့်ပါ။

[329] ယင်းဒေသတွင်လှုပ်ရှားနေသည့် အရပ်ဖက်လူ့အဖွဲ့အစည်းက အချက်အလက်များပံ့ပိုးခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၀၁၅။ PSLF နိုင်ငံခြားရေးဌာန၏ အီးမေးလ်ဖြင့် သီးသန့်ဖြေကြားခြင်းများ (မတ် ၂၀၁၅) မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် ကျောင်းများကို ကိုယ်ထူကိုယ်ထဆောက်၊ ရပ်ရွာတွင်း သို့မဟုတ် အနီးအပါးရွာမှ ကျောင်းဆရာများကို နေစရာ ရိက္ခာ ရံဖန်ရံခါ လစာပံ့ပိုးပေးပြီး ကျောင်းဖွင့်သည်မှာ မဆန်းသည့်ကိစ္စဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ထိုကဲ့သို့သော ပညာရေးကြိုးပမ်းမှုများကို ငွေကြေးပံ့ပိုးခြင်း၊ ဆရာမရှိသည့် ရွာများအတွက် ဆရာစုဆောင်းပေးခြင်း၊ သင်တန်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းချပေးခြင်းများပြုလုပ်သည်။

[330] PSLF ကျန်းမာရေးစနစ် အစပြုရန်အတွက် KIO ကျန်းမာရေးဌာနက နည်းပညာအကူအညီပေးခြင်း၊ သင်တန်းပေးခြင်း၊ အဆောက်အဦများ ဆောက်လုပ်ပေးခြင်းဖြင့် ထိထိရောက်ရောက် ကူညီပံ့ပိုးခဲ့သည်။ ရပ်ရွာသားများ သို့မဟုတ် တအာင်း အမျိုးသားတပ်မတော်ကို သင်တန်းပေး၊ ဆေးပစ္စည်းထောက်ပံ့သည့် Backpack Health Worker Team၊ Free Burma Rangers တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်သည်။ PSLF ကျန်းမာရေး အသုံးစရိတ်များကို မည်သည့်အကူအညီမှမယူပဲ ရရှိလာသည့် အခွန်ငွေများမှ စိုက်ထုတ်သုံးစွဲပါသည်ဟု ထုတ်ပြန်ထားသည်။ ၎င်းနယ်မြေအတွင်း နောက်ဆုံးပြုလုပ်ခဲ့သည့် သင်တန်းတွင် ဆေးဝန်ထမ်း အယောက် ၁၅၀ တက်ရောက်ခဲ့သည်။

[331] ဘိန်းကုန်ကူးမှုကြောင့်ထင်ရှားသည့်အဖွဲ့ဖြစ်သည်။ TNLA ၏ မူးယစ်နှိမ်နင်းရေးဝင်ရောက်ခဲ့သည့် နေရာဖြစ်သည်။ အဖွဲ့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည်သူ့စစ်ခေါင်းဆောင် တာဝန်ယူထားသည့် တပ်မတော်မှ အငြိမ်းစား ဗိုလ်မှူး တဦး၊ ဒေသခံရှေ့နေ၊ တိုင်းရင်းသားလက်နက်ကိုင် ၃ ခုမှ အဖွဲ့ဝင်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်း ၂ ခုမှ ကိုယ်စားလှယ်များက ပံ့ပိုးပေးခြင်းဖြစ်သည်။ ယင်းနယ်မြေများ၏ အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး တပ်မတော်က နယ်မြေစိုးမိုးမှုရယူထားပြီး ကောင်းစွာအုပ်ချုပ်ခြင်းမရှိ ဆိုသည့်အချက်ထက် ပိုပြောနိုင်သည့်သူ မပါဝင်ခဲ့ပါ။

## ၇.၃ ရှမ်း (မြောက်ပိုင်း) မှ ကချင်လက်နက်ကိုင်များ

နမ့္မတူ၊ မူဆယ်၊ မန်တုန်၊ သီပေါမြို့နယ်များ နှင့် ကွတ်ခိုင်မြို့နယ် အစိတ်အပိုင်းအချို့၏ အစွန်အဖျားဒေသ၊ တောင်ထူထပ်ရာဒေသများတွင် ပျံ့နှံ့နေသည့် ကချင်ရပ်ရွာများကို ၂၀၁၁ ခုနှစ်မတိုင်မီအထိ KIO မှ အုပ်ချုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်မူ ပြောက်ကျားအဆင့်သို့လျော့ကျသွားပြီး ပြည်သူပေါင်း ထောင်နှင့်ချီကာ နေရပ်စွန့်ခွာခဲ့ရသကဲ့သို့ ဒါဇင်နှင့်ချီသည့် ကျောင်းများ၊ ကျန်းမာရေး အဆောက်အဦးများကိုလည်း လက်လွှတ်ခဲ့ရသည်။[332]

ကွတ်ခိုင်မြို့နယ်အစွန်အဖျားဒေသများသည် ကချင်လက်နက်ကိုင်အမျိုးမျိုး ရှိနေသည့်နေရာဖြစ်သည်။ KIO အနေဖြင့် ယင်းနယ်မြေများတွင် အခိုင်အမာနေရာယူထားနိုင်သော်လည်း ပို၍ထင်ရှား အာဏာထွားသည့် အဖွဲ့မှာ ၁၉၉၁ ခုနှစ်တွင် KIA တပ်မဟာ ၄ အဖြစ်မှ ခွဲထွက်သွားသည့် ကချင်အမျိုးသားကာကွယ်ရေးတပ်မတော် (Kachin Defence Army - KDA) ဖြစ်သည်။ ၎င်းအဖွဲ့သည် လက်ရှိတွင် ဌာနေပြည်သူ့စစ်အဖြစ် တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ KDA ကို အဖွဲ့၏ ဌာနချုပ်အခြေစိုက်ရာ ကွတ်ခိုင်မြို့အနီးမှ ရွာအမည်ကို အစွဲပြုပြီး "*ကောင်းခါး*" ပြည်သူ့စစ်ဟုလည်း သုံးနှုန်းသည်။ KIO စနစ်နှင့်ဆင်တူသည့် အုပ်ချုပ်ရေးစနစ်ကိုပင်အသုံးပြုပြီး အစိုးရ၏ထွေ/အုပ်ဌာနနှင့်အပြိုင် ၎င်း၏နယ်မြေများကို အုပ်ချုပ်သည်။ အစိုးရနှင့်ပူးပေါင်း၍သော်လည်းကောင်း၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်းများ နှင့် ပူးပေါင်း၍ သော်လည်းကောင်း၊ အဖွဲ့၏ဌာနများမှ တဆင့်သော်လည်းကောင်း နယ်မြေတိုးတက်ရေးနှင့် ဝန်ဆောင်မှုပေးခြင်းများကို ဆောင်ရွက်မှုရှိသည်။

ကွတ်ခိုင်မြို့နယ်ရှိ အခြားပြည်သူ့စစ်များမှာ ကချင်လူမျိုးအများစုဖြင့် ဖွဲ့စည်းထားသည့် ကွတ်ခိုင် "အထူး" ပြည်သူ့စစ်၊ ရှေ့တန်းစခန်း ကျဲကျဲချထားပြီး ကျေးရွာအုပ်စုအများအပြားတွင် လှုပ်ရှားသည့် တာမိုးညဲမြို့ကိုအစွဲပြု အမည်ပေးထားသည့် တာမိုးညဲပြည်သူ့စစ်၊[333] တို့ရှိသည်။ ယင်းအဖွဲ့များသည် စီးပွားရေးလုပ်ငန်းများကို အဓိက အာရုံစိုက်သည်။ အချိန်အခါလိုက်ပြီး သောင်းကျန်းသူနှိမ်နင်းရေးတွင်ပါဝင်ရသည်။ အုပ်ချုပ်ရေးပိုင်းတွင် အနည်းငယ်သာပါဝင်ရသည်။ အဖွဲ့ နှစ်ဖွဲ့လုံးကို မြန်မာဥပဒေပြုရေးတွင် တက်ကြွသည့် ပြည်ခိုင်ဖြိုးအမတ်များက ဦးစီးသည်။ ၎င်းတို့ နယ်မြေများရှိ အစိုးရ၏ထွေ/အုပ်နှင့် အခြားဌာနများအနေဖြင့် ဒေသဆိုင်ရာ အသိအမြင်များလိုအပ်လာပါက လိုအပ်သလိုပူးပေါင်းဆောင်ရွက်မှုရှိသည်။[334] မူဆယ်မြို့နယ်ရှိ မုန်းကိုးမြို့တပိုက်တွင် မုန်းကိုးပြည်သူစစ် လှုပ်ရှားလျက်ရှိသော်လည်း အစိုးရကို ပုံမှန်အတိုင်း အုပ်ချုပ်ခွင့် ပြုထားသည်။ ထိုအဖွဲ့၏ခေါင်းဆောင်က  လားရှိုးတွင် ကိုယ်ပိုင်ပုဂ္ဂလိက ကျောင်း၊ ကုမ္ပဏီများဖွင့်ထားပြီး ၎င်း၏ ဖခင်မှာ ရှမ်းပြည်နယ် ကချင်ရေးရာဝန်ကြီးဖြစ်သည်။[335]

## ၇.၄ ရှမ်း (မြောက်ပိုင်း) မှ ရှမ်းလက်နက်ကိုင်အဖွဲ့များ

၂၀၁၀ ခုနှစ်တွင် သျှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (SSPP/SSA) အဖွဲ့နှစ်ဖွဲ့ကွဲသွားသည်။ တပ်မဟာ ၃ နှင့် ၇ တို့က ဌာနေပြည်သူ့စစ်ဖွဲ့စည်းရန်သဘောတူပြီး အင်အားအတောင့်တင်းဆုံး တပ်မဟာ ၁ က ငြင်းဆန်ခဲ့သောကြောင့်ဖြစ်သည်။[336] ထို့နောက်တွင်တော့ တပ်မတော်နှင့် တပ်မဟာ ၁ အကြား တိုက်ပွဲများပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်း တပ်မဟာ ၁ နှင့် ရယူခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု အသစ်တွင် ယခင်ကရရှိခဲ့သည့် အထူးဒေသများအကြောင်း ဖော်ပြထားခြင်းမရှိပဲ ကျေးသီးမြို့နယ်မှ ဌာနချုပ်ရှိရာဝမ်ဟိုင်းနယ်မြေကိုသာ ဖော်ပြထားပြီး "နှစ်ဖက်သဘောတူ ထားသည့်နေရာများ" တွင် လက်နက်ကိုင်ဆောင်သွားလာခွင့်ပြုခဲ့သည်။ ထိုသို့ သဘောတူညီမှုရရှိထားသော နေရာများကိုမူ အတိအကျဖွင့်ဆိုထားခြင်းမရှိပါ။ လားရှိုးအရှေ့ပိုင်း၊ တန့်ယန်း၊ ကျေးသီး၊ မိုင်းကောင်း၊ မိုင်းရယ်နှင့် သီပေါမြို့နယ် အစိတ်အပိုင်းများတွင် အဆင့်အမျိုးမျိုးဖြင့် အာဏာဖြန့်ကျက်ထားသည်။

အခြေခံအားဖြင့် SSPP/SSA စစ်တပ်သာဖြစ်ပြီး ၎င်း၏အတွင်းရေးမှူးအဖွဲ့ငယ် SSPP သည် နိုင်ငံရေးမူဝါဒများ နှင့် ပြင်ပဆက်ဆံရေးများကိုကိုင်တွယ်သည်။ ထို့ကြောင့် SSPP သည် စစ်တပ်နှင့် တွဲဖက်လုပ်ကိုင်သည့် အရပ်ဖက်အုပ်ချုပ်ရေးဌာနမျိုး မဟုတ်ပါ။ SSA တွင် အုပ်ချုပ်ရေးဌာန၊ ဖွံ့ဖြိုးရေးဌာနနှင့် သတင်းအချက်အလက်ဌာနတို့ ရှိသည်။ မကြာသေးမီနှစ်များအတွင်း SSPP သည် ၎င်း၏ နိုင်ငံရေးမဟာဗျူဟာများအား ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (Shan Nationalities League for Democracy –

---

[332] Jolliffe (2014), p. 16.

[333] တာမိုးညဲပြည်သူ့စစ်အဖွဲ့သည် သံလွင်မြစ်အရှေ့ခြမ်းနှင့် လောက်ကိုင်မြို့နယ်နေရာအချို့တွင် စခန်းအများပြားချထားနိုင်သည်။ ကွတ်ခိုင် အထူးပြည်သူ့စစ်သည် ကွတ်ခိုင်မြို့နယ်အတွင်းတွင်သာ ရှိသော်လည်း ကျေးရွာအုပ်စု အများစုတွင် စခန်းချထားနိုင်သည်။

[334] ကွတ်ခိုင်အထူးပြည်သူ့စစ်ခေါင်းဆောင် ဦးခွန်မြတ်သည်  ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော် အမတ်တစ်ဦးဖြစ်ပြီး သမ္မတ ဖွဲ့စည်းထားသည့် အခြေခံဥပဒေပြန်လည်သုံးသပ်ရေး ကော်မတီဝင် တစ်ဦးလည်းဖြစ်သည်။ တာမိုးညဲပြည်သူ့စစ်ခေါင်းဆောင် တရုတ်လူမျိုး  ဦးမြင့်လွင်သည် ရှမ်းပြည်လွှတ်တော် တွင် ကွတ်ခိုင်မဲဆန္ဒနယ်ကိုယ်စားပြုအမတ်တစ်ဦးဖြစ်သည်။

[335] ရှမ်းပြည်နယ်၊ ကချင်ရေးရာဝန်ကြီး ဒူဝါ ဇတ်ဒေါင်၏သား ဖြစ်သူ နော်ခမ်းက မုန်းကိုး ဌာနေပြည်သူ့စစ်ကို ဦးဆောင်သည်။

[336] SSA  အင်အားမှာ တဖြည်းဖြည်းလျော့ကျလျက်ရှိပြီး တပ်မဟာ ၇ ခုအနက်မှ တပ်မဟာ ၁၊ ၃၊ ၇ သာ ကျန်တော့သည်။

SNLD) ကို တရားဝင်ဦးဆောင်စေခဲ့သည်။ SNLD သည် ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝါရင့်တရားဝင် နိုင်ငံရေးပါတီဖြစ်သည်။[337]

SSA ၏ ခွဲထွက် တပ်မဟာ ၃ နှင့် ၇ တို့ဖြင့်ဖွဲ့စည်းထားသည့် ရှမ်းဌာနေပြည်သူ့စစ်သည် လက်ရှိတွင် သီပေါမြို့နယ်အစိတ်အပိုင်း အများစု၊ ကွန်ဟိန်းမြို့နယ်အတွင်းမှ ကာလီ အနီးတဝိုက်၊ လားရှိုးမြို့နယ်အရှေ့ခြမ်းများတွင် နေရာအများအပြားကို ထိန်းချုပ်ထား နိုင်သည်။ ၎င်းတွင် အုပ်ချုပ်ရေးဌာနများ၊ စစ်ရေးနှင့်မသက်ဆိုင်သည့် ဌာနများရှိသည်။ သို့သော်လည်း ၎င်း၏ အုပ်ချုပ်ပုံစနစ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ထပ်မံစုံစမ်း၍မရရှိခဲ့ပါ။ နိုင်ငံရေးအရ တက်ကြွမှုမရှိသော်လည်း SSPP/SSA နှင့် SNLD တို့နှင့် မဟာမိတ်ဖွဲ့ထားသည်။

အခြားအဖွဲ့ကြီးအနေဖြင့် ၁၉၉၆ ခုနှစ်တွင်ပြိုကွဲသွားသည့် ခွန်ဆာ၏ မော်ထိုင်းတပ်မတော်မှ မြောက်ပိုင်းတပ်မှူးဖြစ်ခဲ့သူ တရုတ်လူမျိုး ဘိုမွန် ဦးဆောင်ပြီး ရှမ်းလူမျိုးအများစုဖြင့် ဖွဲ့စည်းထားသည့် ရှမ်းမြောက် ဌာနေပြည်သူ့စစ်အဖွဲ့လည်းရှိသည်။ "မန်းပန်"နေပြည်သူ့စစ်သည်လည်း လားရှိုးမြို့နယ် နှင့် တန်ယန်းမြို့နယ် များတွင် အခြေခံစခန်း ရှစ်ခုထိဖွင့်ထားနိုင်ကာ အစိုးရနှင့် ရင်းနှီးသည့် ဆက်ဆံရေးရှိသည်။

## ၇.၅ 'ဝ' နှင့် ကိုးကန့်နယ်မြေများ (သံလွင်အရှေ့ခြမ်း)

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြို့နယ်ခြောက်ခုပါဝင်သည့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ရှမ်းပြည်နယ်တွင် ဖွဲ့စည်းခဲ့သည်။ ပန်ဆန်း၊ ပန်ဝိုင်း၊ မိုင်းမော နှင့် နားဖန့် မြို့နယ်လေးခုသည် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ၏ ထိန်းချုပ်မှုအောက်တွင် အပြည့်အဝရှိပြီး အစိုးရမပေါက်ရောက်သည့် နေရာဖြစ်သည်။ ထိုသို့ဖြစ်နေခြင်းက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မက်မန်း နှင့် ဟိုပန် မြို့နယ်များအတွက်သာ အကျုံးဝင်သည့်သဘောဖြစ်သည်။

'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီသည် ဖက်ဒရယ်တောင်းဆိုနေသည့် တိုင်းရင်းသားမဟာမိတ်များနှင့်ကွဲပြားလျက် ရှမ်းပြည်နယ်နှင့် မသက်ဆိုင်ပဲ ဗဟိုအစိုးရကိုသာ တိုက်ရိုက်အစီရင်ခံသည့် 'ဝ' ပြည်နယ်သတ်မှတ်ပေးရန် အစဉ်တစိုက် တောင်းဆိုခဲ့သည်။ ယင်းသည် 'ဝ' လူမျိုးနိုင်ငံရေးခေါင်းဆောင်များ လွတ်လပ်ရေးရပြီးသည့်ကာလကတည်းက အစဉ်တစိုက် စွဲကိုင်လာသည့် နိုင်ငံရေးရည်မှန်းချက်ဖြစ်သည်။ ထိုတောင်းဆိုချက်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသပေးလိုက်ခြင်းဖြင့်လည်း လုံလောက်ခြင်းမရှိသဖြင့် ၂၀၀၉ ၂၀၁၀ ခုနှစ်များအတွင်း အစိုးရကတိုက်တွန်းသည့် တပ်ကို နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီး ပါတီကို မှတ်ပုံတင်ကာ ၂၀၁၀ ရွေးကောက်ပွဲဝင်ရန်ကိစ္စကို ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် 'ဝ' ဒေသများကို ရွေးကောက်ပွဲတွင် ချန်လှပ်ထားခဲ့ပြီး အမတ်နေရာမှာလဲ လစ်လပ်နေဆဲဖြစ်သည်။[338]

UWSP ထိန်းချုပ်ထားသည့်နယ်မြေများတွင် အထက်ဖော်ပြခဲ့သည့် မြို့နယ်လေးခု၊ မိုင်းယန်းမြို့နယ်မှ နေရာအများစု၊ ဟိုပန်မြို့နယ် နယ်စပ်နေရာအချို့တို့ပါဝင်သည်။ ၎င်းနယ်မြေများကို ၁၉၈၉ ခုနှစ် အပစ်အခတ် ရပ်စဲရေးပြုလုပ်စဉ်တွင် ကိုယ်တိုင်အုပ်ချုပ်နိုင်သော ဒေသဖြစ်သည့် ရှမ်းပြည်နယ်အထူးဒေသ ၂ အဖြစ်သတ်မှတ်ချထားပေးခဲ့ခြင်းဖြစ်သည်။ ထိုအမည်ကိုသာ ဆက်တိုက်သုံးစွဲခဲ့ပြီး ၂၀၁၂ ဒီဇင်ဘာလတွင် အစိုးရနှင့်နောက်ဆုံးချုပ်ဆိုခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင်လည်း အခါခါ ဖော်ပြထားသည်။ သဘောတူညီချက်စာတမ်းတွင် အထူးဒေသနယ်မြေသတ်မှတ်ထားပေးခြင်း သို့မဟုတ် ဥပဒေနှင့်အညီ သတ်မှတ်ပေးခြင်းမရှိပဲ 'ပြည်ထောင်စု၏ အရေးပါသည့်အစိတ်အပိုင်းတစ်ခု'အဖြစ်သာ ဖော်ပြထားသည်။[339] အထူးဒေသ ၂ သတ်မှတ်ချက်တွင် မပါသည့် ရှမ်း(အရှေ့)ရှိ 'တောင်ပိုင်းဌာနချုပ်' မှ ဝကျေးရွာ ၁၀၀ ကျော်ကိုလည်း UWSP က ထိန်းချုပ်ထားသည်။ တောင်ပိုင်းဌာနချုပ်ကို ၁၉၉၀ နှစ်များတွင် ဖွဲ့စည်းခဲ့သည်။

UWSP ၏ အုပ်ချုပ်ရေးစနစ်သည် ၁၉၇၀ - ၈၀ နှစ်များတွင် ဗမာပြည်ကွန်မြူနစ်ပါတီ (Communist Party of Burma - CPB) အသုံးပြုခဲ့သည့် စနစ်ပေါ်တွင် အဓိကအခြေခံ ထားသည်။ ဗကပ ဗမာခေါင်းဆောင်များက 'ဝ' နယ်မြေများတွင် ကျင့်သုံးခဲ့သည့် တစ်ခုတည်းသော ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်ဖြစ်သည်။ အထူးဒေသ ၂ ကို မြို့နယ် ၂၄ ခုပါဝင်သည့် ခရိုင်သုံးခုဖြင့်

[337] SNLD သည် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) နှင့် အနီးကပ်မဟာမိတ်အဖြစ် ဖွဲ့စည်းရပ်တည်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင် အလွန်အောင်မြင်ခဲ့သော်လည်း ထိုအချိန်ကစစ်အစိုးရက ၎င်း၏ အောင်မြင်မှုကို ပယ်ဖျက်ခဲ့သည်။ နောက်ပိုင်းတွင် SNLD ခေါင်းဆောင် ဦးခွန်ထွန်းဦးသည်လည်း အချိန်အတော်ကြာအကျဉ်းချခဲ့ရသည်။ ၎င်းသည် ၂၀၁၁ ခုနှစ် ထောင်မှလွတ်လာသည့် အချိန်မှစကာ နိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။

[338] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအတွင်းမှ ဟိုပန်နှင့် မက်မန်း မြို့နယ် မဲဆန္ဒနယ်များ တွင် 'ဝ' ဒီမိုကရက်တစ် ပါတီ နှင့် လားဟူအမျိုးသားတိုးတက်ရေးပါတီတို့က အနိုင်ရခဲ့သဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ ဦးဆောင်အဖွဲ့တွင် နေရာ ယူထားကြသည်။ 'ဝ' ဒီမိုကရက်တစ်ပါတီသည် ဗဟိုအစိုးရ၊ ပြည်ခိုင်ဖြိုးပါတီနှင့်ရင်းနှီးသော ဆက်ဆံရေးရှိပြီး UWSP နှင့် ဆက်စပ်ခြင်းမရှိပါ။ ထိုအနေအထားတွင်ပင် UWSP အနေနှင့် တရုတ်နယ်စပ်တလျောက်၊ ဟိုပန်မြို့နယ် နမ်တိမ် မြစ် အစရှိသော မဟာဗျူဟာအရ အရေးပါသည့်နေရာများတွင် စစ်ရေးအသာစီးရယူထားနိုင်ခဲ့သည်။

[339] ၂၀၁၂ ဒီဇင်ဘာ ၂၆ တွင် အစိုးရနှင့် UWSA လက်မှတ်ထိုးခဲ့သည့် အချက် ၆ ချက်ပါ သဘောတူညီချက်။

ဖွဲ့စည်းထားသည်။[340] တောင်ပိုင်းဌာနချုပ်တွင် ခြောက်မြို့နယ်ရှိသည်။ မြို့နယ်များကို ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာ အဆင့်ဆင့်တွင်ဖွဲ့စည်းထားသည့် အုပ်ချုပ်ရေးအဖွဲ့များ ဖြင့်အုပ်ချုပ်သည်။[341]

အဖွဲ့အစည်းကို အဖွဲ့ဝင် ငါးဦးပါသည့် ပေါ်လစ်ဗျူရိုက ဦးဆောင်ပြီး ၁၉ ဦးပါဝင်သည့် ဗဟိုကော်မတီက ဗျူရို ဆယ်ခုနှင့် ဗျူရိုအခွဲများကို ဦးဆောင်သည်။ ထိုဗျူရိုများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကာကွယ်ရေး
- ဘဏ္ဍာရေး
- စိုက်ပျိုးရေး၊ သစ်တောနှင့် ဆည်မြောင်း
- ဆောက်လုပ်ရေးနှင့် အခြေခံ အဆောက်အဦ
- ပြင်ပဆက်ဆံရေး
- အမျိုးသမီးရေးရာ
- နိုင်ငံရေးရာ
    - ပညာရေး
- နိုင်ငံရေးအကြံပေး
- ကျန်းမာရေး
- ဗဟိုတရားဥပဒေစိုးမိုးရေး
    - ဥပဒေရေးရာ
    - ရဲ

၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းများနှင့် ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလများတွင်ပြုလုပ်ခဲ့သည့် သုံးသပ်ချက်များအရ UWSP ၏ အုပ်ချုပ်ရေးစနစ်သည် ဗဟိုချုပ်ကိုင်မှုများလွန်းသည့်အပြင် ဗျူရိုတစ်ခုချင်းနှင့် ဒေသအုပ်ချုပ်ရေးယူနစ်များ၏ စွမ်းဆောင်ရည် အားနည်းပြီး လုပ်ပိုင်ခွင့်အာဏာအနည်းငယ်သာ ပေးထားခြင်းတို့ကြောင့် အကြီးအကျယ် လေးလံနေးကွေးလျက်ရှိသည်။ ခရိုင်အဆင့်အောက်မှ အုပ်ချုပ်ရေးမှူးအများစုမှာ အချိန်ပိုင်းတာဝန်ထမ်းဆောင်ခြင်းသာဖြစ်ပြီး လစာရိက္ခာ မည်မည်ရရ မခံစားရပဲ စိုက်ပျိုးရေး နှင့် အခြားသော လုပ်ငန်းများပေါ်တွင်အားထားနေရသဖြင့် တရားမဝင်အခွန်ကောက်ခြင်း၊ လာဘ်စားခြင်းများ ပေါ်ပေါက်လာနိုင်သည်။[342] တရုတ်နှင့် ကုန်သွယ်ရေးကောင်းမွန်သောကြောင့် UWSP နယ်မြေများမှာ ၂၄ နာရီလျှပ်စစ်မီး၊ ခေတ်မီမြို့ပြအဆောက်အဦများနှင့် လူမှုဝန်ဆောင်မှုလုပ်ငန်းပံ့ပိုးမှု အားကောင်းကောင်းနှင့် တိုးတက်လျက်ရှိသည်။

လောက်ကိုင်နှင့် ကုန်းကြမ်းမြို့နယ်များကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ သတ်မှတ်ပေးခဲ့သည်။ ဦးဆောင်အဖွဲ့တစ်ခုလုံးမှာ ပြည်ခိုင်ဖြိုးပါတီဝင်များဖြစ်ကြပြီး အများစုမှာ ကိုးကန့် လူမျိုးများဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ပယ်စောက်ချိန် (Bai Xuoqian/Pei Sauk Chein) သည် MNDAA တပ်မှူးဟောင်းဖြစ်ပြီး ယင်းနယ်မြေ နှင့် အနီးတဝိုက်နယ်မြေများကို အပစ်အခတ်ရပ်စဲရေးကာလ ၁၉၈၉ ခုနှစ်မှ တပ်မတော် ထိုးစစ်ဆင် တိုက်ထုတ်ခြင်းမခံရမီ ၂၀၀၉ ခုနှစ် ကာလထိ အုပ်ချုပ်ခဲ့သူဖြစ်သည်။[343] MNDAA ခွဲထွက် အဖွဲ့ကို နယ်ခြားစောင့်တပ် ၁၀၀၆ အဖြစ်အသွင်ပြောင်းရာတွင် ပယ်စောက်ချိန်သည် အဓိက အရေးပါသူဖြစ်သည်။ နယ်ခြားစောင့်တပ်သည် ယင်းနယ်မြေတကျော လုံခြုံရေးကိစ္စများအတွက် တပ်မတော်၊ ပြည်သူ့စစ် နစ်ဖွဲ့ နှင့်အတူ တရားဝင် တာဝန်ပေးအပ်ခြင်းခံထားရသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးဆောင်အဖွဲ့တွင်းမှ ပြည်ခိုင်ဖြိုးအမတ်များသည် ပယ်စောက်ချိန်နှင့် အဆက်အသွယ်ရှိပြီး ၂၀၁၀ ရွေးကောက်ပွဲတွင်ပါဝင်ခဲ့သူများဖြစ်သည်။

ဤစာတမ်းပြုစုနေစဉ်ကာလအတွင်း MNDAA ပင်မအဖွဲ့သည် နယ်မြေပြန်လည်ရရှိရန်အတွက် လောက်ကိုင်နှင့် ကုန်းကြမ်းဒေသများတွင် ပြောက်ကျားတိုက်ပွဲ၊ မြို့ပြတိုက်ပွဲများဆင်နွှဲလျက်ရှိသည်။ ၂၀၁၅ အစောပိုင်းတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ထောင်နှင့်ချီသည့်ပြည်သူများ ထွက်ပြေးရပြီး ဒေသအတွင်း စစ်အုပ်ချုပ်ရေးကြေညာခဲ့ရသည်။ ၂၀၁၅ ဇွန်လတွင် မြို့နယ်နှစ်ခုအတွင်းမှ တောင်ထူထပ်ရာဒေသများတွင် MNDAA က ပြန်လည်အခြေချနိုင်ခဲ့သည်။ သို့သော် ထိုနေရာများတွင် ၎င်းတို့၏ အရပ်ဖက်အုပ်ချုပ်ရေးစနစ် ပြန်လည်အသက်သွင်းနိုင်ခြင်းရှိ၊ မရှိမှာမူ ရှင်းရှင်းလင်းလင်း မသိရသေးသည့် အခြေအနေဖြစ်သည်။

## ၇.၆ သုံးသပ်ချက်များ

ကာလရှည်အပစ်အခတ်ရပ်စဲထားနိုင်ခြင်း၊ တရုတ်နှင့် ရင်းနှီးကျယ်ပြန့် စွာဆက်ဆံခြင်းနှင့် ဝင်ငွေတောင့်တင်းခြင်းတို့ကြောင့် UWSP နှင့် KIO သည် မြန်မာနိုင်ငံတွင်းမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် အင်အားအတောင့်တင်းဆုံးဖြစ်သည်။ ၂၀၁၁

[340] ထိုအချက်အလက်ကို Kramer (2007) မှ ရရှိပါသည်။ အခြား အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအသိုင်းအဝိုင်း၏ သတင်းအရင်းအမြစ်တစ်နေရာကမူ ၎င်းဒေသကို ခရိုင်ငါးခုဖြင့်ဖွဲ့စည်းထားသည်ဟု ဆိုပါသည် (၂၀၁၅ မတ်လနှင့် ဇွန်လအကြား Email အပေးအယူမှ)

[341] UWSP အုပ်ချုပ်ရေးစနစ်နှင့်ပတ်သက်သည့် သတင်းအချက်အလက် အားလုံးကို Kramer (2007), p. 37 မှ ကိုးကားသည်။

[342] Kramer (2007), p. 39.

[343] MNDAA သည် အစောပိုင်းကာလတွင် ကွန်လုံမြို့နယ်၊ မြစ်တဖက်ခြမ်းမှ မူဆယ်၊ သိန္နီမြို့နယ် အစိတ်အပိုင်းအချို့ တို့ပါဝင်သည့် ရှမ်းပြည်နယ် အထူးဒေသ ၁ ကို အုပ်ချုပ်ရန်အတွက် အခွင့်ရရှိထားသည့်အဖွဲ့ဖြစ်သည်။ အဖွဲ့အတွင်း အုပ်စုကွဲပြားမှု၊ တပ်မတော်မှ အချိန်မှန်တိုက်ခိုက်မှုတို့ကြောင့် နယ်မြေများ တဖြည်းဖြည်းလက်လွတ်လိုက်ရသည်။ ၂၀၀၉ ခုနှစ်တွင်တော့ အပြီးအပိုင်ရှင်းထုတ်ခြင်းခံလိုက်ရသည်။

ခုနှစ်တွင် KIO နှင့် အစိုးရကြားမှ တင်းမာမှုများပေါက်ကွဲထွက်လာပြီး ၁၉၈၈ နောက်ပိုင်းပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများအနက် အဆိုးဆုံးစာရင်းဝင်ခဲ့သည်။ UWSP အနေဖြင့် ကာလရှည်ကြာ လိုလားတောင့်တခဲ့သည့် 'ဝ' ပြည်နယ်ကိုထိန်းသိမ်းရရှိနိုင်ပြီး ရွေးကောက်ပွဲကိုပါ ပိတ်ပင်နိုင်သည်အထိ အင်အားကောင်းလာသည်။ နယ်မြေအတွင်း ဒေသခံခေါင်းဆောင်များ၏ ဩဇာသက်ရောက်မှုကို အကြီးအကျယ် လျော့ကျစေရန် ရည်ရွယ်ဆောင်ရွက်သည့် အစိုးရ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုင်း ဖွဲ့စည်းပေးမည့် အစီအစဉ်ကိုလည်း လျစ်လျူရှုထားနိုင်ခဲ့သည်။

PSLF နှင့် NDAA တို့သည် ၎င်းတို့ လူမျိုးစုများအတွက်ရည်ရွယ်သတ်မှတ်ထားပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများတွင် စစ်ရေးအရတိုက်ပွဲဝင်နေကြသည်။ ၂၀၀၉ ခုနှစ်တွင် အစိုးရက နှစ်ဖွဲ့လုံးကို ဒေသအသီးသီးမှ အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် PSLP ကို ဖိအားပေး ဖျက်သိမ်းစေခြင်း၊ MNDAA ကို ၂၀၀၉ ခုနှစ်တွင် စစ်ရေးအရ တိုက်ထုတ်နိုင်ခြင်းတို့ကြောင့် ၂၀၁၀ ခုနှစ်တွင် ယင်းဒေသများ၌ လက်နက်ကိုင်တိုက်ပွဲဝင်မှုများ ကင်းစင်သွားခဲ့သည်။ ထိုအဖြစ်အပျက်များကြောင့် ခွဲထွက်အဖွဲ့များထပ်မံပေါ်ပေါက်လာစေပြီး အချို့သော ခွဲထွက်အဖွဲ့များမှာ တပ်မတော်နှင့်ပူးပေါင်းသွားပြီး အချို့အဖွဲ့များမှာမူ ပြန်လည်စုစည်းပြီး နယ်မြေစိုးမိုးမှုအတွက် ပြန်လည် တိုက်ပွဲဝင်လာနိုင်ကြသည်။ နယ်မြေနှစ်ခုလုံးမှ ယခင် အတိုက်အခံအဖွဲ့များ၏ တပ်မှူးများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ ဦးဆောင်အဖွဲ့နှင့် နိုင်ငံတော်ပံ့ပိုးထားသည့် ပြည်သူ့စစ်များတွင် နေရာရလာကြသည်။[344] မကြာသေးမီနှစ်များအတွင်း PSLF သည် တအာင်းရပ်ရွာများတွင် အုပ်ချုပ်ရေး စနစ်အခိုင်အမာ အလျင်အမြန်ထူထောင်နိုင်ခဲ့သဖြင့် ထိုဒေသများတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးပိုင်းအားနည်းမှုကိုဖော်ပြနေသည့် ကိစ္စဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နှင့် ကချင်ပြည်နယ်မှ ဌာနေပြည်သူ့စစ်နှင့် ပြည်သူ့စစ် အမျိုးမျိုးတို့သည် နယ်မြေထိန်းချုပ်ထားနိုင်ဆဲ အဖွဲ့ကြီးများမှ ခွဲထွက်အဖွဲ့များဖြစ်ပြီး ၎င်းတို့သည်စီးပွားရေးကို အာရုံစိုက်ကြသည်။ ၎င်းအဖွဲ့များသည် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များကို နိုင်ငံရေးနည်းဖြင့်ရယူရန်ကိစ္စများကို စိတ်ဝင်စားမှုမရှိသလောက်ဖြစ်နေသူများဖြစ်သော်လည်း လက်နက်ချရန်၊ ထိန်းချုပ်နယ်မြေများကို လက်လွှတ်ရန်လည်း စိတ်မကူးကြသည့် အဖွဲ့များဖြစ်သည်။ ကချင်ပြည်နယ်ခွဲအဖြစ် ပြန်လည်ဖွဲ့စည်းပေးရန် ကာလရှည်ကြာ တောင်းဆိုမှုများရှိနေသည့် ကွတ်ခိုင်မြို့နယ်အတွင်း ကချင်လက်နက်ကိုင်အဖွဲ့ အများအပြားရှိနေခြင်းက အလွန်တရာအကဲဆတ်သည့် နယ်မြေအတွင်းမှ အုပ်ချုပ်ရေးစနစ်၏ ပြဋ္ဌာန်းချက်နှင့် လက်တွေ့အခြေအနေကြား ကွာဟချက်ကြီးမားနေသည်ကို ဖော်ပြလျက်ရှိသည်။

344 ကိုးကန့်တွင် MNDAA ခွဲထွက်အဖွဲ့သည် နယ်ခြားစောင့်တပ် ၁၀၀၆ ဖြစ်သွားသည်။ PSLP အကြွင်းအကျန်များကတော့ မန်တုံပြည်သူ့စစ် အဖြစ်အသွင်ပြောင်းသွားသည်။

မြေပုံ ၈ - မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## အပိုင်း ၈ - မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒေသန္တရအုပ်ချုပ်ရေး

### ၈.၁ စစ်ကိုင်းတိုင်းဒေသကြီး

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်အရ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှ နန်းယွန်း၊ လဟယ်၊ လေရှီးမြို့နယ်များဖြင့် ဖွဲ့စည်းခဲ့သည်။ ဦးဆောင်အဖွဲ့တွင် ပါဝင်သည့် ရွေးချယ်ခံကိုယ်စားလှယ်များ (တပ်မတော်သားကိုယ်စားလှယ်မပါ) အားလုံးသည် ပြည်ခိုင်ဖြိုးအဖွဲ့ဝင်များသာဖြစ်ပြီး လူနည်းစုဖြစ်သော ဗုဒ္ဓဘာသာ ကိုးကွယ်သည့် နာဂ များဖြစ်ကြသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဲ့သို့သော နိုင်ငံတော်ပံ့ပိုးထားသည့် အစုအဖွဲ့တွင် ကာလရှည်ကြာ ပါဝင်ခဲ့ကြသူများဖြစ်သည်။

တောင်ထူထပ်သည့်နယ်မြေများ အထူးသဖြင့် အိန္ဒိယနယ်စပ်နှင့် နီးစပ်သည့်ဒေသများတွင် နာဂအမျိုးသား လက်နက်ကိုင်အဖွဲ့များ နေရာယူထားကြသည်။ အင်အားအကြီးဆုံးအဖွဲ့မှာ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ကပ်ပလန် (National Socialist Cuncil of Nagaland – Khaplang (NSCN-K)) ဖြစ်ပြီး လေရှီး၊ ခန္တီး၊ နန်းယွန်း၊ လဟယ်မြို့နယ်များ အတွင်းကျရောက်သော တောင်တန်းများပေါ်တွင် လှုပ်ရှားကြသည်။ ၎င်း၏ မိခင်အဖွဲ့အစည်း နာဂအမျိုးသားကောင်စီမှာ လဟယ်မြို့နှင့် လေရှီးမြို့နယ်များတွင် အခြေစိုက်သည်။ အများအားဖြင့် အိန္ဒိယနိုင်ငံတွင် လှုပ်ရှားလေ့ရှိသော နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-အိုက်ဆက် မွေဟ(NSCN-IM) အဖွဲ့သည် လည်း မြန်မာဘက်ခြမ်း လေရှီးမြို့နယ်တွင် နယ်မြေအချို့ကိုထိန်းချုပ်ထားသည်။ ယင်းနယ်မြေများ အနက်မှ အချို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဖြစ်သော်လည်း တပ်မတော်ကလည်း ဝင်ထွက်မှု များပြုလုပ်သည်။

NSCN-K သည် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထားသည့် တစ်ခုတည်းသော နာဂလက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးနိုင်ရန်အတွက်အစိုးရ၏ အခြေခံတောင်းဆိုချက်ဖြစ်သော ခွဲမထွက်ရေးကို လက်ခံရန် ငြင်းဆန်ခဲ့သဖြင့် ပြည်နယ်အဆင့်တွင်သာ သဘောတူညီချက် ရေးထိုးထားနိုင်သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် တရားဝင်နယ်မြေသတ်မှတ်ပေးခြင်း မရှိသော်လည်း 'အပစ်အခတ်ရပ်စဲရေးအတွင်း နှစ်ဖက်သဘောတူ ထားသည့် နယ်မြေများတွင်' လက်နက် ကိုင်ဆောင်သွားလာနိုင်သည်ဟု ဖော်ပြထားသည်။[345]

ရိုးရာလူမျိုးစုများ၏ အဆင့်ဆင့်အုပ်ချုပ်မှုအတိုင်း နာဂလက်နက်ကိုင်များက ၎င်းတို့နယ်မြေများကို အုပ်ချုပ်သည်။[346] NSCN-K ၏ အရပ်ဖက်အုပ်ချုပ်ရေးအဖွဲ့က နယ်မြေအတွင်းနေထိုင်သည့် လူမျိုးစုများကိုလိုက်ပြီး အုပ်ချုပ်နယ်မြေများ ခွဲခြားထားသည်။ ၎င်းတို့တွင် ကျေးရွာအုပ်စုများစွာပါဝင်သည့် အပိုင်းများအဖြစ် ပြန်လည်ခွဲခြားထားသည်။ ၎င်းတို့တွင် နယ်မြေများကို *Rajepeyu* က ခေါင်းဆောင်ပြီး၊ *Dobashi* နှင့် *Gaunburas* ဟု ခေါ်ဆိုသည့် ကျေးရွာလူကြီးများမှ တဆင့်အုပ်ချုပ်သည်။ (အများအားဖြင့်ရွေးချယ်ခံဖြင့် တက်လာခြင်းဖြစ်သော်လည်း ဆွေစဉ်မျိုးဆက် ဆက်ခံသည်များလည်းရှိသည်။ ရိုးရာအလိုက်ဖြစ်သည်) အစိုးရ ထိန်းချုပ်နယ်မြေများ အတွင်းတွင် ရိုးရာအရတင်မြောက်ထားသည့် ကျေးရွာခေါင်းဆောင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများဖြစ်လာပြီး ထွေ/အုပ်ဝန်ထမ်းများကို ၎င်းတို့နှင့်ပူးတွဲခန့်ထားသည်။

အစဉ်အလာအားဖြင့် ကျေးရွာများသည် လွတ်လွတ်လပ်လပ်ရှိပြီး ကျေးရွာအဆင့်အထက်တွင် မျိုးနွယ်စုအလိုက် လူကြီးများရှိသဖြင့် တစ်ဆင့်မြင့်သောအုပ်ချုပ်ရေးကို နယ်မြေအနေအထားဖြင့် သတ်မှတ်ခြင်းမပြုတ်ပါ။ မြန်မာနိုင်ငံတွင်း အစိုးရထိန်းချုပ်နယ်မြေ၊ လက်နက်ကိုင်အုပ်စုထိန်းချုပ်ထားသည့် နယ်မြေ၊ အန္တိယ - မြန်မာနယ်ခြား ဒေသတိ မျိုးနွယ်စုကောင်စီများရှိကြသည်။ မျိုးနွယ်စုများကောင်စီ အဆင့်ဆင့်တွင် de facto အာဏာအမျိုးမျိုးကွဲပြားတည်ရှိနေသည်။ ၎င်းတို့ကို သက်ဆိုင်ရာ မျိုးနွယ်စုဝင်များက ဒီမိုကရေစီနည်းကျရွေးကောက်တင်မြောက်ခြင်းဖြစ်ပြီး ရပ်ရွာအများအပြားနှင့် သက်ဆိုင်သည်။ ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်ကဲ့သို့မဟုတ်သော်လည်း ဘုံသဘောနှင့် တင်မြောက်ထားသည့် အာဏာပိုင် များဖြစ်သည်။ အဆင့်အမျိုးမျိုးမှ မျိုးနွယ်စုကောင်စီများသည် မျိုးနွယ်စုအကြားတွင်ဖြစ်ပွားသည့် မကျေနပ်မှုများ၊ ရာဇဝတ်မှု သို့မဟုတ် အမှုအခင်းကြီးများကိုင်တွင်ရာတွင် ရုံဖန်ရံခါ ပါဝင်ရသည်။ လက်နက်ကိုင်အဖွဲ့များအနေဖြင့် နယ်စွန်နယ်ဖျားဒေသများ အုပ်ချုပ်မှုတွင် ဝင်ရောက်စွက်ဖက်နိုင်မှု အနည်းငယ်သာရှိသည်။[347]

---

345 ဖေပြီ ၉ ရက် ၂၀၁၂ တွင်ချုပ်ဆိုခဲ့သည့် သဘောတူညီချက် အပိုဒ် ၃ ကိုကြည့်ပါ။

346 နာဂ အုပ်ချုပ်ရေး၊ စီမံရေး ကိစ္စများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကို အသစ်ဖွဲ့စည်းလိုက်သည့် နာဂအမျိုးသားကောင်စီ၊ နာဂ အမျိုးသားရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နာဂ အရပ်ဖက်လူ့အဖွဲ့အစည်းခေါင်းဆောင်၊ မြေယာအခွင့်အရေးလှုပ်ရှားသူ၊ နာဂရပ်ရွာများနှင့် လုပ်ငန်းအတွေ့အကြုံရှိသည့် နိုင်ငံခြားသား ၂ ဦးတို့နှင့် ဆွေးနွေးခဲ့သည့် စကားဝိုင်းများမှ စုစည်းထုတ်နုတ်ထားခြင်းဖြစ်သည်။ ကောင်စီနှင့်ပတ်သက်ပြီး ပြောဆိုဆွေးနွေးမှုများမှာ အမျိုးမျိုးဖြစ်သောကြောင့် ဤနေရာတွင်ဖော်ပြထားသည်ထက်ပို၍ ကျယ်ပြန့်စွာ သိရှိရန် သုတေသနလုပ်ငန်းများထပ်မံလုပ်ဆောင်ရန်လိုသည်။

347 နာဂအမျိုးသားကောင်စီ အဆင့်မြင့်အဖွဲ့ဝင်၊ နာဂ အရပ်ဖက်လူ့အဖွဲ့အစည်းခေါင်းဆောင်၊ မြေယာအခွင့်အရေး လှုပ်ရှားသူ၊ နာဂအမျိုးသားရေးရာ ကောင်စီ ဒုတိယဥက္ကဋ္ဌ တို့တွင်လည်း တူညီသည့် အမြင်များရှိသည်။ ထိုင်းနှင့် မြန်မာနိုင်ငံတွင် ၂၀၁၅ ဖေဖော်ဝါရီ နှင့် မတ်လ တွင်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းချက်။

ပြိုတ်သျှနှင့် မြန်မာအုပ်ချုပ်ရေးစနစ်များသည် နာဂလူမျိုးစုစနစ်မှ တဆင့် အုပ်ချုပ်ရေးလုပ်ငန်းများ အသက်သွင်းရန် အကြိမ်များစွာကြိုးစားခဲ့ကြသည်။ မြို့နယ်အဆင့်အုပ်ချုပ်မှုနှင့် ကိုက်ညီအောင် ယင်းစနစ်များကို အသိအမှတ်ပြုရန် ကြိုးစားမှုများမှာလည်း အောင်မြင်ခြင်းမရှိပါ။ နာဂရိုးရာယဉ်ကျေးမှုကော်မတီကို မြန်မာနိုင်ငံတွင်းမှ နာဂမျိုးနွယ်စုအဆင့်ဆင့် အထက်တွင်ရှိသည့် အစုအဖွဲ့တစ်ခုအနေနှင့် ရှုမြင်ကြသူများလည်းရှိသည်။ ကော်မတီဝင်အများစုမှာ ပြည်ခိုင်ဖြိုးအမတ်များဖြစ်သည်။ နာဂဒေသမှ အစိုးရအရာရှိများ အနေဖြင့် ရှုပ်ထွေးသည့်အမှုအခင်းများဖြေရှင်းရသည့်အခါများတွင် ဒေသကောင်စီများ အကူအညီကို ရယူဖြေရှင်းရသည်။ မျိုးနွယ်စုချိတ်ဆက်ပုံများကို အပြည့်အဝနားလည်ရန် သုတေသနများ ဆက်လက်ဆောင်ရွက်ရန်လိုသည်။

အိန္ဒိယ နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်တလျှောက်တွင် ကွတ်ကီအမျိုးသားအစည်းအရုံး လှုပ်ရှားလျက်ရှိသည်။ ၎င်း၏ နယ်မြေသတ်မှတ်ပုံနှင့် အုပ်ချုပ်ရေးစနစ် အကြောင်းကို သိရှိသူအနည်းငယ်သာရှိသည်။

## ၈.၂ ချင်းနှင့် အာရက္ခန်တွင် လှုပ်ရှားသူများ

ချင်းပြည်နယ်တွင် ပြောက်ကျားလှုပ်ရှားခဲ့သည့် ချင်းအမျိုးသားတပ်ဦး (Chin National Front – CNF) သည် အစိုးရနှင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးများ ပြုလုပ်ပြီးနောက်တွင် အခြေချစခန်းများ ဖွဲ့စည်းခွင့်ရခဲ့သည်။ ထန်တလန်မြို့နယ်မှ လန်ပိ၊ ဒေါင်း နှင့် ဇံတလန် ကျေးရွာအုပ်စုများ၊ တီးတိန်မြို့နယ်မှ ဇံပီး နှင့် ဘုခ်ပါးရ် ကျေးရွာအုပ်စုများတွင် 'လွတ်လွတ်လပ်လပ် အတားအဆီးတစုံတရာ မရှိပဲ' လှုပ်ရှားနိုင်ခဲ့သည်။[348] အဖွဲ့အစည်းကိုယ်နှိုက်သော်လည်းကောင်း အခြားသောလေ့လာသူများအဆို အရသော်လည်းကောင်း[349] CNF သည် ယင်းနယ်မြေများတွင် လုပ်ပိုင်ခွင့်တစုံတစ်ရာရှိနေသည်ဟု သိရသည်။ ထူးခြားစွာပင် ပြည်ထောင်စုအဆင့် သဘောတူညီချက်များအရ ထိုနယ်မြေများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်ရောက်မည်ဆိုပါက 'နှစ်ဖက်ကြိုတင်သဘောတူရမည်' ဟု ဖော်ပြထားသည်။[350] CNF အုပ်ချုပ်ရေးစနစ်နှင့် ပတ်သက်ပြီး အသေးစိတ်သုတေသနပြုမှုများ လိုအပ်နေသေးသည်။

ရခိုင်လွတ်မြောက်ရေးပါတီ (Arakan Liberation Party)သည် အများသောအားဖြင့် KNU နယ်မြေတွင်လှုပ်ရှားသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း ကျောက်တော်မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝတို့တွင် လှုပ်ရှားမှုအနည်းငယ်ရှိခဲ့ပြီး အစိုးရနှင့် ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီနိုင်ခဲ့ပြီးနောက် အခြေအနေတည်ငြိမ်ခဲ့သည်။ အချက်ငါးချက်ပါ ပြည်နယ်အဆင့် သဘောတူညီချက်များအရ နှစ်ဖက်သဘောတူထားသည့် နယ်မြေများတွင် လက်နက်ကိုင်ဆောင်ခွင့်ပြုသည်ဟုဆိုထားသော်လည်း မည်သည့်နယ်မြေများဖြစ်သည်ကို အတိအကျဖော်ပြထားခြင်း မရှိပါ။ ၎င်းအဖွဲ့ကို ၁၉၈၀ နှစ်များမှ စတင်ခဲ့သော်လည်း အုပ်ချုပ်ရေးစနစ် ခိုင်ခိုင်မာမာ ဖွဲ့စည်းနိုင်လောက်အောင် ထိန်းချုပ်ထားနိုင်သည့် နယ်မြေများ တစ်ကြိမ်တစ်ခါမျှ ပိုင်ဆိုင်ခဲ့ခြင်းမရှိပါ။

၂၀၁၅ ခုနှစ်၊ မတ်လမှ စတင်ကာ အခြားရခိုင်အမျိုးသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သော ရခိုင်တပ်မတော် (Arakan Army – AA) သည်လည်း ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် ပြောက်ကျားစနစ်ဖြင့်လှုပ်ရှားခဲ့ပြီး ပြည်သူလူထုနှင့် ထိတွေ့မှုများပြုလုပ်လာခဲ့သည်။ AA နှင့် ပြည်သူတို့၏ ထိတွေ့ဆက်ဆံရေး အတိုင်းအတာမည်မျှရှိသည်ကိုမူ အကျယ်တဝင့်မသိရှိရပါ။ ရခိုင်တပ်မတော်သည် KIO၊ PSLF၊ MNDAA တို့နှင့် မဟာမိတ်ဖြစ်ပြီး ကချင် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၂၀၁၁ ခုနှစ်ကတည်းက တိုက်ပွဲဝင်နေသည့် အဖွဲ့ဖြစ်သည်။[351] ၂၀၁၅ မေ လပိုင်းတွင် ကျောက်တော်မြို့နယ်မှ အရပ်သားအများအပြားကို ရခိုင်တပ်မတော်နှင့် အဆက်အသွယ် ပြုမှုကြောင့်ဖမ်းဆီးခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကမူ - ၎င်းတို့သည် ဒေသခံများမဟုတ် သောင်းကျန်းသူများ နှင့် ၎င်းတို့ အမာခံထောက်ပံ့သူများဖြစ်သည် - ဟု ဖြေရှင်းချက်ထုတ်ခဲ့သည်။[352]

## ၈.၃ သုံးသပ်ချက်

မြန်မာနိုင်ငံအနောက်ပိုင်းတွင်ရှိသော တိုင်းရင်းသားလက်နက်ကိုင်များသည် အဖွဲ့အရွယ်အစားအရသော်လည်းကောင်း၊ နယ်မြေထိန်းချုပ်နိုင်မှုအရသော်လည်းကောင်း အဖွဲ့ငယ်များအဖြစ် သတ်မှတ်နိုင်သည်။ သို့သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး၏ တောင်တန်းဒေသအပိုင်း နာဂ လူမျိုးများနေထိုင်ရာတွင် အစိုးရအာဏာဖြန့်ကျက်နိုင်မှု အနည်းငယ်သာရှိသဖြင့် လက်နက်ကိုင်အဖွဲ့များသည် အဓိက နိုင်ငံရေးအာဏာရှိသူများဖြစ်နေကြသည်။ အပစ်အခတ်ရပ်စဲရေး များကြောင့် CNF နှင့် ALP

---

[348] ၂၀၁၂ ဇန်နဝါရီလ ၆ ရက်တွင် လက်မှတ်ထိုးခဲ့သည့် အချက် ၉ ချက်ပါ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်၊ ၂၀၁၂ ဧပြီလ ၇ ရက်နေ့တွင် လက်မှတ်ထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်။

[349] CNF အဆင့်မြင့်အဖွဲ့ဝင်နှင့် တွေ့ဆုံမေးမြန်းချက် (နေရာ- လျို့ဝှက်၊ အောက်တိုဘာ ၁၄)၊ ချင်းအရပ်ဖက်လူ့အဖွဲ့အစည်း ခေါင်းဆောင် နှင့် မေးမြန်းချက်

[350] စစ်အင်အား အနည်းငယ်သာရှိသော်လည်း အဓိပ္ပာယ်ရှိသည့် သဘောတူညီချက်များ ရရှိအောင် ညှိနှိုင်းမှုပြုခဲ့နိုင် ခြင်းကတော့ အံ့သြလေးစားစရာဖြစ်သည်။

[351] ရခိုင်တပ်မတော် Arakan Army သည် အသစ်ဖွဲ့စည်းထားသောတပ်မတော်ဖြစ်ပြီး ပျောက်ကွယ်သွားပြီဖြစ်သည့် ရခိုင်အမျိုးသားညီညွတ်ရေးပါတီ၏ လက်နက်ကိုင်အဖွဲ့နှင့် အမှတ်မမှားရန်လိုသည်။ ၎င်းသည်လည်း Arakan Army အမည်နှင့်ပင်ဖြစ်သည်။

[352] Tun Tun, *'At Least 20 People to Face Charges for Alleged Arakan Army Ties: Police'*, The Irrawaddy, 6 May 2015; available at: http://www.irrawaddy.org/burma/at-least-20-people-to-face-charges-for-alleged-arakan-army-ties-police.html

တို့သည် ၄င်းတို့ပြည်နယ်များအတွင်း နယ်မြေအတည်တကျရရှိလာကြသည်။ ယင်းဒေသသို့ ၂၀၁၅ ခုနှစ်တွင် ရခိုင်တပ်မတော် ပြန်ဝင်လာခြင်းကို ကြည့်ခြင်းအားဖြင့် လက်နက်ကိုင်လှုပ်ရှားမှုအသစ်များ ပေါ်ပေါက်လာနိုင်ကြောင်း ပြသနေသည်။ သို့သော်လည်း ဒေသခံများကို အုပ်ချုပ်နိုင်သည့်ဖွဲ့စည်းပုံများ ထူထောင်နိုင်ခြင်းရှိမရှိကိုမူ ရှင်းရှင်းလင်းလင်းမသိရသေးသည့် အခြေအနေဖြစ်သည်။

# အပိုင်း ၉ - ညှိနှိုင်းမှုဖြင့် အဖြေရှာခြင်းဆီသို့

စစ်အေးတိုက်ပွဲ (Cold War) ပြီးဆုံးသွားသည့်အချိန်မှစပြီး ပြည်တွင်းစစ်များနှင့် ဆက်စပ်ပေါ်ပေါက်လာသည့် အစဉ်အလာမဟုတ်သော လုံခြုံရေးကဏ္ဍခြိမ်းခြောက်မှုများသည် ကမ္ဘာ့လုံခြုံရေးကဏ္ဍ ဆွေးနွေးမှုများတွင် ထိပ်ဆုံးမှနေရာယူလာသည်။ မူဝါဒပိုင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ဖော်ပြချက်အများစုကလည်း ပဋိပက္ခများဖြေရှင်းနိုင်ရန်မှာ ကဏ္ဍအလိုက် ပုံမှန်လည်ပတ်နိုင်သည့် နိုင်ငံတော်၏ လုပ်ငန်းဌာနများ ပေါ်ပေါက်လာမှသာ ဖြစ်နိုင်သည်ကို ဖော်ပြလျက်ရှိသည်။ ထိုသို့ ပြည်သူများက လိုလိုလားလား အသိအမှတ်ပြုထားပြီး လူ့အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြုနိုင်သည့်၊ အခြေခံဥပဒေကို ကာကွယ်နိုင်သည့် စွမ်းဆောင်ရည်၊ အခွင့်အာဏာရှိသည့်၊ အင်အားစုများကို တရားနှင့်အညီ အသုံးချသည့် အစိုးရအဖွဲ့ရှိမှသာ ထိုကဲ့သို့သော နိုင်ငံတော် ဖြစ်လာနိုင်သည်။

လက်တွေ့တွင်ဖြစ်ပေါ်နေသည့် အာဏာစီးဆင်းမှု၊ တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပေါ်နေသည့် နိုင်ငံရေးစနစ်များကို ထိန်းချုပ်နိုင်သည့်၊ အသုံးချကိုင်တွယ်နိုင်သည့် အခြေခံဥပဒေဆိုင်ရာစီမံမှုများ မရှိခြင်းသည် မြန်မာ၏ အထိမခံသည့် ပြဿနာအပေါင်း၏ အခြေခံဖြစ်သည်။ အဆက်ဆက်သော အစိုးရများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အုပ်ချုပ်ရေးပိုင်းတွင် ညှိနှိုင်းခွင့်ပြုခြင်း၊ ပူးပေါင်းခွင့်ပြုခြင်းများကို လိုအပ်သလိုခွင့်ပြုလျက်ရှိသော်လည်း ဒေသအတွင်းလှုပ်ရှားနေသည့်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အလျှော့ပေး လိုက်လျောခြင်းများပြုလုပ်ရမည့်အစား ၄င်းစနစ်ဖြင့်သာ နိုင်ငံကိုပုံဖော်ရန် အစဉ်ကြိုးပမ်းလျက်ရှိသည်။

ထို့အတွက် ရလာဒ်မှာ ပဋိပက္ခဖြစ်ပွားနေသည့်နေရာများတွင် အစိုးရအာဏာစက်တည်ဆောက်ရန်ကြိုးပမ်းမှုမှာ လက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်ရေးစနစ်ကို မထိုးဖောက်နိုင်ခြင်း၊ ခုခံတွန်းလှန်မှုခံရခြင်းတို့ကြောင့် မအောင်မြင်နိုင်ပဲ ဖြစ်နေသည်။ အထိမခံအကဲဆတ်သည့်အနေအထားတွင် အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ချဉ်းကပ်ပုံမှာ တပ်မတော်ကို အားကိုးလွန်းပြီး၊ ဗဟိုချုပ်ကိုင်ရေးကိုသာ အာရုံထားနေသဖြင့် ပဋိပက္ခများမငြိမ်းနိုင်ပဲ အာဏာခွဲဝေပေးရန်တောင်းဆိုမှုများသာ တိုးလာသည့်အပြင် လက်နက်ကိုင်အဖွဲ့များလက်နက်စွန့်ရန်အတွက် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ခြင်းမရှိဖြစ်နေသည်။ ယင်းနယ်မြေများ၏ ဒေသအုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး စီမံထားမှုမှာ ခိုင်မာတောင့်တင်းသည့် နိုင်ငံတည်ဆောက်ရာတွင် အရေးပါနေသည်။ မငြိမ်မသက်ဖြစ်နေသည့် နယ်မြေများအတွင်း တည်ငြိမ်မှုတည်ဆောက်ရန်၊ ထိန်းသိမ်းထားရန်အတွက် စီမံထားမှုများအပေါ် ပဋိပက္ခဖြစ်ပွားနေသည့်အဖွဲ့များအတွင်း စေ့စပ်သဘောတူနိုင်မှုမှာ အဓိကအကျဆုံးလိုအပ်ချက်ဖြစ်သည်။

တိုင်းရင်းသားနယ်မြေများ၏ ဒေသအုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ဥပဒေနှင့်လည်းညီ၊ ရေရှည်သဘောလည်း ဆောင်သည့် နိုင်ငံရေးသဘောတူညီချက်များကို ပဋိပက္ခဖြစ်ပွားနေသူများကြား ညှိနှိုင်းရရှိနိုင်မှသာလျှင် မြန်မာ၏ အုပ်ချုပ်မှုအပြောင်းအလဲ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်းကို ယခုအပိုင်းတွင်တင်ပြထားပါသည်။ အာဏာအပြိုင်အဆိုင်တည်ဆောက်မှုများကို လျှော့ချစေရန်အတွက် ကျေနပ်လောက်သော အာဏာခွဲဝေမှုပြုလုပ်ခြင်း၊ အာဏာတည်ဆောက်မှုများကြောင့် မငြိမ်မသက် ဖြစ်နေသည့် တိုင်းရင်းသားဒေသများမှ အုပ်ချုပ်ရေးစနစ်ကိုအသိအမှတ်ပြုခြင်း၊ အာဏာဆင်းသက်ပုံနှင့် ကိုက်ညီသည့် အစိုးရဖွဲ့စည်းပုံများကို စုစည်းနိုင်မှသာလျှင် နိုင်ငံရေးသဘောတူချက်ရနိုင်မည်ဖြစ်သည်။ စစ်အင်အားရှိသည့် အဖွဲ့များကို တရားဝင်အာဏာ ပိုမိုအပ်နှင်းပေးလိုက်ရုံဖြင့် နိုင်ငံရေးသဘောတူညီချက် ရနိုင်မည် မဟုတ်ပါ။ ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့များအတွင်း ငြိမ်းချမ်းတည်ငြိမ်သည့် ပြည်ထောင်စုတည်ဆောက်ရန်၊ လိုက်လျောမှုများရှိလာပါက နိုင်ငံရေးအတွင်း စစ်အင်အားအသုံးချခြင်းကို လျှော့ချရန် ဆန္ဒမှန်ရှိကြောင်းဝန်ခံသည့် နိုင်ငံရေးကတိကဝတ်ရှိမှသာ ပြေလည်မှုရရှိနိုင်မည်ဖြစ်သည်။

ယခုအပိုင်းတွင် ကြုံတွေ့လာနိုင်သည့်အခက်အခဲများ၊ ဖြေရှင်းရမည့်ကိစ္စရပ်များကို အထူးအလေးပေး တင်ပြထားသည်။ နိုင်ငံအသွင်ပြောင်းရေးကို ဝိုင်းတွန်းနေသူများ သို့မဟုတ် ယင်းအခင်းအကျင်းတွင်ပါဝင်နေသူများအတွက် အလုပ်ဖြစ်သည့် မူဝါဒရေးရာ တိုက်တွန်းချက်များ ဖော်ထုတ်နိုင်ရန်အတွက် သုတေသနများ၊ သုံးသပ်မှုများ ဆက်လက်ပြုလုပ်သွားရန်လိုအပ်သည်။

## ၉.၁ ၂၀၁၁ ခုနှစ် အလွန် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ

၂၀၁၁ ခုနှစ် မြန်မာအစိုးရသစ် တက်လာပြီးနောက်ပိုင်းတွင် ဆယ်စုနှစ်အတွင်းအပြင်းထန်ဆုံးသော လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ အစိုးရသစ်လက်ထက်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၁၂ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့သည်။ ဇယား ၄ ကိုကြည့်ပါ။ သဘောတူညီချက်အားလုံးတွင် တရားဝင်သတ်မှတ်ထားသည့် နယ်မြေကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့က အပြည့်အဝထိန်းချုပ်နိုင်ခွင့်၊ စင်ပြိုင်အုပ်ချုပ်ရေးစနစ်ကို ခွင့်ပြုထားခြင်းမရှိပါ။[353] သို့သော် လက်မှတ်ထိုးထား

[353] RCSS နှင့် ၂၀၁၂ ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်တွင်တော့ ကွဲလွဲမှုအနည်းငယ်ရှိသည်။ မြို့နယ်ခွဲ ၂ ခုကို RCSS ထိန်းချုပ်နိုင်ရန် သတ်မှတ်ထားပေးသည်ဟု သဘောတူညီချက်တွင် ပါသည်။ သို့သော်လည်း ယင်းနယ်မြေများတွင် ၂၀၁၅ ခုနှစ်အတွင်း တိုက်ပွဲများ ဆက်တိုက်ဖြစ်နေသောကြောင့် သဘောတူညီချက်မှာ အကောင်အထည်မဖော်နိုင်ပဲဖြစ်နေသည်။ အပိုင်း ၆ တင် တင်ပြထားပြီးဖြစ်သည်။

သည့် အဖွဲ့အချို့အား အခြေချခွင့်ရှိသည့်နယ်မြေများ၊ လက်နက်ဖြင့်သွားလာခွင့်တို့ကို ဖော်ပြထားခြင်း မရှိသော်လည်း နားလည်မှုဖြင့်ခွင့်ပြုမှုများ၊ ဒေသအတွင်းလုပ်ပိုင်ခွင့်များ ပေးအပ်ထားခြင်းတို့ရှိသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကြောင့် ရပ်ရွာများအနေဖြင့် လွတ်လပ်စွာလှုပ်ရှားနိုင်ပြီး လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများလည်းလျော့ကျသွားသည်။[354] မည်သို့ပင်ဆိုစေကာမူ နယ်မြေအုပ်ချုပ်မှုနှင့် ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မရှိခြင်းကြောင့် ဒေသအတွင်း ငြိမ်သက်မှုမရှိပဲ ကောင်းမွန်သည့်အုပ်ချုပ်ရေး၊ အားလုံးပါဝင်သည့် စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ဆောင်ချက်များအတွက် အတားအဆီးများဖြစ်နေသည်။

ပထမအနေဖြင့် နယ်မြေသတ်မှတ်မှုမပြုလုပ်နိုင်ခြင်းသည် ပဋိပက္ခပြန်လည်ဖြစ်ပွားရန် အကြီးအကျယ် ပံ့ပိုးလျက်ရှိသည်။ အပစ်အခတ်ရပ်စဲရေးနယ်မြေများတွင် တိုက်ပွဲများဖြစ်ပွားနေပြီး အများစုမှာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက်ပိုင်းတွင် ဖြစ်သည်။ ဒုတိယအနေဖြင့် အခြေခံနယ်မြေများကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟူသောအာမခံချက်မျိုးမပေးနိုင်ခြင်းကလည်း လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကို သံသယဝင်စေသည့် အဓိကအကြောင်းရင်းကြီးဖြစ်သည်။ အပိုင်း ၅ တွင်တင်ပြခဲ့သည့်အတိုင်း အစိုးရ၏ အုပ်ချုပ်ရေးယန္တရား အလျင်အမြန်ချဲ့ထွင်လာသည့် နယ်မြေများမှ KNU ပုဂ္ဂိုလ်အချို့တွင် ယင်းသဘောထားကို တွေ့နိုင်သည်။

အပစ်အခတ်ရပ်စဲရေးစီမံမှုများ အတည်တကျမရှိသောကြောင့် ရပ်ရွာများတွင် ဝန်ထုတ်ဝန်ပိုးဖြစ်ရသည်။ အဖွဲ့အမျိုးမျိုးက ကောက်သည့် အခွန်အမျိုးမျိုးထည့်ရသည်၊ တစ်ဖက်နှင့် ဆက်ဆံမိပါက သို့မဟုတ် ထောက်ခံမိပါ အပြစ်ပေး ခံရမည်ကို အမြဲစိုးရွံ့နေရသည်။ အပစ်အခတ်ရပ်စဲထားသည့် နယ်မြေများတွင် ပြန်လည်အခြေချရန် အားထုတ်သည့်၊ သို့မဟုတ် စဉ်းစားနေသည့် နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ပြုလုပ်ခဲ့သည့် သုတေသနအရ အာဏာပိုင်အမျိုးမျိုးနှင့် ဆက်ဆံရေးတည်ဆောက်ရခြင်း၊ အပစ်အခတ်ရပ်စဲမှုမှာ မည်မျှခိုင်မာမည်မသေချာခြင်းတို့သည် အဓိကအခက်အခဲများ ဖြစ်နေသည် ဟုသိရသည်။[355] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ရပ်ရွာများကြားခိုင်မာသည့်၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေသည့် ဆက်ဆံရေးရှိသော နယ်မြေများတွင် နိုင်ငံတော်နှင့် ပတ်သက်ပြီး မယုံကြည်မှုများရှိနေပြီး စစ်တပ်အင်အားအများအပြား တိုးချဲ့ထားခြင်းကြောင့် အမြဲတမ်းကြောင့်ကြနေရသည်။

အစိုးရအနေဖြင့်ပြုပြင်ပြောင်းလဲမှု အမျိုးမျိုးပြုလုပ်နေသော်လည်း ယင်းနယ်မြေများကိုမူ ချန်လုပ်ထားခဲ့သည်။ လုံခြုံရေးသည် နိုင်ငံတော်ရော၊ တိုင်းရင်းသားလက်နက်ကိုင်များအတွက်ပါ ဦးစားပေးကိစ္စဖြစ်နေခြင်း၊ ပံ့ပိုးမှုများပြုလုပ်နေသည့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ပုံမှန်ဝင်ထွက်နိုင်မှုမရှိခြင်းနှင့် ဆက်ဆံရေး မတည်ဆောက်ထားနိုင်ခြင်းတို့ကြောင့် ကျန်နေခဲ့ခြင်းဖြစ်သည်။ မည်သည့်နယ်မြေမှ မည်သည့်အဖွဲ့အစည်းသည် တရားဝင်သည်၊ မည်သည့်အဖွဲ့အစည်းနှင့် လက်တွဲသင့်သည်ကို အတိအကျ မသိသဖြင့် နိုင်ငံတကာအဖွဲ့အစည်းများက တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးကိစ္စများတွင် ဝင်ရောက်ဆောင်ရွက်နိုင်ခြင်း မရှိပဲဖြစ်နေသည်။ နိုင်ငံတကာအနေဖြင့် ပြဿနာဖြစ်ပွားနေသည့်နေရာများတွင် အစိုးရနှင့်သာလက်တွဲပြီး ပံ့ပိုးမှုများ ဆက်လက်ပြုလုပ်ပါက တင်းမာမှုများပိုမိုဖြစ်ပွားစေအောင် ပြုလုပ်သကဲ့သို့ဖြစ်နိုင်သည်ကိုလည်း သတိချပ်စေချင်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ညှိနှိုင်းစဉ်က နိုင်ငံရေးသဘောတူညီချက်များ မရမီကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လုပ်ပိုင်ခွင့်၊ ကန့်သတ်ချက်များနှင့် ဆိုင်သည့် ကြားကာလအစီအမံကိစ္စသည် ဆွေးနွေးရန်အခက်အခဲဆုံးကိစ္စ ဖြစ်သည်။[356] ယင်းကိစ္စနှင့် ပတ်သက်ပြီး အချေအတင် ဖြစ်ခဲ့သောကြောင့် ၂၀၁၃ နှင့် ၂၀၁၅ မတ်လ အတွင်း သဘောတူညီချက်အတွက် လုပ်ဆောင်ရာတွင် တိုးတက်မှုများ နှေးကွေးသွားသည်။

ညှိနှိုင်းရေးတာဝန်ယူထားသူများက အရေးကြီးကိစ္စများကို နောက်ဆုတ်ထားပြီးမှ ဆွေးနွေးမှုများ ပြုလုပ်ရန် သဘောတူနိုင်ခဲ့ခြင်းကြောင့် NCA စာချုပ်မူကြမ်းကို ၂၀၁၅ မတ်လတွင် သဘောတူနိုင်ခဲ့သည်။ သမ္မတဦးသိန်းစိန်က သဘောတူညီချက်လက်မှတ်ထိုးရန်ဆန္ဒရှိကြောင်းထုတ်ပြောခဲ့သော်လည်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှာမူ တိကျရှင်းလင်းသည့် သဘောထားပေးခြင်းမရှိပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုမှာလည်း ဆုံးဖြတ်ချက်ချရန် အချိန်ယူစဉ်းစားနေဆဲဖြစ်သည်။ အတည်ပြုမူကြမ်းတွင် လူမှုဝန်ဆောင်မှုကိစ္စများ၊ တရားဥပဒေစိုးမိုးရေး၊ အပစ်အခတ်ရပ်စဲနယ်မြေများအတွက် နိုင်ငံတကာအကူအညီများကို နိုင်ငံတော်နှင့် လက်နက်ကိုင်ပူးပေါင်း တာဝန်ခံခြင်း အစရှိသည့်ကိစ္စရပ်များ ပါဝင်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်မည်ဟု ဖော်ပြထားခြင်းမရှိပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖွံ့ဖြိုးရေး၊ လုံခြုံရေး အစရှိသော ကိစ္စရပ်များအတွက် အဓိကကျသည့်အဖွဲ့များဖြစ်သည်ဟု

354 အပစ်အခတ်ရပ်စဲရေးသဘောတူပြီးနောက်ပိုင်း KNU ထိန်းချုပ်နယ်မြေများမှ ရပ်ရွာများတွင် ကြုံတွေ့နေရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ တိုးတက်လာမှုများကို မှတ်တမ်းတင်ထားသည့် အစီရင်ခံစာ။ KHRG (2014).

355 Jolliffe (2015), p. 31 နှင့် South & Jolliffe (2015), p. 52. ကိုကြည့်ပါ။

356 South & Jolliffe (2015), p. 28. ကိုကြည့်ပါ။

အသိအမှတ်ပြုထားသော်လည်း ထိုကဏ္ဍများကို တာဝန်ယူရန်အတွက် ခွင့်ပြုပေးမည်ဟု အတိအကျဖော်ပြထားခြင်းမရှိပါ။ နိုင်ငံရေးသဘောတူညီချက်များမရမီ ကြားကာလအတွင်း၌ပင်အစိုးရက ခွင့်ပြုမည်ဟု ထုတ်ဖော်ထားခြင်းမရှိပါ။

ထိုကဲ့သို့အစီအစဉ်များသည် အပစ်အခတ်ရပ်စဲရေးနယ်မြေများတွင် နိုင်ငံတကာအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် လက်တွဲပြီး ဥပဒေနှင့်အညီ ဝင်ရောက်လုပ်ကိုင်နိုင်ရန် လမ်းဖွင့်ပေးနိုင်သော်လည်း ၎င်းတို့နယ်မြေများအတွင်း နိုင်ငံတော်အစိုးရ ဝင်ရောက်လာမှုကို မလိုလားသည့်၊ လုပ်ပိုင်ခွင့်အများအပြားရရှိထားသည့် အင်အားကြီးလက်နက်ကိုင်အဖွဲ့များ သို့မဟုတ် အဖွဲ့တစ်ခုမှ အုပ်စုတစ်စုကို နှစ်သိမ့်နိုင်ရန်မှာမူ ဖြစ်နိုင်ချေနည်းသည်။ ကာလတိုအတွက် ဦးစားပေးထားသည့် NCA မူကြမ်းတွင် အုပ်ချုပ်ရေးပိုင်းနှင့် တရားဥပဒေစိုးမိုးရေးပိုင်းကို ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲမှုများ လုပ်ရန်အချက်မပါသကဲ့သို့ ရေရှည်ဖွံ့ဖြိုးရေး အစီအစဉ်များချမှတ်ခြင်းနှင့် ပတ်သက်ပြီးလည်း ရေးသားထားခြင်းမရှိပါ။ အချိန်တိုအတွင်း နိုင်ငံရေးသဘောတူညီချက်များ မရနိုင်သည့်အတွက် လာမည့်နှစ်များအတွင်း ယင်းနယ်မြေများ၏ ဒေသအုပ်ချုပ်ရေးဆောင်ရွက်ပုံ မည်သို့ရှိနိုင်မည်ဆိုသည်မှာ မှန်းရခက်သည့် ကိစ္စဖြစ်သည်။ အထူးဒေသများတွင် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် နှစ်ဖက်သဘောတူဆောင်ရွက်သည့် အစီအစဉ်များပေါ်ပေါက်လာနိုင်သော်လည်း အားပြိုင်ပဋိပက္ခများဖြစ်နေသည့် နယ်မြေများတွင် ယခင်အတိုင်း အလွန်ရှုပ်ထွေးအကဲဆတ်နေဦးမည် ဖြစ်သည်။

## ၄.၂ တိုင်းရင်းသားလက်နက်ကိုင်များကို အမြစ်ပြတ်မချေမှုန်းနိုင်ခြင်း

အစိုးရအဆက်ဆက်သည် တချိန်ချိန်တွင် အပြည့်အဝထိန်းချုပ်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဗဟိုဦးစီးမှုကို လက်တွေ့အကောင်အထည်ဖော် နေဆဲကာလတွင် တိုင်းရင်းသားလက်နက်ကိုင်များ၏ အုပ်ချုပ်ရေးကဏ္ဍကို အသိအမှတ်ပြုခဲ့သည်။ သို့သော်လည်း အစိုးရ၏ ဗဟိုဦးစီးမှုစနစ်အကောင်အထည်ဖော်ခြင်းမှာ မအောင်မမြင်ဖြစ်ရုံမက ပဋိပက္ခများပိုတိုးလာစေပြီး ဒေသအဆင့် အုပ်ချုပ်ရေးကို ပိုမိုရှုပ်ထွေးစေသည်။

ငွေကြေးအင်အား၊ လက်နက်အင်အားတောင့်တင်းပြီး ကိုယ်ပိုင် အုပ်ချုပ်ခွင့်အပြည့်အဝ နီးပါးရရှိထားသည့် UWSP သည် ပြည်ထောင်စုသို့ တိုက်ရိုက်အစီရင်ခံသည့် ‘ဝ’ ပြည်နယ်ရရှိရေးအတွက် စဉ်ဆက်မပြတ် တောင်းဆိုနေသော်လည်း ၎င်း၏နယ်မြေအတွင်း ရွေးကောက်ပွဲကျင်းပ ခွင့်မပြုခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု သတ်မှတ်မှုကို ငြင်းပယ်ခြင်းများရှိခဲ့သည်။[357] ပလောင်ပြည်လွတ်မြောက်ရေးပါတီ၊ ရှမ်းပြည်အမျိုးသားတပ်မတော်နှင့် ခွန်ဆာ၏ မော်ထိုင်းတပ်မတော်တို့ ဖျက်သိမ်းရှင်းလင်းခံလိုက်ရသော်လည်း အဖွဲ့အသစ်များဖြစ်သော သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ နှင့် ပလောင်ပြည်လွတ်မြောက်ရေး အဖွဲ့များအဖြစ် ပြန်လည် ပေါ်ထွက်လာခဲ့သည်။ ၎င်းအဖွဲ့သစ်များ၏ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနိုင်သည့် စွမ်းရည်သာမက အရပ်ဖက် အုပ်ချုပ်ရေးစနစ်ကို ဖွဲ့စည်းအာဏာတည်ထောင်ထားနိုင်မှုမှာလည်း အလွန်လျင်မြန်စွာဖြစ်ထွန်းလျက် ရှိသည်။

ကိုးကန့်ဒေသတွင်မူ တပ်မတော်က MNDAA ကို ၂၀၀၉ ခုနှစ်တွင် ၎င်းတို့နယ်မြေမှ အပြီးတိုင် တိုက်ထုတ်ပစ်ခဲ့သည်။ မြန်မာ့သမိုင်းတလျှောက် အမြစ်ပြတ်နယ်မြေရှင်းလင်းနိုင်သည့် သာဓကအနည်းငယ်မှ တစ်ခုအပါအဝင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ကိုးကန့်အဖွဲ့မှ အင်အားအပြည့်နှင့် ပြန်လည်ဝင်ရောက်လာခြင်းက စစ်ရေးနှင့်ဖြေရှင်းခြင်း၏ မခိုင်မာမှုကိုသက်သေပြလျက်ရှိသည်။ အထူးသဖြင့် နယ်စပ်နှင့်ကပ်နေသည့် အဖွဲ့များအတွက် စစ်ရေးနည်းဖြင့်ရှင်းခြင်းမှာ ရေရှည်အတွက်အဖြေမဟုတ်ပါ။ ၂၀၁၀ ခုနှစ်တွင် DKBA အတွင်း ခွဲထွက်မှုများပေါ်ပေါက်ခဲ့ပြီး ပဋိပက္ခများ၊ စစ်ရှောင်ပြောင်းရွှေ့ရမှုများ တကျော့ပြန်ပေါ်ပေါက်လာခဲ့ခြင်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို စစ်ရေးအရ ပေါင်းစည်းလိုက်ရုံနှင့် ဖြေရှင်းနိုင်ခြင်းမရှိပုံကို ပြသနေသည့် ဥပမာဖြစ်သည်။ ယင်းအဖြစ်အပျက်က DKBA နယ်မြေများတွင် KNU အုပ်ချုပ်ရေးပြန်လည်ဝင်ရောက်နိုင်ရန် လမ်းကြောင်းဖြစ်စေခဲ့ပြီး နိုင်ငံရေးပထဝီအနေအထား ကွဲပြားမှုကို ပိုမိုကြီးထွားစေခဲ့သည်။

ပအိုဝ်အမျိုးသားအစည်းအရုံးနှင့် အစိုးရကြားပူးပေါင်းမှုဆောင်ရွက်မှုများကြောင့် တည်တည်ငြိမ်ငြိမ်ဖြစ်နေသော ရှမ်း (တောင်) ပအိုဝ်နယ်မြေများတွင်ပင် ဒေသအုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး အဖွဲ့အစည်း၏ တရားဝင် de jure အုပ်ချုပ်မှု (ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) နှင့် ၎င်း၏ ဌာနေပြည်သူ့စစ် ဖြစ်သော ပလောင်အမျိုးသားတပ်မတော် ၏ *de facto* အုပ်ချုပ်မှုကြားတွင်ကွာဟမှု ကြီးကြီးမားမားရှိသည်။ ၂၀၁၅ ခုနှစ်တွင် PNO ရွေးကောက်ပွဲရှုံးနိမ့်ခဲ့ပါက ဥပမာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဲ့ သို့သော ဗမာအများစုပါသည့် ပါတီက အနိုင်ရခဲ့ပါက မည်ကဲ့သို့သောအပြောင်းအလဲများပေါ်ပေါက်နိုင်သည်မှာလည်း မရှင်းမလင်းဖြစ်နေဆဲပင်ဖြစ်သည်။

[357] ရှုပ်ထွေးမှုများ ရှောင်ရှားနိုင်ရန်အတွက် ‘ဝ’ ပြည်အတွင်း UWSP မှလွဲပြီး မည်သည့်ပါတီမှ ရုံးစိုက်ရန်၊ လှုပ်ရှားရန် ခွင့်မပြုနိုင်ဟု ၂၀၁၅ မေတွင် ကြေညာခဲ့သည်။ YL, *'Panhsang Summit: Excerpts From a Journal',* S.H.A.N, 20 May 15; available at: http://panglongenglish.blogspot.com/2015/05/the-panghsang-summit-excerpts-from.html ကိုကြည့်ပါ။

## ၉.၃ အားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုတစ်ခုသို့

လက်ရှိဖြစ်ပေါ်နေသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအစီအစဉ်များ ခိုင်မာမှုမရှိခြင်းက အားပြိုင်မှုများကို လျော့ချနိုင်ရန် လုံလောက်သည့် အာဏာခွဲဝေပေးမှုအပါအဝင် ရေရှည်အလုပ်ဖြစ်သော တရားနည်းလမ်းကျသည့် ဒေသအုပ်ချုပ်ရေးစနစ်ကို တိုင်းရင်းသားဒေသများတွင် ဖော်ဆောင်နိုင်သည့် နိုင်ငံရေးအရအဖြေရှာမှု လိုအပ်လျက်ရှိနေကြောင်းကို အထင်အရှားပြသလျက်ရှိသည်။

နိုင်ငံရေးအဖြေရှာခြင်းကို နိုင်ငံရေးစကားဝိုင်းများမှတဆင့် ပြုလုပ်သွားရန် တိုင်းရင်းသားများဘက်ကရော၊ ဒီမိုကရေစီလိုလားသည့် အတိုက်အခံများကပါ အစဉ်တစိုက်တောင်းဆိုခဲ့သည့်အရာဖြစ်ပြီး ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် အစိုးရ၏ လက်ခံအသိအမှတ်ပြုမှု မြင့်တက်လာခဲ့သည်။ ထိုနောက်ပိုင်းမှစပြီး ယခင်တပ်မတော်အစိုးရ တာဝန်ရှိသူများဖြစ်ခဲ့သည့် သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဌ သူရဦးရွှေမန်း နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဆီ ဦးတည်သည့် ဆွေးနွေးပွဲများ အတွင်းပါဝင်ရန် အတိုက်အခံများဘက်မှ တိုက်တွန်းမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်များအပြင် ၂၀၁၅ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် ခြောက်ပွင့်ဆိုင်[358] ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်အတွင်းမှ နိုင်ငံရေးပါတီ ၅၆ ပါတီ စုထားသည့် ညွန့်ပေါင်းအဖွဲ့ကလည်း တောင်းဆိုမှုများပြုလုပ်ခဲ့သည်။[359]

လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသည့် ညှိနှိုင်းသူများ၏ အဓိကရည်မှန်းချက်မှာ အစိုးရက နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ပါမည်ဟူသော ကတိပြုချက်ရယူရန်ဖြစ်သည်။ သမ္မတအနေဖြင့် လက်မှတ်ထိုးရန် ဆန္ဒရှိပါသည်ဟု ထုတ်ဖော်ထားသည့် လက်ရှိ NCA မူကြမ်းတွင် နိုင်ငံရေးပါတီများ အားလုံးကို ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းရန်ရည်ရွယ်သည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ထည့်သွင်းသွားမည်ဟူသော အပိုဒ်ပါသည်။ ဆွေးနွေးပွဲများမှတဆင့် နိုင်ငံရေးသတ်မှတ်ချက်များ ပြောင်းလဲမှုများပြုလုပ်ရန်ကို သဘောတူထားသည့် ပြည်ထောင်စုသဘောတူညီချက် ထွက်ပေါ်လာမည်ဖြစ်ပြီး ယင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း အကောင်အထည်ဖော်သွားမည်ဟု စာချုပ်မူကြမ်းတွင်ဖော်ပြထားသည်။ တိုင်းရင်းသား ခေါင်းဆောင်အချို့၏ အခြေခံဥပဒေအသစ် ပြန်လည်ရေးဆွဲရန် အားထုတ်မှုများ ဆက်လက်ရှိနေနိုင်ပြီး၊ သဘောတူညီချက်တွင် ၂၀၀၈ အခြေခံဥပဒေကိုပြင်ဆင်သွားရန် သဘောတူညီချက်များ ပါကောင်းပါနိုင်မည်ဟု ယူဆရသည်။ စာချုပ်ချုပ်ဆိုနိုင်ရေးသည် ၂၀၁၅ ရွေးကောက်ပွဲရလဒ်ပေါ်တွင်များစွာမူတည်နေပြီး အကယ်၍ NCA ကို သဘောတူလက်မှတ်ရေးထိုးကြသည်ဆိုပါက ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည်။[360]

တိုင်းရင်းသား ပဋိပက္ခနှင့် အခြားသောနိုင်ငံရေးအကျပ်အတည်းများကို အောင်မြင်စွာ ဖြေရှင်းနိုင်ရန်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာစေခဲ့သည့် ၁၉၉၀ ခုနှစ်များမှ ၂၀၀၀ ခုနှစ်များဆီ အထိကျင်းပခဲ့သော အမျိုးသားညီလာခံထက် ကျယ်ပြန့်ပြီး၊ အားလုံးပါဝင်ဆွေးနွေးနိုင်သည့် ဆွေးနွေးပွဲများပေါ်တွင်မူတည်နေသည်။[361] အတိုက်အခံအဖွဲ့အမျိုးမျိုးမှ နိုင်ငံရေး ဆွေးနွေးပွဲများအတွက် နိုင်ငံရေးမူဘောင်များကိုပြင်ဆင်ထားကြသည်။[362] မူဘောင်များအားလုံးတွင် ကိုယ်စားလှယ်ပေါင်း ရာနှင့်ချီပါဝင်သည့် ဆွေးနွေးပွဲများဖြင့် အကောင်အထည်ဖော်ရန် ရည်မှန်းထားကြသော်လည်း အရပ်ဖက် လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များကဏ္ဍကိုမူ ထည့်သွင်းထားခြင်းမရှိပါ။ အစိုးရ သို့မဟုတ် တပ်မတော်တွင် ရေးဆွဲထားသည့် မူဘောင်များ ရှိနေနိုင်သော်လည်း အများပြည်သူသိစေရန် ထုတ်ပြန်ခြင်းမရှိသေးပါ။

[358] ခြောက်ပွင့်ဆိုင်တွင် ပြည်ထောင်စုအစိုးရ (သမ္မတဦးသိန်းစိန်)၊ တပ်မတော် (ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်)၊ ပြည်သူ့လွှတ်တော် (ပြည်သူ့လွှတ်တော်ဥက္ကဌ သူရရွှေမန်း)၊ အမျိုးသားလွှတ်တော် (အမျိုးသားလွှတ်တော် ဥက္ကဌ ဦးခင်အောင်မြင့်) နှင့် လွှတ်တော်အတွင်းမှ တိုင်းရင်းသား နိုင်ငံရေးပါတီများကိုယ်စားပြု တစ်ဦး (ဒေါက်တာ အေးမောင် ရခိုင်အမျိုးသားပါတီ)

[359] ၅၆ ပါတီပေါင်းပြီး ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်းခဲ့သည်။ ၄င်းတို့ တင်သွင်းသည့် ဆွေးနွေးရေးမူဘောင်နှင့် ဆွေးနွေးရန်အချက်များကို ဆွေးနွေးပွဲပြုလုပ်ပြီးနောက် အတည်ပြုခဲ့သည်။

[360] The NCA actually commits all parties to agreeing on a political framework within 60 days and commencing the dialogue within 90 days, but given the level of disagreement experienced in the NCA, and the time taken for various groupings of opposition actors to develop their frameworks (each at least three months), this seems extremely to unlikely take place prior to the November 2015 elections.

[361] အပိုင်း ၂ တွင် တင်ပြခဲ့သည့်အတိုင်း အမျိုးသားညီလာခံတွင် အပစ်အခတ်ရပ်ထားသည့် အဖွဲ့ကြီး ၇ ဖွဲ့အပါအဝင် အတိုက်အခံအများအပြား ပါဝင်တက်ရောက်ခဲ့သည်။ ဆုံးဖြတ်ချက်များပေါ် ပါဂင်လွှမ်းမိုးနှင့်ပတ်သက်ပြီး မကျေနပ်မှု အများအပြားရှိခဲ့သည်။ အထူးသဖြင့် နိုင်ငံရေးအတွင်းတပ်မတော်အခန်းကဏ္ဍ နှင့် အစိုးရ၏ ဗဟိုဦးစီးမှုစနစ်ကဲ့သို့သော အဓိက ကိစ္စများ ဆုံးဖြတ်ရာတွင် မကျေလည်မှုများရှိခဲ့သည်။

[362] တိုင်းရင်းသား လက်နက်ကိုင်များ၊ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ၅၆ ပါတီ ညွန့်ပေါင်း၊ ၁၉၉၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တိုင်းရင်းသား နိုင်ငံရေးပါတီညွန့်ပေါင်းအဖွဲ့ ဖြစ်သော ညီညွတ်သောတိုင်းရင်းသားမဟာမိတ် United Nationalities Alliance (UNA) တို့ ရေးဆွဲထားသည့် မူဘောင် ၄ ခုရှိသည်။

## ၉.၄ ဒေသအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ ညှိနှိုင်းခြင်း

### ဇယား ၁၂ - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီးများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနှင့်ဆိုင်သည့် နိုင်ငံရေး ရပ်တည်ချက် သဘောထားများ

| အဖွဲ့အစည်း | အနေအထား | နိုင်ငံရေး ရပ်တည်ချက် |
|---|---|---|
| **ကရင် အမျိုးသား အစည်းအရုံး** | အပစ်အခတ် ရပ်စဲထား | ဒီမိုကရေစီကျသော ဖက်ဒရယ် အခြေခံဥပဒေပေါ်ပေါက်လာရေး၊ လူ့အခွင့်အရေးနှင့် တန်းတူရေးကို အထူးအလေးပေးသည်။ |
| **ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသား တပ်မတော်** | အပစ်အခတ် ရပ်စဲထား | KNU သို့ တရားဝင် လွှဲအပ်ထားသည်။ |
| **မွန်ပြည်သစ်ပါတီ** | အပစ်အခတ် ရပ်စဲထား | ၈ ပြည်နယ် အခြေခံဥပဒေကို ရေးဆွဲလျက်ရှိသည့် ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ မှတဆင့် ညှိနှိုင်းမှုများပြုလုပ်သည်။[363] |
| **ကရင်နီအမျိုးသား တိုးတက်ရေးပါတီ** | အပစ်အခတ် ရပ်စဲထား | ၈ ပြည်နယ် အခြေခံဥပဒေကို ရေးဆွဲလျက်ရှိသည့် ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ မှတဆင့် ညှိနှိုင်းမှုများပြုလုပ်သည်။ (မွန်ပြည်သစ်ပါတီ ကိုကြည့်ပါ) |
| **ပအိုဝ်အမျိုးသားအစည်းအရုံး/ အမျိုးသားတပ်မတော် ဌာနေပြည်သူ့စစ်** | နိုင်ငံရေးပါတီ နှင့် ဌာနေပြည်သူ့စစ် | ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အရွယ်အစားကို ချဲ့ယူလိုသည်။ အစိုးရနှင့် ဆက်ဆံရေးကောင်း ထူထောင် ထိန်းသိမ်းရန် ပိုအလေးထားသည်။ |
| **သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ** | အပစ်အခတ် ရပ်စဲထား | ရှမ်းပြည်နယ်တွင် အုပ်ချုပ်ရေးပိုင်း လုပ်ပိုင်ခွင့်အပြည့်အဝရရန်၊ မြန်မာနိုင်ငံမှ ခွဲထွက်ရန် သို့မဟုတ် ဆက်နေရန် ဆုံးဖြတ်နိုင်သည့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရန်အလေးထားသည်။[364] ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရာတွင် ပါဝင်ရန် ဆန္ဒရှိသည်။[365] |
| **ပအိုဝ်အမျိုးသား လွတ်မြောက်ရေး အစည်းအရုံး** | အပစ်အခတ် ရပ်စဲထား | ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ မှတဆင့် ညှိနှိုင်းမှုများ ပြုလုပ်သည်။ (မွန်ပြည်သစ်ပါတီကိုကြည့်ပါ) |
| **ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ** | အပစ်အခတ် ရပ်စဲထား | ‘ဝ’ နယ်မြေများကို ‘ဝ’ ပြည်နယ်အဖြစ် သတ်မှတ်လိုသည်။ ရှမ်းပြည်နယ်နှင့် သက်ဆိုင်ခြင်း မရှိပဲ ပြည်ထောင်စုသို့ တိုက်ရိုက်အစီရင်ခံသည့် ပြည်နယ် သတ်မှတ်ပေးရန် တောင်းဆိုထားသည်။ |
| **အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် - မိုင်းလားအဖွဲ့** | အပစ်အခတ် ရပ်စဲထား | မသိရပါ။ ညှိနှိုင်းမှုများနှင့် ပတ်သက်ပြီး UWSP ကို လွှဲအပ်ထားသည်ဟု မှတ်ယူနိုင်သည်။ ရှမ်းပြည်နယ် အထူးဒေသ ၄ တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဆက်လက်ထိန်းသိမ်းထားရန် အဓိကထားသည်။ |
| **ကချင်လွတ်လပ်ရေးအဖွဲ့** | စစ်ဖြစ်နေဆဲ | ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီမှတဆင့် ညှိနှိုင်းမှုများ ပြုလုပ်သည်။ (မွန်ပြည်သစ်ပါတီကို ကြည့်ပါ) တိုင်းရင်းသားပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကျယ်ကျယ်ပြန့်ပြန့်ရရှိရန် လိုလားသည်။[366] |
| **ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး** | စစ်ဖြစ်နေဆဲ | ရှမ်းပြည်နယ် အနောက်မြောက်ဘက်ခြမ်းကို ပလောင်/တအာင်း ပြည်နယ်အဖြစ်ဖွဲ့စည်းရန် ရေရှည်ရည်မှန်းထားသည်။ အခြား လက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းပြီး အာဏာရှင်စနစ် ကျဆုံးသည်ထိ တိုက်ခိုက်ရန် ရေတိုရည်မှန်းချက် အဖြစ်ချမှတ်ထားသည်။ [367] UNFC အဖွဲ့ဝင်ဖြစ်သည်။ |
| **ကချင်ကာကွယ်ရေး တပ်မတော် (ကောင်းခါး ဌာနေပြည်သူ့စစ်)** | ဌာနေပြည်သူ့စစ် | နိုင်ငံရေးနှင့်ပတ်သက်ပြီး ထုတ်ဖော်ပြောလေ့မရှိ။ အမျိုးသားညီလာခံတွင် ကချင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် ဖွဲ့စည်းပေးရန် တောင်းဆိုခဲ့သည်။ |
| **သျှမ်းပြည်တိုးတက်ရေးပါတီ** | အပစ်အခတ် ရပ်စဲထား | ၈ ပြည်နယ် ဖက်ဒရယ် အခြေခံ ဥပဒေကို ကိုင်စွဲထားသည့် ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သို့ တရားဝင် လွှဲအပ်ထားသည်။ UNFC ၏ တက်ကြွသော အဖွဲ့ဝင်ဖြစ်သည်။ |

ယုံကြည်ရသည့် နိုင်ငံရေးဆွေးနွေးပွဲများ အမှန်တကယ်ဖြစ်ပေါ်လာပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုနှင့် မှတ်ပုံတင်ထားသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများသည် ဖက်ဒရယ်အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက်ဆွေးနွေးကြမည်ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အလျှော့ပေးမှုများ[368] ရှိလာသည်ဆိုပါက တိုင်းရင်းသားလူမျိုးကြီး ခုနစ်မျိုး၏ အဓိက

[363] စင်ပြိုင်အခြေခံဥပဒေမူကြမ်း ပြုစုဆဲဖြစ်သောကြောင့် စာတမ်းရှင်အနေနှင့် လေ့လာခွင့်မရခဲ့ပါ။ အခြေခံအားဖြင့်တော့ ၈ ပြည်နယ်ဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူတွေရဲ့လိုအပ်ချက်အရ ပြည်နယ်အသစ်တွေ ဖွဲ့စည်းတာကိုလည်း လက်ခံပါတယ် ဟု UNFC အတွင်းရေးမှူး က အင်တာဗျူးတွင်ဖြေထားသည်။ S.H.A.N, *'Interview with Ku Oo Reh, General Secretary of UNFC'*, 19 January 2015; http://english.panglong.org/interview-with-khu-oo-reh-general-secretary-of-unfc/ ကိုကြည့်ပါ။

[364] သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၏ ၂၀၁၄ အခြေခံဥပဒေ အခန်း ၄ ကိုကြည့်ပါ။ ယင်းတွင် ကိုယ်ပိုင်ပြဌာန်းခွင့်ကို လမ်းညွှန်အခြေခံမူ ၆ ချက်အနက် နံပါတ် ၂ နေရာတွင် ဖော်ပြထားသည်။ ရှမ်းလူမျိုးများ အနေနှင့် လွတ်လပ်သောနိုင်ငံ နှင့် စစ်မှန်သည့်ပြည်ထောင်စု နှစ်သက်သည်ကိုရွေးချယ်ခွင့်ရှိကြောင်းကို ရှင်းလင်းဖော်ပြထားသည်။ အခန်း ၅ နှင့် ၆ ကိုကြည့်ပါ။

[365] See BCES (2013), p. 4.

[366] KIO ၏ ၁၉ ချက်ပါစာတမ်းမှ ခြေခံဥပဒေနှင့်ပတ်သက်သည့် နိုင်ငံရေး တောင်းဆိုချက်များ အသေးစိတ်ကိုSakhong (2010), pp. 137-142 တွင်ကြည့်ပါ။

[367] PSLF နိုင်ငံခြားရေးဌာနနှင့် တွေ့ဆုံမေးမြန်းချက် (၂၀၁၅ ဧပြီ နေရာ - လျို့ဝှက်) ရေရှည်ရည်မှန်းချက်ဖြစ်သော်လည်း မဟာမိတ်များ (KIO SSPP) တို့နှင့် ညှိနှိုင်းရဖွယ် ရှိသည်ဟု ပြောခွင့်ရ ပုဂ္ဂိုလ် က ဖြေကြားခဲ့သည်။

[368] အခြေခံဥပဒေကို အတူတကွ တိုက်ဖျက်ပြီး ပုံကြမ်းမှတဆင့် ပြန်လည်ရေးဆွဲရန် စဉ်ဆက်မပြတ်ကြိုးစားနေသည့် အတိုက်အခံများရှိနိုင်သည်ဆိုသည်မှာ သံသယဖြစ်စရာ မလိုသည့်အချက်ဖြစ်သည်။ မေလတွင်ပြုလုပ်ခဲ့သည့် ညီလာခံတွင် ဒီမိုကရေစီရေး၊ တန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်သွားရန် ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးကို ရှေးရှုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အတိုက်အခံ လက်နက်ကိုင်အဖွဲ့ကြီးတစ်ခုက

တောင်းဆိုချက်မှာ ပြည်နယ်ဝန်ကြီးချုပ်များကို သမ္မတကခန့်အပ်ခြင်းမဟုတ်ပဲ ဒေသခံများရွေးချယ်ခန့်အပ်နိုင်ခွင့် ပေးရန် ဖြစ်နိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ပညာရေး၊ သဘာဝသယံဇာတ စီမံခန့်ခွဲရေးတို့နှင့် ပတ်သက်ပြီး လုပ်ပိုင်ခွင့်ပိုမိုရရှိရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသည့် လုပ်ပိုင်ခွင့်များ တိုးမြှင့်ပေးရန်လည်း တောင်းဆိုနိုင်သည်။

အခက်အခဲအများအပြားရှိနိုင်သော်လည်း အစိုးရနှင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် သဘောတူညီမှု ရရှိအောင် ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သည့် ကိစ္စမဟုတ်ပါ။ ပြည်နယ်နှင့်တိုင်းဒေသကြီးများ ကိုယ်ပိုင်အခြေခံဥပဒေပြဌာန်းခွင့် သို့မဟုတ် ဗမာလူမျိုးအများစုနေထိုင်သည့်နေရာများကို စုစည်းပြီး ရှစ်ခုမြောက်ပြည်နယ် အဖြစ်ဖွဲ့စည်းရန် တောင်းဆိုမှုများမှာမူ ဖြစ်နိုင်ချေနည်းပါးပါသည်။ ကာလကြာရှည်ဆုတ်ကိုင်လာခဲ့သော ခွဲထွက်ခွင့်ပါ ကိုယ်ပိုင်ပြဌာန်းခွင့်မှာ ပြည်ထောင်စုအဆင့်တွင် လက်မှတ်ရေးထိုးခဲ့သော တစ်ဖွဲ့ချင်းသဘောတူညီချက်များနှင့် NCA တွင် လက်နက်ကိုင်အဖွဲ့များက ပြည်ထောင်စုမှ ခွဲထွက်ခြင်း မပြုပါဟု ကတိပြုထားခဲ့ပြီးဖြစ်သောကြောင့် ဆက်ဆွေးနွေးရန် မလိုသည့် ကိစ္စရပ်ဖြစ်သည်။

ဝ၊ ပအိုဝ်၊ တအာင်း ကဲ့သို့သော ပြည်နယ်မရှိသည့် တိုင်းရင်းသားလူမျိုးများအဖို့မူ ပြည်နယ်ရရှိရေးသည် အွန္တိမ ရည်မှန်းချက် ဖြစ်နိုင်သည်။ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ လုပ်ပိုင်ခွင့်များ တိုးမြှင့်ပေးရန် အနိမ့်ဆုံးအဆင့်တောင်းဆိုနိုင်သည်။ အချို့သော ဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ (ခရိုင် သို့မဟုတ် မြို့နယ်အဆင့်) ကဲ့သို့ တတိယအဆင့် အစိုးရဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး မေးခွန်းများပေါ်ထွက်လာနိုင်သည်။ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နေစဉ်တွင် အခါ၊ ကယန်း၊ လားဟူ နှင့် အခြားလူမျိုးစုများမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ စုဖွဲ့ပေးရန်တောင်းဆိုမှုများ သေချာပေါက် တင်သွင်း လာမည်ဖြစ်သည်။

တိုင်းရင်းသား နိုင်ငံရေးသမားများအနေဖြင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စု အဆင့် အထွေထွေအုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများပြုလုပ်ရန်အတွက် သို့မဟုတ် ဗဟိုချုပ်ကိုင်မှုများလွန်းသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အနာဂတ်ကဏ္ဍနှင့်ပတ်သက်ပြီး အာရုံထားဆွေးနွေးမှု မရှိသလောက်ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည်လည်း အုပ်ချုပ်ရေးအဆင့်တိုင်းတွင် ကော်မတီ သို့မဟုတ် ခေါင်းဆောင်တစ်ဦးသို့ အာဏာအဆင့်ဆင့် အပ်နှင်းထားသည့် နယ်မြေအဆင့်သတ်မှတ်ခွဲခြားအုပ်ချုပ်ခြင်းကို အသုံးပြုနေခြင်းကြောင့်လည်းဖြစ်နိုင်သည်။ ထို့ပြင် တိုင်းရင်းသား လက်နက်ကိုင်များ၏ စနစ်အရ ဒုတိယအဆင့်ခေါင်းဆောင် (အစိုးရ၏ ခရိုင်၊ မြို့နယ် အရာရှိများနှင့် အဆင့်တူ) များသည် ၎င်းတို့စနစ်အတွင်း လုပ်ပိုင်ခွင့်အတော်များများရှိပြီး ရပ်ရွာတစ်ခုတည်းတွင် ကာလရှည်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်သည်။ လက်ရှိအခြေခံဥပဒေအရ ယင်းခေါင်းဆောင်များအနေဖြင့် ၎င်းတို့နယ်မြေများတွင် အမတ်နေရာ ယှဉ်ပြိုင် အနိုင်ရခဲ့ပါကလည်း အုပ်ချုပ်ရေးပိုင်းတွင် တရားဝင်တာဝန်ပေးအပ်ခြင်းခံရ မည်မဟုတ်ပါ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အချို့တွင်မူ ခြွင်းချက်အဖြစ် တာဝန်ပေးခံရနိုင်သည်။

ရပ်ရွာနှင့် တိုက်ရိုက်သက်ဆိုင်သည့် အုပ်ချုပ်ရေး ပုံစံကို အကောင်အထည်ဖော်သူများဖြစ်ခြင်း၊ အာဏာပိုင်နှင့် ရပ်ရွာကြားမှ ဆက်ဆံရေးကို ပုံဖော်နေရခြင်း၊ ပဋိပက္ခဖြစ်သည့်အဖွဲ့များ၏ အပြိုင်အဆိုင်ဖြစ်နေသော အမျိုးသားရေးအမြင်များနှင့် ညှိနှိုင်းဆောင်ရွက်နေသူများဖြစ်ခြင်းကြောင့် နိုင်ငံရေးအခင်းအကျင်းသစ်တွင် ၎င်းအဆင့်များမှ ဒေသကိုယ်စားလှယ်များ နှင့် ပတ်သက်သည့် စီမံမှုများသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကြားမှ ဆက်ဆံရေးကို ပြန်လည်ပြုပြင်ရာတွင် အလွန်အရေးကြီးသည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များအနေဖြင့် အုပ်ချုပ်ရေးတွင် မည်ကဲ့သို့ပါဝင်နိုင်သည်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများမှ အခြေအနေများက ဖော်ပြလျက်ရှိသည်။ ၎င်းတို့သည် အုပ်ချုပ်ရေးအပိုင်းတွင် အနည်းငယ်သာ ဝင်ရောက်ပါဝင်နိုင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ အဓိက ဆောင်ရွက်ရကာ ဆုံးဖြတ်ချက်များမှာလည်းထွေ/အုပ်ပေါ်တွင်သာ အဓိကမူတည်သည်။

ဖက်ဒရယ်စနစ် အစီအစဉ်နှင့်ပတ်သက်သည့် အဓိကမေးခွန်းများမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီတွင် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်များအတွက် သီးသန့်အထွေထွေအုပ်ချုပ်ရေး အသစ်ဖွဲ့စည်း မည်လား။ ဝန်ကြီးချုပ်များနှင့် အစိုးရဝန်ကြီးအဖွဲ့ဝင်များကို ဒေသမှ ရွေးချယ်တင်မြောက်ပြီး၊ အခွန်ဘဏ္ဍာကိုလည်း ကိုင်တွယ်ထိန်းချုပ်ခွင့်ရှိသည်ဆိုပါက ၎င်းတို့ ပြည်နယ်/ တိုင်းဒေသကြီးမှ

---

ထုတ်ပြန်ခဲ့သည်။ UWSP NDAA (မိုင်းလား) အဖွဲ့အနေနှင့် ပထမဆုံးအကြိမ် ဖက်ဒရယ် စနစ်အစိုးရ လိုလားကြောင်း ထုတ်ပြောခဲ့သည့်အတွက် ထူးခြားသည့်အသွင်ဆောင်သည်။ ယင်းအဖွဲ့များသည် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာ အစဉ်တစိုက်တောင်းဆိုခဲ့ပြီး ပြည်ထောင်စုအရေးကို ဂရုမစိုက်သူများဖြစ်သည်။ *'Panhsang Summit: Excerpts From a Journal',* S.H.A.N, 20 May 15; http://panglongenglish.blogspot.com/2015/05/the-panghsang-summit-excerpts-from.html ကိုကြည့်ပါ။

လုပ်ငန်းများကို ဗဟိုဦးစီး အုပ်ချုပ်ရေးဌာနအောက်တွင် ဆက်လက်ထားရှိမည်လား၊ သို့မဟုတ် ၄င်းတို့ဖွဲ့စည်းထားသည့် အရပ်ဖက်အုပ်ချုပ်ရေးကိုသာ အသုံးချမည်လား ဆိုသည့်မေးခွန်းများဖြစ်သည်။

အရေးကြီးဆုံးတစ်ခုမှာ အားလုံး တစ်ပုံစံတည်းဖြစ်သည့် ဗဟိုဦးစီး အထွေထွေအုပ်ချုပ်ရေးစနစ်ကို သာဆက်လက်အသုံးပြုရန် သဘောတူခဲ့သည်ဆိုပါက တိုင်းရင်းသားဒေသများမှ အသွင်ကူးပြောင်းမှုများကို စီမံပုံသည် အဓိက စဉ်းစားရမည့် အချက်ဖြစ်လာသည်။ တိုင်းရင်းသား လက်နက်ကိုင်များ အုပ်ချုပ်သည့်နေရာတွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (SSR) နှင့် လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေး၊ ပြန်လည်ပေါင်းစည်းရေး (DDR) များပြုလုပ်ပါက တပ်ဖွဲ့ဖျက်သိမ်းခြင်း၊ ဒေသအုပ်ချုပ်ရေး အသွင်ပြောင်းခြင်း သို့မဟုတ် ပေါင်းစည်းခြင်းများကိုလည်း တပြိုင်တည်းလုပ်ဆောင်ရန် လိုအပ်သည်။ မူဝါဒများကွဲပြားခြင်း၊ အဖွဲ့အစည်း သဘောသဘာဝ ကွဲပြားခြင်းတို့အပြင် မြေပုံစနစ်အားနည်းခြင်းနှင့် အဖွဲ့အစည်းအချင်းချင်း အထက်အောက် ဆက်ဆံရေး အတားအဆီးများကြောင့် အလွန်ရှုပ်ထွေးနိုင်သည်။ လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး မတူညီသည့်နယ်မြေများမှ မတူညီသည့်တိုင်းရင်းသား လက်နက်ကိုင်များအကြားက ကွဲပြားသည့်သဘောထားများ (အဖွဲ့တစ်ခု အတွင်းမှာပင်) ကိုလည်း မလွှဲမသွေကြုံတွေ့ရမည်ဖြစ်သည်။ အကိုင်အတွယ်မတတ်ပါက ပဋိပက္ခအသစ်များပေါ်ပေါက် လာနိုင်သည်။

## ၉.၅ သုံးသပ်ချက်- ဖြစ်နိုင်ချေကို လက်တွေ့ဆန်ဆန်မှန်းဆခြင်း

အားပြိုင်မှုများရှိနေသည့်ဒေသများမှ ရှုပ်ထွေးလှသည့် ဒေသအုပ်ချုပ်ရေးကို ကောင်းစွာနားလည်စေရန်အတွက် အခြေခံအချက်များ ကို တင်ပြထားပြီး ယင်းနယ်မြေများတွင် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပုံမှန်ဆောင်ရွက်နိုင်ရန် မည်မျှခက်ခဲသည်ကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်နေသည့် ပြည်တွင်းမှပုဂ္ဂိုလ်များသာမက မြန်မာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အခက်အခဲများ၊ အထိမခံအခြေအနေများကို ကျော်လွှားနိုင်ရန် ပံ့ပိုးနေသည့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် လက်တွေ့အသုံးချနိုင်သည့် မူဝါဒရေးရာတိုက်တွန်းမှုများ ပြုစုရာတွင် လိုအပ်သည့် အခြေခံအချက်များကို ဤစာတမ်းတွင် တင်ပြထားပါသည်။ စာတမ်းနှင့် ပတ်သက်ပြီး အတိုချုပ်တင်ပြရလျှင် မဟာဗျူဟာတကျ အသေအချာပြင်ဆင်ထားခြင်း မရှိသည့် နည်းလမ်းများဖြင့် ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန် ကြိုးစားသော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများအဖို့ အခက်အခဲနှင့် စိန်ခေါ်မှုအများအပြား တွေ့နိုင်ကြောင်း အဓိကလေ့လာမှတ်သားရပါသည်။

ထိုအခက်အခဲများကို အမှန်တကယ်ဖြေရှင်းနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် ပြည်တွင်းနိုင်ငံရေး အပြောင်းအလဲ ဖြစ်ပေါ်ရန် ပဋိပက္ခဖြစ်ပွားနေသူများကြား ငြိမ်းချမ်းတည်ငြိမ်သော ပြည်ထောင်စုတစ်ခုကို အမှန်တကယ်တည်ထောင်လိုသည့် နိုင်ငံရေး သဘောတူညီချက် ကျယ်ကျယ်ပြန့်ပြန့်ရရှိရန်နှင့် အလျှော့ပေးမှုများ ရှိလာပါက နိုင်ငံရေးအခင်းအကျင်းတွင် စစ်ရေးအရ ဖိအားပေးခြင်းကို လျှော့ချလိုသည့် ဆန္ဒရှိရန်လည်း လိုအပ်သည်။ ထိုကဲ့သို့ဖြစ်ရန် ဆယ်စုနှစ်ချီပြီးကြာနိုင်သကဲ့သို့ တိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေရန်မှာလည်း ဖြစ်နိုင်ချေနည်းသည်။ မလုံခြုံမှုများ ယခင်အတိုင်းဆက်ရှိနေပြီး အစိုးရခေါင်းဆောင်ပိုင်းများ အနေဖြင့် တိုင်းပြည်ပြိုကွဲမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို စစ်အင်အားကိုအသုံးပြု ဖြေရှင်းရန်သာ အားသာနေမည်ဆိုပါက အခက်အခဲများကို အချိန်တိုတိုနှင့် ဖြေရှင်းအောင်မြင်ရန်မဖြစ်နိုင်ပါ။

နှစ်အလိုက်တိုးတက်မှုများဆက်လက်ဖြစ်ပေါ်နေချိန်တွင် အားပြိုင်မှုများရှိရာ နယ်မြေများမှ ဒေသအဆင့် အုပ်ချုပ်ရေးအား လက်တွေ့အကောင်အထည်ဖော်ရာ၌ အလွတ်သဘော ညှိနှိုင်းမှုများဆက်လက်ဖြစ်ပေါ်နေအုံးမည်ဖြစ်သည်။ အနည်းဆုံးအနေဖြင့် ညှိနှိုင်းဆွေးနွေးနေသည့် ကာလတလျှောက်တွင်ရှိနေဦးမည် ဖြစ်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲနိုင်ခြင်း မရှိပါက နယ်မြေသစ်များရယူပြီး လက်ရှိစနစ်ကိုချဲ့ထွင်ခြင်းမှအပ အစိုးရ၏ ဒေသအဆင့်အုပ်ချုပ်ရေး ဆောင်ရွက်ပုံကို ပြုပြင် ပြောင်းလဲနိုင်ရန် အခွင့်အလမ်းနည်းသည်။

ယင်းနယ်မြေများတွင် လုပ်ငန်းဆောင်ရွက်နေသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ ဥပမာ - လူသားချင်းစာနာမှုအကူအညီ၊ ဖွံ့ဖြိုးရေးအကူအညီပေးနေသည့်အဖွဲ့များ အနေဖြင့် အစိုးရက တရားဝင် ခန့်အပ်ထားခြင်းမရှိသည့် ဒေသခံအာဏာပိုင်များကြီးစိုးရာ အပြောင်းအလဲများဆက်တိုက်ဖြစ်ပေါ်နေသည့် နယ်မြေများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် နည်းလမ်းများ ဖော်ထုတ်ပြုစုရန် လိုအပ်သည်။ တစ်တိုင်းပြည်လုံး အကျိုးခံစားနိုင်မည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်နိုင်သော၊ ကဏ္ဍစုံတိုးတက်သော၊ ပွင့်လင်းသော၊ အားလုံးကိုကိုယ်စားပြုနိုင်သော နိုင်ငံတော်ဖြစ်လာရေးအတွက် - မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို ပံ့ပိုးရန် ရည်ရွယ်သည့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဖြစ်နိုင်ချေရှိသည့် ရေတိုရည်မှန်းချက် နှင့်ကိုက်ညီမည့် ထောက်ပံ့ကူညီမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရမည်။ ယုံကြည်မှုနှင့် နားလည်မှု တည်ဆောက်ခြင်းကို အလေးထားရမည်။ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးဆွေးနွေးမှုများကို ပံ့ပိုးနိုင်သည့် လုပ်ငန်းများကို ဦးစားပေးသင့်ပါသည်။

# ကျမ်းကိုးစာရင်း


Aderibigbe, Adejare Morenikeji & Olla, John Oluwafemi (2014), *'Towards a Theoretical Definition of Public Management',* IOSR Journal of Business and Management Vol. 16, No. 3, pp. 65-70

Arnold, Matthew, Ye Thu Aung, Susanne Kempel, and Kyi Pyar Chit Saw (2015), *'Municipal Governance in Myanmar: An overview of the Development Affairs Organizations'*, The Asia Foundation; (forthcoming at www.asiafoundation.org)

Chit Saw & Arnold (2014), *'Administering the State in Myanmar: An Overview of the General Administration Department'*, The Asia Foundation and Myanmar Development Resource Institute, Discussion Paper No. 6; available at: https://asiafoundation.org/resources/pdfs/GADEnglish.pdf

Burma Center for Ethnic Studies - BCES (2013), 'UNFC and the Peace Process', Briefing No. 16; available at: http://burmaethnicstudies.net/pdf/BCES-BP-16.pdf

Burma Press Summary (1994), from the Rangoon *'The New Light of Myanmar'*, Compiled for the Burma Studies Group by Hugh C. MacDougall, Published by the Center for East Asian and Pacific Studies, University of Illinois, Vol.VIII, No. 9; available at: http://www.ibiblio.org/obl/docs/BPS-NC-1994-09.html

Callahan, Mary (2003a), 'Making Enemies: War and State Building in Burma', (Washington: Cornell University Press)

Callahan, Mary (2003b), *'Language Policy in Modern Burma'*, in Brown, Michael and Sumit Ganguly, eds., Fighting Words: Language Policy and Ethnic Relations in Asia (Cambridge: MIT Press), pp. 143-175.

Callahan, Mary (2007), 'Political Authority in Burma's Ethnic Minority States: Devolution, Occupation and Coexistence' (Washington DC: East West Center)

Christensen, Russ & San Kyaw (2006) 'The Pa-O: Rebels and Refugees" (Chiang Mai: Silkworm Books)

Constitution of the Republic of the Union of Myanmar (2008), Ministry of Information of the Myanmar Government; available at: http://www.burmalibrary.org/docs5/Myanmar_Constitution-2008-en.pdf

Displacement Solutions (2012), '*Myanmar At The HLP Crossroads: Proposals for Building An Improved Housing, Land And Property Rights Framework that Protects the People and Supports Sustainable Economic Development';* available at http://displacementsolutions.org/files/documents/MyanmarReport.pdf

Farrelly, Nicholas (2012), *'Ceasing Ceasefire? Kachin Politics Beyond the Stalemates'*, in Cheesman, N, Skidmore, M & Wilson, T, (eds). (2012), Myanmar's Transition Openings, Obstacles and Opportunities, (Singapore: Institute of Southeast Asian Studies)

Future Constitution of the Federal Union of Burma (1997), Ethnic Nationalities Council; available at: http://www.burmalibrary.org/docs09/ENC-draft-bur.pdf

Furnivall, J.S. (1960), 'The Governance of Modern Burma' (New York: Institute of Pacific Relations)

Hook, David, Tin Maung Than and Kim Ninh (2015), *'Conceptualizing Public Sector Reform in Myanmar'*, The Asia Foundation; (forthcoming at www.asiafoundation.org)

International Crisis Group – ICG (2015), *'Myanmar's Electoral Landscape'*, Asia Report No. 266; available at: http://www.crisisgroup.org/en/regions/asia/south-east-asia/myanmar/266-myanmar-s-electoral-landscape.aspx

Jolliffe, Kim (2014), *'Ethnic Conflict and Social Services in Myanmar's Contested Regions',* The Asia Foundation; available at: http://asiafoundation.org/publications/pdf/1375

Jolliffe, Kim and South, Ashley (2014), *'Ceasefires and durable solutions in Myanmar: a lessons learned review'*, UNHCR PDES New Issues in Refugee Research, Research Paper #271; available at: http://www.unhcr.org/533927c39.pdf

Jolliffe, Kim (2015), *'Refugee decision-making processes, community-based protection and potential voluntary repatriation to Myanmar'*, Commissioned by the UNHCR; available at: http://research.kim/?page_id=12

Karen Human Rights Group - KHRG (2008), *'Village Agency: Rural Rights and Resistance in a Militarized Karen State'*; available at: http://www.khrg.org/2008/11/village-agency-rural-rights-and-resistance-militarized-karen-state

Karen Human Rights Group - KHRG (2010), *'Self-protection under strain: Targeting of civilians and local responses in northern Karen State'*; available at: http://www.khrg.org/2010/08/self-protection-under-strain-targeting-civilians-and-local-responses-northern-karen-state

Karen Human Rights Group – KHRG (2014), *'Truce or Transition: Trends in Human Rights Abuse and Local Response in Southeast Myanmar Since the 2012 Ceasefire'*; available at: http://www.khrg.org/2014/05/truce-or-transition-trends-human-rights-abuse-and-local-response

Karen Women's Organization - KWO (2010), *'Walking amongst sharp knives The unsung courage of Karen women village chiefs in conflict areas of Eastern Burma'*; available at: *https://karenwomen.files.wordpress.com/2011/11/walkingamongstsharpknives.pdf*

Keenan, Paul (2012), 'By Force of Arms: Armed Groups in Burma', (Chiang Mai: ENC Press)

Kramer (2007), 'The United Wa State Party: Narco-Army or Ethnic Nationalist Party', (Washington: East West Center)

Kramer, Tom & Woods, Kevin (2012) *'Financing Dispossession - China's Opium Substitution Programme in Northern Burma',* Transnational Institute; available at: *http://www.tni.org/sites/www.tni.org/files/download/tni-financingdispossesion-web.pdf*

Lall, Marie and South, Ashley (2012), *'Education, Conflict and Identity: Non-State Ethnic Education Regimes in Burma'*; available at: http://www.ashleysouth.co.uk/files/Non-state_Education_in_Burma-Myanmar_-_full.pdf

Leach, Edmund R. (1964), 'Political Systems of Highland Burma: A Study of Kachin Social Structure', (London: London School of Economics and Political Science) *Original version printed in 1954*

Lintner (1990), 'The Rise and Fall of the Communist Party of Burma (CPB)', (New York: Cornell Southeast Asia Program)

Lintner (1999) 'Burma in Revolt: Opium and Insurgency since 1948 (Chiang Mai: Silkworm Books) (originally published in 1994)

Marshall, Harry Ignatius (1922) 'The Karen People of Burma: A Study in Anthropology and Ethnology (Bangkok: White Lotus Press (1997 repress))

Maung Aung Myoe (2009), Building the Tatmadaw: Tatmadaw Since 1948, (Singapore: Institute of Southeast Asian Studies)

Mutebi, Alex (2005), *'Muddling Through' Past Legacies: Myanmar's Civil Bureaucracy and the Need for Reforms'*, Lee Kuan Yew School of Public Policy pape. Also found in Hlaing, et. al. (eds). (2005), 'Myanmar: Beyond Politics to Social Imperatives', (Singapore: Institute of Southeast Asian Studies)

Nakanishi, Yoshihiro (2013), 'Strong Soldiers, Failed Revolutions: The State and Military in Burma, 1962-1988 (Singapore: National University of Singapore Press)

Nixon, Hamish and Joelene, Cindy (2014) *'Fiscal Decentralization in Myanmar: Towards a Roadmap for Reform'*, The Asia Foundation; available at: http://asiafoundation.org/resources/pdfs/FiscalDecentralizationinMyanmarTowardsARoadmaptoReform.pdf

Nixon, Hamish; Joelene, Cindy; Kyi Par Chit Saw; Thet Aung Linn; and Arnold, Matthew (2013), *'State and Region Governments in Myanmar'*, The Asia Foundation; available at: http://asiafoundation.org/resources/pdfs/StateandRegionGovernmentsinMyanmarCESDTAF.PDF

Sai Aung Tun (2009), 'History of the Shan State: From its Origins to 1962', (Chiang Mai: Silkworm Books)

Sai Kham Mong (2007), *'The Shan in Myanmar'*, in Ganesan, N. and Kyaw Yin Hlaing (2007), 'Myanmar: State, Society and Ethnicity' (Singapore: Institute of South East Asian Studies)

Sakhong (2010), *'The Kachins' Dilemma: Become a Border Guard Force, or Return to Warfare'*, from Sakhong and Keenan eds. (2014) 'Ending Ethnic Armed Conflict in Burma: A Complicated Peace Process', (Chiang Mai: Burma Center for Ethnic Studies)

Sakhong (2012), *'The 2008 Constitution and Ethnic Issues: To What Extent Did it Satisfy the Aspirations of Various Ethnic Groups'*, from Sakhong and Keenan eds. (2014) 'Ending Ethnic Armed Conflict in Burma: A Complicated Peace Process', (Chiang Mai: Burma Center for Ethnic Studies)

Sakhong (2013), *'Ending Ethnic Armed Conflicts in Burma?'*, from Sakhong and Keenan eds. (2014) 'Ending Ethnic Armed Conflict in Burma: A Complicated Peace Process', (Chiang Mai: Burma Center for Ethnic Studies)

Selth, Andrew (2001), 'Burma's Armed Forces: Power Without Glory'; (Norwalk: East Bridge)

Smith (1999), 'Burma: Insurgency and the Politics of Ethnicity' (London: Zed Books) *Original Version printed in 1991*

South, Ashley (2005), 'Mon Nationalism and Civil War in Burma: The Golden Sheldrake'; (unpublished version, provided by the author – accurate page numbers not available)

South, Ashley (2007) *'Karen Nationalist Communities: The 'Problem' of Diversity'*, Journal of Contemporary Southeast Asia Vol. 29 No.1, pp. 55–76.

South, Ashley (2008), 'Ethnic Politics in Burma: States in conflict'; (New York: Routledge)

South, Ashley (2010), *'Conflict and Survival: Self-protection in south-east Burma'*, Chatham House, Programme Paper; available at: http://www.ashleysouth.co.uk/files/17342_0910pp_burma.pdf

South, Ashley (2012) *'The Politics of Protection in Burma'*, Critical Asian Studies, Vol. 44 No.2, pp. 175–204

South, Ashley and Jolliffe, Kim (2015), *'Forced Migration and the Myanmar Peace Process'*, UNHCR PDES New Issues in Refugee Research, Research Paper #271; available at: http://www.unhcr.org/54f588cb9.html

Steyn, Pieter (2002), 'Zaphupizo: Voices of the Naga' (New York: Routledge)

Taw, David (2005) *'Choosing to engage: Strategic considerations for the Karen National Union'* in Conciliation Resources (2005), *'Choosing to Engage: Armed Groups and Peace Processes'*, Accord Vol. 16

Taylor, Robert (2007) *'British Policy towards Myanmar and the creation of the Burma Problem'*, in Ganesan, N. and Kyaw Yin Hlaing (2007) (eds.), 'Myanmar State, Society and Ethnicity', (Singapore: Institute of South East Asian Studies)

Taylor, Robert. H (2009) 'The State in Myanmar', (Singapore: National University of Singapore Press) *Original version printed in 1987, entitled 'The State in Burma'*

Thawnghmung, Ardeth (2007) The Karen Revolution in Burma: Diverse Voices, Uncertain Ends (Washington: East West Center)

The Constitution of the Union of Burma (1947)

Taylor, Robert H. (2015), *'Refighting Old Battles, Compounding Misconceptions: The Politics of Ethnicity in Myanmar Today'*, Institute of Southeast Asian Studies Perspective, No. 12; available at: http://www.iseas.edu.sg/documents/publication/iseas_perspective_2015_12.pdf

Transnational Institute - TNI (2011), *'Ethnic Politics in Burma: The Time for Solutions',* Burma Policy Briefing No. 5.

Transnational Institute – TNI (2013), *'Ethnicity without Meaning, Data without Context The 2014 Census, Identity and Citizenship in Burma/Myanmar',* Burma Policy Briefing No. 13; available at: http://www.tni.org/sites/www.tni.org/files/download/bpb_13.pdf

United Nations Development Programme - UNDP (2015a), *'The State of Local Governance: Trends in Kachin'*; Available at: http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/LocalGovmappingKachin.html

United Nations Development Programme - UNDP (2015b), *'The State of Local Governance: Trends in Shan'*; Available at: http://www.mm.undp.org/content/dam/myanmar/docs/Publications/PovRedu/Local%20Governance%20Mapping/UNDP_MM_Local_Governnace_Mapping_Shan_web.pdf

United Nations Development Programme - UNDP (2015c), *'The State of Local Governance: Trends in Sagaing'*; Available at: http://www.mm.undp.org/content/myanmar/en/home/library/poverty/TheStateofLocalGovernanceChin/the-state-of-local-governance--trends-in-sagaing-.html

Walton, Matthew J. (2013) *'The "Wages of Bamar-ness:" Ethnicity and Bamar Privilege in Contemporary Myanmar'*, Journal of Contemporary Asia, Vol. 43 No.1, pp. 1-27

Walton, Matthew J. (2008), *'Ethnicity, Conflict, and History in Burma: The Myths of Panglong',* Asian Survey, Vol. 48 No. 6, pp. 889-910

Yawnghwe & Sakhong (2003), *'Federalism, State Constitutions and Self-Determination in Burma',* PEACEFUL CO-EXISTENCE: Towards Federal Union of Burma [ Series No. 5 ]; available at: http://www.burmalibrary.org/docs09/Series05-unld.pdf

Yawnghwe, Chao Tzang (1987) 'The Shan of Burma: Memoirs of a Shan in Exile' (Singapore: Institute of South East Asia Publishing)

Zaw Oo & Win Min (2007), 'Assessing Burma's Ceasefire Accords', (Washington: East West Center

## နောက်ဆက်တွဲ ၁ - တိုင်းရင်းသားလက်နက်ကိုင်များအတွင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ

| အမည် | ပါတီ | နေရာ | ဆက်စပ်အဖွဲ့အစည်း |
|---|---|---|---|
| **ဦးခွန်မြတ်** | USDP | ပြည်သူ့လွှတ်တော် ကွတ်ခိုင် မဲဆန္ဒနယ် | ကွတ်ခိုင် "အထူး" ပြည်သူ့စစ် ခေါင်းဆောင် |
| **ဦးမြင့်လွင်** | USDP | ရှမ်းပြည်နယ်လွှတ်တော် ကွတ်ခိုင် မဲဆန္ဒနယ် | တာမိုးညဲ ဌာနေပြည်သူ့စစ် ခေါင်းဆောင် |
| **ဦးကျော်မြင့်** | USDP | ရှမ်းပြည်နယ်လွှတ်တော် နမ့်ခမ်း မဲဆန္ဒနယ် | "ပန်းဆေး" ဌာနေပြည်သူ့စစ် ခေါင်းဆောင် |
| **ဒူဝါ ဇုတ်ဒေါင်** | USDP | ရှမ်းပြည်နယ်၊ ကချင်ရေးရာ ဝန်ကြီး | မုန်းကိုး၊ မူဆယ်မြို့နယ်တွင် နိုင်ငံတော်က ပံ့ပိုးသည့် ပြည်သူ့စစ်အဖြစ် ဆွေစဉ်မျိုးဆက် ရပ်တည်ခဲ့သည်။[369] ၎င်း၏ သား နော်ခမ်းသည် လက်ရှိ မုန်းကိုး ဌာနေပြည်သူ့စစ်ခေါင်းဆောင် ဖြစ်သည်။ |
| **ပဒိုအောင်ဆန်း** | USDP | ကရင်ပြည်နယ်လွှတ်တော် ဖာပွန် မဲဆန္ဒနယ် | ကရင်ပြည်သူ့စစ်အဖွဲ့ငယ်ခေါင်းဆောင် (KNU ခွဲထွက်အုပ်စု) |
| **ပယ်စောက်ချိန်** | USDP | ရှမ်းပြည်နယ်လွှတ်တော် လောက်ကိုင် မဲဆန္ဒနယ် | ကိုးကန့် နယ်ခြားစောင့်တပ် ၁၀၀၆ ကိုဖွဲ့စည်းခဲ့သည်။ MNDAA ခွဲထွက်အဖွဲ့။ |
| **လျူကွိုင်စီ** | USDP | အမျိုးသား လွှတ်တော် လောက်ကိုင်/ကုန်းကြမ်း မဲဆန္ဒနယ် | ပယ်စောက်ချိန် လက်ထောက် (MNDAA အဖွဲ့ဝင်ဟောင်း) |
| **မန်ကိုင် (အခေါ် အဝေါ်များ ကွဲပြားနိုင်ပါသည်)** | USDP | ရှမ်းပြည်နယ်လွှတ်တော် မူဆယ် မဲဆန္ဒနယ် | မုန်းပေါ် ပြည်သူ့စစ် အကြီးအကဲ |

[369] ကာကွယ်ရေးအစီအစဉ်များစတင်ချိန်မှစသည်။ ( ဗကပ အုပ်ချုပ်ခဲ့သည့်ကာလအတွင်း နှင့် ကိုးကန့်အဖွဲ့များ အုပ်ချုပ်ခဲ့စဉ်ကာလများမှလွဲ၍ တောက်လျှောက်နေရာယူခဲ့သည်။)

**နောက်ဆက်တွဲ ၂ - ပါတီသီးသန့်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်များ (နှင့် တသီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများ)**

| တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အမည်ဟောင်း | တရားဝင် ပါတီ | အနိုင်ရ မဲဆန္ဒနယ်များ | လက်ရှိပြည်သူ့စစ်အဖွဲ့ |
|---|---|---|---|
| **ပအိုဝ်းအမျိုးသား အစည်းအရုံး** | ပအိုဝ်းအမျိုးသား အစည်းအရုံး | ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး မဲဆန္ဒနယ် များမှ လွှတ်တော်သုံးရပ်လုံးမှ အမတ်နေရာ အားလုံး (ပအိုဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု)[370] | ပအိုဝ်းအမျိုးသား ကာကွယ်ရေး တပ်မတော် |
| **ပလောင်ပြည် လွတ်မြောက်ရေး ပါတီ** | တအာင်းအမျိုးသား ပါတီ | မန်တုန်နှင့် နမ့်ဆန် မဲဆန္ဒနယ်မှ နေရာအားလုံး (ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု) ပြည်သူ့လွှတ်တော် အမတ် တစ်နေရာ ချန်လှပ်ခံရ[371] | မန်တုံပြည်သူ့စစ် |
| **ဗုဒ္ဓဘာသာကရင် အမျိုးသား တပ်မတော် ကရင် ငြိမ်းချမ်းရေး တပ်ဖွဲ့** | ကရင်ပြည်နယ်ဖွံ့ဖြိုးရေး နှင့် ဒီမိုကရေစီပါတီ | ကရင်ပြည်နယ် လွှတ်တော် တနေရာ၊ မြဝတီမဲဆန္ဒနယ် | နယ်ခြားစောင့်တပ် ၁၀၁၁ - ၁၀၂၃[372] |
| **ဒီမိုကရေစီသစ် တပ်မတော် - ကချင်** | ခေါင်းဆောင် ဇခုန် တိန့်ယိန်းက တသီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည် | အမျိုးသားလွှတ်တော် ချီဖွေ၊ ဆော့လော်၊ အင်ဂျန်ယန် မဲဆန္ဒနယ် | နယ်ခြားစောင့်တပ် ၁၀၀၁ -၁၀၀၃ |

မှတ်ချက်။ ။ တအာင်းအမျိုးသားပါတီနှင့် ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဒီမိုကရေစီပါတီတို့သည် လက်နက်ကိုင်များနှင့် ယင်းနယ်မြေမှ ဩဇာရှိသူများ ပူးပေါင်းတည်ထောင်ခြင်းဖြစ်သည်။ လက်နက်ကိုင် အဖွဲ့အစည်း တစ်ခုတည်းက တာဝန်ယူဖွဲ့စည်းခြင်းမဟုတ်ပါ။

370 အမျိုးသားလွှတ်တော် ၁ နေရာ၊ ပြည်သူ့လွှတ်တော် ၃ နေရာ၊ ရှမ်းပြည်နယ်လွှတ်တော် ၆ နေရာ

371 ရှမ်းပြည်နယ်လွှတ်တော် ၄ နေရာ၊ ပြည်သူ့လွှတ်တော် (မန်တုံ) တစ်နေရာ၊ အမျိုးသားလွှတ်တော် တစ်နေရာ

372 မည်သည့် ကရင်နယ်ခြားစောင့်တပ်က ပါတီဝင်များနှင့် သက်ဆိုင်မှုရှိသည်ကို စုံစမ်းမရပါ။

## နောက်ဆက်တွဲ ၃ - အဓိကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီးများရှိ အုပ်ချုပ်ရေးစနစ်၏ အခြေခံဝိသေသများ

| အဖွဲ့ | အနေအထား | တရားဝင် အုပ်ချုပ်ရေး / အုပ်ချုပ်ရေးဌာန | စစ်တပ်နှင့် မဆိုင်သည့် အုပ်ချုပ်ရေး / စီမံဌာနများ | အခြေခံ အဆောက်အဦ ရင်းနှီးမြှုပ်နှံမှု၊ အများသုံး အဆောက်အဦ တည်ဆောက် ပေးမှု | လူမှု ဝန်ဆောင်မှု အပြည့်အဝ ပေးနိုင်ခြင်း ရှိ/မရှိ |
|---|---|---|---|---|---|
| ကရင်အမျိုးသား အစည်းအရုံး | အပစ်အခတ် ရပ်စဲထား | ရှိ | ရှိ(စစ်တပ်က အလို အလျောက် နေရာရ) | အကန့်အသတ်ရှိ | ရှိ |
| ဒီမိုကရေစီ အကျိုးပြု ကရင်အမျိုးသားတပ်မတော် | အပစ်အခတ် ရပ်စဲထား | မရှိ | - | ရှိ | မရှိ |
| မွန်ပြည်သစ်ပါတီ | အပစ်အခတ် ရပ်စဲထား | ရှိ | ရှိ | ရှိ | ရှိ |
| ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ | အပစ်အခတ် ရပ်စဲထား | ရှိ | ရှိ | အကန့်အသတ် ရှိ | ရှိ |
| ပအိုဝ်အမျိုးသား အစည်းအရုံး / ပအိုဝ်အမျိုးသား တပ်မတော် | နိုင်ငံရေးပါတီ နှင့် ဌာနေ ပြည်သူ့စစ် | ရှိ | မရှိ (ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နယ်မြေ ဦးစီးအဖွဲ့မှ လွှဲ၍) | ရှိ | မရှိ |
| သျှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ | အပစ်အခတ် ရပ်စဲထား | ရှိ | မရှိ | အကန့်အသတ် ရှိ | အကန့်အသတ် ရှိ |
| ပအိုဝ့်အမျိုးသား လွတ်မြောက်ရေး အစည်းအရုံး | အပစ်အခတ် ရပ်စဲထား | ရှိ | မရှိ | အကန့်အသတ် ရှိ | အကန့်အသတ် ရှိ |
| ဝ ပြည်သွေးစည်း ညီညွတ်ရေးပါတီ | အပစ်အခတ် ရပ်စဲထား | ရှိ | ရှိ | ရှိ | ရှိ |
| အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် - မိုင်းလားအဖွဲ့ | အပစ်အခတ် ရပ်စဲထား | မသိ | မသိ | ရှိ | မသိ |
| ကချင်လွတ်လပ်ရေးအဖွဲ့ | ပဋိပက္ခဖြစ်ပွားဆဲ | ရှိ | ရှိ | ရှိ | ရှိ |
| ပလောင်ပြည် လွတ်မြောက်ရေး တပ်ဦး | ပဋိပက္ခဖြစ်ပွားဆဲ | ရှိ | မရှိ | အကန့်အသတ် ရှိ | ရှိ |
| ကချင်ကာကွယ် ရေးတပ်မတော် (ကောင်းခါး ဌာနေပြည်သူ့စစ်) | ဌာနေပြည်သူ့စစ် | ရှိ | မသိ | ရှိ | မသိ |
| သျှမ်းပြည်တိုးတက်ရေးပါတီ | အပစ်အခတ် ရပ်စဲထား | ရှိ | မရှိ | မသိ | အကန့်အသတ် ရှိ |

## နောက်ဆက်တွဲ ၄ - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီးများ ထိန်းချုပ်ထားသည့် သို့မဟုတ် အာဏာဖြန့်ထားသည့် နယ်မြေများ

| အဖွဲ့ | အနေအထား | အခြေခံနယ်မြေ | လှုပ်ရှားနယ်မြေ |
|---|---|---|---|
| **ကရင်အမျိုးသား အစည်းအရုံး** | အပစ်အခတ် ရပ်စဲထား | ဖာပွန် မြို့နယ်၊ သံတောင်ကြီး မြို့နယ်၊ လှိုင်းဘွဲ့ မြို့နယ် အရှေ့ခြမ်း၊ ကျောက်ကြီး နှင့် ရွှေကျင် မြို့နယ် အရှေ့ခြမ်း (ပဲခူး အရှေ့ပိုင်း) | ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး အရှေ့ခြမ်း နှင့် ပဲခူးတိုင်းဒေသကြီး (အရှေ့) တို့မှတောင်ထူထပ်သည့် နေရာများ |
| **ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်** | အပစ်အခတ် ရပ်စဲထား | မြဝတီ မြို့နယ် အရှေ့ခြမ်း၊ ကြာအင်းဆိပ်ကြီး မြို့နယ်၊ ကရင်ပြည်နယ် | လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဖာပွန်၊ ဖားအံ မြို့နယ်များ၊ ကရင်ပြည်နယ်၊ ကျိုက်မရော မြို့နယ် မွန်ပြည်နယ် |
| **မွန်ပြည်သစ်ပါတီ** | အပစ်အခတ် ရပ်စဲထား | မွန်ပြည်နယ်ရှိ ရေး မြို့နယ်၊ ကြာအင်းဆိပ်ကြီး မြို့နယ် ကရင်ပြည်နယ်၊ မွန် - ကရင် နယ်စပ်ကြား နေရာများ | - |
| **ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ** | အပစ်အခတ် ရပ်စဲထား | ရှားတော မြို့နယ်၊ ဖားဆောင်း မြို့နယ်၊ ကယားပြည်နယ် | ဘော်လခဲ၊ ဖရူဆို မြို့နယ်များ ကယားပြည်နယ် |
| **ပအိုဝ် အမျိုးသား အစည်းအရုံး / ပအိုဝ် အမျိုးသားတပ်မတော်** | နိုင်ငံရေးပါတီ နှင့် ဌာနေပြည်သူ့စစ် | ပင်လောင်း၊ ဆီဆိုင်၊ ဟိုပုံး မြို့နယ်များ၊ ရှမ်းပြည်နယ် ( ပအိုဝ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရနယ်မြေ)များတွင် တရားဝင်အစိုးရဝန်ထမ်းများနှင့် ဌာနေပြည်သူ့စစ်များ ရှိသည် | PNA ဌာနေပြည်သူ့စစ်သည် ရှမ်းပြည်နယ် တောင်ကြီး၊ ကလော၊ လွိုင်လင်၊ ရွာငံ မြို့နယ်များ၊ ကယားပြည်နယ် လွိုင်ကော် မြို့နယ်မှ ပအိုဝ်လူမျိုးများ နေထိုင်ရာ ဒေသများ |
| **သျှမ်းပြည်ပြန်လည်ထူထောင် ရေးကောင်စီ** | အပစ်အခတ် ရပ်စဲထား | မိုင်းတုံ တောင်ပိုင်း နှင့် လင်းခေးမြို့နယ်များ၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်နှင့် လဲချားမြို့နယ် မှ နေရာအချို့၊ | ရှမ်း (တောင်) နှင့် ရှမ်း (အရှေ့) ပိုင်းမှ မြို့နယ် အများစု၊ လွိုင်လင် အရှေ့ခြမ်း၊ ကျိုင်းတုံ အနောက်ခြမ်း၊ နမ့်ခမ်း၊ ကျောက်မဲ၊ သီပေါ မြို့နယ်များ ရှမ်းပြည်နယ် |
| **ပအိုဝ်အမျိုးသား လွတ်မြောက်ရေး အစည်းအရုံး** | အပစ်အခတ် ရပ်စဲထား | မောက်မယ်မြို့နယ် အနောက်တောင်ခြမ်း | ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ် တစိတ်တပိုင်း၊ ကယားပြည်နယ်ရှိ လွိုင်ကော်နှင့် ရှားတော မြို့နယ်များ |
| **ဝ ပြည်သွေးစည်း ညီညွတ်ရေး ပါတီ** | အပစ်အခတ် ရပ်စဲထား | ရှမ်းပြည်နယ် အထူးဒေသ (၂) ပန်ဆန်း၊ ပန်ဝန်၊ မိုင်းမော၊ နမ်ပန် မြို့နယ်များ၊ မိုင်းယောင်းနှင့် ဟိုပန်မြို့နယ်မှ နေရာအချို့၊ ရှမ်းပြည်နယ် | UWSP တောင်ပိုင်းဌာနချုပ်၊ မိုင်းဆတ်၊ လင်းခေး၊ မိုင်းတုံ မြို့နယ်များ၏ တောင်ဘက် နေရာအချို့၊ တာချီလိတ် မြို့နယ်၏ အပိုင်းတစ်ပိုင်း |
| **အမျိုးသားဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော် - မိုင်းလားအဖွဲ့** | အပစ်အခတ် ရပ်စဲထား | ရှမ်းပြည်နယ် မိုင်းလားမြို့နယ်၊ မိုင်းယောင်း နှင့် မိုင်းယန်း မြို့နယ်များ၏ အစိတ်အပိုင်းအချို့ | မိုင်းဖြတ်မြို့နယ်၊ ရှမ်းပြည်နယ် |
| **ကချင်လွတ်လပ်ရေး အဖွဲ့** | ပဋိပက္ခဖြစ်ပွားဆဲ | ကချင်ပြည်နယ် ဝိုင်းမော် အရှေ့ခြမ်း နှင့် မိုးမောက် မြို့နယ်များ | ကချင်ပြည်နယ် တနိုင်း၊ ပူတာအို၊ ဗန်းမော်၊ ဖားကန့်၊ မိုးကောင်း၊ မန်စီ မြို့နယ်များမှ နေရာအချို့၊ ရှမ်းပြည်နယ် နမ္မတူ၊ ကွတ်ခိုင်၊ သိန္နီ နှင့် မူဆယ် မြို့နယ်များမှ နေရာအချို့၊ |
| **ပလောင်ပြည် လွတ်မြောက်ရေး တပ်ဦး** | ပဋိပက္ခဖြစ်ပွား | မရှိ | ရှမ်းပြည်နယ် နမ့်ဆန် နှင့် မန်တုံ မြို့နယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ကျောက်မဲ၊ မိုးမိတ်၊ နမ္မတူ မြို့နယ်များ |
| **ကချင်ကာကွယ်ရေး တပ်မတော် (ကောင်းခါး ဌာနေပြည်သူ့စစ်)** | ဌာနပြည်သူ့စစ် | ရှမ်းပြည်နယ်ရှိ ကွတ်ခိုင်မြို့နယ် | မရှိ |
| **သျှမ်းပြည်တိုးတက်ရေးပါတီ** | အပစ်အခတ် ရပ်စဲထား | ရှမ်းပြည်နယ် ကျေးသီး မြို့နယ်၊ လားရှိုးမြို့နယ် အရှေ့ခြမ်း၊ | ရှမ်းပြည်နယ်ရှိ တန့်ယန်း၊ ကျေးသီး၊ မိုင်းကိုင် သီပေါ မြို့နယ်များ |

**The Asia Foundation**

No.21, Bo Yar Zar Street
14 Ward, Kyauk Kone
Yankin Township
Yangon, Myanmar

Photo by : Kim Jolliffe